www.burmeseclassic.com

# အောင်သင်းအမေး သူတို့အဖြေ



ဒေါက်တာရေဝတဓမ္မ၊ ပါရဂူ၊ မောင်ထင်
ဇေယျာမောင်၊ တက္ကသိုလ်မင်းဖော်

## အောင်သင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# အောင်သင်းအမေး
# သူတို့အဖြေ

(ဘာမင်ဂန်ဆရာတော်ရှင်ရေဝတ၊ ပါရဂူ၊ မောင်ထင်၊
ဇေယျာမောင်၊ တက္ကသိုလ်မင်းမော်)

## အောင်သင်း

ဖြန့်ချိရေး

လောကသာရစာအုပ်တိုက်

**Asia Plaza** အခန်းအမှတ်(၂၅)၊ ဗိုလ်ချုပ်လမ်း ဆိပ်ကမ်းသာလမ်းနှင့် ဥစ္စလမ်းထိပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၇၃၀၅၁၁၉၀၊ ၀၉-၅၀-၄၃၁၆၄၊ ၀၉-၅၀-၉၈၀၆၀

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ်
၄၀၀၄၂၀၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၅၃၈၀၅၁၀
မျက်နှာဖုံးဒီဇိုင်း
နေမင်း (Knowledge Bridge)
ကွန်ပျူတာစာစီ
ရွှန်ပွင့်ကွန်ပျူတာ
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
ထုတ်ဝေသည့်ကာလ
ဇူလိုင်လ၊ ၂၀၁၀ ခုနှစ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဒေါ်ဝင်းမာတင် (ရွှန်ပွင့်စာပေ)
အမှတ် (၇၇/ဒီ)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးတင်အောင်ကျော်(ရွှယ်တော်ပုံနှိပ်တိုက်)
အမှတ် ၁၄၇၊ ၅၁ လမ်း၊ ရန်ကုန်မြို့။
တန်ဖိုး
၃၀၀၀ ကျပ်

၈၉၅. ၈၄
အောင်သင်း
အောင်သင်းအမေး သူတို့အဖြေ / အောင်သင်း။
ရန်ကုန်၊ ရွှန်ပွင့်စာပေ၊ ပထမအကြိမ်၊ ၂၀၁၀။
၂၇၀ - စာ၊ ၂၁ x ၁၃. ၅ စင်တီ။
(၁) အောင်သင်းအမေး သူတို့အဖြေ

## မာတိကာ

| | | |
|---|---|---|
| ၁။ | ဘာမင်ဂန်ဆရာတော် ဒေါက်တာရေဝတဓမ္မနှင့် တွေ့ဆုံခြင်း | ၇ |
| ၂။ | ပါရဂူ သို့မဟုတ် အလှကုန်သည်နှင့် တွေ့ဆုံခြင်း | ၇၃ |
| ၃။ | "ငဘ" ဖန်တီးရှင် မောင်ထင်နှင့် တွေ့ဆုံခြင်း | ၁၃၉ |
| ၄။ | ဖေယျာမောင် (ဦးကိုလေး)နှင့် တွေ့ဆုံခြင်း | ၁၈၉ |
| ၅။ | သုငယ်ချင်း ကဗျာဆရာနှင့် တွေ့ဆုံခြင်း | ၂၄၁ |

www.burmeseclassic.com

www.burmeseclassic.com



# ဘာမင်ဂန်ဆရာတော် ဒေါက်တာရေဝတမှနှင့် တွေ့ဆုံခြင်း

စာဖတ်သူများ သိကြသည့်အတိုင်း ကျွန်တော်က လူငယ်စာဖတ်ပရိသတ်အတွက် ကြိုးစားပမ်းစားလည်းရေးပါသည်၊ ဟောလည်း ဟောပြောပါသည်။ အထူးသဖြင့် ကျောင်းဆရာတစ်ယောက်ဖြစ်နေသည့်အတွက် ပညာရေးနှင့်ပတ်သက်လာလျှင် ပိုလို့စိတ်ဝင်စားပါသည်။ အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့တွင် သီတင်းသုံးနေသောကြောင့် 'ဘာမင်ဂန်ဆရာတော်'ဟူ၍ လည်းကောင်း၊ 'ဒေါက်တာရှင်ရေဝတ'ဟူ၍လည်းကောင်း ကျော်စောနေသောဆရာတော်၏ဘွဲ့တော်ကို အများပရိသတ်နည်းတူ ကြားဖူးနေသည်မှာ ကြာပါပြီ။ သို့သော် တစ်ခါမျှ ဖူးခွင့်မကြုံခဲ့ပါ။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် မေလထဲတွင်တော့ ဆရာတော် ရန်ကုန်မြို့သို့ ခေတ္တပြန်လည်ရောက်ရှိနေကြောင်း သတင်းကြားသည်နှင့် ဆရာတော်အား သွားရောက်ဖူးတွေ့ခဲ့ပါသည်။ ဖူးတွေ့ရင်း ဆရာတော်အား 'နဝဒေးမဂ္ဂဇင်း'အတွက် တွေ့ဆုံမေးမြန်းခွင့်လျှောက်ထားရာ ဆရာတော်က 'အနည်းငယ်တွေဝေ သွားပါသည်။ ကျွန်တော်တို့၏ ရည်ရွယ်ချက်များကို ရှင်းပြလျှောက်ထားပြီး ဆရာပါရဂူ စသောအခြားပုဂ္ဂိုလ်ကျော်များကိုလည်း ဤသို့ပင် တွေ့ဆုံမေးမြန်း ခဲ့ဖူးပါကြောင်း လျှောက်ထားသောအခါမှ ဆရာတော်က နောက်တစ်နေ့တွင် လာရောက်တွေ့ဆုံရန် ရက်ချိန်းပေးလိုက်ပါသည်။

ဆရာတော်က နေထိုင်လှုပ်ရှားမှုတွင် သတိပြုမိလောက်အောင် သိမ်မွေ့ညင်သာရှိမှုမက စကားပြောဆိုရာတွင်လည်း အေးပွန်တိုးညင်း



www.burmeseclassic.com

www.burmeseclassic.com



လှသည်ကို သတိပြုမိလိုက်သောကြောင့် နောက်တစ်နေ့တွင် အသံဖမ်းရန် အတွက် သီးသန့်မိုက်ကရိုဖုန်းတစ်လုံးကိုပါ ဆောင်သွားခဲ့ရပါသည်။

**သင်း** - တပည့်တော်တို့ သိချင်တာက ဆရာတော်ရဲ့ အတ္ထုပ္ပတ္တိလဲ ပါတာ ပေါ့ဘုရား။ အထူးသဖြင့် ဆရာတော်ရဲ့ စာပေကြိုးပမ်းမှု အကြောင်းပါပဲ။ များသောအားဖြင့် ခပ်ငယ်ငယ်ကလေးဘဝမှာ စာကိုလိုလိုချင်ချင် သင်ချင် လှပါချည့်ဆိုတာမျိုးက အလွန်နည်းပါတယ်။ ဒီတော့ ဆရာတော်ဟာ ဘယ် အချိန် ဘယ်အရွယ်လောက်ကစပြီး ပညာကို စိတ်ဝင်စားခဲ့တယ်၊ ဘယ်လို သင်ယူဆည်းပူးခဲ့ရတယ်ဆိုတာတွေကို မိန့်ကြားပေးစေချင်ပါတယ် ဘုရား။ ဟင်္သာတ မြစ်ကြွေတိုက်ထွက်ဆိုတာလောက်ကိုတော့ဖြင့် ဆရာပါရဂူ ပြော ထားလို့ သိနေပြီးဖြစ်တဲ့အပြင် ဒဂုန်ဦးထွန်းမြင့်တို့၊ ဦးဆန်းထွန်းတို့လဲ မြစ်ကြွေတိုက်ထွက်တွေဖြစ်တာကြောင့် တယ်လည်း ရေခံမြေခံကောင်းတဲ့ တိုက် ပါလားလို့တောင် ပြောမိပါတယ်ဘုရား။

**ရေ** - ဟုတ်တယ် ကျုပ်လည်း အဲဒီတိုက်ထွက်ပဲ။ ဆရာပါရဂူတို့နဲ့တော့ မတွေ့လိုက်ရတော့ဘူး။ ကျုပ်တို့အဝင်၊ သူတို့ကအထွက် ဆိုသလောက်ပဲ ကွာပါတယ်။

**သင်း** - ဆရာတော်ရဲ့ ဇာတိက . . .။

**တော်** - ကျုပ်ဇာတိက ဇလွန်ဒေါင့်ကြီးဆိုပါတော့။ အဲဒီဒေါင့်ကြီးရဲ့ တစ် ဘက်ကမ်းမှာ သမုန်းဆိပ်ဆိုတဲ့ ရွာကလေးရှိတယ်။ အဲဒီရွာကလေးဟာ ကျုပ်ဇာတိရွာပဲ။ ကျုပ်ဖခင် ဒကာကြီးက အဲဒီမှာ ပွဲစားပေါ့လေ။ အဲဒီခေတ် က 'စတီးဘရားသား'ဆိုတာ ရှိတယ်။ ကျုပ်ဒကာကြီးက သူ့ခေတ်သူ့အခါ အလျောက် ပညာလဲသင်ခဲ့ဖူးလေတော့ စာရင်းဇယားတွေဘာတွေလဲ လုပ်တတ်ကိုင်တတ် ရှိတယ်။ အဲဒါနဲ့ စတီးဘရားသားကုမ္ပဏီက သူ့ကို အဝယ်တော်ပွဲစားအဖြစ် ခန့်ထားလိုက်တာပါပဲ။

**သင်း** - မှန်ပါဘုရား။ တပည့်တော်တို့သိသလောက် စတီးဘရားသားက လုပ်ငန်းတွေ အတော်များများကို လုပ်ခဲ့ပါတယ်။ ဆရာတော်ရဲ့ ဒကာကြီးက ဘယ်လုပ်ငန်းမှာပါလဲဘုရား။

**တော်** - စပါး၊ စပါးလုပ်ငန်း၊ စပါးအဝယ်တော်ပေါ့လေ။ ကျုပ်တို့ ဒေါင့် ကြီးက ဟင်္သာတခရိုင်ထဲမှာပါတယ်။ ဒါပေမယ့် စပါးဒိုင်ကျတော့





သာယာဝတီခရိုင်မှာ ပါနေတယ်။ ဒါကြောင့် စပါးတွေကိုဝယ်၊ ဝယ်ပြီးတော့ ဟင်္သာတ တစ်ဘက်ကမ်းကနေပြီး လှည်းတွေနဲ့ သာယာဝတီကို သွားသွင်း ရတယ်။ သူကအဝယ်တော်ဒိုင်ပေါ့။

**သင်း** - ဆရာတော့် ဒကာကြီးက အတွက်အချက်စာရင်းဇယားတွေ နိုင်ခဲ့ တာက ခေတ်ကျောင်းတွေမှာ နေခဲ့ဖူးသေးလို့လားဘုရား။

**တော်** - မဟုတ်ဘူး၊ ဘုန်းကြီးကျောင်းမှာပဲ သင်ခဲ့ရတာ။

**သင်း** - သိပြီဘုရား၊ 'နော ဧက နော' ဆိုတဲ့ ကိုးကြောင်းဂဏန်းသင်္ချာနဲ့ သင်ခဲ့ရမယ်ထင်ပါတယ်။

**တော်** - ဒါပေါ့၊ အဲဒီ သူတို့ခေတ်တုန်းက ဒါပဲရှိသေးတာကိုး။ ဒီလိုဗျ၊ ကျုပ်ဒကာကြီးက အဘိဓမ္မာကိုလဲ အတော်လေးကိုတတ်တယ်။ တတ်ဆို ဒီလိုလေ၊ သူကရဟန်းခံခါနီးမှ လူထွက်လာခဲ့ရတာ။ သူ့အစ်ကိုကြီးက ဘုန်းကြီး၊ သူကဒေးဒရဲမှာ ကျောင်းထိုင်တယ်။ အဲဒီမှာသူတို့ အမေဆုံး သွားတော့ အမေကိုလုပ်ကျွေးမယ့်သူမရှိတော့ဘူး၊ အဲဒီမှာတင် သူ့ကိုလူ ထွက်ခိုင်းလိုက်ရတာ။ ဒီတော့ လောကုတ္တရာစာပေကိုလဲ ထိုက်သင့် သလောက်ပေါက်မြောက်ခဲ့တာပေါ့လေ။ နောက်ပြီး ကျုပ်ဒကာကြီးက စာပေဝါသနာအတော်လေးကြီးတယ်လို့ ဆိုရမယ်။ စပါးတွေ ဘာတွေဝယ်ဖို့ တောရွာတွေဘာတွေကိုသွားရင် စာအုပ်ကလေးတစ်အုပ်အမြဲဆောင်သွား လေ့ရှိတယ်။ အားတယ်ဆိုရင် စာအုပ်ကိုဖတ်တာပဲ။ နောက်ပြီး သူကျက် ချင်မှတ်ချင်တဲ့ စာလေးတွေကိုကူးရေးသွားတယ်။ လမ်းသွားရင်းလာရင်း အဲဒါလေးကို ကျက်မှတ်သွားတာပဲ။ အဲဒီခေတ်က လူကြီးတွေဟာ ညအချိန် ဆိုရင်စုဝေးပြီး သဂြိုဟ်ဆွေးနွေးလေ့ရှိကြတယ်။ ငြင်းကြခုံကြတာတွေလည်း ရှိတာပေါ့လေ။ ခုတော့ဖြင့် အဲဒီလိုစကားဝိုင်းတွေရှိသေးလား မသိတော့ဘူး၊ အဲဒီလိုဆွေးနွေးဝိုင်းမှာ ကျုပ်ဒကာကြီးက အပြောအဆို အကိုးအကား အလွန်ကောင်းတယ်လို့ ပြောကြပါတယ်။ ဒကာကြီးက ကျုပ်တို့ကိုလည်း 'အာဂုံရမှ အာဂလူ' လို့ပြောလေ့ရှိတယ်။ လယ်တီဆရာတော်ကြီးရဲ့စာတွေ ကို အာဂုံကိုရတာ။ အိမ်မှာလယ်တီဆရာတော်ရဲ့ တရားစာအုပ်တွေအများ ကြီးပဲ။ နောက်ပြီး ဟို . . . သေက္ခတောင် ဆရာတော်ဦးတိလောကရဲ့ 'ပဏ္ဍိတဝေဒနီယ'ကျမ်းလိုဟာမျိုးဆိုရင် ကျုပ်တို့ ငယ်ငယ်ကလေးထဲကကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးနေတာပဲ။

အဲဒီလို စာတွေပေတွေကို သေချာကျက်တယ်၊ မှတ်တယ်၊ အလွန် ဝါသနာကြီးတယ်လို့ ဆိုရမှာပေါ့။ နောက်ပြီး ကျုပ်တို့နဲ့ မတူတာက သူက အပြောအဆိုအလွန်ကောင်းတယ်။ တစ်ဘက်သား စိတ်ဝင်စားအောင်၊ နားလည်သွားအောင်၊ ရှင်းသွားအောင်ကို ပြောတတ်တာ၊ ကျုပ်တို့လို မဟုတ်ဘူး။

**သင်း** - ဒီလိုဆိုတော့ ဆရာတော်ကငယ်ငယ်ကလေးဘဝမှာ စာပေ ပတ်ဝန်းကျင်မှာ ကြီးခဲ့ရတယ်ဆိုရမှာပေါ့။

**တော်** - အဲဒီလောက်တင်မကသေးဘူး။ ဒကာကြီးက အိမ်မှာအဘိဓမ္မာကို သင်ပေးလေတော့ ကျုပ်ကကျောင်းမနေမီကကိုပဲ , အဘိဓမ္မာသရုပ်တွေ ကွဲနေခဲ့ပြီ။

**သင်း** - ဟုတ်လား - အံ့ဩစရာပဲဘုရား။ ကျောင်းမသွားမီဆိုတော့ ဆရာတော့်အသက် . . . ။

**တော်** - လေးငါးနှစ်သားလောက်ကတည်းကပေါ့။ ဒီလို. . . ဒီလို၊ အိမ်နားမှာလဲ ကလေးတွေရှိကြတာကိုး၊ ညနေပိုင်းမှာဆိုလို့ရှိရင် ကလေးတွေ စုပြီး အဘိဓမ္မာကို နှုတ်တိုက်သင်ပေးလေ့ရှိတယ်။ အိမ်နားက ကောင်လေး တွေ ကောင်မလေးတွေပေါ့။ ကျုပ်တို့လဲ သူတို့နဲ့အတူလိုက်ပြီး ဆိုကြ ရတယ်။ ဆိုပါစို့ 'ပရမတ္ထတရား ဘယ်နှစ်ပါးရှိသနည်း' 'လေးပါးရှိပါသည်' 'ဣင်းတို့ကိုဖော်ပြပါ' 'စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်တို့ဖြစ်ပါသည်' ဆိုတာ မျိုးပေါ့။ အဲဒါကိုကလေးတွေက ဝိုင်းဆိုကြရတာ။ ဒါကြောင့် ကျုပ်က ကျောင်းမသွားမီကတဲက အဘိဓမ္မာသရုပ်ကွဲနေခဲ့တာ။

**သင်း** - အံ့ဩစရာပါပဲဘုရား၊ စာရိတ္တထိန်းသိမ်းမှုပါ ရောပြီးပါသွားတော့ တာပေါ့ဘုရား။

**တော်** - ဟုတ်တယ်။ ကျုပ်တို့မှာ မောင်နှမငါးယောက်ရှိတယ်။ ယောကျ်ား လေးက ကျုပ်တစ်ယောက်ပဲ ပါတယ်။ ကျုပ်အထက်က နှစ်ယောက်က လည်း မိန်းကလေး၊ ကျုပ်အောက်နှစ်ယောက်ကလည်း မိန်းကလေးပဲ။ ကျုပ်ကအလယ် မှာ ယောကျ်ားလေးတစ်ယောက်ထဲ။ ဒီတော့ ကျုပ်အမေက 'ငါ့သား မင်း-ကြီးလာရင် ကိုရင်ဝတ်ရမယ်၊ ဘုန်းကြီးလုပ်ရမယ်' ဆိုတာ





အမြဲပြောနေတာ။ အဲဒီ အမေ့စကားကြောင့်ကိုပဲ ကျုပ်ကငယ်ငယ်ကလေး ထဲက သက်န်းစီး ချင်နေခဲ့တာ။ နောက်ပြီး ကျုပ်အဖေကလည်း ပညာ အတတ်တယ်၊ စာစာ ကပြောခဲ့သလို ဂဏန်းသင်္ချာ စာရင်းဇယား သာမက ဘူ ဗေဒင်လည်း တတ်တယ်၊ ဆေးဝါးခတ်စာဆိုတာတွေလည်း တတ် တယ်၊ ခံဗူး ဆရာတော်ကုထုံး ဆိုတာမျိုးတွေကိုလည်း လေ့လာတယ်၊ ဒါကြောင့် သူ့ကိုရွာမှာ 'ဆရာကြီး'လို့ပဲ ခေါ်ကြတယ်။ အဲဒီလိုနဲ့ အခက် အခဲတွေက ကြုံလာရသေးတယ်။ ကျုပ်တို့ ဆီကို ဘုန်းကြီးတစ်ပါး ရောက်လာတယ်။ သူကပုသိမ် 'ခါတော်မီ'တိုက်က ရောက်လာတာ။ အဲဒီ ဘုန်းကြီးက တရားဟောသိပ်ကောင်းတယ်၊ ဦးကာဝိဇ တဲ့။ အပြောအဟော အလွန်ကောင်းတော့ ကျုပ်ဒကာကြီးတို့ကလဲ သူ့ကို သိပ်သဘောကျတယ်၊ ဒါနဲ့ရွာမှာ ကျောင်းတစ်ကျောင်း ထပ်ဆောက်ပြန်တယ်။ မြောက်ကျောင်းလို့ ခေါ်တယ်။ ရွာရဲ့မြောက်ဘက်မှာ ရှိတာကိုး။ ကျုပ်ဒကာကြီးက အဲဒီမြောက် ကျောင်းကို ကိုးကွယ်တယ်။ ကျုပ်တို့ဆွေတွေ မျိုးတွေက တောင်ကျောင်း ပေါ့လေ၊ အဲဒီလို ကွဲသွားလိုက်ကြသေးတယ်။ ဒါနဲ့ကျုပ်က အဲဒီမြောက် ကျောင်းမှာပဲ ပညာသင်ရတယ်။ အဲဒီလိုနဲ့ ၂ နှစ် လောက်ကြာတော့ အဲဒီ ဘုန်းကြီးက လူထွက်သွားပါလေရော။ ဘုန်းကြီး မရှိပြန်ဘူး။ ကျုပ်ကတော့ ကျောင်းမှာပဲ ကျောင်းသားအဖြစ် ကျန်ရစ်နေခဲ့ ရတာပေါ့။ ကျုပ်အပြင် ကိုရင်ကြီးတစ်ပါးလဲ ကျန်ရစ်သေးတယ်။ သူ့ဘွဲ့ တွေဘာတွေတော့ မမှတ်မိ တော့ပါဘူး။ လူနာမည်ကတော့ ကိုချစ်မောင်တဲ့။ နောက်တော့ သူကလဲ ဘုန်းကြီးမရှိတော့ဘူးဆိုပြီး လူထွက်သွားပြန်ပါလေရော။ ဒီတော့ ကျုပ် တစ်ယောက်တည်းပဲ ကျောင်းမှာ စာဖတ်စာအံပြီး နေရတော့တာပေါ့။

**သင်း** - နေဦးဘုရား၊ ဒီတော့ အရှင်ဘုရားက ကျောင်းသားနော်။

**တော်** - ဟုတ်တယ်လေ၊ ခပ်ငယ်ငယ်ပဲ ရှိသေးတာ။

**သင်း** - အရှင်ဘုရားအထက်က အုပ်ချုပ်တဲ့သူတွေဘာတွေ ဘယ်သူမှ မရှိဘူးပေါ့။

**တော်** - မရှိတော့ဘူးပေါ့။ ကိုရင်တစ်ပါးရှိတာတောင် လူထွက်သွား ပေါ့ဟာ။

**သင်း** - ဟာ. . . ဆရာတော့် အဖြစ်ကဆိုးလှချည်လား။



www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော် ဣန္ဒြေမဆောင်နိုင်တော့ဘဲ ရယ်မိပါတော့သည်။ ဆရာတော်ကိုယ်တိုင်လည်း သူ့ငယ်ဘဝကို ပြန်လည်တွေးမိ လိုက်ဟန်နှင့် အသံကလေးအစ်အစ်နှင့် ခိုးခိုးခစ်ခစ်ဖြစ်အောင် ရယ်လိုက်ပါသည်။)

**သင်း** - ဒီတော့ ဆရာတော့်အသက်က ဘယ်အရွယ်လောက် . . .။

**တော်** - ဘာရှိဦးမှာလဲ၊ ငါးနှစ်ခြောက်နှစ်လောက်ရှိမှာပေါ့။ ဒါနဲ့ပဲ တောရွာထုံးစံအတိုင်း ဘုန်းကြီးထပ်ပြီးရှာကြတာ တစ်နှစ်လောက်ရှိတော့ တစ်ပါးရလာပြန်တယ်။ အဲဒီဘုန်းကြီးက ဝါနှစ်ဆယ်ကျော်ရှိနေပြီ။ ဒီတော့ ရွာကဒကာဒကာမတွေကလဲ ဒီဘုန်းကြီးကတော့ဖြင့် ရွာမှာမြဲပြီပေါ့။ အညာကဗျ၊ မင်းဘူးကလို့ ပြောတယ်။ အဲဒီဘုန်းကြီးက စာတော့သေချာသင်ပေးတယ်။ ကျုပ်ကိုဆိုရင် ပါဠိပါဌ်သားတွေ သေချာဖတ်နိုင်အောင် သင်ပေးတယ်။ စာလဲကျက်ရတယ်။ ကျုပ်ဒကာကြီးက စာတတ်မှန်းသိလေတော့ ပိုပြီးတော့ ဂရုစိုက်တာပေါ့လေ။ အဲ. . . ဒကာကြီးတွေလာရင် ကျုပ်တို့က သူတို့ရှေ့မှာ စာပြန်ပြကြရတယ်။ သူ့တပည့်တွေ ဘယ်လောက်တော်တယ်ပေါ့။

**သင်း** - နေဦးဘုရား. . . ဒါထက် အဲဒီကျောင်းသားဘဝ ဆရာတော် နာမည်ကဘယ်သူလဲ။

**တော်** - ရွှေမောင်တဲ့။ အမှတ်ရလို့ ပြောလိုက်ရဦးမယ်။ တစ်ခါမှာတော့ ကျုပ်ကစာကိုမေ့နေလို့ မပြန်နိုင်တော့ရိုက်လိုက်တာ ကျုပ်မှာမထိုင်နိုင်ဘူး။

**သင်း** - ဟား . . . တွယ်လှချည်လား ဘုရား။

**တော်** - ဟုတ်တယ်၊ ကျောင်းမှာဆိုရင် စာလာပြီးသင်ကြတာ ယောကျ်ားလေး မိန်းကလေး အစိတ်သုံးဆယ်ရှိတာပဲ။ ရိုက်ပေမယ့် ကျုပ်တို့တစ်တွေ ဘုန်းကြီးကိုရှိသေတယ်၊ ချစ်လဲချစ်ကြတယ်။ စာတတ်စေချင်လွန်းလို့ဆိုတာကို ငယ်ငယ်လေးနဲ့ကိုပဲသိနေကြတယ်။ နောက်ပြီး စာသင်ပေးရုံသာမကဘူး အစားလဲကျွေးသေးတာကိုး။ ပြောရဦးမယ်၊ ဒီအခါက ကျုပ်တို့တောရွာတွေက အလှူန်ကို ဆင်းရဲကြတယ်။ ကျုပ်တို့ရွာက စပါးမထွက်ဘူး။ လယ်မလုပ်ကြဘူး၊ ကိုင်းပဲ လုပ်ကြတာ။ ပြီတော့ မြေပဲတို့၊ ဆေးတို့၊ ပြောင်းတို့ပေါ့။ ဒါပေမယ့် ခုခေတ်ထက် အများကြီးကို ဆင်းရဲကြတယ်။ ခုနကပြောခဲ့တဲ့ စတီးဘရားသားတို့ဘာတို့က စပါးကိုသိမ်းဝယ်ပြီး နိုင်ငံခြားကိုပို့တယ်၊ နောက်ပြီး ကုလားကုန်သည်တွေကလည်း ပဲတွေပြောင်းတွေကိုဝယ်ပြီး





အိန္ဒိယပို့ပြန်တာပဲ။ ဒီတော့ ဆင်းရဲတဲ့အခါမှာ ချစ်တီးတွေဆီက ကြွေးယူနေးကြရပြန်ရော။ အတိုးတွေကတက် . . .။

**သင်း** - ဟုတ်တယ်ဘုရား၊ အရင်းရှင်ကုမ္ပဏီကြီးတွေနဲ့ ချစ်တီးကုလားတွေ ပူးပေါင်းလုပ်ကြတာ . . .။

**တော်** - အဲဒါပေါ့။ သိပ်ကိုဆင်းရဲကြတာ။ ဘုန်းကြီးကလဲ ကျုပ်တို့လိုကလေးတွေကို အလွန်သနားညှာတာကြတယ်။ ရှိသမျှလေးတွေကို ဝေငှပြီးကျွေးကြတယ်။ ငှက်ပျောသီးလေးတစ်လုံးကို လေးငါးပိုင်းလောက်ပိုင်းပြီး ဘဲပိုင်းစီကျွေးတာကိုတောင် စားခဲ့ရဖူးသေးတယ်။ မြေပဲဆိုပါတော့ ဖွန်းဘလေးတစ်ဖွန်းစီခပ်ပြီး ကျွေးတာကိုလဲ စားခဲ့ရဖူးတယ်။ ဘာပါမှာလဲ သုံးလေးဆံပဲပါတော့မပေါ့။ အဲဒါလေးစားပြီး ရေသောက်လိုက်ရတာပေါ့။

**သင်း** - အတော်ကြီးကို ဆင်းရဲခဲ့တာပဲဘုရား။

**တော်** - ဟုတ်တယ်၊ တကယ့်ကိုဆင်းရဲခဲ့တာပါ။

**သင်း** - မေးရဦးမယ်။ အဲဒီကျောင်းသားဘဝမှာ ဆရာတော်က သျှောင်နဲ့လား၊ ဗိုလ်ကေနဲ့လား။

**တော်** - မဟုတ်ဘူး၊ကျုပ်က ခေါင်းတုံးပဲ။ ကျုပ်တို့လုပ်ရတာကို ပြောပြဦးမယ်။ ဘုန်းကြီးအာရုံဆွမ်းစားပြီဆိုရင် ကျုပ်တို့ ကျောင်းသားတွေက ဘုရားရှိခိုးရတယ်။ နောက်ပြီးရင် စာပြန်ရတယ်။ စာပြန်တဲ့အခါမှာလည်း ဘုန်းကြီးက တုတ်တစ်ချောင်းနဲ့လျှောက်နေတာ၊ မှားရင် ရိုက်တာပဲ။ နေ့ဆွမ်းစားတဲ့အခါဆိုရင် ကျုပ်တို့တစ်တွေက တန်းစီပြီး ထိုင်နေရတယ်။ အဲဒီထဲမှာ ကျုပ်က ခေါင်းဆောင်ပဲ။ အဲဒီမှာ အရိပ်အကဲသိဖို့ အလွန်အရေးကြီးတယ်။ ဘုန်းကြီးက တစ်ခုခုလိုချင်ရင် ပါးစပ်ကပြောနေတာ မဟုတ်ဘူး။ 'ဟင်း'လို့ အသံပဲပြုလိုက်တာ။ အဲဒါ လက်သုတ်ပဝါလား၊ ဆားလိုတာလား၊ ဖွန်းလိုတာလား၊ အဲဒီအရိပ်အကဲကို သိရတယ်။ တစ်ခါတလေ မှားပြီးယူသွားမိရင် ခေါင်းကို ထုတာ . . .။

(ဆရာတော်က ပြောနေရင်း တခစ်ခစ်ရယ် လိုက်ပါသေးသည်။ မောင်ရဲမြင့်နှင့် ကျွန်တော်တို့လည်း ဆရာတော်နှင့်ရောပြီး ရယ်မိပါသည်။ ကျွန်တော်တို့သာမဟုတ်ပါ၊ အနားတွင်ထိုင်နေသော ညွှန့်သည့်ဒကာနှစ်ယောက်လည်း ရောပြီးရယ်ကြပါတော့သည်။)



www.burmeseclassic.com

www.burmeseclassic.com



**သင်း** - နေဦးဘုရား။ တပည့်တော်ဖြင့် အင်တာဗျူးဆိုတာတွေ ဘာတွေ မေ့သွားပြီ။ တပည့်တော် မေးပါရစေ၊ ဆရာတော် အဲဒီလိုနေခဲ့ရတာတွေကို တစ်ခါတလေ ပြန်ပြီးမလွမ်းဘူးလားဘုရား။

**တော်** - လွမ်းတာပေါ့။ တကယ်ဆိုတော့ ဘုန်းကြီးကစာတင်သင် ပေးတာ မဟုတ်ဘူး၊ အရိပ်အကဲသိတတ်အောင်၊ နေတတ်ထိုင်တတ်အောင် အစစ ကို သင်ပေးခဲ့တာ။ ဘုန်းကြီးက 'ဟင်း'လို့လုပ်လိုက်ရင် ဘာလိုချင်သလဲ ဆိုတာကို သိနေရတာ၊ အရိပ်အကဲသိတတ်အောင် လုပ်ရတာ။ကျုပ်ကို 'ဒီကောင်လေးကွ ဘုန်းကြီးအရိပ်အကဲ အလွန်သိတတ်တဲ့ ကောင်လေး'ပေါ့။ အဲဒါကို ကျုပ်တို့ကဂုဏ်ယူခဲ့တာ။ ထားလိုက်ပါတော့. . .၊ အဲဒါနဲ့ ၂ နှစ် ၃ နှစ်လောက်ရှိတော့၊ အဲ. . . ကျုပ်အသက် ရှစ်နှစ်ကိုးနှစ်လောက်မှာ ဘုန်းကြီးက ခရီးထွက်သွားတယ်။ ခါတိုင်းဆိုရင်ကျုပ်က ဘုန်းကြီးနောက်က အမြဲလိုက်ရတယ်။ ထီးထမ်းဖိနပ်ကိုင်ပေါ့။ ဒီတစ်ခါမှာတော့ ဘုန်းကြီးက သူတစ်ပါးထဲထွက်သွားတာ။ ဒီတော့ ကျုပ်ကရန်ကုန်ကို ဘုန်းကြီးနဲ့ ရောက်ဖူးပြီးပြီ။ ဘုန်းကြီးဘွဲ့က ဦးဝါယမတဲ့။ ကျုပ် မှတ်မိသေးတယ်။ သူ ထွက်သွားတဲ့အချိန်က ရန်ကုန်မြို့ကို ဂျပန်က ပထမဆုံးဗုံးချတဲ့အချိန်ပဲ။

**သင်း** - ၄၁ ခု ဒီဇင်ဘာပေါ့ဘုရား။

**တော်** - ဟုတ်တယ်၊ အဲဒီ ၄၁ ခုမှာပဲ၊ နောက်တော့ပြန်ကို မလာတော့ဘူး။ နောက်မှသိရတာက လူထွက်သွားတာ။ လူထွက်ပြီး သီလရှင်တစ်ယောက်နဲ့ အကြောင်းပါသွားတယ်။ သီလရှင်လူထွက်နဲ့က နောက်မှ ဖြစ်သွားတာပါ။ လူထွက်တာက သူ့အစ်ကိုတစ်ယောက်က တောင်ပြောမြောက်ပြောလုပ်လို့ စိတ်ညစ်ပြီး ထွက်သွားတာပါ။ ဒါနဲ့ကျုပ်လည်း ဘုန်းကြီးမရှိတော့ကျောင်းစောင့်လုပ်နေရင်း ကျောင်းကစာအုပ်တွေကို ကိုယ့်ဘာသာကိုယ်ပဲ လျှောက်ဖတ်နေတာပါပဲ။ ပထမငယ်၊ ပထမလတ်ဆိုတဲ့ အတန်းက စာတွေကို အဲဒီကတည်းက ကျုပ်ကအလွတ်ရနေတာ။

**သင်း** - ဆရာတော်ရဲ့ ဒကာကြီးပြောလေ့ရှိတဲ့ 'အာဂုံရမှ အာဂလူ' ဆိုတဲ့ အစွဲကြောင့်ဖြစ်မယ်ထင်တယ်။ နေဦးဘုရား၊ တပည့်တော် မေးချင်သေးတယ်။ ဒီလို စာတွေကျက်နေတဲ့အချိန်မှာ ဆရာတော့်ကို (Guide) လုပ်ပေးတဲ့၊ လမ်းကြောင်းပြပေးတဲ့သူ တစ်ယောက်မှမရှိဘူးပေါ့။





**တော်** - မရှိဘူးလေ၊ ကျုပ်တစ်ယောက်ထဲပဲ။ ကျောင်းစောင့်လိုနေ နေရတာကိုး။

(ကျွန်တော် မနေနိုင်တော့ပါ။ ရယ်လိုက်မိပါတော့သည်။)

**သင်း** - ဟာ. . . ဆရာတော့်ဘဝက ဘယ်လိုကြီးလဲ။ အူကြောင်ကြောင်ပါပဲလား။

**တော်** - ဒါနဲ့ကျောင်းက ဘီရိုတွေထဲမှာရှိတဲ့စာအုပ်တွေကို ထုတ်ပြီးကျက်နေတော့တာပဲ။ တစ်ယောက်ထဲဆိုပေမယ့် ရပ်ရွာထဲက လူကြီးတွေကတော့ ကျောင်းကို စောင့်ရှောက်တဲ့အနေနဲ့ ဝင်ကြထွက်ကြဆိုသလို လာကြည့်ကြတာတော့ဖြင့် ရှိတာပေါ့လေ။ ပြောရဦးမယ်-အဲဒီလို တွေ့ရာစာအုပ်တွေကို ဖတ်နေရင်း 'သိန်းဖေ'တို့ 'မောင်နု'တို့ဆိုတာ တွေကို ဒီတုန်းကတည်းက တွေ့ဖူးသွားတယ်။ ဘာကြောင့်လဲဆိုတော့ သာယာဝတီဦးညေယျထုတ်တဲ့ 'သာယာဝတီသတင်းစာ' ဆိုတာတွေက ကျောင်းမှာရှိတယ်။ ဒီတော့ သာယာဝတီ ဦးညေယျက သိန်းဖေတို့၊ မောင်နုတို့ မကောင်းကြောင်းရေးတာတွေ၊ ပြန်ပြီးချေပတာတွေကိုလဲ ဖတ်မိနေတယ်ဗျ။ နောက်ပြီး အရှင်အာဒိစ္စဝံသ ရေးတဲ့ 'ဘိက္ခုနီ အရေးတော်ပုံ' တို့ဆိုတာတွေကို အဲဒီကတည်းက ဖတ်နေမိခဲ့တာဗျ။ နောက်ပြီး 'လယ်တီပဏ္ဍိတ ဦးမောင်ကြီး' ရဲ့စာတွေ၊ ဒါမျိုးတွေကိုတော့ အားအားရှိတိုင်း ဖတ်နေမိတော့တာကိုး။ ဒီတော့ စာတွေကတော့ အတော်များများကြီးကို ဖတ်မိကျက်မိဖြစ်နေတယ်။ စောစောက ပြောခဲ့သလိုပါဠိတွေလဲ ကျက်နေတာပဲ။ အာဂုံလဲရတာပဲ။ ဒါပေမယ့် အဓိပ္ပာယ်တော့ မသိဘူးပေါ့။

(ကျွန်တော်စိတ်ထဲတွင် ခေါင်းတုံးပြောင်ကဲလေးနှင့် ရှစ်နှစ် ကိုးနှစ်အရွယ် မောင်ရွှေမောင်ဆိုသော တောသားကောင်လေးကို မှန်းပြီးမြင်ယောင်နေမိလိုက်သည်။ ဘုန်းကြီးလည်း မရှိ၊ လမ်းညွှန်သင်ကြားပေးသူလည်း မရှိ။ သို့ပါလျက်နှင့်ပင် ကိုယ့်လမ်းကိုယ်ထွင်လျက် ကိုယ့်စာကိုယ်ကျက်နေသော ဒီကောင်လေးကို အံ့သြနေမိသည်။ 'အာဂုံရမှ အာဂလူ' ဟူသောစကားက အတော်ကြီးသြဇာပြုခဲ့ဟန်ရှိပါသည်။)

**သင်း** - ဆရာတော် အဲဒီအချိန်ထိ ကိုရင်မဝတ်ရသေးဘူးနော်။

**တော်** - ဟုတ်တယ်၊ မဝတ်ရသေးဘူး။ မဝတ်ရသေးဆို. . . ဂျပန်ခေတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေတ်လုံးမှာ ကျောင်းမှာ ဘုန်းကြီးမရှိခဲ့ဘူး။ အဲဒီအပြင် ကျုပ်ဒကာကြီးဘသဲ ဂျပန်ခေတ်ရောက်တော့ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့မို့ အမေတော်ဆာဆာ ဆင်းရဲသွားတယ်။

**သင်း** - အော် . . . ဟုတ်မှာပေါ့၊ စတီးဘရားသား ဘာညာဆိုတဲ့ ကုမ္ပဏီတွေဘာတွေကလဲ မရှိတော့ဘူး၊ စပါးတွေဘာတွေ နိုင်ငံခြားပို့တာတွေကလဲ မရှိတော့ဘဲကိုး၊

**တော်** - ဒါပေ့ါ၊ နောက်ပြီး သူကလယ်တွေ ကိုင်းတွေကိုလဲ မလုပ်တတ်ဘူးလေ။ ဒီလိုနဲ့ပဲ ကျောင်းမှာ စာအံစာဖတ်လုပ်နေရတာပေ့ါ။

**သင်း** - နေဦးဘုရား၊ တပည့်တော်မေးပါရစေဦး။ ကျောင်းမှာ ဘုန်းကြီးလဲမရှိဘူး၊ ကိုရင်လဲ မရှိဘူးနော်။

**တော်** - ဟုတ်တယ်၊ မရှိဘူး။

**သင်း** - အဲဒီလို မရှိတော့ ဆွမ်းကွမ်း ဆိုတာတွေက . . .

**တော်** - ဆွမ်းကတော့ ခံရတာပေ့ါ၊ ဆွမ်းလောင်းကြတယ်။

**သင်း** - ကျောင်းသားတွေချည်းပဲ ဆွမ်းခံထွက်ကြတယ်။

**တော်** - ဟုတ်တယ်၊ ဆွမ်းခံထွက်ကြရတယ်၊ ဆွမ်းလောင်း ကြပါတယ်။

**သင်း** - ဆွမ်းလောင်းတယ် . . . ၊ ဘုန်းကြီးလဲ မရှိဘူး။

**တော်** - လောင်းတယ်။ လပြည့်လကွယ်ဆိုရင်လဲ ကျောင်းကို လာကြတာပါပဲ။ ဘုရားကို ဆွမ်းတော်ကပ်တယ်ပေ့ါ။ ကျုပ်တို့လဲ လောင်းလိုက်တဲ့ဆွမ်းကို ဘုရားကိုဆွမ်းတော်ကပ်ရတာပဲပေ့ါ။ အဲဒီလိုပဲ ဆွမ်းခံပြီး စားသောက်နေကြရတာပေ့ါ။

(ကျွန်တော်တို့အားလုံး မနေနိုင်ကြတော့ပါ။ တအံ့တသြ ရယ်မောမိကြပြန်ပါသည်။)

**သင်း** - သိပ်ကိုထူးခြားတာပဲဘုရား။ ပညာသင်တာသက်သက်ကို ထောက်ပံ့နေတဲ့သဘောပဲဘုရား။ တပည့်တော်တို့ မြန်မာလူမျိုးတွေဟာ ပညာရေးကို တောကြိုအုံကြားကအစ အားပေးတယ်ဆိုတာအမှန်ပဲဘုရား။

**တော်** - အဲဒီလိုနေလာလိုက်တာ ဂျပန်လက်နက်ချခါနီးလောက်ကျတော့မှ ဘုန်းကြီးတစ်ပါး ရလာပြန်တယ်။

(ကျွန်တော် တိုးတိုးညင်းညင်းလေးပြောနေသော ဆရာတော်ကို





ကြည့်နေရင်း ပညာကိုရှားတောင့်ရှားပါးယူခဲ့ရသော မောင်ရွှေမောင်လေးကို မြင်ယောင်နေမိသည်။

**သင်း** - ဆိုပါဦးဘုရား၊ အဲဒီဘုန်းကြီးကတော့ကော . . .

**တော်** - အဲဒီဘုန်းကြီးက ဦးဝိဇယတဲ့။ ဇလွန်ဘက်ကလာတာ။ ဒီဘုန်းကြီးက စိတ်ကောင်းရှိတယ်။ သိပ်ရိုးတယ်။ ဒါပေမယ့် ကျုပ်ကိုတော့ စာမပြနိုင်ရှာဘူး၊ ကျုပ်ရနေတဲ့စာတွေကိုတောင် သူမရဘူး။ ပညာသိပ်ပြီး မသင်ခဲ့ဖူးဘူးဆိုပါတော့။ သို့သော်လဲ ကျုပ်ကစာအရအမိများမှန်း သိလေတော့ သူက ကျုပ်ကို အားပေးတယ်။ ဟိုဟာဒီဟာ တယ်ပြီးမခိုင်းဘူး၊ မင့်စာကို မင်းလုပ်ဆိုတာမျိုး အားပေးတယ်။ ဒါပေမယ့် ဘယ်စာတွေဟာ အရေးကြီးတယ်ဆိုတာလောက်ကိုတော့ သူကသိတယ်။ ဒီတော့ ဒါတွေ. . . ဒါတွေ ကျက်ကွာဆိုတာမျိုး ပြပေးနိုင်တယ်၊ ကျုပ်က အဲဒါတွေကို ကျက်ပစ်လိုက်တာပဲ၊

**သင်း** - ဒါဖြင့် ဆရာတော့်ပညာရေးဘဝက ကိုယ့်ဘာသာ ကိုယ်လုပ်နေခဲ့ရတဲ့ အချိန်တွေ အများကြီးဖြစ်နေတော့တာပေ့ါဘုရား။

**တော်** - ဟုတ်တယ်။ အဲဒီလိုပဲ လုပ်နေခဲ့ရတာ အတော့်ကိုကြာတယ်။

(ဆရာတော်၏ သိမ်မွေ့သောသွင်ပြင်ကိုကြည့်နေရင်း ကျွန်တော့်စိတ်ထဲတွင် အံ့ဩသည်ထက် အံ့ဩလို့လာမိပါသည်။ ပညာမက်မောသည်ဆိုတာ ဒါမျိုးပါပဲလားဟုလည်း အောက်မေ့နေမိသည်။ ကျွန်တော်သည် ပညာကို အလွန်မြတ်နိုးပါသည်။ သို့သော် 'ငါသာသူ့နေရာမျိုးမှာ ရောက်သွားခဲ့ရင် သူလောက်မြတ်နိုး ကြိုးစားနိုင်ပါမည်လား'ဟုလည်း မိမိကိုယ်ကို ပြန်မေးမိပါသည်။ စာဖတ်သူလည်း ကျွန်တော့်လို မိမိကိုယ်မိမိ မေးကြည့်စေချင်ပါသည်။ ဆရာတော်က ဆက်ပြန်ပါသည်။)

**တော်** - ဒါနဲ့ ဂျပန်ခေတ်ကုန်သွားတော့ ကျုပ်က ရှင်ပြုရတော့မယ်၊ ရှင်မပြုခင်ကို အဲ. . . ပြောရဦးမယ်။ တစ်နေ့ကပဲ ကျိုက္ခမီဘက်ရောက်သွားတော့ ဘုန်းကြီးတစ်ပါးကို ပြန်တွေ့ခဲ့ရသေးတယ်။ ဦးဉာဏိန္ဒတဲ့။ သူက ညောင်တုန်း ရွှေဟင်္သာတောရတိုက်မှာနေတယ်။ ဒါနဲ့ကျုပ်က ရွှေဟင်္သာတောရတိုက်ကို လိုက်သွားတယ်။ ဒီတော့ ဂျပန်ခေတ်ကုန်သွားပြီ။ ရှင်တော့ မပြုရသေးဘူး။ အဲဒီမှာ ဆရာတော်ကြီးက ဦးဝိမလတဲ့။ အနှင့်တော့ အဘိဓဇဘွဲ့တောင် ရသွားပါပြီ။ အဲဒါနဲ့ ဆရာတော်ကြီးက မေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ကျောင်းသားဖြစ်ပေမယ့် စာတွေဘာတွေ တော်တော်ရတယ်လို့ ပြောတယ်။ ဘာတွေ. . . ဘာတွေရလဲ၊ ဆိုပြစမ်းကွာ'တဲ့။ ကျုပ်ကလဲ ကျုပ်ရတဲ့စာအုပ်တွေကိုမေးတော့ ကျုပ်ကလဲလျှောက်ရတာပေါ့။ ကျုပ်အာ့တ်ထားတဲ့အထဲမှာ အဘိဓာန်တို့ အလင်္ကာတို့လဲ ပါနေတာကိုး။

**သင်း** - အဲဒါတွေလဲ ပါဠိသက်သက်တွေကို ကျက်ထားတာပေါ့။ နိဿျတွေဘာတွေ မသိသေးဘူးပေါ့။

**တော်** - ဘာသိမှာလဲ။ စောစောက ပြောခဲ့သလို၊ ကျောင်းမှာ နောက်ရောက်လာတဲ့ ဘုန်းကြီးက ဒါတွေကျက်ကွာဆိုလို့သာ ကျက်ထားတာပဲ။ ဒါနဲ့ဆရာတော့်ရှေ့မှာပဲ အလင်္ကာတို့ဘာတို့ကို ဆိုပြလိုက်တယ်။ ဆရာတော်က သဘောကျသွားတယ်။ 'မင်း. . . စာတွေတော်တော်ရနေပြီပဲ၊ ကိုရင်ဝတ်တော့' လို့ပြောတယ်။ အဲဒါနဲ့ပြန်သွားပြီး ကိုရင်စီးတယ်။ ကျုပ်ကိုရင်စီးပြီးလို့ သိပ်မကြာဘူး၊ ကရင်သောင်းကျန်းမှုပေါ်လာလို့ ညောင်တုန်းပျက်သွားတယ်။

**သင်း** - ဒီတော့ လွတ်လပ်ရေးရပြီးပြီလားဘုရား။

**တော်** - မရသေးဘူး၊ လွတ်လပ်ရေးရခါနီးပေါ့။ ညောင်တုန်းပျက်သွားတော့ ကျုပ်လဲ ညောင်တုန်းမသွားနိုင်တော့ဘူး။ အဲဒါနဲ့ ဟင်္သာတကို သွားရတယ်။ ဟင်္သာတကလဲ စစ်အတွင်းမှာ ဗုန်းချထားလို့ ပျက်နေလေတော့ မြစ်ကွေ့တိုက်က ဘုန်းကြီးတွေလဲ ၅ မိုင်လောက်ဝေးတဲ့ ရေလဲဆိုတဲ့ ရွာမှာ လာနေရတယ်။ ရေလဲရွာက ဟင်္သာတနဲ့ဒေါင့်ကြီး ကြားမှာရှိတယ်။ အဲဒီမှာ ဦးဥတ္တမဆိုတဲ့ ဆရာတော်ဆီမှာနေရတယ်။ ဦးဥတ္တမက ပခုက္ကူတိုက်ထွက်၊ နောက်ပြီး တောင်မြို့မှာလဲ မိုးကုတ်ဆရာတော် ဦးဝိမလဆီမှာ စာလိုက်ခဲ့ဖူးသေးတယ်။ ပခုက္ကူနည်းနဲ့ စာချတာ။ စာချလဲကောင်းတော့ သူ့ဆီမှာ စာလာသင်တဲ့ဦးပဉ္စင်း အစိတ်သုံးဆယ်လောက်ကလဲ ရေလဲရွာကို ပါလာတယ်။ ကျုပ်လဲ အဲဒီမှာပဲ စာလိုက်ရတယ်။ စစ်ပြီးပြီဆိုတော့ စာမေးပွဲတွေလဲ ပြန်ပေါ်လာတယ်။ အဲဒီစစ်ပြီးမှ ပထမဆုံးစပြီးလုပ်တဲ့ စာမေးပွဲမှာပဲ ကျုပ်ကဝင်ဖြေလိုက်တော့ ပထမငယ်တန်းကို အောင်သွားတယ်။

**သင်း** - အဲဒီတော့ ဆရာတော့် အသက်က ဘယ်လောက်လောက်ရှိပြီလဲ ဘုရား။





**တော်** - ဆယ့်ခြောက်နှစ်လောက်ပေါ့။

**သင်း** - နေဦးဘုရား၊ ဖြတ်ပြီးမေးလိုက်ရဦးမယ်။ စောစောက ဘာမှန်းမသိ ညာမှန်းမသိဘဲ စွပ်ပြီးကျက်လာခဲ့တဲ့ စာတွေကအမျာကြီး အထောက်အပံ့ ဖြစ်နေမယ်ထင်တယ်။

**တော်** - ဟာ. . . ဖြစ်ပြီလား။ နည်းနည်းလေးလောက်ပဲလို့တော့တာ။ ကိုယ်က အနက်ကိုသိဖို့လောက်ပဲ ကျန်တော့တာ။ တစ်ခြား ဦးပဉ္စင်းတွေ၊ ကိုရင်တွေလို ဘာကျက်နေစရာမှ မလိုတော့ဘဲဟာ။ အဓိပ္ပာယ်လေး အနက်လေးတွေကိုသာ မှတ်ရသားရတော့တာ။ ဆက်ပြောလိုက်ဦးမယ်။ ဒါနဲ့ သောင်းကျန်းသူတွေကလဲ အိမ်မဲကို မီးရှို့တာတို့ ဘာတို့လုပ်ပြန်တော့ အခြေအနေတာ တော်တော်ဆိုးလာတယ်။ ဒီတော့ လွတ်လပ်ရေးရပြီးပြီ၊ အဲဒီလို နေလို့မဖြစ်အောင် အခြေအနေဆိုးလာလို့ ရန်ကုန်ကို ပြောင်းလာခဲ့ကြရတာ၊ ဒီတော့ကျုပ်က မြစ်ကွေ့တိုက်မှာ ခဏလေးပဲနေခဲ့ရတာ။ သို့သော်လဲ မြစ်ကွေ့အဆက်ဆရာတွေပေါ့လေ။ ဒါနဲ့ ရန်ကုန်ကိုလာကြတော့ လမ်းမှာလဲ ကရင်သောင်းကျန်း သူရယ်ဘာရယ် မဟုတ်ပါဘူး၊ ဘာလူမျိုး တွေမှန်းကို မသိတော့ပါဘူး။

**သင်း** - ၁၉၄၈-၄၉ ရောင်စုံသူပုန်ခေတ်လို့ ခေါ်ကြတဲ့ ခေတ်ဆိုးကြီးပေါ့ ဘုရား။

**တော်** - သာရဝေါတံတားကြီးကိုလဲ ချိုးထားတယ်။ အဲဒါနဲ့ ဆရာတော်နဲ့ အတူ ရန်ကုန်ကိုဖြစ်သလိုလာခဲ့ကြရတာ။ ဒီတော့ ရန်ကုန်မှာ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်ဆိုတာရှိတယ်။ အဲဒီကျောင်းတိုက်နားမှာ ကျုပ်တို့ဆရာတော်ရဲ့ ဆရာကမြေလေးတစ်ကွက်ဝယ်ပြီးကျောင်းလေး ဆောက်ထားတာရှိတယ်။ အဲဒီမှာ သွားနေရတာ။ အဲဒီလိုနေနေရင်းပဲ ရှုတ်ရှုတ်ရက်ရက်ကြီးထဲမှာ ကျုပ်ကဟင်္သာတကို တစ်ခေါက်ပြန်သွားရသေးတယ်။ ပြန်ရတာက ဒီလို၊ အဲဒီကျောင်း မြေကနည်းနည်းကျဉ်းတယ်။ ဒီတော့ အပေါ်ဘက်ကမြေကိုဝယ်ချင်တယ်။ ဒီတော့ ကျုပ်ဆရာတော်က ကျုပ်ကိုပြောတယ်။ 'ငါ. . . ဒီမြေကွက်ကလေးကိုဝယ်ချင်တယ်ကွာ၊ ဒီတော့ မင်း ငါ့ရဟန်းအစ်မဆီသွားချေပါ' တဲ့။ ဆရာတော်ရဲ့ ရဟန်းအစ်မက ဟင်္သာတမှာနေတာ။ အဲဒီတုန်းက မြေဈေးကဘာမှမရှိဘူး။ ထောင့်ငါးရာ



www.burmeseclassic.com

www.burmeseclassic.com



ထဲပါ။ ဒါပေမယ့် မြေကွက်က အတော်လေးကျယ်ပါတယ်။ တစ်ဧကေ သာသာလောက်ရှိတယ်။ ဒါနဲ့ရဟန်းအမကြီးကို အကျိုးအကြောင်းပြော ပြတော့ 'ကောင်းပြီ-သူတို့လာခဲ့မယ်' ဆိုတာနဲ့ ကျုပ်ကရန်ကုန်ကိုပြန်လာ တာပေါ့။

(ဆရာတော်က ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောနေရင်း သူ အဖြစ်ကိုပြန်လည်သတိရပြီး ခိုးခိုးခစ်ခစ်နေအောင် ရယ်မောပြန်ပါသည်) ပြီးမှ ဆက်၍. . . .

အဲဒီမှာ ဘယ်သူတွေနဲ့ပြန်လာတယ် ထင်သလဲ၊ ကျုပ်ရယ်၊ ဦးပဥ္စင်းတစ်ပါးရယ်။ သူကလဲ ခပ်ငယ်ငယ်ပါ။ တစ်ဝါလောက်ပဲ ရပါသေး တယ်။ နောက်ပြီး ကြည်ကြည်ဌေးတို့ သားအမိရယ်၊ ဒီတော့ သူက ကြည်ကြည်ဌေး မဖြစ်သေးဘူး၊ 'အောက်ချင်းမ' ပဲရှိသေးတယ်။

**သင်း** - ဟုတ်လားဘုရား။ ဘယ်လို ဆုံလာခဲ့ရတာလဲ။

**တော်** - သူတို့က ရန်ကုန်ကိုသွားချင်တယ်၊ ရန်ကုန်ကို ရောက်ဖူးကြတာ မဟုတ်ဘူး။ ဟိုဦးပဥ္စင်းကလဲ ရန်ကုန်ကို မရောက်ဖူးဘူး။ ကျုပ်က ရန်ကုန် မှာ နေခဲ့ဖူးတာမို့ကျုပ်ကို ဗိုလ်တင်ပြီးထွက်လာခဲ့ကြတာ၊ ဒါနဲ့ သာရဝေါ ရောက်ကြရော။ သာရဝေါ်တံတားကြီးကလဲချိုးထားလို့ အောက်ကဆင်း လျှောက်ခဲ့ရတယ်။ သာရဝေါရောက်တော့ရထားက မရှိတော့ဘူး။ သာယာ ဝတီဘက်မှာ သောင်းကျန်းသူတွေ ရှုပ်နေလို့ဆိုလား ရထားကမလာ တော့ဘူး။ ဒီမှာတင် ကျုပ်တို့လေးယောက်လဲ မီးရထားပလက်ဖောင်း ပေါ်မှာ ခေါင်းချင်းဆိုင်ပြီး အိပ်ကြရတယ်။ ကြည်ကြည်ဌေး အမေကြီးကလဲ 'ကိုရင် တပည့်တော်တို့ကို ပစ်မသွားပါနဲ့နော်'လို့ ခဏခဏပြောရှာတယ်။

**သင်း** - ဟုတ်မှာပေါ့ဘုရား။ မိန်းမသားချည်းပဲ မဟုတ်လား။ နောက်ပြီး ကြည်ကြည်ဌေးကလဲ အဲဒီအချိန်က တကယ့်ကို ငယ်ငယ်လေးရှိဦးမှာပေါ့။

**တော်** - အဲဒါနဲ့ရထားမလာတော့ဘူးဆိုတော့ ရန်ကုန်ကို ဆင်းမယ့်ကားကို လိုက်ရှာရပြန်ရော။ ရှာတော့ လော်လီကားကြီးတစ်စီးကိုတွေ့တယ်။ ကုန် တွေတင်လာတာ၊ ပဲအိတ်တွေထင်ပါရဲ့။ ဒါနဲ့ 'ကျုပ်တို့လေးယောက် ရန်ကုန် ကို လိုက်ပါရစေ' လို့ဆိုတော့၊ ကားဆရာက 'လိုက်တာကတော့ ရပါတယ်။ သို့ပေမယ့် မသေချာဘူး၊ လမ်းမှာဘယ်လိုဖြစ်မယ် မသိသေးဘူး'လို့





ပြောတယ်။ 'ကျုပ်တစ်ယောက်ထဲမဟုတ်ဘူး၊ ဦးပဥ္စင်း တစ်ပါးနဲ့ဒကာမ နှစ်ယောက်လဲပါသေးတယ်' လို့ပြောတော့ 'ရပါတယ်၊ လိုက်နိုင်ရင်လိုက်ခဲ့ ကြပေါ့'တဲ့၊ လူကြီးကအတော်ကို သဘောကောင်းပါတယ်။ အသက်က လေးဆယ်ကျော် ငါးဆယ်လောက်ရှိပြီ။ ဒါနဲ့ကျုပ်တို့လဲ အဲဒီပဲအိတ်တွေပေါ် ထိုင်ပြီး လိုက်လာခဲ့ကြရတယ်။ ဒီလိုနဲ့မှော်ဘီမှာ တိုက်ပွဲတွေဖြစ်နေလို့ ဘုံကျောင်းကြီးမှာ တစ်ညအိပ်နေရသေးတယ်။ တိုက်ကြီးမှာတော့ဖြင့် အဲဒီ လော်လီကြီးပေါ်မှာပဲ အိပ်ကြတယ်။ အဲဒါ. . . နောက်တစ်နေ့ကျမှ ရန်ကုန်ရောက်တော့တယ်၊ ကြည်ကြည်ဌေးတို့လဲ ကြည့်မြင်တိုင်ဘက် ကိုသွားကြတော့ မတွေ့ရတော့ပါဘူး။ အဲ. . . မတွေ့ဘူးဆိုပေမယ့် နောက် ပိုင်းအတော်ကြာတော့ ကျုပ်ကိုလာတွေ့ပါသေးတယ်။

ကျုပ်တို့လဲ အဲဒီကျောင်းကလေးမှာပဲ ဆင်းဆင်းရဲရဲနေကြ ရတာပေါ့။ မနက်ပိုင်းမှာ ဆွမ်းလေးဘာလေးချက်ပေါ့။ တစ်ယောက်မှာ ဂုံညင်းလောက်ပဲ စားကြရတယ်။ ဝမ်းမီးငြိမ်းရုံကလေးပဲဆိုတော့၊ နေ့ဆွမ်းကို တော့ဖြင့် ဝအောင်စားကြရပါတယ်။ အင်းစိန်ဘက်မှာတောင် တိုက်ပွဲ တွေကဖြစ်နေတော့ ဒကာဒကာမတွေလဲ ဆွမ်းဟင်းတွေ ဘာတွေဘယ်မှာ လောင်းနိုင်ပါ့မလဲ၊ ဒီတော့ ကျုပ်တို့မှာ ဘာလုပ်ရသလဲဆိုတော့ ကျောင်းထဲ မှာ ဗူးပင်စိုက်ထားရတယ်။ အဲဒီဗူးသီးကို ဟင်းချိုလေးချက်ပြီး ငံပြာရည် အဖျော်လေးနဲ့ပဲ စားကြရတာပေါ့။ ဆရာတော်ကလဲ စာဝါမပျက်စာချပေး ရှာပါတယ်။ ကျုပ်တို့ကလဲ စာလိုက်ပေါ့လေ။ ဒါနဲ့တစ်နေ့မှာတော့ ဆရာတော်က 'ငါကွာစာချရတော့ ညတိုင်မှာဆိုရင်သိပ်ပြီး အာခြောက် တာပဲ၊ ဆေးငုံချင်တယ်၊ ဒီတော့မင်းတို့ ငါ့အတွက် ဆေးရွက်ကြီး အလကား ခံပေးစမ်းပါ' လို့ပြောတယ်။ ဒါနဲ့ ဆရာတော့်အတွက် ဆေးရွက်ကြီး အလျှုခံဖို့ ဦးပဥ္စင်းတစ်ပါးနဲ့အတူ ထွက်ခဲ့တယ်။ ဦးပဥ္စင်းကလဲ အလုံးအဖန် ကခပ်သေးသေးရယ်။ ဦးရာဇိန္ဒတဲ့။ သူနဲ့စာလိုက်ရင် ကျုပ်ကမှ လူလုံးလူဖန် တောင့်သေးတယ်။ အဲဒါနဲ့ ထွက်လာလိုက်ကြတာ ဆေးရွက်ကြီး ရောင်းတဲ့ဆိုင်တွေတော့တွေ့ပါရဲ့၊ မဝင်ဝံ့ဘူး၊ ရှက်နေတာပေါ့။ ဒါနဲ့ ကြည့်မြင်တိုင်ဘက်ရောက်သွားတော့ ပွဲရုံကြီးတစ်ခုကို တွေ့တယ်။ ဆေးရွက် ကြီးတွေကိုလဲမြင်တော့ စွန့်ပြီးဝင်ရတော့တာပေါ့။ အထဲမှာ ဒကာကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က စကားထိုင်ပြီး ပြောနေကြတယ်။ တစ်ယောက်က ခပ်ဝဝကြီး။ ကျုပ်တို့ ဝင်သွားလိုက်တော့ အဲဒီခပ်ဝဝဒကာကြီးက 'ကိုရင်တို့ ဘာကိစ္စလဲ' တဲ့။ ကျုပ်က 'ဒီဆိုင်မှာ ဆေးရွက်ကြီးရောင်းသလား'လို့ မေးလိုက်တော့ 'ကိုရင်တို့က ဆေးရွက်ကြီးဝယ်ချင်လို့လား'တဲ့။ ကျုပ်က 'မဟုတ်ပါဘူး၊ ကျုပ်တို့ဆရာတော်က စာချရတာစာဝါများလွန်းတော့ အာခြောက်လွန်းလို့ ဆေးငုံချင်တယ်ပြောလို့ အလှူခံချင်လို့ပါ'လို့ ပြောလိုက်တယ်။ ဒီတော့မှ သူက 'ကိုရင်တို့ကျောင်းက စာသင်သလား၊ စာမေးပွဲကောဖြေသလား'တဲ့။ ဒီတော့မှ ကျုပ်နဲ့ရာဦးပဥ္စင်းပါ စာမေးပွဲဖြေမယ့်အကြောင်းကို ပြောပြတယ်။ ဖြေမယ့်စာမေးပွဲ အဆင့်တွေကို မေးတာနဲ့ကျုပ်က အငယ်တန်းအောင်ပြီးလို့ အလတ်တန်းဖြေမယ်၊ ဦးပဥ္စင်းက အငယ်တန်းဖြေမယ်ဆိုတာကို ပြောပြတော့၊ 'ဘယ့်နှယ် ဦးပဥ္စင်းက အငယ်တန်း၊ ကိုရင်ကအလတ်တန်း ဖြစ်နေပါလား'လို့ ပြောလိုက်သေးတယ်။ ပြီးမှ 'သမီးရေ ဒီကဦးပဥ္စင်းနဲ့ ကိုရင်က စာမေးပွဲဖြေကြမှာ ဖျော်ရည်လေး ဘာလေးကပ်စမ်းပါဦး'လို့ လှမ်းပြောလိုက်ပြီး ဖျော်ရည်တွေဘာတွေ ကပ်သေးတယ်။

**သင်း** - တော်သေးတာပေါ့ဘုရား။ အရှင်ဘုရားတို့ စွတ်စွတ် ရွတ်ရွတ်ဝင်သွားလိုက်တာ ဖျော်ရည်တွေဘာတွေတောင် ဘုဉ်းပေးလိုက်ရသေးတာကိုး။

**တော်** - ပြောဦးမယ်။ ဖျော်ရည်လောက်တင် ဘယ်ကမလဲ။ အတော်ကြီးကို ကံကောင်းပြီးဟန်ကျသွားတာ။

**သင်း** - ဟုတ်လားဘုရား၊ ဆက်စမ်းပါဦးဘုရား။

**တော်** - ဒါနဲ့ ကိုရင်တို့ကျောင်းမှာ စာမေးပွဲဝင်မယ့်ကိုယ်တော်ဘယ်နှစ်ပါးရှိသလဲတဲ့။ ကျုပ်က ရှစ်ပါးရှိတယ်လို့ပြောလိုက်တော့ ခုနကခပ်ဝဝဒကာကြီးက 'ကိုရင်တို့ ကျောင်းက ရှစ်ပါးထဲရှိနေတာကိုး၊ ဆယ့်နှစ်ပါးရှိရင် ကျုပ်တို့အသင်းက ဆွမ်းဆန်ထောက်တယ်' လို့ ပြောတယ်။ လက်စသတ်တော့ ဒီဒကာကြီးက 'စေတီယင်္ဂဏအသင်း'ရဲ့ ဘဏ္ဍာရေးမှူး ဦးရွှေကြူး ဖြစ်နေတာကိုး။ ဟိုခပ်ပိန်ပိန် နောက်ဒကာကြီး တစ်ယောက်က ဥက္ကဋ္ဌ ဦးဖိုးမြ။

**သင်း** - ဟုတ်လားဘုရား၊ တစ်အိမ်ထဲမှာ သွားတွေ့နေတာပေါ့။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အံ့ဩစရာ ကောင်းလိုက်တာ။





**တော်** - ဟုတ်တယ်၊ တကယ်ကိုအံ့ဩစရာပဲ။ ဒါနဲ့ ဒကာကြီးဦးဖိုးမြပြန်သွားတော့ ဒကာကြီး ဦးရွှေကြူးက "ကဲ သမီးရေ ကားထုတ်စမ်း၊ ဒီကိုရင်တို့ကျောင်းကို လိုက်သွားပြီးကြည့်ရအောင်"ဆိုပြီး ကျုပ်တို့ကိုပါ ကားနဲ့တင်ခေါ်လာလို့ အပြန်မှာ ကားနဲ့ပြန်ခဲ့ရတာပေါ့လေ။

(ဆရာတော်က ထိုအကြောင်းကိုပြောနေရင်း မအူမလည် သူ၏ ငယ်ဘဝကိုရင်လေးအဖြစ်ကို ပြန်လည်သတိရနေဟန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောနေပါသေးသည်။ ကျွန်တော်တို့လည်း ကိုရင်လေး ရွှေမောင်ကို စိတ်ကူးနှင့်လှမ်းပြီး မြင်လိုက်ရင်း ဆရာတော်နှင့်ရောပြီး ရယ်လိုက်ကြမိပါသေးသည်။ သို့သော် သေချာပြန်စဉ်းစားကြည့်လိုက်တော့ ကြည့်စမ်း အဲဒီကိုရင်ရွှေမောင်ကလေးက အငယ်တန်းတောင်အောင်ပြီးလို့ အလတ်တန်းဖြေဖို့ပြင်ဆင်နေပြီ မဟုတ်ပါလား။ အံ့ဩစရာတွေစုနေသည့် အတ္ထုပ္ပတ္တိပါပေတကား။)

**သင်း** - ကဲ. . . ဆက်ပါဦးဘုရား၊ ဆရာတော့် ဇာတ်လမ်းကလဲ ရုပ်ရှင်တွေလို ထိုးခန်းကြိတ်ခန်းမပါဘဲနဲ့ သဲထိတ်ရင်ဖိုဖြစ်နေပြန်ပြီ။

**တော်** - ဒါနဲ့ကျောင်းပြန်ရောက်သွားတာပေါ့လေ၊ ကျောင်းမှာက ဦးပဥ္စင်းသာမဏေ အစိတ်သုံးဆယ်လောက်ရှိတယ်။ ဒါပေမယ့် စာမေးပွဲဖြေမှာက ရှစ်ပါးပဲရှိတယ်။ ဆရာတော်နဲ့ အဲဒီဒကာကြီးနဲ့တော့ အတော်လေးစကားပြောကြတယ်။

**သင်း** - နေဦးဘုရား၊ ဆေးရွက်ကြီးကော ရခဲ့သလား။

**တော်** - ဆေးရွက်တွေ တစ်ထုပ်ကြီး သူကိုယ်တိုင်ယူလာတာ၊ အကြီးကြီးပါပဲ။ ဒါနဲ့ပဲ ကျောင်းရောက်တော့ ဆရာတော်နဲ့ စကားတွေ ဘာတွေပြောကြပေါ့လေ။ သူကတော့ ကျောင်းတွေအနှံ့သွားနေရတာ မဟုတ်လား။ အားလုံးကိုသိနေတာပေါ့။ ဒီတော့ ဘာလုပ်သလဲဆိုရင် 'ဥယျာဉ်တိုက်'တို့ 'ဘုရားရာတိုက်' တို့လိုက သံဃာ ၄ ပါးပင့်လာတယ်။

**သင်း** - အရှင်ဘုရားတို့ကျောင်းမှာ ၁၂ ပါးပြည့်သွားအောင်ပေါ့။

**တော်** - ဟုတ်တယ်။ အဲဒီလို စေတီယင်္ဂဏအသင်းကြီးက ဆန်ထောက်လိုက်တော့မှ ကျုပ်တို့လဲ အသက်ရှူချောင်သွားတာ။

**သင်း** - ဆန်က ဘယ်လောက်များ ထောက်သလဲဘုရား။



www.burmeseclassic.com

www.burmeseclassic.com



**တော်** - ဆန်က 'ပြည်' နဲ့ဗျ။ စာမေးပွဲဖြေတဲ့ သံဃာဦးရေပေါ့မှာ တည်တယ်။ စာဖြေသံဃာတစ်ပါးကို ဘယ်နှစ်ပြည်ဆိုတာမျိုးပေါ့လေ။ ပြောလိုက်ရဦးမယ်။ ကံကောင်းချင်တော့ ကျုပ်တို့ကျောင်းက ၁၂ ပါး ဖြေတာ၊ ၁၂ ပါးလုံး စာမေးပွဲတွေအောင်သွားကြတယ်။ ကျုပ်လဲ အလတ်တန်း အောင်သွားတာပေါ့လေ။ အဲဒါနဲ့ ဖြစ်လာပုံကို ပြောလိုက်ရဦးမယ်။ ဦးပေါက်ဆိန်ဆိုတာ ကြားဖူးလား။

**သင်း** - ကြားဖူးတယ်ဘုရား။ 'ဘိုးပေါက်ဆန်ဇ' လို့လည်း ခေါ်ကြတယ်။

**တော်** - အဲဒီဦးပေါက်ဆိန်က တောမှာနေတုန်းကလဲ ကျုပ်တို့နဲ့မလှမ်းမကမ်းမှာပဲနေခဲ့တာ။ နောက်တော့ ကရင်သောင်းကျန်းမှုတွေ များလာတာနဲ့ သူကလဲ ရန်ကုန်ကိုရောက်လာပြီး ဦးဘဂွမ်းဆိုတဲ့ ဒကာတစ်ယောက်အိမ်မှာတည်းနေတယ်။ အဲဒီဦးဘဂွမ်းရဲ့သားက ကိုတင်ထူးတဲ့၊ နောက်တော့ သူက အစိုးရဆေးဝါးချက်ရုံမှာ လူကြီးဖြစ်လာတယ်။ ဒါနဲ့ပဲ ဦးပေါက်ဆန်ကို သွားပင့်တယ်။ ဒီလို. . . ဒီလိုပဲပေါ့။ သံဃာတွေအတွက် ကျောင်းလိုအပ်နေလို့ ကျောင်းဆောက်ပေးစေချင်ပါတယ်ပေါ့။ သူက ဒကာတွေသိပ်ပေါတယ်။ 'ဝိဇ္ဇာ' လို့ဆိုကြတာကိုး။ ဒါနဲ့ပဲ သူက 'ငါလဲ ဒီမှာပဲနေမယ်ကွာ' လို့ပြောတယ်။ သူမနေမီမှာကိုပဲ ကျောင်းဆောက်ပေးပါတယ်။ ပထမဆုံး ကျောင်းဆောက်ပေးတဲ့ ဒကာကတော့ 'ဘားမားစတား ဦးကျော်ရှိန်' ဆိုတာပဲ။

**သင်း** - ကြားဖူးတယ်ဘုရား။ အဲဒီအချိန်က 'ဘားမားစတား သတင်းစာ' ဆိုတာက ရန်ကုန်မှာ မသိတဲ့သူမှမရှိဘဲ။

**တော်** - ဦးပေါက်ဆိန်ကလဲ သူ့ဖို့ကျောင်းလေးတစ်ဆောင် ဆောက်တယ်။ နောက်တော့ ကျောင်းတွေတိုးလာတာပေါ့။ ကျုပ်အဲဒီမှာ ရှိနေစဉ်မှာကိုပဲ ကျောင်းဆယ်ကျောင်းလောက် ဖြစ်သွားတယ်။ စာမေးပွဲတွေလဲ အောင်ကြတယ်။ ပြောရဦးမယ်။ ဦးပေါက်ဆိန်ကလဲ သူ့ကျောင်းကို သူဆောက်တာပဲ။ ဆောက်တော့ကျုပ်က တောကိုပြန်ပြီး တောမှာရှိတဲ့ သူ့ကျောင်းဟောင်းကိုဖျက်ပြီး သစ်သားတွေဘာတွေကို သယ်လာရတာ။ မှတ်မိသေးတယ်၊ လှေကြီးနဲ့ အဲဒီသစ်တွေကိုသယ်လာပြီး ကြည့်မြင်တိုင်ကျမှ ကျုပ်တို့ကိုယ်တိုင်ထမ်းချပြီး ကားနဲ့တိုက်ယူကြရတာ။ အခု အောင်မင်္ဂလာသိဒ္ဓိဆိုတဲ့





ကျောင်းတိုက်ဟာ ကျုပ်တို့စပြီးတည်ခဲ့ကြရတာ။

**သင်း** - နေဦးဘုရား၊ အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်ဆိုတာက သမိုင်းဆောင်ဆုံနားက . . .

**တော်** - မဟုတ်ဘူး၊ ရှမ်းလမ်းမကြီးပေါ်မှာ။

**သင်း** - အော်. . . သိပြီ ဘုရား။

**တော်** - အခုရှိတဲ့သံဃာတွေက နောက်မှရောက်လာတာ။ အခု တိုက်အုပ်ဆရာတော်က ကျုပ်တို့ဆရာတော်ရဲ့ညီပဲ။ ဒါပေမယ့် အဲဒီကျောင်းတိုက်ကိုတည်တော့ သူမရောက်သေးဘူး။ ကျုပ်တို့တည်ခဲ့တဲ့ ကျောင်းတိုက်ပဲ။

**သင်း** - အခုနားထောင်ခဲ့ရသလောက်မှာဖြင့် ဆရာတော် ပညာသင်ခဲ့ရတာက ကသိကအောက်တွေချည်းပါပဲလား။

**တော်** - ဟာ. . . အများကြီးပဲပေါ့။ ပြောလို့ မကုန်နိုင်ဘူး။ အဲဒီလိုနဲ့ပဲ ကြိုးစားလိုက်ကြတာ ကျုပ်တို့ကျောင်းတိုက်ဟာ ရန်ကုန်မြို့မှာ စာမေးပွဲ အအောင်ဆုံးကျောင်းတိုက်ကို ဖြစ်သွားတော့တာပဲ။

**သင်း** - ဆရာတော်တို့ကို စာချပေးတဲ့ ဆရာတော်က . . .

**တော်** - ဆရာတော် ဦးဥတ္တမတဲ့။

**သင်း** - အဲဒီဆရာတော်ဦးဥတ္တမက . . . ၊ တပည့်တော်မေးချင်တာက ရှေးကတစ်ချို့ စာချဆရာတော်တွေဟာ သူတို့ကိုယ်တိုင်က စာမေးပွဲကို မဖြေခဲ့ဖူးဘူး၊ ဒါပေမယ့် စာကိုတော့. . .

**တော်** - ဟာ တကယ်တတ်တာ။ ကျုပ်တို့ဆရာတော်လဲ ဒီအတိုင်းပဲပေါ့။ စာမေးပွဲတွေ မဖြေခဲ့ဖူးဘူး။ ဒါပေမယ့် တကယ်ကိုတတ်တာ။ တတ်ရုံသာမဟုတ်ဘူး။ ဘယ်အသင်းအဖွဲ့မှာမှကို မပါခဲ့တာ။ ပြောချင်တာက ဥပမာ စာမေးပွဲစာစစ်အဖွဲ့တွေရှိတယ်၊ ပုဗ္ဗာထုတ်တဲ့ ကော်မီတီလိုဟာမျိုးတွေ ရှိတယ်။ အဲဒီလို ဘာအဖွဲ့ထဲမှာကိုမှ မပါခဲ့တာ။ သန့်ရှင်းအောင်ကို နေခဲ့တာ။ ဒါပေမယ့် ကျောင်းမှာတော့ဖြင့် စာမေးပွဲစစ်တယ်။

**သင်း** - ကျောင်းမှာလဲ စာမေးပွဲလုပ်သေးတယ်။

**တော်** - လုပ်တယ်၊ အစိုးရစာမေးပွဲတွေ ဘာတွေနဲ့မဆိုင်ပေမယ့် အဲဒါကို ဖြေကိုဖြေရတာ။ နောက်ပြီး ဆရာတော်ကိုယ်တိုင်က အလှူခံရိယကြီးတယ်။ စာချပျက်မှာစိုးလို့ဆိုပြီး ဆွမ်းစားပင့်ရင်လဲ ဘယ်ဆွမ်းစားကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ဘူး။ အဲ . . . ဉပုသ်နေ့လိုဟာမျိုးဆိုရင်တော့ လိုက်တတ်ပါတယ်။ အဲဒီနေ့မှာတော့ စာချနားတာကိုး။ ကျုပ်တို့လဲ အလကားမနေရဘူး၊ ကိုယ့်စာကိုကိုယ်လုပ်နေတဲ့ပြင် ကျုပ်ကအကြီးတန်းအတွက် စာလုပ်နေရင်းက အငယ်တန်းတွေကို စာချရတယ်။ ဒီလိုနဲ့ ဆရာတော်က ကျုပ်တို့ကို စာချ၊ ကျုပ်တို့က အငယ်တန်းတွေကို စာချနဲ့ ကြိုးစားလိုက်ကြတာ ရန်ကုန်က စာသင်တိုက်တွေထဲမှာ ကျုပ်တို့ အောင်မင်္ဂလာသိဒ္ဓိတိုက်ဟာ နံပါတ်တစ်ဖြစ်သွားတော့တာပဲ။

(ဆရာတော်၏ တည်ငြိမ်အေးဆေးသောသွင်ပြင်ကိုကျော်ကာ သစ်လုံးတွေကိုထမ်းချနေသော၊ စာသင်စာချလုပ်နေသော ကိုရင်လေးရှင်ရေဝတ ကိုကျွန်တော်လှမ်းပြီး မြင်ယောင်နေမိသည်။ ကျဉ်းကျဉ်းကျပ်ကျပ်ကျောင်းလေးဘဝမှ ကျောင်းတိုက်ကြီးဖြစ်လာအောင်၊ ကျောင်းတိုက်ကြီးအဖြစ်မှ နံပါတ်တစ်ကျောင်းတိုက်ကြီးဖြစ်လာအောင် သက်န်းတဖားဖားနှင့် စည်းစည်းလုံးလုံး ကြိုးစားနေကြသော ဆရာတပည့်သံဃာတော်တွေကို ကျွန်တော်မြင်ယောင်လိုက်မိသည်။ ဆရာတော်က ဆက်ပြန်ပါသည်။)

**တော်** - ဒီလိုနဲ့နောက်တော့ သံဃာအပါး ၁၅၀ လောက် ဖြစ်လာတယ်။ စာမေးပွဲဖြေတာကိုက အပါးတစ်ရာလောက်ရှိတယ်။ ဒီတော့ စေတီယင်္ဂဏအသင်းကြီးရဲ့ ထောက်ပံ့မှုကိုလဲ ပိုပြီးရလာပြန်တာပေါ့။ အဲဒါနဲ့ တစ်နေ့တော့ ဒကာကြီး ဦးစံကြူးက ကျုပ်ကိုပြောတယ်။ ပြောရဦးမယ်၊ ဦးစံကြူးကလဲ စကားပြောစရာရှိရင် ဘုန်းကြီးနဲ့မပြောတော့ဘူး၊ ကျုပ်နဲ့ပဲ လာပြောတော့တာပဲ။

**သင်း** - ဒီတော့ ဆရာတော်က ကိုရင်ပဲရှိသေးတယ်နော်။ ရဟန်း မဖြစ်သေးဘူး။

**တော်** - မဖြစ်သေးဘူး။ ကိုရင်ပဲ။

**သင်း** - ဒီလိုဆိုတော့ တပည့်တော်တို့ အရပ်စကားနဲ့ပြောရရင် ဆရာတော်က ကိုရင်ဘဝမှာကိုပဲအတော်ကြီး လူရာဝင်နေတယ်လို့ ပြောရတော့မယ်ဘုရား။

**တော်** - ဒါနဲ့ ဒကာကြီး ဦးစံကြူးက ဘာပြောလဲဆိုတော့၊ 'ကိုရင် . . .





ကိုရင်တို့ကျောင်းမှာ သံဃာတွေလဲအများသားပဲ၊ ဆွမ်းမလောက်တဲ့ ကိစ္စအတွက် ဆွမ်းကြီးခံဖို့ကောင်းတယ်"တဲ့။ ဒါနဲ့ ကျုပ်က ဘုန်းကြီးကို လျှောက်တော့ ဘုန်းကြီးကလဲ 'ကောင်းသားပဲ၊ မင်းတို့ ကြည့်လုပ်ကြပေါ့'လို့ ခွင့်ပြုတာနဲ့ကျုပ်တို့ သံဃာတွေတန်းစီပြီး အဲဒီနားက ညောင်တုန်းလမ်းတို့ ဝါးခယ်မလမ်းတို့မှာ တစ်လမ်းဝင်တစ်လမ်းထွက် ဆွမ်းဆန်ခံလိုက်တာ ဒကာကြီးရယ် သံဃာ ၁၅၀ လောက် သံဃာတန်းကြီးကိုမြင်လိုက်တော့ ဒကာဒကာမတွေ သဒ္ဓါပေါက်ပြီး ဆွမ်းဆန်လောင်းလိုက်ကြတာ တစ်နေ့ဆွမ်းတန်ခံတာ တစ်နှစ်လုံးစားလောက်အောင်ကို ရခဲ့ပါတယ်။

**သင်း** - အံ့သြစရာပဲဘုရား။

**တော်** - တကယ်ကို အံ့သြစရာကောင်းတာပါ။ လှူကြလောင်းကြတာမှ ဆန်တင်မဟုတ်ဘူး၊ ဆီတွေရော၊ ငါးခြောက်တွေရော စုံနေအောင် လောင်းကြလှူကြတာပါပဲ။ တကယ်အံ့သြဖို့ကောင်းတာပါ။

**သင်း** - ဒီအချိန်ထိ ဆရာတော်က ရဟန်းမခံရသေးဘူးနော်၊ ကိုရင်ဘဝပဲရှိသေးတယ်။

**တော်** - ဟုတ်တယ်၊ ကျုပ်က ကိုရင်ဘဝပဲရှိသေးတယ်။ ပြောလိုက်ရဦးမယ်၊ ဦးစံကြူးကြီးက ကျုပ်ကိုရဟန်းခံ ပေးချင်တယ်၊ ကျုပ်ရဲ့ ရဟန်းဒကာဖြစ်ချင်ရှာတယ်။ သို့သော် သူကပြောမထားဘူး။

**သင်း** - ဒီအချိန်မှာ ဆရာတော်ရဲ့မိဘ ဒကာကြီးနဲ့ဒကာမကြီး ကကော. . .။

**တော်** - ရှိသေးတယ်၊ ရွာမှာပဲ။ ဒီအချိန်မှာတော့ ကျောင်းကလဲ စည်ကားကြီးပွားလာနေပြီ။ ဒကာဒကာမတွေကလဲ အများကြီး ဖြစ်လာပြီ၊ ကျုပ်ကိုယ်တိုင်ကလဲ လူကြီးတွေနဲ့အတော်ကို သိကျွမ်းနေပြီ၊ ကျောင်းကလဲ စာအောင်သံဃာများတဲ့ စာသင်တိုက်အဖြစ် ကျော်ကြားလာတဲ့ပြင် ဦးပေါက်ဆိန်ကလဲ ရှိနေပြန်လေတော့ ပိုပြီးစည်ကားသိုက်မြိုက်လာ ပြန်တာပေါ့လေ။

**သင်း** - နေဦးဘုရား။ ဦးပေါက်ဆိန်ကိုသွားပြီး ပင့်လာခဲ့တာက အရှင်ဘုရားနော်။ အဲဒီလိုသွားပင့်တာဟာ အရှင်ဘုရားရဲ့ဆရာတော်က အပင့်ခိုင်းလို့လား။

**တော်** - မဟုတ်ဘူး၊ ကျုပ်ဘာသာကျုပ် သွားပင့်တာ။ ဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ပရိယတ္တိ၊ ပရိပတ္တိသက်သက်ပဲ။ ဒကာကြီးသိတဲ့အတိုင်း ဦးပေါက်ဆိန်က လောကီဝိဇ္ဇာလမ်း မဟုတ်လား။ ဆရာတော်က အဲဒါမျိုးတွေကို စိတ်မဝင်စားဘူး။

**သင်း** - နေဦးဘုရား။ အဲဒီကိုရင်လေး ရေဝတဆိုပါတော့ဘုရား။ အရှင်ဘုရားက ပေါက်တီးပေါက်ရှာဘယ်လိုလုပ်ပြီး စိတ်ကူးပေါက်သွားသလဲ။

**တော်** - ဒီလိုဗျ။ ကျုပ်ဖခင်ဒကာကြီးက စောစောကပြောခဲ့တဲ့ အတိုင်း ဆေးဝါးတွေဘာတွေကို ဝါသနာပါတယ်။ အဲဒီလိုပဲ လောကီပညာတွေ ဘာတွေကိုလဲ ထိုက်သင့်သလောက်လိုက်စားပြန်လေတော့ သူနဲ့ ပတ်သက်ပြီး ဦးပေါက်ဆိန်အကြောင်းကို ကျုပ်ကသိနေတယ်။ ဒါကြောင့် ကျုပ်က သွားပြီးပင့်လိုက်တာ။ ထင်တဲ့အတိုင်းပဲ ဦးပေါက်ဆိန် ရောက်လာလိုက်တော့ ရန်ကုန်က ထိပ်ပိုင်းလူကြီးတွေ ရောက်လာကြတာပဲ။ ကျုပ်လဲ သူတို့နဲ့ သိကျွမ်းလာရပြန်တာပေါ့။ ဆိုကြပါစို့၊ ဦးကျော်ငြိမ်းနဲ့ သူ့ဇနီး ဒေါ်နွံနွံရီတို့၊ ဦးနုနဲ့သူ့ဇနီးဒေါ်မြရီတို့လိုစတဲ့ သူတွေပေါ့။

**သင်း** - မှန်ပါဘုရား။ ဒီတုန်းကဆိုရင်တော့ တကယ့်ဩဇာရှိ နိုင်ငံရေး အသိုင်းအဝိုင်းတွေပဲပေါ့။

**တော်** - ဟုတ်တယ်၊ သူတို့ပြင်ဟို. . . အမြွတ်ခွန်မင်းကြီး ဦးစံသိန်းတို့လို နာမည်ကြီးပုဂ္ဂိုလ်ကြီးတွေ စသည်အားဖြင့်ပေါ့လေ။ ဒီလိုနဲ့ပဲ ကျုပ်တို့ ကျောင်းဟာ ရန်ကုန်မြို့မှာ အချမ်းသာဆုံးကျောင်းကို ဖြစ်သွားတော့တာပဲ။

**သင်း** - မူလက အဆင်းရဲဆုံးကျောင်းနော်။ ကျောင်းမြေတောင်မှ ဝယ်ယူခဲ့ရတာ။

**တော်** - ဟုတ်တယ်၊ အဲဒါတောင် မူလက သချိုင်းကုန်းမြေကြီး။ ကျောင်းမြေအထက်ပိုင်းကို ဆရာတော်ရဲ့ ရဟန်းအစ်မကြီးက ဝယ်လှူခဲ့ရတယ်။ အောက်ပိုင်းကိုတော့ ကျုပ်ရဲ့ ရဟန်းဒကာမလေးက ဝယ်ပြီးလှူတာ။

**သင်း** - ဆရာတော်ရဲ့ ရဟန်းဒကာက . . . ။

**တော်** - ဦးတင်လှိုင်နှင့်ဒေါ်ခင်သောင်းတဲ့။ ဟသ်ာတက။ ကျုပ်နဲ့က ဟသ်ာတမှာကတည်းက သိခဲ့ကြတာ။ သူတို့က ကျုပ်ကိုရဟန်းခံဖို့ လက်ဦးဆုံး လျှောက်ထားခဲ့ကြတာ။ ဒီတော့ နောက်လူတွေက မရတော့ဘူးပေါ့လေ။ သူတို့က စီးပွားဉစ္စာပြည့်စုံကြတယ်။ ဒါပေမယ့် သားသမီး မရှိကြဘူး။





ဒီတော့ ကျုပ်ကိုပဲ သားလိုသဘောထားကြတာ။ ပြောမယ့်သာပြောရတာ၊ ဒီတုန်းက သူတို့ကလဲငယ်ငယ်ပဲရှိကြသေးတာ။ ကျုပ်ထက် ဆယ်နှစ်လောက်ပဲကြီးတာ။ ကျုပ်ရဟန်းခံတော့ သူတို့အသက်ကဘာရှိသေးတာမှတ်လို့ သုံးဆယ်လောက်ပဲရှိသေးတာ။ အခုလဲ ဒကာကြီးကတော့ ရှိပါသေးတယ်။ ၄၆ လမ်းထဲမှာ နေကြတယ်။ ဒကာမကြီးကတော့ ကွယ်လွန်သွားရှာပါပြီ။ သူက စီးပွားရေးအုပ်ချုပ်ခန့်ခွဲမှုမှာ အလွန်တော်တယ်။ ဒီလိုနဲ့ အောင်မင်္ဂလာသိဒ္ဓိတိုက်ကပဲ အကြီးတန်းကို အောင်ခဲ့တယ်။

**သင်း** - အကြီးတန်းကိုအောင်တော့ ဆရာတော်က ကိုရင်ဘဝမှာပဲ ရှိသေးတယ်ပေါ့။

**တော်** - အဲ. . . ဒီလိုဗျ၊ အကြီးတန်းကို ဝင်ဖြေလိုက်တုန်းက ကိုရင်ဘဝမှာပဲ ရှိနေသေးတယ်။ သို့သော်လဲ စာမေးပွဲအောင်စာရင်းထွက်လာလိုက်တော့ ရဟန်းဖြစ်နေပြီ။

**သင်း** - ထားပါတော့ဘုရား။ အောင်စာရင်းက မဆိုင်ပါဘူး၊ ကိုရင်ဘဝမှာ အောင်တယ်လို့ပဲ ဆိုရမှာပေါ့။

**တော်** - ဒါနဲ့ပဲ ဓမ္မာစရိယ၊ စာချတန်းပေါ့လေ၊ အဲဒါကျတော့ မန္တလေးမှာ သွားဖြေတယ်။ ကျုပ်ဆရာက ပခုက္ကူမှာ ပညာဆက်စေချင်တယ်။ သူက ပခုက္ကူထွက်လေ။ ကျုပ်က ပခုက္ကူကို သွားတော့သွားလိုက်ပါသေးတယ်။ ဒါပေမယ့် ကြာကြာမနေဘူး၊ ခဏပါပဲ။ မန္တလေးကိုပဲ ဆက်တက်သွားတော့တယ်။ သွားတုန်းကတော့ ကျုပ်က သကျသီဟဖြေမလို့ သွားခဲ့တာပဲ။ စာတွေကလဲ ထိုက်သင့်သလောက်ရနေပြီ။ ဒါပေမယ့် 'ဟာ. . . ဘာလို့ ဖြေနေမလဲ' ဘာညာနဲ့ ပြောကြတာနဲ့ ကျုပ်လဲ သကျသီဟစာမေးပွဲကို မဖြေဖြစ်တော့ဘူး။

**သင်း** - ပြောမယ်ဆိုလဲ ပြောလောက်စရာပဲဘုရား။ သကျသီဟအတွက် ကြိုးစားတဲ့ ရဟန်းတော်တွေဟာ ပင်ပန်းလွန်းအားကြီးလို့ တစ်နှစ်ကို နှစ်ပါးလောက်ပျံတော်မူတယ်လို့ တပည့်တော်တို့တောင် ကြားဖူးတယ်။

**တော်** - ဒါနဲ့ပဲ ဓမ္မာစရိယကိုဖြေတော့ ပထမနှစ်မှာ ကျမ်းရင်းနှစ်ကျမ်းနဲ့ ဂုဏ်ထူးတွေကိုစွဲတယ်၊ ဒုတိယနှစ်မှာတော့ အားလုံးပြီးသွားတယ်။ ဓမ္မာစရိယပြီးတော့ ကျုပ်အသက် နှစ်ဆယ့်သုံးနှစ်ပဲရှိပါသေးတယ်။ ဒီလိုနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ စာချနေရသေးတယ်။

သင်း - ဘယ်ကျောင်းမှာလဲဘုရား။

တော် - အောင်မင်္ဂလာသိဒ္ဓိကျောင်းမှာပဲပေါ့။ ဒီလို စာချနေတုန်းမှာပဲ ကျုပ်ရဟန်းဒကာကြီးနဲ့ ဒကာမကြီးက အိန္ဒိယကိုဘုရားဖူးသွားကြတယ်။ အဲဒီမှာ သူတို့ကခင်ဗျားတို့ စာရေးဆရာကြီးပါရဂူနဲ့ တွေ့ခဲ့ကြတာကိုး။

သင်း - ဟုတ်ပြီဘုရား၊ ဒီတော့ သူကရဟန်းဝတ်နဲ့ပဲ ရှိနေသေးမှာပေါ့။

တော် - ဟုတ်တယ်၊ ရဟန်းဝတ်နဲ့ပဲ ရှိသေးတယ်။ ဖြတ်ပြီးပြောလိုက်ရဦးမယ်၊ ကျုပ်ကအဲဒီတုန်းက ကိုယ်လုပ်နေတဲ့စာဆို ဒီစာလောက်ပဲသိတာ။ ပြင်ပဗဟုသုတက အတော်ကြီးကိုနည်းခဲ့တယ်။

(ကျွန်တော်က ဣန္ဒြေမဆောင်နိုင်တော့ပါ။ ဟက်ဟက် ပက်ပက် ရယ်မိလျက် . . . )

သင်း - ပြင်ပဗဟုသုတ - မရှိခဲ့ဘူး၊ နောက်ပိုင်း ရှိမယ့်ရှိပြန်တော့လဲ ဘယ်လိုတွေ ဖြစ်ကုန်တာလဲဘုရား။

(ဒီတော့ ဆရာတော်ကလည်း တခစ်ခစ်ရယ်တဲ့ပြီး. . . )

တော် - အေးဗျာ ဒကာကြီးပြောမယ်ဆိုရင်လဲ ပြောစရာပဲ။ ဘယ်လိုတွေ လျှောက်ဖြစ်ကုန်တယ်လို့ ပြောရမှန်းတောင်မသိတော့ပါဘူး။ ဒီလိုနဲ့ ရဟန်းဒကာမကြီးက 'ဦးပဉ္ဇင်း အခုဘာလုပ်နေလဲ'တဲ့။ ကျုပ်က 'စာချနေတယ်'လို့ ပြောလိုက်တော့ သူက'အဲဒါတွေ လုပ်မနေနဲ့၊ စာဆက်ပြီး သင်ပါ'တဲ့။ 'ဘာသင်ရမလဲ၊ အင်္ဂလိပ်စာသင်ချင်တယ်'လို့ ပြောတော့ သူက 'အင်္ဂလိပ်စာသင်ရင် ဦးပဉ္ဇင်း လူထွက်ချင်လာလိမ့်မယ်'တဲ့။

(ကျွန်တော် မနေနိုင်တော့ပြန်ပါ။ အူထဲကယားလာလိုက်သည်နှင့် ရယ်မောပြီး . . . )

သင်း - ဤသို့နှင့်ပင် နောက်ဆုံး၌ ရှင်ရေဝတသည် အင်္ဂလန်၌ ကျောင်းထိုင်လေတော့သတည်းပေါ့ဘုရား။

(ဆရာတော်လည်း သူ့အဖြစ်ကိုသူပြန်ပြီး သတိရလိုက် သကဲ့သို့ ရယ်မောပြန်ပါလေသည်။)

တော် - အမှန်တော့ ကျုပ်ရဟန်းဒကာမကြီးက ကျုပ်ထက်ဗဟုသုတ ရှိတယ်လို့ ဆိုရမယ်။ ဒီတုန်းက တိပိဋကစရဲဆိုတာမျိုးတွေကလဲ မရှိသေး





ဘူး။ ဒီတော့ ကျုပ်က ဘုန်းကြီးစာဆိုလို့ရှိရင် ဘာမှဆက်ပြီးသင်စရာမှ မရှိတော့ဘဲ၊ အတန်းကုန်နေပြီ။ ဒါနဲ့ 'ဘယ်မှာဆက်သင်မလဲ' လို့မေးလိုက်တယ်။ ဒီတော့သူက 'အိန္ဒိယကိုသွားသင်ပေါ့။ တပည့်တော် စရိတ်ထောက်မှာပေါ့'တဲ့။ ကျုပ်က 'ဟာ. . . အိန္ဒိယမှာ ဘယ်သူမှမရှိတာ ဘယ်လိုလုပ်နေရမလဲ'လို့ ပြောတော့ သူက'ဟိုမှာ မြန်မာဘုန်းကြီးတွေရှိသားပဲ၊ ဦးပါရဂူနဲ့ တောင်တွေ့ခဲ့သေးတယ်'လို့ ပြောတယ်။ ဒီတော့ ဆရာပါရဂူကလဲ ရဟန်းဝတ်နဲ့ပဲ ရှိနေသေးတယ်။ အဲ. . . ပြောရဦးမယ်။ ဦးဆန်းထွန်းနဲ့လဲ တွေ့ခဲ့သေးတယ်။ ဦးဆန်းထွန်းနဲ့ကတော့ ဒီကအသွားသင်္ဘောမှာကို အတူစီးခဲ့ရတာလို့ပြောတယ်။ အဲဒီလို ဒကာမကြီးက တိုက်တွန်းနေတာနဲ့ ကျုပ်လဲ ပတ်စ်ပို့တွေဘာတွေ လျှောက်ဖို့သွားရတာပေါ့။ ဒီတုန်းက သာသနာရေး ဦးစီးဌာနမှာ ညွှန်ကြားရေးမှူး ဦးဆိုင်ကျော်ဆိုတာရှိတယ်။ သူ့ဆီကို သွားရတာပေါ့လေ။ နောက်ပြီး ဦးဗဆွေလေးဆိုတာ ရှိသေးတယ်။ သူကတော့ ပါလီမန်အတွင်းဝန်။

သင်း - ဟုတ်တယ်ဘုရား။ သူကလဲ ဘုန်းကြီးလူထွက်ပဲ၊ ဘုန်းကြီး ဗဆွေ လို့လဲ ခေါ်ကြတယ်။

တော် - ဒါနဲ့ ဦးဆိုင်ကျော်က 'အရှင်ဘုရား အိန္ဒိယဘာလုပ်သွားမှာလဲ' တဲ့။ ကျုပ်က 'ပညာသင်ဖို့သွားမှာ'လို့ ပြောတော့ သူက 'အရှင်ဘုရား - ဒီလိုလုပ်ပါလား၊ တပည့်တော်တို့ အိန္ဒိယကို သာသနာပြုဖို့ သံဃာရွေးနေတယ်။ တပည့်တော်တို့လွှတ်တဲ့အထဲမှာ လိုက်သွားပါလား၊ အရှင်ဘုရားက ဓမ္မာစရိယလဲ အောင်ပြီးပြီပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ အရှင်ဘုရားကအသက်နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်။ တပည့်တော်တို့ သတ်မှတ်ထားတာက အသက်နှစ်ဆယ့်ငါးနဲ့ သုံးဆယ်ကြားလို့ သတ်မှတ်ထားတာ၊ ဒါပေမယ့် ချွင်းချက်အဖြစ် လုပ်လိုက်ရင်ရပါတယ်လေ'လို့ ပြောတယ်။ ဒါနဲ့ ကျုပ်က 'ဒီတော့ကျုပ်က ဘာလုပ်ရမှာလဲ' လို့မေးတော့ 'ဓမ္မဒူတကောလိပ်ကိုသွားပါ' တဲ့။ 'ဘယ်တော့ သွားရမလဲ'လို့ မေးတော့ 'အရှင်ဘုရား သွားချင်တဲ့ အချိန်သွားတော့ရတယ်'တဲ့။ ပြောပြီး ရုံးက သူ့လူတွေကို 'ဒီဦးပဉ္ဇင်းကို ဓမ္မဒူတကောလိပ်မှာ နေရာလုပ်ပေးလိုက်ပါ'လို့ ပြောလိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



**သင်း** - ဓမ္မဒူတကောလိပ်က ဘယ်မှာလဲ ဘုရား။

**တော်** - ကမ္ဘာအေးမှာ။ ဒါနဲ့ ဆရာတော်ကိုလျှောက်ပြီး ခွင့်ပန်ရ ပြန်တာပေါ့။ ဆရာတော်က 'အေးကွာ သွားတာတော့လဲသွားပေါ့၊ သို့သော်လဲ စာတော့ဖြင့် ချပါဦးလို့ဆိုတာနဲ့ ညဝါယမိုက်ကိုချပေးနေရတယ်။ ဒီတော့ နေ့မှာ ဓမ္မဒူတကိုသွားပြီး စာသင်၊ ညကျတော့ ကျောင်းပြန်ပြီး စာချလုပ်နေတယ်။

ဓမ္မဒူတမှာ သင်ရတာကတော့ဟင်ဒီနဲ့ အင်္ဂလိပ်စာပေါ့၊ များသောအားဖြင့်တော့ အင်္ဂလိပ်စာကို သင်ကြတာများပါတယ်၊ ဟင်ဒီကို သင်ယူတာ ကျုပ်နဲ့ တခြားဦးပဥ္စင်းတစ်ပါး၊ နှစ်ပါးပဲရှိတယ်။ ဒီတုန်းက ကျုပ်တို့ကို ဟင်ဒီသင်ပေးတဲ့ ဆရာကြီး ခုထက်ထိရှိသေးတယ်၊ အသက် ၉၇ နှစ်ရှိပြီ။ ဦးညွန့်မောင်တဲ့။

**သင်း** - ဟုတ်လားဘုရား။ သူကမြန်မာလား၊ ကုလားလား။

**တော်** - မြန်မာပဲ။ သူကလဲ ဘုန်းကြီးလူထွက်ပဲ။ အိန္ဒိယမှာ နေခဲ့ဖူးတယ်။ ဒါနဲ့ ကျုပ်လဲ ကျုပ်ဒကာတွေဆီကို ခြောက်လလောက်ရှိမှ ရောက်သွားတော့ ဒကာမကြီးက 'ဦးဇင်း ဘယ်ပျောက်နေလဲ'တဲ့။ ကျုပ်က အကျိုးအကြောင်းပြောပြတော့ ဒကာမကြီးက 'ဟာ. . . ဦးဇင်းကလဲ အစိုးရတွေ ဘာတွေ လုပ်မနေပါနဲ့၊ ကိုယ့်ဘာသာကိုယ်သွားစမ်းပါ၊ တပည့်တော်က လိုသမျှ ဝတ္ထုကိုထောက်မှာပေါ့'လို့ပြောတာနဲ့ ဦးဆိုင်ကျော်ဆီ ပြေးရပြန်တာပေါ့။ ဒီတော့ ဟိုမှာကလဲ စာချုပ်တွေဘာတွေချုပ်ပြီးလို့ လက်မှတ်တွေ ဘာတွေ တောင် ထိုးပြီးနေပြီ။ ဦးဆိုင်ကျော်က 'အရှင်ဘုရား - ဒီလိုရင်လုပ်ပါလား၊ ဒီမှာတစ်နှစ်တော့နေလိုက်ပါဦး၊ နောက်ပြီးတော့ လွှတ်ပါ့မယ်'တဲ့။ ဒါနဲ့ ရဟန်းအစ်မကြီးကိုလဲ ပြန်ပြောရတာပေါ့လေ။ တိုတိုပြောရရင်တော့ နောက်ဆုံးမှာ ရဟန်းအစ်မကြီးကလဲ ကိုယ်တော့်သဘောပဲလေလို့ ပြောရှာပါတယ်။ တိုတိုပြောရရင်တော့ အဲဒါနဲ့ ၅၆ ခုနှစ်မှာ အိန္ဒိယကိုရောက်သွားတယ်။ အဲဒါပထမဆုံး ရောက်တာပဲ။ ရောက်သာသွားတယ် ကျုပ်က ကုလားလိုကလဲ မတတ်သေးဘူး။ မြန်မာပြည်မှာ သင်ခဲ့ရတယ်ဆိုတာကလဲ ဟင်ဒီ ကကြီးခကွေးသာသာလောက်ကို ဖတ်တတ်ရုံသာ ရှိသေးတာကိုး။ ကုလားစကားမတတ်တော့ အပြင်ထွက် ဆိုက်ကားစီးပြီး ကုလားကို 'ဂျောင်း ဂျောင်း' ဆိုတော့ ကုလားကလဲသွားတာပေါ့။ ဘယ်သွားနေမှန်းလဲ မသိဘူး။ ဒါ နောက်လှည့်ကြည့်လိုက်ပြန်တော့ ကျုပ်က 'ဂျောင်း ဂျောင်း' နဲ့ ဆင်ချောင်းကျောင်း လုပ်နေတော့ ဆိုက်ကားကုလားက စိတ်ဆိုးပြီး ပြန်လှည့်လာပါလေရော။





(အနားတွင် ရှိသမျှလူအားလုံး အုံးခနဲပွဲကျသွားပါ လေတော့သည်၊ ဆရာတော်ကိုယ်တိုင်လည်း ရှေးဟောင်းနှောင်းဖြစ် အူလည်လည်ဖြင့်လာခဲ့ရသည်ကို ပြန်လည်သတိရမြင်ယောင်နေဟန်သည့်အလား ပေါ့ပေါ့ပါး ရယ်မောနေပါတော့သည်။ ကျွန်တော်တို့ အားလုံးက ဝိုင်းပြီး ရယ်မောနေလိုက်ကြသော်လည်း ဆရာတော်၏ငယ်စဉ်က စွန့်စားမှုကိုကား အံ့သြချီးကျူးနေမိသည်အလည်း အမှန်ဖြစ်သည်။ ကျွန်တော့်အဖို့မှာတော့ ဆရာပါရဂူကိုလည်း အင်တာဗျူးလုပ်ခဲ့သေးသည် ဖြစ်သောကြောင့် ဆရာပါရဂူကိုလည်းပြန်ပြီး သတိရမိလိုက်ပြန်ပါသည်။ ဆရာတော်ကဆက်ပြန်ပါသည်။)

ဒါနဲ့ပြန်ရောက်လာတော့ ကုလားစကားသင်စာအုပ်ကလေးကို လှန်ရှာရပြန်တယ်။ ကျုပ်အားကိုးဆိုလို့ အဲဒီစာအုပ်ကလေးပဲရှိတယ်။ ပညာ့အလင်းတိုက်ကထုတ်တဲ့ ဆရာဖြိုးရေးတဲ့စာအုပ်ကလေးပေါ့။ အဲဒါကလေးကို လှန်ကြည့်ပြီး 'ကစ်တနား' ဘာညာပေါ့လေ။ သူကလဲ ပြန်တော့ ပြောပါရဲ့၊ ကျုပ်ကတစ်လုံးမှ နားမလည်ဘူး။ ဒါနဲ့ နောက်ဆုံးကျတော့ မတတ်နိုင်တော့ဘူး၊ ကျသလောက်ယူလို့ ကျုပ်ပိုက်ဆံအိတ်ကို ဖွင့်ပြီးပြလိုက်တယ်။ သူကလဲ သူကြိုက်တာကို နှိုက်ယူလိုက်တာပဲ။ ဒီမှာတင် ဆိုက်ကားကုလားတွေက ကျုပ်ကို သိပ်သဘောကျသွားကြတယ်။ ကျုပ်ထွက်လာလိုက်ရင် ဆိုက်ကားတွေဟာ အလုအယက် ဝိုင်းလာကြတော့တာပဲ။ ကျုပ်ကလဲ ဒကာမကြီးက ငွေတစ်ထောင်ပေးလိုက်တော့ အတော်လေးသုံးနိုင်နေတာပေါ့လေ။

(ကျွန်တော်တို့အားလုံး ဝိုင်းရယ်လိုက်မိကြပြန်ပါသည်၊ ဆရာတော် ကိုယ်တိုင်လည်း နှစ်ခြိုက်စွာ ရယ်တော်မူပါသည်။ ရယ်စရာသူဖြစ်ရပ်တွေ ကို ဆက်ပြန်ပါသည်။)

ဒါနဲ့ ကုလားစကားပြောတတ်ချင်တော့ ဈေးထဲကိုသွား ဟိုပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးကိုမေး၊ ဒီပစ္စည်းဈေးကို မေး၊ ဈေးဆစ်ဘာဆစ်လုပ်ရင်း ဆစ်ဈေးနဲ့ ပေးလိုက်ပြီး အတင်းအယူခိုင်းလို့ မယူချင်ပဲနဲ့ယူလာရတာက ရှိသေး။

(ဆရာတော်က ပြောရင်း ကျွန်တော်တို့နှင့်အတူရောပြီး ရယ်ပြန်ပါသည်။)

ဒီလိုနဲ့ လေးငါးခြောက်ရက်လောက်ရှိတော့ ကျုပ်လဲ တရာဏသီကို ထွက်လာခဲ့တယ်။

**သင်း** - ခုနက ဆရာတော်နေခဲ့တာက ကာလကတ္တားလား။

**တော်** - ဟုတ်တယ်။ ကာလကတ္တား။ ဒါနဲ့ တရာဏသီရောက်တော့ ဘုန်းကြီးကျောင်းမှာ နေရတယ်။ ဦးနန္ဒဝံဆိုတဲ့ ဘုန်းကြီးပါပဲ။

**သင်း** - ဆရာပါရဂူလဲ အဲဒီကျောင်းမှာပဲ နေခဲ့ရသေးတယ်လို့ ပြောတယ်။

**တော်** - ဟုတ်တယ်။ ကျုပ် အိန္ဒိယကိုထွက်မလာမီ ဆရာပါရဂူကို သွားပြီး တွေ့လိုက်သေးတယ်။ ဒီတော့သူက ရဟန်းဘဝမှာပဲ ရှိသေးတယ်။ ဗဟန်းက ရွှေကျင်တိုက်မှာနေတယ်။ သူက နောက်နှစ်ရက်လောက်ရှိရင် လူထွက်တော့မယ်လို့ ပြောတယ်။ အဲဒီ ဦးနန္ဒဝံကျောင်းကိုလဲ သူကပဲ ညွှန်လိုက်ပြီး လိပ်စာလဲ ပေးလိုက်တယ်။ တရာဏသီကိုတော့ ဘုရားဖူးလာတဲ့သူတွေနဲ့ပဲ ရောပြီးလိုက်သွားတာပေါ့လေ။ ဟိုရောက်သွားတော့ ဆေးဝက်ဘာ ဆရာတော် ဆောက်နေတဲ့ သိမ်ကြီးက မပြီးသေးဘူး။ ဆောက်နေတုန်း။ ဒီတော့ ဘုန်းကြီးဦးနန္ဒဝံလဲတဲကြီးနဲ့ပဲ နေနေရတယ်။ ကျုပ်က ဘုန်းကြီး ဦးနန္ဒဝံကို စာသင်ချင်ကြောင်းပြောပြတော့ သူကလဲ ကျုပ်ကို ဘယ်ပို့ရမှန်း မသိဘူး။ အဲဒီမှာ ကျောင်းနေဦးပဥ္စင်း ရှစ်ပါးကိုးပါးလောက် ရှိတယ်။ တစ်ချို့လဲရောက်တာ မကြာသေးဘူး။ တချို့ကလဲရောက်နေတာ သုံးလေးနှစ်ရှိပြီ။ ဒါပေမယ့် ကျုပ်မြင်တာက သူတို့ဟာ ကုလားစကား မတတ်ကြဘူး။ သူတို့တတ်နေတာက ဆိုက်ကားကုလားနဲ့ပြောဖို့လောက်၊ ဈေးလေး ဘာလေး ဝယ်ဖို့လောက်သာ တတ်နေကြတာ။ ကျုပ်က စဉ်းစားတယ်၊ ငါက စာသင်ဖို့လာတာ ဒီဘုန်းကြီးတွေနဲ့နေလို့ကတော့ ငါ့ရည်ရွယ်ချက် ပေါက်မှာမဟုတ်ဘူးပေါ့။ ခက်တာက ဘုန်းကြီးဦးနန္ဒဝံကိုယ်တိုင်ကလဲ ကျုပ်ကို ဘယ်ပို့ရမှန်းမသိ ဖြစ်နေတယ်။ ဒါနဲ့ မိဂဒါဝုန်ကို ဘုရားဖူးထွက်လာခဲ့တယ်။

အဲဒီမှာ မဟာဗောဓိ ကောလိပ်ဆိုတာ ရှိတယ်။ အဲဒီမှာ မြန်မာ





ဆရာတစ်ယောက်ရှိတယ်။ မြန်မာပြည်က ကုလားတစ်ယောက်ပါပဲ။ သူ့ကို တွေ့ဖို့သွားခဲ့တာပဲ။ ဒါပေမယ့် သူက မရှိဘူး။ ဒါပေမယ့် အဲဒီမှာ ဘင်္ဂါလီ ဘုန်းကြီးတစ်ပါး ရှိတယ်။ အသင်းမှာသူက အချုပ်ပဲ။ ကျုပ်က အရဲစွန့်ပြီး သူ့ဆီကိုသွားတယ်။ ကျုပ်က ဟင်ဒီလိုတော့ မပြောတတ်ဘူး။ ဒါနဲ့ပဲ ပါဠိလိုပြောတယ်။ သူကသိပ်တော့ နားမလည်ဘူး၊ ဒါပေမယ့် အဓိပ္ပာယ်ကိုတော့ သဘောပေါက်တယ်။ ဒါနဲ့ပဲ ကျုပ်ကပညာသင်ချင်တဲ့ အကြောင်း ပြောပြရတာပေါ့လေ။ ဒါနဲ့သူက မြန်မာပြည်က ဘာစာမေးပွဲတွေ အောင်ခဲ့သလဲဆိုတာကို မေးတယ်။ ကျုပ်က ဓမ္မာစရိယ အောင်ခဲ့တဲ့ အကြောင်းကို ပြောပြလိုက်တယ်။ ဒါကိုတော့ သူသဘောပေါက်တယ်၊ အတော်လေးအဆင့်မြင့်တယ်ဆိုတာကို သူနားလည်တယ်၊ သူက ဘာလုပ်ချင်သလဲလို့မေးတော့ ကျုပ်က ပညာသင်ချင်ပါတယ်၊ ဒီမှာ နေပါရစေလို့ ပြောပြတယ်။ သူက ရပါတယ်လို့ ပြောတယ်၊ ကျုပ်က ဒီနေ့ပဲပြောင်းလာချင်တယ်ဆိုတော့ သူက ဒီလိုချက်ချင်းတော့မရဘူး၊ အထက်က ခွင့်ပြုချက်ကို ယူရဦးမယ်၊ နှစ်ရက်သုံးရက်လောက်တော့ ကြာမယ်တဲ့။ ဒါနဲ့ နောက် သုံးရက်လောက်ကြာတော့ အဲဒီမဟာဗောဓိ ကောလိပ်ကို ပြောင်းသွားတယ်၊ သူတို့က ကျုပ်ကို အခန်းလေးတစ်ခန်း ပေးတယ်၊

**သင်း** - နေဖို့ဟုတ်ပါပြီ။ စားဖို့ သောက်ဖို့ဆွမ်းကိစ္စကျတော့ကော . . .

**တော်** - အဲဒါကျတော့ တစ်လကို ၁၅ိ ပေးရတယ်။ ဆွမ်းစားလို့ ရတယ်၊ သက်သတ်လွတ်ပဲဟင်းတို့ အာလူးတို့ ဆိုတာမျိုးတွေပေါ့လေ။ ဖြစ်သလိုပါပဲ၊ အဲဒီမှာ မြန်မာလိုပြောတတ်တဲ့သူ တစ်ယောက်မှမရှိဘူး။ ဒီတော့ ကျုပ်လဲ ဟင်ဒီလိုပဲကြိုးစားပြီးပြောရတာပေါ့။ အဲဒီလို ပြောရင်းပြောရင်းနဲ့ပဲ ဟင်ဒီလို ပြောတတ်လာတယ်။ ဒီလိုနဲ့ အတော်လေးကြာတော့ အဲဒီမှာရှိတဲ့ ကုလားလူမျိုး ဘုန်းကြီးတစ်ပါးက ကျုပ် ဓမ္မာစရိယအောင်တာကို သိနေလို့ ကျုပ်ကို ဟင်ဒီလို ဆောင်းပါးရေးပါလား၊ ငါပြင်ပေးမယ်လို့ ပြောတယ်။ ကျုပ်ကလဲ ကြိုးစားပြီးရေးတယ်၊ သူကလဲ ပြင်ပြင်ပေးပါတယ်။ လေးငါးခြောက်လလောက်ကြာတော့ ကျုပ်ရေးတဲ့ဆောင်းပါးကို သူတို့စာစောင်မှာ ထည့်ပေးတယ်၊ ပြောရဦးမယ် အဲဒီကနေပြီး တရာဏသီဘက်က မြန်မာဘုန်းကြီးတွေဆီပြန်ရောက်သွားတော့ သူတို့ပြောတဲ့ ဟင်ဒီစကားဟာ ကျုပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



မမြင့်ဘူး၊ ကျုပ်နဲ့ ဘာမှမဆိုင်တော့ဘူးဆိုတာကို တွေ့လာရတော့တယ်။ ကျုပ်ပြောတာက ပိုပြီး စာပေဆန်လာတော့တယ်။ နောက်ပြီး ကျုပ်လောက်လဲ မတတ်ကြတော့ဘူး။ ဒီလိုနဲ့ပဲ ဖွန်လရောက်လို့ ကျောင်းတွေပြန်ဖွင့်တဲ့အခါမှာ ကျုပ်လဲ ကလေးတွေနဲ့ရောပြီး ကျောင်းသွားတက်ပြန်တယ်။

**သင်း** - ကလေးတွေနဲ့ ရောပြီးတက်ရတာလား။

**တော်** - ဟုတ်တယ်၊ ကလေးတွေနဲ့ရောပြီး တက်ရတာပေါ့။ ကိုးတန်းမှာ၊ သေသေချာချာ ဘာမှနားမလည်ဘူးပေါ့။ ဒါပေမယ့် သူတို့က ကျုပ် နားမလည်တာတွေကို ပြန်ပြပေး သင်ပေးပေါ့။ သူတို့သင်တဲ့ ဘာသာတွေအားလုံးကို လိုက်သင်နေရတာကိုး -

(ကျွန်တော် ဆရာတော်ကို ကြည့်နေရင်း ဒသမတန်းတွင် ပြဋ္ဌာန်းထားသည့် စကားပြေလက်ရွေးစင်ထဲက လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသော 'ပညာသင်ခါ မရှက်ရာ'ဆိုသည့် ကောက်နုတ်ချက်ကလေးကိုသွားပြီးသတိရနေမိသည်။ ထိုစာထဲက 'ပညာသင်နေစဉ်အခါတွင် မိမိကိုယ်ကို နှိမ့်ချသမျှသည် နောင်အခါတွင် ကြီးမြင့်ဖို့ ဖြစ်ကြောင်း နှလုံးပိုက်ရာသည်' ဟူသောစကားလေးကိုလည်း သတိရမိလိုက်ပြန်ပါသည်။ စကားတိုးတိုးညင်းညင်းပြောနေသော ဆရာတော် ဒေါက်တာရှင်ရေဝတကို ကြည့်နေရင်း ဟဿတ၊ ဒေါင့်ကြီး သမုန်းဆိပ်က၊ ကျောင်းတွင် ဘုန်းကြီးမရှိဘဲ စာတွေတတွတ်တွတ် အံနေခဲ့ရရှာသော မောင်ရွှေမောင်ဆိုသည့်တောသားလေးကိုလည်း စိတ်ကူးမြင်ယောင်လိုက်မိပြန်ပါသည်။ ဆရာတော်က ဆက်ပြန်ပါသည်။)

**တော်** - ဒီလိုနဲ့ စာမေးပွဲဖြေလိုက်တော့ အဲဒီနှစ်မှာ ကျတယ်။ ကျမယ်ဆိုတာကိုလဲ သိတာပေါ့လေ။ ဒါပေမယ့် နောက်နှစ်ကျတော့ ဒီပလိုမာစာမေးပွဲကို ဝင်ဖြေတာ အောင်သွားတယ်။

**သင်း** - ဒီပလိုမာစာမေးပွဲ ဟုတ်လား။

**တော်** - ဟုတ်တယ်၊ ဒီပလိုမာစာမေးပွဲ။ အဲဒါကျတော့ ဒီကျောင်းက မဟုတ်တော့ဘူးပေါ့။ ယူနီဗာစီတီမှာ ဖြေရတာ။ ယူနီဗာစီတီဖွင့်တော့ အဲဒီမှာ ဗုဒ္ဓဘာသာကိုလဲ ဘာသာရပ်တစ်ခုအဖြစ်ထည့်မယ်ပေါ့လေ။ အဲဒီမှာ လူကြီးတွေက ကျုပ်ကိုခေါ်ပြီး အကြံဉာဏ်တောင်းတယ်။ ဒီတော့





ကျုပ်က ဟင်ဒီလိုအတော်လေးပြောတတ်နေပြီ။ နောက်ပြီး ကျုပ်က မြန်မာပြည်မှာ ဓမ္မာစရိယအောင်ခဲ့တယ်ဆိုတာကိုလဲ သူတို့က သိနေကြတယ်။

သြော် . . . နေဦးဗျ။ အဲဒီမတိုင်မီ မြို့ထဲမှာ အိမ်ငှါး နေရသေးတယ်၊ ဘာကြောင့်လဲဆိုတော့ ခုနကကျောင်းဆိုတာက ဘာသာစုံတွေကို လိုက်သင်နေရတာ။ ကျုပ်က တစ်ဘာသာထဲသင်ချင်တာဆိုတော့ အဆင်မပြေဘူး။ ဒါကြောင့် မြို့ထဲမှာ အိမ်ငှားနေလိုက်ရတာ။ အိမ်ငှား နေတော့ ဦးဝိသုဒ္ဓဆိုတဲ့ ဘုန်းကြီးတစ်ပါးနဲ့ အတူနေရတယ်။

**သင်း** - ဆွမ်းကိစ္စကျတော့ကော . . .

**တော်** - ဆွမ်းကိုတော့ ကိုယ်ဟာကိုယ် ချက်စားကြတယ်။ ဦးဝိသုဒ္ဓက နောက်တော့ မြန်မာပြည် ပြန်သွားပြီး လူထွက်သွားတယ်။ နောက်တော့ ဘုန်းကြီးနှစ်ပါး ရောက်လာပြန်တယ်။ တစ်ပါးက ခင်ဗျားတို့ ကြားဖူးချင်ကြားဖူးလိမ့်မယ်။ သံဃာ့မဟာနာယကအဖွဲ့မှာ အတွင်းရေးမှူး လုပ်သွားတဲ့ ဦးကုမာရပေါ့။ နောက်တစ်ပါးကတော့ ချောင်းဆုံက ဘုန်းကြီးတစ်ပါးပါပဲ၊ ဦးဉာဏဝံသတဲ့။ ကျုပ်နဲ့ ဦးကုမာရက တစ်ခန်း၊ ချောင်းဆုံဘုန်းကြီးက တစ်ခန်းနေကြတာပေါ့လေ။ ဦးကုမာရနဲ့အကြောင်းစပ်လာလို့ ပြောလိုက်ရဦးမယ်။ ဦးကုမာရ အိန္ဒိယကိုမသွားမီ သူ့ကျောင်းကို ကျုပ်က ရောက်သွားလိုက်သေးတယ်။ သူနဲ့ သိကျွမ်းလိုက်သေးတယ်ဆိုပါတော့၊ သူအိန္ဒိယကိုရောက်သွားပြီးတဲ့နောက် ငွေရေးကြေးရေးမှာ အခက်အခဲလေး တွေနေကြရတယ်။ တွေ့ပုံက ဦးကုမာရဆီကိုငွေလွှဲလို့မရ ဖြစ်နေတာ။ အစိုးရကလဲ ဒီတုန်းက အိန္ဒိယကို ငွေလွှဲတဲ့ကိစ္စမှာ အတော်လေးကို စီစစ်နေတဲ့အချိန်ကိုး၊ ဒါနဲ့ပဲ သူ့ဆီကို ငွေလွှဲချင်လို့ပါဆိုပြီး ကျုပ်ဆီကို ဒကာတစ်ယောက် ပေါက်လာတယ်။ ဘယ်သူလို့ ထင်တုံး။

**သင်း** - ဆိုပါဦးဘုရား။

**တော်** - ဗိုလ်ချုပ်စိန်လွင် ဗျ။

**သင်း** - ဟုတ်လားဘုရား၊ ဘယ်လိုက ဘယ်လို . . . ဆရာတော့် ဇာတ်ကလဲစုံနေတာပါပဲလား။

**တော်** - ဒီတုန်းက ဗိုလ်ချုပ်စိန်လွင်က တပ်ကြပ်လောက်ပဲ ရှိသေးတယ်၊ မင်္ဂလာဒုံတပ်က။ သူက ဂျစ်ကားလေးနဲ့လာတာ၊ ပုံစံကတော့ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



စစ်သားဂိုက်ပဲ၊ ခပ်ကြမ်းကြမ်း၊ ဘုန်းကြီးနဲ့ စကားပြောတာလဲ ခပ်မာမာပဲ။ ခုတော့ဖြင့် တကယ့်ကို တရားသမားကြီးတစ်ယောက်ဖြစ်နေပြီး အလွန်သိမ်မွေ့ပါတယ်။ အရင်ကနဲ့ မဆိုင်တော့ဘူးပြောရမှာပေါ့။ သူက ဦးကုမာရဆီကိုငွေလွှဲချင်တယ်။ ငွေခုနစ်ရာလောက်ထိဆိုရင်တော့ သာမန်အားဖြင့်လွှဲလို့ရပါတယ်။ သူက ထောင့်နှစ်ရာလွှဲချင်တာဆိုတော့ အခက်တွေ့နေတာပေါ့။ ဗိုလ်ချုပ်စိန်လွင်နဲ့ ဦးကုမာရက ကလေးဘဝကတည်းက သူငယ်ချင်းတွေကိုး။ ဦးကုမာရက ငွေလွှဲဖို့အခက်အခဲတွေ့ရင် ကျုပ်ဆီကို သွားပါလို့ စာရေးလိုက်တာနဲ့ ကျုပ်ဆီကို ဗိုလ်ချုပ်စိန်လွင်က ရောက်လာတာ။ ဒါနဲ့ သူ့ကားလေးနဲ့ပဲ အဲဒီတုန်းက Union Bank ဆိုတာကို သွားခဲ့တယ်။ ကျုပ်က ဦးပေါက်ဆိန်ရဲ့ တပည့်ဖြစ်လေတော့ အဲဒီမှာ ဦးသောင်းစိန်တို့ ဦးမင်းဆွေတို့ဆိုတာတွေနဲ့ သိကျွမ်းနေတယ်။ ဒါနဲ့ ဘဏ်မှာ ဦးသောင်းစိန်ဆီကို အရင်ရောက်သွားတယ်။ အကျိုးအကြောင်းပြောပြတော့ ဦးသောင်းစိန်က ခုနစ်ရာလောက်ဆိုရင်တော့ တပည့်တော် လုပ်ပေးလို့ရတယ်၊ ထောင့်နှစ်ရာဆိုရင်တော့ဖြင့် ဦးမင်းဆွေကို ဝင်တွေ့ရမယ်လို့ ပြောတာနဲ့ ဦးမင်းဆွေဆီကိုဝင်သွားရတယ်။ ဦးမင်းဆွေကိုတွေ့လို့ အကျိုးအကြောင်း ပြောပြတော့ 'ကိုယ်တော်ကလွှဲ တာလား'တဲ့၊ 'မဟုတ်ပါဘူး၊ ဟိုမှာရှိတဲ့ မိတ်ဆွေ ဘုန်းကြီးတစ်ပါးအတွက်ပါ' လို့ပြောလိုက်တော့ 'ရပါတယ်' လို့ပြောပြီး ကြည့်တောင်မကြည့်ပါဘူး၊ ကောက်ပြီး လက်မှတ်ထိုးပေးလိုက်တာပါပဲ။ ချက်ချင်းလိုလိုပြီးတာနဲ့ ပြန်ဆင်းသွားလိုက်တော့ ဗိုလ်ချုပ်စိန်လွင်က မြန်လှချည်လားတဲ့။ အံ့အားသင့်နေတယ်။

သင်း - အခုတစ်ခါ ဦးကုမာရနဲ့ အိန္ဒိယမှာ ပြန်ပြီးဆုံကြပြန်တာပေါ့။

တော် - ဟုတ်တယ်။ နောက်ပြီး ဦးကုမာရကိုယ်တိုင်ကလဲ အိန္ဒိယကို မထွက်မီ ကျုပ်ဆီလာသွားသေးတယ်။ ဒါနဲ့ပဲ အိမ်ငှားပြီးနေကြတော့မှ ကျုပ်သိလာရတာက အိန္ဒိပြည်မှာက ဇာတ်ခွဲခြားတဲ့စနစ်က တယ်ကြီးတာကလား။ ကျုပ်တို့ အိမ်ခန်းတွေကို သန့်ရှင်းရေးလုပ်ဖို့ အိမ်ရှင်က ကုလားမလေးတစ်ယောက် ထားပေးတယ်။ မီးဖိုချောင်ထဲ ရှင်းလင်းပေး၊ အိမ်သာတို့ဘာတို့ကစပြီး သန့်ရှင်း တံမြက်လှည်းဆိုတာမျိုး လုပ်ရတယ်။ ဘစ်နေ့တော့ ဒီကုလားမလေးကို ကျုပ်က 'ငါ့ရေတကောင်းထဲမှာ ရေကုန်နေ





ဘယ် ရေထည့်ပေးထားစမ်း' လို့ခိုင်းလိုက်တယ်။ ဘာမှတော့ မပြောဘူး၊ ဒါပေမယ့် ထည့်ပေးမသွားဘူး။ ဒါနဲ့ နောက်တစ်နေ့ကျတော့လဲ ထပ်ပြီး ခိုင်းပေးပြန်တယ်။ မထည့်ဘူး။ ဒါနဲ့ နောက်နေ့ကျတော့ 'နင့်ကိုရေအထည့်ခိုင်းတာ နှစ်ခါရှိပြီ၊ ဘာကြောင့်မထည့်တာလဲ'လို့ ကျုပ်ကမေးတော့မှ သူတို့က ဇာတ်နိမ့်တယ်၊ မထည့်ရဘူးတဲ့။ သူတို့ ထည့်တာကို မသောက်ဘူးလို့ပြောတယ်။ ကျုပ်က အဲဒီမှာတင် ဇာတ်ဝါဒကိုအတော်ကို မုန်းသွားတယ်။ ဒါနဲ့ 'ထည့်သာထည့် ကိစ္စမရှိဘူး၊ နင်ထည့်တဲ့ရေကို ငါတို့သောက်မယ်၊ တို့မှာ ဒီလိုအယူမရှိဘူး' လို့ပြောလိုက်တော့မှ ထည့်ပေးရှာတယ်။ နောက်တော့ သူ့ကလေးလေးတွေကိုလဲ ခေါ်ခေါ်လာတတ်တယ်။ ကျုပ်တို့ကလဲ ကလေးတွေကို မုန့်လေး ဘာလေးကျွေး၊ ပိုက်ဆံလေးဘာလေးပေးပေါ့လေ။

အဲဒီနောက် တက္ကသိုလ်ကိုရောက်သွားပြန်တော့လဲ ကြုံရသေးတယ်။ တက္ကသိုလ်က သက္ကတတက္ကသိုလ်။ အဲဒီမှာက ဇာတ်နိမ့်မရှိဘူး၊ ဆရာတွေက ဗရာမင်(ဗြာဟ္မဏ)တွေချည်းပဲ၊ ပုဏ္ဏားတွေပေါ့။ ကျုပ်တို့မရောက်မီကဆိုရင် ကျောင်းအုပ်က အင်္ဂလိပ်လူမျိုး။ ကျောင်းအုပ်ပေမယ့် ဆရာတွေ အခန်းထဲကို မဝင်ရဘူး၊ ဝင်ခွင့်မရှိဘူး။ သူတို့ကျောင်းဆရာတွေက ဇာတ်မြင့်တယ်လေ။ စာသင်တော့လဲ ကုလားထိုင်မှာမထိုင်ဘူး၊ ကြမ်းပေါ်မှာ အဝတ်ဖြူတွေ ခင်းထားတယ်။ ခေါင်းအုံးရှည်ကြီးတွေနဲ့၊ အဲဒီလိုထိုင်ပြီး စာချတာပဲ။ ကျုပ်တို့ ဗုဒ္ဓဘာသာဆိုတော့ ဇာတ်ဝါဒကို မကြိုက်ဘူး။ အဲဒီထဲမှာ ကျုပ်တို့ကို ဗုဒ္ဓစာပေပို့ချတဲ့ ဆရာကြီးကလဲ ပုဏ္ဏားပဲ၊ ဒါပေမယ့် သူကလဲ ဇာတ်ဝါဒကို မကြိုက်ဘူး။

နောက်တော့ ကျုပ်တို့က ဇာတ်နိမ့်အလုပ်သမားတွေကို ခန့်တာတွေဘာတွေလုပ်လာတယ်။ ကျုပ်တို့ကိုယ်တိုင်လဲ အဲဒီလို အလုပ်သမားတွေအခန်းကို ဝင်လားထွက်လားလုပ်တယ်။ ဆက်ဆံတယ်။ သူတို့က ကျုပ်တို့အခန်းတွေကို လာတော့လာတယ်။ ဒါပေမယ့် ရေတော့ မသောက်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့က ဒါကိုဂုဏ်ယူတယ်။ နောက်တော့ အိန္ဒိယမှာ ဇာတ်နိမ့်ပညာကျော်တွေထွက်လာတဲ့ပြင် နိုင်ငံ့ခေါင်းဆောင်တွေပါဖြစ်လာကြပြန်တာကိုး။ အဲဒီအပြင် အဲဒီပညာကျော်တွေ ခေါင်းဆောင်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်ပါဖြစ်လာ ကြပြန်တယ်။

ခက်တာက သူတို့ဇာတ်မြင့်တွေက ကျုပ်တို့ကို အတော်လေးကို နှိမ်တယ်။ ဇာတ်နိမ့်တွေ ပေါ့လေ။ ကျုပ်တို့ ဇာတ်ဝါဒကို အတော်တိုက်ခဲ့ရတာ။ တစ်ခုကံကောင်းတာက အဲဒီအချိန်မှာ ကွန်ဂရက်အစိုးရ (နေရူးအစိုးရ)ကလဲ ဇာတ်ကိုဆန့်ကျင်လာလေတော့ အစိုးရကလဲ ကျုပ်တို့ကို အားပေးတယ်။ သူတို့ကလဲ ကျုပ်တို့ကို အတိအလင်းတော့ မတိုက်ခိုက်ဝံ့ဘူး။ ဒါပေမယ့် သူတို့က လူများစုဖြစ်နေတယ်။

ကျုပ်တို့ကျောင်းမှာ တံမြက်စည်းလှည်းတဲ့ ကုလားမက လ္ဘက်ရည်သောက်ရင် နို့ဆီခွက်ကလေးနဲ့သောက်ရတယ်။ ဒါနဲ့ပဲ တစ်နေ့မှာတော့ ကျုပ်က ကျုပ်လက်ဘက်ရည်ပန်းကန်ကို လ္ဘက်ရည်ထည့်ပြီး "ရော့ လ္ဘက်ရည်သောက်" လို့ သွားပေးတော့ ကုလားမက သူ့နို့ဆီခွက်ကလေးထဲထည့်ပေးဖို့ ယူလာတယ်။ ကျုပ်က သူ့နို့ဆီခွက်ကို ယူပြီးလွှင့်ပစ်လိုက်တယ်။ 'ရော့- ဒါနဲ့သောက်' ဆိုပြီး ကျုပ်ပန်းကန်ကို ပေးလိုက်တယ်။ ဘေးက ဇာတ်မြင့်ကုလားမတွေက ကျုပ်ကို ဝိုင်းကြည့် နေကြတယ်။

**သင်း** - ကြည့်မှာပေါ့ဘုရား။ ဆရာတော်လုပ်လိုက်တာက သူတို့အဖို့မှာ အတော်ကြီးကို မဖွယ်မရာဖြစ်ပေတာကိုး။

**တော်** - သူတို့ကတင် မဟုတ်ဘူး။ ဟိုကုလားမလေးကလဲ မသောက်ဝံ့ရှာဘူး။ ကျုပ်က ဇွတ်-သောက်လို့ပြောရတယ်။ ဟိုဇာတ်မြင့်တွေကလဲ ကျုပ်ကို ဘာပြုလို့ ပန်းကန်နဲ့ပေးရတာလဲ ဘာညာနဲ့ပြော ကြသေးတယ်။ ကျုပ်က "ဒါ နင်တို့ပန်းကန်မဟုတ်ဘူး၊ ငါ့ပန်းကန်ငါပေးတာ ဘာဖြစ်လဲလို့ ပြောတာပေါ့။" သူတို့က "ဒီပန်းကန်ကို ပြန်ပြီး မသုံးသင့်ဘူး" ဆိုတာမျိုး ပြောသေးတယ်။ ကျုပ်က 'သုံးတော့ကော ဘာဖြစ်လဲ၊ ငါက ဗုဒ္ဓဘာသာရဟန်းတော် တစ်ပါး ဖြစ်တယ်။ ငါတို့ ဗုဒ္ဓဘာသာမှာ ဇာတ်နိမ့် ဇာတ်မြင့်ဆိုတာ မရှိဘူး၊ ယုတ်ညံ့တယ်၊ မြင့်မြတ်တယ်ဆိုတာ လူရဲ့အကျင့်နဲ့ပဲ ဆိုင်တယ်။ ကောင်းတာလုပ်ရင် လူကောင်းပဲ၊ မကောင်းတာလုပ်ရင် လူယုတ်ပဲ။ သူက ဘာမကောင်းတာ ဘာလုပ်လို့လဲ၊ သူများပစ္စည်း မခိုးဘူး၊ သူ့ဘာသာသူ ရိုးရိုးသားသား လုပ်ကိုင်စားတယ်။ သူ့ကို ဘာကြောင့် မင်းတို့ ငါတို့ထက် နိမ့်တယ်လို့ ပြောချင်သလဲ'လို့ ပြန်ပြောလိုက်တယ်။ အဲဒီကိစ္စက အုတ်အော်





သောင်းလဲ ဖြစ်သွားတာပဲ။ သတင်းစာထဲတောင် ပါလာလိုက်သေးတယ်။

(ဇာတ်နိမ့်ဇာတ်မြင့် အစွဲအလန်းအလွန်ကြီးလှသော အိန္ဒိယဆိုင်းသားတို့ကြားထဲတွင် မားမားရပ်လျက် တိုက်ပွဲဝင်နေသည့် ရဟန်းပျိုတလေး ရှင်ရေဝတကို ကျွန်တော့်မျက်စိထဲတွင် မြင်ယောင်ကြည့်နေမိသည်။ နူးညံ့ညင်သာလှသော ဤခန္ဓာကိုယ်လေးထဲတွင် ကြံ့ခိုင်ထက်မြက်လှသည့် သံမဏိစိတ်ဓာတ် ပြိုးပြိုးပြက်ပြက်ကို မှန်းကြည့် နေမိသည်။ စာသင်ပေးမည့် ဆရာဘုန်းတော်ကြီး မရှိပါဘဲလျက် စာကျက်နေခဲ့သော ဟင်္သာတတောကျေးလက်က မောင်ရွှေမောင်လေးကိုလည်း ပြန်လည်သတိရလိုက်မိပြန်ပါသည်။)

**သင်း** - သတင်းစာတွေကကော ဘယ်ဘက်ကရေးကြသလဲဘုရား။

**တော်** - အဲ. . . သတင်းစာတွေကတော့ ကျုပ်တို့ဘက်က ရေးတယ်ဗျ။ ထားလိုက်ပါတော့လေ။ ဒါတွေက ဒကာကြီးသိချင်တဲ့ ပညာရေးနဲ့ သိပ်တော့မဆိုင်လှပါဘူး။

**သင်း** - မဆိုင်ဘူးရယ် ဘယ်ဟုတ်မလဲ ဘုရား။ ဆရာတော် ပညာသင်ရာမှာ ကြုံခဲ့ရတာတွေဖြစ်လေတော့ ဒါတွေလဲပါကိုပါ လာရတော့မှာပေါ့။

**တော်** - ဒီလိုနဲ့ ကျုပ်လဲ ပထမနှစ်ပြီးတော့ ဒီပလိုမာတန်းအောင် သွားတယ်။ ဒါနဲ့ ဘီအေအတွက် ဆက်တက်ရပြန်တယ်။

**သင်း** - အဲ့ဒီတက္ကသိုလ်က တာရာဏသီမှာနော်။

**တော်** - ဟုတ်တယ်။ သက္ကတ တက္ကသိုလ်လို့ခေါ်တယ်။ ကျုပ်က သက္ကတ တတ်ချင်လို့ ဒီတက္ကသိုလ်မှာ တက်ခဲ့တာပေါ့။

**သင်း** - နေဦးဘုရား။ ပြန်မေးလိုက်ဦးမယ်။ ဆရာတော် စောစောပိုင်းက ၉ တန်းက ကလေးတွေနဲ့ ရောပြီး ကျောင်းတက်ခဲ့တာက ဟင်ဒီသင်ဖို့နော် ဟုတ်လား။

**တော်** - ဟုတ်တယ်လေ။ ဟင်ဒီသင်ခဲ့ရတာကတော့ ဟိုမှာ စကားပြော ဆက်ဆံနိုင်ဖို့ရယ်၊ သတင်းစာဖတ်ဖို့လောက်ရယ်ပဲပေါ့။ ဒါပေမယ့် ကျုပ် ဘကယ်သွားမယ့် လမ်းကြောင်းက သက္ကတကိုသွားမှာပဲ။ -

**သင်း** - အရှင်ဘုရားက ပါဠိကို တတ်ထားပြီးဆိုတော့ သက္ကတကိုသင် ရတာ ပိုပြီးလွယ်မယ်လို့ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တော် - အဲဒါလဲ ဟုတ်ပါတယ်။ ဒါပေမယ့် သက္ကတက ဟင်ဒီနဲ့ပိုပြီး နီးတယ်။ သင်တဲ့ဆရာကြီးတွေက သက္ကတလိုလဲ ပြောတယ်။ ပါဠိလိုလဲ ပြောပြီး သင်တာပဲ။ ဒါပေမယ့် ကျုပ်က ဟင်ဒီလိုကို ဖတ်တတ်နေတော့ ပိုပြီး လွယ်သွားတယ်။ သက္ကတစာအုပ်တွေနဲ့ ပတ်သက်တာတွေကို ဟင်ဒီလို ရှင်းလင်းပြန်ဆိုထားတာတွေက ရှိနေတာကိုး။ ဒီတော့ ကျုပ်အတွက် တစ်ခြား ဘုန်းကြီးတွေထက် ပိုပြီးလွယ်သွားတာပေါ့။

သင်း - ဟင်ဒီကို ဆရာတော် ဒီလောက်မြန်မြန်တတ်သွားတာ ပါဠိအခံ ကြောင့်ထင်တယ်။

တော် - ဟုတ်တယ်။ ဟင်ဒီက ပါဠိနဲ့တော်တော်ကိုနီးတယ်။ ဝိဘတ်တွေ လောက်သာ ကွာတာ။ တချို့စကားလုံးတွေဆိုရင် ပါဠိနဲ့ထပ်တူလောက် ဖြစ်နေတာပဲ။ အဲ. . . သက္ကတကျတော့ စကားလုံးတွေပါ အတော်လေးကွဲ တယ်။ ဒါနဲ့ နောက်တော့ သက္ကတလို မဟာယာနကို လေ့လာရတယ်။ ပြောလိုက်ရဦးမယ်။ ကျုပ် အိန္ဒိယကိုရောက်လို့ စာတွေကို ဆက်သင်လာ လိုက်တော့ ကျုပ်အမြင်တွေ တော်တော်ကြီးကို ပြောင်းသွားတယ်။ မြန်မာ ပြည်မှာတုန်းက ပါဠိတွေကိုသင်၊ ပိဋကတ်ကိုလေ့လာ၊ မဇ္ဈာစရိယအောင် ဆိုတော့ ငါဟာပညာတတ်ပြီလို့ အထင်ရောက်ခဲ့မိတာကိုး။

သင်း - ဆရာတော် အမြင်ပြောင်းသွားပုံကို သိပ်သိချင်တာပဲ။ ဆက်ပါဦး ဘုရား။

တော် - ဒီလိုလေ၊ အရင်ကတော့ ပါဠိကိုတတ်လိုက်ရင် ပညာတတ်သွား ပြီလို့ ထင်နေမိတော့တာကိုး။ တခြားသော ပညာရပ်တွေ ရှိနေသေးတာကို သတိမထားမိလိုက်ဘူး။ နောက်ပြီး ပါဠိနဲ့ရေးတာ ဆိုလိုက်ရင် အားလုံး ဘုရားဟောတာလောက်ပဲ ထင်နေမိခဲ့တယ်။ နောက်တော့မှ ဟိုကိုရောက် သွားတော့ ကိုယ့်ထက်ပညာလိုက်စားတဲ့ သူတွေတစ်ပုံကြီးပါလားလို့ သိလာ ရတယ်။ နောက်ပြီး ပါဠိလောက်ပဲကိုယ်က တတ်တာ၊ ပါဠိနဲ့ ရေးထားလိုက် တဲ့ ပညာရပ်တွေဆိုတာ နည်းတာမှ မဟုတ်တာကလား။ ဆေးကျမ်း၊ ဗေဒင် ကျမ်း စသည်အားဖြင့် စုံနေတာပဲ မဟုတ်လား။ နောက်ပြီး တက္ကဗေဒဆိုတာ တွေ ဘာတွေလဲ ရှိသေးတယ်။ နောက်ပြီး သိပ္ပံပညာလိုဟာတွေရှိနေ သေးတယ်။ ဒါတွေက ပညာတွေ မဟုတ်လား။ ကိုယ်က ပါဠိသာတတ်တာ၊





ပညာတို့တတ်တာမှ မဟုတ်ပဲ။ ဘုန်းကြီးဆိုတော့ ပါဠိတတ်ရင်ပဲ ပညာတတ် ပြီလို့ထင်နေတော့တာ။ နောက်ပြီး ကျုပ်တို့ဆီမှာက မဟာဝိဇ္ဇာမကလို့ ခေါ်တဲ့ ဘာပညာကိုပဲ တတ်နေနေ ပိဋကတ်တတ်တဲ့ ဘုန်းကြီးလောက် မတတ်တယ်လို့ ထင်ကြတာမှ မဟုတ်တာကလား။ ဒီတော့ ကျုပ်တို့ကလဲ ပါဠိပိဋကတ်တတ်နေလိုက်တော့ ပညာစုံပြီလို့ထင်နေတော့ တာပေါ့။ တကယ်ဆိုတော့ ဘုရားဟော ပိဋကတ်တော်အပြင် တစ်ခြားပညာတွေ လလဲ ရှိနေသေးတာ မဟုတ်လား။

နောက်ပြီး တစ်ခုသိလာရတာက ပိဋကတ်တော်ပါသမျှ အားလုံး ဟာ ဘုရားကစပြီးဟောခဲ့တာ၊ ဘုရားဟောလိုက်တော့မှ သိလာရတာလို့ အောက်မေ့နေတာ။ တကယ်အကျယ်အပြန့် လေ့လာလိုက်တော့မှ ဒါတွေဟာ ဘုရားမပွင့်မီကကိုပဲ ရှိနေခဲ့ကြတာ၊ ဆိုပါစို့ နတ်ပြည့်နတ်ဘုံ ဆိုတဲ့ အယူအဆတွေ၊ ယုံကြည်မှုတွေဟာ ဘုရားမပွင့်မီကကိုပဲ ရှိနေခဲ့ ကြတယ်။ ဘုရားက သူ့ခေတ်သူ့အခါအလျောက် သူလိုချင်တာကို ရောက် အောင်ထည့်ပြီး ဟောတော်မူသွားရတယ် ဆိုတာမျိုးတွေပေါ့။ ကျုပ်တို့ သေရဝါဒဗုဒ္ဓဘာသာထဲမှာ ဟိန္ဒူအယူအဆတွေ ဝင်နေခဲ့ပုံကို သိလာ ရတာကို ပြောတာပါ။ အဲဒီလို အမြင်တွေပြောင်းသွားတယ်။ အရင်ကတော့ ပါဠိတတ်တာနဲ့ ပြည့်စုံနေပြီလို့ ထင်ခဲ့မိတာကိုး။

ပြောလိုက်ရဦးမယ်။ ကျုပ် အိန္ဒိယကိုသွားတော့မယ်ဆိုတော့ မသွားမီမှာ ဆရာကြီးဦးဘခင်နဲ့ တွေ့တယ်။ ဆရာကြီးဦးဘခင်နဲ့က ကျုပ် ကိုရင်ဘဝကတည်းက သိနေခဲ့ကြတာ။

သင်း - ကိုရင်ဘဝကတည်းက ဟုတ်လား။

တော် - ဟုတ်တယ်၊ ကိုရင်ဘဝကတည်းက သိနေခဲ့တာ။ ဒီလိုလေ၊ ဦးစံသိန်းနဲ့က ရင်းနှီးနေတာကိုး။ ဦးစံသိန်းက အမြတ်ခွန်မင်းကြီး၊ ဦးဘခင် က စာရင်းစစ်မင်းကြီး မဟုတ်လား။

သင်း - အော်. . . ဟုတ်တာပေါ့။ ဆက်ပါဦးဘုရား။ ဆရာကြီး ဦးဘခင် က. . .

တော် - ဦးဘခင်က 'အရှင်ဘုရား အိန္ဒိယကိုသွားမလို့ဆိုတဲ့'။ ကျုပ်က 'သွားမယ်' လို့ ပြောလိုက်တော့ 'ဒီလိုဆို အရှင်ဘုရား တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီမှာ ဆယ်ရက်လောက် တရားထိုင်သွားပါလား'တဲ့။ ကျုပ်က 'အင်း . . . ကြိုးစားကြည့်ပါ့မယ်'လို့ ပြောခဲ့တယ်။ အမှန်က ကျုပ်က ရှောင်ပြေးနေခဲ့တာ။ 'ငါက ဓမ္မာစရိယ အောင်ပြီးသား၊ သူက ဘာတတ်တာမှတ်လို့' ဆိုတဲ့ မာနပေါ့။ အထင်သေးတာ။ ပါဠိတတ်တာ တစ်ခုတည်းနဲ့ မာန်တက်နေခဲ့တာကိုပြောတာပါ။ တကယ်ဆိုတော့ ပညာတတ်တာမှ မဟုတ်တာ။ ဒါနဲ့ အနိန္ဒိယရောက်သွားလိုက်တော့ နိုင်ငံစုံက ဗုဒ္ဓဘာသာ ဘုန်းကြီးတွေနဲ့ အတူနေရတာကိုး။ တိဘက်ဘုန်းကြီး၊ တရုတ်ဘုန်းကြီး၊ ဂျပန်ဘုန်းကြီး၊ ထိုင်း၊ သီဟိုဠ် စသည်ဖြင့်ပေါ့။ အဲဒီတော့မှ တို့မှတတ်တာမဟုတ်ဘူး၊ သူတို့လဲ သူတို့ဟာနဲ့သူတို့ တကယ်တတ်ကြပါလားလို့ သိလာရတာ။

ဒီလိုနဲ့ နောက်ပိုင်းမှာ မဟာယာနကို လေ့လာလိုက်တော့မှ ကျုပ်တို့ ပါဠိလို သင်ခဲ့မှတ်ခဲ့ရတာမှာ မရှင်းတာတွေကို ရှင်းရှင်းလင်းလင်း နားလည်လာရတော့တာ။ ပါဠိကိုပဲလေ့လာခဲ့ရစဉ်က အဋ္ဌကထာအဖွင့်ကျမ်းဆိုလဲ တစ်မျိုးလောက်သာသိရတာကိုး။ မဟာယာနမှာ ရှာလိုက်တော့မှ အဋ္ဌကထာတွေ အများကြီးတွေ့ရတော့တာကိုး။ ဒီတော့မှ ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်သွားလိုက်တာကို ပြောတာပါ။ အကောက်အယူတွေ၊ အဖွင့်အဆိုတွေ ရှင်းသွားတယ်။ ရှင်းသွားရုံသာမကဘူး ပါဠိစာပေကိုလဲ ပိုပြီးလေးစားလာမိတယ်။ မူရင်းကျတာကို သိလာရတာကိုး။ မူရင်းကျတာဖြစ်သော်လဲ ကျုပ်တို့မှာရှိတာက အဋ္ဌကထာဆိုရင် ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာရှိတယ်၊ နောက် ရှင်ဓမ္မဒသရယ်၊ နောက် ရှင်ဓမ္မပါလ၊ ဒီသုံးပါးပဲရှိတယ်။ သူတို့ကလဲ သီဟိုဠ် မဟာဝိဟာရဆိုတဲ့ ဂိုဏ်းတစ်ခုထဲကဆရာတွေ။ မဟာယာန အဋ္ဌကထာတွေကို လေ့လာကြည့်လိုက်တော့ သူတို့မပေါ်မီက ဖွင့်ထားတဲ့ အဋ္ဌကထာတွေ၊ သူတို့နောက်မှ ပေါ်လာတဲ့ဆရာတွေဖွင့်တဲ့ အဋ္ဌကထာတွေစသည်အားဖြင့် မျိုးစုံအောင်တွေ့လာရတယ်။ ဒီတော့ တစ်ချို့ပုဒ်တွေရဲ့ တကယ့်ဆိုလိုရင်း အနက်တွေကို ပိုပြီးခြေခြေမြစ်မြစ် သဘောပေါက်လာတယ်။ ဥပမာ- 'အနတ္တ'ဆိုတဲ့ ဝေါဟာရဆိုပါတော့။ ကျုပ်တို့ သိနေကြတာက 'အနတ္တ-ကိုယ်မဟုတ်၊ ငါမဟုတ်' ဆိုတာ မျိုးသိနေခဲ့ကြတာ။ မှန်တော့လဲ မှန်တာပါပဲ။ ဒါပေမယ့် နည်းနည်းလိုနေတာရှိတယ်။ မဟာယာနအဖွင့်တွေကို ကြည့်လိုက်တော့ 'ငါမဟုတ်တာ





သာမကဘူး၊ အခိုင်အမြဲဘာမှ မရှိဘူး' လို့ဆိုလိုတာ သွားတွေ့ရတယ်။

**သင်း** - နည်းနည်းလောက် ထပ်ပြီး ရှင်းပြပါဦးဘုရား။

**ဆော်** - ဆိုပါစို့-ကျုပ်တို့ နားလည်နေတာက အနတ္တ-ကိုယ်မဟုတ်၊ ငါမဟုတ်ဆိုတဲ့သဘောမဟုတ်လား။ သေချာကြည့်လိုက်ရင် ရုပ်နဲ့နာမ်ပဲရှိတယ်။ ရုပ်တရားနဲ့ နာမ်တရားပဲရှိတယ်။ ဒါကြောင့် ငါရယ်လို့ မရှိဘူးပေါ့။ ဒါကကျုပ်တို့ မြန်မာပြည်မှာ ဟောနေတဲ့တရား သဘော။ သူတို့ ဖွင့်တာက ရုပ်နာမ်ဆိုတာကို မရှိဘူး။ အဖြစ်နဲ့အပျက်ပဲရှိတယ်။ ပဋိစ္စသမုပ္ပါဒ် သဘောနဲ့ကြည့်လိုက်ရင် အဖြစ်နဲ့အပျက်ပဲရှိတယ်။ ဖြစ်စရာပစ္စည်း၊ ပျက်စရာပစ္စည်း အခိုင်အမာဘာမှကို မရှိဘူး။ ရုပ်ဆိုတာကို ကြည့်လိုက်ရင်လဲ ရုပ်ဆိုတာမရှိဘူး၊ ဖြစ်ပျက်နေတဲ့ သဘောလေးသာရှိတယ်။ နာမ်ဆိုတာကို ကြည့်လိုက်ရင်လဲ နာမ်ဆိုတာမရှိဘူး၊ ဖြစ်ပျက်နေတဲ့ သဘောလေးပဲရှိတယ်။ ထုပ်ထုပ်ထည်ထည် ဘာဆိုဘာမှ မရှိဘူး။ အဲဒါကို 'သုညတ'လို့ခေါ်တယ်။ သုညတဆိုတာက ထေရဝါဒမှာ 'နိဗ္ဗာန်'ကို ခေါ်တာ။ အတ္တဆိတ်သုဉ်းသောနေရာပေါ့။ မဟာယာနမှာတော့ဖြင့်အဖြစ် အပျက်ကလေးသာလျှင် ရှိနေတဲ့ သဘာဝတရားကြီးပဲပေါ့။ သိပ္ပံရဲ့အဆိုလို ဟာမျိုးပေါ့။ သိပ္ပံကလည်း အဆုံးထိအောင် ကြည့်လိုက်တော့ ဘာဆိုဘာမှကို မရှိတော့တဲ့ သဘာဝကိုသာလျှင် တွေ့ရတော့တာပဲ။

**သင်း** - နားလည်ဖို့ အတော်ကိုခက်ခဲတဲ့တရားပေပဲ ဘုရား။

**ဆော်** - ဒကာကြီးပြောတာအမှန်ပါပဲ။ အလွန်ကိုလေးနက်သိမ်မွေ့တဲ့ သဘောတရားတွေပေါ့။ မဟာယာနကို လေ့လာလိုက်တော့ အဲဒါတွေကို တွေ့လာရတယ်။ ဒီလို . . . ကျုပ်တို့ ထေရဝါဒ ပါဠိအဋ္ဌကထာတွေနဲ့ တလိုက်တော့ သူတို့မဟာယာန သက္ကတအဋ္ဌကထာတွေက နောက်ပေါ်လာတာ။ ဒီတော့ တွေးတာ၊ ရေးတာ၊ ဖွင့်တာ၊ ချဲ့တာတွေမှာ လူတွေနားလည်နိုင်အောင် ကြိုးစားလာတာကိုတွေ့ရတယ်။ နားလည်တယ်ဆိုတဲ့ စကားအကြောင်းကို ပြောလိုက်ရဦးမယ်။ ၁၀ ရာစုနှစ်လောက်က 'နာလန္ဒာ တက္ကသိုလ်' ဆိုတာပေါ်ခဲ့ဖူးတယ်။ ကြားဖူးမှာပေါ့။

**သင်း** - တင်ပါ၊ ကြားဖူးပါတယ်ဘုရား။

**ဆော်** - အဲဒီမှာ ကျောင်းအုပ်ကြီးလုပ်နေတဲ့ ဆရာတော်ကြီးက 'နမပါလ'



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ မဟာယာန ဘုန်းတော်ကြီးပေါ့လေ။ တစ်နေ့မှာ သူစာကြည့်နေတုန်း အဖွားအိုကြီးတစ်ယောက်ပေါက်လာတယ်။ သူတို့ အဆိုအရပြော ရရင်တော့ ဘုရားအလောင်းက အဖွားအိုကြီးအသွင်နဲ့ ရောက်လာတာပေါ့လေ။ ဒီမှာ အဖွားအိုကြီးက 'အရှင်ဘုရား အခု ဖတ်နေတဲ့စာတွေကို နားလည်ရဲ့လား' လို့ မေးသတဲ့။ 'နားလည်ပါတယ်'လို့ ပြန်ပြောလိုက်တော့ 'သာဓု . . . သာဓု' လို့ ခေါ်သတဲ့။ ပြီးမှ 'အဓိပ္ပာယ်ကိုကော နားလည်ရဲ့လား'လို့ ထပ်မေးတယ်။ ဆရာတော်ကြီးက 'အဓိပ္ပာယ်ကိုလဲ နားလည်ပါတယ်'လို့ ပြောလိုက်တော့ အဖွားအိုကြီးက 'အရှင်ဘုရားဟာ ဘုရားသားတော် ဖြစ်နေပါလျက် လိမ်ပြောတာ မသင့်ပါဘူး၊ အရှင်ဘုရားဟာ အဓိပ္ပာယ်ကို တကယ် နားမလည်ဘူး'လို့ ပြောလိုက်သတဲ့။ ဒီနေရာမှာ ဖြတ်ပြောချင်တာက စကားလုံးတွေကို ကျုပ်တို့ နားလည်တယ်ဆိုတာက အနက်ကိုသာ နားလည်တာ။ ဆိုလိုရင်းအဓိပ္ပာယ် ပြည့်ပြည့်ဝဝကို ကျုပ်တို့က နားလည်ကြတာမဟုတ်ဘူး။ 'ရေသောက်ချင်တယ်'လို့ပြောလိုက်ရင် 'ရေ'ဆိုတာကို နားလည်လိုက်တာ မျိုးကတော့ ဟုတ်တာပေါ့။ ဒါပေမယ့် ပါဠိဝေါဟာရ 'ရူပ'ဆိုတာ ဘာလဲလို့မေးလိုက်ရင် 'ရုပ်'လို့ နားလည်လိုက်တယ်။ အဲဒါကျတော့ တကယ်နားလည်တာ ဟုတ်နိုင်ပါတော့မလား။ ဒီလိုပဲ 'နိဗ္ဗာန်' ဆိုတာကိုလဲ နားလည်တယ်လို့ ထင်နေကြတာပဲ။ ကျုပ်တို့အားလုံးက အဲဒီလို ဖြစ်နေကြတာ။ မြန်မာပြည်မှာလဲ ဒီအတိုင်းပဲပေါ့။ ဘုန်းကြီးတွေက 'ရုပ်'ပဲ 'နာမ်'ပဲလို့ ဟောလိုက်ရင် လူတွေက နားလည်တယ်လို့ အောက်မေ့လိုက်ကြတာပဲ။ ဒါပေမယ့် စာကိုနားလည်နေတာ။ အနက်ကို နားလည်နေတာ။ တကယ့်ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်ကြတာ မဟုတ်ဘူး။ ဒီတော့ ခုနကဆရာကြီးကလဲ ပညာရှိပေကိုး။ အဖွားကြီး ပြောလိုက်တာကို ချက်ချင်း သဘောပေါက်သွားတယ်။ ဟုတ်ပါတယ်။ ကျုပ် နားမလည်ပါဘူး ပေါ့။ ဒီတော့မှ အဖွားကြီးက 'ဒီလိုဆိုရင် ဘယ်ကျောင်းမှာရှိတဲ့ ဆရာတော်ဆီကိုသွား'ပေါ့။ အဲဒီလို ညွှန်လိုက်တယ်။

ကျုပ်ပြောချင်တာက ကျုပ်တို့ နားလည်တယ်လို့ ထင်နေကြတာက စကားလုံးကို နားလည်နေကြတာ။ တကယ်တမ်း စစ်စစ်ပေါက်ပေါက် လိုက်ကြည့်လိုက်မယ်ဆိုရင် ဆိုလိုရင်း ဇစ်ဇစ်မြစ်မြစ်ကို နားလည်ကြတာ





ဘူး၊ အဲဒါမျိုးတွေကို သေချာခံစားပြီး ခြေခြေမြစ်မြစ် နားလည် ှ 'ဘဝ'ဆိုတာကိုပါ သိလာတာ။ 'ဘဝ'ဆိုတာဘာလဲလို့ မေးလိုက်ရင် ိုင်းလိုလို 'အနက်'ကိုသိနေကြတာပဲ မဟုတ်လား။ ဒါပေမယ့် 'ဘဝ' ဆိုတာရဲ့ အဓိပ္ပာယ် ခြေခြေမြစ်မြစ်ကို နားလည်ဖို့ကျတော့ ဘယ်လောက် ခက်သလဲ၊ သိဒ္ဓတ္ထမင်းသား သစ္စာလေးပါးကို သိသွားတယ်။ ဒုက္ခသစ္စာကို သိသွားတယ်ဆိုတာက အနက်ကိုသိတာမျိုး မဟုတ်ဘူး။ ဒုက္ခသစ္စာရဲ့ သဘောကို သူကိုယ်တိုင် သေသေချာချာ ခြေခြေမြစ်မြစ်ခံစားပြီးတော့မှ သိသွားတာ။ အဲဒီလိုသိတာမျိုးကို 'ပဋိဝေဓဉာဏ်'လို့ ခေါ်တယ်၊ ကျုပ်ပြောချင်တာက မဟာယာနကျမ်းတွေကို သေချာနှိုက်နှိုက်ချွတ်ချွတ် လေ့လာလိုက်တော့ ဒီသဘောတွေကို အတော်လေးရလာတယ်။ စာသင်လိုက်ပြန်တော့လဲ စာသင်လို့ရတာက ဒီလောက်မဟုတ်ဘူး၊ ဆရာကြီးတွေနဲ့ စကားပြောရင်း ဆွေးနွေးရင်းနဲ့ သဘောပေါက်လိုက်လာတာက ပိုပြီးများတာပါပဲ၊

သင်း - ဟုတ်မှာပါပဲဘုရား။ တက္ကသိုလ်ဆိုတာလဲ ဒီသဘောပဲ ထင်ပါတယ်။ စာတွေကို အာဂုံအကျက်နိုင်နေတာက တက္ကသိုလ်ရဲ့ကိစ္စမှ မဟုတ်ဘဲ။ ဆော့ခရတ္တိတို့၊ ပလေတို့၊ အရစ္စတိုတယ်လ် တို့ဆိုတာတွေလည်း ဒီလိုပဲ စကားပြောဆွေးနွေးပြီး ပညာသင်ပေးခဲ့ကြတာပါပဲ။

သော် - ဒီလိုနဲ့ပဲ အဲဒီတက္ကသိုလ်မှာ တက်နေရင်း ၁၉၆၀ ရောက်တော့ အဲဒီကကျောင်းဆရာတစ်ယောက်ကို ကျုပ်ကအဘိဓမ္မာကို သင်ပေးရတယ်၊ သင်ပေးတော့ သူကပဲလိုက်ရေးကွာဆိုပြီး ကျုပ်သင်ပေးတာတွေကို လိုက်အရေးခိုင်းရတာပေါ့လေ။ အဲဒီလိုနဲ့ သူရေးတာတွေ ပြီးသွားတော့ အဲဒီစာအုပ်ကို ကျုပ်ကထပ်ပြီး သေချာပြန်ရေးတယ်။ ၁၉၆၂ က စပြီးရေးလိုက်တယ်။ အဘိဓမ္မာဒီကာပေါ့။ အဖွင့်ကျမ်း ဆိုပါတော့။ အဲဒီစာအုပ်က ၁၉၆၅ မှာပြီးသွားတယ်။ စာမျက်နှာ တစ်ထောင်ကျော်တယ်။

သင်း - ဟုတ်လားဘုရား။ တကယ့် ဧရာမစာအုပ်ကြီးပါလား။ ဟင်ဒီလိုလားဘုရား။

သော် - ဟုတ်တယ် . . . ဟင်ဒီလို။ ကျုပ် ဟင်ဒီလိုရေးတဲ့ ပထမဆုံးစာအုပ်ပဲ၊ ခင်ဗျားတို့ရဲ့ ဆရာပါရဂူကလဲ အဲဒီစာအုပ်နဲ့ ပတ်သက်ပြီး ဖူးပါတယ်။ တပည့်တော်တို့ ဟင်ဒီလို တတ်တယ်ဆိုတာက ဟင်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကနေပြီး မြန်မာလို ပြန်တာလောက်သာတတ်တာ။ ဟင်ဒီလိုရေးတယ်ဆိုရင်လဲ တိုတိုထွာထွာလောက်သာ ရေးနိုင်တာ။ အရှင်ဘုရား တတ်တာက ဟင်ဒီလိုကို ကျမ်းပြုနိုင်တာလို့ ပြောပါတယ်။ အဲဒီစာအုပ်ကို တက္ကသိုလ်က ပုံနှိပ်ထုတ်ဝေတယ်။ ထုတ်ဝေလိုက်တော့ အဲဒီနှစ်မှာ ထုတ်ဝေသမျှမှာ အကောင်းဆုံးစာအုပ်ဆုကို ရလိုက်တယ်။

**သင်း** - ဟုတ်လားဘုရား။ အစိုးရကပေးတဲ့ ဆုလား ဘုရား။

**တော်** - မဟုတ်ဘူး။ 'အကယ်ဒမီ'ဆိုတဲ့ စာပေဆုရွေးချယ်ရေး အဖွဲ့ကြီးက ပေးတာ။ 'ကာလီဒါသစာပေဆု'လို့ ခေါ်တယ်။ သူတို့က စာပေကိုရော အကြောင်းအရာ (Subject)ကိုပါ သေချာကြည့်ပြီးမှ ပေးတဲ့ဆုမျိုးပါ။ အဲဒီဆုကိုရလိုက်တာမှာတင် ကျုပ်လဲ အိန္ဒိယမှာ နာမည်ကြီး သွားတော့တာပဲ။

**သင်း** - ဟုတ်မှာပေါ့ဘုရား။ 'ကာလီဒါသဆု' ဆိုတော့ နည်းတဲ့အရှိန်အဝါမှ မဟုတ်တာ။

**တော်** - ဒီလိုနာမည်ကြီးသွားတော့ ဟိုကအရေးခိုင်း၊ ဒီကအရေးခိုင်းဆိုတာလို စာတွေတောင်းကြတော့တာပေါ့လေ။ ကျုပ်လဲ အဲဒီနှစ်မှာပဲ (M.A.) အောင်တယ်။ ကြုံရပုံကို တစ်ဆက်တည်းပြောလိုက်ရဦးမယ်။ ကျုပ်မဟာဝိဇ္ဇာ နောက်ဆုံးနှစ်ကိုရောက်တော့ အဲဒီတန်းမှာ ကျုပ်စာအုပ်ကို ပြဋ္ဌာန်းထားတာကို တွေ့ရတယ်။

(ကျွန်တော်တို့အားလုံး ရယ်မောလိုက်မိကြပါသည်။ ဆရာတော်ကလည်း ရယ်မောနေပါသည်။ ဆရာတော်ကို ကြည့်ရသည်မှာ ခပ်စောစောပိုင်းကထက် ပိုမိုပေါ့ပါးရွှင်ပျလာသည်ဟု ထင်မိပါသည်။ ကျွန်တော့်စိတ်ထဲမှာတော့ (ဆရာကြီးရွှေဥဒေါင်း ပြောနည်းမျိုး) ဆရာတော်၏ ပညာအရပ်အမောင်းမှာ မျက်စိအောက်မှာ ကြည့်နေရင်း တရိပ်ရိပ်မြင့်မားလာနေသည်ဟု ထင်မိပါတော့သည်။)

**သင်း** - ဆရာတော့်ဖြစ်ပုံက ရယ်စရာတော့လဲ ခပ်ကောင်းကောင်း၊ ကိုယ်ရေးတဲ့စာအုပ်ကို ကိုယ်ကပြန်ပြီး သင်ယူနေရသလိုပါပဲလား။

(ဆရာတော်ကလည်း ရယ်မောပါသည်။) ပြီးမှ. . .

**တော်** - အင်း. . . ဟုတ်တယ်။ ပြောရဦးမယ်။ သင်တဲ့ဆရာကလဲ မေးသေးတယ်။ အရှင်ဘုရားနဲ့ ဒီစာအုပ်ကိုရေးတဲ့သူနဲ့ ဘွဲ့ကတော့ တူနေတယ်။





သူကောတူသလားတဲ့။ ဒီတော့ ဘွဲ့ရောလူပါ အတူတူပါပဲလို့ ပြောရတာပေါ့။

(ကျွန်တော်တို့အားလုံး ရယ်ကြရပြန်ပါသည်။)

**သင်း** - ဆရာက အတော်လေးကို အံ့အားသင့်သွားလိမ့်မယ် ထင်တယ်။

**တော်** - ဟုတ်တယ်။ အံ့အားသင့်သွားပုံရတယ်။ ဒီလိုနဲ့ပဲ နောက်တော့ (Ph.D.)ဒေါက်တာဘွဲ့အတွက်ကျတော့ စာတစ်အုပ် ရေးရပြန်တယ်။ ကျမ်းပြုရတာပေါ့လေ။ အဲဒီကျတော့ ကျုပ်တို့ ဗုဒ္ဓဘာသာ ဝိပဿနာပွားများပုံနဲ့ ဟိန္ဒူယောဂကျမ်းသဘောကို နှိုင်းယှဉ်ပြီး ဝိသုဒ္ဓိမဂ်ကို ရေးလိုက်တယ်။ အဲဒါနဲ့ပဲ ဒေါက်တာဘွဲ့ကိုရခဲ့ပါတယ်။ ဒီအချိန်မှာ ကျုပ်ရေးတဲ့ပထမစာအုပ်(ဆုရတဲ့စာအုပ်ပေါ့လေ) အဲဒါကိုလဲ ပုံနှိပ်ထုတ်ဝေရလေတော့ အဲဒီအတွက် စာမူခအိန္ဒိယငွေ နှစ်သောင်းရပါတယ်။ စာပေဆုအတွက် ရတာက ၁၅၀၀/- ထဲပါပဲ။ အဲဒီခေတ်က ကျုပ်တို့ မြန်မာပြည်က 'စာပေဗိမာန်တစ်ထောင်ဆု' သဘောမျိုးပေါ့။ ၁၅၀၀ ဆိုပေမယ့် သိပ်တော့ မနည်းလှဘူး။ ဘာကြောင့်လဲဆိုတော့ တက္ကသိုလ်ဆရာတစ်ယောက်ရဲ့ လခဟာ ၅၀၀-၆၀၀ လောက်ပဲရှိတာကိုး။ ဒီတော့ စာမူခနှစ်သောင်းဆိုတဲ့ ငွေဟာ ကျုပ်အဖို့ နည်းနည်းနောနော ငွေမဟုတ်ဘူးလို့တောင် ဆိုရမှာပေါ့။

**သင်း** - ဟုတ်တာပေါ့ဘုရား။ အရှင်ဘုရားက ရဟန်းတော်ဖြစ် နေလို့သာဘိုး၊ လူဆိုရင် သုံးနိုင်ဖြုန်းနိုင် ချမ်းသာနေပြီလို့တောင် ဆိုရတော့မှာပါ။

**တော်** - ဟုတ်မှာပေါ့လေ။ ဒီလိုနဲ့ပဲ စောစောကပြောခဲ့သလို ကျုပ်က နာမည်ကြီးလာပြန်တော့ စာမူတွေကို ဟိုကတောင်း၊ ဒီကတောင်း ဖြစ်လာပြန်တာပေါ့။ ကျုပ်လဲတတ်နိုင်သမျှ ရေးပြန်တယ်။ ဒီတော့ 'ဝိသုဒ္ဓိမဂ်'ကို ဒီဘာဖွင့်ပြီး ရေးလိုက်သေးတယ်။ အဲဒါတော့ ပဋိလိုပဲရေးခဲ့တယ်။ နောက် 'ဓမ္မစကြာ'ကိုလဲ ရေးလိုက်သေးတယ်။

**သင်း** - ဒေါက်တာဘွဲ့(Ph.D.)ကတော့ ဘယ်မှာရခဲ့တာလဲဘုရား။

**တော်** - အဲဒါကျတော့ ယူနီဗာစီတီပြောင်းသွားပြီ။ ဗာရာဏသီမှာပါပဲ။ ဗနာရင်နယ်လ် ယူနီဗာစီတီလို့ခေါ်တယ်။ ကျောင်းသား နှစ်သောင်းကျော်ရှိတယ်။ အားလုံးဘွဲ့လွန်တွေချည်းပဲ။ ဘွဲ့လွန်တက္ကသိုလ်လို့ ခေါ်ရမှာပေါ့။ သင်တဲ့ဆရာပေါင်းက နှစ်ထောင်ကျော်ရှိတယ်။ အဲဒီမှာ ကျောင်းဆရာဖြစ်ဖို့ ဒေါက်တာ(Ph.D.)ရမှဖြစ်တယ်။ မရရင် မဖြစ်နိုင်ဘူး။ ကျုပ်က ကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီမှာသွားတက်ရတယ်။ နေတော့'သက္ကတတက္ကသိုလ်' မှာပဲ နေတယ်။ သူတို့က ကျုပ်နေဖို့ အခန်းကလေးတစ်ခု ပေးထားတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ကျုပ်စာအုပ်တွေကိုလဲ ရိုက်နေကြတာကိုး။ နောက်ပြီး ကျုပ်က သားမယားကလေးမြေးငယ်ရှိတာမှ မဟုတ်ဘဲ။ သူတို့ အဖို့ ဝန်မလေးဘူးဆိုပါတော့။

**သင်း** - မြို့ကတော့ ဗာရာဏသီမှာပဲလား ဘုရား။

**တော်** - ဟုတ်တယ်၊ ဗာရာဏသီမှာပဲ။ ဗာရာဏသီမှာတင်ပဲ တက္ကသိုလ် သုံးခုရှိတယ်။ နောက်ပိုင်းမှာကျတော့ ကျုပ်က နာမည်လဲ ကြီးလာတာမို့ အဲဒီတက္ကသိုလ်သုံးခုလုံးက ကျုပ်ကို ဆရာခန့်တယ်။ ကျုပ်လဲ ဆိုက်ကား တစ်စီးနဲ့လည်ပြီး စာသင်ပေးနေခဲ့တာပဲ။

(ကျွန်တော်က ရယ်မောလိုက်ရင်း "အဲဒီကျတော့ 'ဂျောင်း. . . ဂျောင်း. . .' မဟုတ်တော့ဘူးပေါ့နော်" ဟု လျှောက်လိုက်မိပါသည်။ ဆရာတော်ကလည်း ရယ်မောလိုက်ပါသည်။ ကျွန်တော့်စိတ် မျက်စိထဲတွင် ဟသ်ာတ၊ ဒေါင်ကြီး၊ သမုန်းဆိပ် ဇနပုဒ်ကလေးက မောင်ရွှေမောင်ဆိုသော ကျောင်းသားလေးကို လှမ်းမြင်လိုက်၊ ကျွန်တော့် ရှေ့မှောက်က 'ဘာမင်ဂန် ဆရာတော် ဒေါက်တာရေဝတ'ကို ဖူးတွေ့လိုက် ဖြစ်နေမိသည်။ ကောင်းပါ ပေ့ဆိုသော လျှို့ဝှက်သည်းဖိုဝတ္ထု တစ်ပုဒ်ကို ဖတ်နေရသော အဖြစ်မျိုးပါ တကားဟုလည်း တွေးနေလိုက်မိပါသေးသည်။)

**သင်း** - ဆရာတော် နေတဲ့နေရာနဲ့ တက္ကသိုလ်တွေက တော်တော်ဝေး သလားဘုရား။

**တော်** - တစ်ခုက ငါးမိုင်လောက်၊ နောက်တစ်ခုက သုံးမိုင်လောက်၊ နောက်တစ်ခုကတော့ နှစ်မိုင်လောက်ပါပဲ။

**သင်း** - ပို့ချတော့ ဘာသာစကားက . . .

**တော်** - ဟင်ဒီလိုပါပဲ။ ဟင်ဒီလိုဆိုမှ သတိရလာလို့ ပြောလိုက်ရဦးမယ်။ အဲဒီအချိန်. . . အဲ. . . ၁၉၅၂-၅၃ လောက်မှာပေါ့လေ။ အိန္ဒိယမှာ အင်္ဂလိပ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေဘာတွေ ပေါ်လာလိုက်သေးတယ်။ အင်္ဂလိပ်လို မရေးရဘူး၊ ဟင်ဒီလို ရေးရမယ်ဆိုပြီး အင်္ဂလိပ်လို ရေးထားတဲ့ ဆိုင်းဘုတ်တွေဖြုတ်ချ ဘာညာလုပ်ကြတာပေါ့လေ။ အဲဒီမှာလဲ ကျုပ်တို့က





ရှောင်ခတ်ပြီး ပါသွားလိုက်သေးတယ်။

(ဆရာတော်ကပြောနေရင်း ရယ်ပြုန်ပါလေသည်။ ကျွန်တော် တို့လည်း မနေနိုင်ကြပါ။ ရယ်မိကြပြန်ပါသည်။ စာဖတ်သူ စဉ်းစားသာ ကြည့်ပါတော့ - အိန္ဒိယပြည်သို့ရောက်သွားလိုက်တော့ 'ဂျောင်း ဂျောင်း' ဆိုသော စကားလေးနှစ်လုံးသာပြောတတ်သည့် ပဋ္ဌင်းငယ်လေးက အခု တော့ ဟင်ဒီဘာသာစကား အသုံးပြုရေး အင်္ဂလိပ်စကားတော်လှန်ရေးတွင် ပါဝင်ဆင်နွှဲနေပြန်သည်ဆိုတော့ မရယ်ဘဲ နေနိုင်ကြပါတော့မည်လား။)

**တော်** - အဲဒီလိုသာ ဖြစ်နေတာ။ အိန္ဒိယမှာ ဇာတ်ခွဲခြားမှုကသိပ်ကို ပြဿနာကြီးတယ်။ အစိုးရက ဇာတ်ခွဲခြားမှု မရှိစေရဘူးလို့ ဘယ်လောက်ပဲ ညတ်နေသည်ဖြစ်စေ ဇာတ်ခွဲခြားမှုက ရှိနေတာပဲ။ ဇာတ်နိမ့်တဲ့သူတွေ မှာမှာ ဘယ်လောက်ပဲ ပညာတွေတတ်တတ်၊ ဘွဲ့တွေပဲရနေနေ၊ အလုပ်ကလေးတစ်ခုရဖို့ သိပ်ကိုခက်တယ်။ ဇာတ်တူမှ၊ ဇာတ်တူထဲက ဆွေမျိုးသားချင်းဆိုတာမျိုး ရှိမှရတာ။ ဇာတ်နိမ့်သူတွေမှာ ပညာတတ်ရှာကြ ပေမယ့် အလုပ်မရနိုင်ပဲ လှိမ့်ခံနေရတော့တာ။ အဲဒီမှာ ဇာတ်ခွဲခြားမှု တော်လှန်ရေးထဲမှာ ကျုပ်ကပါသွား ပြန်ပါလေရော။

**သင်း** - ဟုတ်လားဘုရား။ ဆရာတော့်ဇာတ်ကလဲ ရှုပ်လှချည်လားဘုရား။

**တော်** - ဟာ. . . ကျုပ်ကရှုပ်ချင်လို့ မဟုတ်ဘူး၊ သူတို့ဇာတ်တွေကို က ရှုပ်လွန်းလို့ ကျုပ်ပါရောပြီး ရှုပ်သွားရတာ။

(ဆရာတော်ရော ကျွန်တော်တို့ပါ ရယ်မောလိုက်ကြမိပြန်ပါသည်)

**သင်း** - ကဲ. . . ဆက်ပါဦးဘုရား ဆရာတော့် ဇာတ်ရှုပ်ကြီးကို။

**တော်** - ဆိုပါတော့. . . ကျောင်းသားလေးတစ်ယောက်က အမ်အေတန်း ကို တက်တယ်။ ဒီမှာလဲ ပြောရဦးမယ်။ တစ်ချို့ပညာရပ်တွေ၊ တစ်ချို့ အတန်းတွေကို ဇာတ်မြင့်သူတွေသာလျှင် သင်ယူခွင့်ရှိတာ။ ဇာတ်နိမ့်သူတွေ ဘက်ခွင့်မရှိဘူး။

**သင်း** - ဟုတ်လားဘုရား။ တပည့်တော်တို့တိုင်းပြည်မှာ အဲဒီလို ခွဲခြားမှု ရှိတာ သိပ်ကောင်းတာပဲဘုရား။

**တော်** - ဒါပေါ့။ ကျုပ်ကလဲ အဲဒါကြောင့် လူချင်းအတူတူ ဖြစ်ပါလျက်နဲ့ ဇာတ်နိမ့်တွေဘက်က မခံမရပ်နိုင် ဖြစ်လာခဲ့တာပေါ့။ ဒါနဲ့ အခုနက



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တဲ့ အမ်အေ(မဟာဝိဇ္ဇာတန်း)ကျောင်းသားလေးအမှန်က စကောလားရှစ်ရကို ရ,ရမှာ။ ဒါပေမယ့် ဇာတ်နိမ့်လို့ဆိုပြီး မပေးဘူး။ ကျုပ်လဲ ဒီကိစ္စတော့ တိုက်ကိုတိုက်မယ်ဆိုပြီး စာတိုစာရှည်တွေ ဟိုရေးဒီရေးလုပ်တယ်။ နောက်တော့ စာရေးရုံသာမကဘူး နယူးဒေလီထိအောင် အခေါက်ခေါက်တက်ပြီး အစိုးရအဖွဲ့ဝင်တွေကို သွားတွေ့တော့တာ။ အဲဒီမှာတင် ဝန်ကြီးတွေဘာတွေနဲ့ သိကျွမ်းလာရတာ။ နောက်တော့ ဦးနုက ရောက်လာပြန်ရော။ ဒီတော့ဦးနုကို အကြောင်းပြုပြီး ဝန်ကြီးချုပ်ပဏ္ဍစ်နေရူးနဲ့ပါ သိလာရပြန်တာပေါ့။ ဒီတုန်းက. သူ့သမီး အင်ဒီရာဂန္ဒီက ဝန်ကြီးချုပ် မဖြစ်သေးဘူး။ သူနဲ့လဲ သိကျွမ်းလာရပြန်တာပေါ့လေ။ ခင်မင်ကြပါတယ်။ ဒေလီကို ရောက်လာရင် သူတို့ဆီကို ဝင်လာဖို့ ပြောကြပါတယ်။ အင်ဒီရာဂန္ဒီကလဲ ခင်မင်တတ်ပါတယ်။ သူ ဝန်ကြီးချုပ်ဖြစ်လာတဲ့တိုင် ကျုပ်ကိုမြင်လိုက်ရင် ကက်ဘိနက်အစည်းအဝေး လုပ်နေရင်းကတောင် ထွက်လာပြီး မေးလေ့မြန်းလေ့ရှိပါတယ်။ ဘာကိစ္စရောက်လာသလဲ၊ ဘာတွေဘာတွေ အကူအညီပေးရမလဲဆိုတာမျိုးတွေကို မေးတတ်ပါတယ်။ ကျုပ်ကလဲ ဇာတ်နိမ့်ဆင်းရဲသားတွေ မတရားအနှိမ်ခံနေရတာတွေကို အကုန်တိုင်တာပဲ။ မတိုင်လို့မဖြစ်ဘူးလေ ဒါမျိုးဆိုတာက လူကြီးဆီကိုပေါက်မှ ဖြစ်နိုင်တာ မဟုတ်လား။

သင်း - မှန်ပါတယ်ဘုရား။

(ကျွန်တော့်စိတ်ထဲတွင် ဘုရားပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသသို့သွား၍ ဘုရားရှင်တော်မြတ်ကျင့်သုံးတော်မူခဲ့သည့်အတိုင်း ဇာတ်နိမ့် ဇာတ်မြင့်ခွဲခြားမှုကို တော်လှန်တိုက်ဖျက်ရန် ကြိုးပမ်းတော်မူနေသည့် ဘုရားသားတော်ရဲရဲတောက် အရှင်ရေဝတကို မြင်ယောင်နေမိသည်။ သူ၏ဇွဲသတ္တိကိုလည်း အံ့သြခြင်းမက အံ့သြလာမိသည်။) ထို့ကြောင့် . . . .

သင်း - တကယ်ပဲ အရှင်ဘုရား၊ တကယ့်ကို အံ့သြမိပါတယ်။ အလွန်ကို မလွယ်တဲ့ပြဿနာကြီးကိုအရှင်ဘုရား ရင်ဆိုင်နိုင်ခဲ့တာပဲ။

(ဆရာတော်က ဘာမှမပြောပဲ ပြုံးရုံသာပြုံးနေပါသည်။ ခဏရှိမှ)

တော် - မျက်စိအောက်မှာတင် မတရားတာတွေရော၊ သနားစရာတွေရော မြင်နေရတော့ မနေနိုင်တော့လို့ ဝင်ပြီးလုပ်နေတာပါပဲ။ အဲဒီနောက် ကြုံရတာကိုပြောလိုက်ရဦးမယ်။ ဒီအချိန်မှာ ကာကွယ်ရေးဝန်ကြီးကိုယ်တိုင်က





ဇာတ်နိမ့်ထဲကပဲ။ ကျုပ်လုပ်နေတာတွေကို သူက ကြည့်ပြီး ဟိန္ဒူတွေဖြစ်…နဲ့ ဘာကြောင့် ဗုဒ္ဓဘာသာလုပ်ကြတာလဲလို့ မေးသေးတာ။

သင်း - ဟုတ်လားဘုရား။ သူတို့က ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားလို့လား။

တော် - ဟုတ်တယ်လေ၊ ကျုပ်တို့ဗုဒ္ဓဘာသာမှာ ဇာတ်နိမ့်ဇာတ်မြင့် ခွဲတာမရှိဘူး။ လူကောင်းလား၊ လူယုတ်လား၊ မြင့်မြတ်သလား၊ ယုတ်မာသလား ဆိုတာကိုပဲခွဲကြတာ မဟုတ်လား။ ဘယ်မျိုးနွယ်ကလာသလဲ ဆိုတာကိုသိပ်ပြီး အရေးမထားကြဘူး မဟုတ်လား။ ဒီတော့ ဇာတ်နိမ့်အနှိမ်ခံတွေက ဝင်ကြတာပေါ့။ အဲဒါကို သူကမေးတော့ ကျုပ်က "ကျုပ်တို့ ဗုဒ္ဓဘာသာမှာ ဇာတ်နိမ့်ဇာတ်မြင့်မရှိဘူး၊ လူကောင်းနဲ့လူယုတ်ပဲ ရှိတယ်၊ နောက်ပြီး လူတစ်ယောက်ဟာ သူသက်ဝင်ယုံကြည်တဲ့ ဘာသာကိုကိုးကွယ်နိုင်ခွင့်ရှိတယ် မဟုတ်လား။ သူတို့ဘဝက သိပ်နိမ့်ကျတယ်။ စင်စစ်မှာ ခင်ဗျားတို့လို ဩဇာကြီးတဲ့လူတွေက မြှင့်တင်မပေးရင် သူတို့ဘဝဘယ်လိုလုပ်ပြီး မြင့်လာနိုင်ပါ့မလဲ" လို့ပြန်ပြီး ပြေရာပြေကြောင်း ပြောရတယ်။ ဒီတော့လဲ ဘာမှမပြောတော့ပါဘူး။ အဲဒီလို သူကျေနပ်သွားတော့မှ ကျုပ်က "ဝန်ကြီး ခင်ဗျားနာမည်နဲ့ ကျောင်းဆောင် တစ်ခုဆောက်ချင်ပါတယ်။ မြေတစ်ကွက်လောက်တော့ပေးပါလို့တောင်းတော့ သူက ကာကွယ်ရေးဌာနပိုင် စစ်တပ်မြေတစ်ကွက်ကို ပေးတယ်။ အဲဒီမှာ ဇာတ်နိမ့်ကျောင်းသားတွေ နေဖို့ အဆောင်တစ်ခု ဆောက်လိုက်တယ်။

သင်း - အရှင်ဘုရားကတော့ တက္ကသိုလ်သုံးခုကိုလှည့်ပြီး စာပြနေတာနဲ့ပဲ ရပ်တည်နိုင်တာပေါ့နော်။

တော် - အဲဒါမှာ ပြောလိုက်ရဦးမယ်။ ၁၉၆၇ မှာ ကျုပ်က Ph.D. ရတယ်။ ဒီအချိန်မှာ မြန်မာပြည်မှာလဲ တော်လှန်ရေးကောင်စီတက်လို့၊ အစိုးရအပြောင်းအလဲတွေ ဘာတွေဖြစ်သွားပြီ။ ဒီတော့ ပြည်ပအထောက်အပံ့တွေကို ဖြတ်လိုက်တယ်။ ဒါပေမယ့် ကျုပ်စကောလားရှစ် အထောက်အပံ့ကိုတော့ မဖြတ်ဘူး။ ဆက်ပြီး ပေးထားခဲ့သေးတယ်။

သင်း - ဘယ်လောက်ရသလဲဘုရား။

တော် - ၁၅၀ ရတယ်။

သင်း - မြန်မာငွေလား၊ အိန္ဒိယငွေလား။



www.burmeseclassic.com

www.burmeseclassic.com



**တော်** - အိန္ဒိယ ရှုံးပြီငွေပေါ့။

**သင်း** - သုံးလောက်ရဲ့လား ဘုရား။

**တော်** - လုံလောက်ပါတယ်။ နောက်ပြီးပြောရဦးမယ်၊ အိန္ဒိယအစိုးရကလဲ ထောက်ပံ့သေးတယ်၊ ပထမတော့ သုံးရာရတယ်။ နောက်တော့ ငါးရာရတယ်။ ကျုပ်က အိန္ဒိယအစိုးရကလဲ ထောက်ပံ့နေတာမို့ ကျုပ်က မြန်မာသံရုံးကို ပြောပြရတာပေါ့။ အိန္ဒိယအစိုးရဆီက ယူနေတာမို့ မြန်မာပြည်အစိုးရငွေကို မယူတော့ပါဘူးလို့ သွားပြီးပြောပါတယ်။ သံရုံးကလူတွေက တော်ကြပါတယ်။ အရှင်ဘုရား မထုတ်ချင်သေးရင်လဲထားပေါ့။ နောင်အခါအရေးဟဲ့ အကြောင်းဟဲ့ဆိုတာမျိုး လိုအပ်လာတော့ရနိုင်တာပေါ့လို့ ပြောကြပါတယ်။ နောက်ပြီး ကျုပ်စာအုပ်တွေကို ရိုက်တာကလဲ ရပြန်သေးတာကိုး။ နောက်တော့ ကျုပ်တို့က'ပရောဂျက်'တစ်ခုကို အိန္ဒိယအစိုးရကို တင်ပြတယ်။ အဲဒါက ဗုဒ္ဓဘာသာစွယ်စုံကျမ်း ပြုစုဖို့ပါပဲ။ အဲဒါကို အိန္ဒိယအစိုးရက လက်ခံလိုက်တယ်။ အဲဒီမှာလဲ ကျုပ်ကပါနေပြန်တော့ တစ်လကို ငါးရာပေးတယ်။ နောက်ပြီးတက္ကသိုလ်တွေကလဲ ခြောက်ရာလောက်ရလေတော့ တစ်လမှာ ထောင့်သုံးရာလောက်ရတယ်။ တစ်လမှာ ထောင့်သုံးရာဆိုတော့ ကျုပ်က သူများလို . . .

**သင်း** - ဟုတ်တာပေါ့ဘုရား၊ သားမယားကလေးမြေးယ်ရှိတာမှ မဟုတ်ဘဲကိုး။ တစ်ကိုယ်တော်သမားဆိုတော့ ချမ်းသာနေတယ်လို့ တောင်ဆိုရမှာပါ။

**တော်** - အဲဒီမှာ ၁၉၆၄ လောက်မှာထင်တယ်။ မြန်မာပြည်က ဘယ်သူမှ နိုင်ငံခြားကို မထွက်ရဘူး။ ပတ်စ်ပို့ထုတ်မပေးဘူး။ ဒီတော့ ကျုပ်လဲ မြန်မာပြည်နဲ့ အဆက်အသွယ် ပြတ်သလောက် ဖြစ်သွားတယ်။ ဒီအချိန်မှာ ကျုပ်ခမည်းတော် ဒကာကြီးက ပြည်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးနဲ့ သွားတွေ့တယ်။ ဒါကနောက်မှ ဒကာကြီးက ပြန်ပြောလို့ သိရတာပေါ့လေ။ အဲဒီဝန်ကြီးက စစ်ဘက်ကပါပဲ။ နောင်တော့ နိုင်ငံတော် အကြီးအကဲကြီး ဖြစ်သွားခဲ့တာမို့ နာမည်ကိုထည့်မပြောတော့ပါဘူး။ သူပြောတာလေးနဲ့ လုပ်ပုံကိုင်ပုံကို သဘောကျလို့ ပြန်ပြောနေတာပါ။ ခုနကပြောခဲ့သလို ကျုပ်ဒကာကြီးက သူ့ကိုသွားတွေ့တော့ ဘာကိစ္စလဲပေါ့၊ ဒကာကြီးက ပတ်စ်ပို့





လျှောက်ချင်လို့ပါပေါ့။ ဒီတော့ ခင်ဗျားက ဘာလုပ်ဖို့ ပတ်စ်ပို့ လျှောက်ချင်တာလဲဆိုတော့ သားကိုတွေ့ချင်တယ်ပေါ့။ ဒီတော့ ခုနကဝန်ကြီး "မြတ်စွာဘုရားသခင် ကပ္ပိလဝတ်ပြည်ကိုသွားတာ ဘာကြောင့် သွားသလဲ"လို့မေးသတဲ့။ ဒီတော့ ဒကာကြီးက"ခမည်းတော်က သားကို ဖူးချင်တယ်ဆိုလို့ ကပ္ပိလဝတ်နေပြည်ကို သွားခဲ့တာပါ"ပေါ့၊ ဒီတော့မှ သူက "ဘုရားတောင်မှ သူ့အဖေဆီကိုသွားသေးတာ အခုလဲ ခင်ဗျားကတွေ့ချင်တယ်ဆိုရင် သူက လာရမှာပေါ့၊ အောက်ကျနောက်ကျခံပြီးမသွားနဲ့၊ ပတ်စ်ပို့လဲ မပေးနိုင်ဘူး" လို့ပြောသတဲ့။

(ဈွန်တော်တို့အားလုံး ရယ်လိုက်မိကြပါသည်။ ဆရာတော်ကိုယ်တိုင်လဲ ရယ်မောပါသည်။) ပြီးမှ . . .

**တော်** - ဒကာကြီးက "တပည့်တော်လဲ သူပြောတာကို သဘောကျတာနဲ့ ရယ်ပြီး ပတ်စ်ပို့တောင် မလျှောက်ဖြစ်တော့ဘဲ ပြန်လာခဲ့ပါတယ်"လို့ ပြန်ပြောပြတယ်။ အဲဒါနောက်အတော်လေး ကြာတော့အမှတ်တမဲ့ ကျုပ်ဆီကို စာတစ်စောင်ရောက်လာတယ်။ အရှင်ဘုရား မြန်မာပြည်ကို ပြန်လာချင်လာနိုင်တယ်။ တစ်လနေခွင့်ရနိုင်တယ်၊ လေယာဉ်လက်မှတ်ကို အစိုးရက ပေးပါမယ်လို့ ရေးထားတယ်။ ကျုပ်လဲ အံ့အားသင့်နေတယ်။ ကျုပ်ကလဲ လျှောက်မထားဘူး မဟုတ်လား။ ဒီတော့ ၁၉၆၄ ခု။ တော်လှန်ရေးကောင်စီခေတ်ထင်ပါရဲ့။ နောက်တော့ သဏ္ဍာန်ဌာနကို လူတစ်ယောက်ရောက်လာပြီး ငွေတစ်ထောင်ပေးတယ်။ အရှင်ဘုရား မြန်မာပြည်ကို ပြန်ဖို့အတွက်ပါဘုရားတဲ့။ တကယ်တော့ စောစောက ကျုပ်ပြောခဲ့တဲ့ အရာရှိကြီးက လုပ်ပေးလိုက်တာပါပဲ။

ဒါနဲ့ပဲ ကျုပ်မြန်မာပြည်ကို ပြန်ရောက်လာလိုက်တော့ အဲဒီအရာရှိကြီးကိုတွေ့ဖို့ သွားပါသေးတယ်။ ဒါပေမယ့် သူက အစည်းအဝေးတွေ ဘာတွေရှိနေတာကြောင့် မတွေ့ခဲ့ရဘူး။ နောက်တစ်ယောက်ကိုတော့ တွေ့ပါသေးတယ်။ "အရှင်ဘုရား ဘာအကူအညီလိုပါသေးသလဲ" စသည့်အားဖြင့် မေးပါတယ်။ ဒီလိုနဲ့ပဲ တစ်နေ့မှာတော့ ကျုပ်က ဦးကိုအင်ကာအိမ်မှာ ဆွမ်းစားနေတယ်။ အဲဒီတော့ ဦးကိုအင်ကာက မြန်မာပြည်မှာပဲ နေနေသေးတယ်။ အဲဒီလို ဆွမ်းစားနေတုန်းမှာပဲ လူတစ်ယောက် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး "အရှင်ဘုရားရဲ့ ပတ်စ်ပို့ လာယူပါတော့"လို့ ပြောတယ်။ ဒီတော့ တစ်လ ပြည့်သွားပြီ။ သဘောကတော့ ပြန်ပါတော့လို့ ပြောတာပဲ။

**သင်း** - နေဦးဘုရား။ ဆရာတော်က ပတ်စ်ပို့ကို ပြန်အပ်လိုက်လို့လား။ ဘယ်လိုကြောင့်လဲ။

**တော်** - ဖြစ်ပုံက ဒီလို။ အဲဒီတုန်းက သူတို့ နိုင်ငံရေးအခြေအနေကြောင့်လား ဘာလားမသိဘူး။ နိုင်ငံခြားရောက်နေတဲ့သူတွေ ပြန်လာချင်ရင်လာလို့ ရတယ်။ ဒါပေမယ့် ရောက်လာပြီးရင် ပြန်ပြီးထွက်ခွင့် မရှိတော့ဘူး။ ကျုပ်ကို အထူးအခွင့်အရေးအဖြစ်နဲ့ မြန်မာပြည်ကို ပြန်လာခွင့်ပေး၊ ပြန်ထွက်ခွင့်ပေးထားတာ။ ဒီတော့ တစ်လပြည့်တာနဲ့ ပြန်ထွက်ရတဲ့သဘောပါပဲ။

**သင်း** - ဟုတ်တယ်. . . ဟုတ်တယ်၊ မှတ်မိပြီဘုရား။

**တော်** - ကျုပ်လဲ အဲဒီမှာတင် ဒီနေ့ပတ်စ်ပို့ရတယ်၊ နောက်တစ်နေ့ ဗီဇာလုပ်ပြီး ပြန်ထွက်သွားတာပဲ။ မသွားလို့လဲ မဖြစ်ဘူးလေ။ ဟိုမှာ ကျုပ်ကလဲ ပညာသင်နေဆဲ မဟုတ်လား။ ပြောလိုက်ရဦးမယ်။ ၁၉၆၂ တော်လှန်ရေးကောင်စီ တက်ပြီးတဲ့နောက် အဲဒီတစ်လလေးပဲ မြန်မာပြည်ကို ပြန်ရောက်ခဲ့ဖူးတယ်။ ၁၉၉၄ ခုနှစ်အတွင်းမှာအဲဒီတစ်လပဲ ပြန်ရောက်ခဲ့ဖူးပါတယ်။

**သင်း** - ဟာ. . . မနည်းကြီး ကြာပါ့လားဘုရား။ နှစ်ပေါင်းသုံးဆယ်ကျော် မြန်မာပြည်နဲ့ကွာသွားတာပဲ။ ဒါနဲ့ ဆရာတော် အင်္ဂလန်ကို ရောက်သွားတာက . . .။

**တော်** - နေဦးဗျ။ ဒီကြားထဲမှာ အများကြီးရှိသေးတယ်။

(ကျွန်တော်တို့မနေနိုင်ကြတော့ပါ။ အားလုံးရယ်လိုက်မိ ပါသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း ဤသို့သော အင်တာဗျူးလေးမျှသာမဟုတ်ဘဲ ဆရာတော်နှင့် နေ့နေ့ညည နီးနီးကပ်ကပ်နေပြီး ဆရာတော့် အတွေ့အကြုံတွေကို မေးမြန်းဆည်းပူးနေရသော် ကောင်းလေစွဟု တွေးနေမိပါသည်။ ထိုမျှမက မြန်မာလူငယ်တွေအားလုံး ဤသို့လျှင် ပညာတော်မွတ်ကြသော် ကောင်းလေစွဟုလည်း တွေးနေမိပါသည်။ ထိုသို့တွေးရင်း ရယ်မောရင်း ကပင်. . .)

**သင်း** - ကဲ. . . ဆက်ပါဦးဘုရား၊ ဆရာတော့် အခန်းဆက်ဝတ္ထုရှည်ကြီးကို. . .။





(ကျွန်တော့် ပြောပုံကို ဆရာတော်က ရယ်မောပါသည်။) ပြီးမှ ဆက်၍. . .

**တော်** - ဒါနဲ့ပဲ ကျုပ်အိန္ဒိယကို ပြန်ရောက်သွားပြန်တာပေါ့လေ။ ဒီလိုပဲ ဆက်ပြီး စောစောကပြောခဲ့သလို ပညာဆက်သင်၊ တက္ကသိုလ်တွေမှာ စာပြပေါ့။ ဒါနဲ့ ၁၉၆၉ လောက်ရောက်တော့ ဦးနု ရောက်လာပြန်တယ်။ ရောက်သာတော့ သူကကျုပ်ဆီကိုလာတယ်။ မိဂဒါဝုန်မှာ ပုတီးစိပ်၊ စာဖတ်၊ အျပ်နဲ့တရားစကား ဆွေးနွေးပေါ့။ အဲဒီနောက် ဗိုလ်လက်ျာလဲရောက်လာပြန်တယ်။ ဒီတော့ သူတို့ နိုင်ငံရေးအတွက်ဖြစ်မှာပဲလို့ သိလိုက်တာပေါ့လေ။ သို့သော်လဲ ကျုပ်ကနိုင်ငံရေးကို စိတ်ဝင်စားတာမဟုတ်တော့ ဒီလိုပဲ နေလိုက်တာပါပဲ။ ကိုယ်နဲ့မှ မဆိုင်ပဲကိုး။ ဒီကြားထဲက ကြုံလာရပုံကို ပြောလိုက်ရဦးမယ်။ တစ်နေ့မှာတော့ အင်ဒီရာဂန္ဒီက ကျုပ်ကိုတွေ့ချင်တယ်ဆိုလို့ သွားရတယ်။ သူနေတဲ့ နယူးဒေလီနဲ့ ကျုပ်နေတဲ့နေရာနဲ့က မိုင် ၅၀၀ လောက်ဝေးတယ်။ သွားရတာပေါ့လေ။ ဒီတော့ အင်ဒီရာဂန္ဒီက ပြောတယ်၊ "အရှင်ဘုရား-ဦးနုကို ဖြောင်းဖြပါဦး၊ သူက ဘုရားဆုကို ပန်တဲ့သူပါ။ ဒါပေမယ့် အခုသူက တော်လှန်ရေးလုပ်ဖို့ စီစဉ်နေတယ်။ တိုက်တဲ့ခိုက်တဲ့ အလုပ်ဆိုတာမျိုးတွေဟာ ဘုရားအလောင်းအလုပ် မဟုတ်ဘူး။ ဒီတော့ သူပန်တဲ့ဆုနဲ့ တခြားစီဖြစ်နေပြီ။ တပည့်တော် အတွင်းဝန်တစ်ယောက်ကို လွှတ်ပြီး သူ့ကို မလုပ်သင့်ကြောင်း ပြောပါသေးတယ်။ မရဘူး။ အရှင်ဘုရား ပြောပါဦး"တဲ့။ ကျုပ်က ဘာတတ်နိုင်မှာလဲ။ ကိုယ်ကလဲ နိုင်ငံရေးကို နားလည်တာမှ မဟုတ်ဘဲ၊ သို့သော်လဲ သူပြောတဲ့အတိုင်း ဗိုလ်လက်ျာကို ပထမပြောပြတယ်၊ ဗိုလ်လက်ျာက ဦးနုကို ပြောကြည့်ပေါ့လို့ဆိုတာနဲ့ ဦးနုကို ပြောပြရတာပေါ့။ ပထမတော့သူလဲပဲ ဘာမှမပြောပဲ စဉ်းစားနေသေးတယ်။ နောက်မှ "တပည့်တော်လဲ သိပ်မလုပ်ချင်ဘူး၊ ဒါပေမယ့် သူတို့ကို ကတိပေးပြီးပြီ။ တိုက်တဲ့ခိုက်တဲ့အထဲမှာလဲ တပည့်တော်က ပါမှာမဟုတ်ပါဘူး။ နောက်ပြီး ဒါကလဲ သိပ်ကြာမှာ မဟုတ်ပါဘူး။ မသကာသုံးလေးလလောက်ဆိုပြီးသွားမှာပါ" လို့ပြောတယ်။ ကြည့်ရတာက သူကသိပ်ပြီး လုပ်ချင်ပုံ မရဘူး။ သူ့လူတွေကြောင့် တွဲပြီးလုပ်နေရပုံပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒီအချိန်မှာ ဗုဒ္ဓဘာသာသဘောတရားနှင့် ကျင့်စဉ် (Buddhism In Theory And Pratice)



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စာအုပ်ကို သူကရေးနေတယ်။ ကျုပ်နဲ့ တွေ့လိုက်ရင် ဒီစာအုပ် အကြောင်းကိုပဲ ပြောတယ်။ နိုင်ငံရေးနဲ့ပတ်သက်လို့ ဘာမှမပြောဖူးဘူး။ နောက်တော့ သူလဲ ထိုင်းနိုင်ငံဘက်ကို ထွက်သွားတော့တာပဲ။ ပြည်ပြေး ဆိုတာတွေဘာတွေ ဖြစ်သွားမှာပေါ့။ ပြောလိုက်ရဦးမယ်။ ပြည်ပြေးဆိုတာ တွေ ဘာတွေကို ဒီအချိန်က ကျုပ်ကသိတာ မဟုတ်ဘူး။ ကျုပ်က ဗမာ သတင်းစာလဲ မတွေ့ရဘူး။ လုံးဝကို ဗမာပြည်နဲ့ အဆက်ပြတ်နေတာ။ ကုန်ကုန်ပြောလိုက်ရရင် အိန္ဒိယမှာရှိတဲ့ မြန်မာဘုန်းကြီးကျောင်းတွေကို တောင် မရောက်သလောက် ဖြစ်နေတာ။ နောက် သိပ်မကြာလိုက်ပါဘူး၊ ဦးနုက ထိုင်းနိုင်ငံကို ခဏလိုက်လာခဲ့ဖို့ စာရေးပြန်ပါလေရော။

**သင်း** - ဟုတ်လားဘုရား။ အရှင်ဘုရားကကော လိုက်သွားသေးလား။

**တော်** - ပြောဦးမယ်။ ဒါပေမယ့် ခက်တာက ကျုပ်ပတ်စ်ပို့စာအုပ်မှာ ပါတာက အိန္ဒိယကိုပဲသွားခွင့်ရတာ။ တခြားဘယ်တိုင်းပြည်ကိုမှ သွားခွင့် မရှိဘူး။ ဒါနဲ့ကာလကတ္တား ကောင်စစ်ဝန်ရုံးကိုသွားပြီး ထိုင်းနိုင်ငံကို သွားခွင့် ထည့်ပေးစမ်းပါ တင်ရတာပေါ့။ အဲဒီကအရာရှိကြီးက အမျိုးသမီးကြီး။ သူနဲ့ တော့ မတွေ့ရပါဘူး။ အောက်က စာရေးမတွေဘာတွေနဲ့ပဲတွေ့ရတာပါ။ ကျုပ်လျှောက်လွှာကို သူတို့ကသွားပြီး တင်ပြလိုက်တော့ အဲဒီအမျိုးသမီးကြီး က "ဒီဘုန်းကြီးကလဲ ရှုပ်ရှုပ်ရှက်ရှက်၊ ဦးနုသွားတာနဲ့ လိုက်သွားချင်တာ ဖြစ်မှာပေါ့" လို့ပြောသေးတာတဲ့။ ဒီတော့ ကျုပ်က စာရေးမလေးတွေကို "ဒကာမကြီးကို ပြောပြလိုက်ပါ၊ သက်ဆိုင်ရာကိုလှမ်းပြီး တင်ပြပေးပါ၊ သူတို့ မပေးတော့လဲ၊ ပြီးတာပဲ၊ မသွားတော့ဘူးလို့ ပြောလိုက်ပါ"လို့။ ဒီတော့ တင်ပြပေးပါ့မယ်လို့ ပြောတယ်။ ဒါနဲ့သူတို့လဲသက်ဆိုင်ရာကို လှမ်းပြီး တင်ပြပေးပါတယ်။ နောက် ၅ ရက်လောက်ရှိတော့ ဘုန်းကြီးသွားချင်တဲ့ နိုင်ငံကို ထည့်ပေးလိုက်ပါလို့ အမိန့်ပြန်ကျလာတယ်။

**သင်း** - ဟုတ်လား၊ တကယ့်ကို အံ့သြစရာပါပဲ။

**တော်** - ဒကာကြီး မပြောနဲ့၊ အဲဒီသံရုံးတစ်ခုလုံးက အံ့အားသင့်သွား ကြတာ။ သူတို့သံရုံးကလူတွေ နီပေါကို သွားချင်တာတောင် သွားခွင့်ရတာမှ မဟုတ်တာ။ ဒီတော့ အံ့အားသင့်ကြတာပေါ့။

**သင်း** - အရှင်ဘုရားကျတော့ ဘာကြောင့်ဒီလောက် မြန်မြန် ခွင့်ပြုလိုက်





သလဲ မသိဘူး။

**တော်** - ကျုပ်ခမည်းတော် ဒကာကြီးကို ပြောလွှတ်လိုက်တဲ့ ပုဂ္ဂိုလ်ကြီးကပဲ ခွင့်ပေးလိုက်တာပါ။ တစ်ခုရှိတာက ကျုပ်ကနိုင်ငံရေးနဲ့ လုံးဝမပတ်သက် ဘူးဆိုတာကို သေချာသိနေတယ်မဟုတ်လား။ ဘာသာရေး သက်သက် ကြောင့်သာလျှင် သွားတာဖြစ်မယ်ဆိုတာကိုလဲ သူက သိနေတာပေါ့ ဒါကြောင့် ဒီလောက်လွယ်လွယ်ကူကူ ခွင့်ပြုလိုက်တာ ဖြစ်မှာပေါ့။

**သင်း** - ဟုတ်လိမ့်မယ် ဘုရား။ ဒါနဲ့ ထိုင်းကို လိုက်သွားရော ဆိုပါတော့။

**တော်** - ဟုတ်တယ်။ ထိုင်းကို ရောက်သွားတော့ ဦးနုဆီကို သွားတာပါပဲ။ သူ့ကိုလဲ ဟိုမှာအရင်က ဝန်ကြီးချုပ်နေခဲ့တဲ့ အိမ်ဟောင်းကြီးမှာ ကောင်း ကောင်းမွန်မွန်ထားပါတယ်။ သို့သော်လဲ အတွင်းမှာ ဗမာစစ်သားတွေ၊ အပြင်ကလဲ ထိုင်းရဲတွေက စောင့်နေတယ်။ ဘယ်သူမှ မဝင်ရဘူး။ ကျုပ်တို့ လဲ မထွက်ရဘူး။ အချုပ်ကျနေသလိုပါပဲ။ ဦးနုကလဲ နယ်စပ်တွေ ဘာတွေမသွားဘူး။ တခြားလူတွေကသာ လှုပ်ရှားနေတာ၊ သူက ပုတီးစိပ် လိုက် စာရေးလိုက် ဒါပဲလုပ်နေတာ။ သူ့စာအုပ်ကို အပြီးသတ်ချင်လို့ ကျုပ် ကို လှမ်းပြီးမှာတာပါပဲ။ ဒါနဲ့ ကျုပ်ကပြောတယ်။ ဒကာကြီး အင်ဒီးယား ပြောသလိုနေလိုက်ရင် အကောင်းသားလို့။ ဒီတော့ သူက "ဟုတ်တယ်ဘုရား တပည့်တော်လဲ ခုတော့ ငြီးသွားပြီ၊ ရှုန်းဖို့ခက်နေပြီ"လို့ ပြောတယ်။ ကျုပ် အဲဒီမှာ တစ်လလောက်ကြာသွားတယ်။ နောက်တော့ ဦးနုက အိန္ဒိယကို ပြန်လာချင်တယ်လို့ပြောတယ်။ ဒါနဲ့ပဲ ကျုပ်အိန္ဒိယကို ပြန်ရောက်တော့ အင်ဒရာဂန္ဒီဆီကို သွားရပြန်တော့တာပေါ့။

(ကျွန်တော်ကတော့ စကားပြောနေရင်းပင် ဟသ်ာတ ကျေးလက် က 'မောင်ရွှေမောင်'ဆိုသည့်ခေါင်းတုံးနှင့် ကောင်လေးကိုတွေးပြီး မြင်ယောင်လိုက်၊ မျက်စိရှေ့မှောက်က ဒေါက်တာရှင်ရေဝတကိုကြည့်လိုက် ဆန်းကြယ်ထွေပြားလှသော ဇာတ်လမ်းကိုတွေးလိုက် ဖြစ်နေမိပါတော့ သည်။)

**သင်း** - ဆရာတော်ပြောနေတဲ့ သမုန်းကုန်းက မောင်ရွှေမောင်ရဲ့ ဇာတ် လမ်းကလဲ ပုံပြင်ဆန်လှချည်လားဘုရား။

(ဆရာတော်က ရယ်မောလိုက်ပြီး . . . )



www.burmeseclassic.com

www.burmeseclassic.com



**တော်** - ပုံပြင်ဆန်ချင်မှဆန်ရော့၊ ကျုပ်ကပုံပြင်ဆန်အောင် တမင်လုပ်တာ မဟုတ်ဘူး။ ဘယ်လိုဘယ်လိုကြုံကြိုက် တိုက်ဆိုင်ပြီး ဖြစ်ကုန်သလဲ မပြောတတ်တော့ပါဘူး ဒကာကြီးရယ်။

**သင်း** - ကဲ. . . ထားလိုက်ပါတော့ဘုရား။ ဆရာတော်က အင်ဒီရာဂန္ဒီဆီကိုသွားတော့. . .

**တော်** - ကျုပ်က ဦးနု အိန္ဒိယကိုပြန်လာချင်တယ်ဆိုတဲ့ အကြောင်းပြောပြတော့ အင်ဒီရာဂန္ဒီက "တပည့်တော်အစက အပြောသားပဲ။ သူ့ကို ပြန်လာခွင့်တပည့်တော့်လုပ်ပေးနိုင် ပါတယ်။ ဒါပေမယ့် အရှင်ဘုရားသိတဲ့အတိုင်း နိုင်ငံရေးရာထူးဆိုတာ ကမ်းနားသစ်ပင်လိုပဲ။ တပည့်တော်က ပြန်ခေါ်လိုက်ရော့။ တကယ်လို့ တပည့်တော်က ဒီရာထူးကကျ သွားပြီဆိုပါတော့၊ သူ့မှာ မျက်နှာငယ်နေမှာပေါ့။ ဒီတော့ ဝန်ကြီးအဖွဲ့က ဆုံးဖြတ်ချက်နဲ့ ခေါ်လိုက်မယ်ဆိုရင် ပိုကောင်းတာပေါ့။ အရှင်ဘုရား ဝန်ကြီးတွေထဲမှာ သိကျွမ်းသူများရှိသလား"တဲ့။ ဒါနဲ့ ကျုပ်က သိကျွမ်းတဲ့ ဝန်ကြီးသုံးလေးယောက်နာမည်ကို ပြောပြလိုက်တယ်။ ပြည်ထဲရေးဝန်ကြီးရယ်၊ ကာကွယ်ရေးဝန်ကြီးရယ်လဲ ပါတာပေါ့။ ဒီတော့ သူက "အရှင်ဘုရားကလဲ အကုန်လုံးသိနေတော့တာကိုး။ သူတို့နဲ့ဘယ်လိုလုပ်သိကျွမ်းခဲ့တာလဲ"တဲ့။ ကျုပ်က ဇာတ်နိမ့်အနှိမ်ခံတွေအတွက် လုပ်ကိုင်ပေးရင်း သိကျွမ်းလာတာလို့ ပြောလိုက်တော့ သူက"ဒီလိုဆိုရင် သူတို့ကိုသွားပြီး ပြောထားပေတော့၊ သူတို့က ဝါရင့်တွေ၊ သူတို့က ထောက်ခံလိုက်ရင် ကျန်တဲ့သူတွေက ကန့်ကွက်မှာ မဟုတ်ပါဘူး" လို့ပြောတယ်။ ဒါနဲ့ ကျုပ်လဲ ဟိုဟိုဒီဒီ ပြေးရပြန်တာပေါ့လေ။

(ကျွန်တော်က ရယ်မောလိုက်ရင်း . . .)

**သင်း** - ဆရာတော်ကလဲ အိန္ဒိယက ဇာတ်တွေရှုပ်ရတဲ့အထဲမှာ မြန်မာဇာတ်ကလဲ ဝင်ပြီးရှုပ်လာပြန်သေးတာကိုး။

**တော်** - မတတ်နိုင်တော့ဘူးလေ၊ သူတို့ကပဲ ကျုပ်ကိုရှုပ်တာလား၊ သူတို့အထဲကိုကျုပ်က ဝင်ရှုပ်တာလား မပြောတတ်တော့ပါဘူး။ လုပ်ပေးနေရတော့တာပါပဲ။ နောက်တော့ ကက်ဘိနက်က သဘောတူလိုက်လို့ ဦးနု ပြန်ရောက်လာရင် နေဖို့ထိုင်ဖို့ကိုတောင် မဟာရာဂျာ တစ်ယောက်နေသွားတဲ့ အိမ်ဟောင်းကြီးကိုပြန်ပြင်တာ ရူပီးငွေ သုံးသိန်းလောက်ကုန်တယ်။ ထား





လိုက်ပါတော့ - ဒါနဲ့တစ်နေ့မှာတော့ ထောက်လှမ်းရေးဌာနက လူတစ်ယောက် ကျုပ်ဆီကို ရောက်လာတယ်။ ခဏလိုက်ခဲ့ပါတဲ့။ လူတစ်ယောက်နဲ့ တွေ့စရာရှိပါတယ်တဲ့။ ဘယ်သူနဲ့ တွေ့ရမယ်ဆိုတာက အဲဒီလာခေါ်တဲ့သူတောင် မသိဘူး။ သက္ကတ တက္ကသိုလ်ထဲကို လာခေါ်တော့ ရဲကားကြီးနဲ့။ ကျုပ်မှာ လိုက်သွားရတာပေါ့။ ဘာမှန်းလဲမသိဘူး။ ကျုပ်ကကြောက်နေတာ။

(ဆရာတော်က ပြောနေရင်းရယ်ပါသည်။ ကျွန်တော်တို့ လည်း ရယ်လိုက်မိပါသည်။)

**သင်း** - ဘယ်ကိုခေါ်သွားလဲဘုရား။

**တော်** - ပြောမယ်။ ဒါနဲ့ပဲခေါ်သွားပြီး သူက ဘုံဘေကိုသွားရမယ်တဲ့၊ ဘာ. . . ဘယ်လိုသွားရမှာလဲ၊ ဘာလုပ်မှာလဲပေါ့။ ဒါနဲ့နောက်တော့ စစ်လေယာဉ်ပျံကြီး တစ်စင်းဆီရောက်သွားပါလေရော့။ အဲဒီအချိန်ထိ ဘာမှန်းကို မသိသေးဘူး။ ဒါပေမယ့် တက်လိုက်သွားရတာပေါ့လေ။ တစ်စင်းလုံးမှာ ကျုပ်တစ်ယောက်ထဲပဲ။ အဲ. . . တစ်ယောက်ထဲဆိုပေမယ့် ကုလားမလေး နှစ်ယောက်တော့ပါသေးတယ်။ သူတို့က ကျုပ်ကို ဆွမ်းတွေဘာတွေ ကပ်တာပေါ့လေ။ သူတို့ကလဲ ကျုပ်ကို ဗွီအိုင်ပီပဲဆိုပြီး အတော့်ကို ရှိုရှိုသေသေပါပဲ။ ကျုပ်ကလဲ ဘာမှန်းကို မသိသေးဘူး။ ဒီလိုနဲ့ပဲ ဘုံဘေကိုရောက်သွားတော့ ဟိုတယ်ကြီးတစ်ခုမှာထားတယ်။ ဘယ်မှ မသွားရဘူး။ ထောက်လှမ်းရေးက စောင့်နေတာ။ အဲဒီလိုနဲ့နေရင်း ည ၁၂ နာရီလောက်ရောက်တော့ ဦးနုရဲ့ဇနီး ဒေါ်မြရီရောက်လာတယ်။ နာရီပြန် တစ်ချက်လောက်ကျတော့ ဦးနုရောက်လာတယ်။ ဒီတော့မှ ကျုပ်ကအဓိပ္ပာယ်ကို နားလည်တော့တာကိုး။ ကျုပ်က သူတို့ကို ကြိုရတာလေ။

(ဆရာတော်က ပြောရင်းရယ်ပါလေသည်။ ကျွန်တော်တို့လည်း ရယ်မိကြပြန်ပါသည်။)

**သင်း** - ဒီလို ဖြစ်မယ်ထင်တယ်ဘုရား။ ဦးနုက မြန်မာအစိုးရနဲ့ ဆန့်ကျင်ရေးလုပ်ငန်းတွေကို လုပ်နေတာဆိုတော့ အိန္ဒိရာဂန္ဒီက သူ့ဖခင်လက်ထက်ကတည်းက ပုဂ္ဂိုလ်ရေးအရ ရင်းနှီးလာခဲ့တာမို့ သူ့အားကာမဲ့ နေချိန်မှာ ဘက်နိုင်သမျှ ကူညီစောင့်ရှောက်ချင်တယ်၊ သို့သော်လဲ နိုင်ငံရေး သဘောပါနေလေတော့ မြန်မာနိုင်ငံအစိုးရနဲ့ ချစ်ကြည်ရေးပျက်ပြားမှာကိုလဲ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒါကြောင့် လျှို့ဝှက်ကိစ္စအဖြစ် သဘောထားတာ ဖြစ်မယ် ထင်တယ်။

**တော်** - ဟုတ်မှာပေါ့လေ။ ကျုပ်ကတော့ ဘုမသိဘမသိ ဆိုတာမျိုးပေါ့။ အိန္ဒရာဂန္ဒီကတော့ ဦးနုကို အဲဒါတွေ မလုပ်စေချင်ဘူး။ အဲဒီလို လုပ်လို့ရတဲ့ ခေတ်ကုန်သွားပြီလို့တောင်ပြောတာ။ စင်စစ်မှာတော့ ဦးနု ကိုယ်တိုင်ကလဲ မလုပ်ချင်ဘူးဆိုတာကို ကျုပ်ကောင်းကောင်း သိပါတယ်။ သို့သော်လဲ တခြားသူတွေကလဲ ရှိနေသေးတာကိုး။

**သင်း** - ထားလိုက်ပါတော့ဘုရား။ ဒါတွေက ဆရာတော့်ဇာတ်ကြောင်းမှာ ပါလာလိုက်လို့သာ ပြောနေရတာ။ ပဓာန မဟုတ်ပါဘူး။ ဒါနဲ့ပဲ . . . ဆက်ပါဦးဘုရား။

**တော်** - ဒါနဲ့ကျုပ်လဲ ဦးနုတို့ မိသားစုနဲ့အတူ ဆန်ချီနားမှာရှိတဲ့ 'ဒေပါ' ဆိုတဲ့နေရာမှာ တစ်လလောက်သွားနေရတယ်။ တစ်လလောက်ရှိတော့ ဦးနုက ကျုပ်ကိုပြောတယ်။ 'အရှင်ဘုရား၊ ပါဠိကိုလဲ ကောင်းကောင်းတတ်ပြီ၊ ဟင်ဒီကိုလဲ ကောင်းကောင်းတတ်ပြီ၊ အင်္ဂလိပ်လိုတတ်ဖို့ လိုတယ်၊ ဒီတော့ အနောက်နိုင်ငံကိုသွားပါ၊ တပည့်တော်ရဲ့ မိတ်ဆွေတစ်ယောက် အမေရိကမှာ ရှိတယ်။ သူ့ဆီကို စာရေးလိုက်မယ်လို့ပြောပြီး ရေးတယ်။ စာမပြန်ဘူး။ နောက်မှသိရတာက ဟိုကသူ့မိတ်ဆွေဆိုတာက ခရီးလွန်နေတယ်။ ဒါကြောင့်စာက သူ့ဆီ မရောက်ဘူး။ အဲဒါနဲ့ မသွားရတော့ဘူး ဆိုပါတော့။ ဒါပေမယ့် ကျုပ်ကုသိုလ်က တစ်မျိုးဗျ။ ဒီကြားထဲမှာ အင်္ဂလန်က ဖိတ်စာ တစ်စောင် ရောက်လာတယ်။ ကျောင်းတိုက်တစ်ဆောင်တည်ဆောက်ဖို့ ရာမှာ ဦးစီးပေးဖို့ ဘုန်းတော်ကြီးတစ်ပါး ပင့်ဖိတ်တာပေါ့လေ။ ကျောင်းထိုင်ဖို့ ပဲဆိုပါတော့။ ဒါနဲ့ကျုပ်လဲ ဟန်ကျတာပဲရယ်လို့ ဝမ်းသာသွားတာပေါ့လေ။

**သင်း** - ဘယ်သူကဖိတ်တာလဲ ဘုရား။

**တော်** - အဖွဲ့တစ်ခုပါပဲ။ ဗုဒ္ဓဘာသာအဖွဲ့ပေါ့။ ဒါပေမယ့် ခက်နေတာက ကျုပ် ပတ်စ်ပို့စာအုပ်မှာက အင်္ဂလန်တို့ အမေရိကတို့ကို သွားနိုင်ခွင့်က မပါဘဲ ဖြစ်နေတယ်။ ဒါနဲ့နောက်ထပ်ပြီး နိုင်ငံတိုးပေးဖို့ သံရုံးကို လျှောက်တယ်။ သူတို့က လုပ်မပေးနိုင်ဘူးလို့ ပြောတယ်။ ဒါနဲ့ ကျုပ်က မြန်မာပြည်ကိုလှမ်းပြီး လျှောက်ရတာပေါ့လေ။ ဒီတုန်းက ပြည်ထဲရေးဝန်ကြီးက ဗိုလ်မှူး





ကြီးကိုကို ဖြစ်နေတယ်။ ဟံသာဝတီ ဦးဘခင်ဆိုတာ ကြားဖူးလိမ့်မယ်။

**သင်း** - တင်ပါ၊ ကြားဖူးတယ်ဘုရား။

**တော်** - ဟံသာဝတီဦးဘခင်ရယ်၊ ဆရာကြီးဦးလှမောင်ရယ်၊ ဗိုလ်မှူးကြီး ကိုကိုရယ်။ သူတို့သုံးယောက်က ခင်ကြတယ်။ ဒါနဲ့ကျုပ်က ပတ်စ်ပို့အသစ် လုပ်ပေးဖို့ လျှောက်လွှာပို့လိုက်တယ်။ ဒါပေမယ့် ဖြစ်ပုံက ဒီအချိန်မှာ ရန်ကုန်မှာ အရေးအခင်းတွေ ဖြစ်နေတယ်။

**သင်း** - ဘယ်နှစ်ခုနှစ်လဲဘုရား။

**တော်** - ၁၉၇၄ ခုနှစ်ပေါ့။ ဒါပေမယ့် ဗိုလ်မှူးကြီးကိုကိုက ဖြစ်သလိုသာ ရောက်အောင်သွားပါ။ နောင်အခါကျမှ ပြန်ရှင်းရင်ရပါတယ်။ သာသနာ ပြုဖို့ ကြုံလာတဲ့အခွင့်အရေးကို လက်မလွှတ်ပါနဲ့၊ ဖြစ်တဲ့နည်းနဲ့ သွားပါလို့ ပြောတယ်။ ဒါနဲ့ပဲ ကျုပ်လဲ အင်္ဂလိပ်သံရုံးကို ဗီဇာအတွက် သွားတယ်။ သံရုံးက ပတ်စ်ပို့သက်တမ်း ၆ လဆိုရင် လုပ်ပေးနိုင်ပါတယ်။ ခုတော့ သက်တန်းက ၃ လပဲရှိတော့တာမို့ လုပ်လို့မရနိုင်တော့ဘူးလို့ ပြောပြတယ်။ အဲဒါနဲ့မြန်မာသံရုံးကိုသွားပြီး သက်တန်းတိုးပေးဖို့ပြောတော့ တိုးလို့မရဘူးလို့ ပြောတယ်။ နောက်ဆုံးမှာတော့ ကျုပ်လဲ ကြံရာမရဖြစ်လာတာနဲ့ အိန္ဒိယ နိုင်ငံသားအဖြစ်ခံယူပြီး ဗီဇာလျှောက်ဖို့ စီစဉ်ရတော့တယ်။

**သင်း** - ဟုတ်လားဘုရား။ ဆရာတော့်ဇာတ်လမ်းကလဲ ရှုပ်ရှက်ကို ခတ် နေတာပါပဲလား။

**တော်** - မတတ်နိုင်တော့ဘူးလေ။ အခွင့်အရေးရသခိုက်မှာ လက်လွှတ်ခံ လို့ မဖြစ်ဘူး မဟုတ်လား။

**သင်း** - အိန္ဒိယနိုင်ငံသားအဖြစ်လျှောက်တာက လွယ်လို့လားဘုရား။

**တော်** - စင်စစ်မှာတော့ ဘယ်မှာလွယ်ပါ့မလဲ။ ငွေလဲ အတော်ကို ကုန် ဘတ်တယ်။ အဲဒီအပြင် အချိန်ကလဲ ၂ နှစ် ၃နှစ်ဆိုသလို ကြာတတ်တယ်။ ဒါပေမယ့် ကျုပ်ကတော့ အိန္ဒရာဂန္ဒီဆီကို သွားလိုက်တာပေါ့။ သူက ဘာကိစ္စလဲမေးလို့ ကျုပ်က အိန္ဒိယနိုင်ငံသားလျှောက်ချင်လို့ဆိုတာ ပြော လိုက်တော့ သူကအံ့သြသွားတယ်။ 'အိန္ဒိယနိုင်ငံသား မဖြစ်သေးဘူးလား ဘဲ'။ ကျုပ်က မဖြစ်သေးဘူးဆိုတာပြောပြလိုက်တော့ 'တပည့်တော်က အရှင် ဘုရားကို အိန္ဒိယနိုင်ငံသား ဖြစ်နေပြီလို့ထင်နေတာ'တဲ့။ ဒါနဲ့ပြည်ထဲရေး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးဆီကို သွားလိုက်ပါ'တဲ့။ ဒါနဲ့ ပြည်ထဲရေးဝန်ကြီးဆီကို သွားရတယ်။ ဝန်ကြီးကလဲ အလွယ်တကူပါပဲ လျှောက်လွှာမှာ လက်မှတ်ထိုးပေးပြီး အတွင်းဝန်ဆီကို ချပေးလိုက်တယ်။ အတွင်းဝန်ကလဲ အရေးတယူပါပဲ၊ သူ့ လက်အောက်က ရဲဌာနတွေ၊ လူဝင်မှုတွေဘာတွေဆီကို ဝိုင်ယာလက်စ်နဲ့ အကြောင်းကြားပြီး လိုအပ်တာတွေကို ပို့လိုက်ဖို့ ညွှန်ကြားတယ်။ ဒါပေမယ့် ပိုက်ဆံမရတော့ ဘယ်ကမှဘာမှမပို့ကြဘူး။

(ဆရာတော်က ပြောနေရင်း သူ့အဖြစ်ကို သဘောကျနေဟန်သည့် အလား ရယ်မြူးပါသည်။ ကျွန်တော်တို့လည်း မနေနိုင်ပါ ဆရာတော်နှင့် ရောပြီး ရယ်မိကြပါသည်။ ဆရာတော်က ဆက်ပြန်ပါသည်။)

အောက်ဘက်ကရုံးတွေကို ကျုပ်သွားလိုက်ရင် ပိုက်ဆံတွင်တွင် တောင်းတော့တာပဲ။ ငါးရာပေးရမယ်၊ တစ်ထောင်ပေးရမယ်နဲ့ပေါ့။ ကျုပ်ကလဲ ပေးကိုမပေးဘူး။ ဒီလိုနဲ့အတွင်းဝန်က 'တပည့်တော် တောင်း နေတာ နှစ်ခါရှိနေပြီ။ နောက်တစ်ခါထပ်တောင်းလိုက်ဦးမယ်' လို့ပြောပြီး ထပ်တောင်းတယ်။ အဲဒါတက်မလာတော့ သူကိုယ်တိုင် လက်မှတ်ထိုးပြီး ပတ်စ်ပို့ထုတ်ပေးလိုက်တာပဲ။ ၃ လတည်းနဲ့ ပတ်စ်ပို့ ရလိုက်တယ်။

**သင်း** - ပတ်စ်ပို့ရပြီးတော့ ဘာဆက်ပြီးလုပ်ရသေးလဲ ဘုရား။

**တော်** - ရပြီးတော့ အင်္ဂလန်သံရုံးမှာ ဗီဇာလုပ်ပြီး ကျုပ်လဲ အင်္ဂလန် သွားတော့တာပဲ။

**သင်း** - ပထမဆုံးအကြိမ် အင်္ဂလန်ရောက်သွားခြင်းပဲပေါ့၊ နောက်ပြီး ဟိုကပင့်ဖိတ်လို့ သွားရတာဖြစ်သွားတာပေါ့။

**တော်** - ဟုတ်တယ်၊

**သင်း** - ဟိုမှာရောက်သွားတော့ ဘယ်မှာသီတင်းသုံးရသလဲဘုရား။

**တော်** - ဘာမင်ဂန်မြို့မှာပဲပေါ့။ ဟိုမှာက ဝတ်လုံကြီးတစ်ယောက်က ကျုပ်ကို (Sponser)လုပ်တယ်။ တာဝန်ယူတယ်။ တကယ့် လူကောင်းကြီး တစ်ယောက်ပါပဲ။ တော်ပါတယ်။ သူကပဲ ကျုပ်နေဖို့ အိမ်တွေဘာတွေ ငှားပေးတယ်။ အစားအသောက်ကအစ စီစဉ်ပေးတယ်။ နောက်ပြီး ကျုပ် သုံးဖို့စွဲဖို့ တစ်လကို ပေါင်တစ်ရာလဲပေးတယ်။ အဲဒီတုန်းက ပေါင်တစ်ရာ ဆိုတာ နည်းတဲ့ငွေမဟုတ်ပါဘူး။ အတော်ကို သုံးလောက်စွဲလောက်





ရှိပါတယ်၊ ဒီဝတ်လုံကြီးက တိဘက် ဗုဒ္ဓဘာသာဝင်ပါ၊ မဟာယာနပေါ့။

**သင်း** - ဟုတ်လားဘုရား။ ဘယ်လိုလုပ်ပြီး ဆရာတော့်ကို. . .

**တော်** - ဟုတ်တယ်။ တိဘက်ဘုန်းကြီးတွေကပဲ ကျုပ်ကို ပင့်ဖို့တိုက်တွန်း ခဲ့တာပဲ၊ ကျုပ်က တိဘက်ဗုဒ္ဓဘာသာကို လေ့လာခဲ့တော့ တိဘက်ဘုန်း ကြီးတွေကလဲ ကျုပ်ကိုသဘောကျကြတယ်။ ဒီတုန်းက ဘာမင်ဂန်မှာ မြန်မာ လူမျိုးသိပ်မရှိဘူး။ ရှိလှမှ မိသားစု ဆယ့်လေးငါးစုလောက် ရှိတော့မပေါ့၊ ကျုပ်ကသူတို့နဲ့လဲ အဆက်အသွယ်မရှိဘူး။ များသောအားဖြင့်လဲ သံရုံး ဝန်ထမ်းတွေပဲမဟုတ်လား၊ ကျုပ်က မြန်မာသံရုံးနဲ့လဲ ဆက်ဆံစရာမလို ဘူးလေ၊ ကျုပ်က အိန္ဒိယနိုင်ငံသား မဟုတ်လား။

**သင်း** - ဟုတ်တာပေါ့ဘုရား။ တပည့်တော်က အဲဒါကို ရှုတ်တရက် မေ့သွားတယ်။

**တော်** - ဗမာတွေနဲ့လဲ မတွေ့ရသလောက်ပါပဲ၊ ဒီလိုပဲ အင်္ဂလိပ်တွေနဲ့ ပြောရင်းဆိုရင်း၊ တရားပြရင်း အင်္ဂလိပ်လို ပြောတတ်ဆိုတတ်ဖြစ်သွား တာပါပဲ၊ စာကိုလဲဒီလိုနဲ့ပဲ ဖတ်တတ်သွားတာပါပဲ၊

**သင်း** - ဟုတ်လားဘုရား၊ အိန္ဒိယမှာနေစဉ်က အင်္ဂလိပ်လိုမသင်ဘူး လား၊ အရှင်ဘုရား အင်္ဂလန်ကိုကြွတော့ အင်္ဂလိပ်စာအခြေခံ ဘယ်လောက် ပါသွားလဲ၊

**တော်** - ဘယ်လောက်မှ မည်မည်ရရပါ မသွားခဲ့ပါဘူး။ နည်းနည်း ပါးပါး လောက်တော့ ပြောတတ်တယ်။ ဒါပေမယ့် စာကိုကောင်းကောင်း မဖတ် တတ်သေးဘူး။ သတင်းစာကိုတောင် ကုန်ကုန်စင်စင် နားမလည်သေးပါ ဘူး၊ အင်္ဂလိပ်စာကိုလဲ ကျကျနနသင်ခဲ့ရတာမှ မဟုတ်ပဲကိုး။ ကိုယ့်ဘာသာ စာအုပ်တွေဖတ်ပြီး လေ့လာခဲ့တာကိုး။ ဩော်. . . စောစောကပြောခဲ့တဲ့ အထဲမှာ အိန္ဒိယကအဖြစ်ကလေး တစ်ကဏ္ဍကျန် သွားခဲ့သေးတယ်။ အဲဒါ လေးကို ပြန်ကောက်လိုက်ရဦးမယ်။ ဒီလို. . . ဒီလို၊ ၁၉၆၉ လောက်မှာ ဦးနုနဲ့ မရွှေမနှောင်းမှာပဲ 'ဦးကိုအင်ကာ'လဲ အိန္ဒိယကို ရောက်လာတယ်၊ ဦးနုနဲ့ဗိုလ်လကျ်ာလဲ ရောက်လာတယ်။ ဦးကိုအင်ကာလဲ ရောက်လာတယ် ဆိုတော့၊ ကျုပ်က သူတို့အားလုံး တစ်ကြိတ်ထဲ တစ်ဉာဏ်ထဲပဲလို့ ထင်လိုက် မိသေးတယ်။ အမှန်တော့ ဦးနုနဲ့ ဦးကိုအင်ကာက လူချင်းရင်းနှီးကြတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ခေသာ်လဲ သူလာတာက နိုင်ငံရေးကြောင့် မဟုတ်ဘူး။ အိန္ဒိယမှာ တရားပြဖို့လာတာ။ ဆရာကြီးဦးဘခင်က ကျုပ်နဲ့ရင်းနှီးတယ်ဆိုတာ စောစောကပြောခဲ့ပါတယ်။ ဦးဘခင်က ကျုပ်ဆီကို စာလေးတစ်စောင် ရေးပေးလိုက်တယ်။ ဦးဂိုအင်ကာက အိန္ဒိယမှာ တရားစခန်းတွေ ဖွင့်ပါလိမ့်မယ်။ အရှင်ဘုရားက တတ်နိုင်သမျှ ကူညီလိုက်စေချင်ပါတယ်တဲ့။

ဒီလိုနဲ့ဦးဂိုအင်ကာက ပထမတော့ သူ့မိသားစုဆွေမျိုးသားချင်းတွေကို တရားပြတယ်။ နောက်တော့ တရားစခန်းဖွင့်တယ်။ လူလဲသိပ်များများ မလာပါဘူး။ လေးငါးခြောက်ယောက် ဆယ်ရက်စခန်းဆိုတာ မျိုးလောက်ပါပဲ။ အဲဒီမှာ သူကကျုပ်ကို တရားထိုင်ကြည့်ဖို့ ဆွယ်တယ်။ ကျုပ်က မသွားဘူး၊ ငါစာတွေ တတ်နေတာပဲ၊ သူ့ထက်ပိုတတ်တယ်ဆိုတဲ့ မာနပေါ့။ နောက်တော့ ဦးဂိုအင်ကာက 'ဘန္တေ'တဲ့။ အရှင်ဘုရားပေါ့။ ဟင်ဒီလိုပြောတာဆိုတော့ ဘန္တေတဲ့။ အရှင်ဘုရား ဟင်ဒီလိုရေးထားတဲ့ ကျမ်းတွေဟာ တပည့်တော်အဖို့ အလွန်ကိုကျေးဇူးရှိပါတယ်။ တပည့်တော် တရားဟောတဲ့အခါမှာ လာပြီးနားထောင်ပေးစေချင်ပါတယ်။ မှားတာချွတ်ယွင်းတာလေးများတွေ့ရင်လဲ ပြင်ပေးစေချင်ပါတယ်တဲ့။ ဒါကျတော့ ကျုပ်က မငြင်းသာတော့ဘူးပေါ့။ အမှန်တကယ်ကတော့ သူ့တရားကိုနာဖို့ ခေါ်တာပဲ မဟုတ်လား။

(ဆရာတော်က ပြောနေရင်း ရယ်ပြန်ပါသည်။ ဆရာတော်၏ စကားများကို ကြားနာရသည်မှာ အသံက တိုးငြင်းလွန်းလှသောကြောင့် အာရုံစိုက်နားစွင့်ရသည်မှအပ အလွန်ချမ်းမြေ့ ရွှင်မြူးဖွယ်ရာကောင်းလှပါသည်။ ဟန်ပန်လုပ်ခြင်းအလျဉ်းမရှိ ပကတိအရိုးခံအတိုင်း အေးဆေးပွင့်လင်းလှသောကြောင့်လည်း ဖြစ်မည်ထင်ပါသည်။)

**သင်း** - ဆက်ပါဦးဘုရား။ ဒါနဲ့ပဲ ဦးဂိုအင်ကာရဲ့တရားကို နာရရောဆိုပါတော့။

**တော်** - အဲဒီလိုဖြစ်သွားတာပေါ့။ ကျုပ်က ဟင်ဒီကို စကားရောစာပါ ကောင်းကောင်းကြီး နားလည်နေတာကိုး။ ဒီတော့ တရားဟောတဲ့ အခါမှာ သူပြောနေတာတွေကို တစ်လုံးမကျန် အသေအချာနားလည်တယ်။ အသေးစိတ်ကိုပဲ နားလည်နေတယ်။ ဒီတော့မှ ဒီလူကြီးဟာ တယ်တော်ပါလား၊





ဒါတို့ ခက်ခက်ခဲခဲစကားလုံးတွေနဲ့ပြောနေတဲ့ အကြောင်းအရာတွေကို သူက လွယ်လွယ်လေးနဲ့ပြောသွားပါလားရယ်လို့ သူ့ကို အထင်ကြီးလာတယ်၊ ကျုပ်က သူ့တရားပွဲတွေကို အစိတ်သုံးဆယ်လောက်လိုက်ပြီး နားထောင်ဖူးတယ်၊ သေချာနားထောင် ကြည့်ပါတယ်။ တစ်ချက်ကလေးမှ ချွတ်ချော်တိမ်းပါးတာကို မတွေ့ရဘူး။ တကယ့်ကိုတော်တဲ့ပုဂ္ဂိုလ်ပါပဲ။ အဲ. . . ပြီးလို့ရှိရင် သူ့ အခန်းထဲကို ကျုပ်ကိုခေါ်တယ်၊ သူဟောတာ ပြောတာမှာ အမှားအယွင်းရှိသလားဆိုတာမျိုး ဆွေးနွေးတာပေါ့လေ။ နောက်တော့ ကျုပ်ကိုယ်တိုင်လဲ စိတ်ပါလာပြီး တရားထိုင်ဖြစ်သွားပါတယ်။ အဲဒါနဲ့တစ်နေ့မှာတော့ သူက ပြောတယ်။ ဩော်. . . ပြောလိုက်ရဦးမယ်၊ ဒီအချိန်က သူ့ဇနီးက မြန်မာပြည်မှာပဲ ရှိနေသေးတယ်။ သူ့ညီတွေအစ်ကိုတွေက သူ့ကိုစီးပွားရေးလုပ်ဖို့ ပြောတယ်တဲ့။ စီးပွားရေးလုပ်ဖို့ သိန်းနှစ်ဆယ် ထုတ်ပေးမယ်တဲ့၊ အဲဒါကိုအခြေခံပြီး အစိုးရဆီကလဲ သိန်းနှစ်ဆယ်လောက် ရနိုင်တယ်၊ သိန်းလေးဆယ်လောက်ဆိုတော့ စီးပွားရေးလုပ်မယ်ဆိုရင် ကောင်းကောင်း ဖြစ်နိုင်တယ်၊ အဲဒါ လုပ်သင့်မလုပ်သင့် ကျုပ်ကို တိုင်ပင်တယ်ဆိုပါတော့၊ ဒီတော့ ကျုပ်ကစီးပွားရေးလုပ်ရင်လဲ အကောင်းသားပဲ၊ လုပ်ပေါ့၊ တရားပြတယ်ဆိုတာက နောင်အခါကျမှလုပ်ရင်လဲဖြစ်နိုင် တာပါပဲပေါ့။ ကျုပ်ကိုယ်တိုင်ကလဲ တက္ကသိုလ်မှာ စာတွေပြပြီး ပိုက်ဆံတွေယူနေတုန်း မဟုတ်လား၊ ဒီတော့ သူကပြောတယ်။ 'အရှင်ဘုရားက ဘုန်းကြီးဆိုတော့ နားမလည်ဘူး၊ စီးပွားရေးလုပ်ငန်းဆိုတာ ဝင်လိုက်မိပြီးရင် ပြန်ထွက်ဖို့သိပ်ခက်တယ်'တဲ့၊ ဒီတော့ ကျုပ်က'ဒကာမကြီး ရောက်လာမှ တိုင်ပင်ဆုံးဖြတ်ရင် ကောင်းမယ်ထင်တယ်' လို့ ပြောလိုက်တယ်။ ဒီလိုနဲ့သူ့ဇနီး အိန္ဒိယကို ပြန်ရောက်လာတော့ ကျုပ်ရှေ့မှာပဲ တရားပြတဲ့အလုပ်ကို လုပ်ချင်ကြောင်း၊ စီးပွားရေးကို ရပ်ချင်တော့တဲ့အကြောင်း သူ့ဇနီးကိုပြောပြီး ခွင့်တောင်းတယ်။ ဒီတော့ သူ့ဇနီးက သားတွေလဲကြီးကုန်ပါပြီ၊ လုပ်ချင်ရင်လုပ်ပေါ့တဲ့။ သူကိုယ်တိုင်လဲ [illegible]အလုပ်ကို လုပ်ချင်နေပါတယ်။ ဒါကြောင့် တရားပြပြီဆိုရင် သူ့ကိုပါ [illegible]မှာမယ်။ တရားပြတိုင်း ဟောတိုင်းမှာ သူပါလိုက်ပြီးကြားနာခွင့် ပြုပါ[illegible]ဘာင်းတယ်။ ဒါကြောင့် ဦးဂိုအင်ကာရဲ့ တရားပွဲတိုင်းမှာ သူ့ဇနီးက [illegible]နေရတာ။ ကတိပေးထားခဲ့ရတာ မဟုတ်လား။ ဦးဂိုအင်ကာလဲ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကို မလုပ်ဖြစ် တော့ဘူး။ တရားစခန်းဖွင့်ပြီး တရားပြတဲ့အလုပ်ကိုပဲ လုပ်ဖြစ်သွားတော့တယ်။ ဒီတော့မှ ကျုပ်မှာ စဉ်းစားစရာဖြစ်လာတာက စီးပွားရေးသမားကြီးဖြစ်တဲ့ လူ့ဝတ်ကြောင် ဦးဂိုအင်ကာက စီးပွားရေးကို မလုပ်တော့ဘဲ တရားအလုပ်ကို လုပ်နေပြီ။ ငါက ဘုန်းကြီးဖြစ်နေပါလျက် လခလေး တစ်ထောင်လောက်နဲ့ တက္ကသိုလ်မှာ စာပြနေတယ်။ မဟုတ်သေးပါဘူးလို့ တွေးမိလာတယ်။ နောက်ပြီး ဦးဂိုအင်ကာကလဲ 'အရှင်ဘုရား - တက္ကသိုလ်မှာ လခလေးတစ်ထောင်လောက်နဲ့ စာပြနေတယ်။ ငွေကြောင့် စာပြနေတာဆိုရင် ဒီငွေလောက်ကို တပည့်တော်ပေးနိုင်ပါတယ်၊ တရားအလုပ်ကို လုပ်ပါလား'လို့ ပြောပြန်တယ်။ အဲဒီအပြင် အိန္ဒိယမှာ အလွန်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက် ရှိသေးတယ်။ သိပ်ချမ်းသာတယ်။ သူနဲ့ကျုပ်နဲ့က အတော်လေးခင်မင်ရင်းနှီးတယ်။ သူကလဲ ဒီငွေလေးလောက်နဲ့တော့ စာပြမနေပါနဲ့၊ တပည့်တော် ထောက်ပံ့နိုင်ပါတယ်လို့ ပြောတယ်။

ဒါနဲ့ပဲ အဲဒီမင်းသမီးကို 'ငါ့ကို ငွေတစ်သောင်းလောက်ပေးပါ'လို့ တောင်းတော့ သူက 'ရပါတယ်'လို့ပြောပြီး ချက်လက်မှတ်မှာ လက်မှတ်ထိုးပေးတယ်။ (Blank Cheque)ပေါ့။ 'လိုသလောက်ရေးပြီး ထုတ်ယူပါ' လို့ ပြောတယ်။ ဒါနဲ့ သူ့ဆီက ငွေတစ်သောင်းရပြီးတော့ ဦးဂိုအင်ကာဆီက ငွေခုနစ်ထောင် တောင်းယူတယ်။ သူကတော့ ငွေသားပေးလိုက်တယ်။ အဲဒီငွေတွေနဲ့ ကျုပ်ကျောင်းကို ပြင်ပစ်လိုက်တယ်။ ရေချိုးခန်းတို့ အိမ်သာတို့ကစပြီး အတော်ကောင်းအောင် ပြုပြင်လိုက်တယ်။ အဲဒီမှာ တရားထိုင်တဲ့ သူတွေကို လက်ခံထားလိုက်တယ်။ ကိုယ်တိုင်လဲ တရားပြပေါ့။ တရားထိုင်တဲ့ သူတွေဆီက တစ်လကို ငွေနှစ်ထောင်လောက်ရတယ်၊ ဒါနဲ့ကျုပ်လဲ မန်နေဂျာတစ်ယောက်ကို လခတစ်လတစ်ရာကျော်ပေးပြီး ခန့်ထားလိုက်ရသေးတယ်။

**သင်း** - ဒီလိုဆိုတော့ အရှင်ဘုရားက မဟာဘွဲ့တွေ၊ ဒေါက်တာဘွဲ့ တွေကို ရပြီးမှ တရားထိုင်ဖြစ်တော့တာပေါ့ဘုရား။

**တော်** - ဒီလိုတော့လဲ မဟုတ်ဘူးဗျ။ မြန်မာပြည်မှာနေစဉ်ကလဲ စွန်းလွန်းတို့ မဇ္ဈာစည်တို့မှာ တရားစခန်းဝင်ခဲ့ဖူးပါတယ်။ သို့သော်လည်း လေ့လာတဲ့





သဘောသာသာလောက်သာ ဖြစ်နေခဲ့တာပေါ့လေ။ ဒီလိုနဲ့ပဲ ကျုပ်အင်္ဂလန်ကို ရောက်သွားလိုက်တော့ အဲဒီမှာလာပြီး တရားစခန်းဝင်သွားခဲ့ကြတဲ့ သူတွေကိုပြန်တွေ့ရတယ်။ သူတို့ကကိုပဲ ကျုပ်အင်္ဂလန်ကို ရောက်လာပြီဆိုတာ ကြားရလို့လာကြတာပါပဲ။ ကျုပ်က အင်္ဂလိပ်စကား ကောင်းကောင်းမပြောတတ်သေးတာကြောင့် အင်္ဂလိပ်စကားသင်ချင်သေးတယ်ဆိုတော့ သူတို့က မလိုဘူးတဲ့၊ တရားပြရင်း ပြောသာပြောပါ၊ မှားရင် သူတို့ပြင်ပေးမယ်လို့ ပြောတယ်။ သီးသန့်သင်မနေပါနဲ့၊ အင်္ဂလိပ်စကားသင်ပေးဖို့ ကျောင်းကို လာတာ မဟုတ်ဘူး. တရားထိုင်ဖို့လာတာလို့ ပြောကြတယ်။ ဒါနဲ့ပဲသူတို့ကို တရားပြပေးရင်း ကျုပ်လဲ ပြောတတ်ဆိုတတ်ဖြစ်သွားတာပါပဲ။ သို့သော်လဲ အသက်ကြီးမှ သင်ရတာဆိုတော့ အသံထွက်တွေ လေယူလေသိမ်းတွေက တော့ သိပ်မကောင်းတော့ဘူးပေါ့လေ။

**သင်း** - ဒါပေါ့ဘုရား။ လူ့က ဘာသာတစ်ခုမှာ အမြစ်ခိုင်သွားပြီဆိုရင် နောက်ဘာသာတစ်ခုကို ပီပီသသပြောနိုင်ဖို့ အတော်လေးကို ခက်သွားတတ်တာပါပဲ။

**တော်** - ဒကာကြီးပြောလိုက်မှ သတိရလာလို့ ပြောလိုက်ရဦးမယ်။ကျုပ်က အိန္ဒိယမှာ အနှစ်နှစ်ဆယ်လောက် နေလာခဲ့တယ်။ ဒီအတောအတွင်းမှာ မြန်မာတွေနဲ့လဲ မတွေ့ရဘူး။ မြန်မာဘုန်းကြီးကျောင်းတွေကိုလဲ မရောက်ဘူး၊ ရောက်တော့ ရောက်တယ်ပေါ့လေ။ ခဏတဖြုတ်လောက်ပဲ ရောက်တာမျိုး ဖြစ်နေခဲ့တယ်။ မြန်မာစာကိုလဲမဖတ်ခဲ့ရဘူး။ မဂ္ဂဇင်းတို့ဘာတို့ကိုလဲ မတွေ့ရဘူး။ ပိဋကတ်ကို ဖတ်တယ်ဆိုပြန်တော့လဲ ကျုပ်က ပါဠိပိဋကတ်ကိုသာ ဖတ်နေတော့တာကိုး။ ဒီတော့ ကျုပ်မှာ မြန်မာစကား မြန်မာစာနဲ့ အတော်ကြီးကို ဝေးသွားခဲ့တယ်။ စဉ်းစားတာကိုက ဟင်ဒီလို စဉ်းစားတာမျိုး ဖြစ်သွားတယ် အဲဒါကို အင်္ဂလန်ရောက်သွားမှ သေချာသတိထားမိတယ်။ သူတို့ အင်္ဂလိပ်လိုပြောတာကို ကျုပ်က ဟင်ဒီလိုဘာသာပြန်ပြီး နားလည်နေတယ်၊ ပစ္စည်းတစ်ခုကိုတွေ့လိုက်ရင်၊ သို့မဟုတ် လူတစ်ယောက်ကို တွေ့လိုက်ရင် ပြောဖို့စကားက ဟင်ဒီလိုအရင်ပေါ်လာ လိုက်ပြီးမှ အင်္ဂလိပ်လို ပြောလိုက်မိတယ်။ အခုကျုပြန်တော့လဲ အင်္ဂလန်မှာ နေတာ နှစ်အတော်ကြာ လောက်ကြာသွားလို့ ငါဟာ ဘယ်ဘာသာစကားနဲ့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သလဲလို့တွေးကြည့်လိုက်တော့ အင်္ဂလိပ်ဘာသာစကားနဲ့ စဉ်းစားတာ ဖြစ်လာပြန်တယ်။

**သင်း** - ဟုတ်မှာပေါ့ဘုရား၊ အင်္ဂလိပ်လိုရေးတာကတော့ကော ဘုရား။

**တော်** - အင်္ဂလိပ်စာကိုလဲ ဖတ်နေမိတာကိုး။ နောက်တော့ ပြောရင်းနဲ့ ပြောတတ်လာသလို ရေးရင်းနဲ့ ရေးတတ်သွားတာပါပဲ။

**သင်း** - တကယ့်ကိုပါပဲ အရှင်ဘုရားဘဝက တော်တော်ကို ထူးထူး ဆန်းဆန်းတွေ့ပါပဲဘုရား။

**တော်** - ထူးထူးဆန်းဆန်းဆိုမှ သတိရလာလို့ ပြောလိုက်ရဦးမယ်။ နိုင်ငံရေးတွေဘာတွေမဟုတ်ဘဲနဲ့ တရုတ်ပြည်ကို ရောက်လိုက်ရသေးတယ်။

**သင်း** - ဟုတ်လားဘုရား၊ သိပါရစေဦးဘုရား။ ဘယ်လိုသွား လိုက်ရတာ လဲ။

**တော်** - မင်းသားကြီး သီဟာနုနဲ့ပတ်သက်လို့ရောက်သွားရတာ။ ဒီလို. . . သူ့မယ်တော်ကြီးက ပီကင်းကဆေးရုံတစ်ခုမှာ တက်နေတယ်။ အဲဒါ ဗုဒ္ဓ ဘာသာဘုန်းတော်ကြီးတစ်ပါးကို ပရိတ်ရွတ်ဖို့ ပင့်ပေးပါ ဆိုတာကြောင့် အိန္ဒိယာဂန္ဓီက ကျုပ်ကိုလွှတ်တာပဲ။ တိုင်းရေးပြည်ရေးအရဆိုရင် တရုတ် နဲ့အိန္ဒိယကလဲ စစ်ဖြစ်ထားသေးတာကိုး။ ဒီတော့ လျှို့ဝှက်ဆောင်ရွက်ရတဲ့ သဘောလဲ ပါနေတယ်ထင်ပါရဲ့။ ကျုပ်ကို အိန္ဒိယာဂန္ဓီက သူ့ဆီမှာပဲ ထား တယ်။ လေယာဉ်လက်မှတ်ကိစ္စတွေ၊ ဗီဇာကိစ္စတွေ သူ့ ဘာသာသူ အားလုံး လုပ်ပေးလိုက်တယ်။ အိန္ဒိယကနေပြီး မော်စကိုသွားရတယ်။ အဲဒီကမှ ပီကင်းကို သွားရတယ်။ ပီကင်းရောက်တော့ ဆေးရုံမှာ ပရိတ်ရွတ်ပေါ့လေ။ သီဟာနုမင်းသားကြီး အဲဒီမှာ ရှိနေပေမယ့် မလာဘူး။ ကျုပ်နဲ့ စကားမပြော ရဘူး ဆိုတာတွေလဲ ရှိချင်ရှိနေမှာပေါ့လေ။ သုံးရက်ပဲနေခဲ့ရပါတယ်။ တရုတ် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ခုကိုတော့ လိုက်ပို့ပါသေးတယ်။ အပြန်မှာ တော့ ဟောင်ကောင်ကို ပို့လိုက်တယ်။ အဲဒီက တစ်ဆင့် အိန္ဒိယကို ပြန်ရတယ်။

**သင်း** - အရှင်ဘုရား မြန်မာပြည်ကိုလဲ ခဏလာလိုက်သေးတယ် မဟုတ် လား ဘုရား။ သတင်းဖြစ်နေတာက နိုင်ငံရေးကိစ္စတစ်ခုခုကြောင့် လာရသ လိုလို့တောင် ပြောကြတာပဲ။





**တော်** - နိုင်ငံရေးကိစ္စကြောင့် မဟုတ်ဘူး။ ဦးနုက ပင့်လို့လာရတာ၊ သူ့မ ယေမီတွေချင်သေးတယ်ဆိုလို့ အစိုးရက စီစဉ်ပေးတာပါ။ လေယာဉ်ပေါ် က ဆင်းဆင်းချင်းကိုပဲ ဦးနုအိမ်ကိုခေါ်သွားပြီး တွေ့ပေးတာပါပဲ။

**သင်း** - အရှင်ဘုရား မြန်မာလိုကော ကောင်းကောင်းရေးနိုင်သေးရဲ့လား ဘုရား။

**တော်** - မရေးနိုင်တော့ဘူး။

**တော်** - ဖတ်တော့ ဖတ်နိုင်သေးသလား ဘုရား။

**တော်** - ဖတ်တာတော့ ဖတ်နိုင်ပါတယ်။ အော် . . . ဖတ်နိုင်တယ် ဆိုတာတောင်မှ မနေ့ကသတင်းစာတစ်စောင်ကို ကောက်ဖတ်ကြည့်တယ်။ ကျုပ်မသိတဲ့စကားလုံးတွေ အတော်များများ တွေ့နေရတယ်။ ကြိုးစားတော့ ဖတ်ကြည့်ပါသေးတယ်။ နောက်တော့လဲ လက်လျှော့လိုက်ရတယ်။ တစ်ချို့ စကားလုံးတွေက နောက်မှပေါ်လာတာတွေဆိုတော့ ကျုပ် မသိတော့ဘူး။

**သင်း** - ဟုတ်ပေမှာပဲ ဘုရား။ ဘာသာစကားဆိုတာကလဲ အမြဲ ရှင်သန် တိုးပွားနေတာကိုး။ အရှင်ဘုရားနဲ့တွေ့ခွင့်ရတာ တပည့်တော်ဖြင့် ဝမ်းသာ တာရော အံ့သြတာရော ပြည့်နေတော့တာပါပဲဘုရား။ ကျေးဇူးလဲ အလွန်ကို တင်မိပါတယ်။ အရှင်ဘုရားပြောတာတွေကို နားထောင်နေရင်း ဒေါင့်ကြီးက ဘုန်းကြီးမရှိပါဘဲလျက် စာတွေကိုကြိုးစား ကျက်မှတ်နေတဲ့ မောင်ရွှေမောင် ဆိုတဲ့ ကျောင်းသားကလေးကို တပည့်တော့် စိတ်မျက်စိမှာ တရေးရေးမြင် ယောင် နေမိတော့တာပဲဘုရား။

ဆရာတော်လည်း သူ၏ငယ်ဘဝကို ပြန်လည်မြင်ယောင်နေ ဟန်သည့်အလား ပြုံးပြီး ခေတ္တမျှငေးနေပါသည်။

ဘာမင်ဂန်ဆရာတော် ဒေါက်တာရေဝတနှင့် တွေ့ဆုံခန်း ဤတွင် ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပါရဂူ

[illegible]

## ပါရဂူ သို့မဟုတ် အလုကုန်သည်နှင့် တွေ့ဆုံခြင်း

တရေးဆရာများအနက် ဝါရင့်ဆရာကြီးစာရင်းဝင်တွေရှိသည်ကို စာဖတ်သူများ သိကြပါသည်၊ ကျွန်တော်ကိုယ်တိုင်လည်း ဆရာကြီးစာရင်းတွင် ပါမှန်းမသိပါလာခဲ့ရပြီ ဖြစ်သည်။ ဆရာကြီးစာရင်းဝင်အချင်းချင်း၌ပင်လျှင် ကျွန်တော်ကိုယ်တိုင်က ချစ်ခင်ကြည်ညိုရသော ဆရာကြီးတွေရှိသည်၊ မြသန်းတင့်နှင့် ပါရဂူတို့မှာ ကျွန်တော်ချစ်ခင်ကြည်ညိုရသော ဆရာကြီးများဖြစ်သည်။ 'ချစ်ခင်ကြည်ညို'သည်ဟူသော စကားကို ကျွန်တော်သုံးပါသည်၊ အဘယ်ကြောင့် ဒီစကားလုံးကို ရွေးသုံးလိုက်သည်ကို အထူးပြောမနေတော့ပါ။

မြသန်းတင့်ဆိုလျှင် ကျွန်တော်နှင့် ငယ်သူငယ်ချင်းတွေလို ချစ်သည်။ ပြောမနာဆိုမနာဟု ဆိုရလောက်အောင်ပင် ရင်းနှီးသည်၊ ရင်းနှီးသည်က တခြား၊ ချစ်သည်ကတစ်ခြား၊ ကြည်ညိုလောက်သောဂုဏ်တို မြတ်နိုးရသည် ကတစ်ခြားဟု ဆိုချင်သည်။

သူတို့သည် အလွန်ဝိရိယကောင်း ကြသည်၊ စာပေစေတနာလည်း တကယ့်ကို ကြီးမားကြသည်။ နောက်ပြီး ဘဝအတွေ့အကြုံမှာဆိုလျှင်လည်း ကျွန်တော်တို့နှင့် လားလားမျှမဆိုင်၊ သူတို့အတွေ့အကြုံတွေကို စကားစပ်မိလို့ နားထောင်ကြည့်လိုက်လျှင် တကယ့်စွန့်စားခန်းတွေနှင့် သည်းထိတ်ရင်ဖို ရှိလှသည်။

လောကသံရှုမှုစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြသန်းတင့်အား -

"ကိုမြသန်း-ခင်ဗျားကို ကျွန်တော် အင်တာဗျူးလုပ်ချင်တယ်ဗျာ"

"ဟာ-ဘာလို့လုပ်နေမှာလဲ၊ ဝင်းငြိမ်းလဲ လုပ်ပြီးပေါ့ဗျာ၊ ကျုပ်မှာ ပြောစရာမရှိတော့ဘူး၊ ကုန်ပြီ"

(သူ့ညဉ်အတိုင်း 'ကုန်ပြီ' ဆိုတာပြောလိုက်တော့ လက်ကလေး ပင်ခါပြ လိုက်သေးသည်။)

"ဘယ်ဟုတ်မလဲဗျ၊ ဝင်းငြိမ်း လုပ်တာကတစ်မျိုး၊ ကျုပ်လုပ်မှာက တစ်မျိုး၊ ခင်ဗျားဆီက ကျုပ်လိုချင်တာတွေ အများကြီးရှိသေးတယ်"

"ကျုပ်မေးချင်တာတွေက ဘယ်လိုမေးခွန်းတွေလဲဆိုတော့ . . . " ဟုအစချီပြီး စကားသွယ်လိုက်တော့မှ သူက "အေးဗျာ . . . ခင်ဗျား မေးလိုက်မှပဲ . . . "ဟု နိဒါန်းပျိုးပြီးရှေးဟောင်းနှောင်းဖြစ် အတွေ့အကြုံ တွေကို တစ်ခါတရံ လွမ်းလွမ်းဆွေးဆွေး၊ တစ်ချက်တစ်ချက် တက်တက် ကြွကြွ၊ တစ်ချီတလေ ရယ်ရယ်မောမော ပြောပြခဲ့သည်တို့ ယခုတိုင် သတိရ နေမိပါသေးသည်။

သည်လိုနှင့် ကိုမြသန်းက အင်တာဗျူးလုပ်ရန် သဘောတူလိုက် သည်။ သို့သော် ရက်ချိန်းအတိအကျကို မရနိုင်သေးခဲ့၊ ကျွန်တော့် စိတ်အား ထက်သန်မှုကို မလွန်ဆန်လိုသောကြောင့်သာ ကတိပေးလိုက်ရသော်လည်း သူ့စိတ်တွင် မတင်မကျဖြစ်နေသေးဟန်တူပါသည်။ သည်လိုနှင့် နောက်ဆုံး တွင်တော့ဖြင့် "ရှေ့အပတ်ထဲမှာ လုပ်ကြရအောင်ဗျာ" ဟု ပျော်ပျော်ကြီး ကတိပေးလိုက်ပါသည်။

သို့သော် သူငယ်ချင်းမြသန်းကြီး ကတိမတည်ခဲ့။ ကတိပေးပြီး နှစ်ရက်လောက်အကြာမှာ ကတိဖောက်ဖျက် တမလွန်သို့ ခရီးထွက်သွား ခဲ့သည်။ ယခုစာရေးနေရင်းပင် သင်းကိုလွမ်းမိနေသည်။

ဤသို့နှင့် မြသန်းတင့်၏ အင်တာဗျူးကို လက်လွတ်သွားခဲ့ရသည်။

ထိုအခါကလည်း မြသန်းတင့် တစ်ယောက်တည်းကိုသာမဟုတ် ဆရာပါ(ပါရဂူ)ကိုလည်း အင်တာဗျူးလုပ်ရန် စကားဆိုင်ထားပြီး ဖြစ်သည်။ သူကလည်း တိတိကျကျရက်ချိန်းမပေးသေး။ သို့နှင့် မြသန်းတင့်၏ တစ်လ ပြည့်အထိမ်းအမှတ်ပွဲမှာ ဆရာပါနှင့်တွေ့တော့ ကျွန်တော်က . . .





"ကဲ . . . ဆရာပါ အင်တာဗျူးအတွက် ရက်ချိန်းပေးတော့ဗျာ" ဟုပြောလိုက်တော့ ဆရာပါက ရုတ်တရက် ရယ်မောလိုက်ပြီး လက်ကလေး တာ လိုက်ရင်း . . .

"ခဏနေပါဦးလေ . . . ချက်ချင်းကြီး ဘာကြောင့် အရေးကြီးနေ တာလဲ" တဲ့။

(သူရယ်လိုက်ပုံကမြသန်းတင့် ကွယ်လွန်သွားတာနဲ့ ကျုပ်ကိုလဲ အချိန်မီအောင်ဆိုတာမျိုး ဖြစ်နေပြီဆိုသည့် သဘောမျိုးပါနေသည်) သည်တော့မှ ကျွန်တော်က . . .

"ဟာ . . . အဲဒီလို မဟုတ်ပါဘူး ဆရာရဲ့၊ ဆရာ့ကို ကျွန်တော် ပြောထားတာ ကြာလှပြီ၊ နေ့ရွှေ့ညရွှေ့လုပ်မနေပါနဲ့တော့လို့ ပြောတာပါ" ပြီးတော့ နှစ်ယောက်သား ရယ်မိကြသည်။

သည်လိုနှင့် "သုခချမ်းသာ"က စိန်ဝင်းဦး ( ကျွန်တော်က မောင်စိန် လို့ပဲခေါ်သည်) ကျွန်တော့်ဆီက ဆောင်းပါးလိုချင်လို့ ရောက် လာတော့ "မောင်စိန်ရေ ဆရာပါဆီသွားချေကွာ။ သူ့ကို အင်တာဗျူးလုပ်ဖို့ ပြောနေတာကြာလှပြီ။ ၂ နှစ်တောင်ကျော်လောက်ပြီ။ ရက်ချိန်းပေးဖို့ တောင်းခဲ့။ ငါ စာရေးပေးလိုက်မယ်၊ အဲဒါ မင်းတို့ မဂ္ဂဇင်းကိုပေးမယ်"

နောက်တစ်နေ့ကျတော့ ဆရာပါ့ဆီကစာကလေးနှင့် မောင်စိန် ပေါက်လာသည်။ စာက . . .

၁-၄-၉၉

*ဆရာခင်ဗျား*

*၁၃ ရက် နေ့လည် ၁ နာရီမှာ ချိန်းလိုက်ပါတယ်ခင်ဗျား။*

*ကိုစိန်ဝင်းဦး ကျွန်တော့်ကို လာခေါ်ပါလိမ့်မယ်။*

*ပါရဂူ*

ဤသို့အားဖြင့် ၁၃၆၀ပြည့် နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့ (၁၃-၄-၉၉ ) သင်္ကြန်အကြိုနေ့တွင် ပါရဂူနှင့်တွေ့ဆုံမေးမြန်း ခဲ့ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသိကြသည့်အတိုင်း ဆရာပါရဂူက စာရေးလည်း ကောင်းသည်၊ ရေးအားလည်းကောင်းသည်။ ရေးအားကောင်းလိုက်ပုံမှာ စာဖတ်သူကဖတ်လို့ မနိုင်နိုင်အောင်ရေးသည့် စာရေးဆရာဖြစ်သည်။ ထိုကဲ့သို့ စာရေးကောင်း၊ ရေးအားကောင်းခြင်းတို့ကြောင့် ကျွန်တော်က သူ့အင်တာဗျူးလုပ်ရန် စိတ်ဝင်စားခဲ့သည်မဟုတ်။ တစ်ခါက သူအမှတ်မထင် ပြောလိုက်သော စကားလေးတစ်ခွန်းကြောင့် အင်တာဗျူးလုပ်ရမည့်သူဟု ဆုံးဖြတ်လိုက်မိခြင်း ဖြစ်သည်။ ထိုစကားလေးက . . .

"ပါရဂူဆိုတဲ့ နာမည်လေးတစ်လုံးဖြစ်လာလိုက်တာကိုသာ လူငယ်တွေက သတိထားမိကြတာကိုး ဦးအောင်သင်းရဲ့၊ ဒီနာမည်လေး တစ်လုံး ဖြစ်လာအောင် ဘယ်လောက် ရင်းနှီးခဲ့ရတယ်ဆိုတာမသိကြဘူး" တဲ့။

ကဲ . . . သည်လောက်ဆိုရင်ပဲ ကျွန်တော်သူ့ကို မေးမယ့်အကြောင်းအရာတွေကို မှန်းလို့ရလောက်ပါပြီ။

ဆရာပါရဂူ အများဆုံးရေးသည်မှာ ဘာသာပြန်တွေဖြစ်သည်။ အများအားဖြင့် ဟင်ဒီစာပေတွေကို ပြန်ဆိုရေးသားလေ့ရှိသည်။ ထို့ကြောင့် သူ့စာတွေထဲမှာ သူ့ဘဝအကြောင်းကို တွေ့ရခဲသည်။ နောက်ပိုင်း 'ဘဝခရီး' ဆောင်းပါးတွေ၊ 'ပရကထာ' ဆောင်းပါးတွေကိုရေးလာမှ သူ့ဘဝတစ်စေ့တစ်စောင်းကို တွေ့လာရသည်။

ကျွန်တော်က သူနှင့်တွေ့လိုက်လျှင် အမေးသမားသက်သက်ချည်းသာ ဖြစ်နေခဲ့သောကြောင့် သူငယ်ငယ်က ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ပညာဆည်းပူးရပုံတို့ကို အတော်ကြီးကိုသိနေခဲ့သည်။ သူနှင့်အတူ စာပေဟောပြောပွဲ ခရီးတွေကိုလည်း ထွက်ခဲ့ဖူးသည်။ နီးနီးကပ်ကပ် ဆက်ဆံမိကြသောအခါ ဆရာပါ၏ ရိုးသားပွင့်လင်းမှုကို သေချာတွေ့လာရသည်။ သူ့ရိုးသားပွင့်လင်းမှုက မကြိုက်လျှင် မကြိုက်သလို ပြောချလိုက်သည်ဆိုသော ရိုးသားပွင့်လင်းမှုမျိုးမဟုတ်။ သူ့ခံယူချက်၊ ယုံကြည်ချက် ကလေးတွေကို သက်သောင့်သက်သာ ဖွင့်ပြောတတ်သည့် ရိုးသားမှုမျိုး ဖြစ်သည်။ တစ်ခါက သူ ကျွန်တော့်ကို ပြောပုံလေးကို ကြည့်ပါ။

"ဦးအောင်သင်းရေ . . . နောက်ပိုင်းမှာ ကိုယ့်ဘဝကို ပြန်ပြီး တွေးလိုက်တော့ ကျွန်တော် ဘုန်းကြီးဘဝကို ရောက်ခဲ့တာဟာ သဒ္ဒါစိတ်





ကြောင့် မဟုတ်ဘူး၊ ပညာသင်ချင်လွန်းလို့သာ ဘုန်းကြီးဖြစ်သွားခဲ့ရတာ" ပြီးမှ သူ့ဘာသာသူ သဘောကျစွာ ရယ်မောပြောလိုက်သည်က -

"ဒါကြောင့်လဲ နောက်ပိုင်း လူထွက်သွားတာပေါ့လေ" တဲ့။

ကဲ. . . ကျွန်တော်တို့ တွေ့ဆုံခန်းလေးကို နားထောင်ကြည့်စမ်းပါဦး။

*

**သင်း** - ဆရာပါ့ကို အင်တာဗျူးလုပ်ပါရစေလို့ ပြောခဲ့တာ အတော်လေးကြာသွားခဲ့ပြီနော်။ ဒီလိုပါဆရာ တစ်ခါက ဆရာကျွန်တော့်ကို ပြောခဲ့ဖူးတာလေးကို သတိရလိမ့်ဦးမယ်လို့ ထင်ပါတယ်။ "ပါရဂူဆိုတဲ့ နာမည်တစ်လုံး ရလာတာကိုသာ သိကြတာ၊ ဒီနာမည်လေးတစ်လုံးကိုရဖို့ ဘယ်လောက်အရင်းအနှီးတွေ ပေးခဲ့ရတယ်ဆိုတာ သိကြတာမဟုတ်ဘူး" လို့ ဆရာပြောခဲ့ဖူးတယ်။ ဒီလိုဖြစ်လာအောင် ဘယ်လိုလုပ်ခဲ့ရတယ်၊ ဘယ်လောက်ထိအောင် 'ရင်း'ခဲ့ရတယ်ဆိုတာကို လူငယ်တွေ သိစေချင်တယ် ဆရာ။

ကျွန်တော်တို့ဆရာတို့ဟာ အသက်ကြီးကြပါပြီ။ ကျွန်တော်တို့ သူငယ်ချင်းကြီး မြသန်းတင့်ဆိုရင် ကွယ်လွန်သွားရှာခဲ့ပြီ။ ကျွန်တော့်အတွက်လဲမဟုတ်ပါဘူး၊ ဆရာ့အတွက်လဲ မဟုတ်ပါဘူး၊ လူငယ်တွေအတွက်ပါဆရာ။ လူငယ်တွေ ပညာကိုမြတ်မြတ်နိုးနိုးရှာကြ ဖွေကြစေချင်တယ်။ ဒီတော့ ဆရာဟာပညာကို ဘယ်လိုရှာခဲ့ရတယ်၊ ဘယ်လောက် 'ရင်း' ခဲ့ရတယ်ဆိုတာလေးတွေကို ပြောပြပါဆရာ။

**ပါ** - ဆရာလဲသိပါတယ်။ ကျွန်တော့်ဇာတိက ဟင်္သာတမြို့နယ်က သန္တန်သနော့ဆိုတဲ့ ရွာကလေးပါ။ ဒီအကြောင်းလေးတွေကိုတော့ ကျွန်တော် ရေးခဲ့ဖူးပါသေးတယ်။

**သင်း** - ဟုတ်ပါတယ်၊ ကျွန်တော်လဲ ဖတ်လိုက်ဖူးပါတယ်၊ ဒါပေမယ့် ဒီမှာတော့ဖြင့် နဲနဲလောက်ထပ်ပြောပေးပါဦး။

**ပါ** - အဲဒီသန္တန်သနော့ ရွာလေးက ကျွန်တော်တို့ခေတ်ကတော့လဲ အိမ်ခြေနှစ်ရာကျော်သုံးရာလောက်ပဲ ရှိပါတယ်။ ဆင်းရဲသား လုပ်စားကိုင်စားတွေပဲ များပါတယ်၊ လုပ်ငန်းတွေကတော့ လယ်လုပ်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သင်ဖျှူးဖျှာ ရက်တယ်၊ နောက်ပြီး စက်ချုပ်ကြတယ်။ ကျွန်တော့် မိဘများက ဆင်းဆင်းရဲရဲကြီး မဟုတ်လှသော်လဲသိပ်ပြီး ပြည့်ပြည့်စုံစုံ မဟုတ်ကြပါဘူး။ ကျွန်တော့်ဖခင်က စက်ချုပ်တယ်။ စက်ချုပ်တယ်ဆိုတာကို ပြောရဦးမယ်၊ ဒီတုန်းက ဟသ်ာတမြို့ပေါ်မှာ အထည်ဆိုင်တွေ ရှိတယ်။ များသောအားဖြင့် ဘာဘူကုလားတွေ လုပ်ကြတာများပါတယ်။ သူတို့ အထည်ဆိုင်တွေက ပိတ်အုပ်တွေကိုယူလာ၊ အထည်ချုပ်ပြီး ပြန်သွင်းရတာပါပဲ။ လက်ခရတာပေါ့လေ။ များသောအားဖြင့်တော့ ရှပ်အင်္ကျီတွေ ချုပ်ရတယ်။

ကျွန်တော်တို့အိမ်မှာလဲ အပ်ချုပ်စက် သုံးလုံးလောက် ရှိတယ်။ ဒီတော့နီးစပ်ရာ လူတွေကလက်ခစားနဲ့ လာပြီးချုပ်ကြတာလဲ ရှိတယ်။ ဟသ်ာတမှာရှိတဲ့ ဘာဘူကုလားတွေနဲ့အပြိုင် မြန်မာပိုင် အထည်ဆိုင်တွေလဲ နှစ်ဆိုင်သုံးဆိုင်လောက် ရှိတယ်။ ကျွန်တော့်အဖေ အပ်ထည်သွင်းတဲ့ဆိုင်က မြန်မာပိုင်အထည်ဆိုင်။ ပိုင်ရှင်က ဦးစုတဲ့၊ ဇနီးကတော့ ဒေါ်မှင်လို့ အောက်မေ့တာပဲ။ ခပ်မေ့မေ့ဖြစ်နေပြီ။

ဦးအောင်သင်းလဲ သိပါလိမ့်မယ်။ ဖက်ဆစ်တော်လှန်ရေးမှာ အိန္ဒိယကနေပြီး မြန်မာပြည်ကို လေထီးနဲ့ဆင်းဖို့ လေယာဉ်ပျံနဲ့ အလာမှာ လေယာဉ်ပျက်လို့ ကျဆုံးသွားတဲ့ ဗိုလ်ဗသိန်းဆိုတာ အဲဒီဦးစုဒေါ်မှင်တို့ရဲ့သားပေါ့။ အတာလို့ခေါ်ကြတယ်။ ဟသ်ာတမှာ ဗိုလ်ဗသိန်းလမ်းဆိုတာ သူ့ကို ဂုဏ်ပြုထားတဲ့လမ်းပေါ့။

ကျွန်တော်တို့ရွာက ဆင်းရဲကြပါတယ်။ ကျွန်တော့်မိဘများကလဲ ချောင်ချောင်လည်လည် မဟုတ်ကြပါဘူး။ ကျွန်တော့် ပညာရေးကိုပြောလိုက်ကြရအောင်။ ကျွန်တော့်အသက်လေး ငါးနှစ်လောက်ရောက်တော့ ကျွန်တော့်အမေက သင်ပုန်းကြီးသင်ဖို့ ကျောင်းအပ်ပေးတယ်။ ဆရာရဲ့ နာမည်ကတော့ 'ဖိုးစံကွန်း' တဲ့။ တစ်ရွာလုံးကလဲ ဖိုးစံကွန်းလို့ခေါ်ကြတော့ ကွန်တော်တို့ကလဲ ဖိုးစံကွန်းလို့ပဲခေါ်လိုက်ကြတာပဲ။ အဲဒီမှာ သင်ပုန်းကြီးကိုစ သင်ရတာပဲ။ သင်ပုန်းကြီးဆိုပေမယ့် ကကြီး ခကွေးလောက်ပါပဲ။ တစ်လလောက်ပဲ သင်လိုက်ရပါတယ်။ ကျောင်းပြောင်းရတယ်။ အဲဒီလိုနဲ့ ကျွန်တော် စတုတ္ထတန်းကို ရောက်လာတယ်။ အသက်ကတော့ ဆယ်နှစ်လောက်ပေါ့။ ဒါပေမယ့် ကျွန်တော် စတုတ္ထတန်းစာမေးပွဲကို မဖြေလိုက်ရ





တော့ဘူး။ ဖြစ်ပုံက ဒီအချိန်မှာ ကျွန်တော်က သင်္ကန်းဝတ်ချင်လာပြီ၊ ရင်ထဲမှာ လှုံ့ဆော်လာတာမျိုးလို့ပဲ ဆိုရလေမလား မသိဘူး။ ကျွန်တော်က သင်္ကန်းသိပ်ဝတ်ချင်တာပဲ။ ရှင်ပြုချင်တာပေါ့။ ဒါပေမယ့် ဒီအချိန်မှာ ကျွန်တော့်မိဘများက ကိုယ့်သားတွေကို ကိုယ်တစ်ဦးထဲက ငွေကုန်ကြေးကျခံအလှူလုပ်ပြီး ရှင်ပြုပေးနိုင်တဲ့အင်အား မရှိသေးဘူး။

ဒီအချိန်မှာ ကျောင်းမှာ ဦးပဥ္စင်းတစ်ပါး ရှိတယ်။ ဦးအာစရတဲ့၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နဲ့ မောင်နှမ ဝမ်းကွဲတော်သေးတယ်၊ ဒေါ်ခင်ကြည့်အဖေနဲ့ သူ့အဖေကညီအစ်ကို အရင်းတွေ။ သူက ရှင်ပြုပေးရတာကို ဝါသနာပါတယ်။ ခုခေတ် ရှင်တစ်ထောင်ပြုပွဲတို့ဘာတို့ လုပ်သလိုပေါ့လေ။ ဒါနဲ့ အဲဒီရှင်ပြုပွဲမှာ ကျွန်တော်လဲရောပါလိုက်ပြီး သင်္ကန်းဝတ်ဖြစ်သွားတာပဲ။

**သင်း** - ဟုတ်တယ်၊ သားယောကျ်ားလေးရလာလိုက်ရင် သာသနာ့ ဒါယကာဖြစ်အောင် ကိုယ့်သားကို ကိုယ်တိုင်ရှင်ပြု ပေးချင်ကြတာ၊ ဆရာတွက်သင်္ကန်းဝတ်ချင်နေလွန်းတော့ မတတ်သာလွန်းလို့ ပေးလိုက်ရတာ ဖြစ်လိမ့်မယ်။

**ပါ** - အလှူရှင် ဦးပဥ္စင်းကို အားနာလေးစားရတာလဲ ပါမယ်ထင်ပါတယ်။ ဒါနဲ့ကျွန်တော် သင်္ကန်းဝတ်နေတော့ အမေက ကျွန်တော့်ဆီကို ခဏခဏလာတယ်။ လူထွက်ဖို့ လာလာပြောတာပေါ့လေ။ အတန်းကျောင်းတက်ရမယ်၊ အချိန်နောက်ကျလိမ့်မယ်ပေါ့။ ကျွန်တော်ကလဲ ခဏလေးတောင် ရှင်လိင်မပြန်ဘူး။ လိင်ပြန်လိုက်ရင် သင်္ကန်းပြန်မဝတ်ရပဲ နေမှာစိုးလို့။ နောက်ဘယ်လိုမှပြောမရတော့ အမေလဲ လက်လျှော့သွားတာပေါ့လေ။ အဲဒီမှာ ကျွန်တော် စာစပြီးသင်ရတော့တာပဲ။

**သင်း** - စပြီးသင်တော့ ဘာစာတွေကိုစပြီး သင်ရသလဲဆရာ။

**ပါ** - သဒ္ဒါ သင်္ဂြိုဟ်ပဲပေါ့။

(ဤနေရာတွင် ကျွန်တော် အတော်လေးကို အံ့အားသင့်သွားမိသည်။ ထိုခေတ်ဘုန်းတော်ကြီးကျောင်းများ၏ သင်ရိုး(course)ကို ကျွန်တော် အတန်အသင့် တီးမိခေါက်မိရှိသည်။ သင်ပုန်းကြီးကျလျှင် ...သသုတ်၊ ပြီးလျှင် အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရတနာရွှေချိုင့်၊ နောက် ပရိတ်ကြီး၊ နောက် လောကနီတိ၊ နောက် ဇာတ်ဆို တာတွေပြီးမှ သဒ္ဒါ၊ သင်္ဂြိုဟ်သို့ ရောက်လာရသည်။ ထို့ကြောင့် ကျွန်တော် အံ့အားသင့်သွားမိခြင်း ဖြစ်သည်။) သို့နှင့် . . .

သင်း - ဟင် . . . ဒါဖြင့် ဆရာ့ဟာက ပရိတ်ကြီးတို့ဘာတို့ မကျက်လိုက် ရဘူးလား။

ပါ - မကျက်ခဲ့ရဘူး။ ဒါပေမယ့် နောက်ပိုင်းကျတော့လဲ သူများတွေ ရွတ်တာကို ကြားရဖန်များတာနဲ့ ရတော့ရသွားတာပေါ့လေ။

(ကျွန်တော်ရယ်လိုက်မိပါသည်။ ဆရာပါလည်း သူဘုန်းကြီးဘဝ ပရိတ်ကြီးရခဲ့ပုံကို ပြန်လှန်သတိရမိသည့်အလား ကျွန်တော်နှင့်အတူ ရောပြီး ရယ်မောပြန်ပါသည်။)

သင်း - ပရိတ်ကြီးတွေဘာတွေကို ချန်ပြီး ကျော်တက်သွားတာ ပေါ့လေ။ ဆက်ပါဦးဆရာ။

ပါ - ဒါနဲ့ ကျွန်တော်တို့ရွာကျောင်းမှာ သဒ္ဒါတက်၊ တက်တယ် ဆိုတာ က ကျက်ရတာပါပဲ၊ သင်္ဂြိုဟ်လဲကျက်ရတာပါပဲ။ နောက်တော့ ဟင်္သာတ မြို့က မြစ်ကွေ့စာသင်တိုက်ဆိုတာ ဦးအောင်သင်း ကြားဖူးမှာပေါ့။

သင်း - ဟာ . . . ကြားဖူးပြီလား ဆရာ၊ နာမည်ကြီးဟာပဲ။

ပါ - အဲဒီစာသင်တိုက်ကို ရောက်သွားတယ်။ ကျွန်တော့်မှာ စာကို သိပ်ပြီး သင်ချင်နေတာကလား၊ ဒီတော့ ကျွန်တော့်အဖို့ ဒီခေတ်လူငယ်တွေ တက္ကသိုလ်ကိုအိပ်မက် မက်ကြသလို ကျွန်တော်လဲ ဒီလိုစာသင်တိုက်ကြီး ရောက်သွားလိုက်တာ ရင်တွေဘာတွေ ခုန်နေတာပဲလို့ ပြောရတော့မှာပဲ။

အဲဒီမှာ တိုက်အုပ်ဆရာတော်(ခုခေတ်အလိုအရဆိုရင်တော့ ပဓာနဆရာတော်ပေါ့လေ) အဲ တိုက်အုပ်ဆရာတော်က ဦးပညာဝံသတဲ့။ နောင်အခါ ပဋ္ဌင်းတက်တော့ ကျွန်တော့် ဥပဇ္ဈာယ်ဆရာဖြစ်လာပါတယ်။ ဦးအောင်သင်းရယ် ဘုန်းကြီးထဲမှာ အဲဒီဆရာတော်လောက်တော်တဲ့ ဘုန်းကြီး မတွေ့ဖူးပါဘူး။

သင်း - ပြောပါဦးဆရာ။ ဘယ်လိုတော်နည်းမျိုးတော်တာလဲ။

ပါ - အဲဒီဆရာတော်ပြုစုခဲ့တဲ့ စာပေကျမ်းဂန် တစ်စောင်တစ်ဖွဲ့ မှတော့ မကျန်ရစ်ခဲ့ပါဘူး။ ဦးအောင်သင်းလဲ သိပါလိမ့်မယ်။ ဟိုခေတ်က





ပိဋကတ်စာပေတွေကိုထုတ်တဲ့ သုဓမ္မဝတီတို့၊ ဇမ္ဗူမိတ်ဆွေတို့၊ ပြည်ကြီး မဏ္ဍိုင်တို့ဆိုတဲ့ စာအုပ်တိုက်ကြီးတွေထွက်သမျှ ပိဋကတ်စာအုပ် ဖြစ်ဖြစ်၊ မြန်မာစာအုပ်ဖြစ်ဖြစ် ဆရာတော်ရဲ့ အမှာစာနိဒါန်းမပါတဲ့ စာအုပ်မရှိဘူး။ ဆရာတော့် အမှာစာမပါရင် စာအုပ် မဖြစ်သလောက်ဆိုပါတော့။

အဲဒီလောက်ဆိုရင် ကျွန်တော် မပြောသေးဘူး။ အမှတ်အသား အစုအဆောင်းကလဲ ကောင်းလိုက်တာခုထက်ထိ ကျွန်တော်ဖြင့် အံ့သြလို့ မကုန်နိုင်ဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျံလွန်တော်မူသွားတာ သိပ်နှမြောဖို့ ကောင်းတာပဲ။

သင်း - သက်တော် ဘယ်လောက်မှာ ပျံလွန်သွားလို့လဲဆရာ။

ပါ - စစ်အတွင်းမှာ ပျံလွန်သွားတာ။ အသက်ငါးဆယ်ကျော်လောက် ပဲ ရှိသေးတာ။

သင်း - ပညာဉာဏ်မီးအားကောင်းတဲ့ အချိန်ပဲ။ ဆရာတော့် အကြောင်း ဆက်ပါဦးဆရာ။ ကျွန်တော်တို့လဲ သိရတာပေါ့။ လူငယ်တွေလဲ နည်းယူ အတုခိုးရတာပေါ့။

(ဆရာပါက အနည်းငယ်ရယ်မောလိုက်ပါသည်။ ဆက်ပြော ဘာကို နားထောင်ကြည့်လိုက်လျှင်ဆရာပါ ဘာကြောင့် ရယ်သည်ကိုသိလာ ပါလိမ့်မည်။)

ပါ - အတုခိုးနိုင်ရင်တော့ ကောင်းလှချည့်ပေါ့ ဆရာသင်းရယ်၊ ဒါပေမယ့် အတော့်ကိုမလွယ်တဲ့ကိစ္စပါ။ ဒီလို စစ်ကြီးဖြစ်လာတော့ စစ်ပြေး ကြရတယ်မဟုတ်လား၊ ဆရာတော်က စာအုပ်တွေ ပစ္စည်းပစ္စယတွေကို ဟိုရွာဒီရွာ စသည်အားဖြင့်ခွဲပြီး ပို့ထားရတာကိုး၊ အဲဒီမှာ သူစုဆောင်း ထားတဲ့ မှတ်စုမှတ်တမ်းစာအုပ်တွေက ကျွန်တော်တို့ရွာကို ရောက်လာတယ်။ အဲဒါတွေအတော်များများကို ကျွန်တော်ရလိုက်တယ်။ အဲဒီထဲမှာ မြန်မာ စာပေသမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ စာအုပ်တစ်အုပ်ပါလာတယ်။ 'ပိဋကတ်သမိုင်းသစ်'တဲ့။

သင်း - ဦးယံရဲ့ ပိဋကတ် သမိုင်းလိုဟာမျိုးလားဆရာ။

ပါ - အဲ. . . အဲဒါကို ကျွန်တော်ပြောချင်နေတာ။ ဦးအောင်သင်း သတိထား မိပါလိမ့်မယ်။ ပိဋကတ်သမိုင်းစာအုပ်မှာ ရေးသူအမည်မသိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေးတွေ ခဏခဏတွေ့ရတယ်။ အဲဒါလေးတွေကို သူကဟိုနေရာ ဒီနေရာမှာ ရေးသူအမည်၊ စာပြီးနှစ်တွေ ဘာတွေကို ဖြည့်ထားတာ တွေ့ရတယ်။ ဦးအောင်သင်းလဲ သတိထားမိမှာပါ။ ရှေးခေတ်က ဘုန်းတော်ကြီးတွေက စာရေးကျမ်းပြုလိုက်ပေမယ့် ဘယ်သူရေးတယ်၊ ဘယ်ခုနှစ်မှာဆိုတာမျိုး မှတ်မှတ်သားသား မထည့်ကြဘူး။ နောက်လူတွေမှာ ရှာရဖွေရတာ အတော့်ကို မလွယ်တာ။

**သင်း** - သူ့ခေတ် သူ့အခါမှာတော့ ဒီစာကိုဘယ်သူရေးတယ်ဆိုတာ လူတိုင်းသိနေကြတာကြောင့် အရေးတကြီး မဟုတ်ဘူးလို့ အောက်မေ့တာကြောင့် ဖြစ်မှာပေါ့ဆရာ။

**ပါ** - ဟုတ်မယ်။ နောက်ပြီး သူတို့က ရေးချင်လို့သာရေးခဲ့တာ၊ တစ်နေ့ကျရင် ပုံနှိပ်ထုတ်ဝေမယ်ဆိုတဲ့ စိတ်ကူးမျိုးကလဲပေါ်စရာ အကြောင်းမရှိခဲ့ဘူးလေ။

**သင်း** - အော်. . . ဆရာ့နှယ်၊ စစ်မဖြစ်မီက ပုံနှိပ်ထုတ်ဝေခဲ့တဲ့ စိန်တင့်ဝတ္ထုကြီးဆိုတာ ငါးတွဲရှိတယ်။ ရေးသူအမည် တစ်တွဲမှာမှ မပါဘူး။ ကျွန်တော်ကသာ အကြောင်းသိဖြစ်နေလို့ တောင်တွင်းရှင်ဥက္ကာ ရေးတယ်ဆိုတာကို သိနေတာ။ ဒါတောင် ထုတ်ဝေခဲ့တဲ့ ခုနှစ်တွေကို မသိရသေးဘူး။

**ပါ** - ကဲ. . . အဲဒီတော့ ဆရာတော်ဟာ ဘယ်လောက်စူးစမ်းရှာဖွေတယ်ဆိုတာ မသိသာပေဘူးလား။ အဲဒါတင် မဟုတ်သေးဘူး။ ဦးယံပိဋကတ်သမိုင်းက အမှားတွေကို ပြင်လိုက်သေးတာ။ ပြင်ပုံက ရေးသူအမည်မှားနေရင် အဲဒီဦးယံသမိုင်းစာအုပ်မှာကိုပဲ မင်နီနဲ့တားပြီးဖျက်၊ ပြီးမှဘေးနားမှာ အမှန်ကိုရေး၊ ခုနှစ်ကိုပါ အထောက်အထား အကိုးအကားတွေနဲ့ ရေးထားတာ။

**သင်း** - အံ့ဩစရာပဲဆရာ။ ပိဋကတ်တော်အုပ် ဦးယံဆိုတာလဲ နှယ်နှယ်ရရမှ မဟုတ်ဘဲ။

**ပါ** - အခု စာကြည့်တိုက် ဒီပလိုမာအတွက် 'စာစုစာရင်း' လုပ်ပြီးတင်ကြရတာ ဆရာသိမှာပေါ့။

**သင်း** - သိပါတယ်ဆရာ။ စာရေးဆရာတစ်ယောက် ရေးခဲ့သမျှစာတွေအားလုံးကို ဘယ်စာစောင်၊ ဘယ်စာမျက်နှာ၊ ဘယ်ခုနှစ်မှာ ရေးခဲ့





ဘယ်၊ ဘာအကြောင်းဆိုတာတွေကို စေ့စေ့စပ်စပ် ညွှန်းကြရတယ်။ တော်တော်လေးလဲ အပင်ပန်းခံကြရပါတယ်။

(ဆရာပါက ရယ်မောလိုက်ပြန်ပါသည်။)

**ပါ** - သူတို့လုပ်တာက စာရေးဆရာတစ်ယောက်တည်းရဲ့ အကြောင်း ကိုလုပ်ရတာနော်။ ဆရာတော်က စာရေးဆရာတွေ အတော်များများကိုလုပ်ထားတာ။ ဥပမာ လယ်တီပဏ္ဍိတဦးမောင်ကြီးရေးတဲ့ စာစုစာရင်း၊ မော်ပီဆရာသိန်း ရေးတဲ့စာစုစာရင်း၊ အဲလို ဟာတွေကို လုပ်ထားတာ၊ ကုန်ကုန်ပြောလိုက်မယ် - ဆိုက်ကားစီးသွားတယ်ဆိုရင် ဆိုက်ကားသမားရဲ့နာမည်ကိုမေးတယ်။ ဆိုက်ကား နံပါတ်ကိုမေးတယ်၊ အဲဒါကိုလဲ မှတ်ထားလိုက်တာပဲ။

**သင်း** - တော်ပြီ. . . တော်ပြီ။ ဆရာ့ ဆရာတော်က 'လက်လန် တယ်'လို့ ပြောရမယ့် ဘုန်းကြီးမျိုးပဲ။

**ပါ** - အဲဒါကြောင့် အတုခိုးဖို့ မလွယ်ဘူးပြောတာ။ နောက်ပြီးပေးစာ တွေ တွေ့ရသေးတယ်။ တတ်သိနားလည်တဲ့ ပညာရှင်တွေဆီကို သူသိချင်တာတွေ လှမ်းပြီးစာရေး မေးတော့တာပဲ။ စာနဲ့မေးလို့ အားမရရင် လူကိုယ်တိုင်သွားမေးတာ။ အဲဒါတစ်ခေါက်တလေ မဟုတ်ဘူး။ နှစ်ခေါက်သုံး ခေါက်သွားတန်ရင်သွားတာ။

**သင်း** - နှမြောစရာကောင်းလိုက်လေ ဆရာပါရယ်။ ဘာပဲပြောပြော အဲဒီလိုပညာကိုချစ်တဲ့ ဆရာတော်မျိုးဆီမှာ နေခဲ့ရတာ ဆရာလဲကံကောင်းတာပါပဲ။

**ပါ** - ကျွန်တော်တင်မဟုတ်ဘူး။ ဆန်းထွန်း(မန်းတက္ကသိုလ်)လဲပါ တယ်လေ။

**သင်း** - အော်. . . ဟုတ်သားပဲ။ ဆရာဦးဆန်းထွန်းလဲ ဆရာတို့ သန့်သနော့ ရှာသားပဲနော်။

**ပါ** - ဟုတ်တယ်။ သူကကျွန်တော့်ထက် ၇ နှစ် ၈ နှစ်လောက်ကြီး မယ်ထင်တယ်။ အဲဒီမြစ်ကျွေစာသင်တိုက်ကို သူက ကျွန်တော့်အရင် ရောက်သွားတာ။ သူက ကိုရင်ကြီးပေါ့။ ဒီတော့ ပထမငယ်တန်းကိုတောင်သူကအောင်ပြီးပြီ။ အဲဒီမှာ ကျွန်တော်တို့ကိုစာချပေးတာက နောင်အခါမှာ 'ဒဂုန်ဦးထွန်းမြင့်' ဖြစ်လာမယ့် အရှင်တေဇောသာရပဲ။ ဒီတော့ သူ့အသက်



www.burmeseclassic.com

www.burmeseclassic.com



က နှစ်ဆယ့်ခြောက်လောက်ပဲ ရှိဦးမယ်။ စကားစပ်လာလို့ ပြောလိုက်ရဦးမယ်။ အဲဒီ မြစ်ကွေ့ကျောင်းတိုက်ထဲမှာ 'တိုက်သစ်'ဆိုတဲ့ တိုက်ကျောင်းကလေးရှိတယ်။ အဲဒီတိုက်ကျောင်းလေး ဒါယိကာမက ဒေါ်သက်တဲ့။ ဒေါ်သက်ရဲ့သမီးက ဒေါ်မြတဲ့။ ဆရာ့တပည့် ကံထွန်းကြည်ရဲ့အဖေ ဦးကြည်ဆိုတာက အဲဒီဒေါ်မြရဲ့သားပဲ။

**သင်း** - ဟုတ်ပြီ . . . ဟုတ်ပြီ . . . သူတို့ ဘိုးစဉ်ဘောင်ဆက် ဆောက်ခဲ့တဲ့ကျောင်းကိုသွားပြင်တယ်၊ ဘာလုပ်တယ်ဆိုတာတော့ သိနေ ရတာမကြာခဏပဲ။ ဒီလိုဆိုတော့ ဒေါ်သက်က ကံထွန်းကြည်ရဲ့ အဘိတော်မှာပေါ့။

**ပါ** - ပြောဦးမယ်။ ဒေါ်သက်က ကျောင်းကိုလာလိုက်ရင် ရှင်တေ ဇောသာရစာချချနေတာကို တွေ့ရတာကိုး။ ပညာကလဲတော်၊ နေတာ ထိုင်တာကလဲသက်န်းကအစ ဝိနည်းနဲ့အညီနေတဲ့ပြင် ပင်ကိုဥပမိရှုပ် ကလဲ. . .

**သင်း** - ဟုတ်တယ်. . . ဒဂုန်ဦးထွန်းမြင့်ကဆရာဦးဝန်ရဲ့ တက္ကသိုလ်ဘာသာပြန်ဌာနမှာ လုပ်သွားသေးတော့ ကျွန်တော်တို့ ကောင်းကောင်းသိလိုက်ပါတယ်။ ဥပမိရှုပ်က သိပ်ကြည်ညိုဖို့ ကောင်းတယ်။

**ပါ** - အဲဒီလို သမဏသာရုပ္ပပေါ့ ရဟန်းတို့ရဲ့ အသရေတင့်တယ်မှု ရော၊ ပညာပါကြည်ညိုတာကြောင့် ဒေါ်သက်က နေ့စဉ်ဆွမ်းအုပ်ပို့ရှာတယ်။

**သင်း** - ဆရာဦးထွန်းမြင့်ကိုတော့ဖြင့် 'ပါဠိသက်ဝေါဟာရအဘိဓာန်' တစ်အုပ်ထဲနဲ့ကိုပဲ ရှိသေလို့မဆုံးပါဘူး။

**ပါ** - သူကိုယ်တိုင်ပညာတော်ရှံသာ မဟုတ်ဘူး။ စာချပုဂ္ဂိုလ် တစ်ယောက်(အဲ ကျောင်းဆရာတစ်ယောက်) အနေနဲ့လဲ တကယ်ကိုတော်' တာဦးအောင်သင်းရေ။ ကျွန်တော်တို့ကို သင်တော့ သဒ္ဒါပဲ သင်ပြန်တာပဲ။ ဘယ်သဒ္ဒါကို သင်တယ်ထင်သလဲ။

**သင်း** - သဒ္ဒါကြီး ရှစ်စောင်တွဲကိုပဲ သင်ရမှာပေါ့ဆရာ။

**ပါ** - မဟုတ်ဘူး။ 'ကစ္စာယန သံခိပ်' ဆိုတာကိုသင်ပေးတာ။

**သင်း** - ဘယ်လိုကွာသလဲဆရာ။

**ပါ** - သဒ္ဒါကြီးရှစ်စောင်တွဲက ကျယ်တာပေါ့ဆရာ။ တတ်နိုင်ရင် တော့လဲကောင်းတာပါပဲ။ ဒါပေမယ့်ရှည်ဝေးလွန်းတယ်။ အဲဒီ ကစ္စာယနသံခိပ်





ဆိုတာ ရွှေကျင်ဂိုဏ်းက ဆရာတော်တစ်ပါး အကျဉ်းဖြစ်အောင် ပြုစုခဲ့တာ။ အဲဒီလိုနဲ့ မြစ်ကွေ့တိုက်မှာပဲ ပထမငယ်တန်း စာပြန်ပွဲအတွက် ကျက်မှတ်ပြင်ဆင်ရပါတယ်။

ဒီလို စာလိုက်နေတုန်းမှာပဲ အပြောင်းအလဲ တစ်ခုဖြစ်လာရပြန်တယ်။ သန်လျင်ဘက်မှာ 'လဟာရက်'ဆိုတဲ့ ရွာလေးတစ်ခုရှိတယ်။ သန်လျင်ကနေပြီး မော်တော်နဲ့ သုံးနာရီလောက်စီးရတယ်။ အဲဒီက ဆရာတော်က အညာကို ပြန်ကြွသွားတော့ ကျွန်တော်တို့ဆရာ ရှင်တေဇောသာရရဲ့ စာလိုက်ဖက် ဦးပဥ္စင်းနှစ်ပါးက လဟာရက်မှာ စာသင်တိုက် ထောင်မယ်၊ စာချဖို့လာခဲ့ပါလို့ ဖိတ်တာကြောင့် ရှင်တေဇောသာရက လဟာရက်ကို ပြောင်းပါလေရော။ ဒါနဲ့ ကျွန်တော်တို့(ကျွန်တော်တို့ဆိုတာက ရှင်ဉာဏိဿရ ဦးဆန်းထွန်းရော) လဟာရက်ကို ပါသွားတော့တာပဲ။

**သင်း** - ဒါဖြင့် စာချဆရာပြောင်းတာနဲ့ တပည့်တွေပါ ပါသွားတာပေါ့။

**ပါ** - ဟုတ်တယ်၊ ဟသ်ာတလို မြို့ကြီးက ပြောင်းသွားတာနော်၊

**သင်း** - အဲဒီ'လဟာရက်' ရွာလေးက တော်တော်ဆင်းရဲကြရှာတယ်လို့ ဆရာ့စာထဲမှာ ဖတ်ဖူးတယ်။

**ပါ** - ဟာ . . . ဆရာ့နှယ်ဆင်းရဲတာတော့ဖြင့် မပြောနဲ့တော့၊ ဆွမ်းခံပြီး သပိတ်ထဲများကြည့်လိုက်ရင် ရဲနေတာပဲ။ ကောက်လျှင်ကြီး ဆန်နီတာလန် ဆိုတာတွေပေါ့။ ဒကာဒကာမများက ဆင်းရဲကြရှာတော့ ရွာဦးကျောင်းလဲ ဘယ်ခံနိုင်တော့မလဲ ဦးအောင်သင်းရယ်၊ ရောပြီး ဆင်းရဲတော့တာပေါ့။

ဒါပေမယ့် ဦးအောင်သင်းရေ တော်တော့်ကိုအံ့သြဖို့ကောင်းတဲ့ရွာကလေးပါ။ အိမ်ခြေက နှစ်ရာလောက်ပဲရှိတာ။ ကျွန်တော်တို့ ကျောင်းမှာရှိတဲ့ သံဃာက ငါးဆယ်လောက်ရှိတယ်။ အဲဒါကို ကြိုးစားပမ်းစား ထိန်းထားခဲ့ကြတာ။

**သင်း** - ဝန်နဲ့အား မမျှဘူးလို့ဆိုရတော့မှာပေါ့။

**ပါ** - ဟုတ်တယ်။ အဲဒါကြောင့် ကျွန်တော် ဆောင်းပါးတစ်ပုဒ်ထဲမှာ မိန်းမပျိုလေးတစ်ယောက်က ရာဝင်အိုးကြီးကို ရွက်ထားရသလို ဖြစ်နေခဲ့တယ်လို့တောင် ရေးလိုက်ဖူးပါသေးတယ်။ ဒီမှာတင် စိမ်ခန့်ခဲ့တဲ့ ဦးပဥ္စင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက အစားအသောက်နဲ့ပတ်သက်ပြီး ချွေတာဖို့စီစဉ်ကြတယ်။ မနက်စာမှာ ဆွမ်းကိုမစားတော့ဘဲ ဆန်ပြုတ် အဲ . . . ယာဂုကိုပဲ သောက်ကြရမယ်ပေါ့။ ဟာ . . . ဦးအောင်သင်းနဲ့ယှဉ် ကျွန်တော်တို့မှာ အကြီးအကျယ် ဒုက္ခရောက် တော့တာပေါ့။ စဉ်းစားကြည့်လေ ကျွန်တော်တို့က အသက်က ဆယ့်သုံးလေးနှစ်ဆိုတော့ စားအားကောင်းတုန်းအရွယ်။ နောက်ပြီး ဆွမ်းလဲခံရသေးတယ်၊ စာကလဲ အံလိုက်ရသေးတယ်။ ဒီတော့ ဆန်ပြုတ်ကလေးနဲ့ ဘယ်နေနိုင်တော့မလဲ။ ဒီတော့ ဆွမ်းခံကပြန်လာလို့ ဆွမ်းတွေပေါင်းကြပြီဆိုရင် ခုနက ဆန်နီထမင်းလေးနည်းနည်းလောက်ကို သပိတ်ထဲမှာ ချန်ထားပြီး ဆားအိုးထဲက ဆားလေးနည်းနည်းသွားယူတဲ့ပြီး အဆာပြေစားလိုက်ရတယ်။ လူကြီးတွေ အဲ ဦးပဥ္စင်းတွေကလဲ ဒါကိုသိကြပါတယ်။ မပြောကြပါဘူး။ နောက်တော့လဲ ကလေးတွေက ငါတို့လောက်တော့ ဘယ်မှာ နေနိုင်ပါ့မလဲလို့ သနားကြတာကြောင့် မနက်စာမှာလဲ ဆွမ်းကိုပဲစားကြရပါတယ်။

**သင်း** - ဆွမ်းတောင်မှ ဒီလောက်ဆင်းရဲနေတော့ ဟင်းကတော့ ပြောမနေနဲ့တော့လို့ ဆိုရတော့မှာပေါ့။

(ဆရာပါရဂူက ဤမေးခွန်းကိုကြားလိုက်တော့ အားရပါးရ ရယ်မောပါသည်။ ထိုနောက် စိတ်အားထက် သန်စွာပြောပါသည်။)

**ပါ** - ဦးအောင်သင်း 'ငါးပုတ်သင်' ဆိုတဲ့ ငါးကိုစားဖူးမယ်မထင်ဘူး။ ငါးထဲမှာဆိုရင်တော့ တကယ့်ကိုအညံ့ဆုံး ငါးမျိုးပါပဲ။ တကယ်ပြောတာပါ။ ဘာဆိုဘာအရသာမှကိုမရှိတဲ့ငါးမျိုးပါ။ ဦးအောင်သင်းရယ် အဲဒီငါးဟင်းချက်တဲ့နေ့ဆိုရင် ကျွန်တော်တို့ ကိုရင်တွေဟာ မြူးနေကြတော့တာ။ ဟင်းကောင်းစားရတော့မယ်ပေါ့လေ။ အဲဒီလောက်ဆိုရင် ဦးအောင်သင်းမှန်းလို့ရလောက်ရောပေါ့။

(ပြောနေရင်း သူ့ငယ်ဘဝကို ပြန်လည်သဘောကျနေသကဲ့သို့ ထပ်မံ ရယ်မောပြန်ပါသည်။ ဆင်းရဲခဲ့သည်မှာလည်း မှန်သည်။ သို့သော် မိမိခုံမင်လှသော ပညာကိုသင်ချင်တိုင်း သင်ခဲ့ရသောကြောင့် ပျော်စရာကောင်းလှသည့် ငယ်ဘဝကို ပြန်လည်လွမ်းဆွတ်မိဟန်လည်းရှိပါသည်။)

**သင်း** - အစားအသောက်ကိုတော့ သဘောပေါက်ပါပြီ။ နေရထိုင်ရတာ။

**ပါ** - အဲဒါကို ပြောဦးမလို့။ မိုးတွင်းဆိုရင် ကျောင်းကလဲ မိုးယိုလိုက်ထေးလိုက်ပေါ့၊ ဒါပေမယ့် အဲဒီအချိန်မှာ စဉ့်အိုးကြီးတွေနဲ့ မိုးရေတွေကို ခံထားရတယ်။ နွေဘက်ရောက်လာတော့ အဲဒီရေကိုသောက်ရတာ။ ကျွန်တော်တို့ရဲ့ သောက်ရေသန့်ပေါ့။ အဲဒီရေကို မသုံးရဘူး။ သောက်ရေအတွက်ထားရတာ။ အဲဒီဘက်မှာ ကန်ရေကိုသုံးကြရတာ။ နွေဘက်ရောက်ပြီ ကန်ရေတွေခန်းကုန်ပြီဆိုရင် ကန်ထဲမှာထပ်ပြီး ရေတွင်းတူးရတယ်။ အဲဒီရေကိုချိုးကြ သုံးကြရတယ်။ ရေကလဲ မကောင်းပါဘူး။ အရောင်ကလဲ စိမ်းပြာပြာ ညစ်တစ်တစ်၊ အနံ့အသက်ကလဲ မကောင်းဘူး။ အဲဒီလို နေခဲ့ရတာပါ။

**သင်း** - ဆရာရယ်၊ အခုဆရာတို့ ပညာသင်ခဲ့ရတာတွေကို ကြားလိုက်ရတော့ ကျွန်တော့် စာသင်ဝိုင်းက ခွေးကောင်တွေကို နားရင်းရိုက်ပြီး နားဆောင်ခိုင်းလိုက်ချင်တော့တာပဲ။ ဆရာပြောတဲ့ အရင်းအနှီးတွေပဲပေါ့နော်။

**ပါ** - အဲဒီမှာ ဆင်းရဲလှတဲ့ ဘဝအကြောင်းကို ကျွန်တော်က တတစ်ပုဒ်ရေးပြီး တိုးတက်ရေးမဂ္ဂဇင်းတိုက်ကို ပို့လိုက်သေးတာ ဆရာရေ့။ ဒါပေမယ့် မသုံးပါဘူး၊ ပါမလာဘူးပေါ့လေ။

(ဆရာပါက သူ့ငယ်ဘဝကိုလွမ်းပြီး ပျော်မြူးရွှင်ပျသဘောကျဟန်နှင့် အားရပါးရ ရယ်လိုက်ပါသေးသည်။ ဆရာပါသည် ကျွန်တော်တို့လို ရယ်စရာမောစရာ ပေါက်ကရပြောတတ်သူမျိုးမဟုတ်။ သို့သော် သူတစ်ပါး ရယ်စရာမောစရာပြောလျှင်ကား နှစ်နှစ်ခြိုက်ခြိုက် ရယ်မောတတ်သည်။ သူ့အဖြစ် တွေကိုပြန်ပြောင်းပြောပြရာ၌ ရယ်စရာအကွက်များသို့ ရောက်လိုက်လျှင် သူ့အဖြစ်ကို သူပြန်လည် သဘောကျနေသည့်အလား အားရပါးရ ရယ်မောတတ်သည်။ သူရယ်မောသောကြောင့်ပင် ကျွန်တော်တို့ပါ ရောပြီး ရယ်မိရပြန်သည်။ အလွန်လေးနက်သော ဘာသာရေးစာပေများကို ရေးနေသူ ဖြစ်သောကြောင့် သူနှင့်စကားပြောရသည်မှာ အေးစက်စက်ဖြစ်နေလိမ့်မည်ဟု ထင်လျှင် မှားပေလိမ့်မည်။ သူနှင့်တွဲပြီး စာပေဟောပြောပွဲများသို့ တတွဲတွဲသွားလာခဲ့ဖူးသောကြောင့် သူ၏ လွတ်လပ်ပေါ့ပါးသော အပြောအဆိုကို ကျွန်တော်က ယဉ်ပါးနေပြီးခဲ့သည်မှာ ကြာပါလေပြီ။ ယခုတွေ့ဆုံခန်းတွင်လည်း သူ၏ပေါ့ပါးသော ရယ်မောသံကို မပြတ်ကြားနေခဲ့ရလေသည်။)







www.burmeseclassic.com

www.burmeseclassic.com



ပါ - ဒါပေမယ့် ဆရာရေ ဦးဆန်းထွန်းလဲ အဲဒီကပဲ အလတ်တန်း အကြီးတန်းကိုအောင်ခဲ့ရတာပဲ။ ကျွန်တော်လဲ အဲဒီမှာပဲ အငယ်တန်း အောင်ခဲ့ရတာ။

သင်း - အငယ်တန်းအောင်တော့ ဆရာ့အသက် ဘယ်လောက်လောက်ရှိပြီလဲ

ပါ - နေဦးဆရာ သုံးဆယ့်ရှစ်၊ အင်း . . . သုံးဆယ့်ခြောက်ခု၊ အင်း . . . ဟုတ်တယ်၊ အဲဒီတော့ ကျွန်တော့်အသက်က အဲ . . . နေဦး၊ အဲ . . . ဆယ့်ငါးနှစ်ရှိပြီပေါ့။ အဲ . . . ဟုတ်တယ် ဆယ့်ငါးနှစ်ပေါ့။ နေဦး အငယ်တန်းမအောင်မီမှာ ကဏ္ဍကလေးတစ်ခုကျန်သွားသေးတယ်။ ကျွန်တော် မန္တလေးကိုရောက်သွား လိုက်သေးတယ်။

သင်း - ဟုတ်လား . . . ဘာဖြစ်လို့လဲ။

ပါ - ဆရာ့ရွှေလို့လိုက်ပြီး ရွှေ့ရပြန်တာလေ။ ဆရာဖြစ်တဲ့ ရှင်တေဇောသာရက ပခုက္ကူမှာ စာသင်ခဲ့ဖူးတယ်။ မန္တလေးမှာ စာမလိုက်ဖူးသေးဘူး။ ဒါကြောင့် သူကမန္တလေးမှာစာသင်လိုက်ချင်သေးတယ်။ သူ့အဖို့တော့ နောက်တစ်ဆင့် (further study) ပေါ့။ ကျွန်တော်တို့ကတော့ စာသင်ဖို့ ဆရာပြောင်းတဲ့နောက်လိုက်ပြောင်းရတာပါပဲ။ ဒီတော့ ကျွန်တော်က ဆယ့်သုံးဆယ့်လေးနှစ်သားလောက် ကိုရင်လေးပေါ့။ ဦးဆန်းထွန်းလဲ ပါလာရတာပဲ။ အဲဒါ မန္တလေးရောက်တော့ ပထမဆုံး မိုးကောင်းတိုက်ကို ရောက်သွားတယ်။ အဘိဓဇာ္ဘတော် ပထမဆုံး ဆက်ကပ်ခံရတဲ့ ဆရာတော်ကြီးရဲ့တိုက်ပေါ့။ အဲဒီမှာ ကျွန်တော်တို့တည်းတဲ့ ကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်က ဦးသုမနာဘိဝံသတဲ့။ သူက သကျသီဟမွေ့မှာ စရိယအောင်ပြီးသား ဆရာတော်။ အဲဒီကျောင်းမှာ ခန်းနေဆရာတော်က ဦးဝိမလ။ ကျွန်တော်တို့ အဲဒီကျောင်းမှာ တစ်ပတ်လောက် သွားနေတယ်။

အဲဒီနောက် ဆရာဦးဆန်းထွန်းနဲ့ နောက်ကိုယ်တော်တစ်ပါးကတော့ မိုးကောင်းတိုက်မှာပဲ ကျန်နေရစ်ခဲ့တယ်။ ကျွန်တော်တို့ ဆရာရှင်တေဇောသာရနဲ့ ကျွန်တော်က နာမည်ကြီး ရွှေကျင်၊ အဘယာရာမ ကျောင်းတိုက်ကို သွားကြတယ်။ ဆရာတော်က ဦးအဂ္ဂဓမ္မဆိုတာ တကယ့်ကို ပညာကျော်၊ တကယ့်ကို တော်လွန်းလို့ကို ကျော်လာရတဲ့ ဆရာတော်။





မန္တလေးစိန်ပန်းမှာ ခုလဲရှိပါတယ်။

သင်း - အဘယာရာမ ဆရာတော်ဆိုတာ ကြားဖူးပါတယ် ဆရာ။ သက္ကတမှာ . . .။

ပါ - ဟာ. . . ဦးအောင်သင်းနှယ်၊ ကျွန်တော့်အမြင် ပြောရရင်မောင်းထောင်ဆရာတော်ရဲ့ နောက်ပိုင်း သာသနာတစ်လျှောက် ရဟန်းတော်ထဲမှာ အဘယာရာမဆရာတော်ဦးအဂ္ဂဓမ္မကိုတုလို့ သက္ကတကိုကျွမ်းတာ မရှိဘူးလို့ပြောချင်တယ်။ မောင်းထောင်ဆရာတော်ကိုတောင်ထည့်သာ ပြောလိုက်ရတယ် ဘယ်လောက်ကျွမ်းတယ်ဆိုတာ ကျွန်တော် မသိဘူး။ ဒီလိုဒီလို . . . ကျွန်တော် ရှင်းပြဦးမယ်။ မောင်းထောင် ဆရာတော်ဟာ အဲဒီခေတ်က သက္ကတနဲ့ရေးထားတဲ့ ဗေဒင်ကျမ်းတွေ ဆေးကျမ်းတွေကို ဘာသာပြန်ရာမှာပါဝင်ခဲ့တာမို့ မောင်းထောင် ဆရာတော်ကိုချန်ပြီး ကျွန်တော်က ပြောလိုက်ရတာဆရာရေ့။ သို့သော် ဘယ်လောက်ကျွမ်းတယ် ဆိုတာကို ကျွန်တော်မသိဘူး။ အဘာရာမ ဆရာတော်ကျွမ်းတာကိုတော့ ကျွန်တော်က သေချာကို သိနိုင်ခွင့်ရတာကိုး။ ကျွမ်းသမှ အံ့ဩလောက်အောင်ကျွမ်းတယ်၊ တကယ့်ကို အတော်ဆုံး၊ အတတ်ဆုံးလို့ပဲ ပြောလိုက်ပါရစေတော့။ ဒါကြောင့်လဲ ကျွန်တော်တို့က အဲဒီကျောင်းတိုက်ကို သွားကြတာပေါ့။

သင်း - အင်း- ဆက်စမ်းပါဦးဆရာ။ ခုမှ ဇာတ်ရှိန်က တက်လာတာ။

ပါ - ဇာတ်ရှိန်တက်မနေနဲ့ ဆရာရေ့ "အဲဒီမှာ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် တစ်ပတ်လောက်ပဲ နေနိုင်တယ်၊ ပြေးရတာပဲ။"

(ဆရာပါကပြောနေရင်း အားရပါးရ ရယ်ပြန်ပါသည်။ ကျွန်တော်လည်း သူနှင့်ရောပြီး ရယ်လိုက်မိရင်း)

သင်း - ဟင်. . . ဘယ်လိုဖြစ်တာလဲ၊ ပြောပါဦး။

ပါ - ရွှေကျင်ဂိုဏ်းရဲ့ သံမဏိစည်းမျဉ်းလေ။ တင်းကျပ်လိုက်တာတော့ ပြောမနေနဲ့တော့။ အမယ် ဆရာ့နှယ် ပြောလိုက်ရဦးမယ်၊ ကျွန်တော်တို့ အဲဒီကျောင်းတိုက်မှာ နေခွင့်ပြုတာတောင်မှ အတွင်းသံဃာတစ်ပါးက ထောက်ခံမှ ဝင်ခွင့်ရတာနော်။ သွားနေချင်တိုင်းနေလို့ရတာ မထင်နဲ့၊ အတွင်းသံဃာတစ်ပါးပါးက အာမခံချက်ပေးရတယ်ဆိုပါတော့။

သင်း - စည်းကမ်း တကယ်ကိုကြီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပါ - အော် . . . ဦးအောင်သင်းနှယ် တော်ရှုံတန်ရှုံဆို ကျွန်တော်ပြောမနေဘူး။

သင်း - ပြောပါဦး၊ ဆရာတို့ကိုတော့ ဘယ်သူက ထောက်ခံချက်ပေးသလဲ။

ပါ - အဲဒီတုန်းက အဲဒီကျောင်းတိုက်မှာနေတဲ့ ဦးဝါသေဋ္ဌဆိုတာ ရှိတယ်။ သူက ဒီအခါမှာ သကျသီဟ ဓမ္မာစရိယအောင်ပြီးပြီ။ အဲဒီကိုယ်တော်က ထောက်ခံတာ။ ဦးဝါသေဋ္ဌဆိုတာကက သပြေကန်မှာ နေခဲ့တာ။ သပြေကန်က ကျွန်တော်တို့နေတဲ့ လဟာရက်နဲ့မလှမ်းမကမ်း ဆိုတော့ သူက ကျွန်တော်တို့ကိုသိတယ်။ နောက်တော့ သပြေကန်ဆရာတော်လို့ပဲ လူသိများပါတယ်။

သင်း - ဟို. . . ပရိတ်ကြီး နိဿျရေးတဲ့. . .။

ပါ - သူပေါ့။ မကြာသေးမီကမှ ပျံတော်မူသွားတာလေ။ ရွှေကျင်ဒုတိယသာသနာပိုင်။ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော် ဆက်ကပ်ရတာ။ ဟာ . . . သိပ်ကိုတော်တဲ့ ဆရာတော် ဦးအောင်သင်းရဲ့။ ပြောရဦးမယ်။ အဲဒီအချိန်မှာ တိုက်ကလေးတစ်ခုမှာနေတာက ဦးဇနက၊ မဟာဂန္ဓာရုံ ဆရာတော်လေ။

သင်း - အရှင်ဇနကာဘိဝံသလား။

ပါ - သူပေါ့။ သူကအဲဒီအချိန်မှာ စာလေးဘာလေးချ စပြုနေပြီ၊ ခန်းနေ ဦးပဥ္စင်းလောက်ပဲ ရှိသေးတယ်။

သင်း - ဆရာက တကယ့်ကို ဒိပ်ဒိပ်ကြီးတွေနဲ့ကို ကြုံခဲ့တာကိုး။

(ဆရာပါက ဟက်ဟက်ပက်ပက်ရယ်ပါသည်။)

ပါ - အဲဒါတွေ နောက်ပိုင်းကျတော့ တွေ့ရပါလိမ့်ဦးမယ်။ အဘယာရာမ ကျောင်းတိုက်အကြောင်းကို ဆက်ပြီးပြောရဦးမယ်။ စည်းကမ်းက တကယ့်ကို သံမဏိစည်းမျဉ်းနော်၊ ဘယ်သူမဆိုကျောင်းမှာ နေတော့မယ်ဆိုရင် ရဟန်းဆိုရင် ပါတိမောက်(ရဟန်းဝိနည်း)ကို အလွတ်ပြန်ရတယ်။ ကိုရင်ဆိုရင် သေခိယ(သာမဏေဝိနည်း)ကို အလွတ်ပြန်ရတယ်။ အဲဒါအတွက်ကို ခုနစ်ရက်အချိန်ပေးတယ်။ (ရယ်လျက်) ကျွန်တော့်ဆရာရှင်တေဇောသာရဆိုရင် စာချနေပြီနော်၊ ဒါပေမယ့် မရဘူး။ သူလဲ ပြန်ပဲ။





ကျွန်တော်တို့နှစ်ယောက်မှာ စာကျက်ရတာ။ ကျွန်တော်ကတော့ ကိုရင်လေးမို့ သေခိယပေါ့။

သင်း - သေခိယကို အနက်ပါပြန်ရတာလား။

ပါ - အနက်တော့ မပြန်ရဘူး။ သိပြီးသားလို့ ယူဆထားလို့ပေါ့လေ။ ဆရာရေ ဒါပေမယ့် မနေနိုင်တော့ဘူး။ တစ်ပတ်လောက်ရှိတော့ ကျွန်တော်က ဆရာ့ကိုမနေချင်ဘူးလို့ ကပ်ပြောတော့တာပဲ။ ဘယ့်နှယ် ဆရာရယ် ရဟန်းအချင်းချင်းလဲ စကားမပြောရဘူး။ ရယ်လားမောလား ဆိုတာမျိုးတော့ ဝေလာဝေးရော။ ကျောင်းတစ်ခုလုံးဟာ တိတ်ဆိတ်နေတာပဲ။ တောရကျောင်းကြီးအတိုင်းပဲ။ အဲ . . . တောရကျောင်း တိတ်ဆိတ်နည်းမျိုးတော့လဲ မဟုတ်တတ်သေးဘူး။ စာကျက်သံ၊ စာချသံ ကလေးတွေကိုတော့လဲ ကြားနေရတာပေါ့။ ဒါပေမယ့် ကျန်တဲ့အချိန်တွေမှာဆိုရင် တကယ့်ကို တိတ်ဆိတ်နေတော့တာ။ ကျွန်တော်က မနေနိုင်တော့ဘူး။ သိပ်တင်းကြပ်လွန်းတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက စည်းကမ်းဥပဒေဆိုတာမျိုးတွေ အချုပ်အနှောင်များလွန်းရင် နေကိုမနေချင်တာ။ အဲဒါမျိုးကို ကျွန်တော် သည်းမခံနိုင်ဘူး။ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒီလိုဆိုတော့ စည်းမဲ့ကမ်းမဲ့နေချင်တာလားဆိုတော့လဲ ဒီလိုတော့ မဟုတ်ပါဘူး။ ဦးအောင်သင်းသိတဲ့အတိုင်း ကျွန်တော်က ပရမ်းပတာသမားမှ မဟုတ်ပဲ။ ဘယ်လိုပြောမလဲ၊ အဲ . . . ကိုယ့်ကိုကိုယ်ပဲ ချုပ်နှောင်ချင်တယ်လို့ ဆိုရမလား။ ဒါကြောင့် ဆရာရှင်တေဇောသာရကို ကပ်ပြောရတာ။ စင်စစ်မှာတော့ (ရယ်လျက်) ဆရာကလဲ တယ်ပြီးနေချင်တော့ပုံတော့ မရဘူးဗျ။ အဲဒီမှာတင် ကျွန်တော်တို့နှစ်ယောက် ဘုရားကြီးနားက တောင်ပြင် ထီးလင်းတိုက်ကို ပြေးတော့တာပဲ။ အဲဒီမှာကျတော့ အတော်လေးကို လွတ်လွတ်လပ်လပ်နေရတယ်။ ကျွန်တော်က ကိုရင်ပေါက်စဆိုတော့ ညနေဆိုရင် ဘုရားကြီးဘက်၊ ရွှမ်းစုဘုတာဘက် ရောက်နေပြီ။

သင်း - အဲဒီအကြောင်းတွေ ဆရာရေးဖူးသေးတယ်နော်။

ပါ - ဟုတ်တယ်၊ ရေးဖူးတယ်။ (ရယ်လျက်) ကျွန်တော်တို့ ထီးလင်းတိုက်ဘက်ရောက်သွားပြီဆိုတာကြားတော့ ဦးဆန်းထွန်းတို့လဲ လိုက်လာဘယ်။ သူတို့လဲ မိုးကောင်းမှာ မနေနိုင်တော့ဘူး။ မိုးတောင်းတော့ မနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတော့ အဘယာရာမမှာဆိုရင် စဉ်းစားမနေနဲ့တော့။ ပြောရဦးမယ် ဆရာရေ။ ဦးဆန်းထွန်းကလဲ ကျွန်တော့်လိုပဲ၊ လွတ်လွတ်လပ်လပ် အလွန် နေချင်တာ။ အချုပ်အချယ်နဲ့ဆိုရင် သူမရတော့ဘူး။ နောက်ပြီးသူက စာမသင်တာတော့ မဟုတ်ဘူး၊ သင်တော့သင်တယ်။ ဒါပေမယ့် သူ့စိတ် ထဲမှာ တော်လောက်ပြီထင်ရင် ဆက်ကိုမသင်တော့ဘူး။ စာကို ဆက်မသင် တာသာပြောတာနော်၊ ပညာမရှာတာမဟုတ်ဘူး၊ သူ့ဘာသာသူ သိချင်တာ တွေကိုတော့ မပြတ်တမ်းကို ရှာဖတ်လေ့လာနေတာ။

သင်း - ကလပ်စ် မတက်ချင်တော့တာပေါ့ဆရာရယ်။

ပါ - (ရယ်လျက်) အဲ . . . ဟုတ်တယ် ဟုတ်တယ်၊ ကလပ်စ် မတက်ချင်တာ။ ပြောမယ့်သာပြောရတယ်၊ ကျွန်တော်လဲ အဲဒီလိုပဲ ဆရာရေ။ ထားလိုက် ပါဦးလေ၊ နောက်ပိုင်းမှာတော့ အဲဒါတွေကို တွေ့ရပါလိမ့်ဦးမယ်။ အဲ . . . ထီးလင်းတိုက်ရောက်တော့ ဆွမ်းခံရတယ်။ အဘယာရာမမှာ တုန်း ကတော့ မနက်ဆိုရင် ဆွမ်းကျွေးတယ်။ ဟင်းရယ် ဘာရယ်တော့ မဟုတ် ပါဘူး၊ ငံပြာရည်ကြော်ပေါ့။ ဒါနဲ့ကျွန်တော်က ကိုရင်၊ အသက်ဆယ့်လေး နှစ်လောက်ပေါ့။ ဆွမ်းခံထွက်တော့၊ ဘုံလောင်း ဆိုတာရှိတယ်။ ဘယ်သူပဲ ဖြစ်ဖြစ် ကိုရင်ဖြစ်ဖြစ်၊ ဦးပဉ္စင်းဖြစ်ဖြစ်၊ ဆွမ်းလာရပ်လိုက်ရင် တစ်ဇွန်းတော့ လောင်းလိုက်တာပဲ။ တစ်ဇွန်းပဲ။ အဲဒီတစ်ဇွန်းရပြီးတော့ ကျွန်တော်လဲ ဘယ် မှာဆွမ်းခံရမှန်း မသိတော့ဘူး။ တစ်ဇွန်းနဲ့ပဲ ပြန်လာခဲ့ရတယ်။ ဒါပေမယ့် ကျောင်းရောက်တော့ဖြင့် ကျန်တဲ့ ကိုယ်တော်ရခဲ့တာနဲ့ဘာနဲ့ ပေါင်းပြီး စားလို့တော့ရပါတယ်။ ဒါပေမယ့် တစ်ဇွန်းထဲရတာနဲ့တော့ အပိုပဲဆိုပြီး ကျွန်တော် ဆွမ်းမခံတော့ဘူး။ မနက်ပိုင်းအတွက်ကျောင်းမှာပဲ ဖြစ်သလိုပြီး လိုက်ရတာပဲ။ ပဲပြုတ်ကလေး ဘာလေးပေါ့လေ။ ဦးအောင်သင်း နှယ် မနက် စောစောဆိုရင် ကျောင်းထဲမှာ 'ပဲပြုတ် ပဲပြုတ်' ဆိုတဲ့ ပဲပြုတ်သည်တွေရဲ့ အသံတွေဟာ ကျောင်းတိုက်တစ်ခုလုံး ကြွက်ကြွက်ညံနေတာပဲ။ အဲဒီမှာ ပဲပြုတ်ကလေးဘာလေး ဝယ်ပြီးပြီး ဆွမ်းလေးဘာလေးချက်ပြီး စားချင်လဲ စားလိုက်ကြတာပေါ့လေ။

အဲဒီမှာ ဦးဆန်းထွန်းကတော့ စာမလိုက်တော့ဘူး။ အဲ . . . ကျွန်တော်တို့ ဆရာရှင်တေဇောသာရကတော့ လိုက်တယ်။ ဘုရားကြီး





တိုက်မှာ ဟံသာဝတီဆရာတော်ဆိုတာက နာမည်ကြီးစာချဆရာတော်ပဲ။ နောက်တော့ ဘာသာရေး၊ လူမှုရေး၊ သံဃာ့အဖွဲ့အစည်းတွေမှာ ဝင်ပြီး ဆောင်ရွက်လာလို့ အတော်ကြီးကို အရေးပါအရာရောက်တဲ့ ဆရာတော် တစ်ပါး ဖြစ်သွားတယ်။ ဒီမှာ ကံလာတာတစ်ခုက အဲဒီဆရာတော်က ကျွန်တော့် ဘကြီးတစ်ယောက်နဲ့ ဆရာဒကာ ဖြစ်နေတယ်။ အဲဒီဘကြီးက သဲတောမှာနေတာ။

သင်း - နေဦး နေဦး၊ ကျွန်တော်မှတ်မိပြီ။ စာစောင်တွေမှာ ဆောင်းပါး တွေဘာတွေရေးလို့ ဆရာ့ကို သိပ်စိတ်ဆိုးတဲ့ ဘကြီးမဟုတ်လား။

ပါ - (ရယ်လျက်) ဟုတ်တယ် - ဟုတ်တယ်၊ သူပေါ့။ သိပ်ကို စိတ်ဆိုးတာ။

သင်း - ကျွန်တော့်မှာ သူစိတ်ဆိုးတာကို နားမလည်နိုင်လောက်အောင် တောင် ဖြစ်သွားတယ်။

ပါ - ကွန်ဆာဗေးတစ်လေ ဆရာရဲ့။ သူက လူထွက်သွားမှာကို သိပ် စိုးရိမ်တာ။ သူစိတ်ဆိုးတာလဲ ဟုတ်တော့လဲ ဟုတ်တာပဲ၊ (ရယ်လျက်) စာတွေရေးဖြစ်တာနဲ့ ကျွန်တော်လဲ လူထွက်ဖြစ်သွားတာပဲ။ အဲဒီမှာ ကျွန်တော့်ဘကြီးက စာလှမ်းရေးတယ်။ ဟံသာဝတီ ဆရာတော့်ဆီကိုသွားဖို့ သွားရတာပေါ့လေ။ သွားတော့ ဟံသာဝတီဆရာတော်က 'မင်း-ငါ့ဆီမှာ စာလိုက်' တဲ့။ ဟာ . . . အဲဒီမှာ ကျွန်တော်က သဒ္ဒါသင်္ဂြိုဟ် ရှိသေးတယ်၊ သူချနေတာတွေက နိကာယ်ကြီးတွေ၊ ဒါနဲ့ကျွန်တော်က အကျိုးအကြောင်း လျှောက်တော့ အလေ့အကျင့်ရအောင်လို့တဲ့၊ ဒါနဲ့ ကျွန်တော်လဲ လိုက်ရတာ ပေါ့လေ။ ဒီတုန်းက ဦးဆန်းထွန်းလဲ ပါတယ်၊ ဦးတေဇောသာရလဲလိုက် တယ်။ နောက်တစ်ပါးကို ပြောရဦးမယ်။ ကျွန်တော်တို့ မိုးကောင်းတိုက်မှာ ခဏတည်းစဉ်ကကျောင်းရဲ့ ဆရာတော်က ဦးဝိမလတဲ့။ သူလဲ ပါတယ်၊ ကျွန်တော်ကတော့ ကိုရင်လေးပါ။ သူတို့က အလေ့အကျင့်ရအောင် တွဲခေါ် တာပေါ့။

အဲဒီ ဦးဝိမလဆိုတာက အခုလက်ရှိ ရွှေကျင်သာသနာပိုင် ဆရာတော်ပဲ။ အဘိဓဇမဟာရဋ္ဌဂုရုပေါ့။ အဲဒီလို ဦးအောင်သင်းရေ ကျွန်တော်တို့ တစ်တွေကသာ ဘုန်းကြီးမဖြစ်တာ၊ ကျွန်တော်တို့နဲ့ စာလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွေက သာသနာပိုင်ဖြစ်ကြ၊ အဘိဓဇတွေဖြစ်ကြ၊ ရဋ္ဌဂုရုတွေ ဖြစ်ကြ. . .

(ဆရာပါက အားရပါးရ ရယ်ပါသည်။ သူရယ်မောပုံမှာ သူ့ကိုယ်သူလှောင်သည်ဟုလည်း မဆိုသာပါ။ သာသနာပိုင်စသော စာလိုက်ဘက် ဆရာတော်ကြီးများ၏ မဆုတ်နစ်သော ဖွဲ့သတ္တိကို ချီးကျူးကြည်ညိုခြင်းလည်းပါနေသည်ဟု ဆိုနိုင်ပါသည်။ ကျွန်တော်တို့လည်း မနေနိုင်၊ သူနှင့်ရောပြီး ရယ်မောမိကြပါသည်။ ဆရာပါက ဆက်ပြန်ပါသည်။)

ပါ - သတိရလာလို့ ပြောလိုက်ရဦးမယ်။ ဒီနှစ်ထဲမှာပဲ၊ အဲ . . . လွန်ခဲ့တဲ့ နှစ်ထဲကပေါ့။ ဒေါ်အမာ လူထုဒေါ်အမာက ကျွန်တော့်ဆီကို စာလေးတစ်စောင်ရေးလိုက်တယ်။ ဒေါ်အမာက ကျွန်တော့်ဆီ စာရေးလေ့ရှိတာ မဟုတ်ပါဘူး။ သူရေးတဲ့ 'အမေ့ရှေးစကား' ဆိုတဲ့ စာအုပ်ကလေးကို ပို့လိုက်ရင်း စာလေးတစ်စောင် ရေးပေးလိုက်တာပါ။ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး မန္တလေးကိုကြွလာလို့ သွားပြီးဖူးတယ်တဲ့။ တွေ့ရာလေးပါးလျှောက်ထားရင်း ရှေးဟောင်းနှောင်းဖြစ်တွေပြောကြတော့ ဆရာတော်ကြီးက "တို့များငယ်ငယ်က တောင်ပြင်ထီးလင်းတိုက်မှာ စာလိုက်ကြတော့ ကိုဆန်းထွန်းတို့၊ ပါရဂူတို့ဟာ တို့များနဲ့ စာလိုက်ဘက်တွေပေါ့လို့" မိန့်ကြားတယ်တဲ့။ အဲဒါဒေါ်အမာက ဘယ်လိုမှတ်ချက်ရေးလဲဆိုတော့ ဒီဆရာတော်ကြီးဟာလဲ စာမရေးခဲ့လို့သာ စာရေးခဲ့ရင် လူထွက်မှာပဲလို့ အောက်မေ့လိုက်မိတယ်တဲ့။

(ဆရာပါက နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြန်ပါလေသည်။ ပြီးမှ ဆက်ပြန်သည်။)

ပါ - အဲဒီနောက်မှာတော့ ဦးဝါသေဋ္ဌကလဲ သပြေကန်ကို ပြန်ကြွလာတယ်။ ကျွန်တော်တို့လဲ ပြန်လာခဲ့တယ်။ မန္တလေးမှာ တစ်ဝါပဲ နေခဲ့တာပါ။ ပြန်ရောက်လာတော့ ပထမငယ်တန်းကို ဝင်ဖြေတယ်။ ဘာမှအခက်အခဲမရှိပါဘူး။ အောင်သွားတာပါပဲ။ အသက်က ဆယ့်ငါးနှစ်သား။

(ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ကျွန်တော့်ဆရာရှင်တေဇောသာရ ဒဂုန်ဦးထွန်းမြင့်ပေါ့။ သူ ကျွန်တော့်ကိုသင်ပေးပုံက ပထမငယ်တန်းကို သင်နေသော်လဲ အလတ်တန်း၊ အကြီးတန်းတွေအတွက်ကိုပါ လှမ်း





ကြည့်ပြီး သင်ရိုးညွှန်းတမ်းဆွဲပြီး သင်တာမျိုး။ ဒါကြောင့်လဲ ကျွန်တော်က ကိုရင်ဘဝမှာကိုပဲ ပထမကြီးတန်းကို အောင်လာခဲ့တာ။ ပထမကြီးတန်းမှာလိုအပ်တဲ့ အဘိဓာန်တို့၊ အလင်္ကာတို့ဆိုတာတွေကို မန္တလေးမှာ သဒ္ဒါသင်နေရင်းကကိုပဲ ကျွန်တော်က ကျက်နေရတာ။ အဘိဓာန်က ဂါထာတွေကို တစ်နေ့ ငါးပုဒ်ကျက်ရတယ်။ သူ့ဆီမှာ ပြန်ရတယ်။ အဲဒါ နေ့တိုင်း။ ဂါထာတစ်ထောင်ကျော် ရှိတယ်နော်။ အဲဒီလိုပြင်ဆင်ပြီး ပန္နက်ရိုက်ပေးခဲ့တာ။)

သင်း - နေဦးဆရာ၊ ကျွန်တော်မေးချင်တာ ရှိသေးတယ်။ တစ်ခါက ဆရာကျွန်တော့်ကိုပြောဖူးတာလေး သတိရနေမိလို့ပါ။ ဒီခေတ် ပထမပြန်တွေနဲ့ စာလိုက်ရင် ဆရာတို့ကျက်မှတ်ခဲ့ရတာတွေ course တွေက သိပ်ခက်တယ်လို့ ပြောခဲ့ဖူးတယ်။ အဲဒါ . . .။

ပါ - လာမယ်. : . လာမယ်။ ကျွန်တော်ကလဲ အဲဒါကို ပြောပြချင်သေးတာပါ။ ကျွန်တော် အသက်ဆယ့်ငါးနှစ်သားမှာ ပထမငယ်တန်းကို အောင်တယ်။ ဆယ့်ခြောက်နှစ်မှာ အလတ်တန်းကို အောင်တယ်။ ဘာပြဿနာမှ မရှိခဲ့ဘူး။ အဲ . . . အကြီးတန်းကတော့ ဘယ်လိုပြောရမလဲဆိုရင် အဲ . . . ဘောင်ပူစာလေးနှစ်လုံးကို ကျော်တက်လာခဲ့ပြီး ရုတ်တရက် ဧရာမတောင်ကြီးကို လှမ်းတက်လိုက်ရတဲ့ အတိုင်းပါပဲ ဦးအောင်သင်းရယ်။ ဘယ်လောက်ခက်သလဲဆိုတာ မှန်းကြည့်နိုင်အောင် ကျွန်တော်ပြောမယ်။ အသက် ဆယ့်ခုနစ်နှစ်နဲ့ ပထမကြီးတန်းကိုအောင်တာ ပထမပြန်သမိုင်း တစ်လျှောက်လုံးမှာ (အဲ-စစ်ကြီးဖြစ်တဲ့အထိ အင်္ဂလိပ်ခေတ် ပထမပြန်သမိုင်းမှာ) နှစ်ပါးပဲရှိခဲ့ဖူးတယ်။ ကျွန်တော်နဲ့ စောစောကပြောခဲ့တဲ့ ရွှေကျင်သာသနာပိုင် အရှင်ဝါသေဋ္ဌရယ်ပဲရှိခဲ့တယ်။ ဒါပေမယ့် သူက ကျွန်တော့်ထက် တစ်နှစ်စောတယ်။ သူလဲ ဆယ့်ခုနစ်နှစ်သားမှာ အောင်ခဲ့တာပဲ။ အဲဒီတုန်းက အကြီးတန်းအောင်ဖို့ဆိုတာ သိပ်ခက်တာ။ တစ်ခြား မကြည့်နဲ့၊ မင်းကွန်းဆရာတော် ဦးဝိစိတ္တဆိုတာ ဘယ်လောက်ဉာဏ်ပညာကြီးသလဲ၊ ဆရာတို့ အသိ။ အဲဒီ ဆရာတော်တောင်မှ ဆယ့်ရှစ်၊ ဆယ့်ကိုးမှာ မအောင်သေးဘူး၊ ...ပဥ္စင်းဖြစ်ပြီးမှ အောင်တာ။ ဦးဝါသေဋ္ဌကတော့ တကယ့်ကို ဉာဏ်တောင်...တာ။ ထူးထူးချွန်ချွန်ကို ဉာဏ်ကောင်းလွန်းလို့ အောင်တာ။ ကျွန်တော်...ခတော့ ဒီလောက်၊ ဉာဏ်ကောင်းလှလို့ မဟုတ်ဘူး။ ဆရာကိုက ...တော်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာကောင်းနဲ့သွားတွေ့တော့ ကြိုတင်ပြင်ဆင်ပေးခဲ့တာကောင်းလို့ အရှိန်ရသွားတာ။ ဒီဘက်ခေတ်မှာတော့ ဆယ့်ခုနစ်နှစ်နဲ့ အောင်တာမျိုးတွေ ရှိလာပါပြီ။ ကောင်းပြီ . . . ဆရာသိချင်တဲ့ ကျွန်တော်တို့ခေတ်မှာ ဘာကြောင့် ဒီလောက်ခက်ခဲရသလဲဆိုတာကို ကျွန်တော် ပြောပြမယ်။

ကျွန်တော်တို့ခေတ်က သင်ရိုးညွှန်းတမ်းတို့၊ ပြဋ္ဌာန်းချက်တို့ ဆိုတာမျိုးတွေ မရှိဘူး။ အဲ . . . မရှိဘူးတော့လဲ မဟုတ်ဘူးပေါ့လေ။ ရှိတော့ရှိတယ်၊ ဘယ်လိုရှိတာလဲဆိုတော့၊ သဒ္ဒါမေးမယ် ဆိုတာမျိုးပေါ့။ သဒ္ဒါဆိုတာကလဲ ပြောလိုက်တော့သာ စကားလေးနှစ်လုံးထဲရှိတာ။ သဒ္ဒါကျမ်းဆိုတာက အများကြီး၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိဆိုတာမျိုးကျမ်းတွေက အများကြီး။ အဲဒါတွေထဲက မေးချင်တာ ကောက်မေးပစ်တာ။ ဒီတော့ အဲဒါတွေ အကုန်လုံးကိုလိုက်ပြီး ကြည့်တန်ကြည့်၊ မှတ်တန်မှတ်၊ အာဂုံ ဆောင်သင့် တာဆောင် လုပ်ကြရတာ။

သင်္ဂြိုဟ်ဆိုလဲ ဒီလိုပဲ၊ နည်းနည်းနောနောကျမ်းတွေမှ မဟုတ်တာ။ သင်္ဂြိုဟ်နဲ့ပတ်သက်လို့ ဆရာတော်ကြီးတွေ ရေးခဲ့တဲ့ကျမ်းတွေက အများကြီး။ အဲဒါတွေအားလုံးကို လျှောက်ကြည့်ရတာ။ မကြည့်လို့လဲ မဖြစ်ဘူး၊ အဲဒါ တွေထဲက မေးချင်တာကောက်မေးလိုက်တာကိုး။ နောက် ဘာသာပြန်။ ပါဠိက မြန်မာ၊ မြန်မာက ပါဠိပေါ့။ ဘာသာပြန်ရတာ။ ခုတော့ဖြင့် ဘာသာ ပြန်အတွက်လဲ ဇာတ်တော်တို့ ဘာတို့ စသည်အားဖြင့် ပြဋ္ဌာန်းထားတယ်။ ပြဋ္ဌာန်းစာရှိတယ်။ ကျွန်တော်တို့ခေတ်က မရှိဘူး။ မေးချင်တာ ကောက်မေး ပစ်လိုက်တာပဲ။ ဒီတော့ ဘာသာပြန်နဲ့တောင် စာမေးပွဲကျချင်ကျနေသေး တာ။ ဘာသာပြန်ဆိုတာဟာ ခပ်ပေါ့ပေါ့သဘောထားကြတဲ့ မေးခွန်းမျိုးပဲ။ အဲဒါမျိုးမှာတောင် တွေ့ရာကောက်မေးပစ်လိုက်လို့ ကျသွားခဲ့တာတွေ ရှိတယ်။

သင်း - နေဦးဆရာ . . . ဘယ်သူပြောဖူးမှန်းတော့ မမှတ်မိတော့ဘူး။ မဟာစရိယ စာချတန်းကို ဆရာဝင်ဖြေတော့ ကိုရင်လေးငယ်ငယ်လေးဆိုပြီး ဝိုင်းကြည့်ကြရတယ်လို့ ကြားဖူးတယ်။ အဲဒါပြောစမ်းပါဦး။

ပါ - အဲ ၁၉၄၀ ပြည့်နှစ်မှာ ပထမဆုံး မဟာစရိယ စာချတန်းစာမေးပွဲ ကို မန္တလေးမှာ လုပ်တယ်။ ကျွန်တော်တို့ သွားဖြေကြတယ်။ ကိုရင် ဘဝ၊





ဆယ့်ရှစ်နှစ်ပေါ့။ ဝိုင်းကြည့်တယ်ဆိုတာက အံ့ဩကြတာပေါ့လေ။ ငယ်တယ်ဆိုတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က နဂိုကတည်းက အရုပ်ပုပုဆိုတော့ ပိုပြီးငယ်တယ် ထင်နေရတာလဲပါမှာပါ။ ပြောရဦးမယ် အဲဒီမှာ ဦးဆန်းထွန်းကလဲ ကန့်လန့်ကန့်လန့်နဲ့ ပါလာသေးဟ။ သူကလဲ စာမေးပွဲဖြေမယ်လေ။ ကျွန်တော်ဘဝတစ်လျှောက်လုံးမှာ ဦးဆန်းထွန်းက ကန့်လန့်ကန့်လန့် ဘယ်လိုပါပါလာမှန်းမသိဘူး ဆရာရေ။

(ဆရာပါက ပြောလည်းပြော ရယ်လည်းရယ်ပါပဲ။ ကျွန်တော် လည်း ဆရာဦးဆန်းထွန်းကို ရင်းရင်းနှီးနှီး သိခဲ့သည့်အလျောက်ရောပြီး ရယ်မိသည်။ ပြီးမှ ဆရာပါက သူတို့ဖြစ်ပုံကို ဆက်ပြောပြန်သည်။)

ပါ - အဲဒါ စာမေးပွဲဖြေဖို့လို့သာပြောရတယ် စာလဲတစ်လုံးမှ မကြည့် ဘူး။ ကျွန်တော်မှတ်မိသလောက် စာအုပ်တောင် စုံစုံလင်လင် မရှိဘူးထင် တာပဲ။ သူနဲ့တွဲတဲ့ ဦးပဥ္စင်းတစ်ပါး ရှိသေးတယ်။ အဲဒီကိုယ်တော်ကလဲ သူ့လိုပဲ။ သူတို့နဲ့သွားပေါင်းမိတာမှာ ကျွန်တော်ပါရောပျက်သွားတာ၊ ကျွန်တော်က စာမေးပွဲဖြေဖို့ စာကြည့်နေတာ သူကလာပြီး 'လာကွာ ကြီးမွှား ဈေးတိုက်ကို သွားကြရအောင်'တဲ့။ ဒီတော့ ဦးလှက မန္တလေးရောက်နေပြီး 'ဟာ . . . စာမေးပွဲဖြေရမှာလေလို့ ပြောတော့ ထားစမ်းပါကွာ ရပါတယ်'လို့ ပြောတာ။ ကျွန်တော်လဲ ကန့်လန့်ကန့်လန့်နဲ့ပါသွားရော၊ အဲဒီမှာ သူလဲ စာမေးပွဲကျ၊ ကျွန်တော်လဲ ရှုံးပါလေရော။ တကယ့်လူတွေဆရာရေ ပေတယ် လို့ ပြောရအောင်ကလဲ သူတို့ဖတ်ချင်တဲ့စာကျတော့လဲ အသေအကြေဖတ် ချင်ဖတ်နေတာ။

သင်း - စာမေးပွဲဆိုတာက စာစစ်အဖွဲ့က အဖတ်ခိုင်းတာကို ဖတ်ရတာ ကိုးဆရာရဲ့။ ဒီတော့ ဘောင်ခတ်ထားတာကြီးလို ဖြစ်သွားကြတာနဲ့ တူ ပါတယ်။

ပါ - ဟုတ်ထင်ပါရဲ့ ဦးအောင်သင်းရယ်။ ပြောရဦးမယ်၊ စောစောတုန်းက ကျွန်တော်ပြောတဲ့ ဘုံလောင်းဆိုတာ မှတ်မိလိမ့်မယ်။ အဲဒီနှစ်မှာ ဘုံလောင်း ဆိုတဲ့ဝေါဟာရ ပေါ်လာလိုက်သေးတယ်။ မေးခွန်းလွှာတစ်ခုမှာ မေးခွန်း ထုတ်တာ မှားသွားတယ်။ မေးခွန်းထုတ်တဲ့သူက မှားတာဆိုတော့ အဖြေလွှာ အားလုံးကို အအောင်ပေးလိုက်ရတယ်။ ဟယ်ရီတန် လေ။ အဲဒါ ဘုံလောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတစ်ခုမှာပဲ ကျွန်တော်တို့ အောင်ကြတယ်။ အဲဒီနှစ်မှာ ဆရာတော် ဦးဝိစိတ္တလဲဖြေတယ်။ နောက်ပြီး ဆရာတို့ မြန်မာစာဌာနမှာ လုပ်သွားတဲ့ ပါဠိပါရဂူဦးအောင်မိုး၊ နောက်ပြီး ဦးကျော်ထွတ်ဆိုတာ၊ ခုလဲရှိပါသေးတယ် သာသနာရေးဦးစီးဌာနမှာ။ အဲ . . . သူတို့ကတော့ နှစ်ချင်းပေါက်အားလုံး အောင်သွားကြတယ်။ ကျွန်တော်တို့ကတော့ အားလုံးပြုတ် ကျန်ခဲ့တယ်။ အဲ ဘုံလောင်းတော့ အောင်သွားတာပေါ့လေ။

(ဆရာပါကပြောပြီး ဟက်ဟက်ပက်ပက် ရယ်ပါလေသည်။ ကျွန်တော်တို့လည်း မနေနိုင်ပါရောပြီး ရယ်မိပါသည်။ ရယ်မည့်သာ ရယ်လိုက်မိသည် စင်စစ် သူတို့အားလုံးမှာ အသက်ငယ်ကြသေးသည်။ ဆရာပါဆိုလျှင် အသက်ဆယ့်ရှစ်နှစ်မျှသာရှိသေးရာ သူသာရဟန်းဘဝ၌ ပျော်ပိုက်လျက် ပရိယတ္တိကို နှစ်နှစ်ခြိုက်ခြိုက် လိုက်စားခဲ့မည်ဆိုလျှင် လျှမ်းလျှမ်းတောက် ဆရာတော်ကြီးတစ်ပါး ဖြစ်နေမည်ကို ကျွန်တော့် စိတ်ကူးတွင် မြင်ယောင်နေမိသည်။)

**သင်း -** စာချတန်းကို နောက်ထပ် ဖြေဖြစ်သေးသလားဆရာ။

**ပါ -** အဲဒီနောက်နှစ်မှာတော့ ရန်ကုန်မှာလုပ်လို့ မွှာစရိယဝင်ဖြေဖြစ်သေးတယ်။ ဖြေပေမယ့် ဂုဏ်ထူးကျမ်းတွေတော့ လေးငါးခြောက်ကျမ်းလောက် အောင်တယ်။ ဒါပေမယ့် ကျမ်းရင်းတွေကို မအောင်တော့ မွှာစရိယအောင်တယ်လို့ မမည်ဘူးပေါ့။ အဲဒီနောက်တော့ စစ်ကြီးဖြစ်လာတော့တာပဲ။

**သင်း -** စစ်ကြီးဖြစ်လာတော့ကောဆရာ ဘယ်မှာရောက်နေသလဲ၊ ရန်ကုန်မှာပဲလား။

**ပါ -** ဒီလိုဆရာ၊ ရန်ကုန်ကို ဂျပန်က ဗုန်းတွေချလိုက်တဲ့အခါမှာ ကျွန်တော်က ဇာတိဖြစ်တဲ့ ဟင်္သာတ သန္တသနေ့ကို ပြန်ရောက်နေပါပြီ။ အမယ် ပြောရဦးမယ်။ ဆရာတို့ရဲ့ဆရာကြီး ဦးဆန်းထွန်း အရှင်ဉာဏိဿရကတော့ မပြန်သေးဘဲ ရန်ကုန်မှာပဲ ပေကပ်ပြီးကျန်နေရစ်ခဲ့ သေးတာဆရာရေ့။

**သင်း -** ဟုတ်မယ် ဟုတ်မယ်။ သူကနေလို့ကို မဖြစ်တော့မှ ပြေးမယ့်လူမျိုး။





**ပါ -** ဟုတ်ပါ့ဆရာ။ တကယ်ကိုနေလို့ မဖြစ်တော့မှ ပြေးလာခဲ့တော့တာ။ ရန်ကုန်ကို ဗုန်းတွေချလိုက်တော့မှ လူတွေအားလုံးဟာ စစ်ဆိုတာ ဒီလိုကြီးပါလားလို့ နဖူးတွေဒူးတွေ တွေ့ကြရတော့တာကိုး။ ပြေးလိုက်ကြတော့လဲ အလုအယက်ဆိုသလိုပြေးကြတာဖြစ်လေတော့ ဘူတာရုံတွေ သင်္ဘောဆိပ်တွေမှာဆို ကျပ်ကျပ်ခဲခဲ တိုးကြွေ့ကြနဲ့ အတော်ကြီးကို ဒုက္ခရောက်ကြရတယ်ဆိုပါတော့။ ရထားသင်္ဘော မရပြန်တော့လဲ ဖြစ်သလိုပြေးကြပေါ့။ ရန်ကုန်နဲ့ဝေး ရင်ပြီးရောဆိုတာမျိုးပေါ့။ ကျွန်တော်ကတော့ ခပ်စောစောကတည်းက ရွာကိုပြန်လာလိုက်တာဆိုတော့ အဲဒီဒုက္ခမျိုးကို မကြုံလိုက်ရတော့ဘူးပေါ့ဆရာ။ ဒီလိုနဲ့ပဲ ဂျပန်ဝင်လာတယ်၊ ဂျပန်တပ်တွေ၊ ဘီအိုင်အေတပ်တွေဟာလဲ ဟင်္သာတဘက်ကို ရောက်လာပြီး မီးရထားလမ်းအတိုင်း ကြံခင်းဘက်ဆက်ပြီး ချီတက်သွားကြတယ်။

**သင်း -** ဒါဖြင့် ဂျပန်ခေတ်မှာ သန္တသနေ့မှာပဲ . . . .။

**ပါ -** နေဦးဆရာ . . . . ကျွန်တော်ပြောဦးမယ်။ ရွာမှာနေတာတော့ မှန်တယ်။ ဆွမ်းကွမ်းကိစ္စကစလို့ ဘာမှ ပူပင်ကြောင့်ကြစရာ မလိုဘူးပေါ့ဆရာ။ ဒါပေမယ့် ကြာလာတော့ မနေနိုင်တော့ဘူး၊ ငြီးငွေ့လာတယ်ဆရာရေ့။ တစ်နေ့လာလဲ စားလိုက်သောက်လိုက်၊ တစ်နေ့လာလဲ စားလိုက်သောက်လိုက်ဆိုတာမျိုးဖြစ်နေလေတော့ ကျွန်တော်မနေနိုင်တော့ဘူးဆရာရေ့။

**သင်း -** ဆရာနေလာခဲ့တာကလဲ ရန်ကုန်လို မန္တလေးလို မြို့ကြီးတွေမှာ နေလာခဲ့တာဆိုတော့ ကျေးရွာကလေးတစ်ခုမှာ ကြာရှည်နေလို့ ဘယ်ရနိုင်တော့မလဲဆရာ။

**ပါ -** ဆရာပြောတာလဲ ဟုတ်သင့်သလောက်တော့ ဟုတ်လိမ့်မယ်။ ဒါပေမယ့်ပဓာနက အဲဒါ မဟုတ်ဘူးဆရာ။ ဒီလို ကျွန်တော်က ပညာတစ်ခုခုကို သင်ယူပြီး နေချင်တယ်။ ဘာပညာမှတိုးမနေဘဲ ဒီအတိုင်းကြီး အချိန်ကုန်နေရတာကိုနေလို့ကို မရတော့တာ။ အဲဒီတုန်းကတော့ အချိန်ဟာ ဘန်ဖိုးရှိလှတယ်၊ အလဟဿမကုန်သင့်ဘူးဆိုတာမျိုးတွေ ဘာတွေတို့ တွေးနေမိလို့တော့ မဟုတ်ဘူးပေါ့ ဦးအောင်သင်းရယ်။ ပညာတစ်ခုခု သင်မနေရတာကြီးကို စိတ်ပျက်ပြီး မနေတတ် မထိုင်တတ် ဖြစ်နေတာပါပဲ။

လောကသရုပ်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သင်း - ဆရာ ခုလို ပညာရှိတစ်ယောက်ဖြစ်လာခဲ့တာ . . . ။
(ဆရာပါရဂူက ရယ်မောလိုက်ပြီး . . . . )

ပါ - ဟာ . . . မလုပ်လိုက်ပါနဲ့ ဦးအောင်သင်းရယ်။ ပညာရှိဆိုတာ ကြီးက ကြီးကျယ်လွန်းပါတယ်။

သင်း - ထားပါတော့လေ။ ကျွန်တော်ပြောချင်တာက ဘဝရည်မှန်းချက်တစ်ခုခုကို အောင်မြင်ချင်တဲ့ လူတစ်ယောက်ဟာ အမှတ်ထင်ထင်ဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ အဲဒီလိုအချိန်တွေကို နှမြောနေရမယ်ဆိုတာမျိုးကိုပြောချင်တာပါ။ ဆိုပါတော့ ဆရာဟာ အဲဒီအချိန်က အသက်အားဖြင့် ငယ်သေးတော့ အချိန်ဆိုတာဟာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုတာမျိုး သတိရှိနေတာမျိုး ဟုတ်ချင်မှ ဟုတ်မယ်ပေါ့။ ဒါပေမယ့် ဒီအတိုင်းကြီးနေနေရတာကို မကျေနပ်နိုင်ဘဲ တစ်ခုခုကို သင်ယူချင်နေတယ်။ အဲဒါကိုပြောတာပါဆရာ။ ဆရာပဲ ပြောခဲ့တယ်မဟုတ်လား။ ပါရဂူဆိုတဲ့ နာမည်တစ်လုံးရလာဖို့ပေးခဲ့ရတဲ့ အရင်းအနှီးဆိုတာကိုပြောတာပါ။ ထားပါတော့။ ဆက်ပါဦးဆရာ။

ပါ - အဲဒီလိုနဲ့ ကျွန်တော်ငြီးငွေ့လွန်းတော့ ရန်ကုန်ကို ထွက်လာခဲ့တယ်။ ထွက်လာခဲ့တယ်ဆိုတော့ လွယ်လွယ်တော့ မထင်လိုက်လေနဲ့ ဦးအောင်သင်းရေ။ ဒီတုန်းက တစ်နေရာနဲ့တစ်နေရာ ခရီးသွားရတာ အလွန်ခက်တယ်။ အင်္ဂလိပ်အမေရိကန်လေယာဉ်တွေကလဲ ဗုန်းကြဲ စက်သေနတ်ပစ်မဟုတ်လား။ သို့ပေမယ့် ဘယ်လောက်ခက်ခဲ နေစေဦးတော့ မသွားလို့ရှိရင် မဖြစ်နိုင်တဲ့လူတန်းစားကလဲ ရှိနေသေးတာကိုး။ ဒီတော့ ဝမ်းရေးအတွက်စွန့်ပြီး သွားကြလာကြရတော့တာပေါ့။ မြစ်ရိုးတစ်လျှောက်မှာ လေယာဉ်တွေက စက်သေနတ်နဲ့ ပစ်တတ်တာမှန်သော်လဲ လှေတွေနဲ့ပဲ ထက်အောက်စုန်ဆန် ကုန်ကူးကြရတာပဲ၊ ဒါတွေလဲ ဦးအောင်သင်းသိပြီးပါ။ ကျွန်တော်ပြောချင်တာက သူတို့တစ်တွေက မလွှဲသာလို့ ခရီးသွားကြရတာနော်။ ကျွန်တော်က ဘာမှအကြောင်းမရှိဘူး။ ကိုယ့်ဘာသာကိုယ်ရွာမှာ အေးအေးဆေးဆေး နေနိုင်ပါလျက်နဲ့ကိုပဲ ရန်ကုန်ကို ထွက်လာခဲ့တာ၊ ဟသ်ာတ ရန်ကုန်က ရထားရှိတာ မဟုတ်ဘူး။ ကျွန်တော့်မှာ ဟသ်ာတက သာရဝေါကိုကူး။ သာရဝေါက လက်ပံတန်းကိုကျတော့ နွားလှည်းနဲ့လိုက်





သွားခဲ့ရတာ။ ညဘက်မှာသွားရတာ။ အဲ လက်ပံတန်းကိုရောက်တော့မှ ဇပန်စစ်တပ်က လက်ပံတန်း ရန်ကုန်ဆွဲပေးနေတဲ့ ရထားနဲ့လိုက်ခဲ့ရတာ၊ ရထားနဲ့ဆိုလို့ လူစီးတွဲထင်မနေနဲ့ဦး။ သံကိုယ်ထည် ကုန်တင်တွဲကြီးတွေ၊ အဲဒီတွဲကြီးတွေမှာ မွန်းသိပ်ကျပ်ညပ်ပြီးလိုက်လာခဲ့ရတာ။ ကျွန်တော် ခုနက ပြောခဲ့သလို ဘာအကြောင်းမှ မရှိဘူးနော်။ သက်သက်မဲ့ကို လိုက်လာခဲ့တာ။ စားရေးသောက်ရေးအတွက် မလွှဲသာလို့သွားရတာ မဟုတ်ဘူး၊

သင်း - လုပ်ပါဦးဆရာ၊ ရန်ကုန်ရောက်တော့ တွက်ချေကိုက်ခဲ့လား၊

ပါ - ပြောပါ့မယ်ဆရာ။ ရန်ကုန်ကိုရောက်ပါလေရော၊ ရောက်တော့ ရန်ကုန်မှာနေလို့ မဖြစ်ဘူး။ ဗုန်းက တဝေါဝေါချနေတာကိုး၊ ဒါနဲ့ရန်ကုန်မှာ မနေဘဲ စစ်မဖြစ်မီ ကျွန်တော်တို့နေခဲ့တဲ့ လဟာရက်ရွာကို သွားပြန်ပါရော၊ လဟာရက်ရောက်တော့လဲ စာသင်တိုက်က မရှိတော့ဘူး၊ ပျက်နေပြီ၊ နောက်ပြီး ကျွန်တော့်ဆရာ အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်)ကလဲ ဟသ်ာတဘက်က မဲဇလီကုန်းမှာ ရောက်နေတယ်။ ဒါနဲ့ သန်လျင်ဘက်ကို သွားရပြန်တယ်။ သန်လျင်မှာက မင်းကျောင်းဆိုတာရှိတယ်၊ ကျွန်တော်တို့ လဟာရက်ရွာမှာနေစဉ်က ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲတွေဖြေရင် သန်လျင်ကိုလာပြီးဖြေကြရတယ်။ သန်လျင်က ကျွန်တော်တို့ တဖြေဌာနပေါ့၊ အဲဒီလိုစာမေးပွဲတွေလာဖြေကြရင် အဲဒီသန်လျင်မင်းကျောင်းမှာပဲ တည်းပြီးဖြေကြရတယ်။

သင်း - သန်လျင်မှာက ရေနံချက်စက်ရုံရှိနေတာကိုး ဆရာရဲ့။

ပါ - အဲဒီရေနံသပိတ်ကို ဝိုင်းဝန်းကူညီတဲ့အဖွဲ့မှာ ကျွန်တော်တို့ကလဲ အဲဒီလို ရေနံမြေသပိတ်စတဲ့ အမျိုးသားလှုပ်ရှားမှုတွေမှာ အမြဲထောက်ခံပြီး ဝိုင်းဝန်းကူညီခဲ့လေ့ရှိတာ တစ်ကြောင်း၊ စာမေးပွဲဖြေတိုင်းမှာ တည်းခိုခဲ့ရတာ တစ်ကြောင်းမို့ မင်းကျောင်းနဲ့ရော မင်းကျောင်းဆရာတော်နဲ့ပါ မစိမ်းတော့ဘူးပေါ့၊ ဒါကြောင့် သန်လျင် မင်းကျောင်းကိုရောက်သွားခဲ့တာ။

မင်းကျောင်းမှာ ကျွန်တော့်အတွက်ကျောင်းအပေါ်ထပ်မှာ နေရာလေးတစ်ခု ပေးထားပါတယ်။ ဒီတုန်းက ရန်ကုန်ဘက်မှာ မဟာမိတ်လေတပ်တွေက ဗုန်းကြဲ၊ စက်သေနတ်ပစ် ခဏခဏလုပ်သော်လဲ သန်လျင်ကတော့ဖြင့် လုပ်လေ့မရှိပါဘူး၊ ဒါပေမယ့် လေကြောင်းရန်လာပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးဥသြတော့ဖြင့် ဆွဲလေ့ရှိပါတယ်။ ဒီအခါမှာ ဆိုရင်တော့ ကျောင်းအောက်ဆင်းပြီး ပုန်းကျင်းထဲ ဝင်တန်ရင်ဝင်နေရတာပေါ့။ မဟာမိတ်လေယာဉ်တွေကလဲ များသောအားဖြင့် ညပိုင်းမှာ လာလာပြီးတိုက်လေ့ရှိကြတယ်။

အဲဒီအခါမျိုးမှာတော့ ကျွန်တော်တို့အဖို့ တကယ့်ပွဲကြီးပွဲကောင်းပဲပေါ့ ဆရာသင်းရယ်။ ကျောင်းခြံစည်းရိုးနားလေးက လှမ်းတဲ့ပြီး ရန်ကုန်မြို့ကြီးဆီကို ကြည့်လိုက်ရင် ဝေဟင်မြေပြင်တိုက်ပွဲတွေဟာ သိပ်ကိုကြည့်လို့ကောင်းတာဓါ။ မဟာမိတ်လေယာဉ်တွေကလဲ ဗုန်းချ၊ အောက်က ဂျပန်အမြောက်တပ်တွေကလဲ ဆလိုက်မီးကြီးတွေ တဝင်းဝင်းနဲ့ ရန်သူလေယာဉ်ကို ရှာတာပဲ။ လေယာဉ်တစ်စင်းကို ဆလိုက်မီးမှာ မိလိုက်တယ်ဆိုရင်လဲ မလွတ်တမ်း ဖမ်းထားပြီး အောက်ကအမြောက်တွေက ပစ်တာပဲ။ ဂျပန်တိုက်လေယာဉ်တွေကလဲ တက်လာပြီး ပစ်ကြခတ်ကြပေါ့။ သန်လျင်ဘက်ကိုလာပြီး တိုက်လေ့ခိုက်လေ့မရှိတော့ ကျွန်တော်တို့ကတော့ ကြုံတောင့်ကြုံခဲ ပွဲကြီးလမ်းကြီးကို ကြည့်သလို ကြည့်နေကြတော့တာ။

**သင်း** - ဟုတ်တယ်ဆရာ၊ ကျွန်တော်လဲ လေကြောင်းတိုက်ပွဲတွေကို ကြုံလိုက်ရဖူးသေးတယ်။ ကြောက်ဖို့ကို မေ့နေလောက်အောင်ကို ကြည့်လို့ကောင်းတာ။

**ပါ** - အဲဒါနဲ့တစ်ညမှာ သန်းခေါင်ကျော်လောက်မှာ လေကြောင်းအချက်ပေးတော့ ကျွန်တော်တို့လဲ ကျောင်းအောက်ကိုဆင်းလာပြီး ခါတိုင်းလိုပဲ ရန်ကုန်ဘက်ကို လှမ်းပြီးကြည့်နေကြတာပေါ့။ ရန်ကုန်မှာတော့ဖြင့် ခါတိုင်းလိုပဲ ပစ်ကြခတ်ကြပေါ့။ ဒီတုန်းမှာ မဟာမိတ် လေယာဉ်တစ်စင်းက သန်လျင်ဘက်ကို ပျံဝင်လာတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဘယ်လိုမှ မစိုးရိမ်ဘူး။ ဘယ်တော့ကမှလဲ သန်လျင်ကို ဗုန်းကြဲ စက်သေနတ်ပစ် မလုပ်ခဲ့ဖူးဘူးမဟုတ်လား။ ဒီတော့စိတ်ထဲမှာ သာမန်လောက်ပဲ အောက်မေ့လိုက်တာပါပဲ။ ဒါပေမယ့် ‘ရှီ’ ဆိုတဲ့ အသံကို ရုတ်တရက်ကြားလိုက်တော့ ဗုန်းချပြီဆိုတာ သိလိုက်တယ်။ ကျွန်တော်တို့ အဲ ကျွန်တော်တို့ဆိုတာက ကျောင်းထိုင်ဆရာတော်သခင် ဦးခေမိန္ဒလဲပါတယ်၊ နောက်ပြီး ကျောင်းသားသုံးလေးယောက်လဲ ပါသေးတယ်။ ကျွန်တော်တို့ အားလုံးဟာ ဘယ်သူက





ဘာမှမပြောလိုက်ရပဲ ဝမ်းလျားမှောက်ချလိုက်ကြတယ်။ ဗုန်းတွေကလဲ ပေါက်ကြပေါ့။

လေယာဉ်ပျံလွန်သွားလို့ ထကြည့်လိုက်တော့ သစ်ပင်ကြီးတွေဟာ ပြဲဘတ်ထွက်ကုန်ကြ၊ လဲကုန်ကြနဲ့၊ ပတ်ဝန်းကျင်မှာလဲ ထိတ်လန့်တကြား အော်သံတွေ၊ ခေါ်သံတွေ၊ ငိုသံတွေဟာ ကမ္ဘာပျက်လိုက်သလိုပါပဲ။ ဘကယ့်ကို ချောက်ချားစရာ စိတ်မချမ်းသာစရာပါပဲ။

**သင်း** - ဆရာတို့တစ်တွေတော့ ဘာမှမဖြစ်ကြဘူးနော်။

**ပါ** - ဘာမှမဖြစ်ကြဘူး။ အံ့သြစရာကို ဆက်ပြောဦးမယ်။ ဗုန်းပေါက်တာဟာ ကျောင်းခြံစည်းရိုးပေါ်မှာကျတာဆိုတော့ ကျွန်တော်တို့နဲ့ ဝါးနှစ်ဆိုက်သုံးရိုက်လောက်ပဲကွာတယ်။ ကျောင်းထဲမှာက ကျောင်းမကြီး အပြင်ဘစ်ခြားကျောင်းတစ်ဆောင်ရှိတယ်၊ ကျွန်တော်က အဲဒီကျောင်းမှာ နေတာ၊ ဗုန်းဆံတွေဟာ ကျောင်းမကြီးကိုလဲ မှန်ထားလိုက်တာ မွနေတာပဲ၊ ကျွန်တော်နေတဲ့ကျောင်းကိုလဲ မှန်တာပဲ။ မှန်တာမှ ကျွန်တော်အိပ်တဲ့ ကုတင်မှာကို ဗုန်းဆံတွေ မှန်ထားလိုက်သေးတယ်။ ကျွန်တော်က ကံအားလျော်စွာ အောက်မှာရောက်ပြီး မြေမှာမှောက်နေလိုက်မိပေလို့သာပေါ့ ဦးအောင်သင်း။ ခြံစည်းရိုးကသစ်ပင်ကြီးတွေဆို ပြိုလဲကုန်ကြတယ်၊ နောက်ဗုန်းတစ်လုံးက မပေါက်သေးဘဲ ကျန်နေတယ်။ ကျွန်တော်တို့နဲ့ဆို ဘာမှမဝေးလှဘူး။ ဝါးနှစ်ရိုက်လောက်ရှိတော့မပေါ့။ အဲဒီဗုန်းကိုတော့ အန္တရာယ်မကင်းတာကြောင့် ဂျပန်စစ်သားတွေလာပြီးယူသွားကြတယ်။

**သင်း** - တကယ့်ကို မသေကောင်း မပျောက်ကောင်းဆိုတာမျိုးပဲပေါ့။

(ဆရာကကျောင်းပေါ်က မဆင်းဘဲ ကုတင်မှာ ပေါ်သာရှိနေရင်. . . . )

**ပါ** - အသက်မသေရင်သာရှိရမယ် အတော်ကြီးကို အထိနာသွားလောက်တယ်။ အထိနာရုံတင်မကပါဘူးလေ အသက်ကိုပါထိခိုက်လောက်တယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြောရဦးမယ် ဦးအောင်သင်းရေ။ အဲဒီ ဆရာတော်ဦးခေမိန္ဒဟာ ဗုန်းတွေကြဲပြီးတဲ့နောက်ပိုင်း တစ်လနှစ်လလောက်ကြာတော့ ဖျားပါလေရော။ ဆရာဝန်တွေ ကြိုးစားပမ်းစားကုကြတာပဲ။ ဒါပေမယ့် အဖျားက မပျောက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ မသင်္ကာလို့ သေသေချာချာစစ်ဆေး ကြည့်တော့မှ ဆရာတော်ရဲ့ နောက်ကျောထဲမှာ ဗုန်းဆံသေးသေးလေးတစ်ခုက ဝင်နေတယ်။ ဆရာတော်ကိုယ်တိုင်လဲ အဲဒါကို မသိလိုက်ဘူး။ အဲဒါလေးကို ထုတ်ပစ်လိုက်မှ အဖျားပျောက်သွားတယ်။

**သင်း** - ဆရာတို့က အဲဒီလိုမဖြစ်လိုက်တာ သိပ်ကံကောင်းတာပဲနော်။

**ပါ** - အဲဒါပြောတာပေါ့ ဦးအောင်သင်းရယ်။ ဘာရယ်မဟုတ်ပညာသင်ချင်တာ သက်သက်ကလေးနဲ့ ဒီလိုစစ်ကြီး ခေတ်ကြီးအတွင်းမှာ အိမ်ကထွက်လာခဲ့တာ၊ မတော်လို့များ ဆရာတော် ဦးခေမိန္ဒလိုထိလိုက်ရင် မိဝေးဖဝေး၊ ဂရုတစိုက် ပြုစုသူစောင့်ရှောက်သူမရှိနဲ့ ဘုမသိဘမသိကို သေသွားရမှာ။ မကြာခဏ ကျွန်တော် အဲဒါကို စဉ်းစားကြည့်မိတယ်။ ဒီအတိုင်းကို အသေခံသွားရတော့မှာ။

**သင်း** - ဆရာပြောတဲ့ ပညာကိုလိုချင်လို့ ပညာအတွက်ပေးရတဲ့ အရင်းအနှီးတွေပေါ့။

**ပါ** - ဟုတ်တယ်။ ဆရာပြောလိုက်တဲ့ ပညာကိုလိုချင်လို့ဆိုတာကြောင့် ပြောစရာအကြောင်း ပေါ်လာပြန်ပြီ။ ကျွန်တော်က ပညာသင်ချင် စာသင်ချင်နေတာကိုး ဆရာရဲ့။ ပါဠိပဲသင်ရသင်ရ၊ သက္ကတပဲသင်ရသင်ရ၊ တစ်ခုခုတော့ သင်နေချင်တယ်။ ဒီအခိုက်မှာ ဘယ်လိုဖြစ်လာသလဲ ဆိုတော့ ဂျပန်စစ်တပ်ထဲက ဂျပန်စစ်သားတစ်ယောက်က ဂျပန်စာ ဂျပန်စကားကို သင်တန်းဖွင့်ပြီး သင်ပေးတယ်။ ဒါလဲ ဂျပန်ဘာသာစကား သင်တန်းတွေ တစ်ပြည်လုံး မြို့ကြီးတွေမှာ ဖွင့်တာပါပဲ။ ဌာနချုပ်ကတော့ ရန်ကုန်မှာပေါ့လေ။ သန်လျင်မှာတော့ စိန့်ဂျော့ဂျက်ကျောင်းမှာ သင်တန်းဖွင့်တယ်။ ဒီမှာတင် ကျွန်တော်တို့ ဘုန်းကြီးသုံးပါးလောက်က သွားပြီး ကျုပ်တို့လဲ ဂျပန်စာဂျပန်စကားသင်ပါရစေ၊ သင်တန်းတက်ခွင့်ပေးပါလို့ပြောတော့ သူတို့ကလဲ ဝမ်းမြောက်ဝမ်းသာခွင့်ပြုကြပါတယ်။ အဲဒီဂျပန်စာသင်ပေးနေတဲ့ စစ်သားက ဝါသနာပါလို့လုပ်တာ၊ ဗိုလ်တောင် မဟုတ်ဘူး။ ရဲဘော်လောက်ပါပဲ။ နောက်တော့ ဂျပန်စစ်ဘက်ဆိုင်ရာကလဲ ဒီကိစ္စကို အရေးတယူလုပ်အပ်တယ်လို့ ယူဆလာကြဟန်တူပါတယ်၊ ဂျပန်ပြည်က ဆရာတွေကို လှမ်းပြီးခေါ်ယူလို့ ဂျပန်ကျောင်းဆရာနှစ်ယောက် ရောက်လာပါတယ်။





ကျွန်တော်တို့ ဂျပန်စာကိုသင်လိုက်တာ ၂ နှစ်လောက်တောင်ကြာတယ်။ ဂျပန်ဘာသာစကားက မြန်မာဘာသာနဲ့ အတော့်ကိုတူတယ်။

**သင်း** - ဟုတ်တယ်ဆရာ၊ ကျွန်တော်လဲ ယယ်ယယ်ကသင်လိုက်ဖူးသေးတာကြောင့် မှတ်မိနေပါသေးတယ်။ အထူးသဖြင့် ဝါကျဖွဲ့ပုံက မြန်မာအတိုင်း ဖြစ်နေလေတော့ စကားပြောတာလောက်ဆိုရင် ခဏနဲ့တတ်သွားနိုင်တယ်။

**ပါ** - ဟုတ်တယ်။ သုံးလလောက် သင်ယူလေ့ကျင့်လိုက်ရင် အတော်ကြီးကိုပြောနိုင်ဆိုနိုင် ဖြစ်သွားတာပဲ။ တစ်ချို့ဆိုရင်သုံးလလောက်သင်ယူပြီး ဂျပန်စကားပြန်ဝင်လုပ်ကြတာပဲ။ ကျွန်တော်တို့ကတော့ အဲဒီလိုအလုပ်လုပ်ဖို့ မဟုတ်ဘဲ တတ်ကိုတတ်ချင်တာဆိုတော့ တစ်နှစ်လောက်သင်ပြီးတော့လဲ အားမရသေးတာကြောင့် ဆက်ပြီးသင်နေလိုက်တာ ဂျပန်တွေဆုတ်ခွာသွားတဲ့အထိပါပဲ။

ပြောလိုက်ရဦးမယ် ဦးအောင်သင်းရေ ကျွန်တော်က စာပေပညာထဲမှာလောက်သာ အာရုံနစ်နေပြီး နိုင်ငံရေးဆိုတာတွေဘာတွေနဲ့လဲ အဆက်အစပ်ကမရှိပြန်တော့ ဖက်ဆစ်တော်လှန်ရေးအတွက် လုံးပမ်း ပြင်ဆင်ကြတာတွေ ဘာတွေကို ဘာမှကိုမသိခဲ့တာ။

**သင်း** - ဟုတ်ပေမှာပေါ့ဆရာ။ ဆရာက ပညာသင်ပုံယူပုံ အာရုံနှစ်ပုံကဘုန်းကြီးပီလွန်းနေတာကြောင့်လဲ ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်ဆိုလိုတာက- ဆိုပါစို့ဆရာရယ်၊ ဆရာတော်ဦးဗုဓ်ဆိုရင် စာဆိုစာကိုပဲ အာရုံကစိုက်နေလေတော့ ကျောင်းထဲကရေကန်ကြီးမှာ ကြာတွေပွင့်နေတာ သတိမထားမိသလိုမျိုး ဖြစ်သွားတာပေါ့။ ထားလိုက်ပါတော့လေ။ ဂျပန်စာကောအတော်လေးပေါက်ခဲ့သေးလား။

**ပါ** - ပေါက်သင့်သလောက်တော့ ပေါက်ခဲ့တယ် ဆိုရမှာပေါ့၊ နောက်ပိုင်းမှာ ဂျပန်ကပို့ပေးတဲ့ စာစောင်ကလေးတွေ ဘာလေးတွေကို ကောင်းကောင်းဖတ်နိုင်လာပါတယ်။ အဲဒီတုန်းက ဂျပန်စာစောင်ထဲမှာ မြန်မာပုဂ္ဂိုလ်နှစ်ဦးအကြောင်းကို သီးသန့်ရေးထားတာကို ကျွန်တော်မှတ်မိနေပါသေးတယ်။ တစ်ဦးကတော့ ဆရာတော်ဦးဥတ္တမ ဖြစ်ပါတယ်၊ ဆရာတော်ဦးဥတ္တမကတော့ ဆရာသိတဲ့အတိုင်း ဂျပန်ပြည်တိုကျိုဗုဒ္ဓသာသနာ့ကောလိပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပါဠိဗုဒ္ဓဘာသာစာပေတွေကို ကာလအတော်ကြာသွားပြီး ပို့ချနေခဲ့တာ။ ပြန်လာတော့ 'ဂျပန်ပြည်' ဆိုတဲ့စာအုပ် တစ်အုပ်ရေးလို့ သူရိယတိုက်က ထုတ်ဝေခဲ့တယ်။

သင်း - ဆရာပါ့ကို ကျွန်တော်သတိထားမိပြီး အံ့ဩတာတစ်ခုရှိတယ်။ စာနဲ့ပေနဲ့ ပတ်သက်လာရင် ဆရာက သိပ်ကိုမှတ်မိတာပဲ။ ကျွန်တော်လဲ ဆရာတော်ဦးဥတ္တမစာအုပ်ကို တွေ့လိုက်ဖူးတာပါပဲ။ ဘယ်တိုက်က ထုတ်တယ်ဆိုတာတွေ ဘာတွေကို သတိမထားလိုက်မိဘူး။ ဆရာကတော့ ထုတ်ဝေတဲ့နှစ်တွေ ဘာတွေတောင် မှတ်မိနေတာ။

ပါ - ဆရာတော်က မြန်မာ့နိုင်ငံရေးနိုးကြားမှုအတွက် အတော်ကြီး ကို လုပ်ခဲ့တယ်မဟုတ်လား။ လုပ်တာမှ သူလုပ်တဲ့အချိန်က အတော်ကြီးကို စောသေးတာ။ ဒီတော့ ဂျပန်က ဦးဥတ္တမကို စိတ်ဝင်စားတယ်။ နောက်ထပ် စိတ်ဝင်စားစရာ ဖြစ်လာတာတစ်ခုရှိသေးတယ်။ ဆရာတော်က ဂျပန် ခေတ်မတိုင်မီ အတော်စောစောကပဲ ပျံလွန်တော်မူသွားတာ။ သူ့မှာ နမ အရင်းတစ်ယောက်ကျန်ရစ်ခဲ့တယ်။ ဒေါ်အိမ်စိုးတဲ့။ အဲဒီ ဒေါ်အိမ်စိုးကလဲ ဂျပန်ခေတ်မှာ ဂျပန်စာသင်ကျောင်း တစ်ခုကို သူ့ဘာသာသူ သီးသန့်ဖွင့် လိုက်သေးတယ်။ ဒီတော့ ဦးဥတ္တမအကြောင်းကို ဂျပန်က ပိုပြီးစိတ်ဝင် စားစရာ ဖြစ်လာတာကြောင့် ရေးလိုက်တာဖြစ်ပါလိမ့်မယ်။ နောက်တစ် ယောက်ကတော့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့ အကြောင်းပါပဲ။

သင်း - အဲဒီအကြောင်းကိုတော့ ဆရာမကြီးကွယ်လွန်ပြီးတဲ့နောက်မှာ ဆရာဆောင်းပါးတစ်စောင်ရေးလိုက်သေးတယ် မဟုတ်လား။

ပါ - ဟုတ်တယ်၊ ရေးလိုက်သေးတယ်။ ဆရာမကြီးဒေါ်ခင်မျိုးချစ်က ဒီအခါကတော့ ငယ်ငယ်ရွယ်ရွယ်လဲရှိသေးတဲ့ပြင် သူကလဲ တက္ကသိုလ် သပိတ်ကစပြီး တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့တယ် မဟုတ်လား။ နောက် ပြီး စာရေးလိုက်ပြီဆိုရင်လဲ မျိုးချစ်စိတ် လှုံ့ဆော်တဲ့စာပေတွေကိုသာ ရေးတာ တစ်ကြောင်းမို့ ဂျပန်ကထုတ်ဖော်ရေးလိုက်တာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် ပြောချင်တာက'ဆရာကဂျပန်စာကို အတော်လေးပေါက်ခဲ့သလား' လို့မေး လိုက်တာမို့ အဲဒီလို ဂျပန်ကပို့လိုက်တဲ့ စာစောင်တွေကိုတောင် ဖတ်နိုင်ခဲ့ တယ်လို့ ပြောချင်တာပါ။





သင်း - တကယ်ပဲ ကျွန်တော်ဖြင့် ဆရာ ဂျပန်လိုတတ်နေတာ သိကို မသိဘူး။

(ဆရာပါရဂူက တခစ်ခစ်နေအောင် ရယ်လိုက်ပါသည်။ စကားချပ်ထည့်လိုက်ရဦးမည်၊ ဆရာပါရဂူ နှစ်နှစ်ခြိုက်ခြိုက်ရယ်လိုက်လျှင် အလွန်နှစ်သက် ခင်မင်ဖွယ်ရာ ကောင်းလှပါသည်၊ အေးလှပါရောပြီး ပျော်လောက်အောင် ဖြစ်ပါသည်။) ထိုသို့ ရယ်မောပြီးမှ . . .

ပါ - ဖြေးဖြေး . . . ဆရာရေ . . . ဖြေးဖြေး။ ဦးအောင်သင်းရေ ဘာသာစကားဆိုတာ ဘယ်လောက်ပဲကျွမ်းနေဦးတော့ မသုံးတာကြာလို့ရှိရင် မေ့ပျောက်သွားတော့တာ၊ စကားစပ်မိလာလိုက်လို့ ပိုပြီးပြည့်စုံသွားအောင် သာဓကလေးတစ်ခုကို ထည့်ပြောလိုက်ချင်သေးတယ် ဦးအောင်သင်းရေ၊

သင်း - ပြောပါဆရာ၊ ပြောစမ်းပါဆရာရဲ့ . . .၊ ပြောစေချင်လို့ မေးနေ ရတာကို . . .။

ပါ - ကျွန်တော့်မှာ ကိုရဲထက်ဆိုတဲ့မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူက အရင်ကတော့ 'ဗကပ' ပေါ့။ ဥပဒေပြင်ပ မှာနေခဲ့ရဖူးသူပေါ့၊ 'ဗကပ' တစ်ယောက်အနေနဲ့ တရုတ်ပြည်မှာသွားပြီး ၁၀ နှစ်လောက်နီးပါး သင်တန်းတွေတက်၊ တရုတ်စာပေကိုလေ့လာနေခဲ့တာ။ ဒါနဲ့ မြန်မာပြည် ကိုပြန်လာခါနီးတော့ အဲဒီမှာ နှစ်ပေါင်းများစွာနေနေခဲ့ပြီးဖြစ်တဲ့ ခေါင်း ဆောင်တစ်ယောက်နဲ့ တွေ့ဖို့သွားခဲ့တယ်၊ အဲဒါက သခင်သန်းမြိုင်ပဲ။

သင်း - 'မနေရှင်လောက' စာအုပ်ကိုရေးတဲ့ သခင်သန်းမြိုင်လား။

ပါ - အစစ်ပေါ့။ သူပဲပေါ့။ သွားရတာမှ နည်းတဲ့ခရီးမဟုတ်ဘူး၊ ရန်ကုန်နဲ့ မြစ်ကြီးနားလောက်ကို ဝေးတဲ့ခရီး။ အဲဒါကို တွေ့ချင်လွန်း လို့ကြိုးစားပမ်းစားသွားခဲ့တာ။ သခင်သန်းမြိုင်ကလဲ တရုတ်ပြည်မှာ ဗမာကိုမတွေ့ရတာ နှစ်ပေါင်းများစွာကြာနေခဲ့ရာက ဗမာတစ်ယောက်ကို တွေ့ရတော့မယ်ဆိုတော့ သိပ်ဝမ်းသာတာပေါ့။ ဒါနဲ့ တရုတ်လိုပြောရာက ဗမာလိုပြောဖို့ ကြိုးစားလိုက်တော့ ဗမာစကားတစ်လုံးမှ ထွက်မလာတော့ ဘူးတဲ့၊ အားလုံးပျောက်သွားပြီ၊ သုံးလေးရက်ရှိတော့မှ တစ်လုံးစ နှစ်လုံးစ ဖြေးဖြေးပြောနိုင်လာတယ် လို့ပြောတယ်။ ဆရာသင်းရေ ဘာသာစကားဆို ဘာဟာလဲ အမြဲ သုံးနေမှကိုး။



www.burmeseclassic.com

www.burmeseclassic.com



နောက် သာဓကတစ်ခု ကျွန်တော်ပြဦးမယ်။ စာရေးဆရာမကြီး ဒေါ်ကြည်အေး။ ဦးအောင်သင်းသိတဲ့အတိုင်း လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ စာရေးဆရာမကြီး။ သူ့ဝတ္ထုတွေဆိုရင် ခုထက်ထိ တဖျောဖျော ထပ်ရိုက် နေရတာပါ။ ဆရာသိပါတယ်။ သူဟာ အင်္ဂလန်ရောက်သွားတယ်၊ နှစ်ပေါင်းများစွာ မြန်မာစကားမပြောတဲ့ လောကဝန်းကျင်ကို ရောက်သွားတယ်။ အခု သူပြန်ပြီး ဝတ္ထုကိုရေးတယ်။ မြန်မာစကားအသုံးအနှုန်း ရေးဖွဲ့ပုံတွေဟာ အရင်ကလောက်မကောင်းတော့ဘူးလို့ ကျွန်တော်တော့ မြင်နေမိတယ်။ စဉ်းစားကြည့်နော် ပထမတစ်ယောက်က နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ စာရေးဆရာ၊ ဒုတိယတစ်ယောက်က မြန်မာစာပေသမိုင်းမှာ ပါကိုပါလာရမယ့် စာရေးဆရာမကြီး။ သူတို့လို ပုဂ္ဂိုလ်ကြီးတွေတောင်မှ 'အမိဘာသာစကား' ကို မသုံးတာကြာသွားရင် . . . ။

သင်း - ဆရာပြောချင်တာက ဆရာလဲ ဂျပန်စာတွေကိုမေ့ကုန်ပြီပေါ့။

ပါ - ဟုတ်ပါ့ခင်ဗျာ. . . ဟုတ်ပါ့။ ဦးအောင်သင်းနဲ့ပြောရင် ယုံနိုင်စရာမရှိဘူး။ တစ်လုံးမှကိုမကျန်လောက်အောင် မေ့ကုန်တယ်လို့သာ ပြောလိုက်ချင်တော့တာပဲ။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ကျွန်တော် ဂျပန်စကားကို အသုံးပြုခွင့်လုံးဝ မကြုံခဲ့တော့ဘူး။ အမယ်ခုမှ သတိရလာလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော် အိန္ဒိယသံရုံးမှာ အလုပ်လုပ်ခဲ့ဖူးသေးတယ်ဆရာရဲ့။ သံရုံးဆိုတာကတော့ ဆရာသိတဲ့အတိုင်း ပတ်သက်ရာ ပတ်သက်ကြောင်း ကိစ္စရပ်တွေ သတင်းစာတွေ ဘာတွေထဲမှာ ပါလာရင် ဘာသာပြန်ပေးရတာပေါ့။ အင်္ဂလိပ်လိုပြန်ပေးရတာပါ။ အဲဒါကို အတော်ကြာကြာလုပ်ခဲ့မိတော့ ဘာသာပြန်တာကို အတော်လေး မြန်မြန်ဆန်ဆန် လုပ်နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်လိုလဲ ထိုက်သင့်သလောက် သွက်သွက်ရေးနိုင်သွားတာပေါ့။ အဲဒါ ဆရာသင်းရေ မရေးခဲ့တာနှစ်အတော်လေးကြာသွားတော့ အခုဆိုရင် သာမန်ပေးစာလေးတွေဘာလေးတွေ ရေးတာမှာတောင် လက်ကတယ်မလိုက်ချင်ဘူး။ ကြိုးစားရေးနေရတယ်။

သင်း - အံ့ဩစရာပဲနော် ဆရာ။

ပါ - ဟုတ်တယ် အံ့ဩစရာပဲ၊ ဒါပေမယ့် တကယ်ဖြစ်ခဲ့တာတွေနော်။

သင်း - ဆက်စမ်းပါဦးဆရာ၊ ဒါနဲ့ စစ်ကြီးပြီးသွားတော့. . . . ။





ပါ - စစ်ကြီးပြီးသွားတော့လဲ ကျွန်တော် သန်လျင်မှာပဲ ဆက်ပြီးနေတယ်။ ဒါပေမယ့် ဆရာ့ကို ရှေ့ပိုင်းကပြောခဲ့တဲ့အတိုင်း ကျွန်တော်က ပညာတစ်ခုခုကို သင်ကိုသင်နေရမှ နေသာထိုင်သာရှိတာမျိုးဖြစ်နေတာကိုး။ ဥပမာခပ်ကြမ်းကြမ်း ပေးလိုက်ရရင်တော့ ဘိန်းတို့ အရက်တို့ စွဲသလိုမျိုးဖြစ်နေတယ်လို့ ဆိုရမလားတောင် မသိပါဘူး ဦးအောင်သင်းရယ်။

(ဆရာပါရဂူက သူ့ဥပမာကို သူသဘောကျလိုက်သည့်အလား တခစ်ခစ်ရယ်လိုက်ပါသေးသည်။)

သင်း - ဆရာ့ ဥပမာကကြမ်းတာမှန်သော်လဲ အဲဒီလိုကိုစွဲလန်းမှ ပေါက်ပေါက်မြောက်မြောက်ဖြစ်တာတော့ အမှန်ပဲဆရာရေ။ ကဲ . . . ဆက်စမ်းပါဦးဆရာ။

ပါ - ခုနက ကျွန်တော်ပြောခဲ့သလို ကျွန်တော်က ပညာတစ်ခုခုကို အမြဲသင်ချင်နေတာကိုး။ အဲ . . . ကျွန်တော် ဝါသနာပါတဲ့ စာပေပညာပေါ့လေ။ အဲဒီမှာ ကျွန်တော်က ဘာကို မျက်စိကျသွားပြန်သလဲဆိုတော့ ဟင်ဒီစာကို သင်ချင်လာပြန်တယ်။ ဒီလို . . . ဆရာသင်းရဲ့၊ ပါဠိတတ်ပြီးသားလူတစ်ယောက်အဖို့ ဟင်ဒီကို ကူးလိုက်ရင် လွယ်တယ်ဆိုတာလောက်တော့ ကျွန်တော်က သိထားနှင့်ပြီးသားပေါ့။ နောက်ပြီးကျွန်တော်က 'နာဂရီ' အက္ခရာတွေလောက်ကိုတော့ သိနှင့်ပြီးဖြစ်နေတယ်။ ဪ . . . ဆရာသင်းရေ . . . ဒီနေရာမှာ နောက်ကြောင်းကလေးကိုတော့ ပြန်လှည့်ရဦးတော့မှာပဲ။

သင်း - လှည့်ပါဆရာရဲ့၊ ဒါမျိုးဆိုတာ ဒီလိုပါပဲ။ နောက်ကြောင်းပြန်လှည့်ရင် ဇာတ်ရည်မလည်တာတွေလဲ ရှိနေတတ်သေးတာကိုး။

ပါ - ဂျပန်ခေတ်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရယ်၊ ဆူဂူကီးဆိုတဲ့ ဗိုလ်မိုးကြိုးရယ်၊ နောက် ဂျပန်ဘုန်းတော်ကြီး နာဂါအိဆန်ရယ်၊ သူတို့ဟာ မြန်မာပြည်အနှံ့အပြားကိုလှည့်ပြီး သံယာ့အစည်းအရုံးတွေ ဖွဲ့ကြတယ်။ ဒါကတော့ သူတို့ရဲ့ စည်းရုံးရေးအတွက်လုပ်ကြတယ်ဆိုတာ အထူးပြောနေစရာမလိုတော့ဘူးပေါ့။

အဲဒီလိုနဲ့ ကျွန်တော်တို့ သန်လျင်ကိုလဲ သူတို့ သုံးဦးရောက်လာပြီး သံယာ့အစည်းအရုံးဖွဲ့ဖို့ ရှပ်ရှင်ရုံကြီးမှာ စည်းရုံးရေး တရားဟောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လဲသွားပြီး နားထောင်ကြပါတယ်။ ဒီလိုနဲ့ သံယာ့အစည်းအရုံး ဖွဲ့လိုက်တော့ ကျွန်တော်ပြောခဲ့တဲ့ သခင်ဦးခေမိန္ဒက အထွေထွေအတွင်း ရေးမှူးဖြစ်လာတယ်။ သို့သော်လဲ သူကရှုံးကိစ္စ ရှုံးစားဆက်သွယ်မှုလိုရေး သားတာမျိုးမှာကျတော့ အလေ့အကျင့်မရှိဘူး။ ဒီမှာတင် ကျွန်တော့်ဆရာ ရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)ကို တွဲဘက်အတွင်းရေးမှူးအဖြစ် ခေါ်ထားရပြန်တယ်။ အဲဒီတော့ ကျွန်တော်လဲရောပြီးပါ လာရပြန်တာ ပေါ့လေ။

**သင်း** - ဆရာတို့ ဆရာတပည့်နှစ်ယောက်က တွဲလဲတွဲမိတယ်နော်။

**ပါ** - အဲဒါနဲ့ ကျွန်တော်တို့ ဘယ်မှာနေရသလဲဆိုတော့ သန်လျင်မြို့ ကျောက်တန်းဘက်အထွက်က ဆေးရုံကြီးမှာ ဆရာဝန်ကြီးနေတဲ့ အိမ်ကြီး ရှိတယ်။ အခုလဲရှိပါတယ်။ ဘုရားလေး တစ်ဆူလဲရှိတယ်။ အဲဒီအိမ်ကြီးက သာသနာ့မြေပေါ်မှာ ဆောက်ထားတယ်လို့လဲ အဆိုရှိတယ်။ အဲဒီခေတ် ကတော့ အင်္ဂလိပ်တွေ၊ ဥရောပလူမျိုးတွေ နေသွားခဲ့တဲ့ အိမ်လွတ်ကြီးတွေ ကို နိုင်ငံတော်နဲ့ပတ်သက်တဲ့ လူသူအဖွဲ့အစည်းတွေက ဒီလိုပဲ တက်နေလိုက် ကြတာပါပဲ။ ရန်ကုန်မှာဆိုရင်လည်း အဲဒီလိုအိမ်ကြီးမျိုးတွေကို ရဲဘော် သုံးကျိပ်ဝင်တွေစတဲ့သူတွေက တက်နေလိုက်ကြတာပါပဲ။ ကျွန်တော်တို့ နေရတဲ့ အိမ်ကြီးကလဲ ဝင်းနဲ့ခြံနဲ့ အတော်ကြီးကို ကျယ်ပါတယ်။

ဒါတွေကိုပြောနေရတာက ကျွန်တော်နဲ့ ဟင်ဒီစာပေနဲ့ ဖူးစာဆုံ သွားရပုံကိုပြောချင်လို့ ပလ္လင်ခံနေရတာ။

**သင်း** - ပြောပါဆရာ၊ ကျွန်တော်တို့လဲ အဲဒါကိုသိချင်ပါတယ်။

**ပါ** - ဒီလို ဆရာဦးအောင်သင်းရဲ့။ သန်လျင်မှာ ဘီအိုစီကရှိလေတော့ အိန္ဒိယလူမျိုး အလုပ်သမားတွေက အများကြီးရှိတယ်။ သူတို့က အဲဒီမှာ စာကြည့်တိုက်ကလေးတစ်ခု လုပ်ထားတယ်။ ဟင်ဒီစာပေ စာကြည့်တိုက် ပေါ့။ စစ်ကြီးဖြစ်လာလိုက်တော့ အိန္ဒိယ အမျိုးသားအများစုက အိန္ဒိယကို ပြန်သွားကြတယ်။ ဒီမှာတင် စာအုပ်တွေကို ဟင်ဒီဘုရားကျောင်းတစ်ခုက အခန်းတစ်ခုထဲမှာထည့်ပြီး သော့ခတ်ထားတယ်။ အဲဒီသတင်းကို ကျွန်တော် ကြားတယ်။ ဒီတော့ မနေနိုင်တော့ဘူး ဦးအောင်သင်းရေ၊ ကျွန်တော် အဲဒီ ဘုရားကျောင်းကို သွားတော့တာပဲ။ သွားတော့ အဲဒီမှာ ဘုရားကျောင်းနဲ့





တပ္ပိယ အဲ 'ပူဂျာရီ' ခေါ်တာပေါ့။ ကပ္ပိယကြီးကိုတွေ့တယ်။ သူ့မှာ အခန်း သော့ ရှိတယ်။ ကျွန်တော်က သူ့ကို ဒီဟင်ဒီစာအုပ်တွေ ကြည့်ပါရစေ။ နောက်ပြီး စာအုပ်ဆယ့်ငါးအုပ် နှစ်ဆယ်လောက်ကို ခဏယူပြီး ဖတ်ပါရစေ၊ ပြီးရင် အဲဒီစာအုပ်ကို ပြန်သွင်းပြီး နောက်စာအုပ်ထပ်ယူပါရစေလို့ ဆို လိုက်တော့ အဲဒီကပ္ပိယကလဲ 'ရတယ်၊ ယူပါ၊ ဒီမှာဖတ်မယ့် သူတစ် ယောက်မှ မရှိဘူး၊ ခင်ဗျားကြိုက်သလိုသာ ဖတ်ပါပေါ့'

**သင်း** - နေဦးဆရာ၊ အဲဒီတော့ ဆရာက ဟင်ဒီကိုဖတ်နိုင်နေပြီလား။

**ပါ** - ဟာ . . . ဦးအောင်သင်းကလဲ . . . ဘာမှ သင်ရသေးတာမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ်ဖတ်တတ်မှာလဲ။ သို့သော်လဲ ဒီလိုရှိတယ်၊ စောစောက ကျွန်တော်ပြောခဲ့သလို ကျွန်တော်က ပါဠိကိုတတ်နေပြီ၊ နာဂရီ အဲ ဟင်ဒီအက္ခရာကိုလဲ သိနေလေတော့ ဘာစာအုပ်ပဲ ဘာအကြောင်း ရေးထားတာပဲဆိုတာလောက်ကိုတော့ သိနေပြီပေါ့။ စာအုပ်တွေက ဟင်ဒီ ရော သက္ကတရော တကယ့်စာအုပ်ကောင်း ဂန္ထဝင်စာအုပ်တွေချည်းပဲ၊ ကျွန်တော်ကသာဖတ်လို့ နားမလည် သေးတာကိုး။ ဒါနဲ့ ကျွန်တော် စာအုပ် နှစ်ဆယ်လောက်ကို ငှါးပြီးထမ်းလာခဲ့တယ်။ ဆိုက်ကားဘာညာမရှိတော့ ထမ်းကိုလာခဲ့ရတာဦးအောင်သင်းရေ။ ဒါနဲ့ ကျောင်းပြန်ရောက်၊ တောင်လှန် မြောက်လှန်ဖတ်ကြည့်။ ဘာမှလဲ နားမလည်။ အတော်လေးကြာတော့ ကိုယ်စိတ်တွေသလိုလိုရှိတဲ့ စာအုပ်ကိုချန်ထား၊ တခြားစာအုပ်တွေ ပြန်ပို့၊ နောက်ထပ်စာအုပ်တွေလဲ ပြီးယူလာ . . . .

(ကျွန်တော် ဣန္ဒြေမဆောင်နိုင်တော့ပါ။ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိပါသည်။ ကိုယ်မဖတ်တတ်သော စာအုပ်တွေကို ထမ်းလိုက် ပို့လိုက် ပြန်ပြီးလဲလိုက်လုပ်နေသော ကိုရင်လေးပါရဂူကို မြင်ယောင်လာ သောကြောင့် ဖြစ်ပါသည်။ ဆရာပါရဂူလည်း သူ့ငယ်ဘဝကို ပြန်လည်သတိ ရမိသည့်အလားရောပြီး ရယ်ပါလေသည်။)

**သင်း** - စာချစ်ပေချစ်ဆိုတာ အဲဒါမျိုးဖြစ်မှာပဲဆရာ။ ဆရာကြီးဇေယျရဲ့ ဆောင်းပါးတစ်ပုဒ်မှာ ဖတ်လိုက်ရဖူး တယ်။ ပြင်သစ်စာကိုလဲ မတတ်ဘဲနဲ့ အဘိဓာန်တစ်အုပ်ကိုကိုင်ပြီး တစ်လုံးစ နှစ်လုံးစ အရသာခံနေတယ် ဆိုတာမျိုးပေါ့။ ဆရာလဲ အဲဒီလိုဖြစ်နေခဲ့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပါ - အမှန်ပဲ။ တစ်ခုရှိတာက ကျွန်တော်က အသံထွက်ကိုတော့ ရွတ်တတ်နေတယ်။ အကြောင်းအရာကိုတော့ ဘာမှသိပ်မသိဘူးပေါ့။ ခုနက ဦးအောင်သင်းရယ်လိုက်တာဟာ တကယ်ကိုရယ်လောက်တယ်၊ ကျွန်တော်က နာမည်လေးတွေကိုဖတ်ကြည့်လိုက်၊ သဘောကျသလိုလို ရှိတာတွေကို ချန်ထား၊ ကျန်တာတွေကိုပြန်ပို့၊ နောက်ထပ် ယူလာ၊ ဘာမှမဖတ်တတ်ဘဲနဲ့ လုပ်နေပုံကိုပြောတာပါ။ ကပ္ပိယကြီးကလဲ သဘောကောင်းတယ် ဆရာရေ၊ ကျွန်တော် ကြိုက်သလိုလုပ်ပဲ။ အဲဒီလိုနဲ့ ကျွန်တော့်မှာ ဟင်ဒီစာအုပ်၊ သက္ကတစာအုပ်တွေ အတော်များများလေး စုမိလာတယ်။ အဲဒီထဲမှာ ဘာတွေပါလာသလဲဆိုတော့ 'ဟိတောပဒေသ' ရယ်၊ 'ရာဟုလာ သံကိစ္စည်း'ရေးတဲ့ 'ကွန်မြူနစ်ဝါဒသာလျှင် အဘယ်ကြောင့်'ဆိုတဲ့ စာအုပ်တွေပါတယ်။ အဲဒီနောက် နှစ်ပေါင်းအတော်လေးကြာတော့ ကျွန်တော် အဲဒီစာအုပ်တွေကို မြန်မာဘာသာ ပြန်ခဲ့ပါတယ်။

(ဟင်ဒီစာအုပ်၊ သက္ကတစာအုပ်တွေကို မဖတ်တတ်ဘဲ ထုတ်လိုက်ငှားလိုက်၊ ထမ်းလိုက်ပိုးလိုက်လုပ်နေသော ရယ်စရာ ကိုရင်လေးဘဝမှ အစပြုပြီး ကျွန်တော်တို့မြန်မာစာပေလောကသို့ ဟင်ဒီစာပေ အလှပန်းစည်းများ တထမ်းတပိုး ပို့ပေးနေသော ဆရာပါရဂူကို ကျွန်တော် ငေးကြည့်နေမိသည်။)

သင်း - ကျွန်တော့်စိတ်ထဲမှာ ဆရာဖြစ်ခဲ့ပုံကို စဉ်းစားနေမိတယ်။ တကယ်ဆိုတော့ လူငယ်လေးတစ်ယောက်ဟာ ကိုယ့်စိတ်ထဲမှာ စွဲလန်းနေတဲ့ မိန်းကလေးတစ်ယောက်ကို မနေနိုင်မထိုင်နိုင် စားလဲဒီစိတ်၊ အိပ်လဲ ဒီစိတ်ဆိုတာမျိုး စွဲလန်းပိုးပန်းသလို ဆရာလဲ ဟင်ဒီကို ပိုးခဲ့ပန်းခဲ့တာပဲလို့ ပြောရတော့မှာပဲ။ ဒါကြောင့်လဲ စွံခဲ့တယ်လို့ပြောရမလား မသိတော့ဘူး။ အေးလေ ဘယ်နေရာမဆို ဒီအတိုင်းပါပဲ။ စွဲလန်းမှုရှိမှသာ အောင်မြင်မှုကိုရနိုင်တာပါပဲ။ ထားပါတော့လေ။ ကဲ . . . ဆက်ပါဦးဆရာ။

ပါ - ကျွန်တော် ဆက်ပြောချင်တာက နောက်ပိုင်း ကျွန်တော်ဘာသာပြန်တဲ့ ဟင်ဒီစာအုပ် အတော်များများဟာ ခုနကပျက်နေတဲ့ အိန္ဒိယအမျိုးသားတွေရဲ့ 'ဆွာရဆတီ. . .'ဆိုတဲ့ စာကြည့်တိုက်က စာအုပ်တွေပါပဲ။

သင်း - ဒီလိုဆိုတော့ ဒီစာကြည့်တိုက်ကလေးက ဆရာ့ဘဝမှာ အတော်





လေးကိုကြီးတဲ့ အခန်းကဏ္ဍကိုယူခဲ့တယ် ဆိုရမှာပေါ့နော်။ လွမ်းစရာပေပဲ။

ပါ - ဆရာပြောသလို လွမ်းစရာပါပဲ။ စာကြည့်တိုက်က ကပ္ပိယကြီးကိုလဲ ကျွန်တော် ခုထက်ထိ ကျေးဇူးတင်နေမိပါတယ်။ နောက်ပိုင်းမှာ ဆေးရုံတွေဘာတွေပြန်ဖွင့်လိုက်တော့ ကျွန်တော်တို့နေတဲ့အိမ်ကြီးကိုလဲ ပြန်သိမ်းသွား ပြန်တာပေါ့လေ။ ဒီတော့ ကျွန်တော်တို့လဲ မင်းကျောင်းကို ပြန်ရောက်လာကြပြန်တယ်။ မင်းကျောင်းဆိုတာက နောက်ပိုင်းမှာ သံဃာ့မဟာနာယကအဖွဲ့ အတွင်းရေးမှူး(၁) ဦးဝဏ္ဏသိရီ သီတင်းသုံးခဲ့တဲ့ကျောင်းပေါ့။ ပြန်ပြောရရင် ဆရာရေ-ဦးဝဏ္ဏသိရီကိုယ်တိုင်ဟာ အဲဒီကျောင်းကို ရောက်လာခဲ့တာဟာ ကျွန်တော့်ကို အကြောင်းပြုပြီးရောက်လာခဲ့တာ။ နီးစပ်တဲ့ လူတွေအားလုံး သိကြပါတယ်။

အဲဒီမှာ ကျွန်တော်လဲ ဟင်ဒီစာသင်ပေးမယ့်သူကို လိုက်ရှာရတာပေါ့။ ရှာတော့ကာ အဲဒီတုန်းက သန်လျင်မြို့ရဲ့ တောင်ဘက် ကျောက်တန်းသွားတဲ့လမ်းရဲ့တောင်ဘက်မှာ ဒီအခါကတော့ အဲဒီနေရာတွေမှာ သစ်ပင်ချုံပုတ်တွေပေါ့။ ခုတော့ဖြင့် အဆောက်အဦးကြီးတွေ ဘာတွေဖြစ်နေပြီ။ အဲဒီမှာ နွားမွေးပြီး နွားနို့ရောင်းတဲ့ ဟိန္ဒူကုလားကြီးတွေနေတယ်။ အဲဒီမှာ ဟိန္ဒူကုလားအဖိုးကြီးတစ်ယောက်ကို တွေ့တယ်။ အသက်ကကြီးပါပြီ။ သွားတွေဘာတွေ တောင်မရှိတော့ဘူး။

သင်း - ဒီအချိန်မှာ အင်္ဂလိပ်အစိုးရ ပြန်ရောက်နေပြီပေါ့။

ပါ - ဟုတ်တယ် ရောက်နေပြီ။ ၁၉၄၅-၄၆ လောက်ပေါ့၊ ဒါနဲ့ အဖိုးကြီးကိုမေးကြည့်တော့ ဟင်ဒီစာတတ်တယ်တဲ့။ သင်ပေးနိုင်မလား မေးတော့လဲ သင်ပေးမယ်တဲ့။ ဒါနဲ့ သူ့ဆီမှာ ဟင်ဒီဖတ်စာလေးတွေနဲ့ စပြီးသင်ရတယ်။ ဒီအဖိုးကြီးကလဲ မြန်မာပြည်မှာ အနေကြာသော်လဲ မြန်မာလိုကောင်းကောင်းမတတ်ဘူးဗျ။ ဒါနဲ့ ဟင်ဒီလိုပဲ ဟိုလိုလှည့်ပြော၊ ဒီလိုလှည့်ပြောလုပ်ပြီး နားလည်အောင်သင်ယူခဲ့ရတာ။ အဲဒီလိုနဲ့ ကျောင်းသင်ဖတ်စာသုံးအုပ်လောက်ကုန်သွားတယ်။ ပြောရဦးမယ် ဆရာဦးအောင်သင်းရေ ကျွန်တော်က အဲဒီဖတ်စာလေးတွေသင်နေတုန်းမှာကိုပဲ ဟင်ဒီစာအုပ်ကြီးတွေ တွေ့လိုက်ရင်ကောက်ပြီးဖတ်တော့တာ။ ဟို စာကြည့်တိုက်ကျွက်က ဟင်ဒီအဘိဓာန်တစ်အုပ် ရလိုက်သေးတယ်။ အဲဒီအဘိဓာန်ကို နားမလည်



www.burmeseclassic.com

www.burmeseclassic.com



တလည်နဲ့ကြည့်ပြီး စာအုပ်ကြီးတွေကို ဖတ်တော့တာပဲ။

ဒီနေရာမှာ တစ်ခုဖြတ်ပြီးပြောလိုက်ချင်သေးတယ်ဆရာရေ စာရေးဆရာတွေဟာ ဝတ္ထုသန်တဲ့လူဆိုရင်လဲ ဝတ္ထုရေးဖို့ အားထုတ်တာပဲ။ ကဗျာသမားဆိုရင်လဲ ထိုနည်းတူ ကဗျာကိုရေးတာပဲ။ ကျွန်တော်က အဲဒီလို မဟုတ်ဘူး။ ဟင်ဒီစာကို ကောင်းကောင်းတတ်အောင် အိန္ဒိယကိုသွားမယ်။ ဟင်ဒီဘာသာက စာကောင်းတွေကို ဘာသာပြန်မယ်။ ကျွန်တော်က ဘာသာပြန်ရတာကို သိပ်သဘောကျတယ်။ ပြန်ပြောရင် ရယ်စရာတော့ ခပ်ကောင်းကောင်းပဲ။ ကျွန်တော်ငယ်ငယ်က ပါဠိကိုသင်နေရင်း နိဿျ တွေကိုတွေ့တဲ့အခါ နိဿျဆိုတာ ဦးအောင်သင်းသိတဲ့အတိုင်း ပါဠိတစ်ချက် အနက်တစ်ချက်တွဲထားတာ မဟုတ်လား။ အဲဒါ ကလေးဘဝကနေ၁ ဘာမှ တတ်သေးတာမဟုတ်ဘူး။ အဲဒါတွေကို ပါဠိလိုဖတ်ပြီး ကိုယ့်ဘာသာ ဘာသာပြန်လုပ်ပစ်လိုက်တာ။

(ကျွန်တော်က ရယ်မောလျက် . . .)

**သင်း** - 'မဟာရာဇ၊ မြတ်သော မင်းကြီး၊ တွံ၊ သင်သည်' ဆိုရင် "မြတ်သောမင်းကြီး၊ သင်သည်' လို့လုပ်ပစ် လိုက်တာမျိုး ဆိုပါတော့ . . .

(ဆရာ ပါရဂူက ဟက်ဟက်ပက်ပက် ရယ်လျက် . . . .)

**ပါ** - အဲ . . . အဲ အဲဒါမျိုးပေါ့။ တကယ်တော့ ကိုယ်က ဘာမှတတ်သေးတာမဟုတ်ဘူး။ သူများ နိဿျဖွင့်ထားတာကို ကိုယ်ကပါဠိတွေ ဖတ်ပြီး ဘာသာပြန်လုပ်လိုက်တာ။ ကျွန်တော်က အဲဒီလို ဘာသာပြန်ရတာကို ဝါသနာပါနေခဲ့တာ။ ခုနကပြောခဲ့သလို ဟင်ဒီဖတ်စာလေး နှစ်အုပ် သုံးအုပ် လောက်ဖတ်ပြီးတဲ့အခါမှာ ကျွန်တော် ဘာသာပြန်ဖို့ ကြိုးစားတော့တာပဲ။ ဒါပေမယ့် ဘယ်လွယ်မလဲ ဦးအောင်သင်းရယ်။ ပြောမယ်ဆိုရင် အရှုံထတာ လို့တောင်ပြောလို့ရပါတယ်။ ခုထက်ထိတောင် တစ်ခါတစ်ရံမှာ အခက်အခဲ တွေ တွေ့နေရ တုန်းရှိနေသေးတာပဲ။

ဒါပေမယ့် ဆရာရေ့ . . . ဟိုစာကြည့်တိုက်က စာအုပ်တွေထဲမှာ အိန္ဒိယပြည်ရှေးခေတ်က ပုဂ္ဂိုလ်ကြီးတွေအကြောင်းရေးထားတဲ့ စာအုပ် တစ်အုပ် ပါလာတယ်။ အဲဒီအထဲမှာ ဘယ်သူ့အကြောင်းပါလာသလဲဆို တော့ စာဏကျနီတိကိုရေးတဲ့ စာဏကျပုဏ္ဏားကြီးအကြောင်း ပါလာတယ်။





စာဏကျဆိုတာက အသောကမင်းကြီးရဲ့ ဘိုးတော်။ စန္ဒဂုတ်ရဲ့ အမတ်ကြီး ဆိုပါတော့။ အဲဒီအကြောင်းကိုတွေ့လိုက်တော့ ကျွန်တော် ဖတ်တော့တာပဲ။ ဖတ်စာအုပ်ကလေး သုံးအုပ်လောက်ပဲ ကုန်သေးတယ်နော်။ အဲဒီစာအုပ် ကြီးကို တက်ကိုင်တော့တာပဲ။ ကိုင်ရုံဖတ်ရုံမဟုတ်ဘူး၊ ဘာသာကိုပြန် တော့တာ ဦးအောင်သင်းရေ။

ပြောလိုက်ရင် ရယ်စရာတော့ အကောင်းသား။ ဘာသာပြန်ဖို့ ကြိုးကလဲ အပေါသား။ ကျွန်တော်စောစောက ပြောခဲ့တဲ့ သံယှဉ်အစည်း အရုံး အဖွဲ့ဝင်အဖြစ်လျှောက်လွှာတင်ထားတဲ့ စာရွက်တွေက ကျွန်တော့်ဆီ မှာ တစ်ထပ်ကြီးရှိနေတယ်။ တစ်ဘက်လွတ်တွေလေ။ အဲဒီလျှောက်လွှာ ကျောဘက်တွေမှာ ဘာသာပြန်တွေရေးတော့တာပဲ။ မကြာသေးမီက ကျွန်တော့်ဖိုင်ဟောင်းတွေကို ပြန်ဖွတော့ ခဲတံနဲ့ရေးထားတဲ့ အဲဒီဘာသာပြန် စာရွက်တွေကိုပြန်ပြီး တွေ့လိုက်သေးတယ်။ ကျွန်တော့်ဆီမှာ ခုထက်ထိရှိ နေပါသေးတယ်။ 'ကျွန်တော် ဘာသာပြန်ဆရာ' ဆိုပြီးဆောင်းပါး တောင်ရေးဖို့ စဉ်းစားထားတယ်။ သို့သော်လဲ ကျွန်တော့်ဘာသာ ပြန်ချက်တွေကိုပါ ထည့်ပြရမှာဆိုတော့ ဆောင်းပါးရှည်လွန်းလိမ့်မယ်လေ ဆိုပြီး မရေးဖြစ်သေးဘူး။ ရေးတော့ရေးရဦးမယ်။

**သင်း** - ရေးဖြစ်အောင်ရေးပါဦးဆရာ။ ဖတ်စာလေး သုံးလေးအုပ်လောက် သင်ပြီးစမှာ မရ,ရအောင် ကြိုးစားထားခဲ့တဲ့ 'ပါရဂူလေး'ရဲ့ ဘာသာပြန် ချက်ကို ခုလက်ရှိ ပါရဂူကြီးရဲ့သုံးသပ်ချက်လဲပါမှာဆိုတော့ တကယ်ကို စိတ်ဝင်စားဖို့ ကောင်းမှာပါ။

**ပါ** - အဲဒီလိုဟင်ဒီစာ သင်နေတုန်းမှာပဲ အင်္ဂလိပ်စာသင်ဖို့ အကြောင်း ကလဲ ပေါ်လာပြန်တယ်ဆရာရေ။

**သင်း** - လုပ်ပါဦးဆရာ။ ကျွန်တော်က အဲဒါကိုစောင့်နေတာ။

**ပါ** - ကြုံလာပုံက ဒီအခါက သန်လျင်ဘီအိုစီမှာ ဓာတုဗေဒအရာရှိ ဦးမောင်မောင်ဆိုတာရှိတယ်။ ပြောလိုက်ရဦးမယ် ဆရာသင်းရေ၊ သူက ဘက္ကသိုလ်ကဘွဲ့ရခဲ့တာက ဘီအေ။ အဲ ဝိဇ္ဇာပေါ့။ ဒါပေမယ့် ဘယ်လို ဘယ်လို ကျွမ်းလို့လဲ မပြောတတ်ဘူး ဓာတုဗေဒအရာရှိ လာဖြစ်နေ တယ်။ 'မွန်ဓာတု' ဆိုတဲ့ ကလောင်အမည်နဲ့ စာလဲရေးသေးတယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သင်း - သိတယ်ဆရာ သူ့စာတွေကို ဖတ်ဖူးတယ်။

ပါ - သူက အင်္ဂလိပ်စာသင်ချင်တဲ့ ဦးပဥ္စင်းတွေကို ကျောင်းမှာ အဲ မင်းကျောင်းမှာပေါ့၊ လာပြီးသင်ပေးတယ်။ အားလုံး ကျွန်တော် အပါအဝင် ဦးပဥ္စင်းလေးငါးခြောက်ပါးလောက် သင်ကြတယ်။ အဲဒီအချိန်မှာ ဦးဆန်းထွန်း အဲ . . . ရှင်ဉာဏိဿရလဲ ရောက်လာတယ်။ သူလဲ တစ်ခါ တစ်ခါ ဝင်ဝင်သင်တယ်။

သင်း - ကန့်လန့်ကန့်လန့်ပေါ့လေ။

(ကျွန်တော် ဣန္ဒြေမဆောင်နိုင်တော့ပဲ ရယ်လိုက်မိပါသည်။ ဆရာပါရဂူလည်း ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်ပါသည်။)

ပါ - ဟုတ်ပါ့ဆရာရေ။ စောစောက ကျွန်တော်ပြောခဲ့သလို ကျွန်တော့် ဘဝဇာတ်ကြောင်းကိုပြန်ပြောရင် ဦးဆန်းထွန်းကို ချန်ထားခဲ့လို့ကို မရနိုင်အောင် ကန့်လန့်ကန့်လန့်ပါနေတော့တာ။ အဲဒီလို ဟင်ဒီစာရော အင်္ဂလိပ်စာပါ သင်နေတုန်းမှာ၊ အဲ-၁၉၄၇ ခုနှစ် နှစ်စပိုင်းလောက်မှာ သတင်းစာထဲမှာ ကြော်ငြာလေးတစ်ခုပါလာတယ်။ ပထမကြီးအောင်ပြီးသော ရဟန်းတော်များထဲက အိန္ဒိယပြည်ကို သွားရောက်ပြီး ဟင်ဒီနဲ့ သက္ကတ သင်ယူလိုသော ရဟန်းတော်များ ပညာတော်သင်လျှောက်နိုင်တယ်ဆိုတဲ့ ကြော်ငြာလေးပါလာတယ်။ အိန္ဒိယပညာတော်သင်အဖွဲ့ဆိုတာက ကြော်ငြာပြီး လျှောက်လွှာခေါ်လိုက်တာပါ။ ဒီပညာသင်ထောက်ပံ့ကြေးကိုပေးသူကတော့ အိန္ဒိယက 'ဗိလာ' ဆိုတဲ့ သူဌေးကြီးကပေးတာ။ အဲဒီသူဌေးကြီးက အိန္ဒိယမှာ အချမ်းသာဆုံး သူဌေးစာရင်း တစ် နှစ် သုံး အဆင့်လောက်မှာ ရှိမယ်ထင်တယ်။ သူ့ကောင်းမှုတွေဟာ မနည်းဘူး။ အိန္ဒိယပြည်မှာလဲ ဘာသာရေးဆိုင်ရာ တက္ကသိုလ်တွေ၊ ဓမ္မသာလာတွေ၊ ပညာသင်ဆုတွေ အများကြီးပဲ။ ဒီပညာသင်ဆုကိုလဲ သူကပေးတာ၊ အဲ . . . ရွေးဖို့ ချယ်ဖို့ကျတော့လဲ ပညာသင်ဆုရွေးချယ်ရေးအဖွဲ့က လုပ်ပေးတာပေါ့။ ဒါမျိုး အိန္ဒိယပြည် သွားပြီးသင်ရတဲ့ ပညာသင်ဆုကို စစ်မဖြစ်မီကလဲ တစ်ခါပေးခဲ့ဖူးသေးတယ်။ အခုဟာက ဒုတိယအကြိမ်ပေါ့လေ။ ဒီအချိန်မှာ ကျွန်တော်က ကျွန်တော့်ဆရာ ဟင်ဒီကုလားကြီးနဲ့ ဟင်ဒီကို ဆက်သင်နေတာ ဖတ်စာသုံးလေးအုပ်လောက်ကုန်နေပြီ။





အဲဒါလောက်နဲ့ကိုပဲ တတ်သမျှ မှတ်သမျှနဲ့ ဘာသာပြန်တာတွေကိုလဲ လုပ်နေပြီ။

(ကျွန်တော် ရယ်လိုက်မိပြန်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း အင်္ဂလိပ်စာ ဖတ်တတ်စဥ်ကပင် ဘာသာပြန်ခဲ့ဖူးပါသေးသည်။ ပြဒါးချက်ပါ အင်္ဂလိပ်ကဗျာလေးတွေကိုလည်း မြန်မာကဗျာအဖြစ် ရေးခဲ့ဖူးပါသည်။ များသောအားဖြင့် စာပေအရေးအသားဝါသနာပါသူတိုင်းသည် ဘာသာပြန်ကြည့်ကြဖူးသည်ပင် ဖြစ်ပါလိမ့်မည်။ သို့သော် ဆရာပါရဂူလောက် အရူးအမူးဘာသာပြန် ဝါသနာပါသူတော့ဖြင့် မရှိနိုင်ဟု တွေးလိုက်မိသောကြောင့် ရယ်လိုက်မိခြင်း ဖြစ်ပါသည်။ ကျွန်တော်ရယ်လိုက်တော့ သူလည်း မနေနိုင် ကျွန်တော်နှင့်ရောပြီး ရယ်ပြန်သည်။)

ပါ - ဘာသာပြန်နေသော်လဲသိပ်အတတ်ကြီးတော့ ဘယ်မှာဟုတ်နိုင်ဦးမှာလဲ ဆရာသင်းရယ်။ ဝါသနာပါလွန်း လို့သာလုပ်နေတာကိုး။

သင်း - ဟုတ်ပါပြီဆရာ။ ကျွန်တော်ရယ်တာက ဘာသာပြန်တာကို ဒီလောက်ဝါသနာပါတဲ့သူ ရှိနိုင်ပါ့မလားလို့တွေးပြီး အံ့ဩလွန်းလို့ ရယ်လိုက်မိတာပါ။ ကဲ လုပ်ပါဦး။ ပညာတော်သင် . . . .

ပါ - အဲဒီမှာ ကျွန်တော်လဲ လှမ်းလျှောက်လိုက်တယ်။ တိုတိုပြောလိုက်ရင် အရွေးခံရတယ်ပေါ့ဆရာရယ်။ ဒါနဲ့ ၁၉၄၇ ခု မေလထဲမှာ ကျွန်တော် အိန္ဒိယကိုသွားရတယ်။ သွားတော့ အဲ . . . ဟို၊ အဲဒီတုန်းက ကျွန်တော်တို့လို ခရီးသည်တွေက လေယာဉ်ပျံမစီးရသေးဘူး။ သူတို့ အစိုးရကိစ္စနဲ့ ဘာနဲ့သွားသူတွေသာ လေယာဉ်စီးခွင့်ရကြတာ။ ကျွန်တော်တို့လို ခရီးသည်တွေဆိုတာက သင်္ဘောနဲ့သွားကြရတာ။ ကျွန်တော်တို့ကတော့ သင်္ဘောမှာ ဆောင် ပထမတန်းတို့၊ ဒုတိယတန်းတို့ဆိုတာမျိုးတွေ ကပ်နိုင်တာ မဟုတ်ဘူး၊ တတိယတန်းလို့ခေါ်တဲ့ ကုန်းပတ်က စီးရတာ။ ကျွန်တော် မှတ်မိသေးတယ်။ ဒီတုန်းက သင်္ဘောခက မြန်မာကျပ်ငွေ သုံးဆယ်ပေးရတယ်။ ဟာ သင်္ဘောပေါ်မှာ လှိုင်းမူးပြီး အန်ကြပြုကြပေါ့။ ကျွန်တော်ကတော့ ဘာကြောင့်ရယ် မသိဘူး။ မအန်ဘူး၊ လှိုင်းမမူးဘူး။

သင်း - ဟုတ်တယ်ဆရာ၊ တစ်ချို့လူတွေဟာ လှိုင်းမမူးတတ်ဘူးလို့ ပြောတယ်။ လှိုင်းပြီးတယ်လို့ ဆိုရမလား မပြောတတ်ဘူး။ သင်္ဘောက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာစီးရတာလဲ။

ပါ - သုံးရက်ကြာတယ်။ အဲ . . . သုံးရက်ရှိတော့ ကာလကတ္တား ရောက်သွားတာပေါ့လေ။ ပြောလိုက်ရဦးမယ် ဆရာသင်းရေ။ ကျွန်တော်က အိန္ဒိယကို မသွားမီမှာကိုပဲ ဝါသနာအလျောက် စာလေးပေလေးက အတော် လေးရေးမိနေပြီ။ တိုးတက်ရေးမဂ္ဂဇင်းတို့၊ ဒဂုန်မဂ္ဂဇင်းတို့မှာ ဆောင်းပါးတွေ ရေးနေပြီ။ ဒီတော့ အိန္ဒိယကိုမထွက်မီမှာ တခြားမိတ်ဆွေတွေ ဘာတွေဆီကို တယ်ပြီး သွားလာနှုတ်ဆက်တာမျိုးမလုပ်မိပေမယ့် သတင်းစာတိုက်တွေ မဂ္ဂဇင်းတိုက်တွေနဲ့ခင်မင်တဲ့ စာရေးဆရာတွေဆီကိုတော့ အကုန်သွားပြီး နှုတ်ဆက်တာပဲ။ ဂျာနယ်ကျော်တိုက်ကိုလဲ ရောက်သွားသေးတယ်။ ဒီတော့ ဂျာနယ်ကျော်ဦးချစ်မောင်က မရှိတော့ဘူး။ တိုက်မှာ ဦးစောဦးကိုပဲ တွေ့တယ်။ ဦးစောဦးနဲ့ကတော့ အရင်ကတည်းက ခင်မင်နေတာ။ သူကလဲ ဒီတော့ အိန္ဒိယကနေပြီး ဆောင်းပါးတွေဘာတွေရေးဖို့ပြောတာပေါ့။ နောက်ပြီး ဒဂုန်မဂ္ဂဇင်းတိုက်ကို ရောက်သွားသေးတယ်။ ဒဂုန်မဂ္ဂဇင်းက စစ်မဖြစ်မီမှာလေးတင် သခင်အောင်ဆန်းရဲ့ ဆောင်းပါးကြောင့် ဒဏ်ငွေ ငါးထောင်လားမသိဘူး ဆောင်လိုက်ရတယ်။ အဲဒီနောက် မဂ္ဂဇင်းရပ်သွား တယ်။ စစ်ပြီးမှ ဒဂုန်မဂ္ဂဇင်းပြန်ထုတ်တာ။ မဂ္ဂဇင်းတိုက်က မဟာမြိုင် လမ်းထဲမှာ။ ဒီတော့ အယ်ဒီတာက ဒဂုန်ဦးစန်းငွေ။ ဒဂုန်ဦးစန်းငွေနဲ့ကတော့ စစ်မဖြစ်မီကတည်းက ဒဂုန်မဂ္ဂဇင်းမှာ အဝင်အထွက်ရှိခဲ့တာကြောင့် သိကျွမ်းပြီး ဖြစ်နေပြီ။

ဘာသာပြန်အကြောင်းကို ပြန်ကောက်လိုက်ရဦးမယ်။ မွန်စာတု အမည်ခံစာရေးဆရာ ဦးမောင်မောင်က ကျွန်တော်တို့ကို အင်္ဂလိပ်စာ သင်ပေးတာကို ကျွန်တော်ပြောခဲ့ပြီ။ သူသင်ပေးတဲ့ ဖတ်စာအုပ်က A Way To English ဆိုတာ အတော်လေးကိုကောင်းတဲ့စာအုပ်ပါပဲ။ အဲဒါကို ဖတ်နေရင်းကကိုပဲ ကျွန်တော်က အင်္ဂလိပ်ကမြန်မာကို ဘာသာပြန်လိုက် သေးတာ ဆရာရေ။

သင်း - လုပ်ပါဦးဆရာ။ ဘယ်စာအုပ်ကိုဘာသာပြန်တာလဲ။

ပါ - စာအုပ်မဟုတ်ဘူးဗျ။ ဝတ္ထုတိုကလေး။ မဟာဗောဓိ (Maha Bodhi) ဆိုတဲ့ မဂ္ဂဇင်းထဲမှာ ဝတ္ထုတိုလေး တစ်ပုဒ်ပါလာတယ်။ ရေးထား





ဘာက မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှာ သုဘဒ္ဒရဟန်းကြီးက ဘုရားကို တွေ့ချင်လို့လာတော့ ရှင်အာနန္ဒာက တားတယ်။ ဒီဇာတ်ကြောင်း ကို ဆရာလဲသိပြီးသားပါ။

သင်း - ဟုတ်တယ်။ ဇိနတ္ထပကာသနီမှာတော့ သုဘဒ္ဒရဟန်းကြီးလို့ ရေးတယ်။

ပါ - ဟုတ်တယ်။ သူလဲ ရဟန္တာဖြစ်သွားတယ်။ ဘုရားနဲ့တွေ့ပြီး ရဟန္တာဖြစ်တာ သူက နောက်ဆုံးပဲ။ ပထမ သင်္ဂါယနာ တင်ဖြစ်ရတာလဲ သူ့ကြောင့်ပဲ။ ဒီအကြောင်းကို ဝတ္ထုတိုလေးတစ်ပုဒ်ဖြစ်ရေးထားတာပါ။ အင်္ဂလိပ်စာကလဲ သိပ်မခက်လှဘူး။ ဒါနဲ့ ကျွန်တော်လဲ 'ကဆုန်လ၏ သတင်းစည်'လို့ ဘာသာပြန်ပြီး ဒဂုန်ကိုပေးထားခဲ့သေးတယ်။ နောက်တော့ အိန္ဒိယရောက် သွားတာနဲ့ အဲဒီစာကို သုံးသလား မသုံးလား ကျွန်တော်လဲ မသိတော့ဘူး။ သို့ပေမယ့် နောက်ပိုင်း မြန်မာပြည်ပြန်ရောက်လို့ မဂ္ဂဇင်း ဟောင်းတွေကိုရှာကြည့်တော့ သုံးထားတာကို တွေ့ရတယ်။ သူတို့လဲ အိန္ဒိယကိုလှမ်းပြီး အကြောင်းမကြားတော့ဘူးပေါ့။

သင်း - စာမူခလဲ မရဘူးပေါ့။

(ဆရာပါက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်ပါသည်၊) ပြီးမှ. . . ။

ပါ - စာမူခဆိုတာ ထည့်တွက်နေဖို့ မပြောနဲ့၊ ပါလာတာနဲ့ကို ထပြီး ကရမလောက်ဝမ်းသာနေတာ။

သင်း - ကိုယ်ကတောင် ပေးလိုက်ချင်သေးတယ် ဆိုတာမျိုးပေါ့။

(ဆရာပါရဂူက မြူးမြူးထူးထူးရယ်လိုက်ရင်း . . . )

ပါ - ဟုတ်ပါ့ဆရာရေ။ ကိုယ်ကတောင်ပေးလိုက်ချင်သေးတာ။ အဲဒီလိုနဲ့ ကာလကတ္တားရောက်သွားတော့ အဲဒီမှာ ဘုန်းကြီးကျောင်းမှာ ဘည်းရတယ်။ ဘုန်းကြီးကျောင်းဆိုသော်လဲ တည်းခိုရိပ်သာပါပဲ။ မြန်မာ လူမျိုးတွေ ရောက်သွားရင် အဲဒီဓမ္မသာလာမှာပဲတည်းကြရတာပဲ။ ဒီတုန်းက အဲဒီဓမ္မသာလာမှာ ကျောင်းထိုင်က ဦးယုဂန်တဲ့။ ဘုန်းကြီးအိုကြီး။ သူက ကျွန်တော့်ကို လူလွှတ်ကြိုခိုင်းထားတယ်။ မြန်မာပြည်က အဖွဲ့တွေကလဲ လှမ်းပြီးအကြောင်း ကြားထားတာကိုး။ ကျွန်တော့်ကိုလာပြီးကြိုတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



ကိုလှရွှေတဲ့။ သူက သင်္ဘောသား။ သင်္ဘောသား ဆိုပေမယ့် ခုခေတ် သင်္ဘောသားတွေလို ဟန်ဟန်ပန်ပန်မဟုတ်ဘူး။ ဘိုင်ကျနေလို့ သင်္ဘောမလိုက်တဲ့ အချိန်မှာ ဘုန်းကြီးကျောင်းမှာ ကပ်နေရပုံပါပဲ။

ဒါနဲ့ပဲ ကျွန်တော်လဲ ကျောင်းကိုရောက်သွားတယ်ဆိုပါတော့။ သို့သော်လဲ ဒီအချိန်က ကာလကတ္တားမှာ လူမျိုးရေး အဓိကရုဏ်း ဖြစ်နေတယ်။ အပြင်တောင် သိပ်ပြီးမထွက်ဝံ့ကြဘူး။ ဒီတော့ ဦးယုဂန်က ကျွန်တော်တို့ကို ကာလကတ္တားမှာ ကြာကြာမထားဘူး။ မင်းတို့ ဗာရာဏသီကို မြန်မြန်သွားကြပေတော့ဆိုပြီး ရထားပေါ် တင်လွှတ်လိုက်တာပဲ။ ဒါနဲ့ ဗာရာဏသီ ရောက်သွားပါလေရော။ ဗာရာဏသီမှာလဲ မြန်မာဘုန်းကြီးကျောင်းမှာ နေရတယ်။ အဲဒီက ဘုန်းကြီးတွေကလဲ ကျွန်တော်တို့ကို ကြာကြာ မနေစေချင်ဘူး။ မနေစေချင်တာက ဘုရားဖူးလာကြတဲ့ ဧည့်သည်တွေကလဲ ရောက်ရောက်လာတတ်တာကိုး။ ကျွန်တော်တို့ကတော့ စာသင်ဖို့လာဖြစ်နေတယ်။ ဒါနဲ့ မိဂဒါဝုန်ကို ပို့လိုက်တယ်။ မိဂဒါဝုန်မှာ မဟာဗောဓိအသင်းဆိုတာ ရှိတယ်။ နောက်ပြီး ကျွန်တော် ရှေ့ပိုင်းမှာပြောခဲ့တဲ့ ဝိလာဆိုတဲ့ သူဌေးကြီး ဆောက်ထားတဲ့ အဆောင်ကြီးလဲရှိတယ်။ နေတာက အဲဒီအဆောင်ကြီးမှာနေရတယ်။ ဒီတော့ အဆောင်ကြေးတွေဘာတွေ မပေးရဘူး။ အဲ . . . စားစရိတ်ကိုတော့ပေးရတယ်။ သိပ်လဲ မများပါဘူး။ နှစ်ဆယ် ပဲပေးရတယ်။

ဒီတုန်းက မိဂဒါဝုန်ဆိုတာဟာ တကယ့်တောကျေးလက်ကလေးပဲ။ လျှပ်စစ်မီးတွေဘာတွေလဲ မရှိသေးဘူး။ ရေဆိုရင်လဲ ရေတွင်းကြီးတစ်ခု ရှိတယ်။ အဲဒီတွင်းမှာ နွားနဲ့ဆွဲပြီးသုံးရတယ်။ သားရေနဲ့လုပ်ထားတဲ့ ရေပုန်းကြီးကို တွင်းထဲချ၊ စက်သီးနဲ့တပ်ထားတာကို နွားက ကြိုးကိုဆွဲသွား၊ အပေါ်ရောက်တော့ အဲဒီရေကို အနားက ကန်ထဲမှာဖြည့်ပြီး ချိုးကြသုံးကြရတာပေါ့။ တစ်ခါတရံမှာလဲ မလှမ်းမကမ်းမှာရှိတဲ့ ရေတွင်းတစ်ခုမှာ သွားပြီး ကိုယ်တိုင်ငင်ပြီး ချိုးရတယ်။ ဒါပေမယ့် ဆရာသင်းရေ အဲဒီတုန်းက မိဂဒါဝုန်ဟာ သိပ်ကိုကြည်နူးဖို့ ကောင်းတာပဲ။

သင်း - ဘုရားရှင် သက်တော်ထင်ရှားရှိခဲ့တဲ့ အချိန်ကို. . . .။

ပါ - အမှန်ပဲ။ တကယ့်ကို ကြည်ကြည်နူးနူး လွမ်းဖို့ကောင်းတဲ့ ဒေသ





ပါပဲ။ ညနေပိုင်းမှာဆိုရင် အဲဒီ မဟာဂန္ဓာရုံမှာသွားပြီး ဆီမီးထွန်းတယ်၊ ဘုရားဝတ်ပြုတယ်။ ဦးအောင်သင်းရယ် တကယ့်ကို ပြောလို့ပြောတာ မဟုတ်ပါဘူး။ အေးချမ်းပြီး ဘယ်လိုကြည်နူးဖို့ ကောင်းမှန်းမသိဘူး။ ပြောမပြနိုင်လောက်အောင်ပါပဲ။

တစ်ခါမှာတော့ ရဟန်းတော်ငါးပါးဟာ ဘုရားရှင်ရဲ့ ရုပ်ပွားတော်ရှေ့မှာ ဓမ္မစကြာတရားတော်ကို ရွတ်ကြတယ်။ မြန်မာရဟန်းတော်၊ သီဟိုဠ်က ရဟန်းတော်၊ ယိုးဒယားက ရဟန်းတော်စသည်အားဖြင့် ရဟန်းတော်ငါးပါးက ဓမ္မစကြာတရားတော်ကို ရွတ်ဆိုနေကြတာဟာ တကယ့်ကို ကြည်နူးဖို့ကောင်းလွန်းလို့ ကျွန်တော့်စိတ်ထဲမှာ စွဲနေတော့တာပဲ။ ဒါကြောင့် ကျွန်တော် မြန်မာပြည်ကိုပြန်ရောက်တော့ လုပ်သားသတင်းစာထဲမှာ ဒီအကြောင်းကို ဆောင်းပါးပြန်ရေးလိုက်ဖူးသေးတယ်။ ခေါင်းစဉ်ပေးလိုက်တာက "မြတ်စွာဘုရားက ဓမ္မစကြာတရားကို နာယူခြင်း"လို့ကို ပေးလိုက်တာ။

သင်း - ဘုရားသခင်က တရားကိုနာယူခြင်း။ ဟုတ်လား . . . ။

ပါ - ဟုတ်တယ်။ ဘုရားရှင်က သူဟောခဲ့တဲ့ တရားတော်ကိုရွတ်ဆိုကြတာကို ကိုယ်ပွားတော်အဖြစ် နာယူနေပုံကို ရေးလိုက်တာပါ။

သင်း - ခေါင်းစဉ်ကတော့ ကန့်လန့်ပဲ။ သတင်းစာကထည့်ပေးလိုက်ခဲ့လား။

ပါ - ထည့်ပေးတယ်ဆရာ။ အဲဒီခေါင်းစဉ်နဲ့ကိုပဲ ပါလာပါတယ်။ မိဂဒါဝုန်ကို မကြာခင်ကပြန်ရောက်သွားလိုက်တော့ လုံးဝပြောင်းလဲသွားပြီ။ တကယ့် မြို့ကြီးလုံးလုံးဖြစ်သွားပြီ။ မူလက မိဂဒါဝုန်ရဲ့ အနှစ်သာရ အငွေ့အသက်ဆိုလို့ တစ်စက်မှမကျန်တော့ပါဘူး ဆရာသင်းရယ်။ အပျော်ခရီးထွက်တဲ့နေရာ၊ တိုးရစ်တွေသွားကြလာကြတဲ့ နေရာဖြစ်နေပြီ။ တစ်ခါမှာဆိုရင် မြတ်စွာဘုရားသခင်က ဓမ္မစကြာတရားဟောခဲ့တဲ့ နေရာမှာ အနောက်နိုင်ငံက တိုးရစ်အမျိုးသမီးတစ်ယောက်က ဒူးထောင်ပေါင်ကားထိုင်နေတာကိုတွေ့လိုက်တော့ ကျွန်တော့်မှာ အတော့်ကို မျက်စိဆင်းရဲ ဖြစ်ခဲ့မိသေးတယ်။ ထိုင်နေတာမှ တကယ့်ကို ဓမ္မစကြာဟောခဲ့တဲ့ နေရာမှာကို ထိုင်နေတာ ဆရာရေ။



www.burmeseclassic.com

www.burmeseclassic.com



ခုနကအကြောင်းကို ပြန်ဆက်လိုက်ရဦးမယ်။ နွေရာသီကျောင်းကလဲပိတ်ထားတာမို့ ကျွန်တော်တို့လဲအဲဒီ မိဂဒါဝုန်မှာ နှစ်လလောက်နေခဲ့ရသေးတယ်။ အဲဒီမှာ ဆယ်တန်းကျောင်း၊ တန်းမြင့်ကျောင်းပေါ့၊ နောက်တော့ ဥပစာကောလိပ် ဖြစ်သွားတယ်။ အဲဒီဆယ်တန်းကျောင်းက ကျောင်းသားကြီးတွေကို ခေါ်ပြီးစာသင်ခိုင်းရတယ်။ ဟင်ဒီစာကိုလဲသင်တယ်၊ သက္ကတလဲ နည်းနည်းပါးပါး သင်သေးတယ်။ ကျူရှင်ဆိုပါတော့။

**သင်း** - ကျူရှင်ခတွေ ဘာတွေပေးရသေးသလား။

**ပါ** - မပေးရဘူးဆရာရဲ့၊ သူတို့ကကို သိပ်သင်ပေးချင်တာ။ ကျွန်တော်တို့က ဒီလောက်မဟုတ်ဘူး။ ဟိုသွားဒီလည် လုပ်ချင်သေးတယ်။ အဲဒီမှာ အမှတ်မထင် အခွင့်ကြုံလာတာက ဗာရာဏသီ ဟင်ဒီတက္ကသိုလ်က ပါဋိပါမောက္ခ ဘိက္ခုကဿပဆိုတာ၊ သူကနောင်အခါ နာလန္ဒဝိဟာရလို့ခေါ်တဲ့ နာလန္ဒတက္ကသိုလ်သစ် တည်ထောင်လိုက်တော့ သူက ပထမဆုံး ဒါရိုက်တာဖြစ်လာတယ်။

**သင်း** - ဒါဖြင့် အဲဒီတုန်းက နာလန္ဒတက္ကသိုလ် မရှိသေးဘူးပေါ့။

**ပါ** - မရှိသေးဘူး။ ကျွန်တော်မြန်မာပြည်ကို ပြန်ရောက်ပြီးမှ ပေါ်လာတာ။

**သင်း** - ဆက်ပါဦးဆရာ။ အဲဒီဆရာကြီးတွေနဲ့ . . . .

**ပါ** - အဲဒီ ဘိက္ခုကဿပကလဲ နွေရာသီမှာ မိဂဒါဝုန်မှာ လာနေတော့ သူနဲ့လဲတွေ့ခဲ့ရတယ်။ အဲဒီမှာနောက်ပြီး သဒ္ဓာတိဿ ဆိုတာတွေခဲ့ရသေးတယ်။ ဒီတုန်းကသူတို့က မဟာဝိဇ္ဇာဘွဲ့တော့ရပြီးပြီ။ နောင်အခါ အင်္ဂလန် ဓမ္မဝိဟာရမှာ ဆရာကြီးဖြစ်သွားတယ်။ ကျောင်းအုပ်ကြီး ဆိုပါတော့။ အဲသူတို့နဲ့ အတူကိုနေခဲ့ရတာဆရာရေ။ နောက်ပိုင်းမှာ သူတို့တစ်တွေက ဒေါက်တာဘွဲ့တွေဘာတွေရကြနဲ့ ကျွန်တော်သာ ဘာမှဖြစ်မလာခဲ့တာ။

(ဆရာပါက ပြောနေရင် သူ့ဘာသာသဘောကျနေသကဲ့သို့ ရယ်ပြန်ပါလေသေးသည်။)

**သင်း** - ဆရာလဲ 'ပါရဂူ' ဘွဲ့တော့ ရခဲ့သေးသားပဲ ဆရာရဲ့။

(ဆရာပါ၏ ရဟန်းဘွဲ့ကိုက 'ရှင်ပါရဂူ'ဖြစ်ကြောင်း ကျွန်တော်က သိနေ၍ပြောလိုက်ခြင်း ဖြစ်ပါသည်။ ဒီတော့ ဆရာပါက တိုး၍ မြူးမြူး





ရွှင်ရွှင် ရယ်လိုက်ရင်း . . . )

**ပါ** - အဲဒီဘွဲ့က ဒီကပါသွားတဲ့ ပါရင်းစွဲ 'ပါရဂူ'။ ဟိုကရခဲ့တာ မဟုတ်ဘူး။

(ကျွန်တော့်အဖို့တော့ဖြင့် ဘွဲ့ဆိုတာတွေ ဘာတွေကိုထက် ဘာလုပ်ပေးနိုင်သလဲဆိုတာကိုသာ တန်ဖိုးထားတတ်သည့် အတွေးကြီး ဝင်လာနေသည်မှာ ကြာခဲ့ပြီဖြစ်သောကြောင့် ဆရာပါရဂူသာ ပီအိတ်ချ်ဒီဘွဲ့ကြီးတစ်လုံး ရလာခဲ့လျှင်လည်း သည်ထက်ပိုပြီး လုပ်ပေးနိုင်စရာ မရှိတော့ဟု အောက်မေ့လိုက်မိသေးသည်။)

**ပါ** - အဲဒါနဲ့ နွေရာသီကျောင်းပိတ်ရက်လွန်တော့ ကျွန်တော်တို့ ဗာရာဏသီမှာရှိတဲ့ ဟင်ဒီတက္ကသိုလ်ကို သွားကြရတယ်။ အဲဒီမှာလဲ ခုနကပြောခဲ့တဲ့ ဗီရလာသူဌေးကြီးကပဲ၊ သက္ကတတက္ကသိုလ်ကို ဆောက်ပေးခဲ့တယ်။ အဲဒီမှာ အဆောင်တွေ (Hostels) တွေကိုလဲ ဆောက်ပေးထားတယ်။ ကျွန်တော်တို့ကတော့ သူဌေးကြီးရဲ့ ပညာသင်ထောက်ပံ့ကြေးနဲ့လာကြတာဆိုတော့ အဆောင်ကြေးရော၊ ပညာသင်ကြေးရော မပေးရဘူး။ အားလုံးအခမဲ့ဆိုပါတော့။ ထောက်ပံ့ကြေးရတာက တစ်လကို ရှပီးငွေလေးဆယ်ရတယ်။ ခုနကပြောခဲ့သလို free တွေကများနေလေတော့ လောက်ရုံမကဘူး၊ နည်းနည်းပါးပါးတောင် ပိုတတ်ပါသေးတယ်။

**သင်း** - အစားအသောက် ကျတော့ကောဆရာ။

**ပါ** - အဲ . . . ဟုတ်တယ်၊ အဲဒါကို ပြောရဦးမယ်။ စားတော့ students mess ကျောင်းသားရိပ်သာမှာ သွားစားရတယ်။ မနက်ဆိုရင် စာလေးခွေ၊ စာလေးခွေပေါ့ ဟိုမှာတော့ 'ဆေးယိုး'လို့ခေါ်တယ်။ အဲဒီ စာလေးခွေနဲ့ လက်ဘက်ရည်၊ အဲ နွားနို့၊ နောက်ပြီး ဂျလေဗီလိုမုန့်လေးဘာလေးတွေကို စားရတယ်။ ဆွမ်းကတော့ သက်သတ်လွတ်ပဲ။ အဲဒီ ဗာရာဏသီတက္ကသိုလ်ကို တည်ထောင်ခဲ့တဲ့ မာလဝီယားဆိုတဲ့ပုဂ္ဂိုလ်ကြီးက တကယ့်သံမဏိဟိန္ဒူဘာသာဝင်ကြီး။ သူ့ကျောင်းထဲမှာ သားငါး စားကို မစားရဘူး။ ဒါပေမယ့် ဆရာသိတဲ့အတိုင်း ကျောင်းသားဆိုတာက လွယ်တာမှတ်လို့ တစ်ချို့ကျောင်းသားတွေကတော့ ခိုးချက်စားကြတာပဲ။

**သင်း** - နေဦးဆရာ ဖြတ်မေးလိုက်ရဦးမယ်။ ဆရာအိန္ဒိယကိုထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟင်ဒီလို အတော်လေးပြောတတ်ဆိုတတ် ဖြစ်နေပြီလား။

ပါ - ဟာ . . . ဘယ်ပြောတတ်မှာလဲ။ ထမင်းစားရေသောက်လောက်ပဲ တတ်သေးတာ။

သင်း - ဒါဖြင့် အင်္ဂလိပ်စကားကော။

ပါ - သာမပြောတတ်တာပေါ့။

သင်း - အသိအကျွမ်းလူခံလဲမရှိ၊ စကားလဲကောင်းကောင်းမတတ်နဲ့၊ ဆရာသွားခဲ့တာ တကယ့်စွန့်စားခန်းပါပဲလား ဆရာရေ။

ပါ - ဟုတ်သွတယ်၊ အမှန်ပဲ။ ခု ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ တကယ့်စွန့်စားခန်းပဲ ဦးအောင်သင်းရေ။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်တော်က ပညာသင်ချင်တာ သေလုမြောပါးဖြစ်နေလေတော့ စွန့်စားရတယ်လို့ကို မထင်ခဲ့မိလောက်အောင် မှုန်နေတော့တာ။ အခု ပြန်စဉ်းစားကြည့်လိုက်တော့မှသာ ငါဟာ စွန့်စားခဲ့တာပဲလို့ ကောက်ချက်ချနိုင်တာကိုး။

သင်း - ကဲ . . . ဆက်ပါဦးဆရာ၊ ပညာသင်ခဲ့ရပုံကို . . .

ပါ - ဦးအောင်သင်းကပညာသင်ခဲ့ရပုံကို ပြောပါဦးလို့ဆိုလိုက်တော့-ကျွန်တော်က ဘာကိုပြောလိုက်ရမှန်းတောင် မသိတော့ဘူး။

(ဆရာပါက ထိုစကားကိုပြောလိုက်ရင်း ခိုးခိုးခစ်ခစ် အသံထွက်အောင် ရယ်လိုက်ပါသေးသည်။) ပြီးမှ . . .

ပါ - အင်း . . . ဦးအောင်သင်းရေ တစ်သက်လုံး ဖုံးသမျှ 'ဗျူး' ခါမှ ပေါ်တော့မှာပဲ။ အမှန်အတိုင်းပြောရရင် ဆရာရေ၊ ကျွန်တော်ဘာကိုမှ ဟုတ္တိပတ္တိမသင်ခဲ့ဘူး။

သင်း - ဟာ . . . ဟုတ်ရဲ့လားဆရာရယ်။ လူငယ်တွေ အတုယူစေချင်လို့ စံပြအဖြစ် အင်တာဗျူးလုပ်ခါမှ အိန္ဒိယကို ပညာတော်သင်သွားခဲ့ပြီး ဘာကိုမှဟုတ္တိပတ္တိမသင်ဘဲ ပြန်လာတဲ့လူအကြောင်း အဲ ဘုန်းကြီးအကြောင်းရေးရမလို ဖြစ်နေပါပြီ။

(ဆရာပါ ဟက်ဟက်ပက်ပက် ရယ်ပါလေသည်။ ကျွန်တော်လည်း မနေနိုင်၊ ဘေးကနားထောင်နေသူတွေလည်း မနေနိုင်၊ ဝိုင်းဝန်းရယ်မောကြသည်။ ပျော်စရာလည်းကောင်းလှပါသည်။)

ပါ - တကယ်ကိုပြောတာပါဆရာ။ ဘာကိုမှ ကျွန်တော် ဟုတ္တိပတ္တိ





မသင်ခဲ့တာပါ။ သို့သော်လဲ လိပ်ပတ်လည်လာတော့မှ ကျွန်တော် ပြောတာကို ဆရာသဘောပေါက်လာမှာပါ။ အဲ . . . ဆရာရည်ရွယ်တဲ့ လူငယ်တဖတ် ပရိသတ်လဲ သဘောပေါက်လာမှာပါ။

သင်း - အဲဒီလိုလေးလဲ လုပ်ဦးမှပေါ့ ဆရာပါရယ်။

ပါ - ကျွန်တော် ဟာရာဏသီတက္ကသိုလ်ကိုရောက်သွားစမှာ သက္ကတကို ကျောင်းသားလေးတစ်ယောက်က သင်ပေးတယ်။ အိန္ဒိယလူမျိုးကျောင်းသားလေးပေါ့။ ကျူရှင်ပေါ့။ ကျူရှင်ခတွေဘာတွေ မပေးရပါဘူး။ အလွန်ကို စေတနာကောင်းတယ်။ အခန်းကိုလာလာပြီး သင်ပေးရှာတာ။ သူက မပျက်ဘူး၊ ကျွန်တော်ကသာ ပျက်တတ်တာ။ သူ့ကိုတော့ ကျွန်တော်ခုထက်ထိ ခဏခဏသတိရနေမိတယ်။ မကြာသေးခင်က ဟာရာဏသီကို ရောက်သွားတော့ သူ့အကြောင်းကို မေးကြည့်သေးတယ်။ သူက သက္ကတဘာသာပါမောက္ခဖြစ်နေပြီး တစ်ခြားမြို့မှာရောက်နေလို့ မတွေ့ခဲ့ရဘူး။

ပြောရဦးမယ် ဦးအောင်သင်းရေ ကျွန်တော်လေ ဆရာရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်) ဆီမှာသင်ပြီးတဲ့ နောက် ဘယ်ဘုန်းကြီးဆရာ၊ လူဆရာဆီမှာမှ သေသေချာချာ စာမသင်ခဲ့တော့ဘူး။ အမှန်ပြောရရင် တသင်ရတာကို ကျွန်တော်မလုပ်ချင်တော့ဘူး။ တစ်ယောက်ယောက် ဆီမှာ စာသင်ယူနေရတာကိုသာ ပြောတာနော်။ ကျွန်တော့်ဘာသာ ကျွန်တော်ကတော့ မပြတ်လေ့လာဆည်းပူးနေတာပဲ။ အဲဒါကတော့ မပြတ်မလပ်ဆိုတကယ့်ကို မပြတ်မလပ် လုပ်နေခဲ့တာ။

သင်း - ဒါဖြင့် တက္ကသိုလ်မှာ . . . .။

ပါ - တက္ကသိုလ်တက်ဖို့အတွက် ကျွန်တော် မက်ထရစ် စာမေးပွဲကို ဖြေလိုက်ရသေးတယ်။

သင်း - ဟုတ်လား၊ အင်း-ဟုတ်တာပေါ့လေ၊ တက္ကသိုလ်ဝင်တန်းတော့ အောင်ရတော့မှာပေါ့။

ပါ - စောစောပိုင်းက ကျွန်တော်ပြောခဲ့သားပဲ။ ကျွန်တော်က လေးဘန်းတောင် စာမေးပွဲဖြေခဲ့တာမှမဟုတ်ဘဲ၊ ဒီတော့ မက်ထရစ်ကို ပြန်ဖြေရတာပေါ့။ ပြောလိုက်ရဦးမယ် ဆရာသင်းရေ၊ ကျွန်တော် အိန္ဒိယကိုသွားဘာက အတော်ကြီးကို စောသေးတာ။ ၁၉၄၇ ခု မေလထဲမှာ၊ ဘာတနည်း



www.burmeseclassic.com

တွေကျဆုံးတော့ ကျွန်တော် ဟိုမှာရောက်နေပြီ။ ဒီတော့ ခုခေတ်လို မဟုတ်သေးဘူး။ ခုခေတ်မှာတော့ ဒီက ဓမ္မာစရိယတို့၊ ပထမကြီးတန်း တို့အောင်သွားရင် ဟိုမှာဆက်ပြီး ဘွဲ့တွေဘာတွေ အလွယ်တကူယူ လို့ရနေပြီ။ အဲဒီအချိန်က ဒီလိုမဟုတ်ဘူး။ မက်ထရစ် ဖြေရတာ။ ဖြေတော့ သင်္ချာတို့ ဘာတို့မှာ ကျူရှင်တက်ရတယ်။ နောက်တော့ အဲဒီကျူရှင်တွေ ဘာတွေလည်း ကောင်းကောင်း မတက်တော့ပါဘူး။ မှတ်စု Guide စာအုပ်တွေကလည်း သိပ်ပေါတော့ အဲဒါတွေကိုဖတ်ပြီး ချတာပဲ။

**သင်း** - ဟုတ်တယ် ဟုတ်တယ်၊ အိန္ဒိယက မှတ်စုစာအုပ်တွေက ကျွန်တော်တို့ ကျောင်းသားဘဝက အတော်ကြီးကို အားကိုးခဲ့ကြရတာ။

**ပါ** - အဲဒီတုန်းက ခုခေတ်လို နိုင်ငံခြားသားတွေအတွက် Elementry Hindi ဆိုတာမျိုး လျှော့ဈေးပေါ့ဈေး ဟင်ဒီမပေးသေးဘူး။ ကုလားကျောင်းသားလေးတွေနဲ့ တန်းတူဘာသာစုံကိုဟင်ဒီလို ဖြေခဲ့ရတာ။ အဲဒါနဲ့ မက်ထရစ်အောင်တော့ ကျွန်တော် Inter (ဥပစာတန်း) ကို ဆက်ဖြေတော့ အောင်ပါတယ်။ ပြောရဦးမယ်၊ အဲဒီမှာလဲ ကျောင်းကို သုံးလေးလလောက်တက်ပြီးတော့ အတန်းတွေကို မတက်ချင်တော့ဘူး။ နောက်တော့ Guide စာအုပ်တွေကိုဖတ်ပြီး အလွတ်ဖြေတာပဲ။

**သင်း** - သက္ကတတွေဘာတွေကိုကော . . .

**ပါ** - မက်ထရစ်အောင်ပြီးလို့ တက္ကသိုလ်တက်တော့မယ်လုပ်တော့ သက္ကတတို့ဘာတို့ကို စဉ်းစားလိုက်သေးတယ်။ ဒါပေမယ့် ဆရာရေ သူက အာကျာရ်ယဆိုတာမျိုးထိအောင်ဆိုရင် ခုနစ်နှစ် ရှစ်နှစ်လောက်ကြာမယ်။ ဒါတောင် အတန်းစဉ်မှန်မှန်ကြီး အောင်သွားမှနော်။ ကျွန်တော်က အဲဒီလောက်ကြီး မနေနိုင်ဘူး။ အဲဒီလောက်လဲ အချိန်မပေးနိုင်ဘူး။ နောက်ပြီး အင်္ဂလိပ်စာကိုလဲ သင်ချင်သေးတယ်၊ ဟင်ဒီကိုလဲ သင်ချင်သေးတယ်။ နောက်ပြီး ကျွန်တော်တို့ကို ပညာသင်ခွင့်ပေးတဲ့ အချိန်က သုံးလေးနှစ်လောက်ပဲရှိတာ။ ဒါကြောင့် သက္ကတကို လုံးဝလက်လျှော့လိုက်တယ်။ တစ်ခုရှိတာက ကျွန်တော်တို့ ဗိရ်လာစကောလားရှစ်ရထားတာဆိုတော့ အဆောင်မှာနေသော်လဲ အထူးအခွင့် အရေးပေးထားတယ်။ ကျောင်းကို တက်ချင်တက် မတက်ချင်နေ၊ ရတယ်။





**သင်း** - ဟင်ဒီကျတော့ကော . . .။

**ပါ** - အဲ-ဟင်ဒီကိုတော့ဖြင့် ကျွန်တော်က အတော်လေးကို ကြိုးစားပမ်းစားဖတ်ခဲ့တယ်။ ဖတ်ပုံက သတင်းစာတွေ ထွက်တယ်ဆရာရယ်။ ဟင်ဒီလိုရော၊ အင်္ဂလိပ်လိုရောပေါ့။ သတင်းတွေဘာတွေစတဲ့ အကြောင်းအရာတွေက များသောအားဖြင့်အတူတူပဲ မဟုတ်လား။ ဒီတော့ ကျွန်တော်က နှစ်မျိုးလုံးကို တိုက်ပြီးဖတ်လိုက်တော့ နှစ်မျိုးလုံးကို တစ်စတစ်စ ကျွမ်းမှန်းမသိကျွမ်းလာတော့တာပေါ့။

**သင်း** - အတော်ကို အတုခိုးလောက်တဲ့ နည်းပါပဲဆရာ။ လူငယ်တွေက အင်္ဂလိပ်စာကိုဖတ်တတ်ချင်တယ်၊ ဘာတွေဖတ်ရမလဲ ဆိုတာမျိုး ကျွန်တော့်ကို ခဏခဏမေးတတ်ကြတယ်။ ကျွန်တော်က "မင်းတို့ အင်္ဂလိပ်သတင်းစာ မြန်မာသတင်းစာတွေကိုတိုက်ပြီး နေ့စဉ် ဖတ်သွားစမ်းပါ တိုးလာပါလိမ့်မယ်။ ငါတွေ့ဖူးတဲ့ သတင်းစာဆရာ အတော်များများဟာ ကျောင်းသင်အင်္ဂလိပ်စာ အခြေခံသိပ်ပြီးကြီးခဲ့တာ မဟုတ်ဘူး။ သူတို့က သတင်းစာလုပ်ငန်းကို စိတ်ဝင်စားလွန်းလို့ ဖတ်ရင်းကနေပြီး တကယ်ကိုကျွမ်းလာကြတာ" လို့ ပြောပြမိပါတယ်။ အခုဆရာလုပ်ခဲ့တာဆိုရင် နှစ်မျိုးလုံးဟာ ကိုယ့်ဘာသာစကား မဟုတ်ဘူး။ ကဲ ဆက်ပါဦးဆရာ။

**ပါ** - အိန္ဒိယမှာကတော့ ဆရာသိတဲ့အတိုင်း ရုံးသုံးဘာသာကတောင် အင်္ဂလိပ်လိုဖြစ်နေတာဆိုတော့ အင်္ဂလိပ်စာအုပ်တွေကလဲ သိပ်ထွက်တာပဲ။ အကြောင်းအရာအတူတူကိုပဲ အင်္ဂလိပ်လိုရော ဟင်ဒီလိုပါ စာအုပ်တွေထွက်တော့နှစ်မျိုးလုံးကို တိုက်ဖတ်ဖို့ အခွင့်အရေးကလဲ သိပ်ကောင်းနေပြန်တာပေါ့ဆရာရယ်။ အဲဒါနဲ့ဆရာရေ နောက်ခဏရှိတော့ အဲဒီ မဟာဗောဓိအသင်းကထုတ်တဲ့ 'ဓမ္မဒူတ' ဆိုတဲ့ စာစောင်ထဲမှာ ဆောင်းပါးရေးတော့တာပဲ။

**သင်း** - ဟင်ဒီလို . . .။

**ပါ** - ဟင်ဒီလိုပေါ့။ အဲဒီစာစောင်ကိုတောင် မြန်မာပြည်က အသင်းကို ပြန်ပို့လိုက်သေးတယ်။ ကျောင်းတွေ အတန်းတွေ မတက်ပေမယ့် ကျွန်တော်က ကိုယ့်ဘာသာကိုယ်တော့ တွယ်နေတာပဲ။ ဟင်ဒီလိုပဲပေါ့။ အင်္ဂလိပ်လိုဆိုတော့ အနားမကပ်နိုင်ဘူး။

www.burmeseclassic.com



သင်း - ဆရာက ဟင်ဒီကို ဒီလောက်မြန်မြန်ဖတ်နိုင် ရေးနိုင်သွားတာဟာလဲ ဒီမှာကတည်းက ပါဠိကို အတော်ကျွမ်းသွားလို့ ဖြစ်မယ်ထင်တယ်။ ပါဠိနဲ့ ဟင်ဒီဟာ အတော်လေးကိုတူတယ်လို့ ပြောကြတယ်။

ပါ - ဟုတ်တာပေါ့။ ဒီဝါကျတည်ဆောက်ပုံတွေ ဘာတွေတင်မကဘူး၊ တစ်ချို့စကားလုံးတွေမှာဆိုရင် ထပ်တူထပ်မျှကိုတူနေတာ အများကြီးပဲ။ အဲဒါကြောင့် ကျွန်တော်က မြန်မြန်တတ်သွားခဲ့တာ။ ဆရာကြီး ဦးဂိုအင်ကာကို ဆရာသိပါတယ်။ သူဆိုရင် ဟင်ဒီပဲတတ်တာ။ ဟင်ဒီလိုကတော့ သူက စာတောင်ရှေးနေတဲ့သူ မဟုတ်လား။ ပါဠိကို တတ်တာမှ မဟုတ်ပဲ၊ ဒါပေမယ့် ခုတော့ ဗုဒ္ဓဘာသာကို လိုက်စားရင်း ပါဠိကိုဖတ်တာ ခုတော့ ပါဠိကိုတတ်နေပြီ။

သင်း - ဟုတ်တယ်ဆရာ၊ ကျွန်တော် တောင်တွင်းဘရာတော် ကိုလျှောက်ကြည့်ဖူးတယ်။ "သက္ကတက သိပ်ခက်တယ်လို့ ပြောတယ်။ ဘာသာစကားအမျိုး နှစ်ဆယ်လောက်ကိုလေ့လာလိုက်စားဖူးတဲ့ ပါမောက္ခကြီးတစ်ယောက်က သူတွေ့သမျှမှာ သက္ကတဘာသာက အခက်ဆုံးပဲလို့ ပြောဖူးတယ်။ ဘုန်းကြီးကတော့ ဘယ်လိုလုပ်ပြီးသက္ကတကို လေ့လာသလဲ" လို့မေးကြည့်တော့ ဆရာတော်က "ငါတို့က ပါဠိကတစ်ဆင့်သွားတာကိုးကွ၊ ဒီတော့ သိပ်မဝေးလှဘူး၊ သူတို့ ဥရောပဘာသာတွေနဲ့ကျတော့ သက္ကတက လှမ်းနေတယ်" လို့ပြောတယ်။

ပါ - ဟုတ်တယ်ဆရာရဲ့။ ပါဠိတတ်ထားတဲ့ ဘုန်းတော်ကြီးတွေဟာ ဟင်ဒီတို့ သက္ကတတို့ကိုလေ့လာကြဖို့ကောင်းတယ်။ အတော်လေးကို လွယ်လွယ်ကူကူနဲ့ တတ်သွားနိုင်တယ်။

သင်း - ကျွန်တော်ကဖြင့် မဆိုစကောင်း ဆရာပါရဂူတစ်ယောက်သာမရှိတော့ရင် အစားထိုးဖို့ကို မမြင်တော့ဘူးလို့ အောက်မေ့နေတာ၊ ခုအတိုင်းဆိုရင်တော့ နီးစပ်ရာ စာသမားဘုန်းကြီးတစ်ပါးလောက်ကို ဟင်ဒီ အထူးပြုလေ့လာဖို့ မြှောက်ပေးရမယ့်ပုံဖြစ်နေပြီ။

ပါ - ဟုတ်တယ်ဆရာရဲ့၊ ဘုန်းတော်ကြီးတွေလေ့လာသင့်ပါတယ်။ ကျွန်တော်လို ဘာသာပြန်နိုင်ဖို့အဆင့်ထိ အောင်လုပ်မယ်ဆိုရင်တော့ မြန်မာစာ အရေးအသားကိုပါ ကျွမ်းကျင်အောင် လုပ်ရမှာပေါ့။ နောက်ဆုံးမှာတော့ နာနာဖတ်ပေးရတာပါပဲဆရာရယ်။ ကျွန်တော် ပြောခဲ့ပြီကော၊ ကျွန်တော်လဲ ဘာအတန်းမှ ဟုတ္တိပတ္တိတက်ခဲ့တာမှ မဟုတ်ဘဲ။ နာနာဖတ်လာလို့သာ ဒီလောက်ကျွမ်းလာခဲ့တာပေါ့။





သင်း - ကျွမ်းလာခဲ့တာဆိုလို့ မေးလိုက်ရဦးမယ်။ တစ်ခြားလူတစ်ယောက်က ပြောဖူးတာပါ။ မြန်မာပြည်မှာ မြန်မာလူမျိုးထဲက ဟင်ဒီစကားကို အဆင့်မြင့်မြင့် ကျကျနနအပြောနိုင်ဆုံးဟာ ဆရာပဲရှိတယ်လို့ပြောဖူးတယ်ဆရာ။

(ဆရာပါက ခိုးခိုးခစ်ခစ်ကလေးရယ်လိုက်ပြီးနောက် . . . )

ပါ - ဆရာဦးအောင်သင်းကမေးလာလို့သာ ပြောလိုက်ရတော့မယ်။ ကြားရများရောက်နေမလား မသိဘူး။ ဒီလို ဆရာ ရန်ကုန်မှာ ဟင်ဒီစာပေအသင်းဆိုတာ ရှိတယ်။ ခုမှရှိတာ မဟုတ်ပါဘူး။ ကြာလှပါပြီ၊ ဟိုရှေးကတည်းကရှိ လာခဲ့တာပါ။ ဟင်ဒီအန္တိအမျိုးသားတွေ စုပြီးဖွဲ့ထားတာပါ။ အဲဒီအသင်းမှာ ကျွန်တော်ဥက္ကဋ္ဌလုပ်နေရတာ နှစ်နှစ်ရှိပြီ။

(ကျွန်တော်နှင့်တကွ နားထောင်နေသူအားလုံး ဟက်ဟက်ပက်ပက် ရယ်လိုက်မိကြပါသည်။ ဆရာပါ ကိုယ်တိုင်လည်း ကျွန်တော်တို့နှင့်အတူ နှစ်ခြိုက်စွာ ရယ်ပါသည်။)

သင်း - တော်ပြီ တော်ပြီ။ "ငါ ဒီကုလားမ ကြည့်ရင်း ကြည့်ရင်း ကြောက်လာပြီ" ဆိုတဲ့ ခေတ်ဆီခေတ်စံ ပြက်လုံးထဲကလိုဖြစ်နေပြီ။

(ကျွန်တော် ဆရာပါ့ကိုကြည့်နေရင်း တကယ်ကိုအံ့သြအားကျခြင်းဖြစ်လာမိသည်မှာ အမှန်ဖြစ်ပါသည်။ အင်္ဂလိပ်စကားကို သွက်သွက်သက် ပြောတတ်ချင်ပါသည်ဆိုသော ကောင်လေးတွေ ကောင်မလေးတွေကို ကျွန်တော်က "စာကိုသာနာနာဖတ်ပေးပါ၊ ဖတ်တာ များလာလျှင် အကြောင်းကြုံလာတော့ အလိုလို ပြောတတ်လာပါတယ်၊ အစမှာ ထစ်တီးထစ်ငေါ့ဖြစ်သော်လဲ နောက်ပိုင်းမှာသွက်လာပါလိမ့်မယ်"ဟု ပြောခဲ့ဖူးသည်ကို ပြန်ပြီးသတိရလိုက်မိပြန်ပါသည်။)

ပါ - တစ်ဆက်တည်း ပြောလိုက်ရဦးမယ်။ ကျွန်တော် ဟင်ဒီလို စာတစ်အုပ်ရေးခဲ့ဖူးသေးတယ်။ 'အသောက' အကြောင်းပါပဲ။ စာအုပ်ကလေးတစ်အုပ်ရေးခဲ့သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်း - ဟုတ်လား။ ပုံနှိပ်ဖြစ်ခဲ့သေးသလား။

ပါ - ပုံနှိပ်ထုတ်ဝေတာပေါ့။ ပုံနှိပ်ထုတ်ဝေတာတင်မကဘူး ဒေလီက အထက်တန်းကျောင်းတွေမှာ ကျောင်းသုံးအဖြစ် ပြဋ္ဌာန်း လိုက်သေးတယ်လို့ ပြောတယ်။ ကျောင်းသုံးဆိုသော်လဲ ကိုးကားပြဋ္ဌာန်းစာ (Reference Text) ပေါ့။

သင်း - ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ ဆရာ့ ဟင်ဒီ အရေးအသားဟာ ကောင်းကောင်းကြီးအဆင့်မီတယ်ဆိုတာတော့ ထင်ရှားနေတာပေါ့။

ပါ - အင်း- အဲလိုတော့ ဆိုနိုင်တာပေါ့လေ။

သင်း - သေချာစဉ်းစားကြည့်လိုက်ရင် ဆရာက ဟင်ဒီကို နာနာကြီး ဖတ်ခဲ့လို့ပဲပေါ့နော်။

ပါ - သြော် . . . ဦးအောင်သင်းရယ်၊ ကျွန်တော်ပြောခဲ့ပြီ မဟုတ်လား၊ ကျွန်တော် ဘယ်အတန်းမှ မတက်ခဲ့ပါဘူးဆိုနေမှ။ ဖတ်တာပဲပေါ့။ ဘာ အတန်းမှကို သေချာမတက်ခဲ့တာ။ ဒါပေမယ့် တစ်ခုရှိတာက ကျွန်တော်တို့က စာသမား တွေမဟုတ်လား။ စာကိုတော့ဖတ်ကိုဖတ်နေရမှ။ ဒီတော့ အတန်းမတက်တာလောက်ကိုသာ ကြည့်လိုက်မယ်ဆိုရင်တော့ ပျက်စီးနေပြီလို့တောင် ထင်ရမှာပေါ့။ အတန်းသာမတက်တာကိုး၊ ကျွန်တော် လေ့လာချင်တာတွေ၊ ဖတ်ချင်တာတွေကိုတော့ တစ်ရံမပြတ်ဆိုတာလို ဖတ်နေခဲ့တာ။ ပြောရဦးမယ်၊ ဓာရာဏသီတက္ကသိုလ်ကို ပညာသင်သွားခဲ့ တယ်၊ လေးနှစ်လောက်ကြာခဲ့တယ်ဆိုတော့ ကျွန်တော့်ကို အဲဒီကဘွဲ့တွေ ဘာတွေရလာခဲ့တယ်လို့ တစ်ချို့က အထင်ရောက်ကြဟန်တူတယ်။ ကျွန်တော်ကလဲ ဘာမှမပြောပါဘူး။ သူတို့ဘာသာသူတို့ ထင်ချင်လဲ ထင်ပလေစေလို့ပဲ နေလိုက်တာပါပဲ။ ဦးအောင်သင်းကိုတော့ ချန်ထားလို့ မဖြစ်တော့ဘူး။ ဘာဘွဲ့မှ ဘာဂုဏ်ထူးမှ မရခဲ့တာ အမှန်ပါပဲ ဦးအောင်သင်း ရေ၊ ဘုရားပေးပေး ကျမ်းပေးပေး. . . .

(ကျွန်တော်တို့အားလုံး ရယ်လိုက်မိပြန်ပါသည်။ ကျွန်တော်လည်း ရောနှောရယ်မောနေရင်းကပဲ 'ဝိဇ္ဇာ'တို့ 'ပါရဂူ'တို့စသည့် ဘွဲ့တွေကို မရခဲ့သော်လည်း သူ့'ရှင်ပါရဂူ'ဟူသော ဘွဲ့နှင့် ထိုက်တန်အောင်တော့ လုပ်နိုင်ခဲ့ပေသည်ဟု စိတ်ထဲက အောက်မေ့လိုက်မိသည်။ ဤစာကိုရေး





နေရင်းပင် သူ့ဆရာ 'ဒဂုန်ဦးထွန်းမြင့်' (ရှင်တေဇောသာရ) ပြုစုသော 'ပါဠိသက် ဝေါဟာရ အဘိဓာန်'ကို ကောက်လှန်ပြီး 'ပါရဂူ'အဖွင့်ကို ရှာပြီး ကြည့်လိုက်မိသေးသည်။'ပါရ=တစ်ဘက်ကမ်း ၊ ဂူ=ရောက်သူ ။ အတတ်ပညာ တစ်ဘက်ကမ်းရောက်တတ်မြောက်သူ' တဲ့။

သင်း - အဲဒီမှာ စာကောရေးဖြစ်သေးသလား။

ပါ - အော် . . . ဟုတ်တယ် ဦးအောင်သင်းမေးလိုက်မှ သတိရတယ်။ ဆောင်းပါးတွေရေးပြီး 'ဂျာနယ်ကျော်' တို့ဘာတို့လိုစာစောင်တွေကို ပြန်ပြန် ပို့ပေးနေသေးတယ်။

သင်း - ကလောင်နာမည်ကတော့. . . .

ပါ - 'ရှင်ပါရဂူ' ပဲ။ နောက်ကျွန်တော် မြန်မာပြည်ပြန်ရောက်လို့ အတော်လေးကြာလို့ သက်န်းချွတ်လိုက်တော့မှ 'ရှင်'ကို ဖြုတ်လိုက်ပြီး 'ပါရဂူ' ဖြစ်သွားတာ။

သင်း - ဘာပဲပြောပြောဆရာရယ်၊ ပညာတင်မက အတွေ့အကြုံတွေလဲ အများကြီးရလာခဲ့တာတော့အမှန်ပေါ့။

ပါ - ဦးအောင်သင်းပြောတာအမှန်ပဲ။ တကယ့်ကို အတော်လေး အတွေ့အကြုံရခဲ့ပါတယ်။ အတွေ့အကြုံဆိုတာကလဲ ပညာအတွေ့အကြုံ ပေါ့လေ။ ဆိုကြပါစို့ 'ရာဟုလာသံကိစ္စည်း'နဲ့ တွေ့ရဆွေးနွေးရတာတွေ၊ 'အာနန္ဒာကောသလ္လ'နဲ့ တွေ့ရတာတွေ၊ မဟာဗောဓိအသင်းက အတွင်း ရေးမှူးစတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရတာတွေ၊ တရုပ်ဘုန်းတော်ကြီးတွေနဲ့ တွေ့ရတာတွေ၊ အဲဒါမျိုးတွေကတော့ ဒီနေရာမှာ ပြောနေဖို့ မဟုတ်တော့ဘူး၊ နောက်မှ သီးခြား တစ်စောင်တစ်ဖွဲ့စီရေးရမှာ မျိုးတွေပေါ့။

သင်း - ဟုတ်တာပေါ့ဆရာ။ ရေးဆို မြန်မြန်လေးတောင်ရေးစေချင်တယ်။ ကျွန်တော်တို့လဲ ဖတ်ချင်ပါတယ်။

ပါ - သတိရလို့ ပြောလိုက်ရဦးမယ်။ မြန်မာပြည် ပြန်ရောက်တော့ ရန်ကုန်တက္ကသိုလ် တက်ဖို့ ကြိုးစားကြည့်သေးတယ်။ မရဘူး။ မရတာလဲ ခပ်ကောင်းကောင်းပါပဲ။

သင်း - ဟာ. . . ဆရာကလဲ ဘာလို့ တက်နေတော့မှာလဲ။ အခုနကိုန် အောင်။ တက်လိုက်တော့ကော ဆရာ့အတွက် ဘာတွေ ထူးလာမှာမို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင် ဖိတ်စာမှာ 'မောင်လှကြိုင် (B.A.)နှင့်. . . .'ဆိုတာများ တပ်ချင်သေးလို့လား။

(လူပျိုကြီး ဆရာပါရဂူ ဟက်ဟက်ပက်ပက် ရယ်ပါလေတော့သည်။ အနားကလူတွေလဲ မနေနိုင်ရောပြီး ရယ်လိုက်ကြသည်မှာ ပျော်စရာကြီး ဖြစ်နေလေတော့သည်။) ကျွန်တော်က ဆက်၍. . .

**သင်း** - တက္ကသိုလ် တက်ခွင့်ရရင်တောင် ဆရာလို ကလပ်စ်တက်ဖို့ စိတ်မပါတဲ့ လူတစ်ယောက်အဖို့ ကိုယ့်ဒုက္ခကိုယ် ဝယ်ယူသလို ဖြစ်နေမှာပေါ့ ဆရာရဲ့။

**ပါ** - ဆရာသင်း ပြောတာလဲအမှန်ပဲ။ တကယ်ဆိုတော့ ကျွန်တော်ဟာ ကျွန်တော့်ငယ်ဆရာ ရှင်တေဇောသာရ (ဒဂုန် ဦးထွန်းမြင့်) တစ်ယောက်ရှေ့မှာ ဝပ်ခဲ့တာရဲ့နောက် ဘယ်ဆရာတော်ဆီမှာမှ မဝပ်ခဲ့တော့ဘူး။ ဝပ်တယ်ဆိုတာကို ဦးအောင်သင်း သိပါလိမ့်မယ်။ ကျွန်တော် တို့ ရဟန်းဘဝစတက်တယ်ဆိုတာဟာ ဆရာရှေ့မှာ ဝပ်နေရတာ။ အခုကျွန်တော်တို့ ထိုင်နေသလို ထိုင်လို့ရတာမျိုးမဟုတ်ဘူး။ ဝပ်နေရတာ။ အလွန်ပင်ပန်းတယ်။ ဒါကြောင့် ကျွန်တော်ဖြင့် ကာလရှည်လျား စာတက်သင်ယူနေနိုင်တဲ့ ရဟန်းတွေကို တကယ့်ကိုချီးကျူးမိပါတယ်။

**သင်း** - ရဟန်းတော် ဆရာအပြင် လူထဲမှာကော ဆရာအဖြစ် ကျူရှင်ဆရာအဖြစ်သင်ခဲ့တာ ရှိသေးသလား။

**ပါ** - မည်မည်ရရ တိတိကျကျရှိကို မရှိခဲ့တော့ဘူး။ ဘယ်ဟာဖြစ်ဖြစ် ကိုယ့်ဘာသာဖတ်ပြီး ရှာမိတော့တာပဲ။ တိုတို ပြောရရင်တော့ ကလပ်စ်လိုသင်တန်းတက်သလို၊ သင်တာမျိုး မရှိခဲ့တော့ဘူး။

**သင်း** - ဒီလိုဖြစ်မယ် ထင်တယ်။ ဆရာက ခေတ်ပညာရေးနဲ့ ပြဋ္ဌာန်းချက်သင်ရိုးကိုလေ့လာလိုက်တော့ ကိုယ်မသင်ချင်တာတွေကိုလဲ လေ့လာနေရတော့မှာကိုး။ ဆရာက လွတ်လွတ်လပ်လပ် ကိုယ်အာရုံစိုက်ရာကိုသာ လေ့လာချင်နေတာဆိုတော့ ဆရာနဲ့ ဘယ်ဖြစ်တော့မလဲ။

**ပါ** - ဟုတ်တယ် အဲဒါအများကြီးပါတယ်။

**သင်း** - ဆရာ ဦးဆန်းထွန်းလဲ ဒီလိုပဲထင်တယ်။

**ပါ** - ဟာ. . . သူကတော့ ကျွန်တော့်ထက်တောင် ပိုလိမ့်မယ်





ထင်တယ်။ နောက်ပြီး ဦးဆန်းထွန်းက ပေတေတေ၊ ကတ်တတ်တတ်ရယ် ဦးအောင်သင်းရ။ မသင့်ရင် အလွန်ကို ခွတီးခွကျလူဗျ။

**သင်း** - ဟုတ်ပ့ါဆရာ။ ပြောရဦးမယ်။ သူက ဂျာနယ်ကျော်ကို ကဗျာလေးတွေ ရေးပို့သတဲ့။ သူ့ကဗျာတွေက နည်းနည်း သာမန်ပရိသတ် နားလည်ဖို့ခက်တယ်ထင်ပါရဲ့။ ဦးချစ်မောင်က ကဗျာတွေက နည်းနည်း မြင့်လွန်းနေတာကြောင့် ဒီအောက်ကို နည်းနည်းနှိမ့်ပြီးရေးဖို့ ပြောတော့ 'ကျုပ်က သူများထက် အရပ်မြင့်နေတာကြောင့် သူများနဲ့ညီအောင် ကုန်းနေရမှာလား ကုန်းနေတယ်ဆိုရင်လဲ ကြာရှည် ကျုပ်က ကုန်းနေနိုင်ပါ့မလား' လို့ပြောသတဲ့ ဆရာရေ။

**ပါ** - ဟုတ်မယ်. . . ဟုတ်မယ်။ စကားကလဲ တတ်တယ်ဆရာရေ၊ သူက အတိုက်အခံ ကန့်လန့်တိုက်ပြီး ပြောရတာမျိုးကို ဝါသနာကိုပါတာ ဆရာရေ။

**သင်း** - ဆရာကပြောလာလို့ သတိရမိတာကြောင့် ပြောလိုက်ဦးမယ်။ ရာဟုလာသံကိစ္စည်းအကြောင်းရေးလိုက်တဲ့ ဆောင်းပါးကြောင့် 'ခနုဗြူ ဦးအေးမောင်'က 'သူတို့နှစ်ဦးကို တောထုတ်ကြလော့'ဆိုတဲ့ ဆောင်းပါးကို ရေးလိုက်တော့ ပြန်တွယ်လိုက်တာ ဆရာရယ်။ တကယ့်ကို ရက်ရက်စက်စက်ပဲ။ စကားလုံးတွေကလဲ အတော့်ကို ပြင်းထန်တယ်။ အဲဒီမှာ ဦးအေးမောင်ဘက်ကနေပြီး မောင်မောင်တင် ဆိုတာက (အဲဒီမောင်မောင်တင်ဆိုတာကလဲ အညာဘက်က ဦးပဥ္စင်းတစ်ပါးလို့နောက်တော့သိရတယ်) အဲဒီမောင်မောင်တင်က ဝင်ကူပြီး သူ့ကို တွယ်လိုက်တော့ သူကပြန်ပြီး ရေးလိုက်တာ ရစရာမရှိဘူး။ ကျွန်တော်မှတ်မိသလောက် 'နောင်ကို ခွေးဟောင်တိုင်း ခေါင်းထောင် ကြည့်နေလိမ့်မည်မဟုတ်' ဆိုတာမျိုးထိ အောင်ကို ရေးပစ်လိုက်တာ။ မျက်နှာပိုင်းကို ကွက်ပြီး အသားပေးထားတဲ့ သူ့ဓာတ်ပုံကြီးကလဲ ပါလိုက်သေး။ သူကလောင်က 'ကာဝိယဝါဇီ အသျှင်ဉာဏိဿရ' တဲ့။ မေးရိုးကြီးကလဲ ခပ်ကားကား၊ မျက်နှာထားကလဲတင်းနေတာပဲ။ ကျွန်တော်က အဲဒီတော့ ခပ်ငယ်ငယ်ကိုး။ သူ့ဓာတ်ပုံနဲ့သူ့စာကို ကြည့်ပြီး ဒီဘုန်းကြီးကတော့ အတော်ကိုမလွယ်မယ့် ဘုန်းကြီးပဲလို့အောင်အောက် မေ့လိုက်မိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝါ - အဲဒီတော့ ကျွန်တော် မြန်မာပြည်မှာ မရှိဘူး၊ အိန္ဒိယ မှာပဲရှိ သေးတယ်။

သင်း - ဟုတ်မှာပေါ့။ ၁၉၄၉ လောက်မှာ ဖြစ်တာ။ ကျွန်တော်နဲ့က မန်းရာပြည့်မှာ ကျွန်တော်ရောက်သွားတော့မှ တွေ့ဖူးတာ။ တွေ့လို့ ကျွန်တော်က သူ့စာတွေဖတ်၊ သူ့ဓာတ်ပုံကိုကြည့်ပြီး အဲဒီလိုဖြစ်ခဲ့တဲ့အကြောင်း ပြောပြတော့ သူကရယ်လိုက်တာ။ သူ့အိမ်ကို သွားလည်လိုက်သေးတယ်။ ဒီတော့ သူကအိမ်မှာ မနေဘူး။ ဘုန်းကြီးကျောင်း တစ်ခုက ဇရပ်လားမသိပါဘူး၊ အဲဒီမှာနေလို့လိုက်သွားတော့ လား လား ဘုန်းကြီးတွေကို စာချနေလို့ ထိုင်စောင့်နေရသေးတယ်။ ကျွန်တော်က 'ဘယ်လိုလဲ ဒီလို ဆိုပြန်တော့ ကာဝိယဝါစီကြီး ဘုန်းကြီးကို စာချနေပြန်ပလား'လို့ မေးလိုက်တော့ ရယ်နေ ပြန်တာပဲ။ သူက ဗဟုသုတမှာတော့ အတော်ကို နှံ့စပ်ပြီး အမှတ်အသား ကောင်းတယ်။ စာထဲပေထဲမှာမပါတဲ့ တိုလီမိုလီတွေကို သိလွန်းလို့ ကျွန်တော်က သူ့ကို 'ဆရာက တကယ့်ကို ဇရုတ်သုက္ခပညာရှိပဲ' လို့ဆိုတော့ သူက ရယ်တယ်။

ဝါ - ဦးအောင်သင်း ပြောတာဟုတ်တယ်။ သူကတကယ့်ကို ဇရုတ် သုက္ခလူစား။ လုပ်ချင်တာ လျှောက်လုပ်တာ။ သူလဲ အိန္ဒိယမှာ အတော်ကြာ ကြီးကို နေခဲ့တာပဲ။ ဒါပေမယ့် ဘာကိုမှ သတ်သတ်မှတ်မှတ် လေ့လာတာ မဟုတ်ဘူး။ ကျွန်တော့်လိုပါပဲ။ စောစောက ကျွန်တော် ပြောခဲ့သလိုမသိတဲ့ လူဆိုရင် ပျက်စီးနေကြတယ်လို့ ပြောကြမှာပဲ။ ဒါပေမယ့် ကျွန်တော်တို့က လေ့လာနေတာကတော့ ဘယ်တော့မှကို မပြတ်ခဲ့တာ။

သင်း - ဒဂုန်ဦးထွန်းမြင့်ကျတော့ကော။

ဝါ - သူကတော့ တကယ့်ကို သပ်သပ်ရပ်ရပ် ပညာရှိလို့ကို ပြောရမှာ ပါ။

သင်း - သူက ရန်ကုန်တက္ကသိုလ် ဘာသာပြန်ဌာနကို ရောက်သွားလိုက် သေးတာကိုး။ အဲဒီမှာ မြန်မာစာလုံးပေါင်း အဘိဓာန်ကိုလဲ စပြီး ပြုစုနေ တော့ အဲဒီမှာ 'ပါဠိသက် ဝေါဟာရအဘိဓာန်' စာအုပ်ကြီး ထွက်လာ တော့တာပဲ။ ကျွန်တော်တို့လို မြန်မာစာသမားတွေရဲ့ အားကိုးရာကြီးပါပဲ။ အဲဒီစာအုပ် နိဒါန်းမှာ ဆရာတို့နှစ်ယောက်ရဲ့ အကူအညီကိုယူရကြောင်းနဲ့





ကျေးဇူးတင်ကြောင်းရေးထားတော့ ကျွန်တော်က ဆရာတို့ နှစ်ယောက်ဟာ သူ့တပည့်တွေဆိုတာကို သိထားနေပြီကိုး၊ သြော် ဆရာက သူ့တပည့်တွေကို အသိအမှတ်ပြု ကျေးဇူးတင်ရှာတယ်ဆိုပြီး ကြည်နူးလွန်းလို့ ဆောင်းပါးလေး တစ်စောင်တောင် ရေးလိုက်မိသေးတယ်။

ဝါ - ဟုတ်ပါတယ်။ ဒါပေမယ့် သိပ်အများကြီး မဟုတ်ပါဘူး။ သက္ကတ နဲ့ ဟင်ဒီစကားလေး နည်းနည်းလောက်ပါ။

သင်း - အဘယာရာမ ဆရာတော်ကြီးကတော့ သက္ကတဘာသာကို. . . .

ဝါ - ဟာ. . . ဆရာတော်ကြီးကတော့ သူမတူအောင်တတ်တာ။ ဒီနေရာမှာ ပြောလိုက်ရဦးမယ်။ ဆရာတော်ကြီးက အင်္ဂလိပ်လိုလဲ မတတ် ဘူး။ ဟင်ဒီလိုလဲ မတတ်ဘူး။ သူလဲအိန္ဒိယကို သွားခဲ့သေးတာပဲ။ သက္ကတကို တတ်ချင်လို့ကို သွားခဲ့တာ။ ဆရာတော်ကြီး အတ္ထုပ္ပတ္တိ တစ်ချို့ရေးတာမှာ မှားနေတာလေးရှိတယ်။ အိန္ဒိယပြည် ဟာရာဏသီတက္ကသိုလ်မှာ သက္ကတကို သင်ခဲ့တယ်လို့ ရေးထားကြတယ်။ အဲဒါ မှားနေတယ်။ ဆရာတော်ကြီးသွား ခဲ့တဲ့အချိန်က ဗာရာဏသီတက္ကသိုလ်ကို မရှိသေးဘူး။

သင်း - ဒါဖြင့် ဘယ်မှာ သင်ယူခဲ့တာလဲ။

ဝါ - ဟိုမှာ သက္ကတကို အလွန်လေ့လာတဲ့ ပဏ္ဍိတ်ကြီးတွေရှိတယ်။ သူတို့ဆီမှာ သင်ယူခဲ့ရတာ။

သင်း - ဘာပဲပြောပြော အဲဒီလိုဆရာတော်ကြီးမျိုးတွေဟာလဲ အလွန် ချီးကျူးစရာပဲ။ အတော်ကြီးကို ပင်ပင်ပန်းပန်း ပညာရှာခဲ့ကြတာပဲ။ အဘယာရာမ ဆရာတော်ကြီးဟာ သက္ကတဘာသာတတ်တယ် ဆိုတာ လောက်တော့ ကျွန်တော်တို့လဲ သိတာပေါ့လေ။ ဒါပေမယ့် ဆရာပြော လိုက်တော့မှ ဘယ်လောက်အထိ ကျွမ်းတယ်ဆိုတာကို မှန်းကြည့်နိုင် တာပါ။ ဆရာဦးဆန်းထွန်းလဲ သက္ကတတတ်တယ်နော်။

ဝါ - ဟာ . . . တတ်တာပေါ့။ ဒါပေမယ့် ဦးအောင်သင်းရေ၊ ဦးဆန်းထွန်းက သူတတ်သလောက်ကို လူတွေမသိကြဘူး။ သူက စာရေး တဲ့ဘက်မှာ အတော်လေးနည်းသွားတယ်။ သူ့လက်ရာ ဘာမှသိပ် မကျန်ခဲ့ဘူး။

သင်း - ဟုတ်တယ်နော်။ 'ဓောလ်ဂါမှ ဂင်္ဂါသို့' 'ဗုဒ္ဓအဘိဓမ္မာ' အဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး 'ကဝိလက္ခဏာ ဝိသောဒနီ ' ဒါလောက်ပဲ လုပ်နိုင်ခဲ့တယ်။ အဲဒါက ကျောင်းဆရာ ဖြစ်သွားတာလဲပါမယ် ထင်တယ်။ စာသင်တာရယ်၊ ဟိုကိစ္စ ဒီကိစ္စ တိုလီမိုလီ တာဝန်တွေရယ်နဲ့ အချိန်ကုန်သွားတာလဲ ပါမယ်ထင်တယ်ဆရာ။

ပါ - ဦးအောင်သင်းပြောတာလဲ ဖြစ်နိုင်တယ်။

သင်း - ဆရာလဲ တက္ကသိုလ်မှာ ဆရာသွားဖြစ်လိုက်ရင် ဘယ်နည်းနဲ့မှ ဒီလောက် ရေးနိုင်မယ် မဟုတ်ဘူး။

ပါ - ဒါ့တော့အမှန်ပဲ။ စောစောက ကျွန်တော်ပြောခဲ့ပကော။ ကျွန်တော်လဲ ဝန်ထမ်းသွားပြီး လုပ်လိုက်မိသေးတာပဲ။ နောက်တော့ ထွက်လိုက်ပြီး စာပေလောကထဲ ခြေစုံပစ်ဝင်လိုက်တော့တာပဲ။

သင်း - အဲဒါကြောင့်လဲ ကျွန်တော်က ဆရာ့ကို တရိုတသေ အင်တာဗျူး နေရတာပေါ့ဆရာရဲ့။ ဘာပဲပြောပြောပေါ့လေ ဆရာတို့ ဆရာတပည့်သုံးယောက်ဟာ ကိုယ့်နည်းနဲ့ကိုယ် ပေါက်မြောက်ကြတာဟာ ဝမ်းသာအားကျစရာပါပဲ။ သန္တိသနေ့က ကိုရင်ပေါက်စလေး ကိုရင်ပါရဂူဘဝ ကစလာခဲ့လိုက်တာ နောက်ကိုပြန်ပြီး လှမ်းကြည့်လိုက်တော့ တစ်မျှော်တစ်ခေါ်ကြီးပဲနော်။ ရှေ့လည်း တစ်မျှော်တစ်ခေါ်ကြီးနေပြီး ကျွန်တော်တို့အတွက် စာတွေရေးပါဦးဆရာ။ အခုလို ကျွန်တော် မေးခဲ့တာတွေကို စိတ်ရှည်လက်ရှည် ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာ။

ပါ - ကျွန်တော်ကလဲ ကျေးဇူးတင်တယ် ဆရာရေ။ ကျွန်တော့် အတ္ထုပ္ပတ္တိကိုရေးစမ်းပါဆိုရင် ကျွန်တော်ရေးဖြစ်မယ် မထင်ဘူး။ အခုဆရာ မေးတာတွေကို ဖြေလိုက်တာ အတ္ထုပ္ပတ္တိ အကျဉ်းလောက်ကို ဖြစ်သွားတာပဲ။ အကျဉ်းလို့သာ ပြောလိုက်ရတာပါလေ၊ တကယ်ဆိုတော့ အရေးကြီးတာတွေ အားလုံးပါသွားတာပါပဲ။ ဒါကြောင့် ကျွန်တော်ကတောင် ဆရာ့ကို ကျေးဇူးတင်ရဦးမှာ ဆရာရေ။

သင်း - ဝမ်းသာပါတယ်ဆရာ။ ဒါထက် ဆရာရေ ဟို 'လဟာရက်' ဆိုတဲ့ ရွာကလေးကို ဆရာ ပြန်ပြီးရောက် သေးသလား။

ပါ - ဆရာကမေးလာမှ ပြောလိုက်ရဦးမယ်။ သူတို့က ကျွန်တော့်ကို ဖိတ်တယ်။ ဂုဏ်ပြုချင်လို့တဲ့။ ကျွန်တော်က ခင်ဗျားတို့က





ဂုဏ်ပြုရမှာ မဟုတ်ဘူး။ ကျွန်တော်က ဂုဏ်ပြုကျေးဇူးဆပ်ရမှာ။ ခင်ဗျားတို့က အလွန် နွမ်းပါးတဲ့ ကြားထဲက မငြိုမငြင် ထောက်ပံ့ခဲ့ကြလို့ ဒီနေ့ပါရဂူဆိုတာ ဖြစ်လာရတာပါ။ ဒါကြောင့် ခင်ဗျားတို့ ရွာမှာ မူလတန်းကျောင်းလေး ဆောက်ပြီး လှူပါရစေလို့ ပြောခဲ့ပါတယ်။

သင်း - သာဓုပါ ဆရာရယ်၊ သာဓုပါ။ တကယ့်ကို လှိုက်လှက်လှဲလှဲ သာဓု ခေါ်ပါတယ်။ ကြည်နူးလွမ်းမောစရာ ကောင်းလိုက်လေ ဆရာရယ်။


*

စာဖတ်သူများတော့ဖြင့်မသိ၊ ကျွန်တော့်မှာ ရှင်တေဇောသာရ၊ ရှင်ဉာဏိဿရ၊ ရှင်ပါရဂူ တို့ ဆရာတပည့် သုံးဦးတို့၏ စက်ဝန်းကလေးကို လွမ်းမှုဒီတာဖြစ်နေမိသည်။ ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ပညာရေးအားပေးမှုကိုလည်း ပိုလို့ချစ်လာမိသည်။ သာမဏေငယ်တစ်ပါး စာတော်သည်ဟုကြားလိုက်လျှင် ရဟန်းဒါယကာ ပြုချင်သူတွေက အလုအယက်ဖြစ်နေတော့သည်။ ထိုရဟန်းကလေး၏ ပစ္စည်းလေးပါး မငြိုငြင်ရအောင် ထောက်ပံ့သည်။ ပညာသင်ချင်ပါသည်၊ မြို့ကြီးပြကြီးတက်ချင်ပါသည်ဟု ဆိုလျှင်လည်း တတ်အားသမျှ ထောက်ပံ့ ကြပြန်သည်။ ထိုရဟန်းတော် လူထွက်သွားပြန်လျှင်လည်း စိတ်မကောင်းဖြစ်စေဦးတော့ ငြိုငြင်ခြင်းမဖြစ်။ ဤနည်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ပညာရှိတွေ ပေါ်ပေါက်လာခဲ့သည်။

ယခုတော့ဖြင့် သန္တိသနေ့ ဆိုသောရွာကလေးကိုလည်း ကျေးဇူးတင်သည်။ လဟာရက်ဆိုသော ရွာကလေးကိုလည်း ကျေးဇူးတင်သည်။ ထိုရွာကလေးများကြောင့် ကျွန်တော်တို့ စာပေလောကအတွက် ဒဂုန် ဦးထွန်းမြင့်ကို ရလိုက်သည်။ ဆရာဦးဆန်းထွန်းကိုရလိုက်သည်၊ ဆရာပါရဂူကို ရလိုက်သည် မဟုတ်ပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထင်

နိုင်ငံခြားစာရေးဆရာကို ထူးတောင်းတော့

သခင်နုပါတယ်၊ ကျွန်တော်ပါတယ်၊ ကိုတော်ကြီးပါတယ်

သခင်ဘတိုင်းပါတယ်၊ ကိုမြို့မင်းပါတယ်

ကိုခင်မောင်လတ်ပါတယ်၊ ဆင်မျိုးရှုပါတယ်။

ဒီတွေ့ကို ကျွန်တော်စေရာလည်း

မစေခဲ့ပါသေးတယ်။ ဆိုတော့ နိုင်ငံခြားစာရေးဆရာ

ဆရာတို့လုပ်နေတုန်းမှာ၊

ဦးနုက နိုင်ငံခြားစာရေးဆရာကို ထူးတောင်းပြန်တယ်။

ဒီတော့လူလာ ကျွန်တော့်ကို အသင်းထောက်-နိုင်ငံခြားစာရေးဆရာ

လေ့လာမျိုးရှိပါလေလေရော။

## "ဘော"ဖန်တီးရှင် မောင်ထင်နှင့် တွေ့ဆုံခြင်း

စာရေးဆရာကြီး 'မောင်ထင်'ကို ကျွန်တော်က အထူးမိတ်ဆက်ပေး နေစရာ မလိုတော့ပြီ။ သက်ရှိ 'ဂန္ထဝင်ကြီး' ဟုခေါ်ရမည့် ဆရာကြီး တစ်ယောက် ဖြစ်သည်။ စင်စစ်အားဖြင့် ကျွန်တော်က 'တွေ့ဆုံခန်း' လုပ်နေစရာ မလို လောက်အောင်လည်း ပရိသတ်အားလုံးက သူ့ကိုသိနေကြပြီး ဖြစ်သည်။ မလိုအပ်လောက်အောင် အားလုံးကသိနေကြပြီးဖြစ်ပါလျက် 'ဘာကြောင့် လျှာရှည်ပြီး သွားတွေ့နေရတာလဲ'ဟု မေးစရာအကြောင်း ရှိပါသည်။ ကျွန်တော်ကိုယ်တိုင်က သက်သက်ကို တွေ့ချင်လို့သွားခဲ့သည့် 'တွေ့ဆုံခန်း' ဖြစ်သည်ဟုပဲ ဖြေရပါတော့မည်။

စာတည်းချုပ် မောင်ရဲမြင့်ကို တယ်လီဖုန်းနှင့် ကြိုတင်ချိန်းထား ရန်၊ ကိုယ်တိုင်သွားရောက်ပြီး ရက်ချိန်းရော အချိန်ပါ တိတိကျကျ လုပ်ထား ရန် မှာထားလိုက်သည်။ မောင်ရဲမြင့်ကလည်းကလည်း သေချာစီစဉ် ဆောင် ရွက်ထားပါသည်။ မောင်ရဲမြင့်ပြန်လာတော့ "ဆရာရေ့-တွေ့ဆုံဖို့ လတ်ခံ လိုက်ပါတယ်။ ဆရာကြီးက ပြောလိုက်တယ် . . . ဆရာရေ-'အေး-ငါကလဲ ကိုအောင်သင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ သူ့ကို ပြောချင်နေ တာတွေ၊ ဘိုင်ချင်တောချင်တာတွေ တစ်ပုံကြီးဖြစ်နေလို့ တွေ့ကို တွေ့ချင်နေတာ' လို့တော့ ပြောလိုက်တာပဲ ဆရာရေ" တဲ့။

ကျွန်တော်က "အေး- မင်းပြောတာနဲ့ ငါတောင်တွေ့ရမှာ ခပ်လန့် လန့်ပဲကွ" ဟု ပြောလိုက်မိသည်။

*

လောကသရုပ်ဖော်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ၁-၁၂-၉၉ နေ့ နံနက်ခင်းတွင် ကျွန်တော်တို့ ဆရာနေထိုင်ရာ အင်းစိန် မြို့သစ်ဘက်သို့ ထွက်လာခဲ့ကြသည်။ မောင်ရဲမြင့်က "ဆရာရေ အင်တာဗျူးက ကြာမယ်ထင်တယ်၊ ဗိုက်ကလေးတင်းလောက်အောင် ဖြည့်ထားလိုက်ရင် ကောင်းမယ်ထင်တယ်"တဲ့။ ကျွန်တော်က "ကြာမှာတော့ သေချာတယ် မောင်ရင်ရေ့"ဟုပြောပြီး နီးရာဆိုင်တွင် အတော်လေး ဗိုက်တင်းသွားလောက်အောင် စားလိုက်ကြရသေးသည်။ ဆရာနှင့် ချိန်းထားသည်က မနက် ၈ နာရီ။ ရောက်သွားတော့ ၈ နာရီ ခွဲခါနီးပြီ။ သည်တော့ ဆရာ့သမီး ကျွန်တော့် တပည့်မကစပြီး ရန်ထောင်ပါတော့သည်။ "ဆရာ တို့က ရှစ်နာရီလာမယ်ဆိုပြီးတော့ . . . " တဲ့။

အသားအရေ တင်းတင်းရင်းရင်း၊ ကျန်းကျန်းမာမာ၊ ရွှင်လန်း သွက်လက်နေသော ဆရာ့ကို တွေ့လိုက်ရသည်ကပင် ပျော်စရာကြီး ဖြစ်နေ ပါသည်။ သို့နှင့် ပဏာမရယ်စရာမောစရာတွေ တသောသောကို ပြောကြ ရယ်ကြပြီးနောက် ကျွန်တော်တို့လည်း ကက်ဆက်တွေဘာတွေ ပြင်ဆင်ပြီး ကျွန်တော်က စပြီးမေးပါတော့သည်။

**သင်း** - ဆရာ့ နာမည်ရင်းက ဦးထင်ဖတ်နော်။

**ထင်** - ဟုတ်တယ်။

**သင်း** - ဆရာက တရုတ်သွေးပါတယ်နော်။

**ထင်** - ဟုတ်တယ်၊ ကျုပ်အဖေက တရုတ်အစစ်ပဲ။

**သင်း** - ဒီတော့ ဆရာက တရုတ်လိုလဲ တတ်တာပေါ့နော်။

**ထင်** - 'တောက်'အမယ်လေး မေးမှမေးရက်ပလေ ကိုအောင်သင်းရယ်။

**သင်း** - အင်း-တတ်တာပေါ့နော်။

**ထင်** - တစ်လုံးမှကို မတတ်ပါဘူး၊ ဘုရားပေးပေး ကျမ်းပေးပေးပါ။

(ကျွန်တော်တို့အားလုံး ဘယ်သူမှ ဣန္ဒြေမဆောင်နိုင်ကြတော့ပါ။ ဆရာ့လေသံနှင့် ဆရာ့ဟန်ပန်ကို ကြည့်ပြီး တဝါးဝါး ရယ်လိုက်မိကြ ပါသည်။ ရယ်ပင်ရယ်လိုက်ရသော်လည်း နည်းနည်းအံ့အားသင့်သလိုလို ရှိသောကြောင့် ဆက်ပြီး မေးမည်အပြုတွင် . . . ဆရာက သူ့သမီးထံသို့ လှမ်း၍ - 'သမီးရေ ညည်းဆရာက ငါ့ကို မစ္စတာလုစ် မေးတဲ့အတိုင်းကို မေးနေပြီဟဲ့။'





**သင်း** - ဒီလိုပါဆရာ ကျွန်တော်မေးလိုက်မိတာက ပြောင်းသွားတဲ့ ဗြိတိသျှ သံအမတ်ကြီး မစ္စတာဖဲင်းနိ်က ပြောဖူးပါတယ်။ မြန်မာပြည်က တရုတ်တွေ ကို အံ့ဩမိတယ်တဲ့။ တရုတ်တွေဟာ ဘယ်တိုင်းပြည်ကိုပဲ ရောက်ရောက် တရုတ်ပဲ ဖြစ်နေတာပဲတဲ့။ သူတို့အင်္ဂလန်မှာလဲ တရုတ်ဟာ ဘယ်တော့မှ အင်္ဂလိပ် ဖြစ်မလာဘူး။ လန်ဒန်က ချိုင်းနားတောင်း တရုတ်တန်းမှာဆိုရင် အင်္ဂလိပ်လို တစ်လုံးမှမတတ်တဲ့ တရုတ်တွေတောင် ရှိဆိုပဲ။ သူက ကျွန်တော့်ကို အဲဒီက တရုတ်တန်းဓာတ်ပုံကို ထုတ်ပြတယ်။ ဟုတ်ပ့ါ ဆရာ၊ တယ်လီဖုန်းရုံကလေးကိုတောင် အမိုးကော့ကော့ကလေးနဲ့ တရုတ်ပုံစံ အတိုင်း လုပ်ထားတယ်။ အဲ . . . မြန်မာပြည်မှာတော့ တရုတ်တွေက မြန်မာ ဖြစ်ကုန်ကြတာ အံ့ဩတယ်တဲ့။ ကျွန်တော်က ဒါကြောင့် ဆရာ့ကို တရုတ် လို တတ်သေးလားလို့ မေးလိုက်မိတာပါ။

**ထင်** - ကျုပ်ကလဲ ကိုအောင်သင်း မေးလာလို့ ပြောလိုက်ရဦးမယ်။ ကျုပ် ကျောင်းသားနာမည်က 'အယ်လ်ထင်ဖတ်' လေ။ တရုတ်နာမည်။ ဒီတော့ မစ္စတာလုစ်က အထင်တကြီးနဲ့ ကျုပ်ကို ခေါ်ပြီး 'ငါ့ကွာ ဒီတရုတ်စာ လေးကို ဖတ်လို့မရ ဖြစ်နေတယ်၊ ဘာလဲကွ ဖတ်ပြစမ်းပါဦး' ဆိုတော့ ကျုပ်က 'ကျွန်တော် တရုတ်လို မတတ်ဘူးဆရာကြီး'လို့ ပြောလိုက်တော့ သူကကျုပ်ကို စိတ်ပျက်လက်ပျက်ကြီး ရန်သူကိုကြည့်သလို ကြည့်နေတာကို သွားပြီး သတိရမိတယ်။ အဲဒါနဲ့ မြစ်ကြီးနားက သူငယ်ချင်း တရုတ်တစ် ယောက်ကို ခေါ်သွားပြီး 'သူက တရုတ်လိုကောင်းကောင်း တတ်ပါတယ် ဆရာကြီး'လို့ သူ့ကျေနပ်အောင် မိတ်ဆက်ပေးလိုက်ရသေးတယ်။

**သင်း** - နည်းပါးပါးတောင် မတတ်ဘူးဆိုတော့ ဘယ်လိုဖြစ်တာလဲ ဆရာရယ်။

**ထင်** - အဲဒီလို ဖြစ်သွားတာပဲ ကိုအောင်သင်းရေ . . . . (ဆရာ ကိုယ်တိုင်က သူ့အဖြေကို သူ့ဘာသာသူ သဘောကျနေဟန်သည်အထိ ရယ်နေလိုက် ပါသေးသည်။ ပြီးမှ ဆက်၍ . . . )

ဒီလိုဗျ . . .

(ဆရာ'မောင်ထင်'နှင့် တွေ့ဆုံခန်းကို ပြန်ရေးရလျှင် အခြားသူများ နှင့် တွေ့ဆုံသလို သာမန်အမေးအဖြေတွေကို ရေးသွားရုံနှင့် ပြည့်စုံနိုင်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ပုံစံတစ်မျိုးပြောင်းပြီး ရေးရပါလိမ့်မည်။ ထိုအချိန်က နံနက်ခပ်စောစောပိုင်းမို့ ဆရာက ချင်းစောင်လွှာချင်းကလေးကို ကိုယ်မှာခြုံထားသည်။ မောင်ရဲမြင့်က ဓာတ်ပုံရိုက်မည်ဟု ကင်မရာချိန်လိုက်တော့ ဆရာက "နေဦး နေဦး ဒီစောင်ကြီးနဲ့ ဖြစ်ပါ့မလား၊ တခြားကြောင့် မဟုတ်ပါဘူး၊ သူများတွေ ဒီဖက်ရှင်ကို အတုခိုးသွားမှာ စိုးလို့ပါ" ဆရာထင်က အမူအရာပါ လုပ်ပြလိုက်သောကြောင့် ကျွန်တော်တို့မှာ ရယ်လိုက်ကြရပါသေးသည်။ ပြီးမှ ဆက်၍ "ကြည့်လဲ လုပ်ကြပါ ကိုရင်တို့ရာ၊ ဓာတ်ပုံထဲမှာ လူမမာရုပ်ပေါက်နေပါဦးမယ်")

**ထင်** - ကိုအောင်သင်း သိချင်တာကို ကျုပ်ဆက်ပြောဦးမယ်။ ကျုပ် ကငယ်ငယ်လေး ချာတိတ်ဘဝကတောင် တရုတ်တွေရဲ့ဆရာဗျ။ ဒီလို. . . ဒီလို။ ကျုပ်အဖွားကတော့ ကျုပ်ကို တရုတ်လို နည်းနည်းပါးပါး တတ်စေချင်တယ်။ ကျုပ်အဖေကလဲ နည်းနည်းတော့ တတ်စေချင်တယ်။ ဒါပေမယ့် သူကပြောတော့ မပြောဘူးဗျ။ သူကလဲ အိမ်မှာ တရုတ်လို မပြောဘူး၊ ပြောလဲ နားမလည်ကြဘူးလေ။ သူကလဲ မစ္စတာမောင်မှိုင်းနဲ့ ကြီးလာရတဲ့လူ မဟုတ်လား။

**သင်း** - မစ္စတာမောင်မှိုင်း. . . ဟုတ်လားဆရာ။

**ထင်** - ဟုတ်ပ၊ ကိုအောင်သင်းရေ။ ဒီလို. . . သူက တရုတ်ကပြားဆိုတော့ တရုတ်လိုလဲ တတ်တယ်။ တရုတ်စာကိုတော့ မတတ်ဘူး။ မြန်မာလိုတော့ ရေးလဲရေးတတ်တယ်။ တကယ်ဆိုတော့ သူက စာပေသမားဗျ။ စာရေးဆရာ ဖြစ်မလာတာတစ်ခုပဲ။ တောရွာလေးတွေမှာ အဲဒီခေတ်က စာပေလိုက်စားသူ ဘယ်ရှိမလဲ။ သူက သူရိယတို့လို စာစောင်တွေကို မှာဖတ်တယ်၊ အဲဒီမှာ မစ္စတာမောင်မှိုင်းရဲ့ ဆောင်းပါးတွေ လေးချိုးတွေ ပါလာရင် 'ဟဲ့. . . ဟဲ့. . သွားစမ်း၊ ဦးချိုကို သွားခေါ်စမ်း၊ ဟို . . . ကိုမောင်လေးကိုပါ ခေါ်ခဲ့' ဆိုပြီး အဲဒီအဖိုးကြီးတွေ ရောက်လာတော့ သူက ဖတ်ပြ၊ ဘာသာ ပြန်ပြပေါ့၊ အမယ် ဟို အဖိုးကြီးတွေကလဲ သဘောတွေကျလို့။ ဒါတွေကို ဖတ်နိုင်တာကလဲ သူက ဘုန်းကြီးကျောင်းမှာ စာသင်ခဲ့ရတာကိုး။ ကျုပ် အဖေ (အဲ. . . ကျုပ်တို့ 'အတယ်'လို့ပဲ ခေါ်တာပေါ့လေ) အတယ်သာ မဟုတ်ဘူး၊ အစ်မ (ကျုပ်တို့ အမေကို 'အစ်မ'လို့ ခေါ်ကြတယ်)





အဲ . . . အစ်မကလဲ ဘုန်းကြီးကျောင်းမှာပဲ စာသင်ခဲ့ရတာပဲ။ နောက်မှ အစ်မက ပြောပြလို့သိရတော့ ကျုပ်မှာ အံ့သြခဲ့ရသေးတယ်။ အဲဒါ တက္ကသိုလ်ရောက်တော့မှကို သိရတာ။

ကျုပ်အဖေက ကျုပ်ကို ကျောင်းထားပေးတာက သံကြိုးစာလေး ရေးတတ် ဖတ်တတ်အောင်၊ သူ့လိုပဲ လယ်ယာချောင်းမြောင်း စသည် အားဖြင့် စာရင်းဇယားလေး လုပ်တတ်ကိုင်တတ်ရှိအောင်၊ စီမံခန့်ခွဲတတ် အောင်လောက်သာ ရည်မှန်းတာ၊ ကျုပ်က သူမှန်းတာထက် လွန်လွန် သွားတယ်။ ကျုပ်လွန်သွားတာကို ကျုပ်အဖေက မသိဘူး။ အဲ . . . သိတာ က ကျုပ်ဆရာ ဦးကံကြီးပဲသိတာ။ ဦးကံကြီးဆိုတာက အင်္ဂလိပ်စာကိုလဲ တော်တော်လေးကို တတ်တယ်။ သူက အဲဒီခေတ်က နာမည်ကြီး စိန့်ပေါ ကျောင်းထွက်။ သူက မြောင်းမြမှာ ကျောင်းဖွင့်တော့။ သူက သုံးတန်းမှာ သင်တယ်။ အဲဒီတုန်းက သုံးတန်းလောက်ကိုပေမယ့် တကယ်တတ်တဲ့လူမှ သင်ခွင့်ရတာ။ မင်း လေးတန်းအောင်တယ် သုံးတန်းသင်ကွာ ဆိုတာမျိုး လုပ်လို့ရတာ မဟုတ်ဘူး။ သူက သင်ပေးတယ်။ ဒါပေမယ့် တစ်နှစ်ပဲ သင်လိုက် ရပါတယ်။ ၁၉၁၉ မှာ မြောင်းမြကျောင်းကို ရောက်သွားတယ်။ ၁၉၂၀ ကျတော့ အမျိုးသားသပိတ်ကြီး ဖြစ်ပါလေရော။ ဒီတုန်းကတော့ 'ဘွိုင်းကော့'လို့ ခေါ်ကြတာပေါ့လေ။ ဆရာဦးကံကြီးကလဲ ကျုပ်ကို "ဟော့ ကောင် . . . မင်း ငါ့ကို အားနာမနေနဲ့ 'ကော့ သာကော့' " တဲ့။

(ကျွန်တော်တို့ အားလုံးရယ်လိုက်မိကြပြန်ပါသည်။)

အဲ . . . ပြောရဦးမယ်။ ကျုပ်ဦးလေးတစ်ယောက်က ပုလိပ်။ ပုလိပ်ရုံးက စာရေးကြီး။ ပုလိပ်ပေမယ့် သူကလဲ "ဟဲ့ကောင်လေး - မင်းတို့ ငါ့ မျက်နှာကို ထောက်မနေနဲ့၊ ကိုယ်လုပ်စရာရှိတာလုပ်ကြ"တဲ့။ တစ်နိုင်ငံလုံးမှာ ကိုလိုနီဆန့်ကျင်တဲ့စိတ်ဓာတ်က ကြီးမားနေတာကိုး။

ဒီလို သပိတ်မှောက်ပြီး ကျောင်းမတက်ရတဲ့ အချိန်မှာ - အဲ. . . အဲ . . . ပြောရဦးမယ်။ ကျုပ်အဖွားက ဟိုရွာ ဒီရွာမှာ ဆိုင်ခွဲလေးတွေ ရှိတယ်။ အဲဒီမှာရှိတဲ့ ပေါက်ဖော်တွေက ဘယ်လိုပေါက်ဖော်တွေလဲဆိုတော့ မြန်မာပြည်ကို ရောက်လာစတွေ။ မြန်မာလိုကို မတတ်ကြဘူး။ ဒါနဲ့ အဖွား က ကျုပ်ကို သူတို့ဆီပို့ထားလိုက်တယ်။ တရုတ်လို တတ်အောင်ပေါ့။ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



တရုတ်တွေကလဲ ကျုပ်ကို မေးတာပေါ့။ ဒါ . . ဘာခေါ်လဲ၊ ကျုပ်က အဲဒါ မီးချောင်း၊ ဒါက ပန်းကန်၊ ဒါက ကရား စသည်ဖြင့်ပေါ့။ သူတို့ကသာ အဲဒီလို မေးနေတာ၊ ကျုပ်ကတော့ သူတို့ကို တရုတ်လို ဘာခေါ်သလဲဆိုတာ တစ်လုံးမှကို မမေးခဲ့မိဘူး။ အဲဒီလို တရုတ်တွေရဲ့ ဆရာလုပ်လိုက်တာ ဟို တရုတ်တွေက မြန်မာလို အကုန်တတ်ပြီး ကျုပ်က တရုတ်လို တစ်လုံးမှ မတတ်ခဲ့ဘူး။ ပြန်လာတော့ အိမ်ပေါ် လှမ်းတက်တက်ချင်း အမေက ကျုပ်ကို တရုတ်လို လှမ်းနှုတ်ဆက်တယ်။ ကျုပ်က ဘာမှပြန်မပြောဘူး။ ဘာပြောမှန်းမှ မသိတော့။ ဒီတော့ အမေက 'ဟဲ့ကောင်လေး နင် ငါပြောတာ မကြားဘူးလား'တဲ့။ ကျုပ်က 'ကြားသားပဲ . . . ဘာပြောမှန်းမှမသိပဲ' လို့ ပြန်ပြောလိုက်တယ်။ 'နင် . . . တရုတ်လို မတတ်ခဲ့ဘူးလား'တဲ့၊ ကျုပ်က 'တစ်လုံးမှကို မတတ်ခဲ့ဘူး၊ မယုံရင်မေးကြည့်'လို့ ပြောလိုက်တယ်။

(ကျွန်တော်တို့ အားလုံး ဆရာ ပြောပုံကိုသဘောကျသဖြင့် တဟားဟား ရယ်လိုက်မိကြပါသည်။)

**ထင်** - ဒါနဲ့ပဲ သူတို့လဲ လက်မြှောက်သွားတယ်။ နောက်တော့ တရုတ်လို သင်ဖို့ မပြောတော့ဘူး။ နေရှင်နယ်ကျောင်းမှာ ကျောင်းတက်နေ ပြန်တော့လဲ ကျုပ်အဖေက တရုတ်ပြည်ကို ပို့မယ်လို့ လာခေါ်သေးတယ်။ ကျုပ်က "ဟာ . . . နက်ဖန်သဘက်ပဲ စာမေးပွဲစစ်တော့မှာ ဘယ်လိုက်လို့ ဖြစ်မလဲ" လို့ စာမေးပွဲကို အကြောင်းပြပြီး လိုက်မသွားဘူး။ အဲ . . . ကျုပ်ညီ . . . ဂျပန်အသတ်ခံရတဲ့ . . .။

**သင်း** - ဟို . . . 'ထ သောသူ ထိုင်ရမည်' ဆိုတဲ့ ဆောင်းပါးထဲမှာ ဆရာ ရေးခဲ့တဲ့ ညီလား . . .။

**ထင်** - ဟုတ်တယ် . . . ဟုတ်တယ်၊ သူပေါ့။ သူကတော့ လိုက်သွားတယ်၊ သူက တရုတ်လို တတ်တယ်။ သူ့အောက်က ညီကတော့ တရုတ်လို ရေးလဲ ရေးတတ်တယ်၊ ကျုပ်ကသာ တရုတ်လို ဘာမှမတတ်တာ။ ဒီတော့ တရုတ်ဆိုင်တွေ ဘာတွေသွားပြီး စားကြသောက်ကြပြီဆိုရင်၊ ကျုပ်စားချင်တာကို သူတို့ကို အမှာခိုင်းလိုက်တော့ ကောင်းကောင်းစားရတာပေါ့ဗျာ။ စားသောက်ဆိုင်ဆိုတာက များသောအားဖြင့် အကျီတိုတရုတ်တွေ များတယ် မဟုတ်လား။ ကျုပ်တို့ပုံစံက မြန်မာလို အကျအနဝတ်ထားပြီး တရုတ်လို





သေချာပြောနေပြန်တော့ သူတို့ကလဲ အံ့အားသင့်နေကြသေးတယ်။

**သင်း** - ကျောင်းနေတော့ မြောင်းမြမှာ . . .

**ထင်** - ဟုတ်တယ်။ ကျုပ်တို့ လပွတ္တာက ရွာကလေးပဲ ရှိသေးတာ။ ဘယ်မှာကျောင်းရှိပါ့မလဲ။ စာသင်တော့ ဘုန်းကြီးကျောင်းမှာပဲ သင်ရတယ်။ ရှင်ပြုပြီး ကျောင်းနေတာပေါ့။ ကျုပ်အဖွားကလဲ တရုတ်ကို ယူထားပေမယ့် ဘာသာရေးကို အလွန်ကိုင်းရှိုင်းတယ်။ ဒါပေမယ့် အိမ်မှာ စီမံအုပ်ချုပ်ပုံကတော့ တရုတ်ပုံစံပဲ၊ လူကြီးမိဘသြဇာ၊ သားကြီးရဲ့ သြဇာဆိုတာမျိုးပေါ့။ ဒီလို . . . ဒီလို . . . အစပိုင်းကိုပြောလိုက်ဦးမယ်။ ကျုပ်အဖိုးက တရုတ်ပြည်က လာခဲ့တာ။ သူက လက်သမားခေါင်းဆောင်ပေါ့။ ဟို တစ်ဘက်ကမ်းမှာ သစ်စက်တွေ ဘာတွေတည်တော့ သူက ဦးဆောင်ပြီးတည်ပေးရတာ။ သူတို့က သူငယ်ချင်း နှစ်ယောက်လာကြတာ။ အဲဒီကရတဲ့ ငွေလေးကြေးလေးနဲ့ ရေကြည်ရာ မြက်နုရာဆိုတာမျိုး ရှာကြတော့ ကျုပ်အဖိုးက လပွတ္တာကို ရောက်လာတယ်။ သူ့ သူငယ်ချင်းကတော့ 'ကျောက်မော်'ဆိုတာ၊ လပွတ္တာနဲ့ ခုနစ်မိုင်လောက်ဝေးတယ်။ အဲဒီမှာ အခြေစိုက်တယ်။ ဒါပေမယ့် သူက တရုတ်ပြည်ကြီးကို ပြန်သွားတယ်။ ကျုပ်အဖိုးလဲ ကျုပ်လသားလောက်ကလေးမှာပဲ ပြန်သွားတော့ ကျုပ်အဖိုးကို ကျုပ်မသိလိုက်ဖူးဘူးပဲဆိုပါတော့။ ဒါပေမယ့် သူတို့က ခပ်ဆန်းဆန်းပဲဗျ။ တရုတ်ထုံးစံဖြစ်မှာပေါ့။ ကျုပ်အဖိုးက တရုတ်ပြည်ပြန်ရောက်တော့ ဟိုမှာ သူ့သားတွေအတွက် အိမ်တွေ ဆောက်ထားတယ်။ သူတို့က သားယောက်ျားကိုပဲ ဦးစားပေးတာ ကိုအောင်သင်းလဲ အသိသားပဲ။ ဒီတော့ ဥပမာ- မြန်မာပြည်မှာ သူ့သား ခြောက်ယောက်ရှိတယ်ဆိုပါတော့ ဟိုမှာ အိမ်ခြောက်လုံး ဆောက်ထားတာပဲ၊ မိသားစု တစ်စုတစ်ဝေးကြီးနေတဲ့ သဘောပေါ့။ ပြောရဦးမယ် - အဲဒီကို ကျုပ် ရောက်သွားဖူးသေးတယ်။

**သင်း** - ဟုတ်လား၊ ဆရာက အလည်သွားတာလား။

**ထင်** - မဟုတ်ဘူးဗျ၊ တရုတ်စာရေးဆရာကြီး 'လူရွှန်း' အထိမ်းအမှတ်ပွဲ လုပ်တဲ့အခါမှာ ဖိတ်လို့ ဒီကသွားကြရတာ။ ဟိုရောက်တော့ ကျုပ် တ "ကျုပ်ဟာ တရုတ်လူမျိုးပါ၊ ဒီမှာ 'ဖက်သန်း' ဆိုတဲ့ ဗုဒ္ဓဘာသာရွာလေး ရှိပါတယ်။ အဲဒီမှာ ကျုပ်ဆွေမျိုးတွေလဲ ရှိပါတယ်၊ လိုက်ပို့နိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့၊ သူတို့က သဘောတွေကျလို့ လိုက်ပို့ပေးကြတယ်။ အဲဒီမှာ ကျုပ်ဆွေတွေမျိုးတွေကို ပြန်တွေ့ခဲ့ရသေးတယ်။ ကျုပ်နှမကတော့ မြန်မာလို မှတ်နေတာပဲ။ အဲ - ကျန်တဲ့ တူတွေသားတွေကတော့ တစ်ချို့လဲ နည်းနည်း ပါးပါးတတ်ကြသေးရဲ့၊ တစ်ချို့တော့လဲ မတတ်ကြတော့ဘူး။

အမယ် . . . ပြောလိုက်ရဦးမယ်။ အဲဒီမှာ ကျုပ်စာမေးပွဲအောင် လက်မှတ်တွေ၊ ကျုပ်ဘွဲ့ယူတုန်းက ဓာတ်ပုံတွေ အားလုံးတွေ့ခဲ့ရသေးသဗျ။ သူတို့က တရိုတသေကို သိမ်းထားကြတာကိုး။ ကျုပ်မှာ ဘီအေအောင် လက်မှတ်ဆိုရင် မှိုကိုမရှိတော့ဘူး။

**သင်း** - ဟာ. . . ဒီလိုဆို အခုနေ ဆရာအလုပ်လျှောက်ချင်ရင် မလွယ် တော့ဘူးပေါ့။

(ဆရာက ရယ်ပါသည်။ ပြီးမှ. . . .)

**ထင်** - ကိုအောင်သင်းပြောလိုက်တာနဲ့ သတိရလာပြန်ပြီ။ ဟို. . . အရင်ခေတ်က ကိုစံမြင့်က အကူအညီတောင်းလို့ ပညာရေး. . . ။

**သင်း** - ပညာရေးတက္ကသိုလ်မှာ လုပ်သွားတဲ့ ဗိုလ်မှူးကြီး စံမြင့်ကို ပြောတာလား ဆရာ။

**ထင်** - ဟုတ်တယ်၊ သူပေါ့။ လုပ်တာက သူရယ် ကျွန်တော်ရယ်၊ နောက်တခြား လူနှစ်ယောက်သုံးယောက်ရယ် အင်္ဂလိပ်စာဖတ်တာ၊ ရေးတာ တွေကို သင်ပေးတဲ့ ကျောင်းကလေးတစ်ခုထောင်ဖို့ ကျူရှင်ခပ်ဆန်ဆန်ပေါ့။ အဲဒါကို စီစဉ်ကြတာပါ။ နောက်တော့လဲ မလုပ်ဖြစ်ပါဘူး။ အဲဒီမှာ သူ့စာရေးမလေးက ကျုပ်ကို ဘီအေ အောင်လက်မှတ် တင်ပြဖို့တောင်း တယ်။ ဒါနဲ့ ကျုပ်က ကိုစံမြင့်ကို ပြောပြပြီး "ကိုယ့်လူကြည့်လဲ လုပ်ပါဦး၊ ကျုပ်မှာ ဘီအေ အောင်လက်မှတ် မရှိတော့ဘူး၊ သူခိုးနောက်ပါသွားပြီ"လို့ ပြောတော့ ကိုစံမြင့်က 'ဒီကလေးမတွေကလဲ တယ်ခက်တာကိုး'လို့ ညည်းရှာ တယ်။

**သင်း** - တကယ် သူခိုးနောက်ပါသွားတာလား ဆရာ။

**ထင်** - ဟုတ်တယ်ဗျ၊ ကျုပ်က အလုပ်နဲ့ တောင်ကုတ်ကို သွားရ တော့ ကျုပ်ခယ်မအိမ်မှာ ထားပစ်ခဲ့တာ။ သူတို့က ကုန်စျေးတန်းသမား တွေလေ။ ဒီတော့ မြို့ထဲမှာပေါ့။ စစ်ဖြစ်လာတော့ သူတို့က ညောင်ဦးကို ရှောင်ကြ





တယ်။ အိမ်ကို သူခိုးကဖောက်တော့ သေတ္တာကြီးထဲမှာ ထည့်ထား တဲ့ မင်္ဂလာဆောင်တုန်းကပစ္စည်းတွေ၊ ကတ္တီပါစောင်ကြီးတွေရော၊ ကျုပ် ဘီအေ အောင်လက်မှတ်တွေရော အကုန်သယ်သွားတော့တာပေါ့။

**သင်း** - နေပါဦး ဆရာ။ ဆရာတို့ လပွတ္တာမှာ ဘယ်တော့မှ ကျောင်း ပေါ်လာသလဲ။

**ထင်** - ကျွန်တော် ဘီအေအောင်ပြီးတော့တောင် ကျောင်းမရှိသေးဘူး။

**သင်း** - ဟာ. . . ဟုတ်လားဆရာ။

**ထင်** - အဲဒါပေါ့ ကိုအောင်သင်းရဲ့။ အင်္ဂလိပ်အစိုးရက လပွတ္တာသူ့လက် အောက်ရောက်တာ ကြာကြာလှပြီ။ ကျောင်းဖွင့် မပေးခဲ့ဘူး။ ကျုပ် မြို့အုပ် အဖြစ်နဲ့ တောင်ကုတ်ကို ရောက်သွားတယ်။ တောင်ကုတ်ဟာ ကျုပ်တို့ လပွတ္တာအရင်အစောကြီးကတည်းက အင်္ဂလိပ်အောက် ရောက်တာနော်။ ဒါပေမယ့် အဲဒီမှာလဲ နော်မန်လို့လဲခေါ်တဲ့၊ တချို့ကလဲ နော်မယ် လို့ခေါ်တဲ့ မြန်မာစာသင် ခုနစ်တန်းကျောင်းလေးပဲ ရှိတယ်။

**သင်း** - ဆရာတို့ လပွတ္တာမှာတော့ ကျောင်းမရှိသေးဘူးပေါ့။

**ထင်** - လပွတ္တာမှာလား။ ကျောင်းရှိတယ်။ အဲဒါဟာလဲ အစိုးရက ထောင်ပေးတဲ့ ကျောင်းမဟုတ်ဘူးနော်။ ဒီလို. . . ကိုယ်ပိုင် ပရိုက်ဗိတ် ကျောင်းလေးတွေပေါ့။ တောင်ပိုင်းက တစ်ကျောင်းထောင်လိုက်၊ မြောက်ပိုင်း က တစ်ကျောင်းထောင်လိုက်ဆိုတာမျိုးပေါ့။ အဲဒီလိုနဲ့ ကျောင်းလေးတွေ ပေါ်လာတယ်၊ အင်္ဂလိပ်လိုလဲ သင်ပေးတယ်။ အဲဒီလိုနဲ့ နေလာရတာ၊ ကျွန်တော် မြို့အုပ်ဖြစ်ပြီး၊ တိုင်းပြည်ပျက်ပြီး ဖဆပလ ခေတ်ကိုရောက်လာ တော့မှ ကျွန်တော်က ပြောတယ်၊ လပွတ္တာမြို့ဟာ ၁၈၅၂ လောက်ကစပြီး အင်္ဂလိပ်အောက် ရောက်ခဲ့တယ်၊ အခု ကျွန်တော် ဘီအေသာအောင်လာ ရော ကျောင်းမရှိဘူးလို့၊ အရပ်ကလဲ မနေပါဘူး၊ ကျောင်းလေးဘာလေး ဖြစ်အောင်တော့ လုပ်ကြရှာပါတယ်လို့၊ အဲဒီလိုတွေပြောမှ ကျောင်းဖြစ် လာတာ။

**သင်း** - ဒါဖြင့် ဆရာပညာသင်ခဲ့ရတာက ပထမ ဘုန်းကြီးကျောင်း. . .

**ထင်** - ဟုတ်တယ်၊ နောက်မှ အင်္ဂလိပ်စာလေး စပြီးသင်ရပုံက. . . စာတိုက်ဗိုလ် village postmaster ပေါ့လေ။ အဲဒီခေတ်ကတော့ စာတိုက်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လို့ ခေါ်ကြတယ်။ အဲဒီစာတိုက်ဗိုလ် 'ဦးဖိုးထွန်း' ဆိုတာက ပင်စင်ယူပြီးတော့ အင်္ဂလိပ်စာသင်ပေးတယ်။ ခုခေတ် ကျူရှင်လို သဘောမျိုးပေါ့။ အဲဒီမှာ ကျွန်တော်က အင်္ဂလိပ်စာ သင်ရတယ်။

သင်း - ကျွန်တော် စိတ်ဝင်စားလို့ပါဆရာ၊ မေးပါရစေဦး။ ကျူရှင် လခဆိုပါ တော့ ဘယ်လောက်ပေးရသလဲ . . .။

ထင် - ခင်ဗျား ပေးချင်သလောက်ပေး . . . ရတယ်။ ငါးခြောက်တစ်ပြားပေးရင်လဲ ရတယ်။ နောက်ပိုင်းမြို့က နည်းနည်းကြီးလာလို့ လူကလဲ များလာတော့ ကျောင်းလခ ပထမတန်းဆိုရင် တစ်မတ်တို့၊ စတုတ္ထတန်းဆိုရင် ငါးမူးတို့ဆိုတာမျိုးလေးတွေ တောင်းလာရတယ်။ တစ်ကျပ်ထိအောင်တော့ မရှိပါဘူး။ ငါးမူးလောက်ပါပဲ။

သင်း - ဟုတ်တယ်နော်ဆရာ။ ကျွန်တော်တို့ဆီမှာလဲ အဲဒီတုန်းက လခရယ် ဘာရယ် မဟုတ်ကြဘူး။ ဒီလိုပဲ . . .။

ထင် - ဒါပေါ့။ ကိုယ်တတ်နိုင်သလောက် ပေးလိုက်ကြတာပဲ။ ကြက်သွန်တစ်ပိဿာနဲ့လဲ ပြီးသွားတာပဲ။ ကျေးရွာလို ဖြစ်နေလေတော့ ဘယ်သူဟာ ဘယ်လောက် အင်အားရှိတယ်ဆိုတာကိုလဲ သိနေပေတာကိုး။ အဲဒီအပြင် ဦးခန္တီကျောင်းဆိုတာလဲ ရှိသေးတယ်။ ဦးခန္တီဆိုတာက အဲဒီ ခေတ်က အဟောကောင်း အပြောကောင်းဘုန်းကြီးပေါ့၊ လပွတ္တာမှာ ကျောင်းထိုင်တာ။ နောက်တော့ လပွတ္တာသူတစ်ယောက်နဲ့ ချိတ်မိသွားတာနဲ့ လူထွက်ပြီးတော့ ကျောင်းကလေးထောင်ထားတယ်။ ကျုပ်က ဆရာ ဦးဖိုးထွန်းကျောင်းမှာလဲ နေခဲ့တယ်၊ ဦးခန္တီကျောင်းမှာလဲ နေခဲ့တယ်။ အဲဒီလို ကျောင်းလေးတွေက ပေါက်ဖွားလာခဲ့ရတာပါပဲ။

ဒီနောက်တော့ မြောင်းမြမှာ ကျောင်းသွားတက်ရတယ်။ စောစောက ပြောခဲ့တဲ့အတိုင်း မြောင်းမြကျောင်းမှာ သုံးတန်းက စပြီးတက်ရတယ်။ ကျောင်းတစ်နှစ်ပဲ တက်လိုက်ရတယ် 'ဘွိုင်းကော့'နဲ့ တိုးတော့တာပဲ။ ဒါပေမယ့် ကံကောင်းတာက အမျိုးသားသပိတ်ကြီးပြီးသွားတော့ မြောင်းမြမှာ နေရှင်နယ်စကူးလ် (အမျိုးသားကျောင်း) ပေါ်လာတယ်။ ကျွန်တော်လဲ အဲဒီမှာ ကျောင်းနေတယ်။ ဟိုက သုံးတန်းကထွက်လာတာမို့ Third Form မှာ နေရတယ်။ အဲ ခြောက်လရှိတော့ Fourth Form ၊ နောက်ခြောက်လ





ရှိတော့ Fifth Form ၊ အဲဆိုပါတော့ ၂ နှစ်ရှိတော့ ခုနစ်တန်း အောင်တယ်။ ကျွန်တော် တစ်ယောက်တည်း အောင်ခဲ့တာ။ အဲဒါနဲ့ ရန်ကုန်ပြောင်းသွားရတယ်။

သင်း - အဲဒီခေတ်က ခုနစ်တန်းဆိုတာကိုအောင်ဖို့ အတော်ကြီးကို ခက်ခဲ့တာ၊ အောင်တဲ့သူ အတော်ကိုနည်းတယ်၊ ခုနစ်တန်းလို့သာ ပြောလိုက်ရတာ အတော်ကြီးကိုခက်တဲ့ စာမေးပွဲနော် ဆရာ။

ထင် - သာမန် ခက်ရုံတင်မကသေးဘူး ကျွန်တော်တို့ နေရှင်နယ်ကျောင်းတွေက အစိုးရကျောင်းတွေမှာ မသင်တဲ့ အက္ခရာသင်္ချာတို့ ဂျော်မက်ထရီတို့ပါ သင်သေးတယ်လေ။ ကျုပ်တို့ အဲဒါတွေ လုပ်ခဲ့ရသေးဗျား။ မြန်မာလိုတောင် မဟုတ်ဘူး၊ အင်္ဂလိပ်လို 'အေ စကွဲယား၊ ဘီ စကွဲယား'တွေနဲ့ သွားကြရတာ။ အင်္ဂလန် ပညာရေးပုံစံအတိုင်းကို လုပ်တာ၊

သင်း - ဟုတ်မှာပေါ့၊ အမျိုးသား ပညာဝန် ဦးဖိုးကျားတို့ . . . ၊

ထင် - ဒါပေါ့ . . . မြို့မ ဆရာကြီး ဦးဘလွင်တို့ . . . တကယ့် ရှေ့သွား ခေါင်းဆောင်တွေပေါ့။

သင်း - ဟုတ်တယ်နော်ဆရာ၊ ဆရာကြီး ဦးဘလွင်တို့လို ပုဂ္ဂိုလ်ကြီးတွေဟာ အလွန်ကို ကြည်ညိုဖို့ကောင်းတယ်။

ထင် - ကောင်းပါပြီလား ဦးအောင်သင်းရယ်၊ သူတို့လို ပုဂ္ဂိုလ်တွေ ကမှ တကယ့်တိုင်းပြည်ခေါင်းဆောင်တွေ၊ တကယ့်ကို တိုင်းပြည်အတွက် သန့်သန့်လေး လုပ်ခဲ့ကြတာ။ နောက်ပိုင်းမှာ ဝန်ကြီးလုပ်ချင်ရင်လဲ ဝန်ကြီးဖြစ်မှာပဲ။ အမှန်ပြောလိုက်ရရင် ကျုပ်တို့ကိုယ်တိုင်ကကို ကိုယ့်ဆရာကြီးကို ဝန်ကြီးဖြစ်သွားမှာ စိုးရိမ်နေသေးတာ။ သူကလဲ မလုပ်ပါဘူး။ မြို့မကျောင်း ကျောင်းအုပ်ကြီးအဖြစ်နဲ့ပဲ နေသွားတာ၊ အနားယူသွားတာ၊ အေးလေ. . . အနားယူတယ်လို့တောင် မဆိုနိုင်တော့ပါဘူး။ သေသည်အထိ မြို့မကျောင်း အတွက်ပဲ အစစမွမ်းမံဆောင်ရွက်သွားတယ်လို့ ဆိုရမှာပါ။

သင်း - ဟို . . . ဆရာရန်ကုန်ရောက်လာပြီး ကျောင်းနေရပုံကို ပြန်ကောက်ပါဦး ဆရာ။

ထင် - အဲ . . . ခုနကပြောခဲ့တဲ့အတိုင်း သပိတ်မှောက်ကြရော၊ သပိတ်မှောက်ပြီးတဲ့နောက် အစိုးရက မလိုက်လျောတော့ သပိတ်ပြန်မလှန်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ဘူး။ ကိုယ့်ဘာသာကို ကျောင်းဖွင့်ကြမယ်ဆိုပြီး "နေရှင်နယ်ဟိုက်စကူးလ်" လို့ခေါ်ခဲ့ကြတဲ့ အမျိုးသားကျောင်းတွေ ပေါ်လာတာ သမိုင်းဝင်ဖြစ်ရပ်ကြီးပဲပေါ့။ နောက်ပိုင်းမှာကျတော့ ဒီကျောင်းတွေကို အစိုးရက အထောက်အပံ့ပေးရမယ်လို့ လုပ်ကြတော့ Aided and Unaided ဆိုပြီး အစိုးရအထောက်အပံ့ခံနဲ့ အထောက်အပံ့မယူတဲ့ ကျောင်းရယ်လို့ ကွဲလိုက်ကြသေးတယ်။

သင်း - ဟုတ်တယ် . . . နောက်ပိုင်းမှာတော့ အစိုးရအထောက်အပံ့မယူတဲ့ ကျောင်းတွေဟာ ပျက်သွားတယ်လို့ ဆရာဦးဖိုးကျား ရေးတာကို ဖတ်ရတယ်။ ဆရာတို့ကတော့ အထောက်အပံ့ယူတဲ့ကျောင်းပဲပေါ့နော်။

ထင် - အဲဒါနဲ့ ဆရာကြီးဦးဘလွင်တို့လို ခေါင်းဆောင်တွေက ကျောင်းနေရာကို တောင်းတော့ ဂေါ်ဒွင်လမ်းက ဂေါ်ရာတွေနေတဲ့ ဘားရက် (စစ်တန်းလျား)နှစ်ခုကို ပေးတယ်။ အဲဒီနားမှာ ဂေါက်ကွင်းကလဲ ရှိသေးတယ်။ စစ်တန်းလျားဆိုတော့ သူတို့ စစ်ဗိုလ်စစ်သားတွေရဲ့ သားသမီးတွေကလဲ ရှိသေးတာကိုး။ သူတို့ကလဲ ဆော့ကြကစားကြ။ ကျုပ်တို့ကျောင်းသားတွေ ဆိုတာကလဲ သိတဲ့အတိုင်း သူတို့ကို လုမ်းပြီး ပြောင်ကြနောက်ကြပေါ့။ ဒါနဲ့ အဲဒီမှာ ခြောက်လပဲနေလိုက်ရတယ်၊ အလုံလမ်း အခုလွှတ်တော်နေရာမှာရှိတဲ့ စစ်တန်းလျားကို ပြောင်းရပြန်တယ်။ အဲဒါကတော့ ဂေါ်ရခါးစစ်တန်းလျား။ အဲဒီနောက်ကျမှ အမှတ်(၁) ဂေါ်ဒွင်လမ်းကိုငှားပြီး မြို့မကျောင်းကို ဖွင့်ရတာ။

သင်း - ဆရာ့အဖေက လယ်ယာချောင်းမြောင်းလေးတွေ စီမံခန့်ခွဲ၊ စာရင်းဇယား လုပ်တတ်ကိုင်တတ် ဖြစ်ရုံလောက်သာ ရည်မှန်းပြီး ကျောင်းထားခဲ့တာ၊ နောက်ပိုင်းတက္ကသိုလ်တွေ ဘာတွေထိအောင် ရောက်သွားတော့ ဘာမှ မတားမြစ်တော့ဘူးပေါ့။

ထင် - မပြောတော့ဘူးပေါ့။ ဒီနေရာမှာ ပြောရဦးမယ်၊ ကျုပ်ကလဲ စာမေးပွဲက ခဏခဏကျတယ်။ ကျဆို အလုမ်းကျယ်ပြီး အလယ်လယ်သွားခဲ့တာ။ ကျုပ်က ဆရာဝန်ဖြစ်ချင်ခဲ့တာ၊ အဖေကလဲ ဆရာဝန်ဖြစ်မယ်ဆိုတော့ အားပေးလာတယ်ဆိုပါတော့။ ဒါပေမယ့် ကံကဆိုးချင်တော့ ဆရာကလဲ မကောင်းဘူး၊ တပည့်ကလဲ မနိပ်ဘူးဆိုတာမျိုး ဖြစ်နေပြီး





စာမေးပွဲ ခဏခဏ ကျနေတော့တာပေါ့။

သင်း - ဆူဇန်ဆိုတဲ့ သူ့ခွေးလေးကို ဆေးစိမ်ထားတဲ့ ငမန်းသားကျွေးလိုက်လို့ သေသွားတာကြောင့် အငြိုးဖွဲ့တယ်ဆိုတဲ့ ဆရာလား။

ထင် - ဟုတ်တယ်၊ သူပေါ့။ အမယ် . . . ခင်ဗျား ဘယ်က ဖတ် ထားလဲ။

သင်း - ကြာပြီလေ၊ ဆရာရေးခဲ့တာပဲ၊ 'ကျွန်ုပ်မှာ ခါးတောင်းကျိုက်တစ်ခြား ဟိုဒင်းတခြား ဝါသနာမပါဘဲ ဖားသွား၍ခွဲမိလေသဖြင့် စာမေးပွဲသုံးနှစ်တိတိ ရှုံးခဲ့ရလေသည်' ဆိုတာလဲ ပါသေးတယ်။

ထင် - ဟုတ်တယ်။ အဲဒီဆရာက 'မက်ဂစ်'တဲ့။ တော်တော်ခွကျတဲ့ဆရာပါဗျာ။ တကယ်ဆိုတော့ ဘိုင်အိုဆိုတာ ဘာခက်တာမှတ်လို့ ကျက်နိုင်မှတ်နိုင် ရင်ပြီးတဲ့ဥစ္စာ။ ဖားကို frog ဆိုရင်လဲ အရသာကို သူက စာမေးပွဲမှာ မေးလိုက်ပြီဆိုရင် လက်တင်နာမည်ကြီးတွေနဲ့မေးလိုမေး ဆိုတော့ ကျုပ်တို့မှာ မလိုအပ်ဘဲ ကျက်နေရတာတွေက တစ်ပုံကြီးကို ဖြစ်နေတော့တာပေါ့။ ကျုပ်က အသက်ကလဲ ငယ်ငယ်ရှိသေးတာ။ ကျွန်တဲ့ ကျောင်းသားတွေဆိုတာ အသက် နှစ်ဆယ်လောက်တွေ။ ကျုပ်က ၁၆၊ ၁၇ လောက်သာသာရယ်။ ခွေးလေးကို ဖော်မယ်လင်စိမ်ထားတဲ့ ငမန်းသားကို ကျွေးလိုက်တာလဲ သူ့ကို အမြင်ကတ်လို့ လုပ်ပစ်ကြတာ။ ခွေးကလဲ ကောက်မြိုပစ်လိုက်တာပဲ။ ခင်ဗျား သတိထားကြည့်၊ ခွေးများဟာ အစာကိုပစ်ကျွေးလိုက်ရင် ဟပ်ပစ် လိုက်တာပဲ၊ ကြောင်လိုမဟုတ်ဘူး၊ ကြောင်ကတော့ ချက်ချင်းစားတာ မဟုတ်ဘူး၊ ဟိုလိုနမ်းလိုက်၊ ဒီလိုနမ်းလိုက်လုပ်နေသေးတာ။ အဲဒီခွေးလေးက သနားတော့ သနားစရာပါပဲ၊ ဖော်မယ်လင်စိမ်ထားတာကို မျိုလိုက်မိတော့ ရင်ကပူလာ ထင်ပါရဲ့၊ သူ့သခင်ဆီကို ပြေးသွားတယ်။ နောက် . . . သူ့သခင် ပေါင်ပေါ်မှာပဲ သေသွားတယ်။ အဲဒါကို စိတ်ဆိုးပြီး အတန်းထဲမှာ ဘယ်သူသတ်တာလဲလို့ လာမေးတယ်။ ကျုပ်တို့လဲ ဘယ်သိမလဲ၊ တကယ်ကို မသိတာပါ။ သိလဲ ဘယ်မှာပြောပါ့မလဲ။ နောက်တော့ သတ်တဲ့ လူတွေကို သိလာရတာပါပဲ။ အဲဒီလူတွေက လူရှုတ်တွေ၊ မထင်ရင် မထင်သလို လုပ်ပစ်တာ။ လူနှစ်ဆယ်အစိတ်လောက်မှာ ကျုပ်အပါအဝင် အဲဒီလူတွေရောဟာ တစ်ယောက်မှ ဆရာဝန် ဖြစ်မလာကြဘူး။ အဲ . . . တရုတ်တန်းက တရုတ်မလေးတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ပဲ ဆရာဝန်ဖြစ်သွားကြတယ်။ ဆရာက အတန်အသင့် မျက်နှာသာပေးတဲ့ ကျောင်းသားတစ်ယောက် ရှိသေးတယ်။ ခင်ရွှင်တဲ့။ သူကတော့ ကျောင်းတက်လို့ တစ်နှစ်လောက် အကြာမှာပဲ ဆုံးသွားရှာတယ်။

သင်း - ဒါနဲ့ ဆရာဝိဇ္ဇာဘက်ကို ရောက်သွားခဲ့တာပြောပါဦး။

ထင် - ဒီလို . . . ကျွန်တော် ဆေးကောလိပ်မှာ ပထမနှစ်တက်လိုက်တယ်၊ အောင်တယ်။ နောက်နှစ်မှာတော့ ကျတယ်။ အဲဒီနောက်တစ်နှစ်မှာတော့ ပေါင်မှာ အနာကြီးပေါက်လာတာနဲ့ ကျောင်းထွက်လိုက်ရတယ်၊ နောက် တစ်နှစ်ထပ်တက်တယ်၊ ကျပြန်တယ်။ ဒီတော့ ကျောင်းထွက်လိုက်ရပြီး အပြင်က ပြန်ဖြေတယ်၊ အောင်တယ်။ ဒါပေမယ့် ကတ်သီးကတ်သတ်ပဲ အောင်တယ်ဆိုပါတော့။ အောင်လို့ ဆေးကောလိပ်မှာတက်ဖို့ လျှောက်လွှာ တင်လိုက်တယ်။ ဒီတုန်းက ဦးအောင်သင်းလဲ သိမှာပါ။ အားလုံးကောလိပ်တွေဟာ ရန်ကုန်တက္ကသိုလ် အောက်မှာပဲ ရှိတယ်လေ။

သင်း - ဟုတ်ပါတယ်ဆရာ၊ မှတ်မိပါတယ်၊ ကျွန်တော်တို့ ခေတ်တိုင်အောင်ပါပဲ၊ ဘွဲ့ယူကြပြီဆိုရင် ဆရာဝန်ရော၊ အင်ဂျင်နီယာရော၊ ဘီအီးဒီရော အားလုံးရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်မှာ တစ်စုတဝေးကြီး ယူကြရတာပါ။ တက္ကသိုလ်ကျောင်းသားကလဲ ဒီလောက် မများသေးဘူး၊ နည်းသေးတယ်လေ။

ထင် - ဒါနဲ့ ဆေးကောလိပ်ကို လျှောက်လွှာတင်လိုက်တော့ ဝင်ခွင့်ရတယ်။ ဦးအောင်သင်း စဉ်းစားကြည့် . . . တကယ်ဆိုတော့ ကျွန်တော်ဟာ စက္ကင်းအမ်ဘီမှာ ဖြစ်ရမယ်။ ဒါပေမယ့် မစ္စတာမက်ဂစ်က ကျွန်တော့်အောင်မှတ်နည်းတယ်ဆိုပြီး ဆေးပထမနှစ်ကပဲ ပြန်စရမယ်လို့ လုပ်တယ်။ ဒီတော့ တစ်နှစ် နာမသွားဘူးလား။ ကျွန်တော်က စဉ်းစားရပြီ။ အခုပဲ လေးငါးနှစ်လောက် အလဟဿဖြစ်ခဲ့ရပြီ။ နောင်ဆက်တက်လိုက်ရင်လဲ ဒီဆရာနဲ့ ဘယ်လိုစခန်းသွားရဦးမလဲဆိုတာ မသိသေးဘူး။ အဲဒီမှာတင် ကိုင်း . . . ငါ့ဘာသာ ဝါသနာပါတဲ့ အလုပ်ကို လုပ်တာပဲ ကောင်းပါတယ်လေလို့ ဆုံးဖြတ်လိုက်ရတာ။ အဲဒါနဲ့ ကျွန်တော်လဲ English Literature (အင်္ဂလိပ်စာ ရသစာပေ) ကို ပြောင်းယူလိုက်တော့ လွယ်သွားတော့တာပေါ့။





သင်း - ဝါသနာပါရင်းကလဲ ရှိနေတာကိုး ဆရာရဲ့။

ထင် - ဝါသနာပါရုံသာ မဟုတ်ဘူး၊ ဖတ်ထားတဲ့အခံကလဲ ရှိနေသေးတယ်။ အမယ် ခုမှသတိရလာလို့ ပြောလိုက်ရဦးမယ် ဦးအောင်သင်းရေ၊ ကျုပ်က ရွှေတံဆိပ်တစ်ခု အချောင်ရခဲ့သေးဗျား။

သင်း - ဟုတ်လား. . . လုပ်ပါဦးဆရာ၊ ဘယ်လိုရခဲ့တာလဲ။

ထင် - ကျုပ်က ပေါက်ဖော်လေဗျာ။ အဲဒီတော့ တရုတ်အမျိုးသားတွေထဲက မြန်မာစာထူးချွန်တဲ့ ကျောင်းသားကို မစ္စတာတော်ကူးမ်ဆိုတဲ့ ပေါက်ဖော်ကြီးက ရွှေတံဆိပ်ပေးတယ်။ ကျုပ်က အဲဒီတံဆိပ်ကို ရလိုက်တာ။ အခု . . . ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ ဒီပေါက်ဖော်ကြီးက ဘာစိတ်ကူးနဲ့ပေးတယ် မသိဘူး၊ အဆန်းသားဗျ။

သင်း - ဆရာပြောသလိုပဲ အဲဒီ ပေါက်ဖော်ကြီးက ဘယ်လိုစိတ်ကူးနဲ့ ဒီရွှေတံဆိပ်ကို ပေးတာလဲဆိုတာဟာ အတော်ကို စိတ်ဝင်စားဖို့ ကောင်းတယ်လို့ ထင်မိတယ်။ ဘာပဲပြောနေနေ သူဟာ မြန်မာစာကို တရုတ်အမျိုးသားတွေ လေ့လာစေချင်တယ်၊ တတ်ကြစေချင်တယ်ဆိုတာကတော့ ထင်ရှားနေတာပဲ။ တော်ကူးမ်ရွှေတံဆိပ်ဆုဆိုတာကို ကြားတော့ ကြားဖူးတယ်ဆရာ။ အဲဒီလိုပဲ ဒေါ်စာဥရွှေတံဆိပ်တို့ ဦးသာဒိုးအောင်ရွှေတံဆိပ်တို့ဆိုတာတွေလဲ ရှိခဲ့သေးတယ်။ နောက်ပိုင်းမှာတော့ အဲဒါတွေ မရှိတော့ဘူး၊

ထင် - ရွှေတံဆိပ်က အရေးမကြီးလှဘူး ဦးအောင်သင်းရဲ့၊ ဒီလို ပညာရေးကို အားပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေအကြောင်း မှတ်တမ်းမှတ်ရာ မရှိသင့်ပေဘူးလား၊ ကျွန်တော်က အဲဒါကို ပြောချင်တာပါ၊ ကျုပ်လဲ အဲဒီ မစ္စတာတော်ကူးမ် အကြောင်းကို ရေးချင်လွန်းလို့ စုံစမ်းမယ်လို့ပဲ စဉ်းစားကြံမိတယ် ဦးအောင်သင်းရေ၊ ဒါပေမယ့် လုပ်ချင်တာတွေကများ အချိန်က မပေးနိုင် အဲဒီလို ဖြစ်နေတော့တာ။ နောက်ပြီး ဒီမစ္စတာတော်ကူးမ် အကြောင်းကို နည်းနည်းပါးပါး စုံစမ်းကြည့်လိုက်ပြန်တော့လဲ သိတဲ့လူက မရှိသလောက်တောင် ဖြစ်နေပြီ ဦးအောင်သင်းရဲ့၊ အခုတော့ဖြင့် နောက်ပိုင်းလူငယ်တွေဟာ ဒီဆုတွေအကြောင်းကို ကြားတောင် မကြားဖူးအောင် ဖြစ်ကုန်ကြပြီ ထင်တာပဲ။

သင်း - ဟုတ်တာပေါ့ဆရာ၊ ကျုပ်တဲ့လူငယ်တွေ မဆိုထားနဲ့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



တောင် နားစွန်နားဖျားလောက်သာ ကြားဖူးတော့တာ။

ထင် - ဟုတ်တယ်။ ဒါကြောင့် ခုနက ပြောသလို ကျွန်တော်က သူ့အကြောင်းကို သေချာစုံစမ်းလေ့လာချင်တာ၊ ခက်တာက ပြောခဲ့တဲ့ အတိုင်း အချိန် . . .။

သင်း - ဟုတ်တာပေါ့ဆရာ၊ အလုပ်လုပ်ချင်တဲ့ လူတစ်ယောက်အဖို့မှာ တော့ အချိန်က နည်းလွန်းနေတယ်။ ဘာပဲပြောပြောပါ ဆရာရယ် ဆရာတို့ တစ်တွေ တကယ်အပင်ပန်းခံပြီး စူးစမ်းရှာဖွေခဲ့ကြတာ၊ တွေးတောကြံဆခဲ့ ကြတာတွေဟာ ကျွန်တော်တို့တစ်တွေအတွက် အမွေကောင်း . . .။

ထင် - သမီးရေ . . . ညည်းဆရာကို ကော်ဖီတိုက်ရကျိုး နပ်သွားပြီ ဟေ့ . . . ငါ့ကို ချီးကျူးနေလိုက်တာ၊ ငါကလဲ ကျေနပ်သဟ. . .။

(ကျွန်တော်တို့ အားလုံးရယ်ကြရပြန်ပါသည်။)

သင်း - တကယ်ပြောတာပါဆရာ။ ကဲ. . . ထားလိုက်ပါတော့ ဆရာရယ်၊ ဒါနဲ့ ဆရာက ဝိဇ္ဇာကိုပြောင်းလိုက်တော့ ဆရာ့ combination (ဘာသာတွဲ) က ဘယ်လိုတွဲသလဲ ဆရာ။

ထင် - ဟုတ်ပြီ၊ အဲဒါကိုမပြောမီ ဖြတ်ပြီးပြောလိုက်ချင်သေးတယ်။ ဒီလို ဗျ၊ ကျွန်တော်က စက္ကင်းအမ်ဘီမှာ ရသင့်ပါလျက်နဲ့ မရတော့ ငါတော့ဖြင့် မဖြစ်ချေတော့ဘူးဆိုပြီး Arts(ဝိဇ္ဇာ)ကိုပြောင်းလာခဲ့တာ ပြောခဲ့ပြီ။ ကျွန်တော် နဲ့ အတူတူ ဆေးကိုယူခဲ့တဲ့ သူငယ်ချင်း တစ်ယောက်ဟာ ကျွန်တော်မြို့အုပ် ဖြစ်နေတဲ့အချိန်ထိ သူဟာ ဆရာဝန် မဖြစ်သေးဘူးဗျာ။

(ဆရာက စကားပြောနေရင်း တဟားဟားနှင့် ရယ်ပါလေသည်။ ဆရာထင်နှင့် စကားပြောလျှင် နားထောင်သူလည်း ရယ်နေရပါလိမ့်မည်။ သူကိုယ်တိုင်ကလည်း ရယ်နေပါလိမ့်မည်။ ဆရာသည် ရယ်မောခြင်းကို မွေ့လျော်တတ်သူမဟုတ်။ တစ်ပါးသူကိုလည်း ရယ်လိုက်မည်၊ သူကိုယ်သူ လည်း ရယ်လိုက်ဖို့ ဝန်မလေး။ မိမိကိုယ်ကို ရယ်ဖို့ ဝန်မလေးသူသာလျှင် သရော်စာသမား ဖြစ်နိုင်သည်၊ မိမိကိုယ်ကို မရယ်မောတတ်လျှင် ဟာသ စာရေးဆရာဖြစ်ကောင်း ဖြစ်နိုင်မည်၊ သရော်စာအရေးကောင်းသူ ဖြစ်ဖို့ မလွယ်ဟု ကျွန်တော်ထင်မိသည်။ ဆရာထင်နှင့် စကားပြောလိုက်လျှင် သူ့ကိုယ်သူကိုရော လောကကိုရော သိမ်းကျုံးရယ်မောနေသံ မကြာခဏ





ကြားရမည်ကို မျှော်လင့်နေသင့်သည်ဟု ကျွန်တော် ထင်မိသည်။ ဆရာက ဆက်ပြန်ပါသည်။)

ထင် - ပြောလိုက်ရဦးမယ်၊ အဲဒီကျွန်တော့် အတန်းဖော်ဟာ ဒီမှာ ဆေး ကောလိပ်ဖျက်လိုက်တော့ ကာလကတ္တားထိအောင် လိုက်သွားသေး ဗျား။ ကျွန်တော့်ထက် ဒုပေနာပေခံတယ်ဆိုရမှာပေါ့။ ကျွန်တော်မြို့အုပ် ဖြစ်ပြီးမှ သူကဆရာဝန်ဖြစ်နေတော့ ပြန်တွေ့သေးတယ်။

သင်း - ဒါနဲ့ ဝိဇ္ဇာတွဲကိုယူတော့ ဆရာ့ဘာသာတွဲက . . . အင်္ဂလိပ် ရသစာပေ . . .။

ထင် - ဟုတ်တယ်၊ အင်္ဂလိပ်ရသစာပေ၊ မြန်မာစာ၊ နောက်ပြီး အရှေ့ဖျားသမိုင်း။ အရှေ့ဖျားသမိုင်းကို မစ္စတာလုစ် သင်တယ်။ ဘာ စာအုပ်မှလဲ မရှိဘူး။ ဒီအတိုင်း သင်သွားတာ။

သင်း - ဟုတ်လား၊ ပြဋ္ဌာန်းစာအုပ်တွေဘာတွေ မရှိသေးဘူးလား။

ထင် - ဘယ်ရှိရမှာလဲ၊ သူ့ဘာသာ သုတေသနလုပ်ထားတာတွေကို ဒီအတိုင်းပြောပြီး သင်သွားတော့တာပဲ၊ ကျုပ်တို့က နောက်ကလိုက်ပြီး ရေးကြမှတ်ကြလုပ်ပြီး ဆည်းပူးကြရတာ။

သင်း - ဟုတ်မှပေါ့ဆရာ၊ မစ္စတာလုစ်ဆိုတာကလဲ အရှေ့ဖျားသမိုင်း လေ့လာမှုရဲ့ ရှေ့သွားခေါင်းဆောင်တွေပဲကိုး၊ ဒီတော့ သူကိုယ်တိုင်က သမိုင်း စာအုပ် ဖြစ်နေတော့မှာပေါ့။

ထင် - ဟုတ်တယ်၊ သူကကို သမိုင်းစာအုပ် ဖြစ်နေတော့တာ။ အမယ် . . . တရုတ်လိုလဲ တတ်တယ်ဗျ၊ သင်ပုန်းမှာ တရုတ်လိုလဲ တောက်တောက် . . . တောက်တောက်နဲ့ ရေးပြတတ်သေးတယ်။ အတော် မြန်တယ်ဗျာ ကျွန်တော်တို့ကတော့ သူ့တရုတ်စာကို ဘာတစ်လုံးမှ မသိ ပါဘူး။ မြန်မာ ပေါက်ဖော်ဖြစ်နေတယ် မဟုတ်လား။

(ဆရာက ပြောနေရင်း သူ့ကိုယ်သူ သဘောကျနေသကဲ့သို့ ရယ် ပြန်ပါလေသည်။ ရယ်မည်ဆိုလျှင်လည်း ရယ်လောက်ပါပေသည်။ အင်္ဂလိပ်ကြီးက တရုတ်လိုရေးပြသည်ကို တရုတ်ကပြားက တစ်လုံးမှ မသိသည့်အဖြစ် မဟုတ်ပါလား။ ဆရာက ဆက်ပြန်ပါသည်။)

ထင် - တကယ်ပါ ဦးအောင်သင်းရယ် တက္ကသိုလ်ဆရာဆိုတဲ့ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို စူးစမ်းလေ့လာနေတဲ့ သုတေသီတွေပါပဲ။ အဲဒီတုန်းက တော့ ဒီလောက်အလေးအနက် မတွေးမိပါဘူး။ ဆရာတွေပဲပေါ့။ အခုပြန်ပြီး စဉ်းစားကြည့်လိုက်တော့မှ တကယ့်ကို တက္ကသိုလ်ဆရာပီသတဲ့ ပုဂ္ဂိုလ်တွေ လို့ တွေးမိတာပါ။

သင်း - ဟုတ်တာပေါ့ဆရာ၊ တက္ကသိုလ်ဆိုတာကိုက 'ကြံစည် တွေးတော သူတို့နေရာ'ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား။ ကဲ. . . ထားပါ တော့ဆရာ အင်္ဂလိပ်စာဖပကိုတော့ ဘယ်သူ ပို့ချသလဲ။

ထင် - 'မစ္စတာရဒ်စ် ဆိုတာပဲ၊ သူက သင်တယ်။ ကြားဖူးမှာပေါ့။

သင်း - ဟုတ်ကဲ့ ကြားဖူးတယ်။ မြန်မာစာတော့ကော . . . ။

ထင် - မြန်မာစာကိုတော့ ဆရာဦးဖေမောင်တင်ပေါ့။ သူကလဲမဟာ့ကိုင်ကြီး တွေ ရှိတယ်လေ၊ ဆရာလင်းတို့ ဆရာပွားတို့ပေါ့။ ဆရာ ဦးဖေမောင်က ဒီတုန်းက ဆရာဖြစ်စ၊ ကျူတာလောက်ပဲ ရှိသေးတာ။ ဆရာလင်းတို့ ဆရာပွားတို့က သင်ရတာ။ ဆရာတင်ကတော့ လမ်းကြောင်း ချပေးတာပေါ့။ သူက ကမ္ဘာ့တက္ကသိုလ်ကြီးတွေက အောင်ခဲ့တာဆိုတော့ ကောင်းကောင်း လမ်းညွှန်နိုင်တာပေါ့။ ဦးအောင်သင်းရေ ဆရာတင့်ကျေးဇူး အလွန်ကြီး တယ်ဗျ။ သူ့ကြောင့် ခင်ဗျားနဲ့ ကျွန်တော် အခုလို မြန်မာ စကားပြောလို့ ရနေတာ။ တက္ကသိုလ်မှာ မြန်မာစာ လူရာဝင်အောင် သူတိုက်ပေးခဲ့တာ။ မဟုတ်ရင် ခင်ဗျားတို့ ကျွန်တော်တို့ မြန်မာလိုတစ်လုံး၊ အင်္ဂလိပ်လို သုံးလေးလုံးနဲ့ ဘယ်လို အူကြောင်ကြောင် ဘာသာစကားဖြစ် နေမယ် မသိဘူး။ ပြောသာပြောရတယ် အခုလဲ အဲဒီလိုပဲ ဖြစ်နေကြပြန်ပြီ။ ပြီးတော့ အင်္ဂလိပ် စကားကလဲ အမှား။ Broken English လေ။

(ဆရာက ပြောရင်းရယ် ပြန်ပါလေသည်။)

သင်း - ဟုတ်တယ်ဆရာ ဆရာကြီးဦးဖေမောင်တင်နဲ့ မစ္စတာလုစ်တို့ ကျေးဇူး အလွန်ကြီးတယ်နော်။

ထင် - မစ္စတာလုစ်နဲ့ပတ်သက်လို့ကတော့ တခြားဟာတွေကို ပြောမနေနဲ့ ပုဂံကို ကျွန်တော်တို့ ဘယ်လောက်သိခဲ့လို့လဲ။ ပုဂံသွားတယ်၊ ရွှေစည်းခုံ ရှိခိုးပြီး ပြန်တယ်၊ အာနန္ဒာဖူးပြီးပြန်တယ်၊ ပုဂံဟာ ဘယ်လောက် အရေးကြီး တယ်ဆိုတာ ကျွန်တော်တို့ သိမှမသိခဲ့ပဲ၊ ပုဂံကို ကမ္ဘာကသိအောင်လုပ်ခဲ့တာ





မစ္စတာလုစ်လုပ်ခဲ့တာပဲ။ ဒီနေ့ ကမ္ဘာလှည့် ခရီးသည်တွေ ပုဂံကို စိတ်ဝင် တစား တဖွဲဖွဲလာနေကြတာ သူ့စာအုပ်ကြောင့် မဟုတ်လား။

သင်း - ဟုတ်ပါတယ်ဆရာ၊ နောက်ပြီး မကြာသေးမီက ဆောင်းပါး တစ်စောင်မှာ တွေ့လိုက်သေးတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းမှာ မြန်မာ ပြည်ကို မဟာမိတ်တပ်တွေကတိုက်တော့ ပုဂံကို ဗုန်းမထိအောင် မဟာမိတ် တပ်တွေရဲ့ စစ်ဌာနချုပ်ကို မေတ္တာရပ်ခံပေးခဲ့တာလဲ သူပဲလို့ ရေးထား တယ်။ အဲဒါကတော့ သမိုင်းဆိုင်ရာဘက်ကပေါ့လေ။ ကျွန်တော် ကတော့ မြန်မာစာသမား တစ်ယောက်အနေနဲ့ ပြောရရင် မစ္စတာ ဖာနီဗယ်လ်ကိုလဲ ကျေးဇူးတင်မိတာပဲ။ ဘာပဲပြောပြောသူတို့ ကျေးဇူးကြောင့် 'ဂန္ထလောက'တို့ ခေတ်စမ်းတို့ဟာ ပေါ်လာခဲ့တာ မဟုတ်လား။

ထင် - မစ္စတာဖာနီဗယ်လ်ကိုတော့ ကျွန်တော့်အဖေက အသည်းစွဲ ပဲဗျ။

သင်း - ဟုတ်လား၊ ဘာပြုလို့လဲ ပြောစမ်းပါဦး ဆရာ။

ထင် - လပွတ္တာ မြို့နယ်အဆင့်ရောက်သွားတာက မစ္စတာ ဖာနီ ဗယ်လ် လက်ထက်မှာကိုး၊ ဒီတော့ တိုင်ပင်တယ် ဆွေးနွေးတယ်၊ အလုပ်ကိစ္စ နဲ့ဘာနဲ့ ပတ်သက်လို့ လပွတ္တာဘက်ရောက်လာရင် ဘုရားဒကာ ကြွပါဦး . . . အဲ. . . သူက ဒီလိုဗျ။ လပွတ္တာဆိုတာ ဘာအဓိပ္ပာယ်လဲ ဘာညာနဲ့ မေးတတ်တာကိုး။ သူတို့ လူကြီးတွေလဲ ဘယ်မှာ ကောင်းကောင်းသိကြပါ့ လေ၊ မွန်လိုမှ မတတ်ကြပဲကိုး။ ယောင်ဝါးဝါးပေါ့။ နောက်မှ ကျွန်တော်က မစ္စတာ ဟာလီဒေးရဲ့ မွန်-အင်္ဂလိပ် အဘိဓာန်မှာ ရှာကြည့်ရတာ။

သင်း - ဟုတ်တယ်ဆရာ၊ ရှေးဟောင်းမွန်စကားလုံးတွေကို သိချင်ရင် ကျွန်တော်တို့လဲ ဟာလီဒေးကို အားကိုးရတော့တာပဲ။ ဒီတော့ လပွတ္တာက ဘာလဲဆရာ။

ထင် - 'လပတ်' အဲ. . . အသံထွက်တော့ မွန်လိုမှာ 'လပွတ်' လို့ထွက် တယ်။ အဲဒီ 'လပတ်' ဆိုတာက 'ရေကျော်'ပေါ့။ 'တာ'ဆိုတာက palm tree တဲ့။ ထန်းပင်ပေါ့။ ဒီတော့ 'ထန်းပင်ရေကျော်'ပေါ့။ ဒီအကြောင်းကို ဆောင် ကျွန်တော့် မြန်မာ့စွယ်စုံကျမ်းမှာ ရေးပေးခဲ့ရသေးတယ်။ အဲဒါလဲ ဝင်စစ်တော့ အဖေ့ကျေးဇူးပဲဗျ။ သူက အဲဒီလိုဟာမျိုးတွေကို မှတ်ထားလေ့ ထားတတ်တယ်။ လပွတ္တာဟာ ၁၉၁၈ မှာ မြို့ ဖြစ်တယ်။ အဲဒါကို သူက



www.burmeseclassic.com

www.burmeseclassic.com



သေချာ မှတ်ထားတာ။ အဲဒီမှတ်တမ်းအရ ကျွန်တော်က ရေးလိုက်တာပဲ။

(အိမ်ပြန်ရောက်တော့ မြန်မာစွယ်စုံကျမ်းတွင် 'လပွတ္တာ' ကို ရှာကြည့်သည်။ ရေးထားသည်က "လပွတ္တာသည် မွန်ရွာဖြစ်သည်။ လပွတ် ဟူသော စကားမှာ မွန်ဘာသာ 'လပတ်' ၏ ပုဒ်ပျက်ဖြစ်၍ မြစ်နှစ်သွယ် ဆက်ထားသော 'ရေကျော်'ဟု အဓိပ္ပာယ်ရသည်။ မွန်ဘာသာ 'တာ'ဟူသော စကားမှာ မြန်မာလို 'ထန်း' ဖြစ်သည်။ ထိုစကားနှစ်ရပ်ကိုပေါင်းသော 'ထန်းပင်ရေကျော်' ဟု အဓိပ္ပာယ်ရသည်" ဟု တွေ့ရပါသည်။ စွယ်စုံကျမ်းကို ဟိုလှန်ဒီလှန် ဆက်ကြည့်နေရင်း အားထုတ်ပြုစုခဲ့ကြသော မြန်မာပညာရှိကြီးတွေကို လွမ်းဆွတ်ကျေးဇူးတင်နေမိသည်။ ဆရာကြီး ဦးသာမြတ်တို့ ဆရာကြီး ဦးဖိုးလတ်တို့လို ပုဂ္ဂိုလ်ကြီးတွေ သက်ရှိထင်ရှားရှိစဉ်က ဒီလိုမျိုး မေးခဲ့မြန်းခဲ့မိလျှင် ဘယ်မျှကျေးဇူး ဖြစ်ထွန်းလေမည်နည်း၊ ဘယ်မျှ စိတ်ဝင်စားဖွယ်ကောင်းလေမည်နည်းဟု တွေးရင်း နှမြောနေမိသည်။)

**သင်း** - ဆက်ပါဦးဆရာ၊ ဆရာက အင်္ဂလိပ်စာပေ၊ မြန်မာစာပေ၊ အရှေ့ဖျားသမိုင်းနဲ့ အောင်လာခဲ့တယ်။ နောက်တော့ မြို့ပိုင် ဖြစ်တယ်ပေါ့။

**ထင်** - ပြောဦးမယ်၊ မြို့ပိုင်အလုပ်ဆိုတာက ကျွန်တော်က နောက် ဆုံးမှ စဉ်းစားတာ။ ကံချော်ချင်ပလားဆိုရင် တော်တော်ကို ထူးဆန်းတာဗျ။ ကျွန်တော်က ရိုးရိုးတန်းတန်းသာ ဖြေရမယ်ဆိုရင် ဘီစီအက်စ်ကို ရနိုင်တယ်။ နယ်ပိုင်တန်း ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် စာမေးပွဲမှာ နှစ်မျိုးခွဲလိုက်တော့ ကျွန်တော်က အက်စီအက်စ် ဖြစ်သွားတယ်။ ဒါကြောင့် မြို့ပိုင် ဖြစ်သွားရတာ။

**သင်း** - S.C.S. ဆိုတာကဘာလဲ ဆရာ။ ကျွန်တော်တို့က I.C.S., B.C.S. လောက်ကိုသာ ကြားဖူးလို့ပါ။

**ထင်** - Subordinate Civil Service၊ I.C.S. B.C.S တို့အောက် တစ်ဆင့်နိမ့်တာပေါ့။

**သင်း** - ဆရာ ဘွဲ့ရတာက ဘယ်နှစ်လဲဆရာ။

**ထင်** - ၁၉၃၃ ပေါ့။

**သင်း** - အဲဒီအချိန်မှာ B.C.S. ရှိနေပြီလားဆရာ။ ခွဲရေးတွဲရေးက ၁၉၃၇ ကျမှ ဖြစ်တာမို့ မေးတာပါ။





**ထင်** - ဩော်. . . ဦးအောင်သင်းမေးတာကို ကျွန်တော်နားလည်ပြီ။ ဒီလို. . . ဒီလို။ ခွဲရေး မလုပ်ခင်ကလဲ B.C.S. ရှိခဲ့တယ်။ Burma Civil Service ပေါ့။ ဒါပေမယ့် အိန္ဒိယပြည်ရဲ့ ပြည်နယ်တစ်ခုအဖြစ်သာ သဘောထားလို့ Provincial Service လို့ခေါ်တယ်။ Indian Civil Service (I.C.S.) ထက်နိမ့်တယ်။ နောက်ပိုင်း သီးခြားခွဲပေးလိုက်တော့မှ ကျွန်တော်တို့ ဘီစီအက်စ်က သူတို့ အိုင်စီအက်စ်နဲ့ တန်းတူ ဖြစ်သွားတာ။

**သင်း** - နားလည်ပါပြီဆရာ။ နောက်ပြီး ကျွန်တော်သိချင်တာက ဆရာက စာရေးတာကိုတော့ ဝါသနာပါနေမှာပေါ့။ ဒါကိုကျွန်တော် သိနိုင် တယ်၊ ဒါပေမယ့်. . . ။

**ထင်** - နားလည်ပြီ။ ကိုအောင်သင်းလိုချင်တာကို ကျွန်တော် နားလည်ပြီ။ စောစောကပြောခဲ့တဲ့အတိုင်း အင်္ဂလိပ်စာပေ၊ မြန်မာစာပေ (Double Literature)ကို ယူခဲ့တယ်။ ဒီတုန်းက တက်ထွန်းတို့တစ်စုက အင်္ဂလန်ကို သွားကြဖို့ လုပ်နေပြီ။

**သင်း** - တက်ထွန်း ဆိုလို့ ဖြတ်မေးလိုက်ရဦးမယ်။ ဆရာ့ဆောင်းပါး လား ဝတ္ထုလား မမှတ်မိတော့ဘူး၊ စာတစ်ပုဒ်ထဲမှာ ဖာတ်လိုက် နာမည်ကို ထွန်းဖတ်လို့ ရေးထားတယ်။ အဲဒါက ဆရာ့နာမည်နဲ့ သူ့နာမည်ကိုပေါင်းထားတာ မဟုတ်လား။

**ထင်** - ဟုတ်တယ်။

**သင်း** - ဦးတက်ထွန်းက ဆရာ့ထက် ကြီးမယ်ထင်တယ်။

**ထင်** - မကြီးဘူး၊ သူက ကျွန်တော့်ထက် တစ်နှစ်လောက် ငယ် တယ်။ ကျွန်တော်က ၁၉၂၅ မှာတက္ကသိုလ်ကို ရောက်တာ။ သူတို့က ကျွန်တော့်နောက်မှ ရောက်လာကြတာ။ အဲ . . . ညိုမြကတော့ ကျွန်တော်တို့ထက် အတော်လေးငယ်တယ်။ အဲ. . . ဦးသိန်းဟန်ကတော့ ကျွန်တော်ထက် ကြီးတယ်။ သူနဲ့ ဦးနုတို့က အတူတူရောက်ကြတာ။ သူတို့ရောက်တဲ့အချိန်မှာ ကျွန်တော်က ဆယ်တန်းဖြေဆို့ ပြင်ဆင်နေတုန်း ရှိသေးတယ်။ နောက်တက္ကသိုလ်ရောက်ပြီး ဒုတိယနှစ်မှာ ပေါင်မှာ အနာကြီးပေါက်တာနဲ့ တစ်နှစ် ကျောင်းထွက်လိုက်ရသေးတယ်။ နောက်နှစ် ကျောင်းပြန်အတက်မှာ တက်ထွန်းတို့ကို တွေ့ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သင်း - သိပ္ပံမောင်ဝကတော့ ဆရာ့ထက် နည်းနည်းကြီး မယ်ထင် တယ်။

ထင် - ကြီးတယ်၊ နည်းနည်းတောင် မဟုတ်ဘူး၊ အများကြီး ကြီး တယ်လို့ ဆိုရမှာပေါ့။ ကျွန်တော် ဒုတိယနှစ်မှာ တက်နေတော့ သူက ဂုဏ် ထူးတန်း နောက်ဆုံးနှစ်ကိုတောင် ရောက်နေပြီ။

သင်း - အဲဒီတော့ ဂန္ထလောက စပြီးထောင်တဲ့အချိန်မှာ ဆရာက ဘယ်မှာ ရောက်နေပြီလဲ။

ထင် - တက္ကသိုလ်မှာပဲ။

သင်း - ဒီတော့ ဂန္ထလောကမှာ စပြီးရေးတာက မောင်စိန်တင်တို့ မောင်သိန်းဟန်တို့က စောမယ်ထင်တယ်။

ထင် - မဟုတ်ဘူးဗျ၊ အတူတူလောက်ရေးကြတာပဲ။ ကျွန်တော်လဲ ရေးနေခဲ့တာပဲ။ အဲဒီမှာ ကျွန်တော်က စာပေလှုပ်ရှားအသွင်၊ စာပေသစ်၊ စာပေသစ်ရယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ၊ movement တစ်ခုပေါ့။ ကျွန်တော်က ရှိနေဆန်းကို ဆိုလိုတာ။ အဲဒါကို ကျွန်တော်က အင်္ဂလိပ်လိုလဲ ရေးတယ်၊ မြန်မာလိုလဲ ရေးတယ်။ တခြားတော့ဖြင့် တိုတိုထွာထွာလေးတွေလဲ ရေးသပေါ့။ ကိုဒေါင်းလဲ ရေးချင်ရေးလိုက်တာပဲပေါ့။

သင်း - 'ဘုံရုံ'တွေကတော့ နောက်ကျမှာပေါ့။

ထင် - နောက်ကျတာပေါ့။ အဲဒါတွေက မြို့အုပ်ဖြစ်မှ ရေးတာတွေ။ နယ်လှည့်ခရီးထွက်ရင်း ဗိုလ်တဲမှာ တစ်ယောက်ထဲနေရတော့ ပျင်းပျင်းရှိတာနဲ့ ရေးတာတွေပေါ့။ ဟာသခံရှိတဲ့သူတွေကတော့ သဘောကျကြတာပေါ့။ ဟာသခံမရှိတဲ့ လူတွေကျတော့ 'ဟာ. . . မြို့အုပ်မင်း မကောင်းဘူး၊ ကျွန်တော်တို့ မြေတိုင်းစာရေးတွေကို သက်သက်ရေးတာ' ဘာညာနဲ့ ပြောကြ ရန်တွေ့ကြတာပေါ့။ 'မြေတိုင်းစာရေးကို ရေးတာပါ၊ ခင်ဗျားကို ရေးတာမှ မဟုတ်ဘဲ၊ ရယ်စရာရေးတာပါ၊ အဲဒါ ကျုပ်ရေးတာက ခင်ဗျားအဖေကို ရေးတာလဲ မဟုတ်ဘူး၊ ခင်ဗျားကိုရေးတာလဲ မဟုတ်ဘူး၊ လောကကြီး တစ်ခု လုံးကို ရယ်စရာလုပ်ရေးတာပါ'လို့ ပြောရတာပေါ့။ စာပေအခြေခံ နည်းကြ ရှာလေတော့ နားမလည်နိုင်ဘူးပေါ့။ ကျုပ်ကတော့ အဲဒီလူ ခုထက်ထိ အသက်ရှင်နေသေးလို့လာပြီး ရန်တွေ့ရင်တောင်လက်ခံမှာပါပဲ။

သင်း - စာ့စရေးတော့ ကျောင်းသားဘဝမှာပဲလား။





ထင် - ကျောင်းသားဘဝမှာပဲပေါ့၊ နေဦးဗျ. . . အဲ. . ကျွန်တော် ဘိုင်အို ယူနေချိန်မှာ မရေးခဲ့ဘူး၊ နောက်တော့ ဒီဘက် ရောက်လာရော။ အဲဒီအချိန်မှာ World of Books (ဂန္ထလောက)ကလဲ ပေါ်လာပြီ။ အဲဒီမှာကျ တော့မှ စာလေးတွေ ရေးဖြစ်လာတာ။

သင်း - စစ်ကြီးဖြစ်လာတော့ ဆရာက မြို့အုပ်ပဲလား။

ထင် - ပြောမယ်. . . ခင်ဗျားသိချင်တာကို ကျွန်တော်သဘောပေါက်ပြီ၊ ဒီလိုဗျ၊ ကျွန်တော် ကျောင်းပြီးတဲ့အချိန်မှာ တက်ထွန်းတို့ ညိုမြတို့က အင်္ဂလန် သွားကြပြီ။ ကျွန်တော်လဲ သွားမယ်လို့ စိတ်ကူးလိုက်သေးတယ်။ ဒါပေမယ့် ကျွန်တော်ကစဉ်းစားတယ်၊ ငါ့အဖေအသက်လဲ ကြီးလာပြီ၊ ငါ ကျောင်းနေလိုက်တာလဲ ခြောက်နှစ်ခုနစ်နှစ်လောက် ဖြစ်သွားပြီဆိုပြီး ကျောင်းဆရာ ဝင်လုပ်လိုက်သေးတယ်။ အမျိုးသားကျောင်းမှာပဲပေါ့။

သင်း - ဖြတ်ပြီးပြောလိုက်ရဦးမယ်၊ အဲဒီတုန်းက အမျိုးသားကျောင်းက ထွက်တဲ့သူတွေဟာ ကျောင်းဆရာလုပ်ရင် အမျိုးသားကျောင်းမှာပဲ ပြန်လုပ်ကြလေ့ရှိတယ်နော် ဆရာ။

ထင် - သဒ္ဓါစိတ်ပေါ့၊ ငါဟာဒီကျောင်းကြောင့် ကြီးပွားတိုးတက်ရတယ်၊ ဒီကျောင်းကို ကျေးဇူးပြန်ဆပ်ရမယ်ဆိုတဲ့ သဒ္ဓါစိတ်ပေါ့။ ဒါအမှန်ကို ပြောတာပါ။ ကြွားပြောတာ မဟုတ်ဘူး။

သင်း - ဟုတ်တယ်ဆရာ၊ ဦးသန့်တို့၊ ဦးနုတို့ အားလုံးဟာ အမျိုးသား ကျောင်းမှာပဲ ဆရာပြန်လုပ်ကြတယ်။

ထင် - ဟုတ်တယ် အမှန်ပဲ၊ အဲဒါတွေက ကျွန်တော်တို့ မြစ်ဝကျွန်း ပေါ်အောက်ပိုင်းက၊ ခင်ဗျားတို့ အညာကို ပြန်ကြည့်ဦးမလား။

သင်း - ဟုတ်ပါ့ဆရာ၊ အားလုံး အမျိုးသားကျောင်းမှာပဲ ပြန်လုပ်ကြ တာချည်းပါပဲ။

ထင် - အားလုံး တစ်ပြည်လုံး ဒီလိုချည်းပဲ၊ ပြောလိုက်ရဦးမယ် ဦးအောင်သင်းရေ့. ကျုပ်တို့ဟာ(Pay Bill) လစာ စာရင်းမှာတော့ လခ ၁၅၀ ရကြောင်း လက်မှတ်ထိုးရတယ်။ ဒါပေမယ့် ၄၀ လောက်ပဲ ယူကြရ တာ။ ကျောင်းတည်တံ့အောင် ရန်ပုံငွေချန်ကြရတာလေ။ But we were quite happy. (အားလုံးပျော်ပျော်ကြီးပဲ) အဲဒါကျွန်တော် တစ်ပေါက်တည်း

www.burmeseclassic.com



မဟုတ်ဘူးနော်။ အမျိုးသားကျောင်းဆရာတွေ အားလုံးဟာ ဒီအတိုင်းချည်းပဲ။

သင်း - လစာ စာရင်းမှာ ၁၅ဝ ရတယ်လို့ လက်မှတ်ထိုး ရတာကတော့။

ထင် - စောစောကပြောခဲ့သလို ကျုပ်တို့ကျောင်းက အစိုးရအထောက်အပံ့ခံ ကျောင်းလေ၊ ဒီတော့ အထက်ကို တင်ရသေးတာကိုး။ သို့သော်လည်း ကျုပ်တို့ကို တကယ်ပေးရမှာက ၇၅၊ တစ်ဝက်ပေါ့။ သို့သော်လည်း ကျုပ်တို့က ၅ဝ ပဲ ယူကြရတယ်။ အဲဒီထဲက ဘာကြေးညာကြေးဆိုတာလေးတွေ ဖြတ်လိုက်တော့ ၄ဝ ကျော်လောက်ပဲရကြတော့တာ။ သတိရလာလို့ ပြောလိုက်ရဦးမယ်၊ ကျုပ်တို့နဲ့အတူ အပြင်က ဘာကျူးဆိုတဲ့ ဆရာတစ်ယောက်ဝင်လာပြီး လုပ်တယ်။ သူကတော့ ၇၅ အပြည့်ကိုရမှ။ အဲ. . . သူ့ကိုတော့ပေးရတယ်။ ကျုပ်တို့တစ်တွေကတော့ ပြောခဲ့တဲ့အတိုင်းပဲ။ ၄ဝ ကျော်ပေါ့။ ဒါပေမယ့် No complaint. ကျေကျေနပ်နပ်ပဲ။

သင်း - စဉ်းစားကြည့်လိုက်ရင် တစ်မျိုးသားလုံးအတွက်၊ လွတ်လပ်ရေးအတွက်ဆိုတဲ့ အသိစိတ်နဲ့ ကိုယ်စီကိုယ်စီ အနစ်နာခံနေကြတဲ့ သမိုင်းကြီးဟာ ကြည်ညိုဖို့ကောင်းလိုက်တာ ဆရာရယ်။

သင်း - ဟုတ်တယ် ဦးအောင်သင်းရဲ့၊ နောက်တော့မှသာ ဘယ်လိုက ဘယ်လိုတွေ ဖြစ်ကုန်ကြဲတယ် မသိပါဘူးဗျာ။ အဲဒီလိုပဲ အမျိုးသားကျောင်းမှာ ၄ဝ ကျော်လောက်နဲ့ လုပ်နေတုန်းမှာ ဘီစီအက်စ်ဖြေဖို့ အခွင့်ကြုံလာတယ်၊ ဒီကြားထဲမှာ ဖြစ်လာတာက ကျုပ်ညီတော်မောင် ဟို. . . ဂျပန်အသတ်ခံရတယ်ဆိုတဲ့ညီက ဘောလုံးကန်ရင်း ပေါင်ခြံမှာ ဘောလုံးရှသွားတာပြီး အနာဖြစ်လာတယ်၊ အနာကို ကုပါရဲ့၊ ဒါပေမယ့် ကင်ဆာ ခပ်ဆန်ဆန် ဖြစ်လာတယ်၊ ဒီတော့ ဆရာဝန်က အိန္ဒိယပြည် ပတ္တနာမှာရှိတဲ့ ရေဒီယမ်ဌာနမှာသွားပြမှဖြစ်မယ်ဆိုတော့ ကိုယ့်ညီကို ကိုယ်ပဲ ပို့ရတော့မှာကိုး။ ဒါနဲ့ကျုပ်ရယ် ကျုပ်တို့ဦးလေးတစ်ယောက်ရယ် ညီရယ်ပေါ့။ အိန္ဒိယကို သွားကြရတယ်။

သင်း - အဲဒီတုန်းကတော့ သင်္ဘောနဲ့ပေါ့။

ထင် - ဒါပေါ့ သင်္ဘောနဲ့ပေါ့။ သင်္ဘောခက ၁၆ ကျပ် တောင်ပေးရတာ။ စီးတာကတော့ ကုန်းပတ်ပါပဲ။ ဒါပေမယ့် အစားအသောက်ကိုပါ မှာစားလို့





ရတယ်။ ၉ ကျပ်လောက်လား ပိုပေးလိုက်ရတယ်။ စားစရာက အဆင်သင့်လာပို့တာပဲ။ စာမေးပွဲအတွက် ကျွန်တော်က ပြင်ဆင်နေရတဲ့ အချိန်နော်။ ဒီမှာတင် ကျွန်တော့်အဖေက သံကြိုးရိုက်လိုက်တယ်၊ မင်း အမြန်ပြန်လာခဲ့၊ ဘယ်နေ့ ဘယ်ရက် စာမေးပွဲဖြေရမယ်ပေါ့။ ဒါနဲ့ ရက်ကို တွက်လိုက်တော့ ဒီနေ့ ပြန်ရောက်ရင် နောက်တစ်နေ့ စာမေးပွဲဖြေရမှာ ဖြစ်နေလေတော့ မဖြစ်ဘူး၊ မထူးတော့ဘူးဆိုပြီး ကျုပ်တို့ညီအစ်ကိုတွေရော၊ ဦးလေးတွေရော ဘုရားဖူး လျှောက်သွားပစ်လိုက်ကြတယ်။ အဲဒါအမြတ်ပဲ။ ဒီလိုနဲ့ တစ်နှစ်လွဲသွားလိုက်ပြန်ရော။ နောက်တစ်ကြိမ်ကျတော့ တယ်မဖြေချင်လှတော့ဘူး၊ စိတ်မပါဘူး။ ဒါပေမယ့် အလုပ်ကိုတော့ ရှာရတော့မယ်၊ မိန်းမက ယူတော့မှာကိုး။ ဒါနဲ့ဖြေလိုက်တော့ မြို့အုပ်ဖြစ်သွားရော။ မြို့အုပ်လဲဖြစ်ရော မိန်းမလဲ ယူလိုက်ရော ဆိုပါတော့။ မြို့အုပ်လခက ၁၂ဝ။ ဒီတော့ ငါ့အဖေဟာ ကျောင်းတက်နေစဉ်က တစ်လကို ၁၁ဝ၊ ၁၁၅ ပို့ပေးတယ်။ အခုငါ မြို့အုပ်ဖြစ်လာတော့ ၁၂ဝ ရတယ်၊ ဟာ. . . ၅ ကျပ်ပဲပိုရပါလား. . .။

(ဆရာက ပြောရင်း ဟက်ဟက်ပက်ပက် ရယ်ပါလေသည်။ ကျွန်တော်တို့လည်း မနေနိုင်ပါ ရောနှောရယ်မောမိကြပါလေတော့သည်။ ဆရာထင်၏ ဟာသဖောက်ကွက်များကို သူ၏စာများတွင် စာဖတ်သူတို့ တွေ့နေကျဖြစ်ပါသည်။ ဤသို့ မထင်မှတ်ပဲဝင်တတ်သည်သာ များပါသည်)

ထင် - မိန်းမကလဲရပြီဆိုတော့ ဒီလစာလေးနဲ့ပဲ မှေးပြီးနေရတော့တာပေါ့။ သို့သော်လဲ ခရီးစရိတ်ကလေးနေ့တွက် ကလေးနဲ့ဆိုတော့ နည်းနည်းတော့ ခံသာသေးတာပေါ့လေ။

သင်း - အဲဒီတုန်းက မြို့အုပ်ဆိုတာ ခရီးခဏခဏ ထွက်ကြရတယ် လို့ ပြောတယ်။

ထင် - တစ်လမှာ ဆယ်ညအနည်းဆုံး တခြားမှာ အိပ်ရတယ်။

သင်း - ဆယ်ရက်အနည်းဆုံးခရီးထွက်ရတယ်။ ဆယ်ရက်မပြည့်ရင် ထုချေလွှာ အတောင်းခံရတယ်လို့ ပြောတယ်။

ထင် - ဟုတ်တယ်။ ဒီလိုလေ၊ ရှေးခေတ်က မြို့ပိုင်ကြီးတွေက ပညာလဲ သိပ်မတတ်ကြဘူး၊ အင်္ဂလိပ်စကားလဲ ကောင်းကောင်း မပြော တတ်ကြဘူး



www.burmeseclassic.com

www.burmeseclassic.com



ရာဇသတ်ပုဒ်မလေး ဆယ့်လေးငါးခုလောက်ကို အလွတ်ကျက် ပြီး မြို့အုပ် လုပ်ကြရတာကိုး၊ ဒီတော့ သူတို့ကို ခပ်ကြမ်းကြမ်းပဲ ခိုင်းတော့ တာပေါ့။ လပွတ္တာတာမြို့ပိုင်ဆိုတာ လပွတ္တာလဲရောက်တယ်၊ ကျုံမငေးလဲ ရောက်တယ်၊ ဝါးခယ်မလဲ ရောက်တယ်၊ အဲဒီသဘောပေါ့။ နောက်ပြီး Head Quarter ရယ်လို့ အတည်တကျမရှိဘူး၊ လှည့်နေရတာပဲ။ လပွတ္တာမြို့ ပိုင်ဆိုသော်လဲ ကန်ပုံမှာနေလို့လဲ ရတာပဲ။ ကျွန်တော်တို့ခေတ်ကျတော့ တစ်လမှာ ရက်သုံးဆယ်ရှိတယ်၊ အနည်းဆုံး အပြင်မှာ ဆယ်ညလှည့်နေ ရမယ်ဆိုတာမျိုးတွေ ဖြစ်လာပြီ။ နောင်ပြီး Head Quarter ရယ်လို့လဲပေါ် လာပြီ။ အဲ . . . ဆယ်ည မပြည့်တဲ့လူရယ်လို့လဲ မရှိဘူးပေါ့၊ အင်းစိန်မှာနေ ရင်း ရန်ကုန်လို့လဲ ပြချင်ပြလိုက်တာပေါ့။ ဒီလိုပဲ ကြံဖန်လုပ်ကြရတာ ပေါ့ဗျာ။

**သင်း** - စစ်ကြီးဖြစ်လာတော့ ဆရာက မြို့အုပ်ပဲလား။

**ထင်** - ဟုတ်တယ်၊ စစ်ဖြစ်လာတော့ ကျွန်တော် တောင်ကုတ် ရောက်နေ တယ်။ ဦးစောရဲ့ ကျေးရူးပေါ့ဗျာ။

**သင်း** - ဟုတ်လား၊ လုပ်စမ်းပါဦးဆရာ။

**ထင်** - ဦးစောရဲ့လူတွေက ကျွန်တော့်ကို မကျေနပ်ကြဘူး၊ အဲဒီမှာ ဘယ်လိုတွေ ဘာတွေ သွားပြီးတိုင်ကြတယ် မသိပါဘူး။ ချက်ချင်းပဲ ကျုပ်ကို တောင်ကုတ် ပို့လိုက်တာပဲ။

**သင်း** - ဦးစောက ဒီတုန်းက နန်းရင်းဝန် မဟုတ်လား၊ ဇရာမလူကြီး ဖြစ်နေတာကိုး။

**ထင်** - ဒါပေါ့။ တကယ်ပုဂ္ဂိုလ်ကြီးလို့ ဆိုရမှာပေါ့။

**သင်း** - ဒါနဲ့ စစ်ကြီးပြီးသွားတော့ ဘယ်မှာ အလုပ်ပြန်ဝင်သလဲ။

**ထင်** - ဒီလို . . . ဒီလို၊ စစ်ကြီးဖြစ်လာလိုက်တော့ ကျွန်တော် လပွတ္တာကို ပြန်လာတယ်။ အင်္ဂလိပ်က ပြေးပြီ။ အုပ်ချုပ်ရေးမဲ့ မင်းမဲ့ကာလလိုဖြစ်နေပြီ။ ဟိုမှာ ဒီမှာ လုကြယက်ကြဆိုတာမျိုးတွေ ဖြစ်လာပြီ။ သခင်ထိန်ဝင်းတို့ကလဲ မလာကြသေးဘူး၊ ဒီတော့ ကျုပ်လဲ ကျုပ်ဦးလေးတွေ ဘာတွေနဲ့ တိုင်ပင်ပြီး မြို့ကို ထိန်းရတာပေါ့၊ ကိုယ်က အဲဒီအရပ်သားဇာတိ ဖြစ်နေလို့သာပေါ့။ မဟုတ်ရင် ဝိုင်းရိုက်မှာပေါ့။ အမျိုးကလဲကြီးတော့ အမျိုးထဲမှာ အရက်သမား





ဘိန်းစား အကုန်ရှိတာပဲ၊ ဓားပြတိုက်တဲ့ ကောင် တွေကလဲ အမျိုးထဲကပဲ။ ဒါနဲ့ ဦးလေးတွေနဲ့တိုင်ပင်ပြီး မြို့ကို အုပ်ချုပ်ထိန်း သိမ်းရတယ်။ ကျုပ်ကလဲ ရန်ကုန်ကပဲ ခန့်လိုက်သလိုလိုဘာလိုလို လုပ်ရတာ ပေါ့။ 'ကူဒီတာ' လုပ် လိုက်တာပေါ့ဗျာ။

(ဆရာက ထိုသို့ပြောပြီး အားရပါးရ ရယ်လိုက်ပါသေးသည်။ ပြီးမှ ဆက်၍ - )

**ထင်** - အဲဒီလိုနဲ့ ကိုယ့်ဘာသာကိုယ်အလုပ်ခန့်ပြီး ရုံးတွေဘာတွေနဲ့ပေါ့။ စာရေးတွေ စာချီတွေကလဲ ကိုယ့်သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ တပည့်တွေ ဆိုတော့ ကြည်ကြည်ဖြူဖြူပဲပေါ့။ သိပ်မကြာခင်မှာပဲ ရန်ကုန်က ကျွန်တော့် ကို ခန့်စာပို့လိုက်တော့ ကျွန်တော်လဲ တကယ့်တရားဝင်မြို့အုပ် ဖြစ်သွား ပြန်တာပေါ့။ အဲဒီလို မြို့အုပ်လုပ်နေတုန်းမှာ ကျုပ်က ငှက်ဖျားဖြစ်လာတာနဲ့ ခွင့်ယူပြီး ရန်ကုန်ကိုရောက်လာတယ်။ အဲဒီမှာ ဦးနုနဲ့တွေ့ကြတော့ ဦးနုက ကျုပ်ကို ပြောတယ်။ ငါတို့နိုင်ငံခြားရေးရုံးကို ထူထောင်ရ လိမ့်မယ်။ မင်း လာခဲ့တဲ့။ သူတို့က နားမှမလည်ကြသေးတာ။ ဒီလိုခေါ်လို့ ရတာမှ မဟုတ် ဘဲ၊ ဒါနဲ့ ကျုပ်က ပြောရတယ်။ ကိုကြီးနု - ခင်ဗျား ကျွန်တော့်ကို ခေါ်ချင်ရင် ဒီလိုခေါ်လို့ မရဘူး။ ပြည်ထဲရေးကလူတွေကို ပြောပါ။ လပွတ္တာမှာ မြို့အုပ် လုပ်နေတဲ့ ဦးထင်ဖတ်ဆိုတဲ့ လူကို ငါလိုချင်တယ်၊ ငါ့ဌာနကို ပို့လိုက်ပါလို့ အမိန့်ထုတ်လိုက်ပါ။ အဲဒီလိုမှ ကျွန်တော်က လာလို့ရတယ်လို့ ပြောလိုက် ရတယ်။ အဲဒီတော့မှ ကျွန်တော်က နိုင်ငံခြားရေး ဌာနကို ရောက်သွားခဲ့တာ။ အဲဒီလိုနည်းနဲ့ ရောက်သွားခဲ့ရတာ။ ဒါတောင် မသိတဲ့ လူတွေ အတွင်းဝန်ရုံး က တစ်ချို့လူတွေက ဦးနုနဲ့ကပ်လက်ဝါးရိုက်ပြီး လုပ်တာဘာညာ ပြောကြ သေးတယ်။

**သင်း** - ဒါဖြင့် အဲဒါက ဂျပန်ခေတ်ပေါ့။

**ထင်** - ဟုတ်တယ်လေ၊ အင်္ဂလိပ်ပြေးပြီးစမှာပဲပေါ့။ ဒီတော့ ဂျပန် တောင် ရောက်မလာသေးဘူး။ နောက်တော့မှ ဂျပန်ကရောက်လာတာ။ အဲဒါနဲ့ နိုင်ငံခြားရေးဌာနကို ထူထောင်ကြတာ။ နောက်တော့ ဗိုလ်ချုပ်အောင်ဆန်း တို့ အစိုးရအဖွဲ့ပေါ့။ ဒီလိုနိုင်ငံခြားရေးရုံးကို ထူထောင်တော့ သခင်နု ပါတယ်၊ ကျွန်တော်ပါတယ်၊ ကိုကျော်ငြိမ်းပါတယ်၊ သခင်ဗဟိန်း ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးမင်းပါတယ်၊ ကိုခင်မောင်လတ်ပါတယ်၊ ခင်မျိုးချစ် ပါတယ်။ ဒါတွေကို ကျွန်တော်ရေးလဲ ရေးခဲ့ဖူးပါသေးတယ်။ အဲဒီလို နိုင်ငံခြားရေးဌာနမှာ အလုပ်လုပ်နေတုန်းမှာပဲ ဦးနုက ပြန်ကြားရေးဌာနကို ထူထောင်ပြန်တယ်။ ဒီတော့ သူက ကျွန်တော့်ကို အဲဒီသတင်းနှင့်ပြန်ကြားရေးဌာနကို ခေါ်သွားပြန်ပါလေရော။ ဒါနဲ့ ပြန်ကြားရေးဌာနမှာ လုပ်နေရင်းပဲ ဟို 'အာဇာနည်မိခင်'တို့ ဘာတို့ဆိုတဲ့ ပြဇာတ်တွေ ဘာတွေဟာ အဲဒီမှာ လုပ်ဖြစ်ခဲ့ရတာပေါ့။ အဲဒီလိုလုပ်နေရင်းမှာပဲ တိုတိုပြောရရင် ဂျပန်ပြေးရော၊ ဂျပန်က အပြေးမှာ သတ်သွားတာ သူ့သူငယ်ချင်းတစ်ယောက်လဲ ပါသွားတယ် . . .။

သင်း - ဆရာ့ညီလဲ အဲဒီမှာပါသွားတာလား. . .။

ထင် - ဟုတ်တယ်. . . ကျွန်တော့်ညီလဲပါသွားတယ်။ အဲဒီလို မသတ်ခင်မှာ ဦးနုက ကျွန်တော့်ကို သူ့သူငယ်ချင်းကိုကယ်ဖို့ 'မင်း- ဦးဘဝင်းဆီမှာသွားပြီး ရီလိဖ်ဝရမ်းသွားတောင်းပါ'လို့ ခိုင်းတာနဲ့ ကျွန်တော်က ဝန်ကြီးဆီကို သွားရတယ်။ ဒီအချိန်မှာ တပ်ကလဲ ပျက်နေပြီ။ ကျွန်တော်က ဝန်ကြီး ဒီမှာ လက်မှတ်ထိုးပါဆိုပြီး ခိုင်းရတာပါပဲ။ ဒါနဲ့ ဝရမ်းလက်မှတ်ရတော့ သွားရ တာပေါ့လေ။ အဲဒါနဲ့ လှေကလေးနဲ့ သွားရတယ်။ သွားလို့ ဝါးခယ်မ ရောက်တော့ အဲဒီသူ့သူငယ်ချင်း ဦးထွန်းဖေဆိုတာက ဘာဖြစ်ကြတယ်မသိဘူး သူတို့ပုလိပ်ပုလိပ်ချင်းဖမ်းပြီး အချုပ်ထဲထည့်ထားလို့ ကျွန်တော့်မှာ အဲဒီ ဦးထွန်းဖေကို လွှတ်ဖို့ဝရမ်းနဲ့သွားရတာ။ ဟိုရောက်တော့ ဂျပန်က ထိပ်မှာ ဟိုဘက်က တုံကင်းတစ်စင်း ဒီဘက်က တုံကင်းတစ်စင်းနဲ့ စောင့်နေတာ သွားလို့မရတော့ဘူး။ ဘယ်သူမှကို မသွားရတာ။ ဒီတော့ ပြန်လာရ တော့တာပေါ့။ ဒီမှာတင်ပဲ ကျွန်တော့်ညီအပါအဝင် လူတွေကို မြောင်းမြထောင်က ထုတ်ပြီး သတ်ပစ်လိုက်တာပဲ။ ကျွန်တော်တို့က ဘယ်သိဦးမလဲ။ အဲဒီမှာ ဦးဘချိုက ပြောသေးတယ်။ မင်းတို့ စိတ်မပူကြပါနဲ့တဲ့၊ ငါတို့ အင်္ဂလိပ် စစ်တပ်ကို အကြောင်းကြားပြီးပြီ၊ မြောင်းမြထောင်ဘေးမှာ ဗုန်းချလိမ့်မယ်၊ ဒီတော့ ထွက်ပြေးနိုင်တာပေါ့တဲ့။ သူပြောတာက ဟုတ်ပါရဲ့၊ ဒါပေမယ့် နောက်ကျသွားပြီ မဟုတ်လား။ ဦးအောင်သင်းနှယ် သတ်တာမှ လူလေးဆယ်ကျော်၊ ဘယ်လိုသတ်တယ်ထင်သလဲ. . .။

သင်း - သေနတ်နဲ့ ပစ်သတ်တာ မဟုတ်လား။





ထင် - ဘယ်ဟုတ်မှာလဲ၊ ကျပ်တို့ ရှေးမြန်မာ့ရှင်ဘုရင် လက်ထက်က။

သင်း - လည်မြို တုတ်တိုနဲ့. . .။

ထင် - ဟုတ်ပ။ အဲဒီလိုကိုသတ်တာ၊ သဘောက အသံမထွက်အောင်ပေါ့။ သေနတ်နဲ့ပစ်ရင်လဲ သေနတ်သံက ထွက်ဦးမယ်လေ။ အဲဒီမှာ ကျွန်တော့်ညီလဲ ပါသွားတာပဲ။

သင်း - ဆရာရေးတဲ့ ဆောင်းပါး ကျွန်တော် ဖတ်လိုက်ရပါတယ်။ ဟို 'ထသောသူ ထိုင်ရမည်' ဆောင်းပါးထဲမှာ မဟုတ်လား။ ဂျပန်ပြည်ကို ဆရာရောက်သွားလို့ စစ်ပြန်ဒုက္ခိတ သူတောင်းစားတစ်ယောက်ကို ပိုက်ဆံပေးလိုက်တော့ သူဟာ ငါ့ညီကိုသတ်တဲ့သူ ဖြစ်ကောင်းဖြစ်မယ်၊ ဘာပဲဖြစ်နေနေ ဒုက္ခသည်တစ်ယောက်အနေနဲ့ ပေးတာပဲလို့ အောက်မေ့လိုက်ပေမယ့် ဆရာနဲ့အတူပါလာတဲ့ ဂျပန်က အဲဒီစစ်သားတွေကို ရှုတ်ချတယ် ဆရာက ပိုက်ဆံပေးတာကိုတောင် မကြိုက်ဘူးဆိုတာလေ. . .။

ထင် - ဟုတ်တယ်. . . ဟုတ်တယ်၊ သူတို့က သိပ်ပြီး ရှုပ်ဝါဒီ ဆန်လွန်းတယ်။ ကျွန်တော်တို့ အတွေးအခေါ်ကို သူတို့ နားမလည်နိုင်ဘူး၊ သူတို့က တစ်ခုပဲမှတ်ထားတယ်။ သူတို့ဆီမှာ ကိုရီးယားတွေကို ခိုင်းနေ ကြရတယ်၊ ကျွန်တော် သွားတုန်းက စစ်ပြီးတာ ငါးနှစ်ရှိပြီ။ စုတ်ချာနေတာ ပါပဲ၊ ခြေထောက်မှာဆို သတင်းစာစက္ကူတွေကို ပတ်လိုက်လို့၊ ဖိနပ်မှစီးစရာ မရှိဘဲ။ ကျွန်တော်က သူ့ကိုပြောပြတယ်၊ ငါဟာ သတင်းစာ ဆရာတစ်ယောက်အနေနဲ့ မင်းတို့ဆီကို လာခဲ့တာ၊ ဟီရိုရှီးမားအကြောင်းတွေဘာတွေ သိချင်လို့သာလာခဲ့တာ၊ ငါ့ညီကို မင်းတို့ ဂျပန်တွေ ရက်ရက်စက်စက် သတ်သွားခဲ့တာပဲ၊ အဲဒီအတွက် လျော်ကြေးတောင်းဖို့လာတာ မဟုတ်ဘူး၊ သတင်းစာဆရာ တစ်ယောက်အနေနဲ့ ငါ့လမ်းကိုသာ ငါသွားမှာပဲလို့ ပြောလိုက်တယ်။ ဦးအောင်သင်းရေ. . . အဲဒီစကားလေးကို ကျွန်တော်လဲ အမှတ်မထင် ပြောလိုက်ခဲ့တာပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့ မြန်မာ့သဘောထားအတော်လေး နားလည်သွားကြပုံပေါ်တယ်။ နောက်ပိုင်းမှာ စစ်လျော်ကြေးတွေ အများကြီးပေးခဲ့တယ်။ ဦးအောင်သင်းလဲ သိလိုက်မှာပါ။

သင်း - မှတ်မိပါတယ်ဆရာ၊ တစ်ခါမက ထပ်ပေးလိုက်ခဲ့တာကို မှတ်မိနေပါသေးတယ်။ အဲဒါနဲ့ ဆက်ပါဦးဆရာ၊ ဒါနဲ့ ဖဆပလ အစိုးရလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဆရာ ပြန်ကြားရေးဌာနမှာ လုပ်နေလိုက်သေးတယ် မဟုတ်လား။

ထင် - လာမယ်လေ၊ ဟာ လာမယ်လေဆိုပေမယ့် ခင်ဗျားက ကျုပ်ရေးမယ့် ဟာတွေ အကုန်လုံး လျှောက်မေးနေတော့တာကိုး ဦးအောင်သင်းရဲ့။

(ကျွန်တော်တို့ နဝဒေးအုပ်စုအားလုံး မရယ်ဘဲမနေနိုင်ကြတော့ပါ။ ဆရာကိုယ်တိုင်ကလည်း နှစ်ခြိုက်စွာ ရယ်နေပါလေသည်။ ထို့နောက် သမီးဘက်သို့ လှည့်လိုက်ပြီး - )

ထင် - သမီးရေ . . . ညည်းဆရာက လူလည်ပဲဟ၊ ကြည့်စမ်း၊ ငါရေးမှာတွေကို အကုန်လုံးမေးပြီး သူချည်းရေးတော့မယ်နဲ့ တူတယ်ဟ။ ငါရေးစရာတောင် ကျန်ပါ့မလား မသိတော့ဘူး။

(ကျွန်တော်တို့အားလုံး ရယ်လိုက်မိကြပြန်ပါသည်။ ဆရာမောင်ထင် အကြောင်းကို စာဖတ်သူသတိထား မိပြီးဖြစ်ပါလိမ့်မည်။ အလွန်ကို လေးပင်ပြီး စိတ်ညစ်စရာ၊ ရင်နင့်စရာကောင်းသော အကြောင်းအရာများကိုပင်လျှင် စာဖတ်သူ စိတ်ညစ်သွားမည်ကို စိုးရိမ်ဘိသည့်အလား ပေါ့ပါးအောင် ရေးသွားတတ်သည်။ 'ငဘ' ဝတ္ထုဆိုလျှင် တကယ့်ကို ရင်နင့်စရာဖြစ်ရပ်ကြီး အကြောင်းကို ရေးထားခြင်း ဖြစ်သည်။ သို့သော် ဆရာက စာဖတ်သူကို စိတ်မညစ်စေဘဲ ပေါ့ပါးသက်သာစွာ ရေးသွားခဲ့သည်။ စာဖတ်သူအပေါ် ဆရာမောင်ထင်ထားခဲ့သည့် စေတနာကို ကျွန်တော် နားလည်နေသည်မှာ ကြာခဲ့လေပြီ။ မိမိတည်းဟူသောအကြောင်းကြောင့် ပတ်ဝန်းကျင်မှာ ပျော်နေစေချင်သောစိတ် ဆရာ့တွင် အမြဲတစေ ကိန်းအောင်းနေသည်ဟု ကျွန်တော်ထင်မိသည်။ မိမိတွေ့ကြုံရသော ဒုက္ခကို မျက်ရည်စနှင့်ပြောတတ်သော လူမျိုးရှိသကဲ့သို့ ကိုယ်မျက်ရည်ကျခဲ့ရသည်ကို ရယ်စရာလုပ်ပြီး ပြောတတ်သော လူမျိုးတွေကို စာဖတ်သူ တွေ့ဖူးပါလိမ့်မည်။ ဆရာသည် ဒုတိယလူစားမျိုး ဖြစ်သည်ဟု ကျွန်တော်ဆိုချင်သည်။ ထိုနောက် ဆရာက ဆက်ပြန်ပါသည်။)

ထင် - ဒါနဲ့ တိုတိုပြောရရင် ဂျပန်ပြေးရော၊ အင်္ဂလိပ်ဝင်လာရော။ ဒီတော့ ဦးနုက လာပြန်တယ်။ အဲ . . . စပြီး လာတော့ ဦးနု မပါသေးဘူး။ သူက မုဒုံကို ဂျပန်နဲ့ ပါသွားရသေးတာကိုး။ ပထမစပြီး လာတာက





ဦးခင်ဇော်။ သူက ကျွန်တော့်ကို ပြောတယ်။ ငါတို့ ရေဒီယိုအသံလွှင့်ဌာန ဖွင့်ကြမလို့တဲ့၊ အဲဒီမှာ မင်းဝင်လုပ်ပါတဲ့။

သင်း - နေဦးဆရာ၊ ဆရာဦးခင်ဇော်က ဆရာတို့ထက် အတော်လေး ကြီးမယ် ထင်တယ်။

ထင် - ကြီးတာပေါ့။

သင်း - အစက သူက ပိဋကတ်တိုက်မှူး မဟုတ်လား။ ဆရာဇော်ဂျီ တို့ကတောင် သူ့ကို ဆရာလို့ သတ်မှတ်တာကို တွေ့ရတယ်။

ထင် - ဟုတ်တယ်လေ။ သူ့လွှလ ပယောဂကြောင့် ကိုသိန်းဟန်က L.S. (စာကြည့်တိုက်ပညာဘွဲ့) ယူဖို့ အင်္ဂလန်ကို သွားခဲ့ရတာပဲ။ ဒီ ကိုသိန်းဟန်တို့ ကိုခင်ဇော်တို့က ကျောင်းမှာ နေကတည်းက သူငယ်ချင်းတွေကိုး ဦးအောင်သင်းရဲ့၊ သူတို့က ကျွန်တော့်ထက်ကြီးကြပေမယ့် သူငယ်ချင်းတွေပဲပေါ့။ 'ဂါးထရှူး'လဲ အပါအဝင်ပေါ့။ ဒီတုန်းက ကိုခင်ဇော်က ဂါးထရှူးကို ပိုးနေတာ။

သင်း - ဂါးထရှူး ဆိုတာက. . . ။

ထင် - ဦးအောင်သင်းတို့ ကြားဖူးမလား မသိဘူး။ တရားသူကြီးချုပ် 'မစွတာကား' ဆိုတာ။ သူ့သမီးပေါ့။ သူတို့ ညီအစ်မ နှစ်ယောက်ကိုတော့ သိတယ်၊ တစ်ယောက်က မေရီကားတဲ့။ အင်္ဂလိပ်စာဌာနမှာ ဆရာမဝင် လုပ်လိုက်သေးတယ်။ ဂါထရှူးကားလဲ အင်္ဂလိပ်စာဌာနမှာ ဆရာမ ဝင်လုပ်တယ်။ ဒီတော့ ကျွန်တော်တို့ တန်းခွဲကျူတိုရီယယ်ကို သူက စစ်ရတယ်၊ သူက ကျွန်တော့် အင်္ဂလိပ်စာ အရေးအသားကို သဘောကျတယ် အဲဒါနဲ့ နောက်တော့ ခင်မင်ပြီးမိတ်ဆွေ ဖြစ်သွားကြတာပါပဲ၊ ဒါနဲ့ နောက်တော့ သူတို့ချင်းလဲ ညားသွားကြပြီး စစ်ဖြစ်တော့ အိန္ဒိယပါသွားကြတယ်။ စစ်ပြီးတော့ ပြန်ရောက်လာကြရော။ အဲဒီအချိန်မှာ ကျွန်တော့်ကိုခေါ်တာပဲ။ ဒါနဲ့ အဲဒီမှာ ဝင်လုပ်နေတာပေါ့။ ဒါပေမယ့် ခက်တာက - ဒီလိုဗျ၊ ကျွန်တော်က ဟိုစပ်စပ် ဒီစပ်စပ် နည်းနည်းပါးပါး လုပ်တတ်ကိုင်တတ် ရှိတယ်ဗျ။ ဒီတော့ ဟိုလူကလည်း လိုချင်၊ ဒီလူကလည်း လိုချင်။ အယ်. . . ဟိုနား သွားလုပ်လိုက်ပါဦး၊ ဒီဟာလေး သွားလုပ်လိုက်ပါဦးနဲ့ အကုန်လျှောက်ခိုင်းတော့တာဗျ။ အမယ်လေး . . . လေး . . . ဦးအောင်သင်းရယ် ကျုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လေ ဒီရန်ကုန်မြို့လေးပေါ်မှာတင် ပြောင်းလိုက်ရွှေ့လိုက်ရတာ နည်းနည်းနောနောမှ မဟုတ်ဘဲ။

**သင်း** - နေပါဦး ဆရာက မြန်မာ့အသံမှာ မဟုတ်လား။

**ထင်** - အေးလေ . . . ဟုတ်တယ်လေ၊ ဒါပေမယ့် မြန်မာ့အသံမှာ အေးအေးမှ မနေရဘဲ။ တော်ကြာ. . . ပြန်ကြားရေးမှာ လူမရှိလို့တဲ့။ အဲ. . . ပြန်ကြားရေးကို သွားလိုက်ရပြန်ရော။ အဲ. . . ပြန်ကြားရေးမှာ လုပ်နေတုန်း. . . ရခိုင်ပြည်မှာ. . . ဘာဖြစ်လို့ ညာဖြစ်လို့ မင်းသွားလိုက်ဦးဆို. . . ဘာမှန်းလဲ မသိဘူး၊ သွားလိုက်ရပြန်ရော။ နောက်ဆုံးတော့ သူတို့နိုင်ငံရေးသမား အချင်းချင်း. . . ဟိုကောင်ကို မသင်္ကာဘူး၊ ဒီကောင်ကို မသင်္ကာဘူး. . . ဆိုတာမျိုးကို ကျုပ်က စောင့်ကြည့်ရတာမျိုး ဖြစ်လာတယ်။ ဒီတော့ ကျုပ်က စဉ်းစားတယ်၊ ငါဟာ ပုလိပ်လဲ မဟုတ်ဘူး။ သူတို့နဲ့တွဲနေလို့ကတော့ တစ်နေ့မှာ ငါပါဒုက္ခတွေ့လိမ့်မယ်၊ ပိုင်းလို့ရသခိုက် ပိုင်းမယ်ဆိုပြီး ထွက်ပစ်လိုက်တာ။

**သင်း** - ဒါဖြင့် ဆရာက အလုပ်က ထွက်ပစ်လိုက်တာပေါ့။

**ထင်** - ဟုတ်တယ်၊ ထွက်ကိုပစ်လိုက်တာ။

**သင်း** - အဲဒါ ဦးနု လက်ထက်မှာနော် . . .။

**ထင်** - ဟုတ်တယ်၊ သူ့လက်ထက်ပေါ့။

**သင်း** - သတိရလို့ မေးလိုက်ရဦးမယ်။ ဆရာ ဂိုလ်ဒင်ဗယ်လီ (ရွှေတောင်ကြားလမ်း) ထဲမှာ နေလိုက်သေးတယ်နော်။

**ထင်** - ဟုတ်တယ် နေသေးတယ်။

**သင်း** - တခြားမဟုတ်ပါဘူး၊ အဲဒီတုန်းက ဆရာ့ကို ကျွန်တော်စပြီး မြင်ဖူးခဲ့တာမို့ပါ။ ဆရာက ခြံတံခါးဝနားမှာ ခြံထဲမှာ ဘာလုပ်နေတာ မှန်း မသိဘူး၊ စာရေးဆရာမောင်ထင် ဆိုတာသူပဲလို့ ပြောလိုက်လို့ မှတ်မိနေတာပါ။ ဆရာ အဲဒီမှာ အတော်လေးကြာကြာနေခဲ့တယ်ထင်တယ်။

(သမီး ခင်ထွေးရီ ဘက်သို့လှမ်း၍. . . )

**ထင်** - ဘယ်လောက်လောက် ကြာခဲ့လဲ၊ သမီးကိုမွေးတာ အဲဒီမှာ မဟုတ်လား။ ၁၉၄၉-၅၀လောက်မှာ ရောက်တာ၊ ၅၃ ရောက်တော့ ပြောင်းသွားတယ်၊ ဟုတ်တယ်။





**သင်း** - အဲဒီမှာ ထွက်လိုက်တော့ ဆရာဘာတွေဆက်လုပ်သေးလဲ။

**ထင်** - အမယ်. . . ထွက်လိုက်လို့ အေးအေးဆေးဆေးနေရပြီ မထင်လိုက်နဲ့ ဦးနုက စွယ်စုံကျမ်းကို လုပ်ပေးပါဆိုလို့ ဝင်လုပ်လိုက် ရသေးတယ်၊ ငါးနှစ် လောက်ကြာတယ်။ ဦးနုနဲ့တွဲရတာက မလွယ်လှဘူး၊ သူ့ကြောင့် မဟုတ်ဘူး။ သူတို့ နိုင်ငံရေးသမားလောကဆိုတာက တော်တော်လေးကို ရှုပ်တာ။ ကျုပ်ကလဲ လူတစ်မျိုးဗျ။ 'ဟော့ကောင်. . . ငါ့မှာ အကြောင်းကတော့ဖြင့် ဒီလို. . . ဒီလိုရှိတယ်၊ ငါမှားသမျှ မင်းကကုန်းခံ ပေတော့'လို့ ပြောင်ပြောင်ပြောရင် ရတယ်၊ လုပ်မှာ။ မလုပ်ဘူး မထင်နဲ့။ အဲ. . . မလိမ့်တပတ်လုပ်ရင်တော့ ကျုပ်နဲ့မရတော့ဘူး။ ဦးနုက. . . ဒီလိုတော့ မဟုတ်ပါဘူး၊ ဒီကောင် ခိုင်းကောင်းတယ်ဆိုပြီး ခိုင်းနေတာပါပဲ။ ခက်တာက သူတို့နိုင်ငံရေးသမား လောကဆိုတာ မလွယ်ဘူး. . . ဦးအောင်သင်းရဲ့။ သူတို့ချင်းက မိတ်ဆွေတဲ့၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် စကားလဲ မပြောဘူး . . . ဗျာ။ ကဲ. . . ကြည့်ပါဦး။ သူတို့က အဲဒီလို၊ ကျုပ်က ကြားထဲက ခံရတာ။ သူတို့က အာဏာလေးကိုကြည့်ပြီး အလုပ်လုပ်ကြတာ။ ပြီးတော့. . . သူတို့က ကျုပ်ကိုထားပစ်ခဲ့ကြမှာ။ ဒီတော့ . . . ဦးအောင်သင်းရေ. . . ငါက သူတို့ကို ဦးအောင်ထားပစ်ခဲ့မှ ဖြစ်တော့မယ်ဆိုပြီး ထွက်ပစ်လိုက်ရတာ။

**သင်း** - ဆရာရေ. . . စိတ်တော့ မဆိုးနဲ့နော်၊ ဆရာတို့ခေတ်ပြိုင်က သမိုင်းတွေ ဖြစ်လာပြီမို့ မေးလိုက်ရဦးမယ်။ ဦးသန့်နဲ့ရော ဆုံမိလိုက်ကြသေးသလား။

**ထင်** - ဦးသန့်နဲ့က ဒီလိုဗျ။ ဦးသန့်က ဟိုမှာ သူ့ဟာသူနေရှာတာ၊ အဲဒါ သူ့ကို ခေါ်တယ်၊ ခေါ်ပြီးဘာလုပ်တယ် ထင်သလဲ၊ ကျွန်တော့် **Deputy** အလုပ်ခိုင်းထားတယ်။ ကျွန်တော်က ညွှန်ကြားရေးမှူး၊ သူက လက်ထောက်ညွှန်ကြားရေးမှူး။ လုပ်ပုံကို ပြောတာပါ။ ကတ်သီးသတ်သတ် လုပ်ပုံပြောပါတယ်။ ဦးသန့်က ကျွန်တော့်ထက် အသက်ကလဲကြီးတယ်၊ ပညာကတော့ အတူတူပဲထားလိုက်ပါတော့။ သူက ဥပစာတန်းအောင်တော့ ကျောင်းထွက်သွားပြီး ကျောင်းဆရာလုပ်နေတယ်။ ကျွန်တော်က ဥပစာတန်းမှာ ကျနေဘယ်။ အတူတူနေခဲ့တာပါပဲ။ ဦးသန့်က နိုင်ငံရေး အရိပ်အငွေ့ပါသလဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဒီတော့ လုပ်ချင်းလုပ်ရင် ဦးသန့်က ကျွန်တော့်ခေါင်းပေါ်မှာသာ ရှိရမယ်၊ မဟုတ်ဘူးလား။ ကျွန်တော့်ထက် အသက်ကလဲကြီးတယ်၊ ပန်းတနော် ကျောင်းဆရာကြီးဆိုတဲ့ ဂုဏ်လဲရှိတယ်။ နောက်ပြီး ဦးနုနဲ့ လုပ်ဖော်ကိုင်ဘက်လို့လဲ ပြောနိုင်တယ်။ ဒီတော့ ရှိချင်းရှိရင် ကျွန်တော့်ခေါင်းပေါ်မှာ ရှိရမှာပေါ့။ ခုတော့ မဟုတ်ဘူး ကျွန်တော့်လက်အောက် လာရောက်နေတယ်။ ဒီတော့ ကျွန်တော်က ပြောတယ် "ကိုသန့် - ခင်ဗျားက အတွင်းဝန်ရုံးမှာ ကျွန်တော်တို့ အထက်ကနေရမှာ၊ အခု ခင်ဗျားက ကျုပ် အောက်ရောက်နေတယ်၊ မဟုတ်သေးဘူး"လို့ ပြောတယ်။ ဒီတော့ ကိုသန့်က "မဟုတ်ဘူးလေ - သူတို့က နေရာချထားတာဆိုတော့. . ." "အေးလေ. . . သူတို့က နေရာချထားတာမှန်ပါတယ်၊ ဒါပေမယ့် ပြောင်းတိပြောင်းပြန် ဖြစ်နေတာကို ကျုပ်က ပြောတာပါ"လို့ ပြောလိုက်တယ်။ ဟောဗျား. . . ကျွန်တော်ပြောလို့ စကားတောင် မဆုံးသေးဘူးပြောရမလား မသိပါဘူး၊ မကြာလိုက်ပါဘူးဗျာ ကိုသန့်က ကျုပ်ခေါင်းပေါ်ကျော်ပြီး အတွင်းဝန်ရုံးရောက်သွားပါလေရော။ ကိုင်း . . . စဉ်းစားကြည့်ပေါ့။ ကျုပ်က ညွှန်ကြားရေးမှူး ကိုသန့်က လက်ထောက်ညွှန်ကြားရေးမှူး။ ပြီးတော့ . . . ဗြုန်းဆိုသူက ကျုပ်အပေါ်ကျော်တဲ့ပြီး အတွင်းဝန်ရုံးရောက်သွားပါလေရော။ဒီတော့ ဘယ်နိုပ်တော့မလဲဗျ။

သင်း - ဟုတ်တာပေါ့ဆရာ။ အစကတည်းက. . .။

ထင် - အေးလေ. . . အဲဒါပြောတာပေါ့။ ကျွန်တော်က မကြည်ဖြူလို့ ပြောတာ မဟုတ်ပါဘူး၊ အစကတည်းက ကြည်ဖြူလို့ ကိုသန့်ကိုတောင် လုပ်ပုံ မဟုတ်ဘူးလို့ ပြောခဲ့မိသေးတာပဲ။ ကိုသန့်ကတော့ ပြောရှာပါတယ်။ ကိုကြီးနုက တစ်ခါတလေဒီလိုပဲတဲ့။ ဒီတော့ ကျွန်တော်က ပြောတယ်၊ ခင်ဗျားတို့ချင်းက ဒီလိုပဲဆိုပေမယ့် ကျုပ်တို့က ကြားထဲက ဘာလုပ်ရမှန်း မသိဘူးဗျ။ ပြီးတော့. . . ကြည့်. . . တိုင်ပင်စရာရှိတော့ သူတို့ချင်းဗျ။

သင်း - ဒါဖြင့် ဆရာက ညွှန်ကြားရေးမှူးအဖြစ်ကနေပြီး အလုပ်က ထွက်လိုက်တာပေါ့။

ထင် - ဟုတ်တယ်။

သင်း - အဲဒီမှာ စာရေးတော့ ပထမဆုံး ဟိန်းထွက်လာ လိုက်တာကတော့





'ငဘ'ပဲနော်။

ထင် - ဟုတ်တယ်၊ ဒီလိုလေ. . . ကျုပ်က တကယ့်ကို ရင်ထဲက လှိုက်လှဲတဲ့ ခံစားမှုနဲ့ ရေးလိုက်တာကိုး။ ခံစားမှုရှိတယ်ဆိုတာကလဲ ကျုပ်တို့က တစ်သက်လုံး ဒီ 'ငဘ' တွေနဲ့ ကြီးပြင်းလာခဲ့ရတာကိုး ဦးအောင်သင်းရဲ့။ ကျုပ်တို့က စောစောကပြောခဲ့သလို လယ်ယာလုပ်ငန်း လုပ်ခဲ့လေတော့ မြန်မာတောင်သူလယ်သမားတွေ၊ နောက်ပြီး လယ်ကူလီလုပ်ရတဲ့ ကုလားတွေ၊ နောက်ပြီး တရုတ်ဆိုင်တွေ၊ အဲဒီလို ပတ်ဝန်းကျင်မှာ ကြီးပြင်းပြီး သူတို့ဘဝကြားထဲမှာ ကျင်လည်ခဲ့ရတာကိုး။ ဒီအကြောင်းတွေကို ပြန်ပြီး ရေးလိုက်ရတာဖြစ်လေတော့ အာရုံကလဲ စိမ့်ပြီး ဝင်စားသွားတော့တာပေါ့။

သင်း - အဲဒီထဲမှာ ကျွန်တော် နာမည်တော့ မမှတ်မိတော့ဘူး၊ ဟို . . . ဆရာ၊ ကုလားလေ၊ လယ်ကူလီကုလား. . . .။

ထင် - 'ဟော်ရီး' လား။

သင်း - ဟုတ်တယ်. . . ဟုတ်တယ်. . . ဟော်ရီး၊ သူ့အကြောင်းကိုဆိုရင် တကယ့်ကို ကရုဏာစိတ်နဲ့ ရေးထားလိုက်တာ သိပ်ကို သနားစရာကောင်းတာပဲ။ မြန်မာလယ်သမားတွေနဲ့အတူ ဒုက္ခရောက်ကြရတာ တကယ့်ကို ပေါ်လွင်တာပဲ။

ထင် - ဒီလိုလေ ကျုပ်စိတ်ထဲမှာ ခံစားရတာက မြန်မာရယ် ကုလားရယ် မဟုတ်ဘူး၊ အားလုံးဟာ လယ်သမားပဲလို့ မြင်နေမိတော့တာကိုး ဦးအောင်သင်းရဲ့။

သင်း - ငဘ မတိုင်မီကလဲ ဆရာစာတော့ရေးခဲ့တာပဲ၊ ဒါပေမယ့် ငဘ ထွက်လာလိုက်တော့မှ ဆရာ့ကိုပိုပြီး လူသိများသွားတယ်၊ အဲဒီ ငဘ ထွက်လာပြီးတဲ့ နောက်ပိုင်းကျတော့မှ ဆရာလဲ တအတွေ့ပိုပြီး ရေးဖြစ်လာ ဘယ်နော်။

ထင် - ဒီလို. . . ငဘကတော့ ကျွန်တော့် Major Work (အားအစိုက်ဆုံး ဝတ္ထု) ဆိုပါတော့။ ရေးချင်နေတာကြာပြီ၊ စိတ်ထဲမှာကို ပြင်ဆင်ထားပြီးသား ဆိုပါတော့။ အဲဒါမှာ စောစောကပြောခဲ့သလို စေတနာ အားစိုက်မှုကလဲ ပါသွားလိုက်တာကိုး။ ဒီအရင်ကတော့ ဘယ်မှာ သိပ်ရေးနိုင်ပါ့မလဲ၊ ခင်ဗျားက ပြောလာလို့ ကျုပ်အဖြစ်ကို ပြန်ပြောလိုက်ရဦးမယ်။ ကျုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြို့အုပ်လုပ်လိုက်ပါတယ် တစ်ချက်မှ အငြိမ်မနေခဲ့ရဘူး ဟိုပြေး လိုက်ရ ဒီပြေးလိုက်ရ။ ဦးအောင်သင်းနှယ် မြို့အုပ်သက်တမ်း ခြောက်နှစ် လုပ်ခဲ့တာမှာ ဆယ့်နှစ်ခါပြောင်းခဲ့ရတယ်။

(ကျွန်တော်က တကယ့်ကို အံ့အားသင့်သွားပါသည်။)

**သင်း** - ဟာ. . . ခြောက်နှစ်မှာ ဆယ့်နှစ်ခါပြောင်းရတယ်ဆိုတော့ တစ်နှစ်ကို နှစ်ခါလောက်ပြောင်းနေရတာပဲ။

**ထင်** - အေးလေ. . . အဲဒါပြောတာပေါ့။ သုံးလလောက်နဲ့ ပြောင်းလိုက်ရ ခြောက်လလောက်နဲ့ ပြောင်းလိုက်ရဟာ အဲ. . . နောက်ဆုံးနေခဲ့တဲ့ တောင်ကုတ်မှာပဲ ခပ်ကြာကြာလေး နေလိုက်ရတယ်။ ကျန်တာတွေကတော့ သုံးလနဲ့ ခြောက်လနဲ့ စခန်းသွားခဲ့ရတာ။ အဲဒီမှာတင် မြို့အုပ်အလုပ်တော့ ဖြင့် တော်ပြီလို့ ဆုံးဖြတ်လိုက်တာ။

**သင်း** - ဒါထက် ဆရာ့ဖခင်က ဘယ်အချိန်ထိအောင် ရှိသွားခဲ့သလဲ။

**ထင်** - ကျွန်တော့် အဖေက ၇၈ ကျမှ ဆုံးတာ။

**သင်း** - ဟာ. . . ဟုတ်လား၊ အသက် တော်တော် ရှည်ရှည်နေသွား ရတာပေါ့။

**ထင်** - ဟုတ်တယ်၊ သူဆုံးတော့ အသက်ကိုးဆယ်ရှိပြီ၊ ကျွန်တော့် အမေ က အသက်ကိုးဆယ့်ခြောက်နှစ်မှာ ဆုံးတယ်။

**သင်း** - ဟုတ်လား၊ ဆရာတို့က အသက်ရှည်တဲ့အမျိုးလို့ ဆိုရမယ် ထင်တယ်၊

**ထင်** - ဟုတ်တယ်၊ ကျွန်တော်တို့အမျိုးက များသောအားဖြင့် အသက် ရှည်တဲ့ အမျိုးပဲ။ ကျွန်တော့်ဘကြီးတွေ ဘာတွေလဲ တော်တော်လေးကို အသက်ရှည်ကြတယ်။

**သင်း** - ဒီဘက်အစိုးရတွေလက်ထက် ကျွန်တော်ပြောချင်တာက ဆိုရှယ် လစ်ခေတ် အစိုးရတွေလက်ထက်မှာလဲ ဆရာ ပါပါနေရတာကို သတိထား မိတယ်။

**ထင်** - ဒီလိုဗျ၊ ကျုပ်က နိုင်ငံရေးသမားတော့ မဟုတ်ဘူး၊ ဒါပေမယ့် I am a thinker. (အတွေးအခေါ်သမား)။





**သင်း** - ဟုတ်ပါတယ်ဆရာ။ မှန်တယ်။

**ထင်** - ကျွန်တော်တို့က ငယ်ငယ်ကတည်းက ပြည်သူ့နီတိဆိုတာမျိုးတွေ ကို သင်လာခဲ့ရတာ။ ဒီတော့ နိုင်ငံရေးရယ်လို့ မဟုတ်သော်လည်း သမိုင်း ကြောင်း ကစပြီး ကွန်မြူနစ်၊ ဆိုရှယ်လစ်ဆိုတာတွေကို အခြေကျကျ အတော်လေး သိလာခဲ့ပြီးသား။ ဟိုကွန်မြူနစ် စာအုပ်ပါးပါးလေး . . .။

**သင်း** - ကွန်မြူနစ် မင်နီဖက်စ်တို. . .။

**ထင်** - အဲဒီလို ကြော်ငြာစာအုပ်လောက်ကို ဖတ်ပြီး ကွန်မြူနစ်ကို သိခဲ့ တာမှ မဟုတ်ဘဲ။ နောက်ပြီး ခင်ဗျားလဲ သတိထားမိပါလိမ့်မယ်၊ ကျွန်တော် က တစ်ခုခုကို သိချင်ရင် လုပ်ချင်ရင် သေသေချာချာကို စနစ်တကျ လေ့လာပြီးမှ လုပ်တတ်တာ။

**သင်း** - ဆရာရေးတဲ့ ကမ္ဘာ့စာပေသမိုင်းတွေကို ကြည့်လိုက်ရင် သိသာ ပါတယ် ဆရာ။

**ထင်** - ဟိုတုန်းကစိတ်နဲ့ကိုပဲ ဆိုရှယ်လမ်းစဉ်ဟာဖြင့် ငါတို့တိုင်းပြည်နဲ့ သင့်လျော်လောက်တယ်လို့ကို အောက်မေ့ခဲ့တာပါ။ ဒါကြောင့် ငါလဲ ပါဝင် ကူညီသင့်တယ်ပေါ့။ ဒါပေမယ့် လုပ်နေရင်း တွေ့လာရတာက တကယ့် အတွေးအမြင် ယုံကြည်ချက်နဲ့ လုပ်နေတဲ့သူတွေက လုပ်နေချိန်မှာ လက်ငင်းစားဖို့ကို ဦးစားပေးနေတဲ့သူတွေက များလာတော့ ဘယ်မှာနိုင် တော့ မလဲဗျ။ နောက်တော့ (နာမည်တော့ မပြောတော့ပါဘူးဗျာ) ဒီလမ်းစဉ် ကြီးကို ချခဲ့ရာမှာ ပဓာနအဖြစ်ပါခဲ့တဲ့ လူကတောင် 'ဆရာရေ - ဒီအထဲမှာ ဆရာမပါပါနဲ့တော့၊ ဆရာ စိတ်ဆင်းရဲလိမ့်မယ်'လို့ကို ပြောတော့ဘာ၊ ဒါ တောင် ကျုပ်အတော်များများ လုပ်ပေးခဲ့ပါသေးတယ်၊ လယ်ယာမြေပြည် သူပိုင် ပြုလုပ်ရေးစီမံကိန်းတွေမှာ ကျွန်တော် အများကြီးနေ ခဲ့ရတာပေါ့။ ပြောရဦးမယ် ကျုပ်မှာ အဲဒီအချိန်က ဝတ္ထုဘာညာဆိုတာတွေသာ မရေး နိုင်တာကိုး၊ အဲဒီလို စာမျိုးတွေကို အများကြီးကို ရေးခဲ့ရတာ။

**သင်း** - ဟုတ်ပေမှာပေါ့ဆရာ၊ ပြည်တော်သာ စီမံကိန်းတုန်းကလဲ ဆရာပါခဲ့ရသေး မဟုတ်လား။

**ထင်** - ဟုတ်တယ်၊ ပါခဲ့ရသေးတယ်၊ ဒါပေမယ့် သိပ်မများခဲ့လှဘူး အဲ . . . မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်မှာတော့ဖြင့် အဲဒီထက် ဆယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပါလာခဲ့ရတာ။ ကျုပ်တို့နယ်က အရွေးခံပါ ဘာညာဆိုတာမျိုးတွေ ကျုပ်ကိုလာပြီး ပြောကြဆိုကြသေးတာ။ ကျုပ်က "ကျုပ်နဲ့ မဖြစ်ဘူး၊ ကျုပ်က နိုင်ငံရေးသမားမဟုတ်ဘူး၊ ဖြောင့်ဖြောင့်သွားပြီး ပြောင်ပြောင်ပြောတတ်တာ၊ ဒီတော့ စကားများလာကြပြီဆိုရင် ကျုပ်ကလဲ ခံချင်မှာ မဟုတ်ဘူး၊ နိုင်ငံရေးသမားတွေ လုပ်ချင်လုပ်ကြပေစေ၊ စဉ်းစားပေးတာမျိုးလောက်သာ ကိုယ်က လုပ်ချင်တာ" လို့ပြောရတယ်။ နောက်ပြီး ဦးအောင်သင်း ပြန်ပြီးသေချာ စဉ်းစား လေ့လာကြည့်စမ်းပါ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်က စီမံကိန်းတွေဟာ ကောင်းပါတယ်။ ကျုပ်တို့ကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ရလို့ ပြောနေတာ မဟုတ်ဘူး။ သေချာလေ့လာကြည့်ပါ အလွန်ကောင်းတဲ့ လမ်းစဉ်ကြီးပါ။

သင်း - ဟုတ်ပါတယ်ဆရာ။ လူတွေက. . .

ထင် - အေး. . . အဲဒါပေါ့. . . လက်ငင်းစားဖို့ဝါးဖို့လောက်ကိုသာ လုပ်ချင်တဲ့လူတွေများလာတော့ ဘာလမ်းစဉ်ကြီး ချနေနေ ဘယ်မှာ ကောင်းနိုင်တော့မလဲ။

သင်း - အခုဆက်ပြီးမေးချင်တာက ကမ္ဘာ့စာပေသမိုင်းတွေ အကြောင်းကို မေးချင်တာပါဆရာ။ အဲဒီစာအုပ်တွေကို ကျွန်တော် သေချာဖတ်ကြည့်မိပါတယ်။ ဆရာဟာ အတော်ကြီးကို အားထုတ်ထားတယ်ဆိုတာ သိသာပါတယ်။ တကယ့်လုပ်ငန်းကြီးတစ်ခုပါ၊ စင်စစ်အားဖြင့် ပြောရမယ်ဆိုရင် အနည်းဆုံးအဖွဲ့ငယ်လေး တစ်ခုလောက်ဖွဲ့ပြီး လုပ်ရတာမျိုးမှာ ဆရာတစ်ယောက်ထဲ လုပ်လိုက်တာကို ကျွန်တော် အံ့သြနေမိတာပါ။ ကျွန်တော် သိချင်တာက အဲဒီစီမံကိန်းကို ဆရာကစိတ်ကူးပေါက်တာလား၊ သို့မဟုတ် ဆရာ့ကို တိုက်တွန်းလို့ . . .။

ထင် - ဒီလိုဗျ. . . ကျွန်တော်က ကိုထင်ကြီးနဲ့ စကားပြောမိကြတော့၊ ကျွန်တော်ကပြောတယ်၊ ဒီအခါက ကျွန်တော်က ကမ္ဘာ့စာပေနဲ့ ပတ်သက်ပြီး ဟိုဟာလေးကောက်ရေးလိုက်၊ ဒီဟာလေးကောက်တို့လိုက် လုပ်နေတာကိုး။ ဒါကြောင့် ကျွန်တော်က ကိုထင်ကြီးကိုပြောတယ်။ ကိုထင် ကြီး- ဒီလို ဟိုနားလေး တို့တိ တို့တိ၊ ဒီနားလေး စပ်စပ် စပ်စပ် လုပ်နေတာက ဘာမှ အရာမထင်ဘူး၊ ထုပ်ထုပ်ထည်ထည်လေးဖြစ်အောင် (Something substantial) ဖြစ်အောင်တော့ လုပ်ကြရအောင်။ ဒီတော့ ကမ္ဘာ့စာပေ





သမိုင်းကို ကျုပ်ရေးမယ်၊ ခင်ဗျားတို့က ထုတ်ပါဆိုတော့ သူက သဘောတူတယ်။ ဒါနဲ့ စာအုပ် ၆ အုပ်ထုတ်ဖို့ စာချုပ်ကြတယ်။ ကျုပ်ကလဲ ရေးတာပေါ့လေ။ အဲဒါ ၄ အုပ်ထုတ်ပြီးရော . . . ဦးအောင်သင်းရယ် ကျုပ်က ပြောတောင် ဆက်မပြောချင်တော့ဘူး။ ပြောရတာ အားမရှိလွန်းလို့ပါ။

သင်း - ကဲ. . . ဆရာရေ. . . ခုမှတော့ ရပ်ထားလို့ မဖြစ်တော့ဘူး၊ အားမရှိပေမယ့် အားတင်းပြီးတော့သာ ပြောပေရော့။ ငဘ ချွေးတပ်ထဲပါ သွားလိုက်သလိုသာ အောက်မေ့လိုက်ပါတော့။

ထင် - ဟုတ်ပဲ့ဗျာ၊ ခင်ဗျားကလဲ ကျုပ်ကို စာပေချွေးတပ် လုပ်နေပြန်ပြီလား မသိတော့ဘူး။

သင်း - ချွေးတပ်ဖြစ်နေလဲ မတတ်နိုင်တော့ဘူးဆရာရေ၊ ဒါတွေကို စာသမား အချင်းချင်း အလွန်သိသင့်တယ်လို့ ကျွန်တော် ထင်မိတာကြောင့် မေးနေတာပါပဲ။

ထင် - ကိုင်း. . . ခင်ဗျားက မေးလာမှတော့ ပြောရတော့မှာပေါ့။ (History of World Literature) ကမ္ဘာ့စာပေသမိုင်းကို ၆ အုပ် ရေးပေးဖို့ ကျွန်တော်နဲ့ ကိုထင်ကြီးနဲ့ စာချုပ်ခဲ့တာကို ခုနက ပြောခဲ့တယ်နော်။

သင်း - ဟုတ်တယ်ဆရာ ပြောခဲ့ပါတယ်၊ နောက် ဘယ်လိုဖြစ်သွားလို့လဲ။

ထင် - အဲဒါ. . . နှစ်အုပ်ပဲ ကျန်တော့တယ်နော်။ ရုရှနဲ့ ဂျာမနီပဲ ကျန်တယ်။ ဒီအချိန်မှာ ဝန်ကြီးတစ်ပါး တက်လာတယ်။ ဒီတော့ အဲဒီဝန်ကြီးကို လူငယ်စာရေးဆရာတစ်ယောက်က စာပေဝိမာန်ကပါပဲ၊ နာမည်ကိုတော့ မပြောပါရစေနဲ့တော့ဗျာ၊ သူကသွားပြီးဘာပြောလဲ ဆိုတော့ ဒီစာစဉ်ကို ဒီလိုစာပေဝိမာန်က ထုတ်နေတာ မသင့်ဘူးပေါ့ဗျာ၊ သူက ကျုပ်ကို ဒီစာအုပ်တွေ ထုတ်ပြီး သူဌေးဖြစ်နေတယ်လို့များ အောက်မေ့နေလေသလား မသိပါဘူး ကိုအောင်သင်းရယ် . . .။

သင်း - သူဌေးဖြစ်ရင်ကော ဘာဖြစ်လဲဆရာရဲ့ . . .။

ထင် - အမယ်လေး ဖြစ်လဲမဖြစ်ပါဘူး ဦးအောင်သင်းရယ် ခင်ဗျား ပြောလိုက်တာနဲ့ ကျုပ်မှာ အဲဒီစာအုပ်နဲ့ သူဌေးဖြစ်သွားတယ် ထင်နေကြပါဦးမယ်။

သင်း - မဖြစ်နိုင်ပါဘူးဆရာ၊ ကျွန်တော်သိပါတယ်၊ သို့ပေမယ့် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



စာပေနယ်ပယ်ကို သူဌေးဖြစ်အောင် လုပ်ပေးနိုင်တဲ့ လူတစ်ယောက် သူဌေး ဖြစ်သွားရင်လဲ ဖြစ်ထိုက်တယ်၊ ခံစားထိုက်တယ်လို့ ယူဆမိတာကြောင့် ကျွန်တော်က ပြောလိုက်မိတာပါ။ ကဲ . . . ထားလိုက်ပါတော့ ဆရာရယ်။ ဆက်ပါဦး . . .။

ထင် - သူက အဲဒီလိုသွားပြောလိုက်တော့ အထက်ကလဲ ဇဝေဇဝါနဲ့ ဦးထင်ဖတ်ကို ရပ်လိုက်ဖို့ ပြောပါပေ့။ ဒီတော့ကျုပ်ကလဲ ရပ်လိုက်တော့ ပေ့။ ကိုအောင်သင်း စဉ်းစားကြည့်နော်၊ ကျွန်တော်နဲ့ ကိုထင်ကြီး စာချုပ် ရှိခဲ့တယ်။ တကယ်ဆို ဒီစာချုပ်ကို ပြန်မကြည့်သင့်ပေဘူးလား၊ အဲဒီစာချုပ် ဟာ ဘာမှမဟုတ်တော့ဘူး။ ဒီတော့ကျုပ်လဲ စိတ်ပျက်ပြီး ရပ်ပစ်လိုက်တာ ပေ့။ ဒီတော့ မအုန်းကြည်ကတော့ ပြောရှာပါတယ် . . .။

သင်း - စာပေဗိမာန် ညွှန်ကြားရေးမှူးလုပ်သွားတဲ့ ဒေါ်အုန်းကြည် . . .။

ထင် - အဲ . . . အဲ သူပေ့၊ ကျုပ်ကတော့ နှုတ်ကျိုးနေလို့ မအုန်းကြည် လို့ ပြောလိုက်ရတာ၊ သူက စိတ်မကောင်းရှာဘူး။ အဲ . . . သူက ပြောတယ်၊ ဆရာရယ် စိတ်မပျက်ပါနဲ့၊ အေးအေးဆေးဆေးမှာ ဒီကိစ္စပြန်ပြီး ဖြစ်အောင် လုပ်ပါ့မယ်ပေ့။ ကျုပ်မှာ ရေးနေပြီ၊ ရေးပြီးသားတွေတောင် အတော်ရှိနေပြီ၊ ဒါပေမယ့် ရေးချင်စိတ် မရှိတော့ဘူး။ နောက်တော့ မအုန်းကြည်တို့က ရှင်းပြလို့လားမသိဘူး၊ ဆက်ပြီးရေးပါပေ့လေ။ ဒီတော့ ကျွန်တော်က ပြောတယ်၊ ဟဲ့ . . . စာရေးဆရာတစ်ယောက်ကို ရေးလိုက်ဟဲ့၊ ဟဲ့ . . . မရေးနဲ့ လုပ်နေလို့ တော်ပါ့မလားလို့ ပြောလိုက်တယ်။ ကိုအောင်သင်း စဉ်းစားကြည့်လေ ဘတ်စ်ကားကျနေတာပဲ၊ ဟိုးဆရာ၊ ဆွဲဆရာ ဆိုတာလို ဖြစ်မနေဘူးလား။ နောက်ပြီး ကျွန်တော်ကိုယ်တိုင်ကလည်း ရေးချင်စိတ် မရှိတော့ဘူး၊ ဒါနဲ့ ကျုပ်လဲ ပစ်ထားလိုက်တယ်။

သင်း - ဆရာ. . . အဲဒီ ရေးလက်စ စာမူတွေရှိသေးလား။

ထင် - မပြောတတ်ပါဘူး ဦးအောင်သင်းရယ်၊ ဘယ်ထားမိမှန်းတောင် မသိတော့ပါဘူး။

သင်း - ဟာ. . . မလုပ်ပါနဲ့ဆရာ၊ ဒါတွေဟာ မပျောက်ကောင်းသော အရာတွေပါ၊ သိပ်နှမြောဖို့ ကောင်းတာတွေပါ။ ဒါထက်ဆရာရေ ဆရာရဲ့ ပြင်သစ်စာပေအကြောင်းကို ဖတ်လိုက်ရတော့မှ ဒေါက်တာဘဟန်တို့





ဒေါက်တာဘမော်တို့ အကြောင်းကိုသွားပြီး သေသေချာချာ တွေ့လိုက်မိ တာကိုး၊ သူတို့က ပြင်သစ်ပြည်မှာ ပညာသင်ခဲ့ကြတာနော်။

ထင် - ဟုတ်တယ်၊ 'ဘောဒိုး' တက္ကသိုလ်ပေ့။

သင်း - ဆရာတို့က ပြင်သစ်အသံထွက်အမှန်ကိုသိချင်ရင် ဒေါက်တာ ဘဟန်ရဲ့ အဘိဓာန်ကိုကြည့်ရတယ်၊ သူပြုစုတဲ့ ပြင်သစ် အလွယ်သဒ္ဒါ ကိုလဲ ဆရာတို့ဖတ်ရတယ်လို့ တွေ့ရတယ်။

ထင် - ဟုတ်တယ်လေ။ ဂျပန်ခေတ် ပြင်သစ်ဘာသာ လေ့လာတုန်းကဆို ကျုပ်တို့လက်စွဲပေ့။ ခုတော့လဲ မေ့ကုန်ပါပြီ ဦးအောင်သင်းရယ်။ ဟိုပြောင်း ဒီပြောင်းနဲ့ အဲဒီစာအုပ်တောင် ဘယ်ရောက်နေမှန်း မသိတော့ဘူး။

သင်း - မေ့မှာပေ့ါဆရာရယ်၊ ဘာသာစကားဆိုတာ မပြတ်အသုံးပြုနေမှ ကိုး။ မသုံးတာကြာသွားရင် ကိုယ့်မိခင် ဘာသာစကားတောင် မေ့သွား တတ်တာမျိုးပဲ။

(ဆရာနှင့် စကားပြောနေရင်း ဆရာပါရဂူကိုသွားပြီး သတိရမိ ပြန်သည်။ ဆရာပါရဂူသည်လည်း ဂျပန်ခေတ်က ဂျပန်ဘာသာစကားနှင့် စာကို အတော်ကြီးကို လေ့လာတတ်မြောက်ခဲ့သည်။ ယခုတော့ဖြင့် တစ်လုံး မှ မကျန်တော့ဟု ဆိုရလောက်အောင်ပင် မေ့သွားခဲ့ပြီ ဖြစ်သည်။

ဆရာထင်နှင့် ဆရာပါတို့နှစ်ယောက်လုံးကို သတိထားကြည့် လိုက်တော့ ဂျပန်ခေတ်တွင် ဆရာထင်က ပြင်သစ်စာကို လေ့လာခဲ့သည်၊ ဆရာပါက ဂျပန်စာကိုလေ့လာခဲ့သည်။ ပညာဘက်တွင် ဖြစ်စေ၊ စီးပွား ဘက်တွင်ဖြစ်စေ အောင်မြင်နေသူတို့ကို သုံးသပ်ကြည့်လိုက်လျှင် စစ်ကြီး ဖြစ်နေချိန်မျိုးမှာပင် အချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်အောင် ကြိုးစားနေကြ သည်ကို တွေ့လာရလေ့ရှိပါသည်။)

သင်း - ကျွန်တော်က ဒေါက်တာဘဟန်တို့အကြောင်းကို ဘာမှမည်မည် ရရ မသိပါဘူး။ ဒါပေမယ့် သူ့အင်္ဂလိပ်မြန်မာ အဘိဓာန်ကြီးကို သူ တစ်ယောက်ထဲ ပြုစုခဲ့တာမဟုတ်လား၊ ရုံးအဖွဲ့တွေ ဘာတွေတောင်ရှိတာ ပေ့ါလေ၊ ငွေကြေးလဲတတ်နိုင်လို့ လုပ်နိုင်တာပေ့ါလေ၊ နောက်ပိုင်းကျမှ သူ့အကြောင်းကို ပိုပိုသိလာတော့ ကျွန်တော်ဖြင့် တကယ့်ကို ကြည်ညို လေးစားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ထင်** - ဒီလိုဗျ. . . ဒေါက်တာဘဟန်က စာပေသမား Literature သမားဗျ၊ ဒါပေမယ့် ဥပဒေပညာမှာလဲ သူကထိပ်ပဲနော်။ အဲ. . . ဒေါက်တာဘမော်ကတော့ တကယ့်နိုင်ငံရေးသမား။ အရင်ကဆိုရင် တချို့ နားမလည်ပါးမလည် လူတွေက ဒေါက်ဘဟန်တို့ကိုဆိုရင် တောင်ပြောမြောက်ပြောပြောချင်ကြတယ်။ မပြောရဘူး မဟုတ်ပါဘူး၊ ပြောချင်ရင် ကိုယ်ပြောတဲ့ သူရဲ့အကြောင်းကိုတော့ ထိုက်သင့်သလောက် သိရမှာပေါ့။ အဲဒီလိုပဲ ပါမောက္ခလုစ်တို့ ပျူစာအရေးအသားကို ရှာကြဖွေကြလို့ တင်ပြကြတော့ ဒီလိုပဲ တောင်ပြောမြောက်ပြောနဲ့၊ သုတေသနလုပ်တဲ့သူတွေတောင် အရှုံးကိုဖြစ်လို့။ ကျုပ်ပြောတာက မပြောရဘူး မဟုတ်ပါဘူး၊ ပြောချင်ပြောပေါ့၊ နားမလည်ဘဲနဲ့ ထင်ရာကို ပြောတတ်တဲ့လူတွေအကြောင်းကို စဉ်းစားမိလိုက်ရင် စိတ်ပျက်လို့သာ ပြောနေတာပါ။ တကယ်ဆိုတော့ အဲဒီခေတ်အခါက ကျွန်တော်တို့က အင်္ဂလိပ်တွေလောက် တတ်စွမ်းနိုင်ကြသေးတာမှ မဟုတ်ဘဲ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်သမိုင်း၊ ကိုယ့်ယဉ်ကျေးမှုကို ပိုသိချင်ရင် အင်္ဂလိပ်နဲ့ပဲ ပေါင်းပြီးလုပ်ကြရမှာပေါ့။ ဦးအောင်သင်း စဉ်းစားကြည့်လေ၊ ကျွန်တော်တို့ ကိုယ့်တိုင်းပြည်ကို အင်္ဂလိပ်အောက်က လွတ်လပ်အောင် ကိုယ့်ဘာသာ မလုပ်နိုင်တော့ ဘာလုပ်ခဲ့ကြသလဲ။

**သင်း** - ဂျပန်နဲ့ ပေါင်းခဲ့ကြရတာပေါ့ဆရာ။

**ထင်** - အေး- အဲဒါပဲပေါ့။ ဂျပန်ကို ကိုယ်ဘာသာ တိုက်မထုတ်နိုင်တော့လဲ အင်္ဂလိပ်နဲ့ ပြန်ပေါင်းရပြန်တာပဲ မဟုတ်လား။ ယဉ်ကျေးမှုတို့ စာပေတို့ဆိုတာတွေမှာလဲ တိုးတက်လာချင်ရင် ဒီလိုပဲ ပေါင်းတန်ရင်ပေါင်းပြီးလုပ်ကြရတာပဲ ဦးအောင်သင်းရဲ့။ ဒါဟာ အဆန်းမဟုတ်ဘူး၊ သမိုင်းဘစ်လှောက်ကို ပြန်ကြည့်လိုက်ရင် ဖန်တစ်ရာတေအောင် တွေ့နေရတဲ့ နည်းနိုင်ကြီးပါ။

**သင်း** - ဆရာပြောလိုက်မှ သတိရလို့ပြောလိုက်ရဦးမယ်။ ဆရာက အဲဒီလို နည်းခိုးရအောင်၊ လုပ်နည်းကိုင်နည်းကိုသိကြရလေအောင် ကမ္ဘာ့စာပေသမိုင်းတွေကို ဘာသာပြန်ပြုစုပေးတယ်။ ခုခေတ်လူငယ်တွေက သူတို့ဘယ်ပုံဘယ်နည်း တိုးတက်အောင်လုပ်ခဲ့ကြတယ်ဆိုတာကို ကြေညက်နေအောင် မလေ့လာဘဲနဲ့ မော်ဒန်ဆိုတာတွေ၊ ပို့စ်မော်ဒန်ဆိုတာတွေကို. . .





(ဆရာက ဟက်ဟက်ပက်ပက်ရယ်ပါသည်။ ပြီးမှ ကျွန်တော့်ကို လက်ညှိုးထိုးပြလိုက်ရင်း ကျွန်တော်နှင့်အတူ ပါလာသော ဦးရဲမြင့်တို့ကို လှမ်းတဲ့ပြီး . . . . )

**ထင်** - အဲဒါ သူ့တပည့်တွေလေ. . .

(ကျွန်တော်ကလည်း မမျှော်လင့်သော ဟာသကြောင့် ရောနှောရယ်မောမိရင်း . . . )

**သင်း** - ဟာ. . . ဆရာကလဲ၊ မလုပ်ပါနဲ့၊ ကျွန်တော့် တပည့်တွေ ပါကောင်းပါမှာပေါ့၊ ဒါပေမယ့် ကျွန်တော် သင်ပေးတာတော့ မဟုတ်ပါဘူး၊ သူတို့ စိတ်ကူးနဲ့သူတို့ပါဆရာရဲ့။

(ဆရာက ဆက်လက် ရယ်မောလိုက်ရင်း. . . )

**ထင်** - ဟုတ်ပါပြီလေ - ထားလိုက်ပါတော့၊ ကျွန်တော်က သူတို့ကို ပြောပါတယ်၊ မင်းတို့ ထွင်ကြတာကို ငါက ဘာမှမပြောလိုပါဘူး။ ထွင်ကြပါ၊ ထွင်ရမှာပေါ့။ ဒါပေမယ့် 'ထွင်' ရင် 'တွင်' ရတယ်နော် လို့တော့ ပြောပါတယ်။ ဒီတော့ ကိုရင်တို့-ကိုရင်တို့ထွင်လိုက်တာ တွင်ရဲ့လားလို့ မေးကြည့်မိတယ် ဦးအောင်သင်းရဲ့။ ဒီလိုဦးအောင်သင်းရေ - ခင်ဗျားလဲ သိသားပဲ၊ မြန်မာကဗျာတွေမှာ သံပေါက်တွေကို စပ်ကြတယ်၊ နောက်တော့ သံပေါက်သံစဉ်တွေကို ပျင်းလာကြတယ်၊ ဒီတော့ လေးဆစ်ပေါ့၊ နောက်တစ်ခါ လေးဆစ်သံစဉ်ကို ပျင်းလာကြပြန်တော့ လေးချိုးကို ရေးကြပြန်တာပေါ့။ လေးချိုး သံစဉ်ကို ပျင်းလာကြပြန်တော့ လေးချိုးကြီးသံစဉ်ကို လုပ်ကြပြန်တာပေါ့။ လေးချိုးကြီး သံစဉ်ဟာ အတော်ကြီးကို ရွတ်လို့ကောင်းတာနော် ဦးအောင်သင်း။

**သင်း** - ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်က အဲဒီလေးချိုးကြီးတွေကို သင်ပေးခဲ့ရတာဆိုတော့ ပိုလို့တောင် အရသာ တွေ့နေမိပါသေးတယ်။

**ထင်** - အေးလေ-ဟုတ်ပါတယ်၊ ခင်ဗျားက ခေတ်သစ်ဝတ္ထုတွေ ခေတ်သစ်ဝေဖန်ရေးတွေကို သင်ပေးတယ်၊ ခင်ဗျားသာ တပည့်တွေကို အရပ်က လေးခွနဲ့ပစ်မှာစိုးလို့ ကာဆီးကာဆီးလုပ်ပြီး ရှေ့က ကာထွယ်ပေးနေတယ်၊ ခင်ဗျာ့လူတွေက အဲဒီလောက်တင် မဟုတ်သေးဘဲ မော်ဒန်တို့ ပို့စ်မော်ဒန်တို့ဆိုတာတွေအပြင် အင်္ဂလိပ်စကားလုံးကြီးတွေကို ညှပ်ညှပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားလိုက်တာ ဘာတွေပြောနေမှန်းတောင် မသိတော့ဘူး။ ကျုပ်တို့ခေတ်ကလဲ အင်္ဂလိပ်စာပေစေတဲ့ နိုင်ငံခြားစာပေတွေကို အတုယူပြီး ကြိုးပမ်းတီထွင်ခဲ့ကြတာပါပဲ။ ဒါပေမယ့် ခေတ်စမ်းစာပေ၊ ခေတ်စမ်းပုံပြင် စသည်အားဖြင့် စကားလုံးရှာခဲ့ကြတာပါပဲ။ ခုတော့ မော်ဒန်တဲ့။ မြန်မာစကားမရှိကြတော့ဘူးလား။ နောက်ပြီး ခုမှ သတိရလာလို့ ပြောလိုက်ရဦးမယ်။ ဒီမယ် ဦးအောင်သင်း 'အဥ္စလီ' ဆိုတာဘာလဲ။

**သင်း** - အဥ္စလီ ဆိုတာ ရှိုးကန်တော့တာပေါ့ဆရာ။

**ထင်** - ကဲ . . . ဒီလိုဆိုတော့ ကျုပ်က ကျုပ်သမီးကို 'အဥ္စလီထင်' လို့ မှည့်ဖို့ သင့်ပါတော့မလား။ ခင်ဗျားက ကျုပ်သမီးကို ထိုင်ပြီးကန်တော့နေရမှာလား၊ မဟုတ်တော့ဘူး ဦးအောင်သင်းရဲ့။ ကိုယ်ထွင်လိုက်ချင်ရင် ကိုယ်သုံးလိုက်တဲ့ စကားလုံးကိုတော့ နားလည်ကြရမှာပေါ့။ ခုတော့ အဥ္စလီ မော်ဒန် ဖြစ်နေကြပြီလား မပြောတတ်တော့ဘူး။

(ကျွန်တော်တို့ အားလုံးရယ်လိုက်မိကြပါသည်။)

**သင်း** - ဆရာပြောနေတာတွေဟာ အမှန်ပါပဲ၊ စကားလုံးတွေ ဝေါဟာရတွေကို သေချာမသိဘဲ သုံးချင်သလို သုံးနေကြတာတော့ အမှန်ပဲ ဆရာရေ။

**ထင်** တစ်ခုတော့ရှိတယ် ဦးအောင်သင်းရေ၊ သူတို့ကိုလည်းတယ်တော့ အပြစ်မတင်ချင်ဘူး။

**သင်း** - ဟုတ်လား၊ ဘာကြောင့်လဲ ဆရာ။

**ထင်** - ပညာ ခါးပြတ်သွားတာလေ ဦးအောင်သင်းရဲ့။

**သင်း** - ဆိုပါဦးဆရာ။

**ထင်** - ဦးအောင်သင်းပြန်ပြီး စဉ်းစားကြည့်လေ၊ မှတ်မိဦးမှာပါ၊ ကျွန်တော်တို့ မြန်မာစာပေတိုးတက်မှုနဲ့ပတ်သက်ပြီး ကြိုးစားခဲ့တဲ့လူတွေ နည်းပါရော့လား၊ ပါမောက္ခလုစ်၊ ဦးဖေမောင်တင်၊ ဆရာလင်း၊ ဆရာပွား၊ ဆရာကြီး ဖဦးထုပ် ဦးဖိုးစိန်၊ စဉ်းစားကြည့်နော် အဲဒီဦးဖိုးစိန်သာ မပေါ်ခဲ့ရင် ကျုပ်တို့ဟာ ခုထက်ထိ ဘိုးစိန်လိုလို၊ ဖိုးစိန်လိုလို ဖြစ်နေကြဦးမှာ၊ အဲဒီနောက် ဦးဖိုးလတ်တို့ဟုတ်လား။

**သင်း** - ဟုတ်ပါ့ဆရာ၊ သူတို့တစ်တွေက တကယ့်ကို (devoted ) ဘဝကို မြှုပ်နှံပြီး လေ့လာသွားကြတာ။ ဆရာကြီးဦးသာမြတ်ဆိုရင် စိုက်ပျိုးရေးဝန်ပဲ၊





သူနဲ့ဘာဆိုင်တာမှတ်လို့၊ ဒါပေမယ့် တကယ့်ကို မြန်မာစာပေ တိုးတက်ဖို့ လုပ်ဆောင်သွားခဲ့တာ။

**ထင်** - အေးလေ. . . ကျုပ်ပြောတာ အဲဒါကိုပြောတာပေါ့။ အဲဒါတွေက လွတ်လပ်ရေးရပြီး ထိလောက်အောင်သာ ထွန်းကားခဲ့တာ မဟုတ်လား။ နောက်တော့ ဘယ်မှာလဲ။ မရှိတော့ဘူး မဟုတ်လား။ ဒီတော့ ပညာ . . . အဲ စနစ်တကျ စိတ်ရှည်လက်ရှည် ခြေခြေမြစ်မြစ်လေ့လာမှု ခါးပြတ်သွားခဲ့တာ ဦးအောင်သင်းရဲ့။ စောစောပိုင်းက ကျွန်တော်ပြောခဲ့သလို နိုင်ငံရေးဝါဒတွေကို လေ့လာကြတာမှာ စာအုပ်မာတိကာနဲ့ ကြော်ငြာကိုဖတ်ပြီး ထင်မိထင်ရာ ခွတ်လုပ်တာမျိုးတွေက အကျင့်ဖြစ်သွားကြပြီ။ ခင်ဗျားကတော့ လူငယ်တွေကို စာပေသဘောတရားတွေ၊ စာပေဝေဖန်ရေးတွေ ပို့ချပေးတယ်၊ စာပေဆွေးနွေးပွဲတွေမှာ တက်ပြီး အဆွေးနွေးခိုင်းတယ်၊ သူတို့ရှေ့က မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးခဲ့တယ်။ ဒါပေမယ့် သူတို့က ဘာမှန်းလဲ မသိဘဲ မော်ဒန်တွေ ပို့စ်မော်ဒန်တွေလုပ်လာကြတယ်။ နောက်ပိုင်းမှာ တောကျေးလက်က ကလေးတွေကပါ ဘာမှန်းမသိဘဲ မော်ဒန်တွေ ဖြစ်လာကြတော့မယ်။ ကျုပ်က ခင်ဗျားကို အဲဒါတွေကို မေးချင်နေတာ၊ ခင်ဗျာကို 'တိုင်'ချင်တာတွေ ရှိနေသေးတယ်လို့ပြောခဲ့တာ အဲဒါတွေပါပဲ။ ခင်ဗျားကလဲ မော်ဒန်ပဲလား။

(ဆရာက ပြောနေရင်း ရယ်လိုက်ပါသေးသည်။)

**သင်း** - မဒန်ပါဘူးဆရာရယ်၊ မဒန်လို့ကိုပဲ ကျွန်တော့်ကို (up-to-date) မဖြစ်ဘူး၊ ခေတ်မမီတော့ဘူး၊ ကျန်ရစ်ခဲ့ပြီ ဆိုတာမျိုး ပြောနေကြတာကို ခံနေရတာပါ။ ·

**ထင်** - အေးလေ- အဲဒါမျိုးပေါ့၊ (up-to-date) မဖြစ်ဘူးလို့ ပြောတဲ့ သူတွေကိုယ်တိုင်ကကော (up-to-date)ဆိုတာဘာလဲ သေချာနားလည်ကြရဲ့လား။ ဒါမျိုးတွေကို ကျွန်တော်က ပြောချင်တာပါ။ ကျွန်တော်တို့တစ်တွေက ဘာကိုပဲ စဉ်းစားကြသည်ဖြစ်စေ analytical mind ပေါ့ သေချာခွဲခြမ်းစိတ်ဖြာပြီးကြည့်တတ်တဲ့ အလေ့အကျင့်ကို ထူထောင်ကြရမှာပဲ၊ စနစ်တကျ စိတ်ရှည်လက်ရှည် ခြေခြေမြစ်မြစ် သိအောင်လုပ်ပြီးမှ ပြောကြဆိုကြသင့်တယ် မဟုတ်လား။ ကိုအောင်သင်း သေချာပြန်ပြီး စဉ်းစားကြည့်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေဟာ ၁၉၂၀ ကစပြီး သေချာကိုစနစ်တကျ ကြိုးစားခဲ့ကြတာ။ ၁၉၃၀၊ ၁၉၄၀ အားလုံးမှာ တိုးတက်ခဲ့ကြတယ်။ ဒါနဲ့ စစ်ကြီးပြီးလို့ ၁၉၄၅ ရောက်တော့ ဟန်ပြီလို့ အောက်မေ့နေခဲ့ကြလိုက်တာ ဘာမှမကြာလိုက်ပါဘူး ချော်တောငေါ့ပြီး ဖြစ်ချင်တာဖြစ်သွား လိုက်ကြတာ ခင်ဗျား အသိပဲ။

သင်း - စစ်ကြီးကြောင့် ပညာမဲ့သွားခဲ့ရတဲ့ လူငယ်တွေက လူကြီးဖြစ်လာတာလဲ ပါမယ်ထင်ပါရဲ့ ဆရာရယ်။ တွေးတွေးဆဆ ဆင်ဆင်ခြင်ခြင် ပြောတဲ့ လူကိုနှတောင် အထင်သေးချင်သေးလာတတ်ကြသေးတာကိုး၊ တွေဝေတယ်၊ မပြတ်သားဘူးဆိုတာမျိုးတွေပေါ့။ ထားပါတော့ ဆရာ။ ဆရာတို့ ခေတ်စမ်းခေတ်က စာပေတွေကို ပြန်ပြီးလေ့လာ ကြည့်လိုက်တော့ တက္ကသိုလ်က စခဲ့တာပဲ။ အဲဒီအချိန် ခေတ်ပြိုင်မဂ္ဂဇင်းတွေ စာစောင်တွေမှာပါနေတဲ့ ကဗျာတွေ ဝတ္ထုတွေနဲ့ ဘာမှမဆိုင်အောင်ကို ခြားနားနေတာကို တွေ့ရတယ်။ အဲဒါတွေဟာ အင်္ဂလိပ်ရသစာပေ (English literature) တွေကို ရင်းရင်းနှီးနှီး သင်ယူကြရတာကြောင့်လဲ ဖြစ်မယ်ထင်တယ်နော်။

ထင် - ဟုတ်တယ်လေ၊ ဒါပေမယ့် အဲဒီလောက်တင် မကသေးဘူး၊ ကျွန်တော်တို့ ခေတ်က စာပေဝါသနာပါတဲ့ ကျောင်းသားတွေဟာ ပါဠိကိုပါ တတ်ခဲ့ကြသေးတယ်ဆိုတာကို ကိုအောင်သင်း သတိရမှာပေါ့။

သင်း - ဟုတ်တာပေါ့ဆရာ၊ အဲဒီခေတ်က မြန်မာကျောင်းသားတိုင်းလိုလို ပါဠိကို ယူခဲ့ကြတာပဲ။ ဆရာကြီး ဦးဟုတ်စိန်ဆိုရင် ပါဠိအဘိဓာန်ကြီးကို တောင် ပြုစုသွားခဲ့နိုင်သေးတာ။

ထင် - ဒီတော့ ကျွန်တော်တို့ခေတ်က ကျောင်းသားတွေဟာ အနောက်တိုင်းစာပေကိုရော၊ ကိုယ့်အရှေ့တိုင်းစာပေကိုရော အတော်ကြီး ထိထိရောက်ရောက်လေ့လာပြီးမှ ခေတ်စမ်းကိုလုပ်ခဲ့ကြတာ။ တကယ်ဆိုတော့ ခေတ်စမ်းရဲ့လုပ်ငန်းက မပြီးသေးဘူး ဦးအောင်သင်းရဲ့။ ဆက်ပြီးလုပ်ရဦးမှာ။ အဲဒါကို ဆက်ပြီးလုပ်ကြရမှာကို မလုပ်ကြဘဲနဲ့ မော်ဒန်ဆိုတာတွေ၊ ပို့စ်မော်ဒန်ဆိုတာတွေကို လျှောက်လုပ်နေကြတာ။ ကဗျာတဲ့၊ ကာရန်မပါ၊ အသံမပါ ဖြစ်သလို ရေးချလိုက်ပြီး ခပ်တည်တည်ကဗျာ စာဆိုပညာရှိကြီးတွေ လုပ်နေကြတာ။ မြန်မာမှာ ကာရန်မပါရင် ကဗျာကိုမဖြစ်နိုင်ဘူး။





ဘာသာစကားကိုက monosyllabic(ဧကဝဏ္ဏ) ဘာသာစကားမဟုတ်လား။ အင်္ဂလိပ်စကားသံ ဖွဲ့စည်းပုံနဲ့ တူတာ မဟုတ်ဘူး။ ကာရန်မဲ့ရေးလိုက်တာနဲ့ မော်ဒန်ဖြစ်သွားပြီလို့ဆိုရင်တော့ သွက်သွက်လည်အောင်မှားနေတော့မှာပေါ့ ဦးအောင်သင်းရဲ့။ ကိုယ့်ဘာသာစကားကိုလဲ သေချာနားမလည်၊ သူများဘာသာစကားကိုလဲ သေချာနားမလည်။ အဲဒီလိုနည်းနဲ့မော်ဒန်လုပ်နေလို့ ဖြစ်တာမှ မဟုတ်ဘဲ။

သင်း - ဘာသာစကားကိုသာလျှင် မဟုတ်ဘဲ ယဉ်ကျေးမှုကိုလဲ နားလည်ဖို့ လိုသေးတာပဲပေါ့ဆရာ။

ထင် - ဘယ့်နှယ်မလိုပဲ ရှိပါ့မလား ကိုအောင်သင်းရဲ့။ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ်ခံစားကြရတာ။

သင်း - သူတို့ဆီက စာပေလှုပ်ရှားမှုတွေဟာ ပန်းချီလှုပ်ရှားမှုနဲ့ ပြိုင်ပြီးတက်လာကြတာကိုတွေ့ရတယ်။ အထူးသဖြင့် ပြင်သစ်စာပေမှာ ပိုပြီးတွေ့ရတယ်လို့ ထင်မိတယ်ဆရာ။

ထင် - ဟုတ်တယ်လေ၊ အဲဒီလို ပြိုင်တက်လာပြီး အပေါ်ကိုရောက်လာတော့မှ ယဉ်ကျေးမှု ရုပ်လုံးကြီးကြွလာတာ။

သင်း - နောက်ပြီးသိစိတ်အလျဉ်ရေးနည်းဆိုတာတွေမှာ ကျွန်တော်တို့က ဖတ်ကြည့်လိုက်လို့ ရှေ့နောက် အကျိုးအကြောင်း ဆက်စပ်မှု မရှိဘူးလို့ ထင်ရပေမယ့် သူတို့ ယဉ်ကျေးမှုအရ သူတို့ခံစားမှု ရှိချင်ရှိနေနိုင် တာပေါ့လို့ ကျွန်တော်က ပြောပြတယ်။ ကျွန်တော်က ဆရာ့စာတွေကိုတောင် အထောက်အထားလုပ်ပြီး ပြောပြပါသေးတယ်။ ဆိုပါတော့ဆရာ - ကိုဒေါင်း ဝတ္ထုတွေထဲက 'ထားဝယ်လုံချည်'ထဲမှာ မြင်းပန်းထိမ် လင်မယား ရန်ဖြစ်ခန်းမှာ လင်ဖြစ်သူက လိပ်ကျောက်မြီးနဲ့ မယားကိုရိုက်ခန်းမှာ 'ဤသို့ ကျောတစ်ရာ ရင်တစ်ရာ ခတ်ပြီးနောက် မြိုင်ရုပ်သို့နှင်ရန် ကျန်ပေသေးရကား' ဆိုတဲ့စကားကို မြန်မာဇာတ်ပွဲတွေနဲ့ မယဉ်ပါးရင် ဒီဟာသကို ဘယ်လိုမှ မခံစားနိုင်ဘူးဆိုတာကို ပြောပြတယ်။ မြင်းပန်းထိမ်ဆရာကြီးက လှေကားကို 'နှစ်လှမ်းသုံးဖဝါးနဲ့ ဆင်းလိုက်တယ်'လို့ ဆရာကရေးထားတယ်။ အဲဒီ လိုပဲ သူတို့စာပေတွေမှာ ငါတို့ အလွယ်တကူ မမြင်နိုင်တဲ့၊ အလွယ်တကူ မခံစားနိုင်တဲ့ ကျိုးကြောင်းဆက်စပ်မှုတွေ ရှိနေနိုင်တယ်။ ဒါမျိုးတွေက အဘိဓာန်



www.burmeseclassic.com

www.burmeseclassic.com





မှာ ရှာလို့ရတာမဟုတ်ဘူး၊ သေချာစဉ်းစားကြည့်ကြ၊ အပေါ်ယံကလေးကိုသာကြည့်ပြီး အဆက်အစပ်မရှိဘူးဟုလို့ မပြောသင့်ဘူး စသည်အားဖြင့် နီးစပ်ရာတပည့်တွေကိုတော့ ပြောပြပါတယ်။

ထင် - ပြောရမှာပေါ့။ ကျုပ်ကလဲ ခင်ဗျားကို အဲဒါကြောင့်ကို တွေ့ချင်တာပဲ။ ခင်ဗျားကို ခဏခဏ သတိရမိတာတွေက အဲဒီလို အံချော်နေတာတွေကို ခဏခဏတွေ့နေရလို့ပဲ။ ဒါတွေကို ဒီအတိုင်းကြည့်နေရင် ကျုပ်တို့ဘက်ကလဲ တာဝန်မကြေဘူး။ သူတို့က ခေတ်မမီတော့ဘူး၊ ကျန်ရစ်ခဲ့ပြီ ဘာညာ စသည်အားဖြင့် ဘယ်လိုပဲပြောနေနေ အံချော်နေတာကို အံချော်နေကြောင်းတော့ ပြောကြရမှာပဲ။ ဘာအကျိုးအကြောင်းမှမပါဘဲ မင်းတို့လုပ်နေတာ အသုံးမကျဘူးဆိုတာမျိုး သွားပြောလို့တော့ ဘယ်မှာ ဖြစ်ပါ့မလဲ။ သူတို့ကလဲ စိတ်ဆိုးမှာပေါ့။

သင်း - ဟုတ်တာပေါ့ဆရာ။

ထင် - နောက်ပြီး မြန်မာလိုရှိလျက်သားနဲ့ မြန်မာလိုပြောလို့လဲ ဖြစ်နိုင်လျက်သားနဲ့ အင်္ဂလိပ်လို ထည့်ထည့်ပြီးပြောနေကြတာဟာလဲ မဟုတ်သေးဘူး ဦးအောင်သင်းရဲ့။ မြန်မာစကားတစ်လုံး၊ အင်္ဂလိပ်စကား သုံးလုံး ဆိုတာမျိုးပေါ့။ ပြောလိုက်တော့လဲ Broken English ဆိုတာမျိုး။ ကြာရင် မြန်မာစကားကိုတောင် Broken Myanmar ပြောလာတော့မယ် ထင်တာပဲ။

သင်း - လက်ဘက်ရည်ဆိုင်ကိုတောင် မြန်မာလို'တီးဟောက်စ်'လို့ ရေးသားလေတော့ ဆရာပြောသလို ဖြစ်မလာဘူးလို့ မပြောသာတော့ဘူး ဆရာရေ။

ထင် - အေးလေ . . . ဖြစ်မလာဘူးလို့ မပြောနိုင်ရင် ဖြစ်မလာအောင် လုပ်ကြဖို့ ခင်ဗျားတို့လို စာသမားပေသမားတွေ၊ ကိုရဲမြင့်တို့လို ထုတ်ဝေသူတွေရဲ့ တာဝန်ပဲလို့ ကျုပ်ကပြောချင်တာပဲ။ တကယ်တမ်းပြောကြမယ်ဆိုရင် အခြောက်တိုက် အသားယူတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ငယ်ငယ်က ခေတ်စမ်းဆိုပြီး လှုပ်ရှားခဲ့ကြတယ်။ မြန်မာကဗျာ၊ မြန်မာစာပေကို ဘက်စုံထောင့်စုံ တိုးတက်အောင် ကြိုးစားခဲ့ကြတယ်၊ တစ်ချိန်တည်းမှာပဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ်ယဉ်ကျေးမှုကို ချစ်တဲ့စိတ် နိုးကြားလာအောင်လဲ ကြိုးပမ်းခဲ့ကြတယ်။ ခင်ဗျားတို့ရဲ့ စာပေလူငယ်တွေကိုလဲ ကိုယ့်စာပေ

လုပ်ငန်းကို ခဏခဏပြန်ကြည့်မိအောင် လုပ်ပေးဖို့ ခင်ဗျားတို့တာဝန်မဲ့လို့ ကျွန်တော် ပြောလိုက်ချင်တာပါပဲ။

သင်း - ကောင်းပါပြီဆရာ၊ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားကြပါ့မယ်။ ကျေးဇူးတင်ပါတယ်ဆရာ။

●



www.burmeseclassic.com

www.burmeseclassic.com



ဇေယျာမောင်

မင်းတို့ နိုင်ငံရေးတွေဘာတွေ လုပ်မနေကြပါနဲ့။
ကိုယ်သင်နေတဲ့ပညာကိုသာ
ထူးထူးချွန်ချွန်ဖြစ်အောင် သင်ယူကြစမ်းပါ။
တိုင်းပြည်တိုးတက်အောင်လုပ်ချင်ရင်
ပညာကို ချွန်အောင် သင်ကြစမ်းပါ။
ငါလည်း ဒီလောကမှာနေခဲ့တုန်းက မင်းတို့အရွယ်အခါနေကြတဲ့
ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေကို လေ့လာခဲ့ဖူးပါတယ်။
နောက်ဆုံးမှာတော့ ပညာမတတ်ရင်
ဘယ်လိုလုပ်ပြီးတော့မှ
တိုးတက်အောင်လုပ်နိုင်မှာ မဟုတ်ပါဘူး။

## ဇေယျာမောင် (ဦးကိုလေး)နှင့် တွေ့ဆုံခြင်း

'ဇေယျာမောင်' ဆိုသည်မှာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဟောင်း 'ဦးကိုလေး'ပင်ဖြစ်ကြောင်းကို အများသိကြပြီးဖြစ်ပါသည်။ ယခုအခါ ကမ္ဘာ့အေး ဗုဒ္ဓတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသောကြောင့် အခွင့်သာခိုက် ကျွန်တော်တို့ 'နဝဒေး' မဂ္ဂဇင်းက သွားရောက်တွေ့ဆုံခဲ့ပါသည်။

သင်း - 'ဇေယျာမောင်'လို့ နာမည်ခံထားတာကို ထောက်လိုက်တော့ ဆရာရဲ့ဇာတိက စစ်ကိုင်းပဲ ထင်တယ်နော်။

ဇေ - ဟုတ်တယ်၊ စစ်ကိုင်း။ ကျွန်တော့်အဖေက စစ်ကိုင်း၊ ကျွန်တော့်အမေက မန္တလေးသူ။ အဲဒီလိုခင်ဗျားက ဇာတိကိုစပြီး မေးလိုက်တော့ ကျွန်တော်လဲ တတ်နိုင်သမျှပြည့်စုံအောင် ပြောရတော့မှာပေါ့။ ဒီလို-မြန်မာမင်းများ လက်ထက်က လှေသင်းဆိုတာရှိတယ်။ ခုခေတ်ဆိုရင်တော့ 'ရေတပ်' ပေါ့လေ။ ကျွန်တော့် အမေရဲ့အဖေ၊ ကျွန်တော့်အဖိုး၊ ကျွန်တော်မီလိုက်သေးတယ်၊ အဲဒီကျွန်တော့်အဖိုးက လှေသင်းအတွင်းဝန်ရဲ့ လက်ရုံးပဲ၊ ပဲ့နင်းမင်းလို့ခေါ်တယ်။ သီပေါမင်း လက်ထက်က ဘုရင်ထွက်တော်မူတဲ့အခါ သူက လှေတွေဘာတွေ စီစဉ်ပေးရတယ်။ အဲဒီအပြင် မြစ်စဉ်တစ်လျှောက် အခွန်အကောက်တွေကိုလဲ စီမံကွပ်ကဲပေးရတယ်။ နောက်တော့ ဂေါဝိန်ဆိပ်မှာ အခွန်အကောက်ဌာနကြီးတစ်ခုကို သူကိုယ်တိုင်ဦးစီးပြီး တာထောင်ခဲ့ရတယ်။ အဲဒါက ကျွန်တော့် အမေဘက်က။ ကျွန်တော့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဘက်က စစ်ကိုင်းမြို့မှာ အဆက်ဆက်လို့ဆိုရမယ်။ အင်္ဂလိပ်တက်လာသည့်တိုင်အောင်ပါပဲ။ နောက်ဆုံးမှာ အင်္ဂလိပ်တက်လာရင် တိုက်ဖို့ စစ်ကိုင်းခံတပ်တို့၊ သံပြေတန်းခံတပ်တို့ကို စီစဉ်ခဲ့ရသူတွေပေါ့။

ပြောရရင်တော့ ကျွန်တော်တို့အဖေဘက်ကရော၊ အမေဘက်ကပါ အင်္ဂလိပ်တက်လာရင် ခံချဖို့ပြင်ဆင်နေခဲ့ သူတွေချည်းပါပဲ။ နောက်ဆုံးမှာ ကင်းဝန်မင်းကြီးဆီက လှေမြန်တော်နဲ့ ခုခံတိုက်ခိုက်ခြင်းမပြုရ၊ လက်နက်ချရမယ် ဆိုတဲ့အမိန့်ရောက်လာတော့မှ စိတ်ထိခိုက်ကြလွန်းတော့ ရနိုင်သမျှ လက်နက်တွေကိုယူပြီး တပ်ဖျောက်သွားကြတော့တာ။ လက်နက်ချတယ်လို့ဆိုလိုက်ပေမယ့် အင်္ဂလိပ်နဲ့ မျက်နှာချင်းဆိုင် လူချင်းဆုံပြီး လက်နက်တွေကို အပ်ပေးလိုက်တာမျိုး မဟုတ်ဘူး။ ရရာလက်နက်ကိုယူပြီး ထွက်သွားကြတာ။ အဲဒါအဖေဘက်ကရော၊ အမေဘက်ကရော ဒီလိုလုပ်ခဲ့ကြတာ။

**သင်း** - ဟုတ်တယ်ဆရာ၊ အဲဒီအကြောင်းတွေကို တချို့သမိုင်း မှတ်တမ်းတွေထဲမှာလဲ ဖတ်ရဖူးပါတယ်။

**ဇေ** - အဲဒါ ကျွန်တော်ရဲ့အဖိုး . . .။

**သင်း** - အမေရဲ့ အဖေလားဆရာ။

**ဇေ** - အဖေရဲ့အဖေ။ သူကတော့ ကျသွားလို့ ကျွန်တော်တို့ မမီလိုက်တော့ဘူး။ အဲ . . . အဖေရဲ့ဘကြီး၊ ကျွန်တော်တို့အဖိုး ဆိုပါတော့။ သူ့ကိုတော့ မီလိုက်သေးတယ်။ သူကတော့ မြို့သူကြီး။ အဲဒီမှာကျတော့ အင်္ဂလိပ်က အောက်မြန်မာပြည်ကို ရခဲ့ပြီးလို့ အုပ်ချုပ်တဲ့ အတွေ့အကြုံကလဲရှိလာခဲ့ပြီမဟုတ်လား။ ဒီတော့ ထုံးစံအတိုင်းသွေးခွဲသပ်လျှို လုပ်ငန်းကို လုပ်ပြန်တာပဲပေါ့။ ကျွန်တော်တို့အဖေအမေရဲ့ သွေးရင်းသားရင်းတွေက တင်းခံနေကြသော်လဲ သူတို့အမျိုးတွေကတော့ အင်္ဂလိပ်မြှောက်စားတာကို လက်ခံကြတယ်။ တစ်ခါထဲ ရာဇဝတ်အုပ် ပေးလိုက်၊ ရာဇဝတ်ဝန်ပေးလိုက်၊ အရေးပိုင်ခန့်လိုက်ပေါ့။ ကျွန်တော်တို့ ဆွေမျိုးတွေနော်။ အဲဒီမှာ ကျွန်တော့်အဖေက လုံးဝမပါဘူး။ လက်မခံဘူး။

**သင်း** - ဒီတော့ ဆရာတို့မိဘတွေက ဘယ်လိုလုပ်ကိုင် စားသောက်. . .။

**ဇေ** - ပြောမယ်. . . ပြောမယ်။ ဒီတုန်းက စစ်ကိုင်းမြို့မှာ ကျွန် တော်တို့





ခြံကြီးတွေ ဥယျာဉ်ကြီးတွေရှိတယ်။ အင်္ဂလိပ်က သူတို့ရုံးတွေ ဘာတွေဆောက်ဖို့အတွက် အဲဒီမြေတွေကိုသိမ်းတယ်။ အဲဒီလို သိမ်းလိုက်တဲ့အတွက် လျော်ကြေးသဘောမျိုးပေါ့လေ။ ငွေပေးတယ်။ အဲဒါ လေးတွေနဲ့ ခြံစိုက်ပြီး ခြံထွက်သီးနှံကလေးတွေဘာလေးတွေကို ရောင်းချပြီး ကျွန်တော်လဲ ပညာသင်လာခဲ့ရတာ။ ဒီတုန်းက သူ့ခေတ်နဲ့ သူ့အခါမှာလဲ အင်္ဂလိပ်ပေးတဲ့ ရာထူးရှိတဲ့သူတွေက မျက်နှာကြီးဂုဏ်ကြီး ကြေးရေတတ်တွေဖြစ်ခဲ့တာကိုး ဦးအောင်သင်းရဲ့။

**သင်း** - ဟုတ်တာပေါ့ဆရာ။ ကျွန်တော်တို့လဲ အတန်အသင့် မီလိုက်ပါသေးတယ်။ အရေးပိုင်၊ ရာဇဝတ်ဝန်ဆိုတာမျိုး မပြောနဲ့ မြို့အုပ်လောက်ဆိုရင်ကိုပဲ နည်းတဲ့ဂုဏ်ရှိန်မှ မဟုတ်တာ။

**ဇေ** - အဲဒီလိုခေတ်မျိုးဆိုတော့ ကျွန်တော်တို့က ခုနကပြောခဲ့တဲ့ လျော်ကြေးသဘောရတဲ့ ငွေလေးနဲ့ လုပ်ကိုင်စားသောက် နေကြရလေတော့ ကျွန်တော်တို့ အမျိုးအဆွေထဲမှာ ကျွန်တော်တို့ အုပ်စုကလေးက သိမ်ငယ်တဲ့ ဘဝမျိုး ရောက်နေခဲ့ရတယ်ပေါ့လေ။ ကျွန်တော်တို့ အမျိုးထဲကပဲ ခုနက ပြောခဲ့သလို အင်္ဂလိပ်ပေးတဲ့ရာထူးကို လက်ခံလိုက်တဲ့သူတွေက စစ်ကိုင်းမြို့မှာ သူတို့ကအုပ်ချုပ်တဲ့ ဘက်ကပေါ့။ ရာကြီးထူးကြီးတွေနဲ့ပေါ့။ အဲဒီလိုနဲ့ ၁၉၂၀ ပြည့်အမျိုးသားသပိတ်ကြီးပေါ်လာပြီး နေရှင်နယ်ကျောင်းတွေ ပေါ်လာလိုက်တော့မှ ကျုပ်က အဲဒီနေရှင်နယ်ကျောင်းလို့ခေါ်ကြတဲ့ အမျိုးသားကျောင်းမှာ ပညာသင်ခဲ့ရတာ။

**သင်း** - ဒီတော့ အထက်တန်းကျောင်းဖြစ်ပြီလား ဆရာ။

**ဇေ** - ဘယ်ဖြစ်ဦးမှာလဲ။ စလုံးရေစပဲ ရှိသေးတာကို၊ မူလတန်းပေါ့။ အဲဒီမှာ ဆရာလုပ်တဲ့သူတွေကလဲ ကောလိပ်ကျောင်းသားတွေပဲ။ သူတို့က သပိတ်မှောက်ကျောင်းသားတွေဆိုတော့ သပိတ်မှောက်တာလဲ အစိုးရကျောင်းမတက်ရတဲ့အတူတူ အမျိုးသားကျောင်းမှာ ဆရာဝင်လုပ်နေတဲ့ သူတွေပေါ့။ ပြောရဦးမယ်။ အခုရွှေကျောက်ဖွဲ့ဘော်မရှင်မှာ ပါနေတဲ့ ဦးဘဋ္ဌေးကို သိမှာပေါ့။

**သင်း** - ဟုတ်ကဲ့ သိပါတယ်ဆရာ။

**ဇေ** - အဲ . . . သူက ကျုပ်တို့ဆရာပေါ့။ သူက မုံရွာက ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား။ ကျောင်းမတက်ရတော့ စစ်ကိုင်းမှာလာပြီး နေရှင်နယ်ကျောင်းမှာ ဆရာလုပ်နေတာ။ နောက်မှ အစိုးရကထိုက်သင့်သလောက် အလျှော့ပေးစေ့စပ်ပြီး ကျောင်းတွေပြန်ဖွင့်တော့မှ သူကဆယ်တန်း ပြန်ဖြေပြီးကောလိပ်ကို ဆက်တက်သွားတာ။ ဒီတော့ကျုပ်က သုံးတန်းလောက်ရောက်နေပြီ။

သင်း - သတင်းစာ ဆရာကြီး ယူပီအိုင်ဦးဘသန်းလဲ အဲဒီစစ်ကိုင်းအမျိုးသားကျောင်းမှာ လုပ်ဖူးတယ်လို့ဖတ်ရဖူးတယ်။ ဆရာနဲ့တော့ မဆုံလိုက်ဖူးထင်တယ်။

ဇေ - ယူပီအိုင်ဦးဘသန်း ဆရာဝင်လုပ်တာကို. . . နေဦး၊ ကြားတော့ကြားလိုက်မိသလိုလိုပဲ။ သို့ပေမယ့် စကားမစပ်မိခဲ့ဖူးဘူး။

သင်း - သူ ဆရာဝင်လုပ်တော့ အထက်တန်းကျောင်း ဖြစ်နေပြီ။

ဇေ - ဟာ . . . အဲဒီလိုဆိုရင် အများကြီးနောက်ကျတာပေါ့။ ဒီတုန်းက အစိုးရကျောင်းတောင်မှ ခုနစ်တန်းပဲရှိသေးတာ။ နောက်တော့ ကျွန်တော်လဲ အစိုးရကျောင်းကို ပြောင်းသွားတယ်။ ကျွန်ခဲ့တာလေး သတိရလို့ပြောလိုက်ရဦးမယ်။ ကျွန်တော့်အဖေက ကျွန်တော့်ကို ဘုန်းကြီးကျောင်းမှာ ပဲထားတာ။ အစိုးရဖွင့်ထားတဲ့ ခုနစ်တန်းအင်္ဂလိပ်ကျောင်းမှာ မထားဘူး။ မင်းကွန်းဆရာတော် ဦးဝိစိတ္တကလဲ မင်းကွန်းမှာစာတော်တဲ့ ကိုရင်လေးအဖြစ် နာမည်ကြီးနေချိန်ပဲပေါ့။ ကျုပ်ကလဲ စစ်ကိုင်းမှာ ကိုရင်ပေါက်စ ဘဝနဲ့ သဒ္ဒါသင်္ဂြိုဟ်တွေကို လိုက်နေခဲ့တာ။

သင်း - ဆရာရေးတဲ့ ဆရာကြီး ဦးဘခင်အကြောင်းစာအုပ်ထဲမှာ အဲဒါကို ဖတ်လိုက်မိဖူးတယ်ဆရာ။

ဇေ - ကျွန်တော့်အဖေက အဲဒီဘက်ကို ဆက်ပြီးလိုက်သွားစေချင်တာ။ နောက် အမျိုးသားကျောင်းဆိုပြီး ပေါ်လာလိုက်တော့မှ အဲဒီကျောင်းကို ထားပေးတာ။ ပထမတုန်းက ကျွန်တော့်ကို အင်္ဂလိပ်စာ သင်စေဖို့ဆိုတဲ့ ရည်မှန်းချက်ရှိခဲ့တာ မဟုတ်ဘူး။ စကားစပ်လာလိုက်လို့ ပြောရဦးမယ်။ အဲဒီတုန်းက အစိုးရကျောင်းရယ်လို့ တစ်နိုင်ငံလုံးမှာ ၄ ကျောင်းပဲရှိတာ။ ဒါမျိုးတွေကိုပြန်ပြီး စဉ်းစားကြည့်လိုက်မှ သူတစ်ပါး လက်အောက်မှာ ကျွန်ဖြစ်ရတာ ဘယ်လောက်ဆိုးရွားတယ်ဆိုတာကို ရေရေလည်လည် သိနိုင်တာ၊





စဉ်းစားကြည့်လေ. . . တစ်နိုင်ငံလုံးမှာ အစိုးရကဖွင့်တဲ့ အထက်တန်းကျောင်းဆိုလို့ ရန်ကုန်ရယ်၊ စစ်ကိုင်းရယ်၊ စစ်တွေရယ်၊ မြစ်ကြီးနားရယ်၊ ဒီ ၄ ကျောင်းထဲပဲ ရှိတယ်။

သင်း - ဟုတ်လားဆရာ၊ ကျွန်တော့်စိတ်ထဲမှာတော့ မြို့ကြီးတိုင်းမှာလိုလို ရှိခဲ့တယ်လို့ ထင်နေမိတာ။

(မှတ်ချက်) မြန်မာနိုင်ငံ ပညာရေးသမိုင်း သုတေသနပြုချက်အရ အင်္ဂလိပ်အစိုးရက ပထမဆုံးအထက်တန်းကျောင်းကို မော်လမြိုင်မြို့တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်ဟုလည်း ဆိုပါသည်။

ဇေ - ဒီလိုလေ ဦးအောင်သင်းရဲ့။ ရှိမင်ကက်သလစ်တို့ ဘက်ပ်တစ်တို့ ဆိုတဲ့ ခရစ်ယာန်မစ်ရှင်တွေကလဲရှိသေးတယ် မဟုတ်လား။ အစိုးရက ပထမတော့ ဘုန်းကြီးကျောင်းပညာသင်ကြားမှုကိုပဲ ဆက်ပြီးအားမယ်၊ စဉ်းစားကြည့်လေ. ကျွန်တော်တို့ အစဉ်အလာမှာ ဘုန်းကြီးကျောင်းတာ ပညာရေးရဲ့ အခြေအမြစ်ပဲ မဟုတ်လား။ ရှင်ဘုရင်လဲ ဘုန်းကြီးကျောင်းက ထွက်တာပဲ၊ ဝန်ကြီးတွေ၊ စစ်သူကြီးတွေ၊ မှူးကြီးမတ်ကြီးတွေ၊ ပညာရှိကြီးတွေလဲ ဒီဘုန်းကြီးကျောင်းတွေက ထွက်တာပဲ မဟုတ်လား။ သူတို့အားလုံးဟာ ဘုန်းတော်ကြီးရဲ့တပည့်တွေ၊ သာသနာတော်မှာ ယုံကြည်ပြီးသား၊ သာသနာတော်ကို မြတ်နိုးပြီးသား ဖြစ်မနေပေဘူးလား။ ပထမတော့ အင်္ဂလိပ်အစိုးရကလဲ အဲဒီဘုန်းကြီးကျောင်းက နေပြီး ပညာရေးကို သင့်သလို မြှင့်တင်ယူမယ်ဆိုတဲ့သဘောမျိုးထားဟန်ရှိတယ်။ ဒီမှာတင် ခုနကပြောခဲ့တဲ့ ခရစ်ယာန် သာသနာပြုအသင်းတွေက ဝင်လာတော့တာပဲ။ သူတို့က အစိုးရကို ပညာရေးကိစ္စကို ငါတို့လုပ်မယ်၊ မင်းတို့က ထိုက်သင့်သလောက် ထောက်ပံ့ပါပေါ့။ ရည်ရွယ်ချက်ကတော့ 'တစ်ချက်ခုတ် အမျိုးစုံပြတ်'ပေါ့ ဦးအောင်သင်းရယ်။

(ကျွန်တော်တို့ အားလုံးရယ်လိုက်မိကြပါသည်။ ကျွန်တော်တို့ အမှတ်မထင် မျက်စိရှုန်းနေခဲ့သော အချက်ကို ကွက်ကွက်ကွင်းကွင်း မြင်သိုက်ရသောကြောင့်တစ်ကြောင်း၊ ဆရာ၏စကားသုံးပုံကို နှစ်သက်မိသောကြောင့်တစ်ကြောင်း ရယ်လိုက်မိခြင်း ဖြစ်ပါသည်။)

အစိုးရကလည်း ပညာရေးစာသင်ကျောင်းကိစ္စကို ခရစ်ယာန်



www.burmeseclassic.com

www.burmeseclassic.com



အသင်းအဖွဲ့တွေကို လွှဲပေးလိုက်တယ်။ အားလည်း ပေးတယ်။ သူတို့အချင်းချင်း မဟုတ်လား။ ဒီလိုနဲ့ သာသနာပြုကျောင်းကြီးတွေဟာ ဟည်းနေအောင် ပေါ်လာတော့တာပေါ့။ ခရစ်ယာန်သာသနာလည်း ဖွံ့ဖြိုးလာတော့တာပေါ့။ ကျွန်တော်တို့ရဲ့ သာသနာတော်တက်လာစေခဲ့တဲ့ပညာရေးစနစ်အစဉ်ကို ကြည့်လိုက်ရင် ပထမဘုန်းကြီးကျောင်းသား၊ နောက်တော့ ကိုရင်လေး၊ အဲဒီနောက် ပဥ္စင်း၊ စသည်အားဖြင့် အစဉ်လိုက်တက်လာတာ မဟုတ်လား။ အဲဒီလို အရှိန်ကို ဖြတ်ပစ်လိုက်သလို ဖြစ်မသွားပေဘူးလား။ တစ်ခါတည်း လူငယ်လေးတွေဟာ ဘုန်းတော်ကြီးနဲ့ မထိတွေ့ရတော့ဘူး၊ သာသနာတော် အရှိန်အဝါအောက်မှာ မရှိနိုင်ကြတော့ဘူး။ ဘုန်းတော်ကြီးကျောင်းတွေရဲ့ အရှိန်အဝါအောက်က ဝေးသွားတဲ့ လူငယ်ကလေးတွေကို သူတို့ခရစ်ယန်သာသနာကို သင်ကြားပေးခဲ့ကြတယ်။ အဲဒါကြောင့် တိုင်းတစ်ပါးရဲ့ ကျွန်ဖြစ်ရတာဟာ အဘက်ဘက်က ဆုံးရှုံးနစ်နာတယ်လို့ ပြောခဲ့တာပါ။

သင်း - နားလည်ပြီဆရာ။ ဟုတ်ပါပေ့ဆရာရယ်။ ကျွန်တော်ပြန်ပြီး သတိရလာမိတယ်။ သူတို့ကျောင်းကြီးတွေက အစိုးရကျောင်းတွေထက် အများကြီး ပိုကြီးမားကျယ်ပြန့်သွားတာပဲ။

ဇေ - ကြီးတာပေါ့ ဦးအောင်သင်းရဲ့။ ဆက်ပြောလိုက်ရဦးမယ်။ အင်္ဂလိပ်အုပ်စိုးသွားတာ နှစ်ပေါင်းတစ်ရာကျော် လောက်ကြာခဲ့တယ်နော်။ အဲဒီမှာ ရန်ကုန်ကောလိပ်ဆိုတဲ့ ကောလိပ်ရယ်၊ နောက်ပြီးတော့မှ တက္ကသိုလ်ဆိုတာ ဖြစ်လာတယ်။ ကောလိပ်ဘဝကဆိုရင် ကာလကတ္တား တက္ကသိုလ်ရဲ့ လက်အောက်ခံအဖြစ် ထားခဲ့တာ။ အဲဒီမှာ သင်ပေးတာကလဲ သိပ္ပံဘာသာရပ်ဆိုလို့ ဓာတုဗေဒလောက်သာ သင်ရတာ။ သိပ္ပံပညာရပ်၊ အင်ဂျင်နီယာ၊ ဆေးပညာရပ်တွေ မဟုတ်သေးဘူး။ ဒီတော့မှ ဒါတွေကို မကျေနပ်တာရော တက္ကသိုလ်အက်ဥပဒေကိုရော မကျေနပ်ကြလို့ အမျိုးသားသပိတ်ကြီး ပေါ်လာခဲ့တာ။ ဒီအချိန်မှာ အကြောင်းတိုက်ဆိုင်ချင်တော့ 'အမ်အေ ဦးမောင်ကြီး' က ပညာရေးဝန်ကြီး ဖြစ်လာတယ်။ ဒီတော့မှ ပညာရေးထောက်ပံ့ငွေတွေကို ခွဲဝေသုံးစွဲခွင့်ရလာခဲ့တာ။ ကျွန်တော်တို့ ဆီက ကောက်ခံလို့ရတဲ့ အခွန်တော်ငွေတွေ အကောက်တော်ငွေတွေကို (Education Aid)ဆိုပြီး ခရစ်ယာန်ကျောင်းကြီးတွေကိုထောက်ပံ့နေခဲ့တာ။ ကြည့်စမ်း





ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဆီက အခွန်အကောက်တွေယူပြီး သူတို့ခရစ်ယာန် သာသနာပြုကျောင်းတွေကို ထောက်ပံ့နေခဲ့တာလေ။ ဒီတော့မှ အမ်အေဦးမောင်ကြီးက ခင်ဗျားတို့လည်းသုံး၊ ကျုပ်တို့ကိုလည်း ပေးဦးဆိုတဲ့ သဘောမျိုးနဲ့ ခွဲပြီးယူခဲ့ရတာ ဦးအောင်သင်းရေ။ ရလဲရခဲ့ပါတယ်။ အမျိုးသားကျောင်းတွေကို အဲဒီနည်းနဲ့ ထောက်ပံ့ခဲ့တာပေါ့။

သင်း - ဟုတ်ပါပြီဆရာ၊ ရှင်းသွားပါပြီ။ ဒါနဲ့ ဆရာကျောင်းပြောင်းခဲ့တာနဲ့ ဆရာ့ပညာရေးကို ပြန်ကောက်ပါဦး။

ဇေ - ကျွန်တော့်အဖေက 'ကျုပ်သားကို လောကဓာတ်ကျောင်းကို တောင် မထားဘူးလို့ ဆုံးဖြတ်ထားခဲ့တာ။ အမျိုးသားကျောင်းဆိုတာကြောင့် ဒီကျောင်းမှာထားခဲ့တာ။ အထောက်အပံ့ယူလိုက်ပြီဆိုမှတော့ မထူးတော့ဘူး၊ အစိုးရကျောင်းမှာပဲ ပြန်ထားတော့မယ်' ဆိုပြီး အစိုးရကျောင်းကို ပြောင်းထားလိုက်တာပဲ။

သင်း - ဟုတ်တယ် ဆရာ၊ နေရှင်နယ်ကျောင်းတွေက အစိုးရအထောက်အပံ့ကိုယူမယ် မယူဘူးဆိုတဲ့ ပြဿနာအတော်ကြီးကို ဂယက်ခတ်ခဲ့သေးတာ။ ကျွန်တော်တို့ကတော့ မသိမီလိုက်ပါဘူး။ နောက်ပိုင်း သမိုင်းကြောင်းတွေကို ဖတ်တော့မှ သိလာရတာ။

ဇေ - ဟုတ်တယ်၊ ဟုတ်တယ်။ ဒါနဲ့ပဲ ကျွန်တော်လဲ အစိုးရကျောင်းကို ရောက်သွားတာပေါ့။ ဒီတော့ ကျွန်တော်က နေရှင်နယ်ကျောင်းမှာ ၆ တန်းကို ရောက်နေပြီ။ ပြောရဦးမယ်။ ကျွန်တော့်အစ်ကိုက အဖွားနဲ့ နေတယ်။ သူက အစိုးရကျောင်းမှာ ၆ တန်း။ ကျွန်တော်ကလဲ နေရှင်နယ်ကျောင်းမှာ ၆ တန်းပဲ။ တန်းတူပေါ့လေ။ ဦးအောင်သင်းလဲ သိပါလိမ့်မယ်၊ အမျိုးသားကျောင်းတွေမှာက တစ်နှစ်ကိုစာမေးပွဲ နှစ်ခါစစ်တယ်၊ ကြိုးစားရင် အစိုးရစစ်မဟုတ်တဲ့ အတန်းတွေမှာ တစ်နှစ်ကို နှစ်တန်းတက်လို့ရတယ်။ ဒီတော့ ကျွန်တော်က အမျိုးသားကျောင်းမှာ သုံးတန်းကစပြီးနေရသော်လည်း ၂ နှစ်နဲ့ ၅ တန်းအောင် ၆ တန်းရောက်သွားတယ်၊ အစိုးရစစ် စာမေးပွဲရှိတဲ့ အတန်းတွေမှာဆိုရင် အစိုးရကျောင်းနဲ့ အမျိုးသားကျောင်းတွေရဲ့ ပြဋ္ဌာန်းချက်တွေဟာ အတူတူပဲ၊ စာမေးပွဲလဲ အတူတူဖြေရတာပဲ၊

သင်း - ဟုတ်တယ်ဆရာ၊ အဲဒါကိုတော့ ကျွန်တော်တို့ကိုယ်တိုင်ခံလိုက်ပါ

www.burmeseclassic.com



သေးတယ်။

ဧ - အမျိုးသားကျောင်းက ၅ တန်းအောင် ၆ တန်းတက်၊ အစိုးရကျောင်းကို ရောက်သွားလိုက်တော့ ကျွန်တော့်ကို သုံးတန်းမှာပဲ ထားပေးတယ်။ ကျွန်တော့်အစ်ကိုက ၆ တန်းမဟုတ်လား။ ကျွန်တော်အမျိုးသားကျောင်းမှာ ၆ တန်း ရောက်နေတော့ အစ်ကိုကြီးက အစိုးရကျောင်းမှာ ၆ တန်း။ သို့သော်လည်း ကျောင်းချင်းမဟူတော့ အရေးမကြီးဘူး။ အခုကျွန်တော်က အစိုးရကျောင်းပြောင်းလာလိုက်တာ ၃ တန်းရောက်သွားတော့ သူကနေသာထိုင်သာ ရှိသွားတာပေါ့လေ။ သူက အစ်ကိုကြီး မဟုတ်လား။

(ကျွန်တော်တို့ အားလုံးရယ်မောလိုက်ကြမိပါသည်။ ဆရာကိုယ်တိုင်လည်း ငယ်ငယ်ကဘဝကိုပြန်လည် သတိရမိသည့်အလား ကြည်ကြည်ရွှင်ရွှင်ရယ်မောပါသည်။)

သင်း - ဆက်ပါဦးဆရာ။ အစိုးရကျောင်းမှာ သုံးတန်းဆိုတော့ . . .။

ဧ - ဘာပဲပြောပြော ကျွန်တော်က ၆ တန်းမှာနေလာခဲ့တာ ဖြစ်လေတော့ ၃ တန်းသင်ခန်းစာဆိုတာ ဘာမှမဟုတ်တော့ဘူးပေါ့။ ဒါနဲ့ ပထမစာမေးပွဲလည်းဖြေပြီးရော ၄ တန်းတင်ပေးလိုက်တယ်။ အဲဒီနှစ်မှာပဲ ၄ တန်းအောင်တယ်။ နောက်နှစ်ကျတော့ ၅ တန်းကိုနှစ်ဝက်နဲ့အောင် ပြန်ရော။ တိုတိုပြောပါစို့ အဲဒီလိုနဲ့တက်လိုက်တာ ၇ တန်းရောက်တော့ ကျွန်တော်နဲ့ အစ်ကိုကြီး တန်းတူဖြစ်သွားတော့တာပဲ။ ၇ တန်းကတော့ အစိုးရစစ်မို့ တစ်နှစ်လုံးနေရတယ်။

သင်း - ပြောမယ့်သာပြောတာ၊ သူ့ခေတ်နဲ့သူ့အခါ အဲဒီတုန်းက ၇ တန်းစာမေးပွဲဟာ အတော်ကိုအောင်ဖို့ ခက်တယ်လို့ ပြောကြတယ်။

ဧ - ဟုတ်တယ်။ ဒီတုန်းက ၇ တန်းအောင်တယ်ဆိုရင် လူတော်တစ်ယောက်လို့ ယူဆကြတာ။

သင်း - ဆရာက ၇ တန်းကို နှစ်ချင်းပေါက်အောင်တာပဲလား။

ဧ - ဟုတ်တယ်၊ အောင်သွားတာပါပဲ။

သင်း - ဆရာ့ အစ်ကိုကြီးကကော။

ဧ - သူက ကျန်ခဲ့တယ်လေ။

(ကျွန်တော်တို့ အားလုံးရယ်လိုက်မိပြန်ပါသည်။ ဆရာကလည်း





မြူးမြူးရွှင်ရွှင် ရယ်ပြန်ပါသည်။)

သင်း - ဆက်ပါဦးဆရာ၊ ၇ တန်းအောင်ပြီးတော့ . . .။

ဧ - အဲ . . . ၈ တန်း နဲ့ ၉ တန်းမှာလဲ တစ်နှစ်နဲ့ပဲအောင်တော့ ၁၀ တန်း ရောက်သွားပြန်တာပေါ့။

သင်း - နေဦးဆရာ၊ ဆရာ ကိုရင်ဝတ်ခဲ့တာ ဘယ်လောက်ကြာသလဲ။

ဧ - သုံးနှစ်ကြာတယ်။

သင်း - သဒ္ဒါသင်္ဂြိုဟ်ပဲ တက်တာပေါ့။

ဧ - ဦးအောင်သင်းလဲ သိသားပဲ၊ သဒ္ဒါသင်္ဂြိုဟ်ဆိုကို ချက်ချင်းရောက်တာမှ မဟုတ်ဘဲ။ ရှေးပိုင်းက ပရိတ်ကြီး ဘာညာဆိုတာတွေက အများကြီး ရှိနေသေးတယ်လေ။ အဲဒါတွေပြီးမှ သဒ္ဒါသင်္ဂြိုဟ်ကိုရောက်ရတာ မဟုတ်လား။ သဒ္ဒါသင်္ဂြိုဟ်တက်ဖို့လို့တော့ဖြင့် စာတွေကိုကျက်နေ ရပြီး 'အတ္တော အက္ခရာသညာတော၊ အက္ခရာ ပါဒယော ဧကစတ္တာလီသံ' ဆိုတာတွေကို ခုထက်ထိမှတ်မိနေသေးတယ်။

သင်း - သုတ်စဉ်တွေပေါ့လေ။

ဧ - ဟုတ်တယ်၊အဲဒီလောက်ထိအောင်ပဲ သင်လိုက်ရပါတယ်။ ဘာသာရေး အခြေခံဆိုလို့ အဲဒီလောက်ပဲ ကျွန်တော့်မှာ ရှိခဲ့ပါတယ်။ ဒါနဲ့ပဲ ဆယ်တန်းအောင်လာလိုက်တော့ တက္ကသိုလ်ကိုဆက်ပြီးတက်ဖို့ ဖြစ်လာပြန်တာပေါ့လေ။ ကျွန်တော်တို့ အထက်မြန်မာပြည် မန္တလေး အနှိမ်ခံလိုက်ရပုံကို ပြောလိုက်ရဦးမယ်။ ၁၉၂၀ မှာ ရန်ကုန်တက္ကသိုလ် ပေါ်လာခဲ့တယ် မဟုတ်လား။ ဦးအောင်သင်း သိတဲ့အတိုင်း တက္ကသိုလ် (University) ရယ်လို့ဖြစ်လာလိုက်ရင် သူ့လက်အောက်ခံ ဥပစာကောလိပ်တွေရှိရမယ် မဟုတ်လား။ ရန်ကုန်မှာဆိုရင် ရန်ကုန်ကောလိပ် ရှိတယ်၊ ဂျဒ်ဆင်ကောလိပ်ရှိတယ်။ အဲဒါ မန္တလေးမှာ ဥပစာကောလိပ် တစ်ခုပေးဖို့တောင်းတာ၊ မပေးဘူး။ အဲ . . . ၁၉၂၅ ရောက်မှပေးတယ်။ ကျွန်တော်က ၁၉၂၉ မှာ၊ ဥပစာကောလိပ်ရပြီးလို့ ၄ နှစ်မြောက်ကျတော့မှ ရောက်သွားတာပေါ့။ ၁၉၂၉ ကလဲ တကယ့်နှစ်ကြီးပါပဲ။ စံဖဲ ထတယ်၊ ဆရာစံသူပုန်ထတယ်၊ ကျောင်းသားတွေကလဲ အမျိုးသားစိတ်က အတော်ကြီးကို နိုးကြားတက်ကြွနေပြီ။ နောက်ပြီး ဝိုင်အမ်ဘီအေလို အသင်းကြီးတွေကလဲ အမျိုးသားရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရှားမှုကြီးတွေကို လုပ်နေကြပြီ။

စောစောက အပိုင်းကို ပြန်ကောက်လိုက်ချင်သေးတယ်။ မန္တလေး ဥပစာကောလိပ်ကို နိမ့်တယ်ရယ်လို့ အနှိမ်ခံရတာတွေကို ပြောဦးမယ်။ ကျွန်တော်တို့ ဥပစာကောလိပ်ကအောင်လာတဲ့ ကျောင်းသားတွေ ယူနိုင်တဲ့ ဘာသာရပ်များ ဆိုပြီးစာအုပ်ကလေးထုတ်ပေးထားသေးတယ်။အမျိုးသား ကျောင်းတွေမှာလဲ သူတို့ ဒိတ်ဒိတ်ကြဲအစိုးရကျောင်းကြီးတွေနဲ့ ယှဉ်နိုင်တာ ဆိုလို့ တစ်နိုင်ငံလုံးမှာ သုံးကျောင်းပဲရှိတယ်။

သင်း - ဟုတ်လား။ ဘယ်ကျောင်းတွေလဲ ဆရာ။

ဇေ - ရန်ကုန် မြို့မအမျိုးသားကျောင်းကြီးရယ်၊ မန္တလေး အမျိုးသား ကျောင်းရယ်၊ ပျော်ဘွယ်က သခင်မြဦးစီးတည်ထောင်တဲ့ ပျော်ဘွယ် အမျိုးသားကျောင်းရယ် ဒီသုံးကျောင်းပဲ ရှိတယ်။ ကျန်တဲ့ကျောင်းတွေက ဒီလောက်ထိအောင် လိုက်မလာနိုင်ကြဘူး။

သင်း - ရန်ကုန်၊ မန္တလေးကျောင်းတွေ ကြီးကျယ်တာကတော့ မြို့ကြီး ပြကြီးတွေမို့ ထားလိုက်ပါတော့၊ ပျော်ဘွယ်လောက်မြို့က သမိုင်းတွင် လောက်အောင် ကြီးကျယ်လာလိုက်တာကတော့ ဆရာကြီးဦးမြရဲ့ အား ထုတ်မှုလို့ ဆိုရတော့မှာပဲ။ စကားဖြတ်ပြီး မေးလိုက်ချင်သေးတယ် ဆရာ။ အဲဒီအချိန်မှာ မန္တလေးအမျိုးသားကျောင်း ကျောင်းအုပ်ကြီးက ဆရာကြီး ဦးရာဇတ်နော်။

ဇေ - ဟုတ်တယ်။ လာမယ်လေ၊ ကျွန်တော်နဲ့ ဆရာကြီး ဦးရာဇတ်ရဲ့ အခန်းနဲ့က အများကြီး ဆက်စပ်ခဲ့ရသေးတာ။

သင်း - ဟုတ်လားဆရာ။ ဟန်ကျလိုက်တာဆရာ တကယ့်ကို သမိုင်း ကြောင်းကြီးကို လာတွေ့နေရတာပဲ။

ဇေ - ဒါနဲ့ပဲ ဆယ်တန်းအောင်လို့ ဥပစာကောလိပ်ကို ရောက်လာတော့ ဘယ်သူနဲ့ တွေ့သလဲဆိုတော့၊ ခင်ဗျားတို့ တိုင်းချစ်ဦးသိန်းဖေ ဆိုတာကို ကြားဖူးမှာပေါ့။

သင်း - ကြားဖူးပြီလား ဆရာရယ်။ ဦးသိန်းဖေမြင့်နဲ့မှားပြီး ဂျပန် ကင်ပေ တိုင်ကတောင် နှိပ်စက်ခဲ့သေးတာ။

ဇေ - အဲ . . . သူနဲ့တွေ့တာပဲ။ စင်စစ်သူ့ကို မမြင်ဖူးခင်ကကိုပဲ ကျုပ်က သူ့ကို သိနေခဲ့တာပါ။ သူကနောက်တော့ ဒေါ်မြင့်မြင့်ဆိုတဲ့ ကျောင်းဆရာမ နဲ့ ရသွားတယ်။ ဒေါ်မြင့်မြင့်ကကိုပဲ သူ့ကိုကျောင်းထားပေးခဲ့တယ်လို့ ဆိုရ မှာပါ။ အဲဒီဒေါ်မြင့်မြင့်ဆိုတာက ရန်ကုန်က ဆယ်တန်းအောင် လာခဲ့တာ ပါ။ ဆယ်တန်းအောင်တော့ သူက စစ်ကိုင်းကျောင်းမှာလာပြီး ဆရာမလုပ် တယ်။ ကျွန်တော်က ၅ တန်း ကျောင်းသားပေါ့။ သူက သင်္ချာ သင်တယ်။ သင်္ချာပုစ္ဆာ ပေးလိုက်လို့ ခဏရှိရင် ကျွန်တော်က တွက်လို့ပြီးနေပြီ။ ဒီတော့ သူကကျွန်တော့်ကို သဘောကျတယ်။ ခိုင်းစရာရှိရင် ကျွန်တော့်ကို ခိုင်းတယ်။ လဆန်းပြီဆိုရင် 'မောင်ကိုလေး၊ လာစမ်း၊ မန်နီ အော်ဒါ သွားပို့စမ်း' ဆိုပြီး ခိုင်းတတ်တယ်။ လိပ်စာက 'ကျောင်းအုပ်ကြီးမှ တစ်ဆင့်၊ မောင်သိန်းဖေ၊ ဆယ်တန်း၊'ဆိုတာမျိုး ပို့ပို့ပေးနေရတော့ ကျွန်တော်လဲ ငယ်သေးပေမယ့် မှန်းကြည့်နိုင်ခဲ့တာပေါ့။ လူချင်းကျတော့ ဥပစာကောလိပ် ရောက်မှ တွေ့ကြရတော့တာ။ သူက ကျုပ်ထက် တစ်တန်းကြီးတယ်။ သူက ဒုတိယနှစ်ရောက်နေပြီ။ ပိုပြီးရင်းနှီးသွားတာက သူရော ကျွန်တော်ပါ နှပ်ယောက်လုံးက လက်ဖွဲ့ထိုးချင်ကြတယ်။ ကျွန်တော်တို့ စစ်ကိုင်းကျောင်း မှာတုန်းက ဘောလုံးကန်တယ်၊ တင်းနစ်ရိုက်တယ်။ ဒါပေမယ့် လက်ဝှေ့ မလေ့ကျင့်ခဲ့ရဘူး။ ဒါနဲ့ ကျွန်တော်တို့က မန္တလေး အမျိုးသားကျောင်းကို သွားကြတယ်။

သင်း - ဆရာကြီးဦးရာဇတ် . . . ။

ဇေ - အဲဒါပေါ့။ စောစောကပြောခဲ့သားပဲ။ ဦးရာဇတ် အခန်းဝင် လာပါလိမ့်မယ်လို့ . . . ။

သင်း - သူတပည့်တွေရေးကြတဲ့ 'ဆရာကြီး ဦးရာဇတ်' ဆိုတဲ့စာအုပ်ထဲမှာ အဲဒီလက်ဝှေ့အကြောင်း အတော်များများပါတယ်။ ကျောင်းမှာ ကစားကွင်း ကျယ်ကျယ်မရှိလို့ နေရာကျဉ်းကျဉ်းနဲ့ ကစားနိုင်တဲ့ လက်ဝှေ့ကို လုပ်တယ် ဆိုတဲ့အကြောင်း ဖတ်လိုက်ရတယ်။ ကျားဘငြိမ်းတို့လဲ အဲဒီက . . . ။

ဇေ - ဟုတ်တယ်၊ သူတို့ကတော့ ကျုပ်တို့ထက် စောတယ်ပေါ့လေ။ ကျုပ်တို့က အဲဒီတော့မှ လက်ဝှေ့ကို စရတာ။

သင်း - ဦးသိန်းဖေမြင့်လဲ . . . ။

ဇေ - အဲဒါပေါ့ ခုပဲပြောမလို့ပါပဲ။ ခုနကပြောတဲ့ တိုင်းချစ်လို့ဖြစ်လာ





လောကသရုပ်ပြစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ့် သိန်းဖေနဲ့လဲ ခင်တယ်။ သိန်းဖေမြင့်လို့ ဖြစ်လာမယ့် သိန်းဖေနဲ့လဲ ခင်တာပဲ။ တိုင်းချစ်ကတော့ ကျွန်တော့်ထက် တစ်တန်းကြီးတယ်။ ဘုတလင် သိန်းဖေကတော့ ကျွန်တော့်အောက် တစ်တန်းငယ်တယ်။ သူနဲ့ တစ်နှစ်ပဲ နေလိုက်ရတာပေါ့။ သို့ပေမယ့် အလွန်ကို ခင်မင်ခဲ့ကြပါတယ်။

သင်း - ကျောင်းသားကလဲ နည်းနည်းပဲ ရှိဦးမယ်ထင်တယ်။ ဘယ်လောက်များသလဲဆရာ။

ဝေ - ၅၀ လောက်ပဲရှိတယ်။

သင်း - ကျောင်းသားဦးရေက နည်းလေတော့ တစ်ယောက်ကို တစ်ယောက် အားလုံးသိနေကြမှာပေါ့။

ဝေ - ဟုတ်တယ်၊ တစ်ယောက်ကိုတစ်ယောက်သိနေကြတာပဲ။ ဒါနဲ့ ဆရာကြီးဦးရာဇတ်နဲ့ ပိုပြီး ရင်းနှီးသွားတာကိုပြော လိုက်ရဦးမယ်။ ၁၉၃၀ ခုမှာ ကျွန်တော်တို့ဥပစာကောလိပ်မှာ သပိတ်မှောက်တဲ့ ပြဿနာပေါ်လာလိုက်သေးတယ်။

သင်း - ဟုတ်လားဆရာ။ ကျောင်းသားသပိတ်ကြီးကြောင့်လား။

ဝေ - ကျောင်းသားသပိတ်ကြီးက ၁၉၃၆ ကျမှဖြစ်လာတာလေ။ အခုဟာက ၁၉၃၀ ပဲရှိသေးတာ။ ဒါပေမယ့် ဘယ်သူမှတော့ သေသေချာချာ မသိလိုက်ကြပါဘူး။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မသွားလိုက်ပါဘူး။

သင်း - ဟုတ်လားဆရာ။ သမိုင်းမတင်လိုက်တာတွေပေါ့လေ။ လုပ်စမ်းပါဦးဆရာ။

ဝေ - ဒီလို ဒီလို-ကျွန်တော်က ဒုတိယနှစ်မှာ။ စာတွေကိုလဲ ကောင်းကောင်းလိုက်နိုင်တာပါပဲ။ ဖြေလိုက်ရင်လဲ ကျေနပ်လောက်အောင် ဖြေနိုင်တာ ချည်းပါပဲ။ ဒုတိယနှစ်အောင်ရင် ရန်ကုန်တက္ကသိုလ်ကို သွားရမယ်။ အဲဒီမှာ ကျောင်းအုပ်ဆရာကြီးက ဒုတိယအစမ်းစာမေးပွဲကို အောင်တဲ့သူမှ သာလျှင် ရန်ကုန်တက္ကသိုလ်ကစစ်တဲ့ စာမေးပွဲကြီးကို ဖြေခွင့်ပေးမယ်လို့ အမိန့်ထုတ်လိုက်တယ်။ သူ့ရည်ရွယ်ချက်ကတော့ သူ့ကျောင်းက အောင်ချက်ကောင်းစေချင်လို့ လုပ်လိုက်တာပါပဲ။ ဒီတော့ ကျောင်းသား ၅၀ လောက်မှာ ၃၆ ယောက်လောက်ထင်ပါရဲ့ အောင်ကြပါတယ်။ ဖြေခွင့်မရနိုင်တော့တာက ကျောင်းသားများများတော့ မဟုတ်ပါဘူး။ ကျွန်တော်





မှတ်မိသလောက် လေးငါးခြောက်ယောက်လောက်ပဲ ရှိပါတယ်။ ဒီအချိန်မှာ ကျွန်တော်နဲ့ ပေါင်းသင်းနေတာတွေက ကျော်ငြိမ်းတို့ ခင်မောင်လေးတို့ . . .။

သင်း - ဝန်ကြီးဦးကျော်ငြိမ်း . . .။

ဝေ - ဒါပေါ့ . . . သူများဟုတ်ပါ့မလား၊ သူတို့ပေါ့။ နောက်ပြီး ကိုထွန်းအုံလဲ ပါလိုက်သေးတယ်။

သင်း - ဟို . . . ရန်ကုန်မြူနီစီပါယ်မင်းကြီးလုပ်သွားတဲ့ . . .။

ဝေ - ဟုတ်ပါ၊ သူပေါ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတွင်းရေးမှူးလဲ လုပ်လိုက်ရသေးတယ်။ နောက်မှ မြူနီစီပါယ်မင်းကြီး ဖြစ်လာတာ။

သင်း - ကျောင်းအုပ်က ဘယ်သူလဲဆရာ။

ဝေ - မစ္စတာ မာရှယ်လ်တဲ့။ စိတ်သဘောလဲ အလွန်ကောင်း ပါတယ်။ အားကစားဆိုတာမျိုးတွေဘာတွေကို သေချာလုပ်ပေးပါတယ်။ ဒီတစ်ချက်မှာတော့ဖြင့် အောင်ချက်ကောင်းစေချင်လို့လုပ်တာဖြစ်သော်လည်း ကျောင်းသားတစ်ချို့နဲ့ သဘောမတိုက်ဆိုင်ဘဲ ဖြစ်သွားတာပေါ့။ ကျောင်းသားတွေက အားလုံးကို စာမေးပွဲသွင်းပေးပါလို့ တောင်းဆိုတယ်။ သူက မပေးဘူး၊ ဒါကြောင့် သပိတ်မှောက်တဲ့ အဆင့်မျိုးကို ရောက်သွားတာ။ အဲဒီမှာ ကိုထွန်းအုံတို့က၊ အဲ ကိုထွန်းအုံက ကျွန်တော်နဲ့ တစ်ခန်းထဲနေတာ။ သူက ကျောက်ဆည်က။ သူတို့က အဲ-သိန်းဖေတို့လဲ ပါတာပေါ့လေ။ သူတို့က "မင်းကတော့ အောင်မှာပါပဲ၊ ဒါပေမယ့် မင်းလဲရောပြီးပါကွာ" လို့ပြောတာနဲ့ ကျုပ်လဲပါသွားတာပေါ့လေ။ ကျွန်တော်က စာမေးပွဲမှာ ပထမရတယ်။ ဒါပေမယ့် အဲဒီသပိတ်ထဲပါသွားလို့ ကျွန်တော့်ကို ဆရာကြီးက ရွှေတံဆိပ် မပေးဘူး။

(ကျွန်တော်တို့ အားလုံးရယ်လိုက်မိကြပါသည်။ ဆရာကိုယ်တိုင်လည်း ငယ်ဖြစ်တွေကို ပြန်ပြီးသတိရမိဟန် ဖြင့်ရယ်လိုက်ပါသေးသည်။ သို့သော် သူ့ငယ်ပေါင်းတွေကလည်း တစ်ယောက်မျှ မရှိကြတော့ပြီ၊ သည်တော့ ဆရာရယ်လိုက်ပုံသည် ရယ်တစ်ဝက် လွမ်းတစ်ဝက်ဟု ကျွန်တော် ခံစားလိုက်မိသည်။)

သင်း - စာမေးပွဲ အောင်စာရင်းကျတော့ကော ဆရာ၊

ဝေ - သူရော ကျွန်တော်တို့ရော မှန်းထားတဲ့အတိုင်းပါပဲ။ ကမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တဲ့သူတွေ ကျသွားတာပါပဲ။ အမှန်တော့ ဆရာကြီးက သင်တာကြီး တာမှာရော၊ အုပ်ချုပ်တာမှာရော စိတ်ကောင်း စေတနာကောင်းတကယ်ကို ရှိတာပါ။ မြန်မာလေးတွေကိုလဲ တကယ်ကို ချစ်တတ်တာပါ။ သူ့စိတ်ထဲမှာ ကျွန်တော်တို့က ဒီလောက်ထိအောင်လုပ်လိမ့်မယ်လို့ လုံးဝမထင်ဘူးပေါ့။ သူက ဒီလောက်ထိအောင် စေတနာကောင်းထားပါ လျက်ကနဲ့ ဒီလိုဖြစ်ရ တယ်ဆိုတာမျိုး အခံရခက်သွားပုံရပါတယ်။ ကျွန်တော်တို့ဘက်လဲ နည်း နည်းလွန်သွားတယ်လို့ ဆိုရမှာပဲ။ နောက်တော့ သူကလျှော့ပေးလိုက်ပြီး အကုန်ကိုပဲသွင်း ပေးလိုက်ပါတယ်။ ဒုတိယ အစမ်းစာမေးပွဲမှာ ကျတဲ့သူ တွေ အကုန်ပြုတ်ကျန်ခဲ့တာပါပဲ။ အကုန်လို့ပဲ ထင်ပါတယ်၊ ကြာလဲ ကြာပြီ ဆိုတော့ တိတိကျကျတော့လဲ မမှတ်မိတော့ဘူးပေါ့ ဦးအောင်သင်းရယ်။

သင်း - ဆရာတို့က သပိတ်စခန်းတွေဘာတွေ လုပ်လိုက်သေးသလား။

ဓေ - အဲဒီလောက်ထိအောင်တော့လဲ ကြီးကျယ်မသွားဘူးဗျ၊ အဲဒီတုန်း က စစ်တပ်နားမှာရှိတဲ့ ကုလားရပ်ကွက်ပေါ့လေ၊ အဲဒီကုလား ရပ်ကွက်ထဲက အိမ်ကြီးတစ်အိမ်မှာ သွားပြီးစုနေကြတာလောက်ပါပဲ၊ အဲဒီမှာ ဆရာ ကြီးဦးရာဇတ်နဲ့ပိုပြီး ရင်နှီးသွားရတာပါပဲ။

သင်း - ဟုတ်လားဆရာ၊ ဘယ်လိုကြောင့်လဲ။

ဓေ - ဆရာကြီးက ကျွန်တော်တို့ ဆီကိုလာတယ်ဗျ။ နောက်ပြီး အား ပေးတယ်။ 'အေးပေါ့ကွ-ကိုယ့်အခွင့်အရေးကို ကိုယ်ရအောင် လုပ်ကြရမှာ ပေါ့ကွ' ဆိုတာမျိုးကို ပြောတယ်။ ဒီတော့ကျုပ်တို့ကလဲ ကိုယ့်ဆရာရင်း သမားရင်းလို သူ့ကို ရိုသေလေးစားကြတယ်။

သင်း - နောက်ကြောင်းလေးကိုပြန်ပြီး မေးလိုက်ပါရစေဦးဆရာ။ ဆရာတို့ ခေတ် ဆယ်တန်းမှာ သင်ခဲ့ရတဲ့ဘာသာရပ်တွေနဲ့ ဆရာသင်ယူခဲ့ရတာတွေ။

ဓေ - အေး . . . အေး . . . အဲဒါလေးတွေကို ကျွန်တော် ပြောလိုက်ရဦး မယ်။ ကျွန်တော့် တစ်သက်တာမှာ မထင်မှတ်မရည်ရွယ်ဘဲ ဖြစ်လာတာ လေးတွေပေါ့ဗျာ။ ကျွန်တော် ရှစ်တန်းမှာတုန်းက ဆယ်တန်းသင်ရတာတွေ က အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ . . . အဲ သင်္ချာမှာ သုံးဘာသာခွဲ ထား တယ်ဗျ။ ဂဏန်း၊ အက္ခရာသင်္ချာ၊ ဂျီဩမေတြီပေါ့ဗျာ။ နောက်ပြီးမှသမိုင်း ပထဝီ၊ အဲဒီအပြင် အပိုဘာသာယူရသေးတယ်။ အဲဒါတွေက စိုက်ပျိုးရေး





ပါဠိနဲ့ (Additional English) အပိုအင်္ဂလိပ်စာပေါ့လေ။ ကျုပ်က ရှစ်တန်း မှာတုန်းက ငါ-ဆယ်တန်းရောက်ရင် စိုက်ပျိုးရေးနဲ့ ပါဠိတစ်ခုခုကို ယူမယ်လို့ မှန်းထားတာ ကျုပ်ဆယ်တန်းရောက်တော့ ပါဠိသင်တဲ့ဆရာက မရှိတော့ ဘူး။ စိုက်ပျိုးရေးသင်မယ့်သူလဲ မရှိတော့ဘူး။ ဖြစ်ရပုံပြောတာပါ။ ဒီတော့ ကျောင်းအုပ်ကြီးက မစ္စတာဒေါင်း (Mr. Down) တဲ့။ သူက (Additional English)ကို သင်တယ်။ အဲဒါနဲ့ ကျုပ်လဲ (Additional English) . . . .

သင်း - ခုခေတ်အခေါ်နဲ့ဆိုရင်တော့ 'စိတ်ကြိုက်အင်္ဂလိပ်စာ' ပေါ့ ဆရာ။

ဓေ - အဲ . . . ဟုတ်ပြီ။ အဲဒီ စိတ်ကြိုက်အင်္ဂလိပ်စာကို ယူခဲ့ရတာ။ သူကိုယ်တိုင်သင်ပေးတာ။ အလွန်လဲ စည်းကမ်းကောင်းတယ်၊ စာအသင် အပြလည်း အလွန်ကောင်းတယ်။

သင်း - အဲဒီခေတ်က စိတ်ကြိုက်အင်္ဂလိပ်စာဆိုရင်တော့ အတော်လေးကို ခက်မယ်ထင်တယ်ဆရာ။

ဓေ - ဦးအောင်သင်းက မေးလာတော့ပြောလိုက်ရဦးမယ်။ ကျုပ်တို့ သင်ခဲ့ရတာက ရှိတ်စပီးယားရဲ့ 'ကော်ရီယိုလေးနပ်စ်' (Coriolanus) ဆိုတဲ့ ပြဇာတ်ပေါ့။ နောက်ပိုင်းမှာ ရန်ကုန်တက္ကသိုလ်ရောက်လာတော့ အင်္ဂလိပ် စာ ဂုဏ်ထူးတန်းတက်နေတဲ့ ကျောင်းသားကြီးတွေက ရှိတ်စပီးယားရဲ့ ပြဇာတ်ထဲမှာ အဲဒီပြဇာတ်ဟာ အခက်ဆုံးလို့ ပြောပြကြတယ်။ ကျုပ်တို့က တွေ့ခဲ့ကြပြီးပြီလေ ဦးအောင်သင်းရဲ့။ ဒါပေမယ့် တစ်ခုကောင်းတာက အဲဒါကြောင့် ကျွန်တော့်မှာ အင်္ဂလိပ်စာ အခြေခံတော့အတော်ကို ကောင်း သွားတာ အမှန်ပဲ။

သင်း - ဆက်ပါဦးဆရာ။ ဆရာ့ပညာရေးကလဲ သင့်သလိုဖြစ်လာ လိုက်သလို ပါပဲကလား။

ဓေ - အမယ်လေး ဦးအောင်သင်းရေ၊ တက္ကသိုလ်ရောက်သွားလိုက် တော့ ဖြစ်ပုံပြောရဦးမယ်။

သင်း - လုပ်စမ်းပါဦး ဆရာ။ မအူမလည် ဇာတ်လမ်းလာဦးမယ် ထင်တယ်။

ဓေ - ဟုတ်ပါ့ ဦးအောင်သင်းရေ၊ တကယ့်ကို မအူမလည်ဇာတ်လမ်း ပါပဲ။ ကျုပ်က ဘယ်ဘာသာယူသလဲ၊ သိလား။



www.burmeseclassic.com

www.burmeseclassic.com



သင်း - လုပ်ပါဦးဆရာ။

ဇေ - တက္ကသိုလ်ရောက်လိုက်တော့ chemistry, physics (ဓာတုဗေဒ၊ ရူပဗေဒ)တဲ့။ ကျုပ်တို့ ဘာတွေမှန်းကို မသိဘူးနော်။ တကယ် ပြောနေတာ။ တကယ့်ကိုဘာတွေမှန်း မသိခဲ့တာ။ ဒါနဲ့ ကျုပ်က ကျွန်တော့် အစ်ကိုကြီးတွေလို ကျောင်းသားကြီးတွေကို chemistry ဆိုတာ ဘယ်လို ပညာရပ်မျိုးလဲလို့ မေးကြည့်လိုက်တော့ သူတို့ကလဲ 'ဗုန်းတွေဘာတွေ လုပ်တာမျိုးပေါ့ကွာ'လို့ ယောင်ဝါးဝါးပဲ ပြောကြတယ်။

(ကျွန်တော်တို့ အားလုံးမနေနိုင်ကြတော့ပါ။ ရယ်လိုက်ကြမိပါသည်။)

သင်း - ဟုတ်ပေမှာပဲ ဆရာရေ။ တကယ့်ကို ရှေ့သွားတွေ ဖြစ်နေကြတာကိုး။ သိပ္ပံကို မိတ်ဆက်ဖို့ ကြိုးစားနေတဲ့ အခိုက်အတန့် မဟုတ်လား။ ကျွန်တော်တို့ခေတ်မှာတောင် Anthropology ဆိုပြီး 'မနုဿဗေဒ' ဘာသာရပ် အသစ်ရောက်လာလိုက်တော့ ဘယ်လိုဘာသာလဲလို့ ယောင်တောင်တောင် ဖြစ်ခဲ့ကြရသေးတာ။ ဆရာတို့ခေတ်မှာတော့ ပိုဆိုးမှာပေါ့ဆရာ။ အဲဒါနဲ့ . . . ဆက်ပါဦးဆရာ။

ဇေ - အဲဒီလို ဓာတုဗေဒကို ဘာမှန်းကိုမသိဘဲနဲ့ သိပ္ပံကို ယူချလိုက်ရတာ။ ဒါပေမယ့် အဲဒီလို ယူလိုက်ခဲ့မိတာတစ်ခုတော့ ကောင်းတယ် ဦးအောင်သင်းရေ။

သင်း - ပြောပါဦးဆရာ။

ဇေ - နောက်ပိုင်းမှာ မြတ်စွာဘုရားသခင်ရဲ့ တရားတော်တွေကို ကိုယ်တိုင်လိုက်စားလာမိတော့ အဲဒါတွေက တယ်လဲ အထောက်အပံ့ ဖြစ်တာကိုး။ သူတို့သိပ္ပံသမားတွေ တွေ့တာကို မြတ်စွာဘုရားသခင်က ဟိုး . . . အစောကြီးကထဲကိုက ဟောတော်မူခဲ့ပြီးပြီ။ သူတို့လို မှန်ဘီလူးတွေ၊ လက်နက်ကိရိယာတွေ ဘာမှပါတာ မဟုတ်ဘူးနော်။ ဒီအတိုင်း ထိုင်ပြီးတော့ကို သမာဓိနဲ့ သိတော်မူသွားတာ။

သင်း - သင်တဲ့အခါကျတော့ကော ကောင်းကောင်းလိုက်နိုင်ရဲ့လား၊ အခက်အခဲများ တွေ့သေးသလား။

ဇေ - စိမ်းနေတဲ့ဘာသာဖြစ်လေတော့ အစပိုင်းမှာ နည်းနည်းအား





ထုတ်ရတာပေါ့။ နောက်တော့လဲ ချောချောမောမောပါပဲ။ သင်ပေးတဲ့ ဆရာကြီးက ဘင်္ဂါလီကုလားကြီး၊ သဘောလဲကောင်းပါတယ်။ ဦးအောင်သင်းသတိထားမိပါလိမ့်မယ်။ အဲဒီတုန်းက အိုင်စီအက်စ်တို့ဘာတို့ သိပ်ခေတ်စား၊ သိပ်ကို မိုးကောင်းနေတဲ့အချိန်လေ။

သင်း - ဟုတ်ပါ့ဆရာ၊ အိုင်စီအက်စ်လို့ ဆိုလိုက်ရင် မိုးကျရွှေကိုယ်လို့တောင် ပြောကြရတာ။ ဆရာတက်တိုးကတောင် 'အိုင်စီအက်စ် ဦးမျိုးမြောက်'ဆိုတဲ့ ဝတ္ထုတိုတစ်ပုဒ်နဲ့ သရော်စာရေးလိုက်သေးတယ်။ ကျွန်တော်တို့က ငယ်လွန်းသေးတော့ ဘာမှန်းကောင်းကောင်း မသိပါဘူး။ နောက်မှ ပြန်စဉ်းစားပြီး သရော်စာပဲလို့ သိလာရတာပါ။

ဇေ - အဲဒီ ဘင်္ဂါလီဆရာကြီးက ကျွန်တော့်ကိုမေးတယ်။ 'မောင်ကိုလေး၊ မင်းဟာဉာဏ်လဲ ကောင်းတယ်။ ဒီအချိန်မှာ အိုင်စီအက်စ်တွေလဲ ခေတ်စားနေတာ၊ သူများတွေလို သမိုင်းတွေဘာတွေယူပြီး အိုင်စီအက်စ်တို့ ဘာတို့ ဝင်ဖြေပါလား၊ ဘာဖြစ်လို့ ဓာတုဗေဒကိုယူရသလဲ' လို့ မေးတော့ ကျုပ်က 'ကျွန်တော် ဗုန်းလုပ်ချင်လို့'လို့ ဖြေလိုက်တော့ ဆရာကြီးက ရယ်လိုက်တာလေ။

(ကျွန်တော်တို့လည်း ရယ်လိုက်မိပြန်ပါသည်။)

ဇေ - ပြောလိုက်ရဦးမယ်။ အဲဒီလို ကျွန်တော်တို့ ပညာသင်ကြတဲ့ အချိန်မှာ ၁၉၂၉-၃၀ ပေါ့လေ။ ကျွန်တော်တို့ အထက်မြန်မာပြည် အညာဒေသဟာ ပညာရေး ဘယ်လောက်အောက်ကျ လိုက်သလဲဆိုရင် မန္တလေး တစ်မြို့လုံးမှာ ဘွဲ့ရတဲ့ သူ ၄ ယောက်ပဲရှိတယ်။

သင်း - ဟုတ်လားဆရာ။

ဇေ - ဟုတ်ပါ့ဗျား။ ကျွန်တော်တို့နှစ်မှာ ဥပစာတန်းတို့ ၃၆ ယောက် အောင်တယ်နော်။ ၆ ယောက်ပဲ ရန်ကုန်ကိုဆင်းပြီး ပညာဆက်သင်နိုင်ကြတယ်။ အဲဒီကထဲက မန္တလေးမှာ တက္ကသိုလ်တစ်ခုတော့ရှိဖို့ ကောင်းတယ်လို့ စိတ်ထဲမှာ တေးထားမိခဲ့တာ။ ကျုပ်က အဲဒီအကြောင်းကို ဆရာကြီးဦးရာဇတ်ကို ကျွန်တော်က ပြောမိသေးတယ်။ ဒီတော့ ဆရာကြီးက ဖြစ်ချင်ရင် ဖြစ်အောင်လုပ်ပေါ့ကွ။ ကြိုးစားရင် ဖြစ်မှာပေါ့တဲ့။ သတိရလာလို့ ပြောရဦးမယ်။ ကျွန်တော်က ဆယ်တန်းမှာရော သချာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာမှာ ဂုဏ်ထူးထွက်တယ်။ ဥပစာတန်းကို သိပ္ပံနဲ့ အောင်တော့လည်း သင်္ချာနဲ့ မြန်မာစာမှာ ဂုဏ်ထူးထွက်တယ်။ တစ်ကျောင်းလုံးမှာ ပထမရတယ်။ ဒီတော့ ကျုပ်က ဆရာကြီးမစ္စတာမားရှယ်လ်ကို သွားပြောတယ်။ ကျွန်တော် ဂုဏ်ထူးနှစ်ခုလည်းပါတယ်။ တစ်ကျောင်းလုံးမှာ ပထမရတယ်။ ဒီတော့ ကျွန်တော် ရွှေတံဆိပ်ရသင့်တယ်လို့ ပြောတော့ ဆရာကြီးက 'မင်းတို့ သပိတ်မှောက်တဲ့ကောင်တွေပဲ။ အဲဒီတုန်းက သပိတ်မှောက်တဲ့ ကျောင်းသားတွေ ကျောင်းထုတ်ပစ်မယ်လို့တောင် စဉ်းစားတာ၊ မင်းတို့ပါနေလို့၊ နားလည်လား၊ မပေးဘူး၊ သွားတော့' တဲ့။

(ကျွန်တော်တို့ ရယ်လိုက်မိကြပြန်ပါသည်။ ဆရာကိုယ်တိုင်လည်း သူ့ဆရာကြီးကို ပြန်လည်မြင်ယောင် သတိရနေဟန် ရှိပါသည်။)

သင်း - ပြောင်ပဲပြောလွှတ်လိုက်တာပေါ့လေ။

ဇေ - ပြောင်ကိုပြောလွှတ်လိုက်တာ။ အမှန်တော့ ကျွန်တော်တို့ကို ခင်တာ ချစ်တာအမှန်ပဲဗျ။ ကျုပ်လဲ အသာလှည့်ပြန် လာခဲ့ရတာပေါ့လေ။ အဲဒါနဲ့ ရန်ကုန်တက္ကသိုလ်ရောက်သွားလိုက်တော့ ပြောလိုက်ရဦးမယ်။ ဝိုင်အမ်ဘီဆရာတင်ရေးတဲ့ 'ကမ္ဘာမကြေ' 'တို့ဗမာသီချင်း'ကို ရွှေတိဂုံကုန်းတော်မှာ သခင်ဗသောင်းနဲ့ သီချင်းတိုက်ကြပြီး ရန်ကုန်တက္ကသိုလ်မှာ ပထမဆုံးဆိုတာက သထုံကျောင်းဆောင်မှာ။ သခင်လေးမောင်တို့ပေါ့။ ဆိုကြတော့ ကျွန်တော်တို့ပါ ဝိုင်းပြီးဆိုခဲ့ကြရတာ။ အဲ . . . ပုဂံကျောင်းဆောင်မှာ ကျုပ်နဲ့ ဘေးချင်းကပ်အခန်း နေခဲ့ရတာက သခင်ဗစိန်လို့ ဖြစ်လာမယ့် ကိုဗစိန်။

သင်း - ခုံဖိနပ်သခင်ဗစိန်။

ဇေ - ဟုတ်ပါ့ဗျာ၊ သူပေါ့။ သမိုင်းကြောင်းမှာ "ကြုံလာခဲ့တဲ့သူ တွေကို ပြောတာပါ။" နောက်ပြီး ကျွန်တော်အခန်းနဲ့ မျက်နှာချင်းဆိုင် အခန်းမှာ နေတာက ကိုအုံးတဲ့။ နောက်တော့ ဦးနုရဲ့ အတွင်းဝန်လား ဘာလား ဖြစ်သွားသေးတယ်။

သင်း - အိုင်စီအက်စ် ဦးအုံးလားဆရာ။

ဇေ - မဟုတ်သေးဘူး၊ သူကသတ်သတ်၊ ကျွန်တော် အင်္ဂလန်ကို ပညာတော်သင်သွားတော့ သူရယ်၊ စောစံဖိုးသင်ရယ်၊ ကျွန်တော်ရယ် သင်္ဘော





တစ်စီးထဲ စီးသွားခဲ့ရတာ။ သို့သော်လည်း သူက စစ်ကြီးဖြစ်တဲ့အခါမှာ အင်္ဂလန်မှာပဲ ကျန်နေရစ်ခဲ့တယ်။ ဒါကြောင့် သူ့ကို လူတွေ သိပ်မသိလိုက်ကြဘူး။ ဒါပေမယ့် . . . နော် ၁၉၃၈ ခုနှစ်ကျောင်းသား သပိတ်တွေဖြစ်လို့ မြန်မာတစ်ပြည်လုံးကို လိုက်ပြီးဟောပြောကြတော့ ဦးနုရယ်၊ သူရယ်၊ ရာရှစ်ရယ် ပါခဲ့ကြတာပေါ့။

သင်း - ဖဆပလ ဝန်ကြီးဦးရာရှစ်လား။

ဇေ - အေးလေ၊ သူပဲပေါ့။ သူနဲ့ ကျွန်တော်နဲ့က Chemistry, Honours (ဓာတုဗေဒဂုဏ်ထူးတန်း)မှာ အတူတူတက်ခဲ့တာ။ ဖဆပလအစိုးရ တက်လာလို့ အစိုးရဖွဲ့လိုက်တော့ ဝန်ကြီးတွေထဲမှာ ကျွန်တော့်သူငယ်ချင်းတွေက ကျော်ငြိမ်း၊ ထွန်းဝင်း၊ ရာရှစ်၊ အဲဒီလိုကိုး။ မန္တလေးတက္ကသိုလ်ကိုစပြီး တည်ထောင်တော့ ဟို ကျော်ဝင်းမောင်။ ဆရာကြီး ဦးရာဇတ်အကြောင်း စာအုပ်တွေ ဘာတွေတောင် ထုတ်ခဲ့ပါသေးတယ်။ အဲဒီစာအုပ် အခန်း ၃ မှာ ကျွန်တော်တို့ မန္တလေးတက္ကသိုလ် တည်ထောင်ဖို့ လုံးပမ်းရပုံတွေ အကုန်ပါတယ်။

သင်း - ဟို 'ဝမ်းအိုဝမ်း' ဦးကျော်ဝင်းမောင်။

ဇေ - ဟုတ်တယ် . . . ဟုတ်တယ်၊ သူပေါ့။ ဝမ်းအိုဝမ်းပေါ့။ ဖက်ဆစ်တော်လှန်ရေးလေ။ ကျွန်တော်ပဓာနထားပြီး ပြောချင်တာက မန္တလေးတက္ကသိုလ်ကြီးဖြစ်လာဖို့ ကျွန်တော်တို့ ဆရာကြီးဦးရာဇတ်တို့က အစောကြီးကထဲက စိတ်အားထက်သန်စွာ လုပ်နေခဲ့မိကြတယ်ဆိုတဲ့ အကြောင်းပါ။ ကျွန်တော် ဓာတုဗေဒဂုဏ်ထူးတန်းပြီးလို့ နိုင်ငံခြား ပညာတော်သင်သွားရတော့ . . . ။

သင်း - ဖြတ်ပြီး မေးလိုက်ပါရစေဦး ဆရာ၊ ဓာတုဗေဒဂုဏ်ထူးတန်းမှာ ကျောင်းသား ဘယ်နှစ်ယောက်ရှိသလဲ ဆရာ။

ဇေ - ၁၃ ယောက်လောက်ရှိတယ်။ မန္တလေးက ကျွန်တော်တစ်ယောက်ပဲ ပါတယ်။

သင်း - အောင်တော့ကော . . . ။

ဇေ - 2nd. Class (ဒုတိယအဆင့်)နဲ့ အောင်တယ်။ 1st. Class (ပထမအဆင့်)နဲ့က ကပြားမလေးတစ်ယောက်ပဲ အောင်တယ်။ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်တော့ မပြောချင်တော့ဘူးဗျာ။ ဖြစ်လာပုံက အဲဒီပါမောက္ခနဲ့က စကတည်းက ကျွန်တော်နဲ့ အဆင်မပြေချင်ဘူး။ အတန်းထဲမှာ ကျောင်းသား ၁၃ ယောက်ရှိတယ်။ စာတွေကို မေးတယ်၊ ကျွန်တော့်ကို ဘယ်တော့မှ မမေးဘူး။ ကျွန်တော်က မန္တလေးကလေ၊ သူ့လက်ရင်း ရန်ကုန်တပည့်တွေကိုပဲ စာမေးတယ်၊ သူမေးတာတွေကို ကျုပ်က လွယ်လွယ်လေး ဖြေနိုင်သားပဲ။ ဒါပေမယ့် သူမမေးတော့၊ ကျုပ်ကလဲ မဖြေဘူးပေါ့။ ကျုပ်နဲ့ ရာရှစ်နဲ့က အတူတူထိုင်တယ်။ ဟိုဘက်ခုံတန်းမှာတော့ ခုနကပြောခဲ့တဲ့ ကပြားမလေးရှိတယ်၊ ကပြားတွေ သုံးလေးယောက်ပါပဲ။ အဲဒီပါမောက္ခက သူ့ဘာသာရပ်ကိုတော့ အတော်ကြီးကိုနိုင်နင်းတယ်၊ သင်ပုံပြပုံကလဲ တကယ့်ကို ထူးထူးခြားခြားလို့ ဆိုနိုင်ပါတယ်။

**သင်း** - နာမည်မှတ်မိသေးလားဆရာ။

**ဝေ** - ဘယ်မမှတ်မိဘဲရှိပါ့မလဲ။ ပီးကော့ တဲ့၊ ဒေါက်တာ ပီးကော့ တဲ့။ သူက စာသင်ပြီလားဆိုရင် သူပြောတာတွေကို သေချာနားစွင့်ပြီး လိုက်မှတ်ရတာ၊ သူလုပ်တာတွေကိုလဲ သေချာကြည့်နေရတယ်။ သင်ပုန်းပေါ်မှာ ညာဘက်က မြေဖြူကိုင်ပြီး ရေးသွားတယ်။ ဘယ်ဘက်က ဒတ်စတာကို ကိုင်ထားတယ်။ ကင်မစ်ထရီဖော်မြူလာဆိုတာ အရှည်ကြီးတွေ မဟုတ်လား၊ အဲဒါရေးလို့ ဆုံးသွားရင် ဘယ်ဘက်က ဖျက်ပစ် လိုက်တာပဲ၊ သူက သိတယ်၊ စာအုပ်တွေကို လိုက်စစ်တယ်။ မမီလိုက်တဲ့သူတွေကို 'မင်း ဘာလုပ်နေသလဲ၊ အိပ်နေသလား' လို့ မေးတက်သေးတာ။

နောက်ပြီး သူလုပ်ပုံလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ Test Tube ဖန်ပြွန်လေးထဲမှာ ဒုတ္တာခဲလေးတွေထည့်ထားပြီး လက်တစ်ဘက်နဲ့ ကိုင်ပြီး လှုပ်ပြနေရင်း ပါးစပ်က 'ဒုတ္တာဆိုတာ အမည်းရောင် အခဲလေးတွေ ဖြစ်တယ်' လို့ ပြောတယ်။ ခင်ဗျားသိတဲ့အတိုင်း ဒုတ္တာဆိုတာ အပြာရောင် မဟုတ်လား။ အဲဒါသူ့အကြောင်းကိုသိပြီး သူ့ကိုကြည့်နေတဲ့လူ တွေကတော့ သူ့အငိုက်ဖမ်းတော့ မယ်ဆိုတာကို ရိပ်မိကြတာပေါ့။ မသိတဲ့ကောင်ကတော့ သူ့ကိုမကြည့်ဘဲ ငုံ့ပြီးရေးနေတာပေါ့။ အဲဒီကျောင်းသားကို လှမ်းပြီးဖတ်ပြစမ်းခိုင်းတော့တာပဲ။ 'ဒုတ္တာဆိုသည်မှာ အမည်းရောင် အခဲကလေးများ ဖြစ်ပါသည်' ပေါ့။ ဒီတော့မှ သူက 'မင်း . . . ဒီမှာကြည့်စမ်း၊ ငါတစ်ချိန်လုံး





ဂလောက်ဂလက်နဲ့ ခေါက်ပြနေတယ်၊ မင်းတစ်ချက်မှ မော့မကြည့်ဘူး ဒီမှာကြည့်စမ်း အမည်းရောင်ဟုတ်သလား'လို့ ငေါက်တော့တာကိုး။ အမှန်ပြောရရင် အဲဒီလိုလုပ်တာကိုပဲ ကျွန်တော်က သူ့ကို မကြိုက်ခဲ့ဘူး၊ နောင်အခါ ကိုယ်ကိုယ်တိုင် ဆရာဖြစ်လာပြီး သင်ပေးရတော့မှ သူ့နည်းဟာ တယ်ကောင်းတဲ့ နည်းပါလားလို့ သဘောပေါက်လာတော့တာ။

ကျုပ်ကအဲဒါမျိုးကိုတော့ အစင်းသိဖြစ်နေလို့ အမိမခံရပါဘူး။ ပြောရဦးမယ် အဲဒီတုန်းက အခုအင်းလျားကန်နားက တက္ကသိုလ်ကြီး ဆောက်နေတာက အကုန်မပြီးသေးဘူး။ ဓာတုဗေဒဌာနနဲ့ ရူပဗေဒဌာနက ရန်ကုန်မြို့ထဲမှာပဲ ကျန်နေရစ်ခဲ့သေးတယ်၊ နေရတာကတော့ စစ်အတွင်းက မီးလောင်သွားတဲ့ ပုဂံဆောင်ပေါ့။ ဒီတော့ ကျွန်တော်တို့က မြို့ထဲကို ဘတ်စ်ကားနဲ့သွားပြီး ကျောင်းတက်ကြရတယ်။ ကျောင်းနားမှာလဲ မီးရထားလမ်းက ကပ်နေတာကိုး။ အင်းစိန်မီးရထားတွေ တဂျုံးဂျုံးမောင်းလာလိုက်တော့ ကျုပ်တို့က လှမ်းကြည့်မိတာပေါ့။ အဲဒါကိုသူက 'မင်းတို့ ဘယ်ရွာကလဲ၊ မီးရထားကို မမြင်ဖူးဘူးလား'လို့ ပြောပြီး ကျုပ်နဲ့ ရာရှစ်ကို မောင်းထုတ်တော့တာပဲ။ သူမောင်း ထုတ်လိုက်တော့ ကျုပ်တို့ကလည်း ထွက်သွားလိုက်တာပါပဲ၊ စင်စစ်မှာတော့ ကျုပ်တို့က အသာလေးငြိမ်နေ၊ သူ့မြည်တွန်တောက်တီးတာတွေကို ခေါင်းငုံ့ခံ၊ ဒီလိုနေလိုက်ရမှာ၊ ကျွန်တော်တို့က လည်း ကျွန်တော်တို့ပဲ၊ ဒီလိုမနေပဲ ထွက်သွားလိုက်တာကိုး။

(ဆရာက အေးအေးဆေးဆေး ရယ်ကာမောကာပြောပြနေသည်ကို ကျွန်တော် စိတ်ဝင်စားစွာ နားထောင်နေမိသည်၊ ဆရာ့ကို လူပေလူတေ ဟုလည်း မဆိုသာ၊ ပေကတ်ကတ် ဟုလည်းပြောမဖြစ်၊ ခပ်အေးအေးလေး လိမ်လိမ်မာမာနေတတ်ပြီး ထင်ရာစွတ်လုပ် တတ်သည်ဟုတော့ ထင်မိတ် မိသည်။)

**သင်း** - ဒါတွေဖြစ်လာခဲ့တာက ပြန်ပြီးစဉ်းစားလိုက်ရင် ဆရာတို့ ခံနိုင်ရည်ရှိတဲ့ သဘော မဟုတ်ဘူး၊ နိုင်ငံရေး အခြေအနေအရ အုပ်စိုးသူ ထိုင်းတစ်ပါးသားတွေ ဆန့်ကျင်နေတဲ့ အခြေခံစိတ်ဓာတ်ကြောင့် ဒီလိုဖြစ်ရတယ်လို့ ထင်မိတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ဆရာတို့ အရွယ်ရှိသော တတ်မြဲ မဟုတ်လား ဆရာရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဝေ - အဲဒါပြောတာပေါ့ ဦးအောင်သင်းရဲ့။ ကျွန်တော်တို့ခေတ်က မျိုးချစ်စိတ်ပေါက်ကွဲစ ပြုလာချိန်လေ။ ပြောလိုက်ရဦးမယ်။ ကျွန်တော်တို့ကို တာဝန်ယူသင်ပေးတာက ပါမောက္ခသုံးယောက်ရှိတယ်။ နှစ်ယောက်က နောက်တော့ပြန်ပြောတယ်။ မောင်ကိုလေး-မင်းဟာ 1st. Class Honours ရသင့်တာအမှန်ပဲ။ ငါတို့ပြောပါသေးတယ်။ မင်းတို့ ပါမောက္ခက မရဘူးကွဲ့တဲ့။ နောက်တော့ ဦးအောင်သင်းရေ ဆရာကြီးက သူ့ဘာသာသူ စိတ်မကောင်းဘူးထင်ပါရဲ့၊ ကျွန်တော့်ဆီကို စာလှမ်းပြီး ရေးတယ်ဗျ။

သင်း - ဟုတ်လားဆရာ၊ စိတ်ဝင်စားစရာပဲ၊ ပြောပါဦးဆရာ။

ဝေ - မောင်ကိုလေး မင်းစာမေးပွဲအောင်တာကို ဝမ်းသာတယ် (Congratulate) လုပ်ပါတယ်ပေါ့။ မင်းဟာ ဂုဏ်ထူးတန်း ပထမအဆင့် (1st.Class Honours)ကို မရသော်လဲ မင်းမှာ 1st. Class Quality (ပထမအဆင့် အရည်အချင်း) ရှိတယ်။ Later life, I am sure, you'll prove yourself 1st. Class Quality. (မင်းမှာ ပထမအဆင့် အရည်အသွေးရှိတယ်၊ နောင်အခါမှာ ပထမအဆင့်ရှိကြောင်း မင်းလုပ်ဆောင်ပြနိုင်မည် ဖြစ်ကြောင်း ငါယုံကြည်တယ်)လို့ ရေးလိုက်တယ်ဗျ။

သင်း - ကြည့်ရတာ - သူ့အတော်လေး စိတ်မကောင်း ဖြစ်သွားပုံရတယ်၊ လိပ်ပြာမလုံ ဖြစ်သွားတာလဲပါမှာပေါ့လေ။

ဝေ - ဟုတ်လိမ့်မယ်ထင်ပါရဲ့။ အဲဒီမှာပြောလိုက်ရဦးမယ်။ သူက ပုဂံဆောင်ဝါဒင်(အဆောင်မှူး)ဗျ။ ကျွန်တော်က ပုဂံဆောင်မှာနေတာ။ ဒီတုန်းက အဆောင်မှူးဆိုတာတွေဟာ ပါမောက္ခတွေချည်းပဲ။ ပါမောက္ခတွေ ဖြစ်နေပေမယ့် အဆောင်မှူး တာဝန်ကိုယူထားလိုက်တော့ ဘယ်ညစာစားပွဲကိုပဲသွားသွား ၉ နာရီဆိုရင် ပြန်ရောက်လာပြီး အဆောင်ကိုလှည့်ပတ်ပြီး စစ်တော့တာပဲ။ သူ့နောက်က လက်ထောက် အဆောင်မှူး ဦးဘိုးသာက လိုက်ရတယ်။

သင်း - ပါမောက္ခ ဦးဘိုးသာလား ဆရာ။

ဝေ - အဲ . . . ဟုတ်တယ်၊ ခင်ဗျားတို့လက်ထက်ရောက်တော့ သူက ပါမောက္ခ ဖြစ်နေပြီ။ အဆောင်ကို စစ်တယ်ဆိုတာက ဦးအောင်သင်းရေ . . . အိမ်သာတွေ၊ ရေချိုးခန်းတွေကို ပါလိုက်ပြီးစစ်တာ။ ဒီတော့ သန့်ရှင်း





ရေး အလုပ်သမားတွေကလဲ တော်စွလျော်စွ မလုပ်ဝံ့ဘူးပေါ့။ တစ်ဆောင်လုံးဟာ သန့်နေတာပဲ။

သင်း - ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့လဲ ပြောသံကြားဖူးပါတယ်။ ဘာပဲပြောပြော မျက်နှာဖြူအဆောင်မှူးတွေဟာ သူတို့တာဝန်ကို သူတို့ သိပ်ကို ရှိသေကြတာပဲ။

ဝေ - ဟုတ်ပါ့ . . . ဦးအောင်သင်းရေ။ ကျုပ်တို့က ကျုပ်တို့ကို ကျွန်လုပ်သွားတာမို့သာ မုန်းနေရတာကိုး။ အလုပ်အကိုင်နဲ့ ပတ်သက်လို့ တာဝန်ကျေတာမှာတော့ တကယ့်ကို အတုခိုးလောက်ကြတာနော်။ အဲဒါနဲ့ ကျွန်တော်ဘီလပ်ကို ပညာတော်သင်သွားရတယ်။ ပညာတော်သင် ရွေးတာမှာ ကျွန်တော်တို့မြန်မာထဲက 1st.Class Honours (ဂုဏ်ထူးတန်း ပထမအဆင့်)က တစ်ယောက်ပါတယ်။ ကျွန်တော်က 2nd.Class Honours (ဂုဏ်ထူးတန်း ဒုတိယအဆင့်)မှာ ပထမ၊ ဒုတိယက ဘသီ ဆိုတာရယ်။ ဒါပဲ၊ ကျန်တာတွေက 3rd.Class တွေချည်းပဲ။

သင်း - အစိုးရပညာတော်သင်ပေါ့နော် -

ဝေ - ဟုတ်တယ်၊ အစိုးရပညာတော်သင်။ ဒီမှာ ဖြစ်လာခဲ့ပုံကို ပြောလိုက်ရဦးမယ်။ ကျွန်တော်လျှောက်လိုက်တာက စိုက်ပျိုးရေး ဓာတုဗေဒ (Agricultural Chemistry)။ ဒါနဲ့ စာမေးပွဲဖြေကြတော့ ကျွန်တော်က ပထမထွက်တယ်။ ရေးဖြေသာ မဟုတ်ဘူး၊ လူတွေ့ နှုတ်ဖြေမှာလဲ ပထမပဲ ရတယ်။ ဒါပေမယ့် လျှောက်လွှာကို သေချာပြန်ပြီးစစ်လိုက်တော့ သူတို့ ခေါ်ထားတာက ကုန်ထုတ်ဓာတုဗေဒ (Industrial Chemistry) ဖြစ်နေတော့ ကျွန်တော့်ကို မပေးနိုင်ဘူး ဖြစ်ပါလေရော။ ကျွန်တော်လဲ စိုက်ပျိုးရေးဝန်ကြီးဆီကို တက်တော့တာပဲ။ ဒီတုန်းက စိုက်ပျိုးရေးနဲ့ သစ်တောရေးဝန်ကြီးက ဦးဘဖေ၊ ဘကြီးဘဖေပေါ့။ သူနဲ့ ကျွန်တော်နဲ့တ သိနေတယ်။ သိပုံက ဒီလို။ ဝံသာနုခေတ်မှာ ရွေးကောက်ပွဲတွေ ဘာတွေလုပ်တော့ ကျွန်တော့်အဖေက သူ့ကိုထောက်ခံပြီး လုပ်ပေးခဲ့တယ်။ နောက်ပိုင်းမှာ ငါးထောင်စားဝင်လုပ်လိုက်တော့မှ သူနဲ့ကွဲပြီး ဦးချစ်လှိုင်တို့ဘက်ကို ပါသွားတာ။ ဒါကြောင့် ကျွန်တော်က ဘကြီးဘဖေနဲ့သိနေကြတာ။ သူ့ဆီကို ရောက်သွားတော့ ပညာတော်သင်အောင်စာရင်းထွက်တာကို သိပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



လားလို့ ကျွန်တော်က မေးတယ်။ သိပြီးပြီ၊ မင်းပထမရတယ် မဟုတ်လား။ ဒါပေမယ့် ဒို့ခေါ်တာက ကုန်ထုတ်ဓာတု၊ မင်းလျှောက်တာက စိုက်ပျိုးရေးဓာတု၊ ဒို့က ဘယ်လိုလုပ်ပေးနိုင်မလဲတဲ့။ ဒီတော့ ကျွန်တော်က "ကျွန်တော်က တမင်ကို စိုက်ပျိုးရေးဓာတုကို လျှောက်လိုက်တာ။ ဦးတို့က ကုန်ထုတ်ဓာတုလို့ ပြောတယ်။ ကျွန်တော်က အဲဒီကုန်ထုတ်ဓာတုဘွဲ့ကြီးရခဲ့ပြီဆိုပါတော့ ပြန်လာတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ။ ဆပ်ပြာချက်စက်ရုံကြီး ထောင်ချင်ပါပြီတဲ့၊ ကျွန်တော့်မှာ အရင်းအနှီး မရှိဘူး။ စက္ကူစက် ထောင်ချင်လဲ အရင်းအနှီး မရှိဘူး။ ကိုယ်ပိုင်မလုပ်နိုင်တာကြောင့် အစိုးရဌာနမှာ ဝင်ပြီး လုပ်ပါမယ်ဆိုရင်လဲ အစိုးရဌာန မရှိသေးဘူး။ မန္တလေးမှာ စိုက်ပျိုးရေးကောလိပ်ရှိတယ်။ မျက်နှာဖြူကျောင်းအုပ်ကြီးက ချာလ်တန်။ သူပဲ စိုက်ပျိုးရေးဓာတုကို သင်တယ်။ စိုက်ပျိုးရေးဌာနမှာ ညွှန်ကြားရေးမှူးဖြစ်တဲ့သူက ၃ နှစ်ရှိရင် ပင်စင်သွားရတာပဲ။ အခုညွှန်ကြားရေးမှူးပြန်သွားရင် မစ္စတာချာလ် တန်တက်မှာပဲ။ အဲဒီကျရင် မစ္စတာချာလ်တန်နေရာကို ဘယ်သူတွေတက်မလဲ၊ သူ့အောက်မှာ ကုလားတွေပဲ ရှိတယ်။ သူတို့ပဲ တက်တော့မှာပေါ့။ ဒါကြောင့် ကျွန်တော်က တမင်စိုက်ပျိုးရေးဓာတုကို လျှောက်လိုက်တာ" လို့ ပြောပြတယ်။ အဲဒီအချိန်က စိုက်ပျိုးရေးဌာနကြီး တစ်ခုလုံးမှာ မြန်မာအရာရှိကြီးကြီးဆိုလို့ ဦးသက်စုဆိုတာတစ်ယောက်ပဲ ရှိတယ်၊ ဒီတော့မှ ဘကြီးဘဖေလဲ ခေါင်းကိုကုတ်ပြီး "အေးကွ- မင်းပြောသလိုဆိုတော့လဲ အဟုတ်သား"လို့ ပြောတယ်။ ဒီတုန်းက နန်းရင်းဝန် (ခုခေတ်တော့ ဝန်ကြီးချုပ်ပေါ့လေ) အဲ နန်းရင်းဝန်က ဒေါက်တာဘမော်။ သူက ပညာရေးဝန်ကြီးဌာနကိုလည်း ကိုင်ထားတယ်။ ခုနကပြောခဲ့တဲ့ ပုဂံကျောင်းဆောင်က မောင်အုန်းကိုပြန်ရောက်လာပြန်ပြီ။ မောင်အုန်းက (Rural Reconstruction) ဆိုတဲ့ ဘာသာရပ်ကို လျှောက်ထားတာ။ နန်းရင်းဝန်က သူ့တူတစ်ယောက်ကို ပေးချင်တယ်။ ဒီတော့ "ဒို့ခေါ်ထားတာက (Industrial Chemistry) သူလျှောက်ထားတာက (Agricultural Chemistry)။ ဒီတော့ ပယ်လိုက်တော့"ဆိုပြီး သူ့တူကို ပေးထားပြီးပြီ။ ဒီအကြောင်းကို ကျုပ်က ဘကြီးဖေကိုပြောပြလိုက်တော့ ဘကြီးဖေက "ဘာပဲပြောပြော သူလျှောက်ထားတာ ဓာတုဗေဒပဲ။ ဒီတော့ ခင်ဗျားလူကို





ပေးချင်သပဆိုရင် (Rural Reconstruction) ကိုပဲ နောက်တစ်ယောက် တိုးပြီး ပေးလိုက်ပေါ့" လို့ပြောတာကြောင့် ကျုပ်ပါသွားခွင့်ရလိုက်တာ။

သင်း - ဒီလိုဆိုတော့ ဆရာက ဝန်ကြီးထိအောင်ကို တက်ပြောတာပေါ့။

မေ - ဟုတ်တယ်။ ဝန်ကြီးထိအောင်တက်ပြောတော့တာ။

သင်း - ဟာ . . . မလွယ်ဘူး ဆရာရေ့။ အဲဒီခေတ်က ငါးထောင်စားဆိုတာတွေကို ဝန်ကြီးတောင်မဟုတ်ဘူး၊ ဝန်ကြီးချုပ်လို့ ခေါ်ခဲ့ကြတာ။ အခုခေတ် ဝန်ကြီးချုပ်ဆိုတာကို သူတို့ခေတ်က နန်းရင်းဝန်လို့ ခေါ်ကြတယ်မဟုတ်လား။

မေ - ဟုတ်တယ်လေ။ တစ်ခုရှိတာက ကျုပ်အဖေကိုယ်တိုင်က နိုင်ငံရေးမှာ ပါနေတာရယ်၊ ကျုပ်ကိုယ်တိုင်ကလည်း ကျောင်းသားနိုင်ငံရေးမှာ ပါနေခဲ့တာကြောင့်လည်း ပြောဝံ့တယ်ဆိုရမှာပေါ့။ တစ်ခုတော့ရှိဟယ် ဦးအောင်သင်းရေ။ ကျုပ်သာ အဲဒီလိုမပြောဝံ့ခဲ့ရင် ကျုပ်လည်း ပြုတ်ကျန်ရစ်ခဲ့မှာနော်။

သင်း - သေချာတာပေါ့ဆရာ။ လုပ်ပါဦးဆရာ။ ဒါနဲ့ အင်္ဂလန် ရောက်သွားတော့ . . .။

မေ - အဲဒါနဲ့ ဦးအောင်သင်းရေ . . . ဟိုရောက်တော့ မစ္စတာပီးကော့နဲ့ တွေ့ပြန်တော့တာပဲ။ သူကလည်း မြန်မာပြည်က ပြဿနာအမျိုးမျိုးနဲ့ ပြန်လာခဲ့တာကလား။ အလုပ်တောင်ပြုတ်တော့မလို ဖြစ်သွားသေးတယ်လေ၊ ပါမောက္ခချုပ်ဦးဖေမောင်တင်ရဲ့ လက်ထက်မှာလေ။

သင်း - ကြားဖူးတယ်ဆရာ။ ဓာတ်ခွဲခန်းအကူကို လက်သီးနဲ့ ထိုးလို့ဆိုလား . . .။

မေ - အဲဒါတင် ဘယ်ကမလည်း ဦးအောင်သင်းရဲ့၊ ခင်ဗျား မှတ်မိသေးလား၊ ဓာတုဗေဒဌာနက ဦးစံထွန်းလေ။

သင်း - ဟာ . . . မှတ်မိတာပေါ့ဆရာရဲ့။ နိုင်ငံတော် ကောင်စီဝင်တောင် ဖြစ်သွားလိုက်သေးတာပဲ။

မေ - အဲဒီ ဓာတ်ခွဲခန်းအကူကို လက်သီးနဲ့ထိုးတော့ ခင်ဗျား ဒီလိုမလုပ်သင့်ဘူးလို့ ဝင်ပြောတာကြောင့် သူ့ကိုပါ လက်သီးနဲ့ထိုးတာနော်။ ဆရာကြီး ဦးဖေမောင်တင်ဆိုတာလေ စိတ်ဆိုးလွန်းလို့ ပြဿနာတော်တော်ကိုကြီးသွား



www.burmeseclassic.com

www.burmeseclassic.com


လိုက်သေးတယ်။ အလုပ်တောင်ပြုတ်တော့ မလိုလို ဖြစ်သွားလိုက်သေးတယ်။ အဲဒီမှာ ပြောလိုက်ရဦးမယ်။ ဟိုမှာ Institute Of Chemistry ဆိုတာ ရှိသေးတယ်ဗျ။ အဲဒီအဖွဲ့က တက္ကသိုလ်လက်အောက်ခံတော့ မဟုတ်ဘူး၊ သီးခြားဆိုပါတော့။ နောက်ပြီး သူက လက်တွေ့အသုံးချ ဓာတုဗေဒကိုပိုပြီး သင်တယ်လို့ ဆိုရမှာပေါ့။ ကျွန်တော်တို့ ရန်ကုန် တက္ကသိုလ်က 2nd.Class Honours ကိုအောင်ခဲ့ရင် အဲဒီ အဖွဲ့က A.I.C ဆိုတာ Associates Of Institute Of Chemistry ဆိုတဲ့ ဘွဲ့ကို ပေးလိုက်တာပါပဲ။ အဲဒါကို ကျွန်တော်က လျှောက်တဲ့အခါကျတော့ မင်း ပါမောက္ခ မစ္စတာပီးကော့က မထောက်ခံလို့ မပေးနိုင်ဘူးတဲ့။ ဒီတော့ ကျွန်တော်က ခင်ဗျားတို့ ကိုဘသိကိုတော့ဖြင့် ပေးတယ်။ သူက စာမေးပွဲမှာ ဒုတိယပဲရတာ။ ကျုပ်က ပထမရခဲ့တာလို့ ပြောလိုက်တယ်။ အဲဒါသူတို့ချင်း ဘယ်လိုရှင်းကြသလဲ မသိတော့ဘူး။ ကျုပ်က ကောင်းပြီ ခင်ဗျားတို့ မပေးချင်လဲရှိစေတော့၊ ကျုပ်စာမေးပွဲ ဝင်ဖြေမယ်လို့ ပြောလိုက်တယ်။ အဲဒီမှာတင် ပီးကော့ကို သိပ်စိတ်နာသွားမိတာပဲ။ စင်စစ်ဒါဟာ ကျွန်တော် ရသင့်ရထိုက်တာ မဟုတ်ပေဘူးလား။ ဒါကြောင့် အတော်ကြီးကို စိတ်နာသွားမိတာ။ ဖြတ်ပြီး ပြောလိုက်ရဦးမယ်။ ဒါနဲ့ ရန်ကုန်ပြန်ရောက်လို့ ကိုယ့်အိမ်လေးဘာလေးနဲ့ ဖြစ်ပြီး နေနိုင်တော့ အယ်လ်ဆေးရှင်းခွေးလေး တစ်ကောင်မွေးတယ်။ အဲဒီခွေးကို 'ပီးကော့'လို့ကို နာမည်မှည့်ပစ် လိုက်တာ။

(ကျွန်တော်တို့အားလုံး ဝါးခနဲ ရယ်လိုက်မိကြပါသည်။ ဆရာကိုယ်တိုင်ကလည်း ရယ်ပါသည်။ ဆရာက - )

ဇေ - အဲဒီ 'ပီးကော့'ဆိုတဲ့နာမည်ကို သူတို့မျက်နှာဖြူ တွေရှေ့မှာလည်း ခြောင်ခေါ်နေတာပဲ။

သင်း - သူတို့ကလည်း ဆရာက မစ္စတာပီးကော့ကို လွှမ်းတာကြောင့် အမှတ်တရ ဒီနာမည်ကိုပေးထားတယ်လို့ ထင်နေမှန်းမှ မသိဘဲ။

ကျွန်တော်တို့ ရယ်လိုက်မိကြပြန်ပါသည်။ ဆရာကလည်းရယ်မောရ၍ -

ဇေ - မပြောတတ်ပေဘူး။ ကျုပ်ကတော့ နာလွန်းလို့ လုပ်လိုက် တာပဲ။ တစ်ခုရှိတာက ဦးအောင်သင်းရေ - အဲဒီလိုစာမေးပွဲ ဝင်ဖြေလိုက်တဲ့အတွက်





ကျုပ်မှာ တော်တော်ကို အကျိုးရှိသွားတာတော့ အမှန်ပဲဗျ။ ပြင်သစ်လိုရော၊ ဂျာမန်လိုပါ မသင်မနေရဖြစ်သွားတာကိုး။ ပြင်သစ်လို၊ ဂျာမန်လို ရေးထားတဲ့ ဓာတုဗေဒဆိုင်ရာစာတွေကို အင်္ဂလိပ်လို ဘာသာပြန်နိုင်ရတယ်။

သင်း - ဒီတော့ ပြင်သစ်နဲ့ ဂျာမန်ဘာသာကို . . .။

ဇေ - . ဟာ . . . သင်တန်းတွေတက်ရတာပေါ့ ဦးအောင်သင်းရဲ့။ ဒီအချိန်မှာ ကျွန်တော်က ဘာသာစကားလေ့လာမှုကို အတော်လေး သဘောပေါက်နေပြီ။ ဒီတော့ သူတို့ဘာသာစကား ဝါကျတည်ဆောက်ပုံကို သေချာနားလည်လာအောင် ကြိုးစားတယ်။ အဲဒါကို သဘော ပေါက်လာတော့ ဝေါဟာရတွေကို မှတ်ရသားရတော့တာပေါ့။ တစ်ခုဟန်ကျသွားတာက စာမေးပွဲမှာ အဘိဓာန်သုံးခွင့်ပေးတယ်။ ဒီတော့ ချောချောမောမော အောင်သွားတာပါပဲ။

(ကျွန်တော် ဆရာ့ကို ငေးကြည့်နေမိသည်။ "ပါရဂူဆိုတဲ့ နာမည်လေးတစ်လုံးရအောင် ဘယ်လောက် ရင်းနှီးခဲ့ရတယ်ဆိုတာ" ဟူသော ဆရာ ပါရဂူပြောသည့် စကားလေးကိုလည်းပြန်ပြီး သတိရမိလိုက်ပြန်ပါသည်။ ထို့ကြောင့် . . . )

သင်း - ဆရာလဲ တော်တော့်ကို ရင်းခဲ့ရတာပဲ။ ပညာလိုချင်တဲ့သူ တွေဟာ ဘယ်လောက်ပင်ပန်းတယ်၊ ဘယ်လောက်ဖွဲ့ ကောင်းရတယ် ဆိုတာကို လူငယ်တွေသိစေချင်တာကြောင့် ဆရာတို့ကို အင်တာဗျူး လုပ်ရတာပါ ဆရာ။ ဆက်ပါဦးဆရာ။ ပညာရေးမှာ ဘယ်လိုအခက်အခဲ တွေ့ရသေး သလဲဆရာ။

ဇေ - မတွေ့တော့ဘူး။ ဘာမှကို မတွေ့တော့ပါဘူး၊ ပြောရရင် ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်က သင်ပေးလိုက်ဘာဘာ တထည့်တို့ ကမ္ဘာ့အဆင့်မီပဲ။

သင်း - ဒါထက် ဆရာတို့ရတဲ့ ထောက်ပံ့ကြေးနဲ့ နေရထိုင်ရပုံပြောပြပါဦး

ဇေ - ထောက်ပံ့ကြေးက တစ်လကို ၁၈ ပေါင်ရတယ်။ သုံးလတစ်ကြိမ် ကျ ၅၄ ပေါင်ထုတ်ရတယ်။ လုံလောက်ပါတယ်။ ကျွန်တော် နေခဲ့တာ ၁၉၃၆ က ၁၉၄၂ ထိအောင် ၆ နှစ်ပေါ့။ စားတာသောက်တာတော့ ကျွန်တော်တို့ နေရတဲ့အိမ်က bed and breakfast ဆိုပါတော့။ အိပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်၊ မနက်စောစာ breakfast ပေးတယ်။ ကော်ဖီ၊ ပေါင်မုန့်နဲ့ ဝက်အူချောင်း၊ ကြက်ဥကြော်လေးဘာလေးပေါ့။ အဲဒီအတွက်ကို တစ်ပတ်မှာ တစ်ဂီနီတစ်ပေါင်နဲ့ တစ်သျှိလင်ပေးရတယ်။ တစ်လမှာ လေးပေါင်လောက်ပဲပေးရတယ်ဆိုပါတော့။ အဲဒါစားပြီး ကျောင်းသွားတာပဲ။ ဖြတ်ပြီး ပြောလိုက်ရဦးမယ်။ စစ်ပြီးလို့ ကျွန်တော် ၁၉၅၀ မှာရောက်သွားတော့ ဒေါက်တာမောင်မောင်တို့က ပညာတော်သင်ရောက်နေကြတယ်။ သူတို့က တစ်လမှာ ပေါင် ၅၀ ရကြတယ်။ ကျုပ်တို့က ၃ လမှ ၅၄ ပေါင်ပဲ ရခဲ့ကြတယ်။

သင်း - စစ်ကာလနောက်ပိုင်းမှာတော့ ငွေတန်ဖိုးကလဲ ကျလာလို့ ဖြစ်မယ်ထင်တယ်ဆရာ၊ ဆရာတို့ နေရစားရပုံကို ဆက်ပါဦးဆရာ။

ဇေ - နေ့လည် Lunch ကိုတော့ ကျောင်းမှာပဲ စားလိုက်တယ်။ ကော်ဖီ၊ လက်ဘက်ရည်နဲ့ အသားညှပ်ပေါင်မုန့်ကလေးဘာလေးပေါ့။ ညစာမှာကျတော့ အဲ . . . ဒီနေရာမှာပြောစရာတွေကပေါ်လာပြန်ပီ။ စကားတော့ ရှည်ဦးတော့မှာပဲ။

သင်း - ပြောစမ်းပါဆရာရဲ့။ ရှည်ချင်သလောက် ရှည်သွားစမ်းပါစေ။ အားနာရမယ့် ကိစ္စမျိုးမှ မဟုတ်တာ။

ဇေ - ဒီအချိန်က ဟိုမှာ Burma Club ဆိုတာလေးရှိတယ်။ မြန်မာပြည်က ပြန်သွားတဲ့ အိုင်စီအက်စ် ပင်စင်စားတွေ၊ စတီးဘရားသားတို့လို ကုမ္ပဏီက အမှုထမ်းဟောင်းတွေဖွဲ့ထားတဲ့ အသင်းကလေး ဆိုပါတော့။ စာရေးဆရာ မောရစ်ကောလစ်တို့လည်း ပါတာပေါ့။ အစိုးရကလဲ ဒီအသင်းကလေးရှိနေစေချင်လို့ တစ်နှစ်ကို ပေါင် ၄၀၀ ထောက်ပံ့ ထားတယ်။ လူက နည်းနည်းလေးပါ။ ဒီက အင်္ဂလန်ကိုရောက်သွားတဲ့ မြန်မာတွေကိုလဲ ကလပ်ထဲ အဝင်ခံပါတယ်။ ဆရာကြီး ဦးဖေမောင်တင်တို့လဲ ပါခဲ့ဖူးတာပါပဲ။ လှုပ်ရှားမှုတော့လဲ သိပ်မလုပ်နိုင်ပါဘူး။ နှစ်ပတ်လည်လေး ဘာလေး လောက်သာလုပ်နိုင်ကြတာပါ။ နောက်တော့ ကျွန်တော်တို့ကိုပါ အသင်းဝင်ခွင့်ပေးလိုက်တယ်။ ဒီတော့ နောက်ထပ် ပညာတော်သင် ရောက်လာတဲ့ ကျောင်းသားတွေရော၊ ဌာနဆိုင်ရာ ပညာသင်ရောက်လာတဲ့ သူတွေရော ဝင်လိုက်ကြတာ ကျွန်တော်တို့က လူသုံးဆယ်လောက် ဖြစ်သွားတယ်။





ဒီတော့ မဲခွဲလိုက်ရင် ကျုပ်တို့က နိုင်တာချည်းပဲပေါ့။ ဒီတော့တိုတိုပြောလိုက်ရရင် ကျုပ်တို့မြန်မာတွေက ဥက္ကဋ္ဌတွေဘာတွေ ဖြစ်ကုန်ကြတော့တာပေါ့။ နောက်တော့ သူတို့က ပြောတယ်။ မင်းတို့တစ်တွေ New Burma Club ဆိုပြီး အသစ်တစ်ခု လုပ်ပါ။ ပိုက်ဆံကိုလည်း မင်းတို့ပဲ ယူပါတော့။ ငါတို့ Club ကလေးကို သီးခြားရှိနေပါရစေလို့ ပြောတယ်။ ကျုပ်တို့ကလည်း သဘောတူလိုက်ပါတယ်။ အဲဒီမှာတင် New Burma Club ဆိုပြီး ကျုပ်တို့ဘာသာသီးခြား Club ကလေးတစ်ခု ဖြစ်သွားတယ်။ ဒီတော့မှ မိုးလေဝသဌာနက ကိုဖိုးအေးက ဥက္ကဋ္ဌ၊ ကျုပ်က အတွင်းရေးမှူး ဖြစ်လာတယ်။ အဲဒီကလပ်မှာ ကျွန်တော်တို့ မောင်အုန်းတို့ အားလုံးပေါ့လေ ဘီလီယက်ထိုးကြတယ်၊ အောက်ထပ်မှာ ဘီယာလေး ဘာလေးသောက်ကြတယ်။ အဲ . . . ညစာစားချိန်ရောက်တော့မှ တရုတ်ဆိုင် ကိုသွားကြပြီး လေးယောက်တစ်ဝိုင်း၊ ငါးယောက်တစ်ဝိုင်း ထိုင်လိုက်ကြပြီး တစ်ယောက်ကို ထမင်းတစ်ပန်းကန်နဲ့ ဟင်းတစ်မျိုးစီ မှာလိုက်ကြတာပဲ။ ငါးယောက်ဆိုတော့ ဟင်းငါးမျိုး စားရတာပေါ့ဗျာ။ ထမင်းတစ်နပ်မှ နှစ်သျှိလင်ခွဲစီလောက်ပဲ ကျကြပါတယ်။ ဒီတော့ စားလောက်တဲ့ ထောက်ပံ့ကြေးလို့ ဆိုရမှာပါ။

သင်း - ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ မစ္စတာပီးကော့က ထောက်ခံချက် မပေးလို့ A.I.C. မရရအောင် စာမေးပွဲဝင်ဖြေ ပြီးရအောင် ယူလိုက်တာကို ကျွန်တော် သိပ်သဘောကျတယ်ဆရာ။

ဇေ - ဦးအောင်သင်းက စကားပြန်ပြီး ကောက်လာတာကြောင့် သတိရလာလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော်က သူ့ကို စိတ်နာလွန်းလို့ ခွေးကိုတောင် 'ပီးကော့'လို့ နာမည်ပေးခဲ့တာနော်။ အဲဒါတွင်မကသေးဘူး ဒုတ္တာခဲကို ဖန်ပြွန်ထဲ ထည့်ခလောက်ပြပြီး 'ဒုတ္တာဆိုတာ အမဲရောင် အခဲကလေးတွေ ဖြစ်တယ်'လို့ ပါးစပ်ကပြောပြီး အငိုက်ဖမ်းအပြစ်ရှာတာတွေကိုလည်း သက်သက်ကိုညစ်တာလို့ ကျုပ်ကအောက်မေ့နေတော့ သူ့ကို မေတ္တာထားလို့ကို မရခဲ့တာ။

သင်း - ဟုတ်ပေမှာပေါ့ဆရာ။ ကျွန်တော့်စိတ်ထဲမှာတောင် လတ်သီးကတ်သတ် သူမို့လို့ လုပ်တာတ်ပလေလို့တောင် အောက်မေ့မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇေ - ဒါပေမယ့် ဆရာဦးအောင်သင်းရေ၊ ခုတော့ ဘုရားရှိခိုးတိုင်း သူ့ကို အမျှဝေပြီး အကြိမ်ကြိမ်ကန်တော့မိတာ ဒီကနေ့တိုင်ပါပဲ။

သင်း - ဟုတ်လားဆရာ၊ ဆရာကိုပြစ်မှားမိတာကို နောင်တရမိလို့လား။

ဇေ - အဲဒါကြောင့်ဆိုလဲ ဟုတ်သလောက်တော့ ဟုတ်တယ်။ ဒါပေမယ့် အဲဒါလောက်တင် မဟုတ်သေးဘူးဗျ။

သင်း - ဆိုစမ်းပါဦးဆရာ။ ဆရာ့အပြောက လျှို့ဝှက်သည်းဖိုတောင် ဖြစ်နေပြန်ပြီ။

ဇေ - ဒီလို...ဒီလို။ ဝေဘူဆရာတော်ကြီးဆီမှာ တရားသွားပြီး ထိုင်တော့မှ သူ့ကျေးဇူးတရားကို ကောင်းကောင်းကြီး သိလာရတော့တာ။

သင်း - ဟုတ်လား ဆရာ၊ ကျွန်တော်တို့အဖို့တော့ အလှမ်းကွာ လှချည်လားလို့ ပြောမိမှာပဲ။

ဇေ - မကွာဘူး ဦးအောင်သင်းရေ . . . နီးလွန်းနေတာ။ ဆရာတော်ကြီးဆီမှာ တရားထိုင်တော့ တရားပေးလိုက်တယ်။ ဦးအောင်သင်းသိတဲ့ အတိုင်း အာနာပါနဆိုတာ ထွက်လေဝင်လေ ကလေးပေါ်မှာ အာရုံစိုက်ထားရတာ မဟုတ်လား။ ထွက်သွားရင် ထွက်သွားမှန်းသိ၊ ဝင်လာလိုက်ရင် ဝင်လာမှန်းသိ။ သမာဓိကို ခိုင်နေအောင်ထား၊ သတိကလေးကို ကပ်နေအောင်ထိန်း။ စိတ်က သွားရင်သတိလေး နောက်ကလိုက်၊ ပြီးတော့ပြန်ရောက်လာ၊ ဒီလိုမဟုတ်လား။ ကျုပ်ကသူ့အတန်းမှာတက်ခဲ့ရစဉ်က သူ့အကြောင်းကို ကောင်းကောင်းကြီးသိနေလေတော့ သူပြောသမျှ တစ်လုံးမကျန်အောင်မှတ်၊ သူရေးသွားသမျှတွေကို မလွတ်အောင်လိုက်ရေး၊ သူလုပ်သမျှ မျက်ခြည်မပြတ်အောင် သတိနဲ့ကြည့်။ ဒီလိုလုပ်ခဲ့ရတာ မဟုတ်လား။ သုံးနှစ်ကြီး တောင်လေ၊ ဒီလေ့ကျင့်ခန်း training က နည်းနည်းနောနောမှ မဟုတ်တာကလား။ ကျုပ်လေ တရားအားထုတ်လိုက်တော့ သက်သာလွယ်ကူစွာနဲ့ တရားမှတ်လို့ရသွားတယ်။ သူ့ကျေးဇူး မဟုတ်ပေဘူးလား။ နောက်မှပြန်ပြီး စဉ်းစားမိတာ ရှိသေးတယ်။ ကျုပ်အင်္ဂလန်မှာ စာသင်ရတော့ ဆရာတွေပြောသမျှ ရေးသမျှကို သေချာကို အာရုံစူးစိုက်ပြီး လိုက်နိုင်မှတ်နိုင်တာ သူ့ကျေးဇူး ဦးအောင်သင်းရဲ့။ ဒါကြောင့် သူ့ကို အကြိမ်ကြိမ်ကန်တော့မိပါတယ်လို့ ပြောခဲ့ရတာပါ။ ပထမတော့ ကိုယ့်ဟာကိုယ် မသိခဲ့





ဘူးပေါ့။ နောက်မှ သိလာတာကိုး။

သင်း - ဆရာက အင်္ဂလန်မှာနေခဲ့ရတာ ၆ နှစ်နော်။

ဇေ - ဟုတ်တယ်၊ ၆ နှစ်၊

သင်း - ဆရာရခဲ့တဲ့ ဘွဲ့က M.Sc.

ဇေ - ဟုတ်တယ်၊ ရခဲ့တာက ကျုပ်ရသင့်ပါလျက်နဲ့ ပါမောက္ခ မထောက်ခံလို့ မရတဲ့အတွက် စာမေးပွဲဖြေယူရတဲ့ A.I.C။ နောက်ပြီး M.Sc.(London)။ နောက်ပြီးတော့ D.I.C. လို့ခေါ်တဲ့ Diploma of Imperial College ။ M.Sc. ကိုတော့ စာမေးပွဲလဲဖြေရတယ်။ ကျမ်းလဲ တင်ရတယ်။ Imperial College ကတက္ကသိုလ်နဲ့ သီးခြားဗျ၊ ဒါပေမယ့်နော် သိပ္ပံဘက်မှာတော့ အမြင့်ဆုံးနော်။ သူကလက်တွေ့ကို ဦးစားပေးတာ ဖြစ်လေတော့ စာအုပ်တွေကို ဖတ်ပြီး သုတေသနလုပ်လို့ရတာမျိုး မဟုတ်ဘူး။ နယ်တစ်နယ်က မြေကြီးတွေကို တူးပြီးယူ၊ အဲဒီမြေကြီးတွေမှာ ဘယ်လိုဓာတ်တွေပါတယ်၊ ဘယ်လို ဓာတုပစ္စည်းတွေကို တွေ့ရတယ်ဆိုတာမျိုး စမ်းသပ်ရှာဖွေပြီး ကျမ်းပြုရတာ။ အဲဒီကျတော့ စစ်ကြီးကဖြစ်စ ပြုလာပြီ။

သင်း - ဒါဖြင့် ဆရာဇော်ဂျီတို့ ဆရာဦးဝန်တို့ လန်ဒန်ရောက်တော့ ဆရာက ဟိုမှာရှိနေပြီပေါ့။

ဇေ - ဒါပေါ့။ ဒီလို ဦးအောင်သင်းရေ။ ကျုပ်က ရန်ကုန်မှာတုန်းကတော့ ရန်ကုန်မြို့လယ်လောက်ပဲ သွားတတ်တာ။ ကုန်ကုန်ပြောရရင် တရုတ်တန်းတို့ ဘာတို့ကိုတောင် သွားဖုံ့လာဖုံ့ရှိခဲ့တာ မဟုတ်ဘူး။ မသွားတတ်ခဲ့ဘူး။ လန်ဒန်ကိုရောက်လာတော့ New Burma Club ရဲ့ အတွင်းရေးမှူးလဲ ဖြစ်လာပြန်၊ လူကလည်း အသက်အရွယ်အတွေ့အကြုံအရရင့်ကျက်လာပြန်ဆိုတော့ လန်ဒန်ဂျပိုးလို့ ခေါ်နိုင်လောက်အောင် နှံ့နှံ့စပ်စပ် ဖြစ်သွားပြီ။ ခင်ဗျားပြောတဲ့ ဇော်ဂျီတို့ ဦးဝန်တို့၊ နောက်ပြီး ဘောဂဗေဒက ဒေါက်တာလှမြင့်တို့ဆိုရင် ကျုပ်က ဘူတာမှာသွားကြိုပြီး ခေါ်ခဲ့ရတဲ့သူတွေပေါ့။ သူတို့ အကုန်လုံးကိုသွားချင်တဲ့နေရာကို ကျုပ်ကလိုက်ပို့ပေးခဲ့ရတာ။

ကျွန်တော်တို့ အားလုံး နှစ်ခြိုက်စွာ ရယ်လိုက်မိကြပါသည်။

သင်း - ဆရာ့အဖြစ်ကလဲ ရယ်စရာတော့ ခပ်ကောင်းကောင်းပဲ။ ရန်ကုန်မှာ တရုတ်တန်းဘက်ကိုတောင် ကောင်းကောင်းမသွားဖုံ့ရဘဲ နေပြီး



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ရောက်တော့မှ လန်ဒန်ဂျပိုး ဖြစ်လာရတာကိုး။

ဇေ - ဟုတ်ပါ့ဗျား။ ခင်ဗျားကပြောလာလို့ သတိရလာပြန်ပြီ။ ပုဂံဆောင်က လူတွေကို ပြန်တွေ့ရပုံပြောဦးမယ်။ ပုဂံဆောင်မှာတုန်းက ကျုပ်တို့ သူငယ်ချင်းတွေထဲမှာ ဖရန်စစ်ဆိုတာ ရှိသေးတယ်။ သူတို့က ညီအစ်ကိုနှစ်ယောက်ဗျ။ ပုသိမ်က။ သူ့အဖေက ချစ်တီးကုလား၊ မအေကတော့ မြန်မာပဲ။ ကျွန်တော်နဲ့ ဖရန်စစ်နဲ့ခင်ကြတယ်။ ကျွန်တော်တို့ ဖိုင်နယ်ရောက်တော့ သူက စာမေးပွဲကျတယ်။ အဲဒီနောက် သူပျောက်သွားလိုက်တာ ဘယ်ရောက်သွားတယ်မသိဘူး။ ဟိုရောက်တော့မှ သူနဲ့ပြန်တွေ့ရတယ်။ စာမေးပွဲကျတော့ သူ့အဖေကသူ့ကို လန်ဒန်ပို့လိုက်တာကိုး။ "ကိုင်း . . . အင်္ဂလန်သွားပေတော့၊ ဟိုရောက်မှ လန်ဒန်မက်ထရစ်ကို ပြန်ဖြေ"ဆိုပြီး လွှတ်လိုက်တာ။ ကျုပ်နဲ့ သွားတွေ့တော့တာပဲ။ ကျုပ်က ကလပ်ရဲ့ အတွင်းရေးမှူးမဟုတ်လား။ တွေ့တော့တာပေါ့။ သူက ခွေးပွဲလည်း သွားတယ်၊ မြင်းပွဲလည်း သွားတယ်။ အဲဒါတင် မကသေးဘူး နိုက်ကလပ် ဖွင့်ထားပြီး ဖဲဒိုင်လည်း ခံလိုက်သေးတယ်။ နောက်ပြီး ရှိသေးတယ်။ Snap and grasp ခေါ်တာပေါ့ဗျာ။ ဆိုင်တွေဘာတွေကမုန်ကို "ဖြန်းဆိုရိုက်ခွဲပြီး ရွှေငွေနာရီဆိုတာမျိုးတွေကို နှိုက်ပြေးကြတာ။ အဲဒီလို လူမျိုးတွေဆီက ခိုးရာပါ ပစ္စည်း တွေကိုလဲ သူကလက်ခံတယ်။"

(ကျွန်တော်တို့ အားလုံး ရယ်လိုက်မိကြပြန်ပါသည်။)

သင်း - ဒီလိုလူမျိုးနဲ့ သွားတွေ့လိုက်တာဆိုတော့ လန်ဒန်ဂျပိုး ဖြစ်ကရောပေါ့ဆရာ။

ဇေ - အေးလေ၊ အဲဒါပြောတာပေါ့။ ဖရန်စစ်က ပြောသေးတယ်။ "ဟော့ကိုကိုလေး၊ မင်းဘာမှမကြောက်နဲ့၊ ဘာမှ အားငယ်စရာလဲ မလိုဘူး။ ဒီနယ်တစ်ဝိုက်မှာတော့ ငါအကုန်သိတယ်။ အဝတ်အစားတွေဘာတွေလဲ တစ်ခြားမှာသွား မဝယ်နေနဲ့၊ ငါ့ဆီမှာ သာဝယ်ကြ၊ ဈေးချောင်တာပေါ့ကွာ" တဲ့။ အဲဒီလောက် လည်တဲ့ကောင်။

(ကျွန်တော်တို့ အားလုံးရယ်မိကြပြန်ပါသည်။ ဆရာက သူ့ငယ်ဘဝကို ပြန်လည်သတိရလျက် မြူးမြူးရွှင်ရွှင် ဆက်ပြောပြန်ပါသည်။)

ဇေ - နောက်တစ်ယောက်ရှိသေးတယ်။ သူက ထားဝယ်က။ သူငွေးသား





ပဲ။ ဝတ်လုံဘွဲ့အတွက် ပညာလာသင်တာ။ သူကလဲ အဲဒီလိုပဲ၊ ခွေးပွဲလည်း သွားတယ်၊ မြင်းပွဲလည်း သွားတယ်။ ဘယ်ကျောင်း တက်မှန်းလည်းတော့ မသိဘူး။ အဲ . . . ကလပ်မှာတော့ဖြင့် လာလာဆုံကြတာပေါ့လေ။

သင်း - ဆရာကော မြင်းပွဲတွေ ခွေးပွဲတွေကို မလောင်းခဲ့ဘူးလား။

ဇေ - ခွေးပွဲတော့ဖြင့် တစ်ခါတစ်လေ တစ်ပေါင်ဖိုး နှစ်ပေါင်ဖိုး လောက်လောင်းခဲ့ဖူးပါတယ်။ မြင်းပွဲတော့ မလောင်းခဲ့ဖူးပါဘူး။ ဝေးတာလည်း တစ်ကြောင်း၊ နောက်ပြီးကိုယ်ကပိုက်ဆံလည်း အဲဒီလောက် မတတ်နိုင်ဘူး မဟုတ်လား။ တကယ့်ကို လူစုံတွေနဲ့ကိုနေခဲ့ရတာ ဦးအောင်သင်းရေ။ နောက်တစ်ယောက် ရှိသေးတယ်။ ဝတ်လုံတော်ရ ဦးဘဒွန်းရဲ့သား လှအောင်ဆိုတာ။ ကျွန်တော်နဲ့ သိပ်ချစ်ကြတာပေါ့။ တစ်အိမ်ထဲ နေခဲ့ကြတာ။

သင်း - အန်ကယ်လ်ဒန်း ဆိုတာလား။ စာထဲမှာတော့ မကြာခဏ ဖတ်ရဖူးတယ်။

ဇေ - ဟုတ်ပါ့ဗျား။ အဲဒီ အန်ကယ်လ်ဒန်းပေါ့။ ဦးဘဒွန်းတဲ့။ သူ့သားပေါ့။ လှအောင်ကဟိုမှာ အင်ဂျင်နီယာလာတက်တာ။ သူ့အစ်ကိုက စိန်ထွန်းတဲ့။ သူက Imperial Service ပုလိပ်ဘက်က။ သူပုန်သတ်လို့ သေသွားရှာတယ်။

သင်း - သိလိုက်တယ်ဆရာ။ သူပုန်တပ်ပေါင်းစုက ပြည်ပေါက်ခေါင်း ဘက်မှာ သတ်ပစ်တာ။

ဇေ - အဲဒါ လှအောင်ရဲ့ အစ်ကိုပေါ့။ လှအောင်လဲ ဒီလိုပဲ။ လှအောင်ကို ဘုံဘေဘားမားက အင်္ဂလန်ကို အင်ဂျင်နီယာတက်ဖို့ လွှတ်တာကိုး။ လွတ်လပ်ရေးရပြီးစ ၁၉၅၀ လောက်မှာပေါ့။ ဘုံဘေဘားမားက သစ်ဖောင်တွေ တွံတေးတူးမြောင်းထဲမှာ ပိတ်နေတယ်ဆိုတာ ကြားလို့ သူ့ကို သွားကြည့်စမ်းလို့ ကုမ္ပဏီကလွှတ်လိုက်တာမှာ သွားကြည့်တော့ သူပုန်က ပစ်ခဲ့လိုက်တာသေရှာရော။

သင်း - နေဦးဆရာ။ ဆရာကတော့ ဘယ်အချိန်ကျမှ ပြန်လာသလဲ။

ဇေ - ဒီလို ဦးအောင်သင်းရေ။ ကျွန်တော်က မဟာသိပ္ပံပြီးတော့ Ph.D. ဆက်လုပ်နေတာ။ မပြန်တော့ဘူး။ ပြီးအောင် လုပ်တော့မယ်လို့ အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



ထားတာ။ ပြန်လာရအောင်ဆိုတာကလဲ လေယာဉ်လမ်းကြောင်းတွေ ဘာတွေက ပိတ်ကုန်ပြီ၊ သင်္ဘောနဲ့ပဲ ပြန်ရတော့မှာ။ ဒီမှာတင် ဆရာကြီး ဦးရာဇတ်က လူကြုံနဲ့ စာရေးပြီးမှာတယ်၊ ကိုကိုလေး မင်းပြန်လာခဲ့၊ လန်ဒန်မှာ သောင်တင်မနေနဲ့၊ ဒီမှာငါတို့ တိုင်းပြည်လွတ်လပ်ရေးအတွက် လုပ်စရာတွေ အများကြီးရှိတယ်တဲ့။ ဒါနဲ့ပြန်လာခဲ့ရတာ။

သင်း - ဆရာနဲ့ ဆရာကြီးဦးရာဇတ်တို့က ဆရာတပည့်အရင်း မဟုတ်ပေမယ့် တကယ့် ဆရာတပည့်အရင်းလိုပဲနော်။

ဇေ - အမျိုးသားစိတ် အရင်းခံခဲ့ကြတာလေ ဦးအောင်သင်းရဲ့။

သင်း - ဟုတ်တာပေါ့လေ၊ သံယောဇဉ်က ဆရာတပည့်အရင်းထက်တောင် ပိုပြီးခိုင်ကြတာပေါ့။ ဆရာ့ပြည်တော်ပြန်ခရီးကို ဆက်ပါဦး ဆရာ။

ဇေ - ဦးအောင်သင်းရေ၊ ခရီးရှည်သလောက်ပြောရရင် စကားရှည်တော့မယ်နော်။

သင်း - ဆရာက စကားရှည်လေ ကျွန်တော်တို့က ကြိုက်လေပဲ ဆရာရေ၊ 'ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေ' ဆိုသလိုပေါ့ ဆရာရယ်။

ဇေ - ကျုပ်ကြုံခဲ့ရတာတွေက အတော်လေးကို ထူးထူးဆန်းဆန်းတွေဗျ။

သင်း - အဲဒါမျိုးတွေကို ကြားချင်နေတာဆရာရေ့။

ဇေ - အဲဒီမှာ ဘသီက စာမေးပွဲကိစ္စတွေ ပြီးသွားပြီ၊ သူက "ကိုကိုလေးရေ ငါတော့ မနေချင်တော့ဘူး၊ ပြန်တော့မယ်"လို့ပြောတယ်၊ ဒါနဲ့ ကျွန်တော်က "ငါလဲ ပြန်မှာပဲ"လို့ပြောတော့ သူက သူနဲ့အတူပြန်ဖို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်က Ph.D. လုပ်နေတာ မဟုတ်လား၊ မပြီးသေးတော့ သူနဲ့အတူမလိုက်နိုင်သေးဘူးပေါ့၊ ဒါနဲ့ပဲ သူကသင်္ဘောနဲ့ ပြန်သွားပါလေရော။ အဲဒီတုန်းမှာ ဆရာကြီးဦးရာဇတ်ဆီက စာရောက်လာတာပဲ။ ဒါနဲ့ ပြန်လာခဲ့ရတာ။

သင်း - သင်္ဘောနဲ့ပဲပေါ့။

ဇေ - ဟုတ်တယ်၊ သင်္ဘောနဲ့ပဲ။ သင်္ဘောက ဘယ်လိုသွားရသလဲဆိုတော့ လီဗာပူးကနေ အတ္တလန်တိတ်ကိုဖြတ်ပြီး ဟိုး . . . ကနေဒါကို ကူးရတယ်။ ဘေးက အစောင့်အရှောက် ကွန်ဗွိုင်းသင်္ဘောတွေနဲ့ပေါ့၊ ရန်သူ ဂျာမန် ရေငုပ်သင်္ဘောတွေက တော်ပီဒိုတွေနဲ့ ပစ်တတ်ကြတာကိုး။





ကျွန်တော်လဲ အဲဒီမှာ အရက်သောက်တတ်သွားတော့တာပါပဲ။

သင်း - ဟုတ်လားဆရာ၊ ဘယ်လိုကြောင့်လဲ ပြောပါဦးဆရာ။

ဇေ - လန်ဒန်မှာတုန်းက ထမင်းမစားမီ ဘီယာလေး တစ်ခွက်တလေ သောက်တော့ သောက်တတ်ပါတယ်။ အရက်ပြင်းကို သောက်လေ့သောက်ထ မရှိဘူး၊ အဲဒီခရီးကိုမှာတော့ ကျွန်တော်တို့အားလုံးဟာ ကုန်းပတ်ပေါ်မှာ ၅ ကိုက်လောက်မှာ တစ်ယောက်နေပြီး မှန်ပြောင်းတစ်လက်စီနဲ့ ၂ နာရီကြာတာဝန်ယူပြီး စောင့်ကြည့်နေကြရတယ်၊ တော်ပီဒိုလာတာကို စောင့်ကြည့်ရတာပေါ့။ ကိုယ့်နေရာလေးနဲ့ ကိုယ်စောင့်ရတာပေါ့။ အေးလိုက်တာကတော့ ခိုက်ခိုက်ကိုတုန်နေတာပေါ့ ဦးအောင်သင်းရယ်။ ကုတ်အင်္ကျီအထူကြီးတွေဝတ်၊ သားမွေးခေါင်းစွပ်ကြီးတွေ စွပ်ထားရင်း ကကိုပဲ ခိုက်ခိုက်တုန်နေတာ။ အဲဒီမှာ ဝီစကီသုံးပက်လောက်ကို ရေမရောဘာမရော အသားချည်း တွယ်ထည့်လိုက်တော့မှ နည်းနည်းသက်သာ သွားတော့တာ။ အဲဒီလိုမှ မလုပ်ရင်လဲ အသွေးအသားတွေ ခဲသွားလိမ့်မယ် ထင်တယ်၊ ခရီးကတော့ရှည်လိုက်သမှ ဦးအောင်သင်းရယ်။

သင်း - ဒါဖြင့် ဆရာတို့ခရီးစဉ်က ကနေဒါကနေပြီး မြောက်အမေရိက ကမ်းရိုးအတိုင်း တောင်ဘက်ကို . . . ။

ဇေ - အေးလေ . . . အဲဒီလိုမှမသွားရင် ဖြစ်မှမဖြစ်တော့တာ။ တောင်ဘက်ကို ဆင်းလာလိုက်တော့ နယူးယောက်မြို့ကြီးဆိုရင် မီးတွေ တထိန်ထိန်နဲ့ လှမ်းပြီးမြင်နေရတာပဲ။ တောင်အမေရိက အာဂျင်တီးနားတို့ ဘရာဇီးလ်တို့ကို ကျော်ပြီး ဟိုး . . . တောင်ဘက်စွန်းရောက်မှ အာဖရိကကို ကူးရတယ်၊ ပြီးမှ အာဖရိကကမ်းရိုးအတိုင်း တောင်စွန်း ကိပ်တောင်းမြို့ ဆိုက်ကူးရတာ။ အဲဒီ ကိပ်တောင်းရောက်ခါနီးကျမှ တော်ပီဒိုတစ်ချက်အပစ်ခံရတယ်၊ တော်ပီဒိုလာနေတာကို မြင်လိုက်တာနဲ့ သင်္ဘောသင်းကြောင်းကို တိမ်းပေးလိုက်တော့ သီသီလေးတင်ပြီး လွတ်သွားတယ်၊ အဲဒီကနေပြီး အာဖရိက ကမ်းရိုးအတိုင်း အထက်ကိုတက်သွားပြီး မိုင်ဘာစ်ကိုရောက်တော့မှ အိန္ဒိယ ဘုံဘေကိုကူးရတာ၊ အဲ . . . မိုင်ဘာစ်ကိုရောက်တော့ ကျွန်တော်တို့ရှေ့ကသွားတဲ့ သင်္ဘောကို အဲဒီတော်ပီဒိုစစ်သင်္ဘောက ဖမ်းခေါ်သွားတယ်ဆိုတဲ့ သတင်းကို ကြားရတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သင်း - ဒါဆိုရင် ဟို. . . ဦးဘသိတို့ . . . ။

ဇေ - အေးပေါ့ . . . ဘသိလဲပါသွားတာပေါ့။ ဘယ်ရောက်မှန်းကို မသိရတော့ဘူး။ နောက်မှသိရတာက သုံ့ပန်းအဖြစ်နဲ့ ဂျာမနီကို အပို့ခံရပြီး သူတို့ခမျာ အင်္ဂလိပ်က တဝုန်းဝုန်းဗုန်းကြဲတာကို ကုန်းခံလာခဲ့ရတာ၊ ကံကောင်းလို့မှ မသေတာ။ စစ်ပြီးမှ ပြန်ရောက်လာတော့တာ။ ဦးအောင်သင်းရေ ကံဆိုတာအတော်ကိုဆန်းတာ။ ကျွန်တော်သာ ဘသိခေါ်တာကြောင့် လိုက်သွားခဲ့မိရင် ဘယ်လိုဖြစ်မယ်မပြောနိုင်ဘူး။

သင်း - ဟုတ်တာပေါ့ဆရာ။ အင်္ဂလိပ်နိုင်ငံက ပြန်လာပြီး အင်္ဂလိပ် ဝုန်းကြဲလို့ သေချင်သေနေရတော့မှာ။

ဇေ - အစစ်ပဲ။ တွေ့ရကြုံရတာတွေကတော့ ပြောမနေနဲ့ ထူးထူးဆန်းဆန်းတွေချည်းပဲ။ အဲဒါပဲ ဦးအောင်သင်းရေ၊ ခင်ဗျားတို့ဆရာ ကိုဝန်တို့၊ ကိုသိန်းဟန်(ဇော်ဂျီ)တို့၊ နောက်ပြီး ဟိုကိုလှဖေ . . . ။

သင်း - ဒေါက်တာလှဖေ . . . ။

ဇေ - အေး . . . သူပေါ့၊ ဒေါက်တာလှဖေပေါ့။ ခုမှသတိရလာလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော်တို့ ကလပ်မှာ ဝါဆိုပွဲလား၊ ခရစ္စမတ်ပွဲလား မမှတ်မိတော့ဘူး။ ဒင်နာပေးတယ်။ အင်္ဂလိပ်တွေလဲပါတာပေါ့လေ။ ကျွန်တော်က အတွင်းရေးမှူး ဖြစ်လေတော့ စကားပြောရတာပေါ့လေ။ ဘိလပ်မှာဆိုတော့ အားလုံးဘိုလိုချည်း တရွှတ်ရွှတ်ပြောနေကြတာ မဟုတ်လား။ ကျွန်တော်က အဲဒီပွဲမှာ ပထမဆုံး မြန်မာလို ပြောလိုက်တယ်။ အဲဒီပွဲမှာ မစ္စတာစတီးဝပ်ကြီးလည်း လာတော့ . . . ။

သင်း - ဟို. . . မြန်မာ-အင်္ဂလိပ် အဘိဓာန်ပြုစုတဲ့ . . . ။

ဇေ - အေး. . . သူပေါ့၊ သူကကျွန်တော်ပြောတာကို နားထောင်ပြီး၊ ဘာပြောလဲဆိုတော့ . . . "ကိုကိုလေးရေ - မင့်အသံက မြန်မာစစ်စစ် အညာသံကွ။ ဒီမှာ မြန်မာတွေပြောနေတာက အညာသံ မဟုတ်ဘူးကွ၊ မြန်မာသံမစစ်ဘူး" တဲ့။

သင်း - ဟုတ်လားဆရာ။ အံ့သြစရာပဲ။ ကျွန်တော်တို့အဖို့မှာတော့ အောက်ဘက်နဲ့ အညာဘက် စကားအသုံးအနှုန်းသာ ကွာချင်ကွာမယ်၊ အသံတော့ဖြင့် သိပ်ကွာမယ်လို့ မထင်မိဘူး။





ဇေ - အေးပေါ့။ သူတို့က ခွဲခြားပြီးကြားတာဖြစ်မှာပေါ့။ အဲဒါနဲ့ သူက "အင်္ဂလိပ် အိုင်စီအက်စ်တွေဘာတွေကို ငါက မြန်မာစကား (Spoken Burmese) သင်ပေးနေရတယ်ကွ။ စာအုပ်ကလေးတစ်အုပ်လည်း ရေးထားတယ်။ အဲဒါကို မြန်မာလို ဖတ်ပေးစမ်းကွာ"လို့ ပြောတာနဲ့ ကျွန်တော်တကင်းဗရစ်ယူနီဗာစီတီမှာ သွားပြီးဖတ်ပေးရသေးတယ်။ နောက်တော့ ဒေါက်တာလှဖေ ရောက်သွားတာပေါ့လေ။ အဲ . . . ပြောလိုက် ရဦးမယ်၊ ကိုလှဖေက အဲဒီမြန်မာ-အင်္ဂလိပ်အဘိဓာန်ကို ကူဖို့ရောက် လာတာ၊ စစ်ဖြစ်လာတော့ သူလဲ မပြန်နိုင်တော့ဘူး။ နောက်တော့ သူလဲ Ph.D. ဆက်ပြီးလုပ်ဖြစ်သွားတာပေါ့။ ဒါကြောင့် ကျွန်တော် စောစောက ပြောခဲ့တာ၊ လူဆိုတာ သူ့ကံနဲ့သူပဲ ဦးအောင်သင်းရေ။

သင်း - ဒါနဲ့ မြန်မာပြည်ပြန်ရောက်လာတော့ . . . ။

ဇေ - မြန်မာပြည်ပြန်ရောက်လာတော့ စိုက်ပျိုးရေးကောလိပ်မှာ ချက်ချင်းခန့်လိုက်တာပါပဲ။ ဒါပေမယ့် ဌာနမှူးအဖြစ်ကိုတော့ လူမျိုးခြား အိန္ဒိယတစ်ယောက်ကို ခန့်ထားပြီး ဖြစ်နေပြီ။ ဆရာကြီးဦးရာဇတ်က ကျွန်တော့်ကို မြန်မြန်ပြန်ခဲ့လို့ စာရေးလိုက်တာက အဲဒါကြောင့် ရေးလိုက်တာ။ ဒီတုန်းက နန်းရင်းဝန်(ဝန်ကြီးချုပ်)က ဦးစောလေ။ သူက လာဘ်ယူပြီး အိန္ဒိယလူမျိုး တစ်ယောက်ကို ခန့်လိုက်တာလို့ ပြောကြတာပဲ။ ကျွန်တော်က လက်မတင်လေး နောက်ကျသွားတယ်ဆိုပါတော့။ ကျွန်တော်က ဦးစောဆီကို သွားလိုက်သေးတာပဲ။

(ကျွန်တော်ရယ်လိုက်မိပါသည်။)

သင်း - ဆရာကတော့ စံပဲနော်။ တကယ်ကို လူကြီးတွေကို ထိပ်တိုက်ဝင်တွေ့လိုက်တာပဲနော်။

ဇေ - ဒီလိုလေ ကျွန်တော့်အဖေနဲ့ပတ်သက်ပြီး ဦးစောနဲ့ လူချင်းလည်း သိနေတာကိုး။ ဒါကြောင့်လည်း သွားတွေ့ခဲ့တာပေါ့။ ရယ်စရာ ကောင်းတာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ ကျွန်တော်ရောက်သွားတော့ သူက အိပ်ရာထ ဝတ်ရုံကြီးကို ဝတ်လိုက်လို့၊ မှန်ကြီးတစ်ခုကိုရှေ့မှာ ထားပြီး ဟန်နဲ့ပန်နဲ့ အင်္ဂလိပ်စကားပြောကျင့်နေတာ၊ အနားမှာ ကပြားတစ်ယောက်က နှုတ်တိုက်သင်ပေးနေတယ်။ သူက ဘိလပ်သွားတော့မှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အင်္ဂလိပ်စကားပြော ကျင့်နေတာ။

**သင်း** - ဟုတ်ပြီ၊ ဟုတ်ပြီ။ ဦးသိန်းဖေမြင့်ကတောင် 'ဦးစောဘိလပ်သွား ပြဇာတ်'လို့ ရေးပြီး သရော်ခဲ့သေးတယ်။

**ဇေ** - ဟုတ်တယ်၊ ဟုတ်တယ်။ ဦးစောက ကျွန်တော့်ကိုမြင်လိုက်တော့ 'မောင်ကိုလေး မင်းပြန်ရောက်လာပလား'တဲ့။ ကျွန်တော်က 'ဟုတ်ကဲ့ ပြန်ရောက်လာပါပြီ။ ဒါပေမယ့် ဦးရယ် ကျွန်တော်စားရမယ့် ထမင်းပွဲ သူများစားတာကို တွေ့လိုက်ရသလိုပါပဲ'လို့ ပြောလိုက်တော့ သူက 'ဒီလိုလဲ မပြောနဲ့လေကွယ်၊ မင်းကဘယ်တော့မှ ပြန်လာမယ်လဲမသိ၊ ဟိုမှာလဲ စစ်ကဖြစ်နေပြန်၊ ဒီမှာလဲ နေရာကလစ်နေပြန်ဆိုတော့ ရာထူးတိုးပေး လိုက်ရတာပေါ့'လို့ ပြောတယ်။ ကျွန်တော်က 'ဟုတ်ပါတယ်၊ အခု ကျွန်တော်လာတာကလည်း ပြန်ရောက်ကြောင်းပြာပြရင်း နှုတ်ဆက်ဖို့ ဝင်လာခဲ့တာပါ'လို့ ပြောခဲ့တယ်။

**သင်း** - ဆရာပြန်ရောက်တာက . . .

**ဇေ** - အဲ . . . ဧပြီလမှာ ပြန်ရောက်တယ်။ ရန်ကုန်ကို ဗုံးချတာက နေဦး . . .။

**သင်း** - ရန်ကုန်ကို ပထမဆုံး ဗုံးချတာက ဒီဇင်ဘာ ၂၃ ရက်မှာ။

**ဇေ** - အဲ . . . ဟုတ်တယ်။ ရန်ကုန်ကိုလဲ ဗုံးချရော သူတို့အိန္ဒိယကို ပြန်ပြေးကြတော့တာပဲ။ အဲဒီမှာကျတော့မှ ဆရာကြီး ဦးရာဇတ်နဲ့ အမျိုးသားရေး၊ လွတ်လပ်ရေးအတွက် လုပ်ကြရပြန်တာပေါ့လေ။ ကျွန်တော်က ကိုယ်ထိလက်ရောက်တော့ ဘာမှတကယ်မလုပ်နိုင်ခဲ့ပါဘူး။ မန္တလေး တက္ကသိုလ်ဖြစ်ဖို့လောက်ကိုသာ စိတ်စောနေခဲ့တာပါပဲ။ စစ်အတွင်းမှာ တော့ဖြင့် ကျွန်တော်က စစ်ကိုင်းမှာ ဆရာကြီးဦးရာဇတ်က မင်းကွန်းမှာ။ သို့သော်လည်း အဆက်အသွယ်ကတော့ မပြတ်ခဲ့ကြဘူးပေါ့လေ။ ဒီလိုနဲ့ စစ်ကြီးပြီးသွားလိုက်တာနဲ့ ဆရာကြီးနဲ့ကျွန်တော်တို့ မန္တလေးတက္ကသိုလ် ဖြစ်မြောက်ရေးကို တိုင်ပင်ကြပြန်တာပဲ။

**သင်း** - ဆရာတို့နှစ်ယောက်က မန္တလေးတက္ကသိုလ်ဆိုတဲ့ ကိစ္စကိုတော့ ဘယ်တော့မှကို မျက်ခြည်မပြတ်ကြဘူးနော်။

**ဇေ** - ဟုတ်တယ်။ ဟိုး အရင် ကျောင်းသားဘဝကတည်းက စိတ်ကူး





ခဲ့ကြတာ မဟုတ်လား။ ဘယ်မှ မေ့နိုင်ကြပါ့မလဲ။ ဒါနဲ့ပဲ စစ်ကြီးပြီး သွားစ အင်္ဂလိပ်ပြန်ဝင်လာလို့ ကက်စ်ဘီဆိုတဲ့ စစ်အုပ်ချုပ်ရေးတစ်ပိုင်း ဖြစ်နေချိန် မှာပဲ ရန်ကုန်တက္ကသိုလ် ပြန်ဖွင့်လိုက်တော့ ကျွန်တော်က ဓာတုဗေဒဌာန မှာ ကထိကအဖြစ် ဝင်လုပ်ရတယ်။

**သင်း** - မန္တလေးမှာက . . .။

**ဇေ** - မန္တလေးမှာက ဘာမှမရှိသေးဘူးလေ။

**သင်း** - ဆရာတို့ပါမောက္ခက ဘယ်သူလဲဆရာ။

**ဇေ** - ပါမောက္ခက ဦးဘိုးသာလေ။ ဦးဘိုးသာရယ် ကျွန်တော်ရယ်၊ အောင်ခင်ရယ်ပေါ့။

**သင်း** - ဩော် . . . ဟုတ်ပြီ။ ဆရာဦးအောင်ခင်။

**ဇေ** - နောက်တော့ ဦးအောင်သင်းသိတဲ့အတိုင်း ဖဆပလအဖွဲ့ချုပ်ကြီး က အင်အားကြီးလာပြီး ဘုရင်ခံကဥက္ကဋ္ဌလုပ်ပြီး အစိုးရဖွဲ့ရတယ် မဟုတ် လား။ ဒီမှာတင် ဆရာကြီးဦးရာဇတ်က ပညာရေးဝန်ကြီး ဖြစ်လာတယ်လေ။ ဒါနဲ့ ဆရာကြီးက ကျွန်တော့်ကိုခေါ်ပြီး 'မောင်ကိုလေး - မင်းဘာလုပ်နေလဲ' တဲ့။ 'ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှာ ကထိက ဝင်လုပ်နေတယ်'လို့ ပြောတော့ 'ငါတို့ မန္တလေးတက္ကသိုလ်ဖြစ်အောင် လုပ်ကြစို့ကွာ'တဲ့။ ကျွန်တော်က 'ဟာ . . . ဆရာကြီးရယ်၊ ကျွန်တော်တို့ ဟိုး . . . အရင် ကတည်းက အိပ်မက် မက်ခဲ့ကြတာပဲ' လို့ ပြောလိုက်တော့ 'အေး . . . သွားကွာ မန္တလေးတက္ကသိုလ် ဖြစ်အောင်လုပ်တော့' ဆိုပြီး ကျွန်တော့်ကို ခန့်လွှတ်လိုက်တာပဲ။ အဲဒီမှာတင် ရန်ကုန်တက္ကသိုလ်မှာလဲ ပွက်ပွက်ဆူအောင် ကျန်ရစ်ခဲ့တာပဲ။

**သင်း** - ဟုတ်လားဆရာ၊ ပြောစမ်းပါဦး၊

**ဇေ** - ဒီလိုလေ။ အရင်က မန္တလေးဥပစာကောလိပ်က ရန်ကုန် တက္ကသိုလ် လက်အောက်ခံ မဟုတ်လား၊ အခုရန်ကုန် တက္ကသိုလ်ကို ပြန်ဖွင့်လိုက်ပြီဆိုတော့ မန္တလေးကောလိပ်ကိုလဲ ပြန်ဖွင့်ရတော့ မှာပေါ့။ ပြန်ဖွင့်လိုက်မယ်ဆိုရင် မန္တလေးကောလိပ်မှာ လုပ်ခဲ့ဖူးသည့် ဆရာတွေကလဲ ရှိသေးတာကိုး၊ သူတို့ကိုပဲ ကျောင်းအုပ်တို့ ဘာတို့အသည် အားဖြင့် ခန့်ရတော့မှာပေါ့။ နောက်ပြီး မန္တလေးကောလိပ်က ရန်ကုန်လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်ခံဖြစ်လေတော့ ဒါတွေအားလုံးကို ရန်ကုန်တက္ကသိုလ် ကောင်စီကပဲ စီစဉ်ပေးရမယ် မဟုတ်လား။ အဲဒါတွေကိုကျော်ပြီး ကျွန်တော့်ကို လွှတ်လိုက်တယ်ဆိုတော့ ပွက်ပွက်ဆူသွားတော့တာပေါ့။

သင်း - နားလည်ပါပြီဆရာ။ ဆက်ပါဦး။

ဇေ - သူတို့သာ ပွက်ပွက်ဆူတာ မဟုတ်ဘူး။ ကျွန်တော့်မှာလဲ ချာလပတ်ကို ရမ်းသွားတာပဲလို့သာ ပြောချင်တော့တယ်။

သင်း - ဟုတ်ပေမှာပေါ့ဆရာ၊ ပြာပုံက စရတော့မှာကိုး၊

ဇေ - ဟုတ်ပါပေ့ ဦးအောင်သင်းရေ ပြာပုံကကိုစရတာ။ အဆောက်အဦးလဲ မရှိ ဘာမရှိပေါ့။ အဲဒီထက်ဆိုးတာက ဆရာ မရှိတာပဲ။

သင်း - ဟုတ်ပါ့ပေ့ဆရာ။ ကျွန်တော်အဲဒါကို ထည့်မတွက်မိလိုက်ဘူး။

ဇေ - ဦးအောင်သင်း စဉ်းစားကြည့်လေ အဆောက်အဦးဆိုတာတို့ ဘာတို့က ချက်ချင်းဆောက်ရင် ချက်ချင်းရတယ်။ အဆောက်အဦး မရှိသေးလို့ ဇရပ်ပေါ်သွားသင်နေဦးတော့ ဖြစ်နိုင်စရာရှိသေးတယ်။ တက္ကသိုလ်ဆရာတစ်ယောက် ဖြစ်လာအောင်က ဥုံဖွမန်းလိုက်လို့ရတာ မဟုတ်ဘူး။ ရန်ကုန်တက္ကသိုလ်ကလည်း ဘာမှအကူအညီမပေးနိုင်ဘူး။ မကူညီချင်လို့ မဟုတ်ဘူး။သူတို့မှာတောင် ဆရာက လုံလောက်အောင် ရှိတာ မဟုတ်ဘူး။ စစ်ကြီးလေ . . . စစ်ကြီး ဦးအောင်သင်းရဲ့။ ဆရာကြီး ဦးရာဇတ်ကလဲ ဖြစ်အောင်လုပ်ကွာတဲ့။ မင်းရယ်၊ မူနီရယ်၊ မအုန်းရယ် သုံးယောက်ရှိနေပေါ့ ဟာ ဖြစ်ကိုဖြစ်အောင်လုပ်ကြပေတော့ ဆိုပြီးတော့ကို မောင်းလွှတ်လိုက်တာ။ ဒီတော့ ကျုပ်မှာ အင်္ဂလိပ်စာသင်တဲ့ ဆရာ မူနီရယ်၊ ခင်ဗျားတို့သိတဲ့ အမ်အေ ဒေါ်အုန်းရယ်လေ။ ကိုင်း . . . စဉ်းစားသာ ကြည့်ပေရော့။ ကျုပ်ဘာလုပ်သလဲ သိလား။

သင်း - ပြောပါဦးဆရာ။ မားခုတ်လှဲ့ထိုးမပါတဲ့ ဆရာ့စွန့်စားခန်းတွေ။

ဇေ - ဟုတ်တယ် ဦးအောင်သင်းရေ။ တကယ့်ကို စွန့်စားခန်းတွေပါပဲ။ ဆရာကြီးဦးရာဇတ်က 'ကိုကိုလေးရေ . . . မင်း ဖြစ်အောင်သာ လုပ်ကွာ။ ဒီဘက်က လိုအပ်တာတွေ ငါတို့ကကူလုပ်ပေးပါ့မယ်။ ခင်မောင် လေးတို့ ထွန်းဝင်းတို့လဲ ရှိနေတာပဲ ဥစ္စာ၊ ဖြစ်အောင်သာလုပ်ပေတော့'တဲ့။ ဒါနဲ့ ကျွန်တော်လဲ မန္တလေးရောက်ရော အစည်းအဝေး ခေါ်လိုက်တော့တာပဲ။





အဲဒီမှာ ကျွန်တော့်ဦးလေး နှစ်ယောက်ရှိတယ်။ ဦးသာဒွေး တဲ့။ ဦးချစ်ခတဲ့။ သူတို့က သစ်ကုန်သည်သူဌေးတွေလေ။ ပရိဘောဂတွေ ဘာတွေလည်း လုပ်တယ်ပေါ့လေ။ သူတို့ကိုလဲ ဖိတ်ရတာပေါ့။ ဒါနဲ့ ကျွန်တော်က အစည်းအဝေးမှာ ပြောပြတယ်၊ အင်္ဂလိပ်ဟာ မြန်မာပြည်ကို နှစ်ပေါင်းတစ်ရာလောက် အုပ်စိုးသွားတယ်။ တက္ကသိုလ်ဆိုလို့ တစ်ခုပဲရှိခဲ့တယ်။ မန္တလေးမှာဆိုရင် တက္ကသိုလ်မရှိခဲ့ဘူး။ အလွန်အောက်ကျနောက်ကျ နိုင်ခဲ့တယ်။ အထက်မြန်မာပြည်မှာဆိုရင် ပညာတတ်ဘွဲ့ရ ၄ ယောက်ပဲ ရှိခဲ့တယ်။ အခုဆရာကြီး ဦးရာဇတ်က မန္တလေးမှာ တက္ကသိုလ်တစ်ခုဖြစ်အောင် လုပ်ရမယ်ဆိုပြီး လုပ်ခွင့်ချပေးလိုက်တယ်။ သူ့အတွင်းဝန်ကိုခေါ်ပြီး ငွေဘယ်လောက်ရှိသလဲဆိုတာ မေးကြည့်လိုက်တော့ နှစ်သောင်းရှိတယ်ဆိုလို့ အဲဒီငွေနှစ်သောင်းနဲ့ ကျွန်တော် မန္တလေးကို တက်လာခဲ့တာပဲ။ ဒီငွေနှစ်သောင်းဆိုတာကလည်း မကြာခင် ကျွန်တော်ခန့်ထားရတော့မယ့် စာရေးစာချီလေးတွေကို ပေးလိုက်ရင် ခဏနဲ့ ကုန်သွားပြန်တော့မှာပဲ။ ဒါကြောင့် မန္တလေးရဲ့ ကျက်သရေဆောင်၊ အထက်မြန်မာပြည်တစ်ခုလုံးရဲ့ ကျက်သရေဆောင်၊ သားစဉ်မြေးဆက် တိုးတက်ဖို့ဖြစ်လာတဲ့ အခွင့်အရေးကြီးမို့ ဝိုင်းဝန်းစုပေါင်း ကူညီလုပ်ဆောင်ကြပါ' လို့ ပြောရတော့တာပေါ့။ တကယ်ဆိုတော့ မန္တလေးဆိုတာက ကျွန်တော့်ဇာတိလို ဖြစ်နေတဲ့ပြင် အတူတွဲလုပ်ခဲ့ကြတဲ့ 'ကာယဗလကိုနေဝင်း'တို့လို ပေါင်းဟောင်းသင်းဟောင်းတွေကလဲ ရှိသေးတာကိုး။

သင်း - ကာယဗလကိုနေဝင်း ဆိုတာက ဟို 'အရေးတော်ပုံတပ်သား'ဝတ္ထုကို ရေးတဲ့ စာရေးဆရာ 'ရဲထွန်းလင်း' . . . ။

ဇေ - ဟုတ်ပါ၊ သူပေါ့။ သူတို့တစ်တွေ ဝိုင်းဝန်းကူညီလိုက်ကြတာနဲ့ မန္တလေးတက္ကသိုလ်ကြီး ပေါ်ပေါက်လာခဲ့ရတာပဲ။

သင်း - နေဦး . . . ဆရာ ဖြတ်ပြီးမေးလိုက်ဦးမယ်၊ ကျွန်တော်သိသလောက် ဟိုအရင်က မန္တလေးမှာ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ဥပစာကောလိပ်ပဲ ရှိခဲ့တယ်နော်။

ဇေ - ဟုတ်တယ်။ ပြောဦးမလို့။ အခု မန္တလေးတက္ကသိုလ် စပြီးဖွင့်တော့လဲ ရန်ကုန်တက္ကသိုလ်လက်အောက်ခံအဖြစ်နဲ့ပဲ ဖွင့်ရတာပဲပေါ့။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ၁၉၄၇ ခု မေလမှာ တက်သွားတယ်၊ အဲဒီနောက် ဇွန်လမှာ ကျောင်းဖွင့်ချလိုက်တာပဲ။

**သင်း** - ဟာ . . . တယ်မြန်လိုက်ပါလား ဆရာ။ ၁၉၄၇ စာသင်နှစ်အမီပေါ့။

**ဇေ** - အဲဒါပဲ။ ဦးအောင်သင်း အံ့ဩသွားအောင်တစ်ခု ပြောလိုက်ရဦးမယ်။ ကျွန်တော်ကစဖွင့်ကတည်းက သီးခြားတက္ကသိုလ်တစ်ခု ဖြစ်စေရမယ်ဆိုတဲ့ရည်ရွယ်ချက်ပါပြီး ဖြစ်နေလေတော့ နာမည်ကိုပါ Intermediate College (ဥပစာကောလိပ်)လို့ မသုံးဘူး။ University College (တက္ကသိုလ်ကောလိပ်)လို့ သုံးခဲ့တာ။ အဲဒီနောက်နှစ် ၁၉၄၈ စာသင်နှစ်ကိုလည်း ရောက်ရော မန္တလေးဒီဂရီကောလိပ်လို့ ပြောင်းပစ်လိုက်တာပဲ။ ၄ နှစ်သင်တန်း ဖြစ်သွားပြီပေါ့။ ဒီဂရီကောလိပ်ပင်ဆိုသော်လည်း ရန်ကုန်တက္ကသိုလ် လက်အောက်ခံပဲ ရှိသေးတာပေါ့။

**သင်း** - ဟုတ်လား။ ကျွန်တော်တို့က အဲဒါတွေကိုမသိတော့ဘူး ဆရာရေ။

**ဇေ** - ဟုတ်တာပေါ့။ ဘယ်သိကြတော့မလဲ။ အစောကြီးပိုင်းက အဖြစ်တွေကိုး။ ဆက်ပြောရဦးမယ်။ အဲဒီလိုဖြစ်လာတော့ အဆောက်အဦးတွေ၊ ပရိဘောဂတွေလဲ အစိုးရကထောက်ပံ့လိုက်တော့ တော်တော့်ကို ပြည့်ပြည့်စုံစုံ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာတယ်။ ဒါပေမယ့် ပြဿနာက သင်မယ့်ဆရာ မလုံလောက်တာပဲ။

**သင်း** - ဟုတ်ပြီဆရာ။ ကျွန်တော်က အဲဒါကို မေးတော့မလို့။

**ဇေ** - ဒီတော့ကျွန်တော်လဲ အိန္ဒိယကို လက်လှမ်းရတော့တာပဲ။ ဒေလီ၊ ကာလကတ္တား၊ မဒရပ်စ်။ အဲဒီသုံးမြို့ကို စာတွေ လှမ်းပို့လိုက်တယ်။ ဒီဘာသာရပ် ဒီဘာသာရပ်တွေကို ကောင်းကောင်းသင်ကြားနိုင်တဲ့ ဆရာတွေ လိုချင်တယ်၊ လခ ဘယ်ရွေ့ဘယ်မျှပေးမယ်ပေါ့။ ကျွန်တော်တို့ပေးလိုက်တဲ့လခက သူတို့ အိန္ဒိယမှာရတဲ့လခထက် အတော်လေးများများလေး ပေးထားလိုက်တာကိုး ဦးအောင်သင်းရဲ့၊ ဒီတော့ ဆရာတွေ လာကြတော့တာပေါ့။ အဲဒီလိုနဲ့ အိန္ဒိယအမျိုးသား ဆရာတွေနဲ့ပဲ ကျောင်းကိုထိန်းပြီး သင်သွားလိုက်တာပေါ့လေ။ ဒီလိုလုပ်သွားနိုင်တဲ့အကြောင်းကိုလဲ ပြောလိုက်ရဦးမယ်။ အထူးသဖြင့် ဦးအောင်သင်းက လူငယ်တွေကို





ဦးစားပေးပြီး ရေးလေ့ရှိတာကြောင့် ထည့်ပြောလိုက်ရတာပါ။ ကျွန်တော်က ဘီလပ်မှာနေစဉ်ကတည်းက ကလပ်ကိစ္စ ဘာကိစ္စလူမှုရေးကိစ္စ ကလေးတွေကို ဆောင်ရွက်နေတာ မှန်သော်လည်း ကိုယ့်အတွက် ပညာဖွံ့ဖြိုးရေးကိုတော့ မျက်ခြည်မပြတ်ခဲ့ဘူး။

**သင်း** - ဟုတ်တာပေါ့ဆရာ၊ အလွန်အရေးကြီးတဲ့ကိစ္စပါ။ ဆရာလုပ်ခဲ့ပုံကလေးကို ပြောပါဦးဆရာ။

**ဇေ** - ဒီလိုလေ၊ ကျွန်တော်က ကလပ်ကိစ္စတွေကို မှန်မှန်လုပ်ပေးနေရတယ် ဆိုပေမယ့် ညနေကျောင်းဆင်း ၄ နာရီလောက်ကစပြီး ၆ နာရီလောက်သာလုပ်ရတာ မဟုတ်လား။ ဖြစ်လာပုံက ကျွန်တော်က သိပ္ပံပညာကို သင်ဖို့သွားတာ။ ကျွန်တော် သမိုင်းကို၊ သူတို့ ဥရောပသမိုင်းကို မသိဘူး။ အင်္ဂလိပ်စာပေအကြောင်း မသိဘူး။ ကျွန်တော်နေရတဲ့ ကျောင်းမှာ အင်္ဂလိပ်လူမျိုး သူငယ်ချင်းနှစ်ယောက်နဲ့ တွဲမိတယ်။ သိပ္ပံမှာတော့ ကျွန်တော်က သူတို့ထက်တောင် အမှတ်ကောင်းပါသေးတယ်။ ဒါပေမယ့် ဦးအောင်သင်းရေ . . . အချင်းချင်း စကားပြောကြရင်ဖြစ်စေ၊ အစည်းအဝေးတို့ ဘာတို့မှာ ပြောကြရင်ဖြစ်စေ သူတို့က ဗဟုသုတနယ်ပယ်သိပ်ကို ကျယ်ကြတယ်။ စာပေအကြောင်းလဲ သိလိုက်တာပဲ။ သမိုင်းကြောင်းလဲ သိလိုက်တာပဲ၊ မျက်မှောက်ရေးရာတွေအကြောင်းကိုလဲ သိလိုက်တာပဲ။ ဒါနဲ့ ကျွန်တော်က 'မင်းတို့ သိပ်တော်ကြတာပဲကွာ၊ ဘယ်လိုများ ဆည်းပူးထားကြသလဲ မသိဘူး'လို့ ပြောလိုက်တော့ သူတို့က 'ဟ . . . ကိုကိုလေးရဲ့ စာဖတ်တာပါပဲကွ၊ လမ်းထိပ်တိုင်းမှာ စာအုပ်အငှားဆိုင်တွေ ရှိနေတာပဲ။ တစ်အုပ်ငှားမှ နှစ်ပဲနီလောက်ပဲပေးရတာပါ'တဲ့၊ အဲဒီမှာတင် ကျွန်တော်လဲ စာစုံအောင်ဖတ်တော့တာပဲ။ ဝတ္ထုဆိုရင်လည်း ခေတ်နဲ့ပိုင်ကြီး ဖတ်ကြတာကိုး။ ဒစ်ကင်းတို့၊ စကော့တို့ ဘားနဒ်ရှောတို့ ဆိုတာမျိုးတွေလဲ ဖတ်ပစ်လိုက်တာပဲ။ ဥရောပသမိုင်းကိုလည်း ဖတ်တာပဲ၊ စိတ်ပညာဆိုင်ရာ ဒဿနိကဗေဒ ဆိုင်ရာစာအုပ်တွေကိုလဲ ဖတ်လိုက်တာပဲ၊ အဲဒီလို ဘာသာရပ်တိုင်းကို တီးမိခေါက်မိရှိလာလိုက်တော့ ခုနက ပြောခဲ့သလို ဘာသာရပ်ဆိုင်ရာ ဆရာတွေခန့်ထားဖို့ ကြံလာလိုက်တဲ့အခါမှာ သူတို့ အရည်အချင်း အတိမ်အနက်ကို မှန်းနိုင်ဆနိုင် ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်း - သိပ်ကောင်းတာပဲ ဆရာရယ်။ တစ်နေ့နေ့ကျရင်တော့ ကျွန်တော်တို့ဆီမှာလည်း အဲဒီလို စာအုပ်အငှားဆိုင်တွေ ပေါ်လာကောင်းပါရဲ့ ဆရာ။ ဆရာက ခပ်ငယ်ငယ်မှာကိုပဲ အဲဒီလို လုပ်လာခဲ့တာဆိုတော့ ဆရာကြီးဦးရာဇတ် လူရွေးတာလဲ မှန်သွားတယ်ဆိုရမှာပေါ့။

ဇေ - အဲဒီလို လူရွေးမှန်တယ်လို့ အပြောခံရအောင်လည်း ကျွန်တော်ကြိုးစားခဲ့တယ် ဦးအောင်သင်းရေ။ ဆိုပါစို့ ကျွန်တော်က ကျောင်းသားတွေကို ပြောပြတယ်၊ 'ငါတို့တိုင်းပြည်ဟာ မကြာခင်မှာ လွတ်လပ်ရေးကြီး မလွဲမသွေရတော့မယ်။ လွတ်လပ်ရေးရလိုက်ရင် ငါတို့ကျောင်းကြီးဟာ လွတ်လပ်သောနိုင်ငံကြီးရဲ့ ပထမဆုံးတက္ကသိုလ် ဖြစ်လာရမယ်။ အခုဆိုရင် မင်းတို့မြင်တဲ့အတိုင်း ဆရာမလုံလောက်လို့ ကုလားဆရာတွေကို ငှားထားရတယ်။ သူတို့နေရာကို မင်းတို့ဝင်ရမယ်။ ကြိုးစားပြီး အသင့်ပြင်ဆင်ထားကြပါ။ မင်းတို့ဟာ ဒီကျောင်းရဲ့ လက်ဦးကျောင်းသားတွေ ဖြစ်တယ်၊ ဘွဲ့ရပြီးရင် ဟိုအလုပ်ဝင်လုပ်မယ်၊ ဒီအလုပ် ဝင်လုပ်မယ်ဆိုတာမျိုး စဉ်းစားမနေကြနဲ့။ မင်းတို့ဟာ ဒီအထက်မြန်မာပြည်က လူငယ်တွေ။ ဒီကျောင်းမှာ ဆရာပြန်လုပ်ရမယ်။ ပညာကို အစွမ်းကုန်ကြိုးစားကြ'လို့ ကျွန်တော်က အမြဲပြောတာပဲ။ အဲဒီလို မွေးထုတ်လိုက်တာ ဘယ်သူတွေထွက်လာသလဲ။ ဟော . . . ဒေါက်တာမောင်ဒီ ထွက်လာတယ်၊ ဒေါက်တာချစ်ဆွေ၊ နောက် သန်းအကပဲ ဒေါက်တာဘကြည်၊ အခု ရေဘတ်ထွန်းမောင် ထွက်လာတယ်။ ဒါတင် မဟုတ်သေးဘူး၊ သူတို့ကို အဲဒီတုန်းကတည်းက ပြောထားခဲ့တယ်။ 'မင်းတို့ဆရာလုပ်ဖို့ပဲ စိတ်ကူးထားကြ။ တက္ကသိုလ်ရယ်လို့ ဖြစ်လာရင် လက်အောက်ခံ ကောလိပ်တွေ ရှိလာရဦးမယ်။ အဲဒါတွေက မကွေး၊ တောင်ကြီး၊ မြစ်ကြီးနားဆိုတဲ့ နေရာတွေမှာ ကောလိပ်တွေ ပေါ်လာဦးမယ်။ အဲဒီကို ဘယ်သူတွေ သွားမလဲ။ မင်းတို့တစ်တွေပဲ သွားကြရလိမ့်မယ်'လို့ ကြိုပြီးပြောထားခဲ့တာ ဦးအောင်သင်းရေ။ ကျွန်တော်တို့ ကြိုးပမ်းခဲ့တာကို ပြန်ကြည့်လိုက်ရင် ပထမက မကွေး၊ တောင်ကြီး၊ မြစ်ကြီးနားဆိုတာတွေဟာ လက်အောက်ခံ ကောလိပ်ကလေးတွေနော်။ ခုဆိုရင် တက္ကသိုလ်ကြီးတွေ ဖြစ်သွားကြပြီ။

သင်း - ဟုတ်ပါတယ်ဆရာ။ ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ ဆရာကြီး





ဦးရာဇတ်နဲ့ ဆရာတို့ရဲ့အိပ်မက်တွေဟာ တကယ့်ကို လှလှပပ အကောင်အထည်ပေါ်လာတာပါပဲ။

ဇေ - အဲဒါပဲ ဦးအောင်သင်းရေ၊ လွတ်လပ်ရေး ရလိုက်ပြီဆိုရင် ပညာရေးဟာ အရေးအကြီးဆုံးပဲ ဆိုပြီးပညာရေးကို စောက်ချပြီးလုပ်ခဲ့တာ၊ လုပ်ခဲ့တာကလဲ ပြန်ပြီးစစ်ကြည့်လိုက်တော့ အမျိုးသားစိတ်ဓာတ်က စခဲ့တာ မဟုတ်လား။ အဲ . . . သတိရလာလို့ ပြောလိုက်ရဦးမယ်။ ဒီမှာတင် ဦးခင်မောင်တင့်(တက္ကသိုလ်ဘုန်းနိုင်)က ရောက်လာပါလေရော။ သူက ပုံနှင်းမင်း ဦးမြနဲ့ သူ့အဆက်တွေအကြောင်းကို လိုက်ပြီး ရှာနေတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက ပန်းတနော်ဘက်က၊ ကျွန်တော့် အဖေဘက်က အမျိုးတွေက ကင်းဘက်အမှုထမ်းတွေကိုး။ ဒီတော့ ကင်းမှုထမ်းရင်း ညောင်တုန်းတို့ ဘာတို့ ဘက်ကိုရောက်သွားတာ။ ကျွန်တော့်အမေနဲ့ အဒေါ်ဆိုရင် အင်္ဂလိပ်တွေ တက်လာတော့မှ အညာကို ပြန်ရောက်လာတာ။ အဲဒီမှာ နေခဲ့ကြရတာ။ တက္ကသိုလ်ဘုန်းနိုင်က ဒီအကြောင်းတွေကို ကြားဖူးတယ်၊ ဒါနဲ့ မန္တလေးကိုရောက်လာတော့ အဲဒီအဆက်တွေကို စုံစမ်းတယ်။ ပုံနှင်းမင်းဝင်း ဆိုတာကလဲ ရှိနေသေးတာကိုး။ ဒီမှာတင် ဦးမောင်မောင်တင်နဲ့ သွားတွေ့တာ။ ဒီတော့မှ ဦးမောင်မောင်တင်က 'ဖြစ်မှဖြစ်ရလေ ဦးခင်မောင်တင့်ရယ်၊ ရှည်ရှည်ဝေးဝေး လိုက်နေရတယ်လို့။ ပုံနှင်းမင်း ဦးမြရဲ့မြေး ဦးကိုကိုလေး ရှိနေမှပဲဟာ'လို့ ပြောလိုက်တော့မှ ကျွန်တော့် ဆီရောက်လာပြီး မေးတော့ မြန်းတော့တာ။ သူက စာပေသမား မဟုတ်လား။ ဒီလိုနဲ့ "သူ့ကျွန်မခံပြီ" ဝတ္ထု ထွက်လာတာပါပဲ။

အဲဒီမှာ ဦးအောင်သင်းရေ ပြောလိုက်ရဦးမယ်၊ တက္ကသိုလ်ကြီး တစ်ခု ဖြစ်လာအောင်လုပ်မယ်ဆိုတဲ့ အစီအစဉ်ကြီးနဲ့သာ လုပ်နေရတာ၊ ကိုယ်တိုင်က တက္ကသိုလ်ကြီးတစ်ခုကို ဘယ်လိုထိန်းသိမ်းရမယ်၊ ငွေရအောင် ဘယ်လိုရှာရမယ်၊ ပညာရပ်ဆိုင်ရာတိုးတက်မှုတွေရှိအောင် ဘယ်လို လုပ်ရမယ်ဆိုတာမျိုးတွေကို ရေရေရာရာ ဘာမှသိသေးတာမှ မဟုတ်တာကလား။ ဒါနဲ့ ကျော်ငြိမ်းတို့ကို ပြောပြရတာပေါ့။ ဒီမှာတင် ကျွန်တော် ကော်နယ် တက္ကသိုလ်ကို သွားခွင့်ရတယ်။ အဲဒီမှာ ၁၈၅၀ မှာ သွားခွင့်ရတယ်၊ ဟို ရောက်သွားတော့ စာကြည့်တိုက်မှာ သတင်းစာကတ္တာက အောင်ဆုံးထပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ အဲဒီကို သွားကြည့်လိုက်တော့ 'နယူးယောက်တိုင်း' သတင်းစာတွေကို သွားတွေ့တယ်။ သတင်းစာဟောင်းတွေ ဘယ်လောက်က စပြီးရှိသလဲလို့ မေးကြည့်လိုက်တော့ စဖွင့်ကတည်းကစပြီးရှိတယ်လို့ ပြောတယ်။ ဘယ်နှစ်ခုနှစ်လောက်က စသလဲလို့ မေးကြည့်ပြန်တော့ ၁၈၅၀ လောက်ကစပြီး ရှိတယ်တဲ့။ ဒီတော့မှ ၁၈၈၅ မှာ အင်္ဂလိပ်က မြန်မာပြည်ကို သိမ်းတယ်။ အဲဒီအချိန်မှာ အမေရိကန်တွေက မြန်မာပြည်ကို ဘယ်လို သဘောထားကြသလဲဆိုတာမျိုးတွေကို ကျွန်တော်သိချင်လာတယ်။

သူတို့လုပ်ထားလိုက်ပုံက တယ်ပြီးစနစ်ကျတာကိုး ဦးအောင်သင်းရဲ့။ တစ်နှစ်တွက် တစ်နှစ်တွက်တွေကိုတွဲတွဲ ပြီးချုပ်ထားတာ။ ဆိုပါစို့ ၁၈၈၀ ဆိုရင် တစ်တွဲပေါ့။ အဲဒါကိုမှ အက္ခရာစဉ်အညွှန်းပြန်လုပ်ထားတာ။ 'မြန်မာပြည်' လို့ဆို လိုက်ရင် သတင်းစာအတွဲ ဘယ်လောက်၊ အမှတ်ဘယ်လောက်မှာကြည့် ဆိုတာမျိုးပေါ့။ ကျောင်းတက်ရတာက ညနေ ၆ နာရီမှ တက်ရတာ။ နောက်ပြီးကျောင်းသား သမဂ္ဂကလဲ တစ်ဆက်ထဲမှာပဲ ရှိတယ်။ စားသောက်ဆိုင်တွေလည်း ရှိတာပေါ့လေ။ စာကြည့်တိုက်ကို ဘယ်အချိန်ထိ ကြည့်ခွင့်ရသလဲလို့မေးကြည့်လိုက်တော့ ည ၁၁ နာရီမှပိတ်တယ်တဲ့။ အဲဒီမှာ ကျောင်းသားတွေရော၊ သုတေသနလုပ်တဲ့သူတွေရောလာပြီး ရှာကြဖွေကြဆည်းပူးကြပေါ့လေ။အဲဒီမှာ ကျွန်တော်လဲ နယူးယောက်တိုင်း သတင်းစာရဲ့ Index (အက္ခရာစဉ်ညွှန်း)တွေကို စပြီးကူးတော့တာပဲ။

**သင်း** - ဒီတုန်းက မိတ္တူကူးစက်တွေ မပေါ်သေးဘူးထင်တယ်။

**ဇေ** - ဟုတ်တယ်၊ မပေါ်သေးဘူးထင်တယ်။ ပေါ်ခဲ့ရင်လဲ သူတို့က အကူးခံမယ် မထင်ဘူး၊ စက္ကူတွေက ရွရွလေးပဲရှိတော့တာကိုး။ ကိုင်တာတောင်မှ ရွရွလေးကိုင်ပြီး ဖတ်နေရတာ၊ အဲဒါတွေကိုကူးယူပြီးတော့သာ ပြန်လာခဲ့ရတာ။ ပြန်ရောက်လာတော့ တက္ကသိုလ်ကြီး ဖြစ်မြောက်ရေးကို လုံးပမ်းနေရတာနဲ့ ကောက်လို့တောင် မကိုင်အားဘူး။

**သင်း** - ဆရာ ကော်နဲလ်မှာ ဘယ်လောက်ကြာခဲ့သလဲ။

**ဇေ** - အဲ. . . ရှစ်လလောက်ပေါ့၊ ဒါနဲ့ ဦးအောင်သင်းရေ - တက္ကသိုလ်ကြီး ဖြစ်မြောက်ရေးအတွက် လုံးပမ်းတော့ ဒီအချိန်မှာ ဦးဝင်းက ပညာရေးနဲ့ သာသနာရေးကို တွဲကိုင်နေရတယ်။ ကျွန်တော်က ဝန်ကြီးဆီကို တစ်လ





တစ်ခါဆင်းလာပြီး လုပ်ကိုင်နေတာတွေကို တင်ပြရတယ်။ ဒီတော့မှ ဟောဒီကမ္ဘာအေးကို ရောက်လာရတာ၊ ဝန်ကြီးကလည်း သင်္ဂါယနာကိစ္စကြီးအတွက် ခေါင်းမဖော်နိုင်အောင် ဖြစ်နေချိန်ကိုး။ ဒီမှာ ဆွမ်းစားဇရပ်ကြီးတစ်ခုအောက်မှာ ကိုထွန်းဝင်းတို့ ခင်မောင်လေးတို့၊ ကျော်ငြိမ်းတို့ကလည်း မိသားစုလိုက်ကြီးကိုပဲ ဒီမှာလာပြီး လုပ်နေရတာ၊ ပန်းကန်ခွက်ယောက်ဆိုတာတွေဘာတွေကို ဝယ်ကြခြမ်းကြပေါ့။ သံဃာတော် ၂၅၀၀ ကို ဆွမ်းကျွေးကြမှာ မဟုတ်လား။ ဒီတော့မှ ကျွန်တော်က ခင်မောင်လေးတို့ ထွန်းဝင်းတို့ကို သင်္ဂါယနာဆိုတာဘာလဲလို့ မေးကြည့်တာ၊ သူတို့လည်း ပြောတော့ ပြောပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က 'ဟေ့ကောင်တွေ မင်းတို့ငါ့ကိုလာဖြီး မနေကြနဲ့တော့။ မင်းတို့ ငါ့ထက်ပိုပြီး ဘာမှသိမှာ မဟုတ်ဘူး' လို့ ပြောလိုက်တယ်။

(ကျွန်တော်တို့အားလုံး ရယ်မောလိုက်ကြမိပါသည်။ ဆရာက ဆက်ပါသည်။)

**ဇေ** - ဟုတ်တယ်လေ၊ ကျွန်တော်ကမှ သဒ္ဒါ၊ သဂြိုဟ်လေး ဘာလေး သင်ခဲ့ဖူးသေးတယ်။ သူတို့က ကျွန်တော်လောက်တောင် သင်ခဲ့ဖူးတာမှ မဟုတ်ဘဲ။ တစ်သက်လုံး နိုင်ငံရေးနဲ့ပဲ ပြီးနေခဲ့ကြတာ။ ဒါနဲ့ပဲ ပြန်သွားတော့ ရထားပေါ်မှာ သင်္ဂါယနာအကြောင်းကို စဉ်းစားမိလာတယ်။ မှန်တဲ့အတိုင်း ပြောရရင် ဦးအောင်သင်းရဲ့ . . . ကျွန်တော်ကလည်း ဘာသာရေးဘာညာဆိုတာမျိုးတွေကို စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး။ ကျွန်တော့်ဇနီးကသာ ဥပုသ်လေးဘာလေးစောင့်၊ ဘုရားပန်းလဲ၊ သောက်တော်ရေချမ်းကပ်ဆိုတာမျိုးလုပ်တာ။ ကျွန်တော်က အာရုံကိုမရောက်ခဲ့တာ။ အဲ . . . တက္ကသိုလ်မှာလုပ်ခဲ့တာ ၁၉၄၇ က ၁၉၆၀ အထိ ဥပုသ်တစ်ခါမှတောင် မစောင့်ခဲ့မိဘူး ထင်တာပဲ။ ဒီတော့မှ သင်္ဂါယနာအကြောင်း၊ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူတော့ သုဘဒ်ရဟန်းကြီးက ဘုရားမရှိတော့ဘူး၊ ငါတို့ထင်ရာစိုင်းနိုင်ပြီလို့ ပြောတာကြောင့် သံဂါယနာတင်ရတဲ့ အကြောင်းတွေကို ပြန်ပြီးဖတ်မိတော့တာ။ အဲဒီကတစ်ဆင့် ဗုဒ္ဓဝင်ကို ပြန်ဖတ်ပေါ့။

**သင်း** - ဒီတော့မှ ဗုဒ္ဓဘာသာကိုပြန်ပြီး လေ့လာတယ်လို့ ပြောရမလိုဖြစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဧေ - အမှန်ပဲ။ ဗုဒ္ဓဘာသာဝင် မှန်သော်လည်း၊ မိရိုးဖလာဗုဒ္ဓဘာသာဝင် လောက်သာ ဖြစ်နေတာ။ ဘာမှစိတ်ဝင်စားတာမှမဟုတ်ဘဲကိုးဦးအောင်သင်းရဲ့၊ ကျွန်တော်တင်လားဆိုတော့ မဟုတ်ဘူး။ ကျွန်တော်နဲ့အတူ အခုဒီသာသနာ့တက္ကသိုလ်မှာလုပ်နေကြတဲ့ မြန်မာစာအဖွဲ့ဝင် စတဲ့ လူကြီးတွေဆိုရင်လဲ ဒီလိုပဲဖြစ်နေခဲ့ကြတာ။ ဒီဘဝအတွက် တိုးတက်မှုတွေ၊ အောင်မြင်မှုတွေအတွက် လုံးပမ်းရင် အချိန်ကုန်နေခဲ့ကြတာပေါ့။ လူ့ဘဝကို ရောက်လာရတဲ့အခိုက် လူဖြစ်ကျိုးနပ်အောင် လုပ်ရမယ်ဆိုတာတွေ ဘာတွေကို ဘာမှမှ သိတာမဟုတ်ဘဲ။ လက်ရှိဘဝမှာ ကိုယ်လုပ်ချင်တာဖြစ်အောင်ကို လုပ်မယ်ဆိုတာမျိုးပဲ ရှိတယ်။ ဒီလိုဆိုတော့ ချမ်းသာအောင်၊ သူဌေးကြီးဖြစ်လာအောင် ဆိုတာမျိုးတော့လည်းမဟုတ်ပြန်ဘူး။ စောစောက ပြောခဲ့တဲ့အတိုင်း ကျောင်းသားဘဝကတည်းက အမျိုးသားစိတ် အခံကလေးက ရှိနေလေတော့ တိုင်းပြည်အတွက်၊ လူမျိုးအတွက် လုပ်မယ်ဆိုတာမျိုးပေါ့။ အဲဒီမှာ ကျွန်တော်က ပညာရေးကို ထက်သန်သူဖြစ်လေတော့ ပညာတိုးတက်ရမယ်၊ ပညာတိုးတက်မှ တိုင်းပြည်နဲ့ လူမျိုးတိုးတက်မယ်ဆိုပြီး ပညာဖွံ့ဖြိုးမှုအတွက်ကို အားသွန်ခွန်စိုက်လုပ်ခဲ့တာပါပဲ။

သင်း - ပညာရေးဟာ တိုင်းပြည်ရဲ့ရေသောက်မြစ်ပါပဲ။

ဧေ - စောစောက ပြောခဲ့တာလေးကို ပြန်ကောက် လိုက်ချင်သေးတယ်။ ကျွန်တော်လည်း မိဘဆွေမျိုးစတဲ့ ပတ်ဝန်းကျင်တွေကြောင့် မျိုးချစ်စိတ်တော့ ရှိခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် အမေရိကားမှာ သီပေါမင်းခေတ် နယူးယောက်တိုင်း သတင်းစာဟောင်းတွေကို ပြန်ဖတ်လိုက်မိတော့မှ နယ်ချဲ့ရဲ့ သရုပ်သကန်ကိုသေချာသိပြီး တနုံ့နုံ့စိတ်ထဲက နာလာတယ်။ ကနောင်မင်းသားကြီး လုပ်ကြံခံခဲ့ရတာဟာ နယ်ချဲ့လက်ကိုင်းပဲ ဆိုတာကို ခိုင်ခိုင်မာမာကြီး ယုံကြည်လာတယ်။ ကနောင်မင်းသားကြီးက လက်နက်စက်ရုံတွေဘာတွေကို လုပ်နေပြီ မဟုတ်လား။ အောင်မြင်ထွန်းပေါက်မယ့် လက္ခဏာတွေကို တွေ့လာကြရပြီ။ လက်နက်စက်ရုံက လက်နက်တွေထွက်လာရင် နယ်ချဲ့အဖို့ အခက်အခဲတွေ အများကြီးကို တွေ့ရတော့မယ်။ ဒီမှာတင် မင်းသားကြီးကို ရှင်းပစ်လိုက်တာပါပဲ။ ဒီကနေ့ထိလဲ ဒီနည်းကိုသုံးနေတာပဲ မဟုတ်လား။ အာဖရိက ကွန်ဂိုက လူမွန်းဘားဆိုရင်လဲ ဒီနည်းနဲ့





ခံလိုက်ရတာပဲ။ မင်းသားကြီးရဲ့ ရည်မှန်းချက်တွေသာ အောင်မြင်သွားရင် သမိုင်းကြောင်းဟာ တစ်မျိုးဖြစ်သွားမှာ သေချာတယ်လေ။ တစ်ခြားမကြည့်နဲ့ ဂျပန်ကိုကြည့်ပေါ့။ ဒီအချိန်က ဂျပန်ဟာ ကျွန်တော်တို့ထက်တောင် အောက်ကျသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့က နိုင်ငံခြားကို ပညာတော်သင် လူ ၃၀ လောက်ပဲ လွှတ်နိုင်ခဲ့ပေမယ့် သူတို့ ဂျာမဏီနိုင်ငံတစ်ခုထဲကိုပဲ လူ ၅၀၀ လွှတ်ခဲ့တယ်။ ပညာမျိုးစုံကိုသင်ကြရတာ။ ပညာတတ်ကြလို့ ဂျပန်ကိုပြန်ရောက်လာတော့ စက်မှုတွေကိုလုပ်ကြတယ်၊ စီးပွားရေးလုပ်ငန်းကြီးတွေကို လုပ်ကြတယ်။ နောက်ပြီး အဲဒီပညာရပ် ဟူသမျှကို အားလုံးဂျပန်လို ဘာသာပြန်ကြတယ်။ ရူပဗေဒ၊ ဓာတုဗေဒ၊ စီးပွားရေး၊ အကုန်လုံးကို ဂျပန်လို ပြန်ပစ်လိုက်တာ။ ဒီတော့ ဂျပန်က ငါတို့ ခေတ်သစ်ကမ္ဘာကြီးထဲ ဝင်ကြမယ်လို့ဆိုလိုက်တော့ စာအုပ်တွေ အသင့်၊ ဆရာတွေအသင့်။ ကျွန်တော်တို့မှာတော့ လောကဓာတ် ခေတ်သစ်ကြီးထဲ ဝင်မယ်လို့ ခေါင်းပြူလိုက်ခါရှိသေးတယ် တစ်ခါထဲ အင်္ဂလိပ်က အညွှန့်ချိုးပစ်လိုက်တာ မဟုတ်လား။ ဂျပန်ကတော့ အာရှမှာထိပ်တန်း နိုင်ငံကြီးဖြစ်သွားခဲ့တာ မျက်မြင်ပဲမဟုတ်လား။ ဒါကြောင့် ကျွန်တော်က နယ်ချဲ့ကို စိတ်နာတာရော၊ တိုင်းပြည်ကိုချစ်တာရောကြောင့် ငါတို့ပညာရေး အညွှန့်တလူလူ ဖြစ်စေရမယ်ဆိုပြီး ကျွန်တော့်ဘဝကို ပညာရေးထဲမှာ နှစ်ထားလိုက်တာပါ၊ ကျွန်တော့်အဖို့ မျက်မှောက်ဘဝ အောင်မြင်ရေးဆိုတာက အဲဒါပါပဲ။

သင်း - လောကုတ္တရာဘက်ကို လုံးဝစိတ်မရောက်ခဲ့ဘူး ဆိုရတော့မှာပေါ့။

ဧေ - မရောက်ခဲ့ဘူးလို့ ဆိုရတော့မှာပေါ့ ဦးအောင်သင်းရယ်၊ ပြောလိုက်ရဦးမယ်။ ဝေဘူဆရာတော်ကြီးဆီကိုတော့ ရောက်ခဲ့သေးတယ်၊ ရောက်ပုံကို ပြောလိုက်ရဦးမယ်။ ရယ်စရာတော့ခပ်ကောင်းကောင်းပါပဲ၊ ဆရာတွေနဲ့ ကျောက်ဆည်ကို သွားကြတာ၊ ပျော်ပွဲစားထွက်ကြတာပါပဲ၊ အဲဒါအပြန်မှာ ဆရာတော်ကြီးကို ဝင်ဖူးတယ်၊ ဆရာတော်ကြီးက ပထမငါးပါးသီလကို ပေးတယ်။ နောက်ပြီးတော့မှ စိတ်ကိုနှာသီးဝမှာထားပြီး ထွက်လေဝင်လေကလေးကို မှတ်နေကြတဲ့။ ဒါပဲပြောတာ။ ဘာမှရှင်းပြမနေဘူး။ ဆရာတော်ကြီးကလဲ သိတယ်။ ဒီအခြေအနေမှာ ဒီကောင်တွေ ရှင်းပြနေလဲ အပိုပဲဆိုတာကို။



www.burmeseclassic.com

www.burmeseclassic.com



(ကျွန်တော်တို့ ရယ်လိုက်မိပြန်ပါသည်။)

**ဇေ** - ဒါပေမယ့် . . . ဦးအောင်သင်းရေ အဆက်ဆိုတာ ရှိတယ်နော်။ ဆရာတော်ကြီးက ဒီလောက်ကလေးပြောလိုက်တာ ဖြစ်ပေမယ့် ကျုပ်က အဲဒီ အာနာပါန ထွက်လေဝင်လေကလေးကိုတော့ လုပ်နေမိတယ်ဗျ။ ဒီလိုနဲ့ နေရင်း ၁၉၆၀ ခုဧပြီလထဲမှာ ကျွန်တော့်ယောက်ဖတွေက ဒုလ္လဘ တက်ကြတာကိုး။ သူတို့က 'ဒို့တော့ဖြင့် ဝေဘူဆရာတော်ကြီးဆီမှာ "ဒုလ္လဘတက်ကြမလို့၊ မင်းကော ဆရာတော်ကြီး ဆီလိုက်ဦးမလား"တဲ့ ဒီတော့ ကျွန်တော်က "ခင်ဗျားတို့တောင်မှ သွားသေးတာ၊ ကျုပ်က ဘာဖြစ်လို့ မလိုက်နိုင်ရမလဲ"ဆိုပြီး လိုက်သွားတာ။ အဲဒါဟာ ကျွန်တော်ရဲ့ ဘဝတစ်ဆစ်ချိုး ဖြစ်သွားတာပဲ။

**သင်း** - ဟုတ်လားဆရာ။ အဲဒီတော့ ၁၉၆၀ လောက်မှာဆိုတော့ ဆရာက မန္တလေးတက္ကသိုလ် အမိပတိဘဝမှာ ပဲရှိသေးတာပေါ့။ ဘယ်တော့လောက်မှာ . . .။

**ဇေ** - ဦးအောင်သင်းက မေးလာလိုက်တော့ ကျွန်တော်က နောက်ကြောင်းလေးတွေကိုပါ ပြန်ပြောလိုက်ရဦးမယ်။ ဒီလို . . . ကျွန်တော်တို့ မန္တလေးတက္ကသိုလ်မှာလဲ ကွန်မြူနစ်တွေ ဆိုရှယ်လစ်တွေ ဂယက်ခတ်လာလိုက်တာ ကျောင်းတွေမှာကိုပဲ တပ်ဦးတို့၊ တိုးတက်တို့၊ သန့်ရှင်းတို့ ဘာတို့ဆိုတာတွေ အဖွဲ့တွေအများကြီး ဖြစ်လာတယ်။ ကျွန်တော်က သူတို့ကို ပြောပြတယ်၊ မင်းတို့ နိုင်ငံရေးတွေဘာတွေ လုပ်မနေကြပါနဲ့။ ကိုယ်သင်နေတဲ့ပညာကိုသာ ထူးထူးချွန်ချွန်ဖြစ်အောင် သင်ယူကြစမ်းပါ။ တိုင်းပြည်တိုးတက်အောင်လုပ်ချင်ရင် ပညာကိုချွန်အောင် သင်ကြစမ်းပါ။ ငါလဲ ဘီလပ်မှာ နေခဲ့တုန်းက မင်းတို့အခုအော်နေကြတဲ့ ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေကို လေ့လာခဲ့ဖူးပါတယ်။ နောက်ဆုံးမှာတော့ ပညာမတတ်ရင် ဘယ်လိုလုပ်ပြီးတော့မှ တိုးတက်အောင်လုပ်နိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံရေးသမားတွေက သူတို့မှာ နောက်လိုက်မရှိလို့ မင်းတို့တစ်တွေကိုလာပြီး စည်းရုံးကြတာ၊ မင်းတို့က နိုင်ငံရေးသမားတွေရဲ့ ခိုင်းဖတ်ပဲ ဖြစ်နေပြီ။ ကျွန်တော်က အဲဒီလို စကားမျိုးတွေကို မကြာခဏပြောခဲ့တယ်။ ဒီတော့ လက်ဝဲဝါဒကို ယုံကြည်ကြတဲ့ ကျောင်းသားတွေက ကျွန်တော့်ကို မကြိုက်နိုင်ကြဘူး





ပေါ့။ တယ်ပြီး မကျေနပ်ကြဘူး။

**သင်း** - ဟုတ်မှာပေါ့ဆရာ။ နိုင်ငံရေး အင်အားစုတွေ ကွဲသလောက် ကျောင်းသားတွေလဲ တကွဲတပြားစီဖြစ်ပြီး အချင်းချင်း အော်ကြ ဆူကြ ဖြစ်နေခဲ့တာကိုး။

**ဇေ** - အဲဒီလိုနဲ့ ၁၉၆၂ ရောက်တော့ တော်လှန်ရေးကောင်စီ တက်လာပါလေရော။ ဘယ်လောက်မှ မကြာလိုက်ဘူး မြန်မာ့နည်းမြန်မာဟန်နဲ့ ဆိုရှယ်လစ်လမ်းစဉ်ကို တည်ဆောက်ကြမယ်လို့ ပြင်ဆင်ကြတော့ ကျောင်းသားဘဝကတည်းက လက်ဝဲဝါဒတွေကို လိုက်စားလာခဲ့တဲ့သူတွေ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီမှာ အရာရောက်လာတော့တာပေါ့။ ဒီအချိန်မှာ သူတို့က ပညာရေးစနစ်ကိုလဲ ပြောင်းကြဦးမှာကိုး။ မကြာခင်မှာပဲ အင်္ဂလိပ်စာကို ငါးတန်းရောက်မှ သင်ရမယ်ဆိုတာ မျိုးတွေဘာတွေ ပြောလာကြပြီ။ ဒီတော့ သူတို့လုပ်ငန်းမှာ ကျုပ်ဟာဘယ်နည်းနဲ့မှ အံဝင်ခွင်ကျ မဖြစ်နိုင်ဘူးလို့ တွက်ကြတော့တာပေါ့။ ဒါနဲ့ ကျုပ်ကို အငြိမ်းစားပေးဖို့ ဖြစ်လာတော့တာပေါ့။ ဟုတ်တော့လဲ ဟုတ်ပါတယ်။ သူတို့ဘက်ကနေ ကြည့်ရင် ဒီလိုပဲလုပ်ရမှာပေါ့။

**သင်း** - ဒီတုန်းက ပင်စင်သက်ဟာ ၅၅ ပဲရှိသေးတာ။ ဆရာ့ အသက်က။

**ဇေ** - ၅၀ ပေါ့။ တစ်ခုတော့ ရှိပါတယ်လေ၊ ဒီတုန်းက သူတို့ခံတွင်း မတွေ့ရင် ငါးဆယ်လောက်ဆို ပင်စင်ပေးပစ်လိုက်တာပါပဲ။ ကျွန်တော့် တစ်ယောက်ကိုမှ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မင်းမော်

[illegible]

## သူငယ်ချင်း ကဗျာဆရာနှင့် တွေ့ဆုံခြင်း

"သူငယ်ချင်း ကဗျာဆရာနှင့် တွေ့ဆုံခြင်း"ဟု ဆိုလိုက်သည်နှင့် တက္ကသိုလ်မင်းမော်နှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း စာဖတ်သူတို့ ချက်ချင်း နားလည် သွားနိုင်ကြပါပြီ။ သို့သော် ရင်းနှီးသူများကတော့ အမိပ္ပာယ်နှစ်မျိုး ထွက်နေကြောင်း နားလည်ကြလိမ့်မည်ဖြစ်ပါသည်။ အကြောင်းက ကျွန်တော်နှင့် ထွန်းမြင့်(တက္ကသိုလ်မင်းမော်)တို့သည် အလွန်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြပါသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် မဟာဝိဇ္ဇာ (အရည်အချင်းစစ်) အတန်းကို အတူတက်ခဲ့ကြသည်။ စာမေးပွဲကို အတူအောင်ခဲ့ကြသည်။ နည်းပြအတူ ဖြစ်ခဲ့ကြသည်။ နောက်တစ်နှစ် မော်လမြိုင်သို့ ပြောင်းရတော့လည်း အတူတူ။ ထိုနောက် ကျွန်တော် ပြင်ဦးလွင် စစ်တက္ကသိုလ်သို့ လက်ထောက် ကထိကအဖြစ် ပြောင်းသွားရတော့မှ လူချင်းကွဲသွားကြသည်။ သူလည်း ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် တက္ကသိုလ် ဘာသာပြန် ဌာနသို့ ရောက်သွားပြန်သည်။ ကျွန်တော် စစ်တက္ကသိုလ် ရောက်နေစဉ်မှာပင် သူလည်း အင်္ဂလန်သို့ ပညာတော်သင်သွားရသည်။

လူချင်းဝေးသွားကြသော်လည်း စာအဆက်အသွယ်ကတော့ မပြတ်ရှိနေခဲ့ကြသည်။ သူက ကျွန်တော့်ထံ စာတွေမှန်မှန်ရေးသည်။ ကျွန်တော်က စာပြန် နောက်ကျတတ်သည်။ ကျွန်တော့်ဆီက စာမရောက်လျှင် ပေါက်တတ် ကရဟာသရုပ်ပုံတွေပါသော ပို့စကတ်ပုံတွေကို လှမ်းပို့လေ့ ရှိသည်။ စာပို့သမားများပင် ကတ်ကိုကြည့်ပြီး တပြုံးပြုံးဖြစ်နေတတ်သည်။ ပို့စကတ်



www.burmeseclassic.com

www.burmeseclassic.com



တွင် "စာမပြန်လျှင် ဒီထက်ဆိုးတဲ့အရုပ်တွေကို ပို့လိုက်မည်" စသည်ဖြင့် ခြိမ်းခြောက်တတ်သေးသည်။

ကျွန်တော် ပြင်ဦးလွင်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ ပြန်ရောက်လာပြီး မကြာမီမှာပင် သူလည်း အင်္ဂလန်က ပြန်ရောက်လာသည်။ လေယာဉ်ကွင်းသို့ သူ့မိသားစုနှင့်အတူသွားပြီး ကြိုလိုက်ရသေးသည်။ ဒီတော့ နှစ်ယောက်သား ပြန်ပြီးပေါင်းမိကြပြန်သည်။ သူက (M.Phil.) ဘွဲ့ကို ရလာခဲ့သည်။ သို့တိုင်အောင် နည်းပြရာထူးက မတက်သေး။ ရာထူးကသာ မတက်သည်၊ စာသင်တော့ မဟာဝိဇ္ဇာတန်းတွေ ထိအောင်တက်သင်နေရသည်။ ကထိကက ပါမောက္ခတို့၏ လုပ်ငန်းကိုလုပ်နေရခြင်း ဖြစ်သည်။ ကျွန်တော်တို့က ဘဏ်စာရင်းတွင် လခဝင်သွားသည်။ ကိုယ်အားတဲ့ အချိန်မှာ ချက်လက်မှတ်နှင့် ဘဏ်မှာ သွားထုတ်ရုံသာ ဖြစ်သည်။ သူကတော့ လခထုတ်လျှင် နည်းပြတွေနှင့်အတူထုတ်ရသည်။ "ကျုပ်ကတော့ မမှာ စရိယအောင်ထားတဲ့ ကိုရင်ကြီးလိုပါပဲဗျာ။ စာချလိုက်ရဆောလဲ အာကို ပြနေတာပဲ။ ဆွမ်းစားတော့ ကိုရင်ဝိုင်းမှာ သွားစားရတယ်" ရယ်ရယ်မောမောဒေါသ ဖြစ်နေသည်ကို ခုထက်ထိ မှတ်မိနေသေးသည်။ ၁၉၇၈ ခုကျွန်တော် တက္ကသိုလ်က ထွက်ခဲ့ရသည့်အချိန်ထိ သူလက်ထောက် ကထိက မဖြစ်သေး၊ နည်းပြဘဝနှင့် ပင်ကျန်နေရစ်ခဲ့သည်။ သူက ပြောတတ်သေးသည် "ဒီမြန်မာစာဌာနမှာ ပညာအရဆိုရင် ကျုပ်က အမြင့်ဆုံးဗျ၊ ရာထူးကတော့ တျှပ်အောက်မှာ မြေကြီးပဲ ရှိတော့တယ်"တဲ့။

သတိရလို့ ပြောလိုက်ရဦးမည်။ ကျွန်တော်က မော်လမြိုင်ကောလိပ်နှင့် စစ်တက္ကသိုလ်တွင် ရှစ်နှစ်လောက် ကြာသွားခဲ့လေတော့ မဟာဝိဇ္ဇာနောက်ဆုံးနှစ် အတန်းတွေကို ၁၉၇၀ ပြည့်နှစ်ကျမှ ပြန်တက်ရသည်။ ကျွန်တော်၏ တပည့်ဦးများ ဖြစ်ကြသော 'စီစီသွင်' တို့ ဆိုလျှင် မဟာဝိဇ္ဇာ အောင်ပြီးတာကြာလို့ စာပေစိစစ်ရေးရုံးတွင်ပင် အမှုထမ်းနေကြလေပြီ။ သူတို့ဆရာ ကျွန်တော်က မဟာဝိဇ္ဇာတက်နေဆဲ။

အထက်ကစကားကို ပြန်ကောက်လိုက်ရဦးမည်။ ထွန်းမြင့် (တက္ကသိုလ်မင်းမော်)က ရာထူးအားဖြင့် မမြင့်သော်လည်း ပညာကြောင့် ဌာနန္တရကတော့ မြင့်သည်။ မဟာဝိဇ္ဇာစာမေးပွဲ စာစစ်အဖွဲ့တွင် သူပါနေသည်။





ဒီတော့ ကျွန်တော်က လက်ထောက်ကထိကပင် ဖြစ်သော်လည်း ကျောင်းသား မဟုတ်လား။ သူက သွားလေသူ ပါမောက္ခကြီး ဦးဇမောင်၏ လေသံ ဟန်ပန်မျိုးနှင့် ကျွန်တော့်ကို "မောင်အောင်သင်းရေ . . . နက်ဖန် မင်းတို့ နှုတ်ဖြေ မဟုတ်လား၊ ဆရာက မင်းတို့တင်ထားတဲ့ ကျမ်းကို သေချာကြည့်ပြီးပါပြီ၊ တစ်ချက်နှစ်ချက် လောက်ပဲမေးမှာပါ၊ မငိုးရိုမ်နဲ့ကွဲ"ဟု လာလုပ်တတ်သေးသည်။ နှစ်ခွန်းလောက်ဆဲလိုက်မှ တဟဲဟဲ သဘောကျသွားသည်၊ စင်စစ်မှာတော့ သူက ဘာသာဗေဒဆိုင်ရာစာတမ်းများကို ကြည့်ကြပ်ရသူ၊ ကျွန်တော်က စာပေစာတမ်းမို့ သူနှင့်သိပ်ဆိုင်လှသည်တော့ မဟုတ်၊ သို့သော် စာစစ်အဖွဲ့တွင် ပါနေလေတော့ မေးမည်ဆိုလျှင်လည်း မေးပိုင်ခွင့်တော့ ရှိပါသည်။ အဆဲခံချင်တာကြောင့် လုပ်နေသည်ဟုပဲ ပြောရပါတော့မည်။

ကျွန်တော်က သူ့မိသားစုနှင့်သာမက၊ သူ့ဇနီးတင်တင်ဌေး အပါအဝင် တင်တင်ဌေးတို့ မိသားစုတွေနှင့်ပါ ရင်းနှီးသည်။ သူတို့လင်မယားကျွန်တော့်ကို နှစ်စဉ်ကန်တော့လေ့ ရှိသည်။ ကန်တော့ပြန်တော့ ပြောပုံကို ကြည့်ပါဦး။ လက်အုပ်ကလေးချီတဲ့ပြီး "ဦးအောင်သင်း . . . အသက်ကို အာရုံပြုနော်၊ ခင်ဗျားက အသက်ကြီးလို့သာ ကန်တော့ရတာ၊ ပညာမှာ ကျုပ်က ကြီးတယ်၊ ခင်ဗျားမှာ ကံထိုက်နေမှာစိုးလို့ သတိပေးထားရတာ" တဲ့။ နှစ်ခွန်းလောက် ဆဲလိုက်မှ ဖြောင့်ဖြောင့်တန်းတန်း ကန်တော့ပါလေသည်။ ကန်တော့ကျိုးကို ကျွန်တော်က ကောင်းကောင်းမွန်မွန် ပေးလေတော့ တရိုတသေ မျက်စိမှိတ်နာယူပြီး "ပေးတဲ့ဆုပြည့်ပါစေ"ဟု တရိုတသေကန်တော့ပြန်သည်။ ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးမှာ ထိုကဲ့သို့ ရှိကြောင်းကို တင်ပြနေသည်မှာလည်း အကြောင်းရှိပါသည်။ အခြားအခြားသော အင်တာဗျူးများနှင့် ပြောဟန်လေသံတွေတူနိုင်မည် မဟုတ်ပါ။ 'မင်း' 'ငါ' 'ဟ ကောင်ရ' ဆိုတာမျိုးတွေ ပါနေပါလိမ့်မည်။ ထိုလေသံမျိုးတွေမပါလျှင် ကျွန်တော်တို့နှစ်ယောက် ဟန်ဆောင်ပန်ဆောင် လုပ်နေတာသာလျှင် ဖြစ်နေလိမ့်မည်။

ကျွန်တော်က သူ့ကို အင်တာဗျူးလုပ်ချင်သည်ဆိုလိုက်တော့ သူက "ဟာ . . . ဦးအောင်သင်း၊ ဟုတ်မှလဲ လုပ်ပါဗျာ၊ ခင်ဗျား အင်တာဗျူး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာတွေက တကယ့် ဆင်ကြီးတွေ၊ ကျုပ်က ဆိတ်သာသာရယ်၊ လုပ်ပုံ မဟုတ်သေးဘူးထင်တယ်" တဲ့။ ကျွန်တော်က "ဒီမှာ ငါပြောမယ်၊ ငါလုပ်ရမယ့် အလုပ်ကို ငါသိတယ်။ မင်းဟာ အင်္ဂလန်ကို ကျောင်းသား တစ်ယောက်အဖြစ်နဲ့ သွားခဲ့တယ်၊ ဂျပန်ကို ဆရာတစ်ယောက်အဖြစ်နဲ့ သွားခဲ့တယ်၊ နှစ်ခုစလုံးပညာရေး အတွေ့အကြုံချည်းပဲ။ အဲဒီအတွေ့အကြုံ ကို ငါမေးမှာပဲ" ဟုဆိုလိုက်တော့မှ သူက လက်ခံလိုက်ပါသည်။

ဤသို့အားဖြင့် ၃၀-၃-၂၀၀၀ နေ့တွင် သုဝဏ္ဏရှိ သူ၏နေအိမ်၌ပင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

သင်း - နေဦးကွ ထွန်းမြင့်ရ . . . မင်းကို ငါပြန်ပြီးမေးရဦးမယ်။ မင်း ဆယ်တန်းအောင်တာ ၁၉၅၄ နော် ဟုတ်လား။

မြင့် - ဟုတ်တယ်။

သင်း - ဒါကို ပြန်မေးလိုက်တာ တစ်ခြားကြောင့် မဟုတ်ဘူးကွ။ မင်းက ပထမတုန်းက ဆေးတက္ကသိုလ်မှာ တက်နေတာ မဟုတ်လား။ အဲဒီကမှ ဝိဇ္ဇာဘက်ကို ပြောင်းလာတာ မဟုတ်လား။ ဒီတော့ ဆေးတက္ကသိုလ်မှာ ဘယ်အထိ ရောက်ခဲ့သေးသလဲ။

မြင့် - ဆေးဒုတိယနှစ် အကြီးတန်း (2nd. M.B. Senior) ထိအောင် တက်ခဲ့သေးတယ်။

သင်း - နောက်မှ မင်း ဝိဇ္ဇာဘက်ကို ပြန်ပြောင်းလာတယ်၊ ဝိဇ္ဇာဘွဲ့ကို ယူတော့ မင်း ဘယ်ဘာသာတွဲနဲ့ ယူခဲ့သလဲ။

မြင့် - အနောက်တိုင်းသမိုင်း၊ အရှေ့ဖျားသမိုင်းနဲ့ မြန်မာစာကို ယူခဲ့တယ်။

သင်း - အဲဒီအချိန်ထိ မင်းနဲ့ငါနဲ့ မြင်နေဘူးသော်လည်း လူချင်းမသိကြ သေးဘူး။ နောက်တော့ မြန်မာစာဌာနမှာ ပါမောက္ခအသစ်ရောက်လာလို့ မဟာဝိဇ္ဇာ (အရည်အချင်းစစ်)တန်းကို တက်ကြတော့မှ မင်းနဲ့ ရင်းနှီးလာ ရတာ။ ငါတို့နှစ်ယောက်လုံး စာမေးပွဲအောင်တော့ နည်းပြတွေဖြစ်လာကြ တယ်။ ၁၉၆၃ မှာ မော်လမြိုင်ကောလိပ်ကို ဒီဂရီကောလိပ်အဆင့်မြှင့် လိုက်တော့ မင်းနဲ့ငါနှစ်ယောက်လုံး မော်လမြိုင် ပြောင်းသွားရတယ်။ ၁၉၆၅ မှာ ငါက ပြင်ဦးလွင် စစ်တက္ကသိုလ်ကို ရောက်သွားတယ်။ မင်းက ရန်ကုန်





တက္ကသိုလ် ဘာသာပြန်ဌာနကို ရောက်သွားတယ်။ အဲဒီကမှ မင်း အင်္ဂလန် ကို သွားရတာ မဟုတ်လား။

မြင့် - ဟုတ်တယ်။

သင်း - မင်းသွားခဲ့ရတဲ့ တက္ကသိုလ်က . . .၊

မြင့် - လန်ဒန်မှာပဲ။ ဆိုးအက်စ်လို့ အတိုကောက်ခေါ်ကြတဲ့ S.O.A.S. (School of Oriental and African Studies) အရှေ့ပိုင်းနှင့် အာဖရိက လေ့လာရေးတက္ကသိုလ်လို့ ဆိုကြပါစို့။ အဲဒီတက္ကသိုလ်ကို သွားခဲ့ရတာ၊

သင်း - မင်းသွားကတည်းက ဘာသာဗေဒကို သင်မယ်ဆိုတဲ့ ရည်ရွယ် ချက်နဲ့သွားခဲ့တာ မဟုတ်လား။

မြင့် - ဟုတ်တယ်။

သင်း - ပြောစမ်းပါဦး၊ ဟိုမှာရောက်တော့ မင်းမှာ ဘာတွေ အခက်အခဲ တွေ ကြုံရသေးလဲ။

မြင့် - ဘာသာဗေဒ အခြေခံရယ်လို့ဘာမှ မည်မည်ရရ ပါမသွားလေ တော့ အတော့်ကို ဒုက္ခရောက်ခဲ့သေးတာပေါ့ဗျာ။ အော် . . . ပြောရဦးမယ်။ ပထမဆုံး အင်္ဂလိပ်ဘာသာစကားကို စစ်သေးတယ်ဗျ။ စစ်ပုံက ပါးစပ်က ပြောတာလည်းပါရဲ့၊ တိပ်ခွေကို နားထောင်ရတာလည်း ပါသေးတယ်၊ စာဖတ်ရတာလည်း ပါတယ်။ ပြီးတော့မှ အဲဒါတွေကို စုပြီးမေးထားတဲ့ မေးခွန်းလွှာကို ဖြေရတာ။ နောက်ပြီး သူတို့စာမေးပွဲစစ်ပုံက အမှတ်တွေ ဘာတွေရယ် မဟုတ်ဘူး၊ အမှတ်ဘယ်လောက်ရရင် အောင်တယ်ဆိုတာမျိုး မဟုတ်ဘူးဗျ။ အဲဒီမှာ ကျုပ်ဖြစ်လာခဲ့ပုံကို ပြောလိုက်ရဦးမယ်။ ကျုပ်က မေးခွန်းတစ်ပုဒ်ကို လုံးဝမဖြေလိုက်မိဘူး၊ ဘယ်လိုက ဘယ်လိုကျန် သွား လိုက်တယ် မသိပါဘူးဗျာ။ ကျွန်တော်တို့ကို စာမေးပွဲစစ်တဲ့ဆရာက မေးပါ လေရော။ မင်း အဲဒီအချိန်မှာ ဘာလုပ်နေလို့လည်း (What were you doing at that time. )ပေါ့ဗျာ။ ကျွန်တော်က (I think I was moping.) ငိုင်နေမိတယ် ထင်ပါရဲ့လို့ ပြန်ပြောလိုက်တယ်။ အဲဒီ စကားလုံး ကို သုံးသင့်သလား၊ မသုံးသင့်ဘူးလား ကျွန်တော်လည်း မပြောတတ်ဘူး၊ စွတ်ဖြေလိုက်ရ တာပေါ့။ အဲဒါကို သူက အိုကေတဲ့။ မင်း ငါပြောတာကို နားလည်တယ်၊ ပြန်ပြောနိုင်တယ်၊ ဒါဆိုပြီးတာပဲဆိုပြီး အအောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ။ အဲဒီလိုဗျ။

သင်း - အေးလေကွာ၊ ဒါဆိုပြီးရောပေါ့။ သူစစ်တာက လိုအပ်ချက်ကို ပဓာနထားလိုက်တာကိုး။

မြင့် - တစ်ချို့ကို အဲဒီလို ပြန်မပြောနိုင်လို့ စာမေးပွဲ ချပစ်ခဲ့တာပဲ။ ကျွန်တော်လဲ မအောင်ရင် ဘာသာဗေဒ အခြေခံတန်းကို တက်နေရဦးမှာ။ ကံအားလျော်စွာ အောင်လာခဲ့လေတော့ ဘာသာဗေဒအတန်းမှာ ချက်ချင်းပဲ လက်ခံလိုက်ပါတယ်။

သင်း - အဲဒီမှာကော ချက်ချင်းလိုက်နိုင်ရဲ့လား။

မြင့် - အဲဒီမှာလဲ ပြောရဦးမယ်။ နဂိုကမှ ကျွန်တော့်မှာ ဘာသာဗေဒ အခြေခံ ဟုတ်ဟုတ်ငြားငြားပါမသွားခဲ့တဲ့အထဲမှာ သူတို့ အင်္ဂလိပ်အစစ်တွေ ပြောကြတဲ့ လေသံကို ကောင်းကောင်း မလိုက်နိုင်ဘူး။ ခင်ဗျား သိပါတယ်၊ ကျွန်တော်ဟာ အင်္ဂလိပ်လို မညံ့လှပါဘူး။ ဒါပေမယ့် သူတို့လေယူလေသိမ်းကို နားရည်မဝသေးတာရယ်၊ ဘာသာရပ်ကလဲ ခပ်စိမ်းစိမ်း ဖြစ်နေတာရယ်ဆိုတော့ . . . ။

သင်း - ယက်နေတယ် ဆိုပါတော့ကွာ။

မြင့် - အစစ်ပဲ၊ တကယ့်ကို ယက်ကန်ယက်ကန် ဖြစ်နေတော့တာ။

သင်း - နောက်တော့ကော။

မြင့် - စာအုပ်ကို အားကိုးရတော့တာပေါ့။ သူတို့ပို့ချလိုက်တာက ဘာမှ ကြာတာ မဟုတ်ဘူး။ တစ်နာရီ နှစ်နာရီပေါ့။ ကျန်တဲ့ အချိန်က စာကြည့်တိုက်မှာ ကုန်ရတာ။ အဲဒီလို စာတွေကို ဖတ်လိုက်တော့မှ စာသင်ခန်းထဲမှာ သူတို့ပို့ချတာတွေကို ပြန်ပြီး သဘောပေါက်လာတော့တာ။ အဲဒီလို စာတွေ ဖတ်ပါများလာတော့ ဘာသာရပ်ကိုလဲ စမ်းတဝါးဝါး နားလည်စ ပြုလာတယ်။ သူတို့ လေယူလေသိမ်းကိုလဲ နားရေဝလာတယ်။ ဒီလိုနဲ့ လိုက်နိုင်သွားတာပါပဲ။

သင်း - အဲဒီလိုဖြစ်လာအောင် အချိန်ဘယ်လောက် လောက်ယူခဲ့ရသလဲ။

မြင့် - အင်း. . . နေဦးဗျ။ နှစ်လ သုံးလလောက်တော့ ကြာမယ် ထင်မိတယ်။

သင်း - အေးကွ. . . ဟုတ်လိမ့်မယ်။ ဘာသာရပ်က စိမ်းနေတာလည်း





ပါသေးတာကိုး။ သာမန်အားဖြင့် ထမင်းစား ရေသောက်ဆိုတာမျိုးလို ဆက်သွယ်မှုဆိုရင်တော့ ဒီလောက်ကြာနေစရာ မလိုပါဘူး။ တစ်ပတ် ဆယ်ရက်လောက်ရှိရင် အသားကျသွားမှာပေါ့။ ဘာသာရပ်ကြောင့်ပါ၊ ဘာသာရပ် သင်ခဲ့ရပုံကို ပြောစမ်းပါဦး၊

မြင့် - ဆရာတွေက အတန်းထဲ ဝင်လာလိုက်ပြီဆိုရင် သင်ပုန်းပေါ်မှာ Reading List (ဖတ်ရမယ့်စာအုပ်စာရင်း) ကို အရင်ရေးပြလိုက်တာ၊ အဲဒါကို ကျွန်တော်တို့က လိုက်ကူးထားရတယ်။ ပြီးတော့မှ သူက နည်းနည်း ပါးပါးလောက်ပြောသွားတာ။ ခုနက ပြောခဲ့သလိုပေါ့၊ မလိုက်နိုင်ဘူး နောက် အဲဒီ သူညွှန်းလိုက်တဲ့ စာအုပ်တွေကိုသေချာဖတ်တော့မှ အတန်းထဲမှာ သူပြောတာတွေကို ပြန်ပြီးနားလည်စပြုလာတော့တာ။

သင်း - ဒါဖြင့် Reading list က တကယ့်ကို အရေးပါတာပေါ့၊

မြင့် - အရေးပါလိုက်သမှ ပဓာနလို့တောင် ဆိုလိုက်ချင်တာပဲ။ ခင်ဗျား သိချင်တာတွေကို ကျွန်တော် သဘောပေါက်တယ်။ ဒီလိုဗျ - ဘာသာဗေဒ ဖြစ်စေ၊ သဒ္ဒဗေဒဖြစ်စေ အကြောင်းအရာသစ်တစ်ခုကို သင်တော့မယ် ဆိုရင် - ဥပမာအားဖြင့် သမ္ဘန္ဓအကြောင်းကို သင်တော့မယ်ဆိုရင် ဘယ်သူ ရေးတဲ့ ဘယ်စာအုပ် ဘယ်အခန်းကို ဖတ်ထားပါဆိုတာမျိုးပေါ့။ အဲဒါလဲ တစ်အုပ်နှစ်အုပ် မထင်လေနဲ့။ ဟိုစာအုပ်က ငါးမျက်နှာလောက်၊ ဒီစာအုပ် က ရှစ်မျက်နှာလောက် ဆိုတာမျိုးတွေ စာအုပ်တော်တော်များကို ညွှန်လိုက်တာ။ အဲဒါစာကြည့်တိုက်မှာ သွားပြီးဖတ်ပေတော့။

သင်း - သမ္ဘန္ဓနဲ့ပတ်သက်လို့ သက်ဆိုင်ရာ ပညာရှင်တွေ အယူအဆတွေ ကို သိပြီးဖြစ်နေအောင်ဖြစ်မှာပေါ့။

မြင့် - အဲဒါပဲ။ အတန်းထဲရောက်လို့ စာသင်လိုက်ပြီဆိုရင် အဲဒီစာတွေ က အယူအဆတွေကိုသူက သင်ပြပေးနေတော့တာ မဟုတ်ဘူး၊ အဲဒါ တွေကို ခင်ဗျားဖတ်ပြီး သိပြီးအဖြစ်နဲ့ပဲ ဆွေးနွေးတယ်။ ဆက်ပြီး စဉ်းစားစရာ တွေ၊ သူ့ အယူအဆတွေလောက်ကိုသာ ပြောတော့တာ။ ခင်ဗျားက အဲဒါ တွေကို ဖတ်မထားရင် ခင်ဗျားပြောလေ့ရှိတဲ့ ဥပမာအတိုင်း ကုလားဘိုင် စကုပ် နမူနာထိုးတာကြည့်နေရသလို ဖြစ်နေပြီသာ အောက်မေ့လိုက် ပေရော့။



www.burmeseclassic.com

www.burmeseclassic.com



သင်း - အေးလေကွာ. . . ခုနယေ်တန်းသင်တာမှ မဟုတ်ဘဲ၊ ကဲ့ကူလက်လှည့် လုပ်နေလို့ဖြစ်ပါ့မလား၊ သူညွှန်လိုက်တဲ့ စာအုပ်တွေကတော့ စာကြည့်တိုက်မှာ ရှိနေတာပေါ့။

မြင့် - မရှိရင် စာကြည့်တိုက် မဟုတ်တော့ဘူး။ ဒီမယ် - ဦးအောင်သင်း၊ ကျွန်တော်ရောက်သွားတဲ့ အချိန်မှာ စာကူးစက်တွေ ပေါ်စပြုနေပြီ။ ပေါ်နေပြီ ဆိုပါတော့ဗျာ။ ကျွန်တော်တို့ ကိုယ်တိုင်သုံးခဲ့သေးတာပဲ။ အဲဒီလို မရှိခင်ကဆိုရင် တကယ့်ကိုအရေးကြီးတဲ့ လုပ်ငန်းတစ်ခုကို သုတေသနလုပ်နေတဲ့ ကျောင်းသားတစ်ယောက်ဟာ စာအုပ်တစ်အုပ်ကို လိုအပ်နေတယ်၊ ကိုးကားနှိုင်းချိန်ချင်တယ်၊ အဲဒီစာအုပ်က အင်္ဂလန်မှာမရှိဘူး၊ အမေရိက စာကြည့်တိုက်တစ်ခုမှာသာ ရှိတယ်ဆိုရင် အရေးပေါ်ခေတ္တငှား ပေးတယ်လို့ ပြောကြပါတယ်။ ဒီလောက်ဆို ခင်ဗျားနားလည်လောက်ရောပေါ့။

သင်း - စာကြည့်တိုက်ကလဲ တကယ့်ကို အားကိုးလောက်ပေတာပဲ။

မြင့် - ဟာ. . . အားကိုးရတာပေါ့။ စာကြည့်တိုက်အားကိုးပြီး အလုပ်လုပ် ကြရတာပဲ။ ဆရာကလမ်းညွှန်ရုံပဲ။ တကယ်ဆိုတော့ သင်ပေးတယ်လို့တောင် ပြောရတာ ခပ်ခက်ခက်ပဲ။ ကိုယ့်ဘာသာဖတ်ယူကြရတာ။ ပြီးမှ သူက ဆွေးနွေးပေးမယ်။ ဒီသဘောပဲ။

သင်း - အေးပေါ့ကွာ၊ တက္ကသိုလ်ဆိုတာကိုက 'တက္ကသိလ' ကြံစည်မှု အလေ့အထရှိသောနေရာလို့ ဆိုတယ်မဟုတ်လား။ ဆရာပေး လိုက်တာကို ကျက်မှတ်နေရုံသာဆိုရင်တော့လဲ တက္ကသိုလ်မဟုတ်တော့ဘဲ 'ကျက္ကသိုလ်' လို့ ခေါ်လိုက်ကြရုံပဲရှိတော့မှာပေါ့။ စာတော့ဖြင့် အတော်လေးကို ဖတ်ရမယ် ထင်တယ်။

မြင့် - အဲဒါကတော့ဖြင့် ဆိုပါစို့ ကျွန်တော်တို့ မနက်အိပ်ရာ ကထရင် မနက်စာစာကိုစား၊ ကျောင်းသွား၊ လက်ချာလေးကိုလိုက်။ ဘာသာဗေဒ တစ်ချိန်လောက်၊ သဒ္ဒဗေဒတစ်ချိန်လောက်ပါပဲ။ ပြီးတာနဲ့ စာကြည့်တိုက်ကို သွားပြီး စာဖတ်ပေရော့။

သင်း - စာကြည့်တိုက်ပိတ်ချိန်အထိပေါ့။

မြင့် - စာကြည့်တိုက်ပိတ်ချိန်ရယ်လို့ ပြောလို့မရဘူး။ စာကြည့်တိုက်က ခင်ဗျားစာအုပ် ငှားထားလို့ရတယ်။ အဲဒီမှာ ခင်ဗျား Locker ဘီရို ပေါက်





စလေးတစ်လုံး ဝယ်ထားလို့ရတယ်။ ကိုယ့်သော့နဲ့ကိုယ်ပဲ။ အဲဒီထဲမှာ ခင်ဗျားငှားထားတဲ့ စာအုပ်တွေကို သိမ်းထားခဲ့ပေါ့။ ဖတ်တာကတော့ ခင်ဗျား ဖတ်ချင်ရင် မိုးလင်းပေါက်ဖတ်လို့ရတယ်။ မိုးလင်းပြီး နောက်တစ်နေ့ လင်းပေါက်ထိလည်း ဖတ်ချင်ရင်ဖတ်လို့ရသေးတယ်။ ဆိုလိုတာက ခင်ဗျား လေ့လာချင်ပါတယ်ဆိုရင် ကြိုက်သလောက် လေ့လာနိုင်တယ်။

သင်း - Locker ဘီရိုလေးက ဝယ်ရတာပေါ့။

မြင့် - ဟုတ်တယ်၊ ဝယ်ရတာ၊ ဘာမှမဈေးရပါဘူး၊ နည်းနည်းပါ၊ ကျွန်တော် မှတ်မိသလောက် လက်ဘက်ရည်ဖိုးလောက်ပဲ ရှိမယ်ထင်ပါတယ်။ ပေးရတယ်လို့တောင် မမှတ်မိလောက်အောင် ဈေးပေါပါတယ်။

သင်း - မင်းကနေတော့ အဆောင်မှာ နေတာပေါ့။ ငါတို့ဒီမှာဆိုရင် ဟိုစတယ်လ်လို. . .။

မြင့် - ဟုတ်တယ်။ ကျွန်တော် အဆောင်မှာပဲ နေရတယ်၊ ပထမအစမှာ (Common Wealth Hall) ခေါ်တဲ့ ဆောင်မှာနေရတယ်။ အဲဒါက ဘွဲ့ကြိုကျောင်းသားတွေကိုထားတာ။ နောက်တော့ ကျွန်တော် ပြောင်းရတယ်။ အဲဒီအဆောင်ကျတော့ ဈေးနဲနဲကြီးတယ်။ ဒါပေမယ့် ပေးနိုင်ပါတယ်။

သင်း - ကျောင်းလခတွေကျတော့ကော။

မြင့် - အဲဒါတွေကျတော့ ကိုလံဘိုစီမံကိန်းနဲ့မို့ သူတို့ချင်း ညှိနှိုင်းပြီးဆိုတော့ ကျွန်တော်က ဘာမှလုပ်နေစရာ မလိုတော့ဘူး။ အဲ . . . အဆောင်ကြေးကိုတော့ဖြင့် ကျွန်တော်က ချက်ကိုသွင်းလိုက်ရုံပါပဲ။

သင်း - မင်း သုံးဖို့ စွဲဖို့ပိုက်ဆံကျတော့ကော။

မြင့် - အဲဒါကျတော့ ချက်လက်မှတ်ပေးထားတာပဲ။ ချက်ကို လဲသုံးလိုက်ရုံပဲပေါ့။ အဲဒါကလဲ သိပ်လွယ်ပါတယ်။ ဘဏ်တွေဘာတွေကို သွားနေဖို့မလိုပါဘူး။ အဆောင်မှာကိုပဲ ချက်လက်မှတ်လဲဖို့နေရာတွေ ရှိနေတာပဲ။

သင်း - သုံးလောက်စွဲလောက်ရှိရဲ့လား။

မြင့် - ဒီလို . . . ကျွန်တော်က ကိုလံဘိုစီမံကိန်းက ပေးတာဆို တော့ တစ်လကို ၆၈ ပေါင်ရတယ်။ အတော်လေး သုံးလောက်ပါတယ်။ မော်တော်ကားဝယ်ဖို့စုတာ ဆောင်းတာလည်း မလုပ်ဘူး၊ အဲဒီတုန်းက ပယ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



သွင်းခွင့်လည်း မရဘူး၊ ဒီတော့ စာအုပ်ဝယ် ဘာဝယ် စားသောက်သုံးစွဲ ပစ်လိုက်တာပါပဲ။

**သင်း** - စားတာ သောက်တာကျတော့ အဆောင်ကကျွေးတာပေါ့။

**မြင့်** - အဲ. . . မနက်စောစာကိုတော့ ကျွေးတယ်။ ကျွေးတာတွေကတော့ သူတို့ အင်္ဂလိပ် အစားအစာတွေပေါ့ဗျာ။ ဝက်ပေါင်ခြောက်တို့ အာလူးတို့ ပေါင်မုန့်တို့ အသီးအနှံဆိုတာမျိုးတွေပဲပေါ့။ ကောင်းလှတယ် ဘယ်ဟုတ်မလဲ။ ကျွန်တော်တို့ မြန်မာ့လျှာနဲ့ ခံတွင်းမတွေ့နိုင်ဘူးပေါ့။ နေ့လည်စာကို တော့ဖြင့် ကျောင်းမှာပဲ ကြုံရာစားလိုက်တာပေါ့။ ညစာကို တော့ ၆ နာရီ လောက်မှာ ကျွေးတယ်။ သို့သော်လည်း ကျွန်တော်ကတော့ အပြင်မှာ ဝယ်စားလိုက်တာက များပါတယ်။

**သင်း** - အဲဒီမှာ မင်း ဘာသာဗေဒဘာသာရပ်ကို သင်ရော။ သင်တဲ့အခါ မှာ မင်းနဲ့ အနီးစပ်ဆုံးသင်ရတဲ့ ဆရာက . . . ။

**မြင့်** - သင်ရတဲ့ဆရာက ဆရာမကြီးဗျ။ (Miss Hendarsin) မစ္စ ဟင်ဒါဆင် ဆိုတာ။ သူက ကျွန်တော်ရဲ့ကျမ်းကို ကြည့်ကြပ်တဲ့သူ။

**သင်း** - သူက အသက်ဘယ်လောက်လောက်ရှိပြီလဲ။

**မြင့်** - ကြီးပြီဗျ။ အဲဒီတုန်းကကို အသက် ၅၀ ကျော်လောက် ရှိနေပြီ။

**သင်း** - သူက သင်တန်း ပို့ချတဲ့အထဲမှာ မပါဘူးလား။

**မြင့်** - ပါတာပေါ့။ သင်လဲသင်တာပဲပေါ့။

**သင်း** - သူက မြန်မာလိုတတ်သလား။

**မြင့်** - ဒီလိုဗျ၊ သူက အရှေ့တောင်အာရှဘာသာ စကားတွေကို လေ့လာ နေတာဆိုတော့ မြန်မာစကားလည်း ပါလာတာပေါ့ဗျာ။ နောက်ပြီး သူက ပါမောက္ခလုစ်တို့နဲ့ အတူလုပ်ခဲ့ကိုင်ခဲ့ဖူးတဲ့ပြင် မြန်မာပြည်ကိုလည်း နှစ် ခေါက်သုံးခေါက် လောက်ရောက်ဖူးလေတော့ မြန်မာစကားအကြောင်းကို အထိုက်အလျောက်တော့ သိနေပြီးသားပေါ့။ ဒါပေမယ့် မြန်မာစကား တတ်တယ်လို့တော့ ဘယ်ဆိုနိုင်ပါ့မလဲ။ တတ်လဲ မတတ်ပါဘူး။ မြန်မာ စကား အကြောင်းကို သိနေတာလောက်ပါပဲ။

**သင်း** - အဲဒါနဲ့ သူနဲ့ သင်ကြတော့. . . ။

**မြင့်** - ဖြတ်ပြီး ပြောလိုက်ရဦးမယ်။ ကျွန်တော်က ဒီကနေပြီး ဘာသာ





ဗေဒ အခြေခံ မည်မည်ရရ ပါမသွားလေတော့ မြန်မာစကားအကြောင်းတို့ ကျမ်းပြုပြီး တင်ချင်တယ်လို့ပြောတော့ ရယ်တာပေါ့ဗျ၊ ကျုပ်က အဲဒီ လောက်ထိအောင်ကို တုံးခဲ့တာလို့ပြောရတော့မှာပေါ့။ ဘာသာ စကားကြီး တစ်ခုအကြောင်းကို ကျမ်းပြုတယ်ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စကြီးဆိုတာကိုပဲ ကျုပ်က မသိခဲ့သေးတာ။

**သင်း** - သမုဒ္ဒရာအနက်ကို ယုန်ထောက်ကြည့်တယ်ဆိုတာမျိုး ဖြစ် နေမှာပေါ့ကွာ။

**မြင့်** - သင်ကြလို့ ၆ လလောက်ရှိတော့ သူကကျွန်တော့် တိုးတက်မှုကို ကျေနပ်ပုံရပါတယ်။ ကျမ်းပြုဖို့ ခေါင်းစဉ်ရွေးကြမယ်ပေါ့လေ၊ ဆရာ ဒေါက်တာလှဖေလည်း ပါတယ်။ ဆရာမကြီးက ကျွန်တော့်ကို မင်း ကဗျာ ဆရာဆိုတဲ့၊ ဒီလိုဆိုရင် မင်း Literature (ရသစာပေ) ကို လုပ်သင့်တာပဲတဲ့၊ ကျုပ်က အဲဒီတုန်းက ကောင်းကောင်းနားမလည်ခဲ့ဘူး။ အမှန်က Stylistic Studies (စာဟန်လေ့လာမှု)ကို သူက ပြောတာ။ ဒါကနောက်ပိုင်းကျမှ သဘောပေါက်လာရတာကိုး။

**သင်း** - အေး. . . ဟုတ်မှာပေါ့။ ဒီကသိသွားတာက ဘာသာဗေဒ၊ သဒ္ဒဗေဒဆိုတဲ့ စကားလုံးလောက်ကိုသာ သိသွားခဲ့တာ မဟုတ်လား၊ ဒီပညာရပ်ကြီးတွေရဲ့ နယ်ပယ်ကိုဘာမှ သိသေးတာမှ မဟုတ်ပဲကိုး၊

**မြင့်** - အဲဒါနဲ့ နောက်ဆုံးမှာတော့ ဝတ္ထုတစ်ပုဒ်ထဲမှာပါတဲ့ စကားချီချ (Dialogues) တွေကိုလေ့လာဖို့ ဒေါက်တာလှဖေက အကြံပေးတယ်၊ အဲဒီမှာ ကျွန်တော်က မောင်ထင်ရဲ့ 'ငဘ'ဝတ္ထုကို ရွေးလိုက်တယ်၊

**သင်း** - တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ 'နဝဒေး'မှာ ပြီးခဲ့တဲ့ အပတ်ကမှ 'ငဘ ဖန်တီးရှင်နှင့် တွေ့ဆုံခြင်း' ပြီးသွားတယ်။ မင်းကလည်း 'ငဘ'ကို ရွေးခဲ့တာ ဖြစ်နေပြန်တယ်။ ထားပါတော့ . . . ဆက်စမ်းပါဦး၊

**မြင့်** - ဒါနဲ့ပဲ . . . ဆရာမကြီးက အဲဒီထဲက ဝါကျတွေကို စုထုတ်ခဲ့လို့ ဆိုတော့။ ထုတ်ရပြန်တာပေါ့ဗျာ။ ထုတ်လိုက်တာ ဝါကျသုံးရာလောက်ရ တယ်။ ဒါနဲ့ပဲ သူ့ကိုသွားပြီးပြရပြန်တာပေါ့။ သူက အဲဒီမှာ တွေ့တဲ့ဝါကျတွေ ကို လေ့လာပြီး ဝါကျအမျိုးအစား ဘယ်လောက်ရှိသလည်း ရှာခဲ့လို့ဆိုတော့ ရှာပြန်ပါလေရော။ ဦးအောင်သင်းနှယ် အခုပြန်ပြောရင် ရယ်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ရယ်ဖို့လည်းကောင်းပေါ့ဗျာ။ (ထွန်းမြင့်ကသူ့ဖြစ်ခဲ့ပုံကို အားရပါးရ ရယ်လျက်) ကျုပ်ဝါကျမျိုးစားခွဲပုံက ဥပမာ ဆိုပါစို့ဗျာ - ဝါကျကို 'ဏ်'နဲ့ ဆုံးထားရင်တစ်မျိုး၊ 'သည်'နဲ့ဆုံးထားရင်ဝါကျတစ်မျိုး ဆိုသလို ခွဲထားတာကိုးဗျ။ ဒီတော့ မှတ်မှတ်ရရ ဝါကျအမျိုးပေါင်း(၁၁၀)လောက်ရတယ်။ သူနဲ့ နှစ်ပတ်တစ်ခါတွေ့ရတာဆိုတော့ ကျုပ်က သွားပါလေရော။ ကျုပ်က ဝါကျမျိုးစားတွေ ခွဲပြီးပြီ။ အားလုံး(၁၁၀)လောက်တွေ့တယ်လို့ ပြောလိုက်တော့ အဖွားကြီးဟာ မိုးကြိုးပစ်ခံလိုက်ရတဲ့ အတိုင်းပါပဲဗျာ၊ မျက်လုံးပြူးသွားပြီး "Oh my God! Tun Myint, is it your own linguistics?" (အမယ်လေး - မြတ်စွာဘုရား၊ ထွန်းမြင့် ဒါမင်း ကိုယ်တိုင်ထွင်လိုက်တဲ့ ဘာသာဗေဒလား)တဲ့။ အဲဒီကျတော့ ကျုပ်လဲ မိုးကြိုးပစ်ခံလိုက်ရတဲ့အတိုင်း ပြန်ဖြစ်သွားပြန်တာပဲ။

(ထွန်းမြင့်က ပြောနေရင်း အားရပါးရ ရယ်နေပါသေးသည်။ ပြီးမှ ဆက်၍. . . )

မြင့် - ပြီးမှ ဆရာမကြီးက "ထွန်းမြင့် ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကားတွေမှာ ဝါကျအမျိုးအစား သုံးလေးမျိုးထက်ပိုတာ မရှိဘူး။ တစ်ရာကျော်ရှာတွေ့ဖူးတဲ့ ဘာသာဗေဒပညာရှင်ရယ်လို့လဲ တစ်ခါမှ မကြားဖူးပါဘူး"တဲ့။ ကျုပ်က ဆရာကြီးဦးဖေမောင်တင်ရဲ့ သဒ္ဒါမှာ ဝါကျဆယ့်တစ်မျိုး ခွဲထားတယ်၊ သူက အနက်အရဆက်စပ်ပုံတွေကို ခွဲပြထားတာ။ သူက ဆယ့်တစ်မျိုးပဲခွဲနိုင်တယ်၊ ငါက ၁၁၀ တောင်ရှိတယ်ပေါ့။ ကျွန်တော်တို့ ဘာသာစကားမှာ ဝါကျအမျိုးအစားတွေ များတယ်ပေါ့လေ။

(ပြောနေရင်း အားရပါးရ ရယ်ပြန်ပါလေသည်။)

သင်း - ဟုတ်မှာပေါ့ကွာ။ အစိမ်းသက်သက် သွားလိုက်ရတာ မဟုတ်လား။ ငါတို့တစ်တွေက ဒီမှာ ဆရာကြီးဦးဖေမောင်တင်ရေးတဲ့ သဒ္ဒါလောက်ကိုသာ လေ့လာခဲ့ကြရတာ မဟုတ်လား။

မြင့် - ဟုတ်တယ်လေ။ နောက်ပိုင်းမှာ အတော်လေး နားလည်လာလို့ သေချာကြည့်လိုက်တော့ ဖွဲ့စည်းပုံအရ ဝါကျက သုံးမျိုးထဲ ရှိတာပဲ။ ဝါကျရိုး၊ ဝါကျပေါင်း၊ ဝါကျရော (simple, compound, complex) ဒါပဲရှိတာပေါ့။

သင်း - အေးလေ . . . သုံးမျိုးပဲ ရှိတာကို မင်းက ၁၁၀ ဆိုတော့ ဟိုအဖွားကြီး လန့်မယ်ဆိုရင်လဲ လန့်လောက်တာပေါ့။

မြင့် - အဲဒီမှာတင် ကျွန်တော်လဲ သူညွှန်းတဲ့စာအုပ်တွေကို လိုမ့်ဖတ်တော့တာပဲ။ ဖတ်ဆိုအတော်ကြီးကို သေသေချာချာ ဖတ်ပစ်တော့တာ။ မြန်မာသဒ္ဒါအကြောင်း အင်္ဂလိပ်ရေးထားတာတွေရော၊ အမေရိကန်ရေးထားတာတွေရော၊ မြန်မာရေးထားတာတွေရော အကုန်ဖတ်။ ပြီးတော့ သေချာကတ်ပြားတွေဘာတွေတင်၊ မှတ်စုတွေသေချာထုတ်၊ အစွမ်းကုန်လုပ်ရတော့တာပေါ့ဗျာ။ ဒါနဲ့ ကျွန်တော်လုပ်ထားတာတွေကို သူတို့ကို ပြလိုက်တော့။ သူတို့က အေး-ဟုတ်ပြီ။(You've read quite a lot. More than enough. What do you think about them?) မင်း-အတော်ကြီးကို ဖတ်ပစ်လိုက်တာပဲ။ လိုတာထက်တောင် ပိုနေပြီ။ ကောင်းပြီ- အဲဒါတွေကို မင်းဘယ်လို သဘောရသလည်းတဲ့။ ကျုပ်က ဘယ်ပြော တတ်ဦးမလဲဗျ၊ သူတို့ပြောထားတာတွေကို နားလည်အောင် မနည်းဖတ်လာခဲ့ရတာ၊ ဒီတော့ (I have not thought about them yet.) ကျွန်တော် မစဉ်းစားရသေးဘူးလို့ပြောလိုက်တော့ (All right. Go and think.) အေး . . . ဒါဖြင့် သွားပြီး စဉ်စားပေဦးတော့တဲ့။ ဒါနဲ့ ကျုပ်လဲ ပြန်လာခဲ့ရရော။

(စကားပြောနေရင်း ထွန်းမြင့်က သူ့အဖြစ်ကို ပြန်ပြီး သဘောကျနေသကဲ့သို့ အားရပါးရ ရယ်နေပြန်ပါသည်။ ကျွန်တော်တို့လည်း မနေနိုင် သူနှင့်ရောပြီးရယ်မိပြန်သည်။)

သင်း - အေးလေကွာ၊ တက္ကသိုလ်ပါဆိုနေမှ ခူးပြီးခပ်ပြီး (Spoon-feeding) ဇွန်းနဲ့ခွံ့ကျွေးတာမျိုး လုပ်နေလို့ဖြစ်ပါ့မလား။

မြင့် - အဲဒါနဲ့ ကျုပ်လဲသေချာကြည့်ပြီး စဉ်းစားကြည့်လိုက်တော့လဲ တွေ့လာရသားဗျ။ ဘာသာစကားတစ်ခုနဲ့တစ်ခုဟာ တည်ဆောက်ပုံ ချင်း၊ ဝါကျဖွဲ့ပုံချင်းတူတယ်လို့ ဆိုရပေမယ့် သေချာလေ့လာကြည့်လိုက်တော့ မတူတဲ့ နေရာတွေကို တွေ့လာရတာပဲဗျ။ ဥပမာဆိုပါတော့ဗျာ - မြန်မာစကားနဲ့ ဂျပန်စကားဟာ ဝါကျဖွဲ့ပုံချင်း အတော်ကြီးကို တူတယ်ဆိုတာ ခင်ဗျား သိပါတယ်။ ဒါပေမယ့် သေချာလေ့လာကြည့်လိုက်တော့ မတူတဲ့ နေရာလေးတွေကိုသွားပြီး တွေ့ရတာပဲ။

သင်း - ဒီတော့ မင်းတွေ့လာလိုက်တဲ့ ထူးခြားမှုလေးတွေကို ပြောပြစမ်းပါဦး။







www.burmeseclassic.com

www.burmeseclassic.com



မြင့် - ဘယ်လိုထူးခြားမှုကို ပြောတာလဲ။

သင်း - ဆိုလိုတာကတော့ မြန်မာဘာသာစကားရဲ့ ထူးခြားချက်နဲ့ ပတ်သက်လို့ သူတို့ အသိအမှတ်ပြုလောက်အောင် မင်းတင်ပြလိုက်နိုင်တာလေးတွေကို ပြောတာပါ။

မြင့် - အင်း . . . နေဦးဗျ- အဲ . . . ကျွန်တော်မှတ်မိတာလေး တစ်ခုကို ကောက်ကာငင်ကာ ပြောလိုက်ရမယ်ဆိုရင် မြန်မာဘာသာစကားမှာရှိတဲ့ (Complex sentences) ဝါကျရောတွေမှာ အမှီဝါကျခွဲတွေဟာ တစ်ခုမက ပေါင်းပြီး ပါနိုင်တယ်။ အဲ . . . ဆိုကြပါစို့ဗျာ။ "မိုးရွာနေရင် အင်္ဂါးကားရဖို့ မလွယ်တာကြောင့် ဂျွန်တော် ခြေလျင်လာခဲ့မယ်" ဆိုတာ မျိုးပေါ့။ အဲဒီမှာ "မိုးရွာနေရင်" ဆိုတာတွေ "အင်္ဂါးကားရဖို့ မလွယ်တာကြောင့်" ဆိုတာတွေဟာ အမှီဝါကျခွဲတွေပဲဗျ။ ခင်ဗျားသိပါတယ်၊ အဲဒါမျိုးတွေကို အများကြီး ထည့်သွားလို့ရတယ်။ အင်္ဂလိပ်ဘာသာစကားမှာ အဲဒီလို အမှီဝါကျခွဲတွေကို အများကြီးထည့်သွားလို့ မရဘူးဗျ။ ဒါက ကောက်ကာ ငင်ကာပြောလိုက်ရတာပါ။ အဲဒီလိုပေါ့ဗျာ၊ အလားတူ ထူးခြားချက်ကလေးတွေကို လာပြီး တွေ့လာရတယ်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာစကားနဲ့ ယှဉ်ကြည့်လိုက်ရင် ထူးခြားတာကလေးတွေပေါ့ဗျာ။ အဲဒါမျိုးလေးတွေကို တင်ပြရပါတယ်။

သင်း - နေပါဦး . . . . အဲဒီလိုတင်ပြတော့ မင်းက ဒါတွေကို ဘာသာပြန်တင်ပြရတာလား၊ အသံထွက်သင်္ကေတတွေကိုပါ တင်ပြရတာလား။

မြင့် - အဲ . . . ဟုတ်တယ်၊ ခင်ဗျားမေးလိုက်တာ အရေးကြီးတဲ့မေးခွန်းပဲ။ ဒီလိုဗျ . . . ဘာသာဗေဒမှာ နှစ်ပိုင်းရှိနေတာကိုး။ ဘာသာဗေဒရယ်၊ သဒ္ဒဗေဒ(အသံထွက်လေ့လာမှု)ရယ်ပေါ့။ ဒီတော့ စကားလုံးတစ်လုံးကို တင်ပြလိုက်ပြီဆိုရင် အဲဒီစကားလုံးရဲ့ အသံထွက်ကို အသံထွက် သင်္ကေတနဲ့လဲ တင်ပြရတယ်၊ နောက်ပြီး တိုက်ရိုက်ဘာသာပြန်နဲ့လဲ တင်ပြရတယ်။ ဆိုပါစို့ဗျာ 'ငဘ' ဝတ္ထုထဲမှာ 'ခွေးမသား' လို့ပါတယ်ဆိုပါစို့။ ပထမ အဲဒါကို အသံထွက်သင်္ကေတနဲ့ ရေးပြရတယ်။ ပြီးတော့မှ တိုက်ရိုက် ဘာသာပြန် (dog-female-son)လို့ လုံးကောက်အတိုင်း ဘာသာပြန်ထည့်ပေးရတယ်။ ပြီးမှ အဓိပ္ပာယ် (son of the bitch) ဆိုတာကို ထည့်ပေးရတယ်။





သင်း - နားလည်ပါပြီ။ "အသက်ရှူတယ်" ဆိုရင် (life- inhale)လို့ ဝထမ ရေးပြ၊ နောက်မှ (breathe) ဆိုတာကို ထည့်လိုက်ပေါ့။

မြင့် - ဟုတ်တယ် အဲဒီအတိုင်းလုပ်ရတာပဲ။

သင်း - အဲဒါတွေကိုကြည့်ပြီး သူတို့က မြန်မာဘာသာစကားရဲ့ သဘောကို လေ့လာသုံးသပ်ကြတာပေါ့။

မြင့် - ဟုတ်တယ်၊ သူတို့က တကယ့်ကျွမ်းကျင်သူတွေဖြစ်တဲ့မြင် ဘာသာစကားမျိုးစုံရဲ့ အခြေခံသဘာဝကြီးတွေကို လေ့လာထားပြီးသား ဆိုတော့ ဒီလိုဆိုရင်ကောဖြစ်သလား၊ ဒီလိုပြောသလား စသည်ဖြင့် မေးတာ ပေါ့ဗျာ။ အဲဒီလို မေးပြီးမှ နေရာမရွေးဘူးလား၊ နေရာရွေးသလား (non-positional language or positional language ) စသည်ဖြင့် ပြောကြတာပေါ့ဗျာ။ ဥပမာ ကျွန်တော်တို့ဘာသာစကားမှာ "မနေ့က မောင်နီလာတယ်" ဆိုတာနဲ့ "မောင်နီ မနေ့ကလာတယ်" ဆိုတာဟာ အတူတူပဲ။ သို့သော် "လာတယ်မနေ့ကမောင်နီ"လို့တော့ ပြောလို့မရပြန်ဘူး။

သင်း - အေးလေ . . . ငါတို့မြန်မာစကားမှာ ကြိယာဟာ ဝါကျရဲ့ အဆုံးမှာသာ ရှိရတာကိုး။

မြင့် - အင်္ဂလိပ်ဘာသာစကားမှာတော့ (Mg Ni sees Mg Phyu.) ဆိုတာကို (Mg Phyu sees Mg Ni)လို့ နေရာပြောင်းလိုက်ရင် ပြောင်းပြန်ကို ဖြစ်သွားတော့တာ မဟုတ်လား။ သူတို့စကားက positional language မဟုတ်လား။ အဲဒါမျိုးတွေပေါ့ဗျာ။

သင်း - မင်းက ကိုယ့်ဘာသာ စကားအကြောင်းနဲ့ ပတ်သက်ပြီးတင်ပြ၊ သူတို့က အမျိုးမျိုးစစ်ဆေးမယ်၊ ပြီးတော့မှ ငါတို့မြန်မာဘာသာ စကားအကြောင်းကို ဘာသာဗေဒရှုထောင့်က သုံးသပ်ဆုံးဖြတ်တယ်ဆိုပါတော့။

မြင့် - အဲဒီသဘောပဲပေါ့။ ဒီလိုလေ . . . ကျွန်တော်က ကိုယ့်မြန်မာစကားကိုသာ ကျွမ်းကျင်တာမဟုတ်လား၊ ဘာသာဗေဒကို နားလည်သေးတာမှမဟုတ်ဘဲ၊ သူတို့က မြန်မာစကားကိုသာ မတတ်တာ၊ မြန်မာစကားကိုတော့ ဘာသာဗေဒ ရှုထောင့်ကမြင်တတ်နေတာပေါ့။ ဒီတော့ သူတို့ပြောလိုက်တော့မှ ကျွန်တော်က ကိုယ့်မြန်မာစကားအကြောင်းကို ပိုပြီး နားလည်လာတော့တာ။ အဲဒီလိုနားလည်လာခြင်းဟာ ဘာသာဗေဒ ပညာရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်လာခြင်း ဖြစ်သွားပြန်တော့တာပေါ့။

**သင်း** - အခု မင်းပြောလိုက်တော့ ရှေးဖြစ်ဟောင်းကိုပြန်ပြီး သတိရမိတယ်။ မင်းက ကံကောင်းပါတယ်။ ငါတို့ဆရာကြီးတွေခမြာမှာ မြန်မာစကားကို အင်္ဂလန်မှာ သွားသင်ရပါ့မလားဆိုပြီး သူတို့ခေတ်က အလှောင်အဆဲခံခဲ့ကြရတာ။ ပါဠိစပ်ကတင် မဟုတ်ဘူး၊ ဆောင်းပါးလိုဘာလို စာမျိုးတွေနဲ့ကို ခပ်လှောင်လှောင်ရေးခဲ့ကြသေးတာ။ ဆရာကြီးတွေ ခမြာမှာလည်း ပြန်ပြောရအခက်၊ မပြောရအခက်၊ အောင့်သက်သက်ခံနေခဲ့ရတာ။ ကဲ . . . ထားလိုက်ပါတော့။ ငါနားလည်တာက စကားလုံးတွေ (ဝေါဟာရတွေ) ပေါင်းလိုက်မှ ဝါကျဖြစ်တယ် မဟုတ်လား။ မင်းတို့ လေ့လာတာက ဝါကျကို ပထမစပြီး ပြောနေသလိုပဲ။

**မြင့်** - အဲ . . . ဟုတ်တယ်။ ဒီလိုဗျ . . . သီအိုရီနှစ်မျိုး ရှိတယ်။ တစ်မျိုးက စကားလုံးကစပြီး ဝါကျကိုတက်သွားတယ်။ ကျွန်တော် တို့လုပ်ခဲ့ရတာက ဝါကျ (Sentence) ကနေပြီး ဝါကျခွဲ (Clause)၊ နောက်ပြီး ပုဒ် (Phrase) အဲဒီနောက်မှ စကားလုံး (Word) ကိုသွားတယ်။ ပြီးတော့မှ အဲဒီစကားလုံးကို 'ပင်ကို' လား၊ 'ပေါင်းစပ်' လားဆိုတာကို ဆက်ပြီး လေ့ လာရပြန်တယ်။

**သင်း** - အသံစနစ်ကိုလည်း သီးခြားလေ့လာရမှာပေါ့။

**မြင့်** - ဒီလိုလေ-ဘာသာဗေဒလို့ ဆိုလိုက်ရင် သဒ္ဒဗေဒက အလိုလို ပါပြီးဖြစ်နေတော့ပဲ။ ဘာသာဗေဒဘာသာရပ်ထဲမှာကို Linguistics (ဘာသာဗေဒ)နဲ့ Phonetics (သဒ္ဒဗေဒ)ရယ်လို့ နှစ်ပိုင်းရှိနေတာကိုး။ ဒီတော့ သဒ္ဒဗေဒကိုလည်း လေ့လာရတာပေါ့။ လေ့လာရတာမှ အတော်ကြီးကို ပင်ပင်ပန်းပန်း လေ့လာရတယ်လို့တောင် ပြောလို့ရပါတယ်။ ဆိုပါစို့ဗျာ-ရောက်ပါပြီဆိုကတည်းက တစ်နေ့ကို အနည်းဆုံး နှစ်နာရီလောက်(Lab.) ထဲမှာ. . . အဲ-ဆိုပါတော့ သဒ္ဒဗေဒလက်တွေ့ခန်းထဲမှာ ကက်ဆက်ဖွင့်ပြီး စကားသံမျိုးစုံကို နားထောင်ရတယ်။ အဲဒီစကားသံတွေကို သဒ္ဒဗေဒ သင်္ကေတတွေနဲ့ အသံဖလှယ်ရတယ်။ စကားသံတွေကတော့ မျိုးစုံပါပဲ။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန် အသံမျိုးစုံပဲ။ မြန်မာစကားသံလည်းပါရဲ့။ မြန်မာစကားသံက အင်္ဂလိပ်တစ်ယောက်ယောက်က ပြောထားတဲ့ စကားသံပေါ့။ ဥပမာ - ဘောလုံးပွဲဆိုရင် "ဘော်လုံးဘွယ်" ဆိုတဲ့ခပ်ဝဲဝဲ အသံတွေပေါ့၊





"ငေါင်ငင်း ဘောင်" ဆိုတာမျိုးတွေလဲပါရဲ့။ "ကောက်ညှင်းပေါင်း" ကို ပြောတာလေ။ မြန်မာလိုပြောတတ်တဲ့ အင်္ဂလိပ်တစ်ယောက်ယောက်က အသံသွင်း ပေးထားတာတွေ ဖြစ်မှာပေါ့။ များသောအားဖြင့် ကျွန်တော်တို့ မတတ်တဲ့ ဘာသာစကားက အသံတွေပိုများပါတယ်။ အဲဒီအသံတွေကို သေချာနား ထောင်ပြီး သဒ္ဒဗေဒသင်္ကေတနဲ့ ရေးပြရတယ်။ ရေးတာတွေ မှန်မမှန်ကို သက်ဆိုင်ရာ ဆရာမက စစ်ပေးတယ်။

**သင်း** - ဆိုပါတော့ မင်းခုနကပြောပြသွားတဲ့ "ဘော်လုံးဘွယ်"တို့ "ငေါင်ငင်းဘောင်"တို့ဆိုတာမျိုးတွေလဲ သူ့အသံ မှားနေပေမယ့် အဲဒီ အတိုင်းပဲ ရေးချလိုက်ရတာပဲပေါ့။

**မြင့်** - ဟုတ်တယ်။ သူ့ဘာသာမှားနေတာကို ဘာမှပြင်ပေးနေဖို့ မလိုဘူး။ ကျုပ်ကြားတဲ့အတိုင်း အသံသရုပ်ဖော် ရေးလိုက်ရုံပဲ။ လိုချင်တာက ကျုပ်ဟာ စကားသံတစ်ခုကို ကြားလိုက်ရင် ဘယ်ဘာသာစကားသံကိုမဆို ဌာန်၊ ကရိုဏ်း၊ ပယတ်၊ နှာသံ၊ အဖိအဖော့၊ အဆွဲအငင် အားလုံးကို နားက ကြားတတ်အောင် လေ့ကျင့်ရတာပဲ။ သဘော ကတော့ဗျာ သီချင်းတက်တဲ့ အခါမှာ စည်းဝင်၊ စည်းထွက်၊ အရှိက်အငင် ဆိုတာမျိုးတွေကို သေချာ နားထောင်ပြီး မှတ်ရသလိုပဲပေါ့။ ဒါပေမယ့် သီချင်းမှာတော့ အသံကို ထူးထူးခြားခြား လုပ်ထားတာမို့ အတုခိုးဖို့ မခက်လှဘူး။ ဂီတမှာက မူလသံစဉ် ခုနစ်ခု၊ ပွားလိုက်မှ ဆယ့်လေးငါးခု၊ တက်သံ ကျသံဆိုတာမျိုးလောက် သာရှိတာကိုး။ စကားသံကျတော့ သိပ်များတယ်၊ ကျွန်တော်တို့ နေ့စဉ်တွေ့ နေတဲ့ မြန်မာစကား၊ တရုတ်စကား၊ ကုလားစကားတွေရဲ့ အသံတွေကိုပဲ စဉ်းစားကြည့်ပေါ့။ သိပ်ခက်တယ်ဗျ။ ခင်ဗျားလည်း သတိထားမိမှာပါပဲ။ ဆိုပါစို့ ရက္ခိုင်တွေ၊ ထားဝယ်သားတွေဟာ မြန်မာသီချင်းကို ဆိုလိုက်ရင် ဘယ်တော့မှရက္ခိုင်သံ ထားဝယ်သံ မဝဲဘူး။ ဖြောင့်နေတာပဲ။ အဲ. . . စကားပြောလိုက်ပြီဆိုရင် ဝဲသွားတော့တာပဲ။

**သင်း** - အေး. . . ဟုတ်တယ်ကွ၊ ရှမ်းတွေလည်း ဒီလိုပဲ သူတို့မြန်မာသီချင်းဆိုရင် 'သ' 'တ' ဆိုတာတွေကို ပီချင်မှပီမယ်၊ ဝဲတော့ မဝဲဘူး အမှန်ပဲ။ ဦးသိန်းဖေမြင့်ကတောင် 'စစ်အတွင်းခရီးသည်' ထဲမှာ ရက္ခိုင်တစ်ယောက် သီချင်းဆိုသံ ကြားလိုက်မိတော့ လုံးဝအသံမဝဲတဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တအံ့တသြရေးထားသေးတယ်။

မြင့် - ပြောချင်တာက အဲဒါတွေကိုလေ့ကျင့်ရတာ ဘယ်လောက် လုပ်ရသလဲဆိုရင် ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်ဟာ အဲဒီမှာ ၂ နှစ်ကျော် နေခဲ့ရတယ်။ နေ့တိုင်း နှစ်နာရီလောက် အဲဒီ (Lab.)ထဲမှာ တစ်ရက် မပြတ် လေ့ကျင့်ခဲ့ရတယ်။

သင်း - ဟာ. . . မနည်းပါပဲလားဟ။

မြင့် - အေးဗျ၊ ဖြစ်တာက ဒီလို၊ သူတို့က ကျွန်တော့်ကို ပါရဂူဘွဲ့ (Ph.D) ကို လုပ်စေချင်တယ်။ လုပ်ခွင့်ပေးတယ်။ ဒီတော့ မြန်မာဘာသာ စကားရဲ့ 'ဟန်'ကို လေ့လာစေချင်တယ်။ (Stylistic Studies) ပေါ့ဗျာ၊ ရေးဟန် ပြောဟန်ဆိုတာ မျိုးတွေပေါ့ဗျာ။ ကျွန်တော်လဲ ဝမ်းသာတာ ပေါ့ဗျာ၊ ဒေါက်တာထွန်းမြင့် ဖြစ်တော့မယ်ပေါ့လေ။ ဒါပေမယ့် တစ်ခုဖြစ် နေတာက (Ph.D.)ကို ယူမယ်ဆိုရင် အချိန်နည်းနည်း ပိုကြာသွားမယ်။ ဆိုပါတော့ဗျာ လေးငါးရှစ်လ လောက်ပိုနေရမယ်။ အဲဒီအတွက်ကို ကျွန်တော်က မြန်မာ ပြည် ပညာရေးဌာနကိုလှမ်းပြီး အဲဒီလောက်ပိုနေခွင့်၊ (Ph.D) လုပ်ခွင့်ကို တောင်းရတယ်။ ဒီလိုနဲ့ပဲ ဒီကခွင့်ပြုချက်ကိုစောင့်ရင်း (Ph.D.) အတွက်ကိုပဲ ဆက်လုပ်နေရတာပေါ့။ အဲဒီမှာ ခွင့်ပြုချက်ကို နေ့လာနိုး၊ ညလာနိုး စောင့် လိုက်ရတာ ဦးအောင်သင်းရယ်။ နောက်ဆုံး ရောက်မယ့်ရောက်လာတော့ ခွင့်မပြုဘူးတဲ့။ (M.Phil.)ကိုပဲ လုပ်ပါတဲ့။ (Ph.D.) အောက်တစ်ဆင့်နိမ့်တာ ပေါ့ဗျာ၊ (M.A.)ထက်တော့ မြင့်တယ်ပေါ့။

သင်း - အဲဒါက ဘယ်လောက်ကြာမှ ရောက်လာသလဲ။

မြင့် - ဆယ့်သုံးလ ကြာမှရောက်လာတယ်။

သင်း - ဟာ. . . ကြာလှချည်လား၊ နေရမှာက ၂ နှစ်၊ ဆယ့်သုံးလ ကြာမှ ရောက်တော့. . .။

မြင့် - အေးပေါ့ဗျာ၊ အဲဒီမှာတင် ကျွန်တော်လဲ ယက်တော့တာပဲ။ ဒီလိုဗျ (Ph.D)နဲ့ (M.Phil.)က သင်ရိုးချင်းမတူဘူး။ ဒီတော့ အရေးတကြီး (M.Phil.) သင်ရိုးတွေကိုပြန်ပြီး လုပ်ရပြန်တောပေါ့။

သင်း - နေပါဦး၊ ဒီလေးငါးရှစ်လလောက်ကို ဘာကြောင့် ခွင့်မ ပြုတာလဲ။

မြင့် - ဒီလိုဗျ. . . ကျွန်တော်ထင်တာတော့ အဲဒီတုန်းက နိုင်ငံခြား





ပညာတော်သင်တွေဟာ အတိုဆုံးအချိန်နဲ့ အတွင်းမှာ အမြင့်ဆုံးဘွဲ့ကို ရနိုင်စေ ရမယ်ဆိုတဲ့ မူဝါဒကို ချမှတ်ထားခဲ့တယ်၊ အဲဒါကြောင့် ခွင့်မပြုတာလို့ ထင်မိတာပဲ၊ တွေးတောက ကျွန်တော် ပြောခဲ့တဲ့အတိုင်း ကျွန်တော်က ကိုယ် ဘိုစိမ်ကိန်းက ထောက်ပံ့တာလေ၊ ဒီတော့ အချိန်ပိုပြီး ပြောလာခဲ့တဲ့ အချိန်ကို မြန်မာပြည်အစိုးရက ဆက်ပြီးထောက်ပံ့ရမှာမဟုတ်ဘူးလို့ ထင်ပါရဲ့။

သင်း - အဲဒီလို ပါရဂူဘွဲ့ သင်ရိုးကိုစွန့်ပြီး (M.Phil.) သင်ရိုးကို ပြောင်း တက်လိုက်ရတော့ မင်းမှာ အတော်လေး အခက်အခဲတွေသေးလား။

မြင့် - ဟာ. . . တွေ့ပါသော်ကော ဦးအောင်သင်းရယ်၊ (Ph.D.) မှာက (Thesis) ကျမ်းပြုပြီးတင်ရုံပဲ၊ သူတို့ပညာရှင်အဖွဲ့က ကျေနပ်ရင် လက်ခံပြီး ဘွဲ့ပေးလိုက်တာပဲ။ (M.Phil.)မှာကျတော့ စာမေးပွဲပါဖြေရ တော့တာ၊ အဲဒီစာမေးပွဲအတွက် ပြန်ပြီးလုပ်တော့ အစကိုပြန်ရောက်သွားသလို ဖြစ်ရ တော့တာပဲ။ အမှန်တော့ သွားကတည်းက အဲဒီလောက်ပဲ ရည်မှန်းခဲ့တာပါ။ ဒါပေမယ့် သူတို့က(Ph.D.)ကိုပဲ လုပ်ပါဆိုတော့ ဦးအောင်သင်းရယ် ကျွန်တော်လည်း ဝမ်းသာတာပေါ့။ အဲဒါနဲ့ ကြိုးစား ပမ်းစားလုပ် နေခဲ့တာ ခွင့်မပြုဘူးဆိုတော့ ပန်လန်လက် ပက်လက်လန် ဆိုတာလို ဖြစ်သွား တော့တာပါပဲ။

သင်း - အဲဒီလို အချိန်ပိုအတွက် ကုန်ကျတဲ့ငွေကို ကိုယ်ကစိုက်ထုတ်ပြီး နေပါ့မယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား။

မြင့် - မလွယ်ဘူးဗျ။ နည်းတဲ့စရိတ်မှ မဟုတ်ဘဲ။ အဲ. . . ပေးနိုင်ရင်လဲ မလွယ်သေးဘူးဗျ။ ကျွန်တော့်ကို ခွင့်မပြုဘူးဆိုတာကို ပြောပြလိုက် တော့ ကျွန်တော့် ဆရာမကြီး မစ္စဟင်ဒါဆင်က "ထွန်းမြင့် မင်းတို့အစိုးရက မပေးရင် ငါပေးမယ်" လို့တောင် ပြောသေးတယ်။ သူပေးမယ်ဆိုတာက သူ့အိတ်စိုက်တော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် သူကသဘောကျလို့ သူတို့ တက္ကသိုလ်ကိုတင်ပြလိုက်ရင် တက္ကသိုလ်က ပေးလိုက်တာပဲ။ ဘာပဲဖြစ်ဖြစ် သူတို့ဆီမှာ အဲ. . . သူတို့တက္ကသိုလ်မှာ ကျွန်တော်သုတေသနလုပ်ထားတဲ့ ကျမ်းက ကျန်ရစ်ခဲ့ပြီလေဗျာ။ ဒါကို သူတို့ကတန်ဖိုးထားတာ မဟုတ်လား။ ကျွန်တော်တို့ အစိုးရကိုလည်း အပြစ်တင်ဖို့ခက်တယ်။ သူတို့ကလည်း စီမံ



www.burmeseclassic.com

www.burmeseclassic.com



တိန်းနဲ့လုပ်ကြရတာလေ။ ကျုပ်က ဘာဖြစ်လောက်တာ မှတ်လို့။

**သင်း** - ဒါနဲ့ပြောစမ်းပါဦး၊ နောက်တော့ ဘယ်လိုဖြစ်လဲ။

**မြင့်** - ဘယ်လိုဖြစ်ရမလဲ အချိန်ပိုမပေးနိုင်တော့ဘူးဆိုတော့ ကျွန်တော်လည်း (M.Phil.) ကိုပဲ ပြန်လုပ်ရတာပေါ့။ အချိန်ကလည်း သိပ် မရတော့ဘူး မဟုတ်လား။ စာမေးပွဲလည်း ဖြေရသေးတယ်လေ။ ကျွန်တော့် ကျမ်းကိုတော့ သူတို့က လက်ခံလိုက်တယ်၊ စာမေးပွဲမှာတော့ ခင်ဗျားလည်း သိပါတယ် ဘာသာဗေဒနဲ့ သဒ္ဒဗေဒမေးခွန်း နှစ်လွှာဖြေရတာ တစ်ဘာသာမှာ ကျလာလို့ ဒီကနေပြီး ပြန်ဖြေယူရတာ ခင်ဗျားမှတ်မိဦးမှာပါ။

**သင်း** - အေး မှတ်မိပါတယ်။ ဒီက သံရုံးကပြန်ပို့တာမှာ အဖြေလွှာက ဟောင်ကောင်ကို မှားပြီးပါသွားလို့ ကျောင်းပိတ်ရက်နဲ့တိုးသွားတော့ တော်တော်နဲ့ အောင်စာရင်းထွက်မလာတာ ခုထက်ထိမှတ်မိနေသေးတယ်။ ထားပါတော့၊ ခုနက မင်းပြောတဲ့အတိုင်းဆိုရင် သူတို့က သဒ္ဒဗေဒမှာ အသံထွက်ကို သိပ်ပြီးအလေးထားတယ်ဆိုရမှာပေါ့။

**မြင့်** - သိပ်ကိုအလေးထားတယ်၊ နောက်ပြီး ဦးအောင်သင်း၊ ခင်ဗျားလည်း သိပါတယ်။ ဘာသာစကားဆိုတာ အသံပဲ မဟုတ်လား။ အသံမပါဘဲ ဘာသာစကားအဖြစ်ဘယ်လိုမှ မရောက်နိုင်ဘူးလေ။ ဒီတော့ အလေးထားရတာပေါ့။ ထားရဆိုဗျာ စောစောပိုင်းက ပြောခဲ့ပါပကော၊ ဟိုမှာ ကျုပ် ၂ နှစ်လောက်နေခဲ့ရတာ တစ်ရက်မှမပြတ်အောင် အသံ နားထောင်တာကို လေ့ကျင့်ခဲ့ရပါတယ်။ အခုနောက်ပိုင်းမှာတော့ဖြင့် သိပ္ပံအကူအညီကြောင့် အသံတစ်ခုကို အစိတ်အပိုင်းပေါင်းတစ်ရာလောက်ထိအောင်တောင် ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်တဲ့ အဆင့်ထိအောင် ရောက်နေပြီ။ ဒီတော့ လျှာထောက်-အာထောက်စတဲ့ ဌာန်ကရိုဏ်းတွေကို တိတိကျကျသိနိုင်လာကြပြီပေါ့ဗျာ။

**သင်း** - မင်းတို့လေ့လာရတာက ဥပမာ ငါတို့မှာ ရှေ့က အသံကြောင့် နောက်အသံ ပြောင်းသွားတာမျိုးတွေ. . . ။

**မြင့်** - အဲ. . . ဟုတ်တယ် အဲဒါမျိုးတွေလဲ ပါလာတော့တာပေါ့။ ဆိုပါစို့ 'လာပါ၊ လုပ်ပါ'ဆိုရင် လုပ်ပါဆိုတဲ့စကားမှာ 'ပါ' ဆိုတာက အသံ မပြောင်းဘူး၊ 'လာပါ'ဆိုတာကျတော့ 'လာဘာ'လို့ ဖြစ်သွားတယ်။ 'ပါ'က





'ဘာ' လို့ အသံပြောင်းသွားတယ်။

**သင်း** - အေးကွ. . . ငါလဲ အဲဒါတွေကို [illegible] ငါ ကတော့ မင်းလို သဒ္ဒဗေဒပညာရှင်တို့ [illegible] ပေါ့။ ဒါပေမယ့် ငါသတိထားမိသလောက် [illegible] stop)အသံကြိုးမျှင် (Vocal cord)ပိတ်ရွတ်ရင် အဲ. . . ပိတ် ရွတ်ယတ် ဆိုရင် နောက်က စကားသံက သံပြင်းတို့ [illegible] အသတ်တွေပေါ့ကွာ. . . ။

**မြင့်** - အဲဒါပဲ။ ခုနက ခင်ဗျားပြောတဲ့ (Glottal stop)ပဲပေါ့။ တသတ်၊ တသတ်၊ စသတ် ဆိုတာမျိုးတွေပေါ့။ ဆိုပါစို့ဗျာ 'ကိုက်ပီ' ဆိုရင် မပြောင်းဘူး၊ 'ကုန်ပီ'ဆိုရင် 'ကုန်ဘီ'လို့ပြောင်းသွားတယ်။ ခင်ဗျားပြောတဲ့. . . ဘာတဲ့. . . ။

**သင်း** - ပိတ်ရွတ်ပယတ်။

**မြင့်** - အဲဒီပိတ်ရွတ်ပယတ် ဆိုလို့ရှိရင် နောက်က အသံမပြောင်းဘူး၊ သီးခြားရှိနေတယ်။ သဒ္ဒဗေဒမှာတော့ အဲဒါမျိုးကို(Open juncture)လို့ ခေါ်တယ်။ ရှေ့က ဝဏ္ဏကြောင့် နောက်ကဝဏ္ဏမှာ အသံပြောင်းသွားရင်တော့ အဲဒါမျိုးကို (Close juncture)လို့ ခေါ်တယ်။ စောစောက ကျွန်တော် ပြောခဲ့တဲ့ ဒေါက်တာ စပရိတ်ဆိုရင် အဲဒါမျိုးတွေကို အကြာကြီး သုတေသန လုပ်ခဲ့တာပဲ။ သူ့ (Thesis) ကျမ်းကြီးကလဲ အထူကြီးပဲ။ သေချာစဉ်းစား ကြည့်လိုက်ရင် စိတ်ဝင်စားဖို့လဲကောင်းတယ်ဗျ။ အသံပြောင်းရုံတင်မကဘူး နာမ်၊ ကြိယာ သဘောတွေပါပြောင်းချင် ပြောင်းသွားတတ်သေးတာကိုး။

**သင်း** - 'ခုံး' နဲ့ 'ဂုံး' သဘောမျိုးလို. . . ။

**မြင့်** - ဟုတ်တယ်. . ဟုတ်တယ်၊အဲဒါမျိုးကိုပြောတာ။ 'ခုံး' ဆိုရင် ကြိယာ၊ 'ဂုံး'လို့ဆိုလိုက်ရင် နာမ်ဖြစ်သွားတယ်။ 'ချိုင့်'လို့ဆိုလိုက်ရင် ကြိယာ၊ 'ဂျိုင့်'လို့ ဆိုလိုက်ရင် နာမ်ဖြစ်သွားတယ်။

**သင်း** - ငါကတော့ ဆရာကြီး ဦးဖိုးစိန်ရဲ့ စာတွေကို ဖတ်မိတာကြောင့် ဒါတွေကို စဉ်းစားမိတာပါ။

**မြင့်** - ဝဇီယပုဒ္ဓိ ဦးဖိုးစိန်ကိုပြောတာမဟုတ်လား။ အဲဒီဆရာကြီးက အလွန်ကို ဉာဏ်ကြီးပါပေတယ်ဗျာ။ သူ့မှာ ဘာသာဗေဒသိပ္ပံ အတွေးကို



www.burmeseclassic.com

www.burmeseclassic.com



ပါလာတဲ့ ပုဂ္ဂိုလ်ကြီးလို့ ပြောနိုင်လောက်တယ်။ နောက်ပြီး ရှာရဖွေရတာတွေက ဆိုပါစို့ဗျာ-ကျွန်တော်တို့မှာ ပေါင်းစပ်ဝေါဟာရ (Compound words) တွေ ဆိုပါတော့၊ နာမ်+နာမ် တွေရှိတယ်၊ အများကြီးပဲ။ မြင်းလှည်း၊ ဆေးလိပ်၊ ရေအိုး စသည်ဖြင့်ပေါ့။ ကြိယာ+နာမ် ဆိုရင်လဲ သောက်ရေတို့၊ ရေသန့်တို့လို စကားလုံးတွေ အများကြီးပဲဗျ။ ဒါပေမယ့် ကြိယာ+ကြိယာဆိုရင် အတော်ကိုရှားတယ်။

သင်း - 'ထမ်းပိုး' ဆိုတာမျိုးလား။

မြင့် - အဲဒါမျိုးကိုပြောတာ။ 'ထမ်း'ကလဲ ကြိယာ၊ 'ပိုး'ကလဲ ကြိယာ။ နှစ်ခုပေါင်းပြီး 'ဒပိုး' လို့ဆိုလိုက်တော့ နာမ် ဖြစ်သွားတယ်။ အဲဒီလို ကြိယာချင်းပေါင်းပြီး နာမ်ဖြစ်တာရှိတော့ရှိတယ်၊ ဒါပေမယ့် သိပ်ကိုရှားတယ်။ ကျွန်တော် အဘိဓာန်မှာကို သေချာရှာကြည့်ဖူးတယ်။ တစ်ရာလောက်တောင် မရှိဘူးလို့ ထင်မိတာပဲ။

သင်း - ဟုတ်ပါတယ်၊ ပညာရှင်တွေ ပြုစုထားတဲ့ မြန်မာသဒ္ဒါကျမ်းမှာတောင် အဲဒီလို ကြိယာချင်းပေါင်းလို့ဖြစ်လာတဲ့ နာမ်ကို သာဓကများများ မပြနိုင်ဘူး။

မြင့် - ဟုတ်တယ်ဗျ၊ တော်တော်ကို သတိထားပြီးကြည့်နိုင်မှ။ အခုသုံးနေကြတဲ့ 'ရိုက်စား'ဆိုရင် ကြိယာချင်း ပေါင်းထားတာပဲ။ ဒါပေမယ့် ကြိယာအဖြစ်သုံးလို့ မရတော့ဘူး။ 'ရိုက်စားလုပ်တယ်'လို့ နာမ်အဖြစ် သုံးနေရပြီ။

သင်း - ကဲ. . . ထားလိုက်ပါတော့ကွာ၊ ဒီလောက်ဆိုရင် ငါ အင်တာဗျူးအဖို့ လိုအပ်သလောက်ကိုရပါပြီ။ ဆက်ပြီး မေးချင်တာက မင့်မှာ အတော်လေးကို ကြိမ်းမောင်းတာ၊ ဆိုပါတော့ ငေါက်တာပေါ့ကွာ၊ အဲဒါတွေကို ခံခဲ့ရတယ်။

မြင့် - ဟာ. . . ခံရတာပေါ့ဗျ။ စောစောက ခင်ဗျားကို ကျွန်တော်ပြောပြခဲ့တဲ့ Tun Myint, is it your own linguistics? လို့ပြောတဲ့အခါမှာ ရယ်ကာမောကာပြောတာ မဟုတ်ဘူး၊ မျက်နှာထားကြီးနဲ့ တည်တည်ကြီး ပြောတာ။ ဒီတော့ ငေါက်တာလို့ပဲ ပြောရတော့မှာပေါ့။ သရော်လိုက်တာလို့တောင် ပြောလိုက်ရင် ဖြစ်တယ်။

သင်း - အေးပါ. . . ငါနားလည်ပါတယ်။ ငါမေးချင်တာက တခြား





မဟုတ်ပါဘူး၊ အဲဒီလိုငေါက်သလိုပဲ သူတို့က သဘောတွေ့ သွားလောက်အောင်၊ ဆိုလိုတာက မင့် ဆရာမကြီးက ချီးကျူးလောက်အောင်ကော မင်းလုပ်နိုင်ခဲ့သေးသလား ဆိုတာကို မေးချင်တာပါ။

မြင့် - အဲဒီလို အချီးကျူးခံရတာတွေလဲ ရှိခဲ့ပါတယ်။ သူတို့ဆီက ဆရာတွေက အဲ. . . ကျွန်တော့်ဆရာမကြီး အကြောင်းကိုပဲပြောပါတော့မယ်ဗျာ။ ကျွန်တော်က ဟာလီဒေး သီအိုရီနဲ့ လုပ်နေရတာ. . .။

သင်း - ဘယ် 'ဟာလီဒေး' လဲ၊ တို့ . . . ဟို မွန်-အင်္ဂလိပ် အဘိဓာန် လုပ်သွားတဲ့. . .။

မြင့် - မဟုတ်ဘူးဗျ၊ ဒီဟာက ဘာသာဗေဒပညာရှင်။ သူ့သီအိုရီနဲ့ လုပ်ရတာ။ ဖြစ်ပုံက- ဒီလိုဗျ။ စကားလုံးတစ်လုံးကို တခြားစကားလုံး တစ်လုံးက အထူးပြုတာရှိတယ်။ နောက်တစ်ဆင့်က စကားလုံးတစ်လုံးကို ပုဒ်တစ်ခုက အထူးပြုတာရှိတယ်။ ဆိုပါတော့ဗျာ 'အိုးပိုင် အိမ်ပိုင်' ဆိုပါတော့ 'အိမ်ပိုင်'ဆိုတာမှာ 'ပိုင်'ကို 'အိမ်'ကအထူးပြုထားတာ။ အဆင့်တူချင်း အထူးပြုတာ။ အဲဒီလို စကားလုံးအဆင့်ချင်း အထူးပြုနိုင်သလို ပုဒ်တစ်ခုကလဲ အထူးပြုနိုင်ပြန်တယ်။ ဆိုပါစို့ 'ကောင်းမြတ်သောတရား'လို့ဆိုရင် 'ကောင်းမြတ်သော'ဆိုတာဟာ စကားလုံးအဆင့် မဟုတ်တော့ဘူး၊ ပုဒ်အဆင့်ကို ရောက်သွားပြီ။ ဒီလိုပဲ 'လူအများကနှစ်သက်စွာ လက်ခံထားကြသည့် ကောင်းမြတ်သော တရားတော်' လို့ ဆိုလိုက်ရင် ပုဒ်အဆင့်တောင် မဟုတ်ဘူး ဝါကျအဆင့်တောင်ပါသွားပြီလို့ ဆိုရတော့မယ်မဟုတ်လား။ သီအိုရီအဆိုအရက အဆင့်(Rank)ချင်းတူမှ အထူးပြုနိုင်တယ်လို့ ဆိုထားတာကိုး။ အဲဒီမှာ ကျွန်တော်က မဟုတ်ဘူး၊ အဆင့်ချင်း မတူဘဲလည်း အထူးပြုနိုင်တယ်၊ (Rank-shift) လုပ်တယ်လို့ ခေါ်တာပေါ့ဗျာ။ ကျုပ်က အဲဒါကို ပြောပြလိုက်တော့ သူက မဖြစ်နိုင်ဘူး "I don't believe it." လို့ကို ပြောတာ။ ကျုပ်က ရှိတာသေချာတယ်၊ ကျွန်တော် သေချာရှာဖွေထားတာပါလို့ပြောလိုက်တော့ သူက 'မင်း-ငါ့ကိုပြနိုင်မလား' လို့မေးပြီး ကျုပ်ရှာထားတာတွေကို ကြည့်တော့တာပဲ။ ပြီးတော့ ဘာလုပ်တယ်ထင်သလဲ၊ ချက်ချင်းကျုပ်ကို ထပြီး ဖက်တော့တာပဲ။ နောက်ပြီး (You are very intelligent. O.K. Carry on.) ကောင်လေး မင်းသိပ်တော်တယ်၊ ဆက်သာလုပ်ပေတော့



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တော့တာပဲ။

မြင့် - မင်းကိုထပြီးဖက်လိုက်တာဟာ မင်းကို အဖွားကြီးက ဂုဏ်ပြုလိုက်တာပဲပေါ့။

မြင့် - ဒါပေါ့ဗျ၊ စောစောတုန်းကပြောခဲ့တဲ့အတိုင်း ငေါက်စရာရှိတော့လဲ တည်တည်ကြီး ငေါက်ပစ်တာဗျ။ ပြောလိုက်ရဦးမယ်ဗျာ၊ တစ်ချိန်မှာတော့ သူကကျုပ်ကို စာတွေသေချာဖတ်ဖို့ ကြိုးစားဖို့ပြောပါလေရော၊ ကျုပ်ကလဲ ခင်ဗျားသိတဲ့အတိုင်း ပြောချင်ရင် စွပ်ရွပ်ပြီးပြောချင် ပြောပစ်တတ်တာ မဟုတ်လား။ ကျုပ်က စိတ်တိုတိုရှိလာတာနဲ့ "If I have two holes, I'd have two piles." အပေါက်နှစ်ပေါက်သာရှိရင် လိပ်ခေါင်းနှစ်ခုထွက်တယ်လို့ ပြောပစ်လိုက်တော့ အဖွားကြီး ရယ်လိုက်တာ ဟက်ဟက်ပက်ပက်ပဲ။ ပြီးတော့ ချက်ချင်း ဆရာဒေါက်တာလှဖေဆီ ကို 'ကောင်လေး လိပ်ခေါင်း ဖြစ်နေပြီ' လို့ ဖုန်းဆက်တော့တာပဲ။ ဟိုမှာတော့ ဒေါက်တာလှဖေတို့ ဇနီးမောင်နှံက မိဘတွေလိုဖြစ်နေတာကိုးဗျ။ နောက်ပြီးမေးသေးတယ်ဗျ။ မင်းမြန်မာပြည်မှာ ကဗျာဆရာတစ်ယောက်ဆိုတဲ့။ ဖြစ်လောက်တာ မဖြစ်လောက်တာ အပထား၊ ကဗျာတော့ရေးနေ တာကိုး။ ဟုတ်တယ်လို့ ပြောလိုက်တော့ သူက ရသစာပေနဲ့ ဘာသာဗေဒဟာ တစ်ခြားစီပဲ၊ ကဗျာဆရာတစ်ယောက်လုပ်နေပြီး ဘာကြောင့် ဘာသာဗေဒယူရသလဲ၊ ကဗျာကိုပဲ သေချာရေးပါလား၊ ကဗျာမှာ အောင်မြင်လာရင် ကမ္ဘာကျော်နိုင်တယ်။ ဘာသာဗေဒဆိုတာက ကမ္ဘာကျော်နိုင်တာမဟုတ်ဘူး၊ ထမင်းစားဖို့သာ လုပ်ကြတာလို့ပြောတယ်။ သူတို့က ကဗျာဆရာကိုသိပ်အထင်ကြီးတယ်၊ ကဗျာကိုလဲ သိပ်ကိုချစ်တတ်ကြတယ် မဟုတ်လား။

သင်း - နေဦး-မင်းကိုမေးရဦးမယ်။ (Ph.D) လုပ်ဖို့ ဆိုတာက ဒီကမြန်မာပြည်က အစီအစဉ်လား၊ ဟိုကအစီအစဉ်လား။

မြင့် - မြန်မာပြည်ကလွှတ်လိုက်တာကတော့ (M.Phil.) လုပ်ဖို့ပဲဗျ။ ဟိုမှာရောက်တော့ ဆရာတွေက အကြံဉာဏ်ပေးတာနဲ့ (Ph.D.) လုပ်ဖို့ ဆီးနိုတ်ကိုတင်လိုက်တာ။ ဆီးနိုတ်ကလက်ခံတယ်။ ဒါကြောင့် ကျွန်တော်က ဆက်လုပ်နေတာ။ မောင်ထင်ရဲ့ 'ငဘ'ကို သဒ္ဒါပိုင်းလုပ်နေပြီ။ အဲဒါပြီးရင် (Stylistic Studies) ရေးဟန်ကိုသွားတော့မယ်။ သူ့စာမှာ သဒ္ဒါစည်း





နဲ့မညီတာတွေက တစ်ပုံကြီးဗျ၊ ဒီမယ် ဦးအောင်သင်း ခင်ဗျားသိတဲ့အတိုင်း စာရေးဆရာဆိုတာက သဒ္ဒါတွေဘာတွေ စဉ်းစားနေတာမဟုတ်ဘူး၊ ရေးချင်သလို စွပ်ရေးပစ်တာ. . . ၊

သင်း - ပြီးတော့လဲ စွပ်ကောင်းနေပြန်ရောလကွာ၊

မြင့် - အေး. . . အဲဒါပေါ့။ ကျုပ်တာ အဲဒါတွေကို လုပ်ဖို့ပြင်နေတုန်း ဒီက ခွင့်မပြုဘူးဆိုတာ ရောက်လာတော့တာပဲ။ အဲဒီတော့ ဘိုတ ဘယ်လိုပြောသလဲဆိုရင် (Tun Myint, I don't see any logic in it.) ထွန်းမြင့် ဒီကိစ္စမှာ ကျိုးကြောင်းယုတ္တိမသင့်လိုက်လေတဲ့။ ဒီတော့ ကျုပ်က (They are not logicians.) သူတို့က ယုတ္တိဗေဒပညာရှင်တွေ မဟုတ်ပါ လို့ ပြောလိုက်တော့ ရယ်လိုက်ကြတာဗျာ၊ ပြီးတော့ သူတို့က ရန်ကုန်တက္ကသိုလ်က ဆီးနိုတ်ကိုအပြစ်တင်တယ်၊ ကျုပ်က မဟုတ်ဘူး၊ ကျုပ်ပြဿနာကို ဝန်ကြီးအဖွဲ့ကဆုံးဖြတ်တာဆိုလိုက်တော့ သူတို့က အံ့အားသင့်သွားပြီး ကက်ဘိနက်ကိုတောင် ရောက်ရတယ်ဆိုတော့ ထွန်းမြင့်-မင်းတဘကယ့် ဗွီအိုင်ပီပါလား လို့ပြောပြီး ရယ်ကြသေးတယ်၊

သင်း - တကယ်လို့မင်းက (Ph.D)လုပ်ခွင့်ရမယ်ဆိုရင် စာမေးပွဲ မဖြေရတော့ဘူးပေါ့။

မြင့် - ဟုတ်တယ် မဖြေရတော့ဘူး၊ (Thesis) ကျမ်းရေးရုံပဲ။ နောက်ဆုံးမှ ကျုပ်တင်တဲ့ကျမ်းကို ပြင်ပစာစစ်ပါ ခေါ်ပြီး နှုတ်ဖြေနဲ့ Defend (ခုခံချေပ) ရုံပဲ။ အဲဒါကတော့ နှစ်ရက်သုံးရက်ကြာချင်လဲကြာမယ်၊ တစ်ပတ် လောက်ကြာချင်လဲကြာမယ်။ ကျွန်တော့် ရှင်းလင်းချေပချက်ကို သူတို့ ကျေနပ်ရင် အထူးသဖြင့် ပြင်ပစာစစ်က ကျေနပ်ရင် အအောင်ပေး လိုက်တာပဲ။

သင်း - အဲဒါနဲ့ မင့်မှာ မင်းတင်တဲ့ကျမ်းအတွက် စာမေးပွဲအောင်လာသော်လည်း ရေးဖြေနှစ်ဘာသာမှာ မင်းတစ်ဘာသာကျလို့ ပြန်ဖြေရတာ ငါမှတ်မိသေးတယ်။ နေဦးကွ ဒီကနေပြီးဖြေတော့ မင်း (M.Phil.) အောင်ပြီးရော၊ အဲဒီထိလဲ မင်းကျူတာ (နည်းပြ)ပဲ ဖြစ်နေသေးတာ ငါမှတ်မိတယ်။ ငါအလုပ်ကထွက်လာရသည့်အထိ မင်းဟာ ကျူတာနဲ့ကျန် နေရစ်တာပဲ။ ဘယ်တော့မှ လက်ထောက်ကထိကဖြစ်လဲ။

မြင့် - ၁၉၇၈-ဩဂုတ်ကျမှဖြစ်တယ်။ ကျူတာမှာ ၁၆ နှစ်ကြာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်း - ဒါနဲ့ ဂျပန်ပြည်ကို သွားလိုက်ရပုံကို ပြောပြစမ်းပါဦး။

မြင့် - အဲဒီအချိန်မှာ ကျွန်တော်က အတော်ကို စိတ်ညစ်နေတဲ့ အချိန်ပေါ့ဗျာ။ ဦးအောင်သင်းရယ်- ခင်ဗျား မဂ္ဂဇင်းထဲမှာ ပြန်ရေးမယ်ဆိုတာကို သိနေပါလျက်နဲ့ကို မရှက်မကြောက် ပြောပြပါမယ်။ ဘယ်လောက်ထိအောင် စိတ်ညစ်သလဲဆိုရင် အဆောင်ကနေပြီး ဌာနကို လမ်းလျှောက်သွားနေရင်း စိတ်ကူးထဲမှာ ထီပေါက်ရင်ကောင်းမှာပဲ၊ ဒီလို လမ်းလျှောက်နေရင်း စိန်ထုပ်ကြီး တစ်ထုပ်လောက်ကောက်ရလိုက်ရင် . . . ဆိုတာမျိုးတွေထိအောင် စိတ်ကူးယဉ်နေရတဲ့ အခြေအနေမျိုးဆိုပါတော့ဗျာ။ အဲဒီလိုဖြစ် နေတုန်းမှာ ဂျပန်ကိုသွားဖို့ အထက်ကရွေးလိုက်တာပါပဲ။ ပြောလို့ရှိရင် ယုံချင်မှ ယုံကြမယ်၊ ကျွန်တော် သွားခွင့်ရဖို့ ဘယ်လိုမှ မကြိုးစားခဲ့ရိုးအမှန်ပဲ။ အထက်က ရွေးလိုက်တာပါပဲ။

သင်း - မင်းသွားခဲ့ရတာက အိုဆာကာလား၊ တိုကျိုလား။

မြင့် - တိုကျို၊ ခင်ဗျားသိပါတယ်၊ ဒေါ်စီစီဝင်းနေရာပေါ့။ သူပြန်လာတော့ ကျွန်တော်သွားရတာပဲ။

သင်း - မင်း အင်္ဂလန်ကိုသွားခဲ့ရတာက ကျောင်းသားအဖြစ်၊ ဂျပန်ကို သွားရတာကတော့ ဆရာအဖြစ်။ ဂျပန်မှာ ဘာတွေကို သင်ရတာတုံး၊ ဘယ်လို သင်ရတုံးဆိုတာတွေကို ပြောစမ်းပါဦး။

မြင့် - သင်ရတာက မြန်မာစာ၊ မြန်မာစကားပါပဲ။

သင်း - မင်း-သင်ယူလာခဲ့ရတဲ့ ဘာသာဗေဒ၊ သဒ္ဒဗေဒတွေက မြန်မာစကားကို ပြန်သင်ပေးတဲ့အခါမှာ အထောက်အကူ တော်တော်ကို ဖြစ်မယ်ထင်တယ်။

မြင့် - ဟာ. . . ဖြစ်ပါပြီလား ဦးအောင်သင်းရယ်။ သင်ဖို့ပြဋ္ဌာန်းချက်စာကိုတော့ ကျွန်တော်ကြိုက်တာကို ရွေးလိုက်တာပဲ။ ဝတ္ထုတိုလေးဘာလေးပေါ့၊ အဲဒါကို သင်ပြီး ဝါကျတွေကို ဆွဲထုတ်ပြလိုက်၊ သရုပ်ခွဲပြလိုက် လုပ်ပြီး သင်သွားတာပေါ့။ ဒါက ဝါကျအဆင့်ကိုပြောတာ။ စကားလုံးအဆင့်မှာတော့ ကြိယာတစ်လုံးကို နာမ်အဖြစ်ပြောင်းချင်ရင် ရှေ့က 'အ' အစရှိတဲ့ နာမ်ပုဒ်ပြောင်း ပစ္စည်းတပ်တာတွေဘာတွေကို ပြပေးလိုက်တာပေါ့။ သွား လာ စား သောက် ဆိုတဲ့ ကြိယာတွေကို အသွား အလာ



BURMESE CLASSIC .com



အစား အသောက် စသည်ဖြင့် နာမ်ပုဒ်အဖြစ်ပြောင်းနိုင်တာကို သင်ပေးလိုက်တာပေါ့။ ဒါတွေကတော့ ကျွန်တော် ကျောင်းသားဘဝ ကစပြီး လေ့လာခဲ့တာဆိုတော့ ဘာမှအခက်အခဲ မရှိပါဘူး။ သူတို့လဲ ချက်ချင်း လွယ်လွယ်ကူကူ နားလည်သွားကြတာပါပဲ။ နောက်ပြီး သဒ္ဒဗေဒ (Phonology)ကို ကျွန်တော်ကနားလည်နေတော့ အသံထွက်ကို သင်ပေးတဲ့အခါမှာလည်း သူတို့ လွယ်လွယ်ကူကူ နားလည်သွားအောင် သင်ပေးနိုင်တယ်။ ဒီလိုဗျ ရောက်သွားတော့ သူတို့ဂျပန်စကားကိုလဲ ကျွန်တော်က လေ့လာတယ်။ အသံထွက်ကို သေသေချာချာ ကျွန်တော်က လေ့လာတယ်။ ဒီတော့ မြန်မာစကားအသံထွက်ကို သင်လိုက်တဲ့အခါမှာ သူတို့အသံထွက်နဲ့ နှိုင်းယှဉ်ပြီး ရှင်းပြလိုက်တော့ ပိုပြီးမြန်မြန်နားလည်သွားတာပေါ့။ ကျွန်တော်က ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း အင်္ဂလန်မှာ နေ့စဉ်နဲ့အမျှ စကားသံမျိုးစုံကို အိမ်မြှောင်စုတ်ထိုးသံမျိုးကိုပါမကျန် သဒ္ဒဗေဒသင်္ကေတနဲ့ ဖလှယ်တဲ့ အကျင့်က ရနေခဲ့ပြီဆိုတော့ သူတို့စကားသံကို သင်္ကေတယူရတာ ဘာမှ မခက်တော့ဘူးပေါ့။ ဂျပန်ကျောင်းသားလေး တွေကရော တခြားဂျပန်ဆရာ တွေကရော ကျွန်တော့်ကို စကားသံ သိပ်ပီတယ်လို့ ပြောကြပါတယ်။

သင်း - ဂျပန်ကျောင်းသားလေးတွေကကော စာသင်လို့ကောင်းရဲ့လား။

မြင့် - ဦးအောင်သင်းနယ်။သင်လို့ကောင်းလိုက်သမှ မပြောနဲ့တော့။ ဂျပန်ကလေးတွေဟာ သူတို့တကယ် တတ်ချင်ပြီဆိုရင် ကြောက်ခမန်း လိလိ ကြိုးစားကြတယ်။ အတန်အသင့်ဆိုတာမျိုး တစ်ယောက်မှကိုမပါဘူး။ မီးကုန်ယမ်းကုန်ဆိုတာမျိုး ချည်းပဲ။ နောက်ပြီးသူတို့က ရည်မှန်းချက်ရှိတယ်။ ဥပမာ သံရုံးလို သံတမန်ဘက်လိုမှာအမှုထမ်းမယ်၊ ဒါမှမဟုတ် မြန်မာပြည်နဲ့ ကုန်သွယ်တဲ့ လုပ်ငန်းမျိုးတွေ၊ ကုမ္ပဏီတွေမှာ အလုပ်လုပ်မယ် ဆိုမျိုးတွေ ရှိကြတယ်။ ဒါကြောင့်လဲ အားစိုက်ခွန်စိုက် ကြိုးစားကြတယ်၊ မသန္တာလို့ မြန်မာနာမည်ယူထားတဲ့ ဂျပန်မလေးတစ်ယောက်ဆိုရင် ကျွန်တော်တို့ဆီက ထွက်သွားတာ။ ဘယ်လို တော်မှန်းမသိဘူး။ ကျက်အားလဲ သိပ်ကောင်းတာပဲ။ နောက်ပြီး ကျောင်းသားတွေအားလုံး ကျောင်းတက် သိပ်မှန်တယ်။ နောက်ကျတယ်ဆိုတာ ဘယ်တော့မှမရှိဘူး။ ဆရာကလဲ ဘယ်တော့မှ နောက်မကျဘူး။



www.burmeseclassic.com

www.burmeseclassic.com



**သင်း** - လေ့ကျင့်ခန်းတွေ ဘာတွေကျတော့ ဘယ်လိုလုပ်သလဲ။

**မြင့်** - အဲဒါတွေကျတော့ ကျွန်တော်က အတန်းထဲတင် ပြတ်အောင် လုပ်ပစ်တာပဲ။ ဆိုပါစို့ နေကောင်းရဲ့လားလို့ မေးတာ ဖြေတာမျိုးကို အတန်းသားတွေ အားလုံးကို တစ်ယောက်တစ်လှည့် အမေးခိုင်းအဖြေခိုင်း၊ လူစေ့အောင် လုပ်ပစ်တာ။ ဒီတော့ နားရည်ဝလာပြီးမြန်မြန်မှတ်မိတာပေါ့။ နောက်ပြီး ကျောင်းသားတိုင်းက ဂျပန်-မြန်မာ အဘိဓာန်၊ မြန်မာ-ဂျပန် အဘိဓာန်လက်ထဲကိုင်ထားတာ။ သွားများတော့ မဖြီးလိုက်လေနဲ့ ချက်ချင်း အဘိဓာန်ကို ကော်က်လှန်တော့တာ။

**သင်း** - မင်းကကော ဂျပန်စကားကိုလေ့လာခဲ့သေးသလား။

**မြင့်** - ဟာ. . . သင်ရတာပေါ့ဗျ။ မသင်လို့ဖြစ်မလား။ ဒါပေမယ့် ကျွန်တော်က ဘာသာဗေဒ အလေ့အကျင့်ရှိနေတော့ သိပ်ပြီး ခက်ခက်ခဲခဲ မဟုတ်ဘဲ အတန်အသင့်လုပ်လိုက်ရုံနဲ့ တော်ရုံတန်ရုံတော့ ပြောတတ်သွား တာပါပဲ။ ပြောလိုက်ရဦးမယ်ဗျာ အတန်းထဲမှာ မြန်မာစကားလုံးတစ်ခု၊ မြန်မာဝါကျ တစ်ခုကို သူတို့ပိုပြီးနားလည်အောင် ဂျပန်လိုပြန်ပြီး ရှင်းပြ လိုက်ရင် လက်ခုပ်တီးပြီး ချီးကျူးကြတော့တာဗျ၊ ဒါပေမယ့် ဦးအောင်သင်း ရေ- အဲဒါကို အဟုတ်ကြီးထင်ပြီး ဂျပန်လိုချည်းလျှောက် ပြောနေရင်တော့ ‘ဆရာ-ဂျပန်ပြည်လာတာ၊ ဂျပန်တွေကို မြန်မာစကားသင် ပေးဖို့လာတာ လား၊ ဆရာက ဂျပန်စကားတတ်ချင်လို့ လာတာလား’ ဆိုတာမျိုး ပြန်ပြီး မေးတော့တာ ဆရာရေ။ အဲဒီလိုပေါ့ဗျာ ဟိုမှာတုန်းကတော့ ကျွန်တော် ဂျပန်လို အတော်လေးကို ပြောနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခု လေးငါးနှစ် လောက်ကြာတော့ ပြန်မေ့ကုန်ပြီပေါ့ဗျာ။

**သင်း** - မင်းကိုယ်တိုင်က ကဗျာသမားဖြစ်နေတော့ ဂျပန် ‘ဟိုက်ကု’ ကဗျာတိုကောလေ့လာခဲ့ဖူးသေးလား။

**မြင့်** - ထိုက်သင့်သလောက်တော့ လေ့လာခဲ့ဖူးတာပေါ့ဗျာ၊ ဒါပေမယ့် တစ်ခုပြောချင်တာက ဂျပန်တစ်ယောက် မဟုတ်ရင် ဟိုက်ကု ကဗျာကို ပြည့်ပြည့်ဝဝအရသာခံဖို့ ဖြစ်ကိုမဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်မိ တယ်။ စကားလုံးတွေရဲ့ အဓိပ္ပာယ်သာမကဘဲ အသံကိုယ်တိုင်ကလဲ တစ်ခုခုကို ပြောနေသလိုမျိုး ထိအောင်ဖွဲ့ထားတာ။ ဒီအတိုင်း ဖတ်ကြည့် လိုက်ရင်တော့





ဘာမှထူးထူးခြားခြား မဟုတ်ဘူးထင်ရတယ်။ ဒါပေမယ့် နောက်ကွယ်အနက် တွေက အများကြီးပါချင်ပါနေတာ။ များသောအားဖြင့်တော့ သရော်တဲ့ သဘောလေးတွေ ပါနေတတ်တယ်။ ကျွန်တော့်မှာ ဟိုက်ကု ကဗျာစာအုပ် တွေ ပါလာပါတယ်။ ခင်ဗျားဖတ်ချင်ရင် ယူဖတ်ပါ။

**သင်း** - အေးပါ။ ကဲ. . . ထားလိုက်ပါတော့ကွာ။ ငါပြောချင်တာက မင့် ပြည်ပအတွေ့အကြုံတွေထဲက ငါတို့ဆီက လူငယ်လေးတွေအတွက် အကျိုး ကျေးဇူးဖြစ်နိုင်တာမျိုးလေးတွေကို ရေးစမ်းပါဦးကွာ။ ဒါပါပဲ။

www.burmeseclassic.com